http://www.dhammadownload.com

လိုရာပြည့်ဝ
မဟာသမယ သုတ်တော်များ

နတ်တို့ချစ်ရာ မဟာသမယ(၇)သုတ်လုံးဆိုင်ရာမှတ်ဖွယ်၊
အခါတော်နေ့နှင့် ရွတ်ဖတ်ရကျိုးများ



ဘဒ္ဒန္တနာရဒါဘိဝံသ(လှရတနာ)
ပထမကျော်၊ အဂ္ဂမဟာအက္ကော်၊ အဋ္ဌကထာပြန်အကျော်
သ·စ·အ ဓမ္မာစရိယ၊ ဝင်္သကာ၊ ပါဠိပါရဂူ၊

သာသနာ-၂၅၅၇
ကောဇာ-၁၃၇၅

http://www.dhammadownload.com

လိုရာပြည့်ဝ

မဟာသမယ သုတ်တော်များ

(နတ်တို့ချစ်ရာ မဟာသမယ (၇)သုတ်လုံးဆိုင်ရာ မှတ်ဖွယ်၊
မဟာသမယ အခါတော်နေ့နှင့် အသံမစဲ မဟာသမယပူဇော်ပွဲ၊
ရွတ်ဖတ်ရကျိုးများကို ဖေါ်ပြထားသည်)

လှရတနာစာစဉ် (၃၈)

ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာ)

ပထမကျော်၊ အဂ္ဂမဟာအကျော်၊ အဋ္ဌကထာပြန်အကျော်၊
သ-စ-အ ဓမ္မာစရိယ၊ ဝင်္သကာ၊ ပါဠိပါရဂူ။

သာသနာ ၂၅၅၇
ကောဇာ ၁၃၇၅
ခရစ် ၂၀၁၃

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း - ပထမအကြိမ် ၂၀၁၃-ဂွန်လ။

အုပ်ရေ - ၁၀၀၀

တန်ဘိုး -

စီစဉ်သူ - ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာ)

ပုံနှိပ်သူ - ဦးမြင့်ဦး (သိန်းသန်းဦး အောက်ဖ်ဆက်)

အမှတ်(၁၂၁/၁၁၉)၊ ၃၄-လမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း-၂၅၂၆၂၀၊ ၃၉၈၀၃၁။

ထုတ်ဝေသူ - ဦးမြင့်ဦး (ရွှေကျေးစာပေ)

ဖြန့်ချိရေး - ရန်ကုန်=သစ္စာမဏ္ဍိုင်နှင့် နဂါးစာပေ။

မျက်နှာဖုံးဒီဇိုင်း - ကိုမြင့်မောင်၊

စာတိုပုံ - ကိုအောင်ဟိန်း၊ မောင်သိန်းဇော်ဝင်း။

ဘဒ္ဒန္တနာရဒါဘိဝံသ- လိုရာပြည့်ဝ မဟာသမယသုတ်တော်များ
ရွှေကျေးစာပေ ၂၀၁၃-ခုနှစ်၊ ဂွန်လ၊ ပထမအကြိမ်
၄၁၉- စာ၊ ၁၃၊ ၂၂၊×၂၀-စင်တီ
လိုရာပြည့်ဝ မဟာသမယသုတ်တော်များ

http://www.dhammadownload.com

သဗ္ဗ ဒါန် ဓမ္မဒါန် ဇိနာတိ

အလှူတကာတွင် တရားဓမ္မအလှူသည်
အမြတ်ဆုံး

သို့

မှ

အမှတ်တရ ဓမ္မဒါနလက်ဆောင်မွန်

နှစ်စွဲ----------

http://www.dhammadownload.com

လိုရာပြည်ဝ မဟာသမယသုတ်တော်များ

မာတိကာ

(က) မဟာသမယသုတ် ရွတ်ဆိုရကျိုးများ

၁။ မဟာသမယသုတ် ထောမနာ ဘုရားရှိခိုးဂါထာ ၁
၂။ မဟာသမယ ကျိုးများလှ ၃
၃။ ရွတ်ဖူးသူတိုင်း ထူးကြသည် ၁၇
၄။ မဟာရအောင် မဟာသမယဆောင် ၂၃
၅။ မဟာသမယသုတ်(ဂ)ခဏ်း ကမ္မဝါစာ ဖြစ်ပေါ်လာပုံ ၂၇

(ခ)မဟာသမယသုတ် (ဂ)သုတ် မှတ်ဖွယ်

၆။ ရောဟိဏီမြစ်ရေ ပြဿနာ ၃၇
၇။ ခိုက်ရန်ဖြစ်ပွားခြင်း၏ အပြစ် ၄၁
၈။ မင်းသားငါးရာ ရဟန်းပြုကြခြင်း ၄၃
၉။ ရဟန္တာတို့၏ ထူးခြားသော အခြင်းအရာ(၂)မျိုး ၄၉
၁၀။ နတ် ဗြဟ္မာတို့ စုဝေးရောက်ရှိလာကြခြင်း ၅၁
၁၁။ နတ်ဗြဟ္မာတို့၏ အမည်များကို မိန့်ကြားခြင်း ၅၅
၁၂။ နိမ္မိတရပ်ပွား ဘုရားကို ဖန်ဆင်းတော်မူခြင်း ၅၈
၁၃။ ပကတိမြတ်စွာဘုရားနှင့် နိမ္မိတရပ်ပွားဘုရား ၆၁
၁၄။ မဟာသမယသုတ်ပါဋ္ဌိတော် မှတ်ဖွယ် ၆၃
၁၅။ မဟာသမယသုတ် စစ်တမ်း ၁၀၂
၁၆။ မဟာသမယသုတ်ကို နတ်တို့ချစ်ကြခြင်း ၁၀၈
၁၇။ နတ်သမီးနှင့် စကားပြောခွင့်ရသူ ၁၁၀
၁၈။ သမ္မာပရိဗ္ဗာဇနီယသုတ် ပါဋ္ဌိတော်မှတ်ဖွယ် ၁၁၄
၁၉။ ပုရာဘေဒသုတ် ပါဋ္ဌိတော်မှတ်ဖွယ် ၁၅၂
၂၀။ ကလဟဝိဝါဒသုတ် ပါဋ္ဌိတော်မှတ်ဖွယ် ၁၈၃

http://www.dhammadownload.com

၂၁။ စူဋ္ဌဗျူဟသုတ် ပါဋ္ဌိတော်မှတ်ဖွယ် ၂၁၃
၂၂။ မဟာဗျူဟသုတ် ပါဋ္ဌိတော်မှတ်ဖွယ် ၂၄၀
၂၃။ တုဝဋကသုတ် ပါဋ္ဌိတော်မှတ်ဖွယ် ၂၇၃

(ဂ)မဟာသမယအခါတော်နေ့နှင့် အသံမစဲ ရွတ်ဖတ်ပွဲ

၂၄။ နယုန်လပြည့် မဟာသမယအခါတော်နေ့ အစီအစဉ်များ ၃၃၁
၂၅။ မဟာသမယသုတ် သမိုင်း ၃၃၅
၂၆။ အသံမစဲ မဟာသမယရွတ်ဖတ်ပွဲ ဖွင့်ပွဲ ၃၄၆
၂၇။ အသံမစဲ မဟာသမယရွတ်ဖတ်ပွဲ အောင်ပွဲ ၃၅၂
၂၈။ စက်ဟုနိုင်ငံတွင်-
အသံမစဲ မဟာသမယရွတ်ဖတ်ကြသည့်သံဃာများ ၃၅၆

(ဃ) မဟာသမယသုတ် ပါဋ္ဌိတော် (ဂ)သုတ်ရွတ်ဖတ်ပုံ

၂၉။ နတ်ချစ်သုတ္တန်များကို ရွတ်ဖတ်ပုံ အစီအစဉ် ၃၅၉
၃၀။ တရားနာလာကြရန် နတ်ဗြဟ္မာတို့ကို ပင့်ဖိတ်ပုံ ၃၆၁
၃၁။ မဟာသမယသုတ် ပါဋ္ဌိတော် ၃၆၅
၃၂။ သမ္မာပရိဗ္ဗာဇနီယသုတ် ပါဋ္ဌိတော် ၃၈၅
၃၃။ ပုရာဘေဒသုတ် ပါဋ္ဌိတော် ၃၈၉
၃၄။ ကလဟဝိဝါဒသုတ် ပါဋ္ဌိတော် ၃၉၃
၃၅။ စူဋ္ဌဗျူဟသုတ် ပါဋ္ဌိတော် ၃၉၇
၃၆။ မဟာဗျူဟသုတ် ပါဋ္ဌိတော် ၄၀၂
၃၇။ တုဝဋကသုတ် ပါဋ္ဌိတော် ၄၀၇
၃၈။ သစ္စာပြု မေတ္တာပို့ အမျှဝေ အမျှယူခြင်း ၄၁၁
၃၉။ မဟာသမယ သာသနာ ပြုကြသူများ ၄၁၃

http://www.dhammadownload.com

ဥယျောဉ် အမှာစကား

မဟာသမယသုတ်(၇)သုတ် ဖြစ်ပေါ်ထားပုံ

မြတ်စွာဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်တော် မူပြီးနောက် (၄)ဝါရပြီး (၅)ဝါမြောက်ဖြစ်သော မဟာ သက္ကရာဇ် (၁၀၈) ခုနှစ် နယုန်လပြည့်နေ့တွင် သက္ကတိုင်း ကပိဝတ်နေပြည်တော်အနီး မဟာဝုန်တောကြီး အတွင်း၌ သီးတင်းသုံးနေတော်မူပါသည်။ မြတ်စွာဘုရားရှင်ထံသို့ ညနေပိုင်းအချိန်တွင် ရဟန္တာဖြစ်ပြီးစ (သာကီဝင်မင်းသားတို့မှ ရဟန်းပြုလာကြသော) ရဟန်းတော် ငါးရာတို့ ရောက်ရှိလာကြပြီး ရှိသေစွာ ရှိခိုးထိုင်နေတော် မူကြ၏။ ယင်းသို့ ရဟန္တာသံဃာငါးရာတို့ ပေါင်းဆုံစုဝေး နေခြင်းကို " ဓမ္မသမယ" ဟုခေါ်ရသည်။

မြတ်စွာဘုရားရှင်နှင့်တကွ ရဟန္တာသံဃာငါးရာတို့ကို ဖူးမြော်ဖို့ရန် စကြာဝဠာကမ္ဘာပေါင်းတစ်သောင်းမှ အလွန်များမြောင်လှစွာသော နတ်ပြဟ္မာအပေါင်းတို့ မဟာဝုန်တောကြီးအတွင်းသို့ ရောက်ရှိလာကြ၏ နတ်နဂါး ဂဠုန်အသူရာ ပြဟ္မာအားဖြင့် ပရိတ်သတ်စုံလင်သလို လူပြည်မြေပြင်မှ နတ်ပြည်ခြောက်ထပ်ကို ကျော်လွန်ကာ ပဌမစျာန် ပြဟ္မာဘုံအထိ ပရိတ်သတ်တွေ အလွန်များပြားလှ၏။ ဤသို့ အလွန်အလွန်များပြား လှသော နတ်ပြဟ္မာတို့ ပေါင်းဆုံစုဝေးနေခြင်းကို "မဟာသမယ" ဟုခေါ်ရသည်။

ယင်းသို့နတ်ပြဟ္မာပရိသတ်တို့ အလွန်များပြား စုံလင်စွာ ပေါင်းစုံစုဝေးရာနေ့၌ ဟောကြားအပ်သော တရားဒေသနာတော်ကို လည်း (နတ်ပြဟ္မာပရိသတ်ကို အကြောင်းပြု၍) "မဟာသမယသုတ်" ဟုခေါ်ရသည်။ ထို့အပြင် မဟာသမယသုတ်ကို ဟောတော်မူသည့် နေ့၌ပင် ဆက်လက်၍ဟောတော်မူသော ဒေသနာ တော်များဖြစ်၍ သမ္မာပရိဗ္ဗာဇနိယ စသော နောက် (၆) သုတ်ကိုလည်း "မဟာ

http://www.dhammadownload.com

သမယသုတ်” တို့ဟူ၍ပင် ဆိုရသည်။ ဤသို့အားဖြင့် “မဟာသမယသုတ် (၇) သုတ်” ဖြစ်လာရသည်။

မဟာသမယသုတ် (၇)သုတ် အကျဉ်းချုပ်ဟောကြားပုံများ

၁။ ထိုမဟာသမယသုတ်(၇)သုတ်တို့တွင် ပဌမဆုံး မဟာသမယသုတ်၌ မြတ်စွာဘုရားရှင်သည် နတ်ဗြဟ္မာ အစည်းအဝေးကြီးသို့ မည်သည့်အရပ်ဒေသဘုံဌာနတို့မှ မည်မျှသောနတ်များ မျိုးနွယ်အုပ်စုအလိုက် လာရောက် ကြသည်ကို နာမည်များနှင့်တကွဖော်လျက် ဟောကြားတော် မူသည်။ ရတနာသုံးပါးတို့၏ဂုဏ်ကျေးဇူးတို့ကိုလည်း ဖော်ထုတ်လျက် ဟောပြတော်မူ၏။ အထူးအားဖြင့် ရဟန္တာသံဃာအရှင်မြတ်တို့၏ ဂုဏ်တော်တို့များစွာ ပါဝင်လေသည်။ မြတ်စွာဘုရားရှင်တစ်ဆူတည်းက ဟောကြားတော်မူ၏။

၂။ သမ္မာပရိဗ္ဗာဇနိယစသောနောက် (၆)သုတ်တို့ကိုမူ ပကတိမြတ်စွာဘုရားရှင်နှင့် (ပကတိမြတ်စွာဘုရားရှင်က ဖန်ဆင်းထားသည့်) နိမ္မိတရုပ်ပွား ပေါ်တော်မူ ဘုရားအား ဖြင့် ဘုရား(၂)ဆူတို့က စရိုက် (၆) မျိုးအားလျော်စွာ ဟောတော်မူကြ၏၊ နတ်ဗြဟ္မာတို့ မဂ်ဖိုလ်နိဗ္ဗာန်ရရှိရန် အတွက် နိမ္မိတရုပ်ပွား ပေါ်တော်မူဘုရားက မေးမြန်းသည်ကို ပကတိမြတ်စွာဘုရားရှင်က ဖြေကြားသော ပုစ္ဆာ ဝဿိကဒေသနာအနေဖြင့် ဟောတော်မူခြင်းဖြစ်သည်။

ရာဂအဖြစ်များသူတို့အတွက် သမ္မာပရိဗ္ဗာဇနိယသုတ်ကို ဟောတော်မူသည်၊ ဤသုတ်၌ ရာဂကင်းပြတ် သူမြတ်ဖြစ်ကြောင်း အကျင့်ကောင်းတို့ကို စုပေါင်းဖော်ပြလျက် ဟောပြထားသည်၊ ဂါထာပေါင်း (၁၇)ဂါထာ ပါရှိ၏၊ ထိုတွင် နိမ္မိတရုပ်ပွားဘုရားက မေးမြန်းချီးကျူး လျက် (၂)ဂါထာဟောပြီး၊ ပကတိဘုရားရှင်က (၁၅) ဂါထာဖြင့် ဖြေကြားဟောပြသည်။ နိမ္မိတရုပ်ပွားဘုရား ဟောကြားသော ဂါထာတို့မှာ အစဆုံးပထမဂါထာနှင့် နောက်ဆုံးဂါထာတို့ဖြစ်ကြပြီး အလယ်

http://www.dhammadownload.com

(၁၅)ဂါထာတို့မှာ ပကတိ ဘုရားရှင်ဟောကြားသော ဂါထာတို့ ဖြစ်သည်။

၃။ ဗုဒ္ဓိစရိုက် ပညာအားကြီးသူတို့အတွက်ကား ပုရာဘေဒသုတ်ကို ဟောကြားတော်မူ၏၊ ယင်းသုတ်တွင် ခန္ဓာသွေတည် မသေမှီက သုံးလီသိကွာ ပြည့်စုံရာဟု နှလုံးပြု၍ ပြုကျင့်ရမည် ကျင့်စဉ်များကို ဖေါ်ပြ ထားပေသည်၊ ဂါထာပေါင်း (၁၄)ဂါထာလာရှိ၏၊ ထိုတွင် ပထမ ဆုံးဂါထာမှာ နိမ္မိတရုပ်ပွားဘုရားက မေးမြန်းသောဂါထာ ဖြစ်၍ ကျန်(၁၃)ဂါထာတို့မှာ ပကတိဘုရားရှင်က ဖြေကြားဟောပြသော ဂါထာတို့ဖြစ်ကြ၏။

၄။ ဒေါသအဖြစ်များသူတို့အတွက်မူ ကလဟဝိဝါဒ သုတ်ကို ဟော်ကြားတော်မူသည်၊ ယင်းသုတ်၌ ငြင်းခုံမှု ခိုက်ရန်ဖြစ်မှု ကလဟ ဝိဝါဒစသည့် တရား(၈)ပါးတို့ ထင်ရှားဖြစ်ခြင်း အကြောင်းရင်း တို့ကို ရှင်းလင်းဖေါ်ပြ ထားသည်၊ ဂါထာပေါင်း (၁၆)ဂါထာပါရှိ၏၊ ထို(၁၆) ဂါထာတို့မှာ နိမ္မိတရုပ်ပွားဘုရားကမေး၍ ပကတိ ဘုရားရှင်က အဖြေကို တလှည့်စီမေးဖြေ၍ ဟောကြား ထားခြင်းဖြစ်သည်၊ ထိုတွင် နိမ္မိတရုပ်ပွားဘုရားက (၂)ဂါထာမေး၍ ပကတိဘုရားရှင်က (၉)ဂါထာဖြင့် ဖြေကြားဟောပြသည်။

၅။ ဒိဋ္ဌအဖြစ်များသူတို့အတွက် စူဠဝျူဟသုတ်ကို ဟောတော်မူသည်၊ ၎င်းသုတ်၌ ဒိဋ္ဌကြီးသူ ထိုနှစ်သူတို့ အယူတခု အစွဲပြု၍ သူ့အယူဟုတ် ငါ့အယူဟုတ်ဟု ပုတ်ခတ်ငြင်းခုံ စွဲလမ်းပုံကို လုံးစုံကျန် ညွှန်းဖေါ်ပြလျက် ဟောထားလေသည်၊ ဂါထာပေါင်း(၁၇)ဂါထာ ပါရှိ၏၊ ထိုတွင် နိမ္မိတရုပ်ပွားဘုရားက (၄)ဂါထာဖြင့် မေးမြန်း၍ ပကတိ ဘုရားရှင်က (၁၃)ဂါထာဖြင့် ဖြေကြားဟော ပြသည်။

၆။ မောဟအဖြစ်များသူတို့အတွက်ကား မဟာဗျူဟသုတ်ကို ဟောတော်မူရ၏၊ ထိုသုတ်၌ မိစ္ဆာယူဟု စွဲငြိသူတို့ ဝိညူပုဂ္ဂလ သူထံမှ

http://www.dhammadownload.com

လျှင် ရွှတ်ချခြိုးမွမ်း ရပုံလမ်းကို ခွဲခြမ်းစိတ်ဖြာလျက် ဟောပြထားသည်၊ ဂါထာပေါင်း (၂၀)ဂါထာပါရှိ၏၊ ထိုတွင် နိမိတရုပ်ပွားဘုရားက (၂)ဂါထာမေးခြ ပကတိဘုရားရှင်က (၁၈)ဂါထာဖြင့် ဖြေကြား ဟောပြသည်။

၇။ သဒ္ဓါတရားအားကောင်းသူတို့အတွက်မူ တုဝဋ္ဌက သုတ်ကို ဟောပြတော်မူ၏၊ ထိုသုတ်တွင် ဝဋ်ဆင်းရဲမှ အလျင်မြန် ထွက်မြောက်၍ အရဟတ္တဖိုလ် နိဗ္ဗာန်သို့ ဆိုက်ကပ်နိုင်ကြောင်း အကျင့်ပဋိပတ်ကောင်းတို့ကို ဆက်စပ်လျက် ဟောပြထားသည်၊ ဂါထာပေါင်း(၂၀)ပါရှိ၏၊ ထိုတွင် နိမိတရုပ်ပွားဘုရားက (၂)ဂါထာဖြင့် မေးမြန်း၍ ပကတိဘုရားရှင်က (၁၈)ဂါထာဖြင့် ဖြေကြား ဟောပြသည်။

မဂ်, ဖိုလ်, နိဗ္ဗာန်ရထိုက်
ကျွတ်တန်းဝင်သော ပရိသတ်များ

ဤမဟာသမယသုတ္တန်(၇)မျိုးကို ဟောကြားပြီး သည့်အခါ တသုတ်တသုတ်စီ ဟောကြားပြီးဆုံးတိုင်း နတ်ဗြဟ္မာပေါင်း ကုဋေတစ်သိန်းစီ ကုဋေတစ်သိန်းစီပင် ရဟန္တာဖြစ်ကြ၏၊ သို့ဖြစ်၍ ရဟန္တာနတ်ဗြဟ္မာပေါင်း ကုဋေ(၇)သိန်းထိ ကျွတ်တန်းဝင်ကြလေသည်၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်ဖြစ်သော အရိယာနတ်ဗြဟ္မာတို့ကား မရေမတွက်နိုင်ခြေ၊ များပြားလှကုန်၏။ ဤကား မဟာသမယသုတ် (၇) သုတ် အကျဉ်းချုပ် ဟောကြားပုံဖြစ်သည်။

စာရေးသူသည် အင်ဒိုနီးရှားနိုင်ငံမှ ကမ္ဘာ့ အကြီးဆုံးစေတီဖြစ်သော ဗောရောဗုဒ္ဓေ စေတီကြီးကို ဖူးမြော် အပြီးတွင် ပထမမဟာသမယသုတ် အဓိပ္ပါယ် များပါဝင်သော "နတ်ချစ်ဆေးသုတ္တန်များနှင့် အံ့ဖွယ်ဘုရားကြီး" စာအုပ်ကို ရေးသားပူဇော်ခဲ့၏။ ထို့အပြင် ပထမ မဟာသမယသုတ်ပါဝင်သော "မဟာ သမယသုတ် ပါဠိတော်(၈)ခက်းကမ္ဘဝါစာ' (၅)ပါးကိုင် အစုံပေါင်း (၁၀၀၀)ကျော်တို့ကိုလည်း

http://www.dhammadownload.com

ပြည်တွင်းပြည်ပ စာသင်တိုက်ကြီးများသို့ လှူဒါန်းခဲ့လေသည်။ ထို(၈)ခက်းကမ္ဘဝါစာတို့သည် စက်ာပူနိုင်ငံသို့လည်း ရောက်ရှိ သွားကြလျက် မြန်မာသံရုံးသံအမတ်ကြီး ဦးတင်ဦးလွင်က နိုင်ငံအသီးသီးမှ ဆရာတော်တို့အား လှူဒါန်းလိုက်ခြင်းဖြင့် ကမ္ဘာအနှံ့.ပျံ့.ပွားသွားတော့၏။ လက္ခံရရှိကြသော ဆရာတော် အသီးအသီးတို့ကလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပြီး မဟာသမယသုတ်ကိုရွတ်ဖတ်ကြသဖြင့် မဟာသမယသုတ်သာသနာသည် ကမ္ဘာအနှံ့ ပျံ့.ပွား ထွန်းကားသွားလေသည်။

ခရစ်နှစ် (၂၀၁၃) ခုနှစ်၏ နှစ်ဦးလတွင် မြန်မာ သံအမတ်ကြီး၏ ပင့်ဖိတ်ချက်အရ စက်ာပူနိုင်ငံသို့ရောက်ရှိခဲ့ပါသည်။ မြန်မာသံအမတ်ကြီးက " နိုင်ငံတော် သံယ မဟာနာယက ဥက္ကဋ္ဌ ဗန်မော်ဆရာတော်ကြီးတို့အဖွဲ . စက်ာပူရောက်လျင် အသံမစဲ ပဌာန်းပွဲ၊ အသံမစဲ အဘိဓမ္မာ (၇)ကျမ်း ရွတ်ဖတ်ပွဲတို့ ကျင်းပခဲ့ကြပါတယ်ဘုရား၊ အရှင်ဘုရား ရောက်နေစဉ် "အသံမစဲ မဟာသမယ ရွတ်ဖတ်ပွဲ" ကို ကျင်းပချင်ပါတယ်ဘုရား၊ စီစဉ်ပေးတော်မူပါ " ဟု လျှောက် ထားလာပါသည်။ ယင်းသို့သော လျှောက်ထားချက်အရ မဟာသမယသုတ် (၇)သုတ်ပါဠိတော် ကော်ပီမိတ္တူ စာအုပ်တို့ကို ပြုလုပ်ပေးရ၏။

စက်ာပူနိုင်ငံမှ မဟာသမယသုတ်(၇)သုတ် ရွတ်ဖတ်ပွဲကြီး

စက်ာပူနိုင်ငံ တိုပါရိုးကျောင်းမှ ဦးဓမ္မိဿရ၏ စီစဉ်ပေးချက်အရ စက်ာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ မြန်မာနိုင်ငံမှ သံဃာတော် (၁၆)ပါး တို့သည် ပထမအကြိမ်အဖြစ် (၁၇-၁၈-၁၉၊ ၁၊ ၂၀၁၃) ရက်အားဖြင့် (၃)ရက် တိုင်တိုင် မဟာသမယသုတ် (၇)ပါဠိတော်တို့ကို အသံမစဲ ရွတ်ဖတ်ပူဇော်ခဲ့ကြ၏။ ယင်း အသံမစဲ မဟာသမယ ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲ အောင်ပွဲ အခမ်းအနားများသို့

http://www.dhammadownload.com

မြန်မာသံရုံး မိသားစုများနှင့် စက်ာပူရောက် မြန်မာမိသားစု များလည်း တက်ရောက် ပူဇော်ကြသည်၊ ထိုမဟာသမယသုတ် (၇)သုတ်တို့ကို (၃)ရက်တိုင်တိုင် အသံမစဲ မဟာသမယရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ နေပုံများကို အင်တာနက်သို့တင်လျက် ဓမ္မ ဒေါင်းလုတ်ချန်နယ်+ လိုတပ်(စ်) ဖောင်ဒေးရှင်း ချန်နယ် တို့က တိုက်ရိုက်လွှင့်ပြခဲ့ရာ တစ်ကမ္ဘာလုံးမှ ဓမ္မပရိသတ် များ ကြည့်ရှု.နာယူဖြစ်ကြ၏။ ထို့အပြင် စက်ာပူတွင် ရောက်ရှိနေကြသည့် ရင်းနှီးခင်မင်သော မြန်မာမိသားစု များ၏ ပင့်ဖိတ်ချက်အရ အလုပ်ဆင်းချိန် ရုံးဆင်းချိန်အပြီး ညဦးပိုင်းတွင် ၎င်းတို့နေအိမ်၌ မဟာသမယသုတ် ပါဠိတော် (၈)ခက်း ကမ္မဝါစာတို့ကို ရွတ်ဖတ်ပေးရ၏။ ဤသို့အားဖြင့် စက်ာပူနိုင်ငံမှတဆင့် မဟာသမယသုတ် သာသနာသည် ကမ္ဘာတဝှမ်းသို့ ပျံ.နှံ. သွားပြီး ဖြစ်သည်။

မြန်မာသံရုံးတွင် သံယာတော်အရှင်မြတ်တို့ ရွတ်ဖတ်ခဲ့သော မဟာသမယ စာအုပ်မှာ ပါဠိတော် စာအုပ်များထဲမှ မဟာသမယသုတ် (၇)သုတ်တို့ကို မိတ္တူ၊ ကော်ပီကူးယူထားသော စာအုပ်ဖြစ်သည်။ ယင်းကော်ပီ မိတ္တူဆိုဒ် စာအုပ်မှတဆင့် "မဟာသမယ" ပုံနှိပ်မူ စာအုပ်ဖြစ်အောင် စီစဉ်ပေးပါဘုရား ဟူ၍ သံအမတ်ကြီးက တောင်းပန်လျောက်ထား လာပါသည်။ သံအမတ်ကြီးရဲ့ အဘိယာစက ပြုချက်အရ ပုံနှိပ်မူစာအုပ် အဖြစ် မရောက်သေးခင် မဟာသမယသုတ် ပါဠိတော်သင်တန်းကို ပို့ချပေးလိုက်လျှင် ရွတ်ဖတ်ပူဇော်သူများ ဆိုလိုရင်းအနက်အဓိပ္ပါယ် နားလည်ပြီးမှ ရွတ်ဖတ်ရပါက ပို၍ အကျိုး ကြီးမားနိုင်ပါသည်၊ စက်ာပူမှ ပြန်လာပြီး စကပင် ပင့်ဖိတ်သည့် အိမ်များ ဓမ္မာရုံများနှင့် ဘုရားစေတီတို့၌ မဟာသမယသုတ် (၇)သုတ်လုံးကို ရွတ်ဖတ်ပေးနေသောကြောင့်ဖြစ်သည်။

http://www.dhammadownload.com

မဟာသမယသုတ် (၇)သုတ် သင်တန်းများ

သို့ဖြစ်၍ မဟာသမယ နောက် (၆) သုတ်ပါဠိတော် သင်တန်းကို (၁၀၊၂၂၀၁၃) မှစတင်ပို့ချလာခဲ့ရာ (၁၀၊၃၊၂၀၁၃) နေ့တွင် ပြီးဆုံးအောင်မြင်ခဲ့လေသည် ယင်းမဟာသမယ နောက် (၆)သုတ် သင်တန်းဆင်းအောင်ပွဲသို့ ဗန်းမော်ဆရာတော်ကြီးလည်း ကြွရောက်ပြီး ဩဝါဒပေးလျက် ချီးမြှောက်ခဲ့ပါသည်။

မဟာသမယသုတ်တို့ကို သင်တန်းပို့ချရာ၌ အင်ဒိုနီးရှားနိုင်ငံသို့ မသွားခင်ကပင် ပထမ မဟာသမယသုတ်ကို (၁၃. ၅. ၂၀၁၂) မှ (၃. ၆. ၂၀၁၂)နေ့အထိ ပို့ချခဲ့ပြီးဖြစ်သည်။ မဟာသမယ(၇)သုတ်တို့ကို သင်တန်းပို့ချရာတွင် မဟာသမယသုတ်တို့ဆိုင်ရာ . . .

(၁) သုတ်မဟာဝါ ပါဠိတော်နှင့် အဋ္ဌကထာ ဋီကာ
(၂) သုတ္တနိပါတ် ပါဠိတော်နှင့် အဋ္ဌကထာ ဋီကာ
(၃) မဟာနိဒ္ဒေသ ပါဠိတော်နှင့် အဋ္ဌကထာ
(၄) မဟာစည်ဆရာတော်ကြီး၏ မဟာသမယတရားတော်များ စာအုပ်
(၅) ပခုက္ကူမြို့၊ အလယ်တိုက်၊ တိုက်အုပ်ဆရာတော်၏ မဟာသမယစာအုပ်
(၆) စစ်ကိုင်း၊ သဇ္ဇနောဒယဆရာတော်၏ သုတ္တနိပါတ် နိဿယစာအုပ်တို့ကို မှုငြမ်းပြုပြီး ပို့ချပေးခဲ့ပါသည်။ လက်ဘတို့မှာ မဟာစည်ဆရာတော်ကြီး၏ လက်ဝဖျားဖြစ်သည်။ ထိုသင်တန်းပို့ချချက်မှတ်စုတို့သည်ပင် **"ထိုရာပြည့်ဝ မဟာသမယသုတ်တော်များ"** ဟူသော ဤစာအုပ် ဖြစ်ပေါ်လာပါသည်။

ဖြဟ္မာကြီးထေးဦးနှင့် အခန်း(၄)ခန်း

ဤစာအုပ်ကို စီစဉ်ရာ၌ မဟာသမယသုတ် နိဒါန်းမှ သုဒ္ဓါဝါသရဟန္တာ ဖြဟ္မာကြီးလေးဦးတို့ မြတ်စွာဘုရားရှင်ထံ လာရောက်ဖူးမြော်ကြသည်ကို အကြောင်းပြု၍ အခန်း (၄)ခန်း ပိုင်းခြားလျက်

http://www.dhammadownload.com

စီစဉ်ထားပါသည်။ ထို အခန်း (၄)ခန်းတို့မှာ . . .
(က) မဟာသမယသုတ် ရွက်ဆိုပူဇော်ရကျိုးများ
(ခ) မဟာသမယသုတ် (၇)သုတ်မှတ်ဖွယ်
(ဂ) မဟာသမယအခါတော်နေ့နှင့် အသံမစဲ ရွတ်ဖတ်ပွဲ
(ဃ) မဟာသမယသုတ် (၇)သုတ် ရွတ်ဖတ်နည်းတို့ ဖြစ်ကြ၏။

(က) မဟာသမယသုတ် ရွတ်ဆိုပူဇော်ရကျိုးများအခန်းတွင် ဝေမိုး (ကျွန်းလှ) နှင့် ဆင်ဖြူတောင် ဆရာတော်တို့၏ ဆောင်းပါးတို့ကိုပါ ထည့်သွင်းဖော်ပြထားပါသည်။

(ခ) မဟာသမယသုတ် (၇)သုတ် မှတ်ဖွယ်အခန်း၌ကား ပါဠိဂါထာ + မြန်မာပြန် + အဓိပ္ပါယ်ရှင်းလင်းချက် + လက်ဘားဖြင့် စီစဉ်ထားပါသည်။

(ဂ) မဟာသမယအခါတော်နေ့ ကျင်းပပုံကိုမူ မာဂဓိ (သာစည်) ဆရာတော်၏ "အခါတော်နေ့များ" စာအုပ်ကို မှီငြမ်းပြုထားပါသည်။ အသံမစဲ မဟာသမယရွတ်ဖတ်ပွဲကို စင်ကာပူနိုင်ငံ မြန်မာသံရုံး၌ ကျင်းပခဲ့သည့်အတိုင်း ဖော်ပြထားပါသည်။ ပဌာန်းဒေသနာတော်တွင် ရှေးရှေး၌ သင်ယူကျက်မှတ် ရွတ်ဖတ်အပ်သော ပရိယတ်စာပေသည် နောက်နောက်အခါ၌ သင်ယူကျက်မှတ် ရွတ်ဖတ်အပ်သော ပရိယတ် စာပေအား အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏ဟူ၍ လာရှိသည်။ ထို ပဌာန်းဒေသနာတော်အရ စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သော "အသံမစဲ မဟာသမယ ရွတ်ဖတ်ပွဲ" သည် မြန်မာနိုင်ငံသို့လည်း ကျေးဇူးပြုလိုက်သောကြောင့် ပါဠိတက္ကသိုလ် ညောင်တုန်း ကျောင်းတိုက် စွယ်တော်ရတနာစေတီ၏ (၁၁)ကြိမ်မြောက် ဘုရားပွဲ၌ "အသံမစဲ မဟာသမယရွတ်ဖတ်ပွဲ" ဖြစ်ခဲ့လေသည်။

http://www.dhammadownload.com

မဟာသမယခေတ် ဆန်းချိန်

ကမ္ဘာ့အံ့ခ်ီးဖွယ် ရွှေတိဂုံစေတီတော်၌ လပြည့်နေ့တို့တွင် နှစ်သစ်ကူး သွေးလှူပွဲတော်နေ့၊ ကဆုန်လပြည့် ဗုဒ္ဓနေ့၊ ဝါဆိုလပြည့် ဓမ္မစကြာနေ့ စသည်ဖြင့် အခါတော်နေ့များကို ကျင်းပလေ့ရှိ၏။ သို့သော် နယုန်လပြည့်နေ့၌မူ မဟာသမယအခါတော်နေ့ကို မကျင်းပခဲ့ကြချေ။ ဤ (၁၃၇၅)ခုနှစ်၌မူ စာရေးသူ၏ တိုက်တွန်း ချက်အရ ဂေါပကအဖွဲ့က နယုန်လပြည့် မဟာသမယ အခါတော် နေ့ကို ကျင်းပမည်ဟု သိရသည်။ ထို့အပြင် ရွှေသံလွင်ကုမ္ပဏီ၊ Sky net Buddha channal မှလည်း နိုင်ငံတော် သံဃမဟာနာယက ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီး၊ စာရေးသူနှင့် မဂ်လာသိဒ္ဓိဘုန်းကြီးတို့ အသံသွင်းထားသော မဟာသမယသုတ် (၇)သုတ်လုံးကို နယုန်လပြည့် မဟာသမယ အခါတော်နေ့တွင် လွှင့်မည်ဖြစ်၏။ မဟာသမယသုတ် ဒေသနာတော်ဟူသည်ကား နတ်ပြဟ္မာတို့ ရှာဖွေလျက် အလွန်နာယူချင်သော ဒေသနာများ ဖြစ်ကြ၏။ နတ်ပြဟ္မာတို့ အလွန်နာယူချင်ကြသည့် မဟာသမယသုတ် တို့ကို ရွတ်ဖတ်ပေးခြင်း၊ လေလှိုင်းမှ အသံလွှင့်ပေးခြင်းဖြင့် နတ်ပြဟ္မာတို့၏ ကုသိုလ်စောင့်ရှောက်မှုကို ခံယူရနိုင်ပေသည်။ နတ်ပြဟ္မာတို့၏ ကုသိုလ်စောင့်ရှောက်မှုကို ခံယူရလျှင် "ဒေဝတာနု ကမ္မိတော ပေါသော၊ သဒါ ဘဒြာနိ ပဿတိ" ဟူသော မဟာပရိနိဗ္ဗာနသုတ် ဒေသနာတော်အရ မကောင်းသည့် ဘေးရန်ဆိုးကျိုးတို့ကို မကြုံတွေ့ရတော့ပေ။ ကောင်းကျိုးချမ်းသာတို့ကိုသာ ကြုံတွေ့ဆုံစည်းရလေသည်။

မဟာသမယ သာသနာပြုဖက်များ

ဤ "**ထိရာပြည့်ဝ မဟာသမယသုတ်တော်များ**" စာအုပ်ဖြစ်ပေါ်လာအောင် တိုက်တွန်းသော စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဦးလွင်နှင့် သံရုံးဝန်ထမ်းများ၊ စင်ကာပူမှ

http://www.dhammadownload.com

သံဃာတော်များနှင့် မြန်မာမိသားစုများအားလုံး၊ မဟာသမယသုတ် ပါဠိတော်သင်တန်းသို့ တက်ရောက်ကြသော သင်တန်းသူ, သင်တန်းသားများ ရွှေသံလွင်ကုမ္ပဏီ နှင့် Sky net Buddha channal အဖွဲ့သားများ၊ ဓါတ်ပုံ နှင့် ဒီဇိုင်း ရေးဆွဲပေးကြသော ကိုအောင်ဟိန်း နှင့် ကိုမြင့်မောင် တို့အားလုံး၊ ကွန်ပျူတာ စာစီ စာရိုက်ပေးကြသော မန္တလေး ဦးနန္ဒိယ၊ သာသနမဏ္ဍိုင် ဘုန်းကြီး ဦးအာသဘ နှင့်အဖွဲ့၊ လှရတနာနေကျောင်း သံဃာများအားလုံး၊ ဓမ္မဒါနအလှူရှင် ဦးကျော်ဆန်းလွင် + Dr. ဒေါ်မြင့်မြင့်၊ သို့မဟုတ် မမြပန်းအေး, မဖူးပွင့်ဟန် တို့အားလုံး ကျေးဇူးအထူး တင်ရှိပါကြောင်း မဟာသမယ သာသနာပြုဖက် ကလျာဏမိတ်ဆွေအပေါင်း သူတော်ကောင်းများ အဖြစ် မှတ်တမ်းတင် ဂုဏ်ပြု ဖော်ပြအပ်ပါသည်။

မိမိတို့၏ မဟာသမယသာသနာပြု ကုသိုလ်ကံ စေတနာကြောင့် မြန်မာနိုင်ငံသူ နိုင်ငံသားများ နှင့်တကွ ကမ္ဘာသူ ကမ္ဘာသားတို့သည် မဟာသမယသုတ်မှာလာသည့် ကပိလဝတ်ပြည် နှင့် ကောလိယပြည်၊ နဂါး နှင့် ဂဠုန်၊ သိကြားနတ်မင်း နှင့် အသုရာနတ်တို့ကဲ့သို့ အချင်းချင်း ညီညွတ် ငြိမ်းချမ်းမှု ရရှိကြလျက် အန္တရာယ်ကင်းပြီး သာယာဝပြောစွာ နေထိုင်နိုင်ကြပါစေဟူ၍ မေတ္တာဆန္ဒပြုရပါသည်။

ဘဒ္ဒန္တ နာရဒါဘိဝံသ (လှရတနာ)
(၁၈. ၆. ၂၀၁၃) အင်္ဂါနေ့

http://www.dhammadownload.com

(က) မဟာသမယသုတ် ရွတ်ဆိုရကြောင်းများ

မဟာသမယသုတ် ထောမနာ ဘုရားရှိခိုး ဂါထာ

အဘိဘူဟိ သော အနဘိဘူတော၊
သက္ခိဓမ္မ မနိတိဟ မဒ္ဒသိ။
တသ္မာဟိ တဿ ဘဂဝတော သာသနေ၊
အပ္ပမတ္တော သဒါ နမဿ မနုသိက္ခေ။

ဂေါတမန္ဓယ်ဖွား ရှင်တော်မြတ်ဘုရား၏ အဆုံးအမ သာသနာနှင့် ကြုံကြိုက်ဆုံစည်းရာ ယခုအခါ၌ မေ့မေ့ လျော့လျော့ ပေါ့တော့တော့မနေဘဲ မမေ့မလျော့ ကျင့်ထိုက်ခြင်း၏ အကြောင်းမှာကား ဤသို့ပါတည်း။

ထို ဂေါတမန္ဓယ်ဖွား ရှင်တော်မြတ်ဘုရားသည် ရူပသဒ္ဓ စသည်ဖုံဖုံ ထိုထိုအာရုံ ကာမဂုဏ်ကို လွှမ်းမိုးတော် မူနိုင်ပါပေ၏ ရူပသဒ္ဓ စသည်ဖုံဖုံ ထိုထိုအာရုံ ကာမဂုဏ်တို့၏ လွှမ်းမိုးမှုကို မခံရပါပေ၊ လောဘစသား အကုသိုလ် ကိလေသာများ၏ လွှမ်းမိုးမှုများ

http://www.dhammadownload.com

ကိုလည်း မခံရပါပေ၊ ဤသို့ဖြစ်သတတ် ဒီလိုဖြစ်သတဲ့ဟု တဆင့်စကား ကြားသိရုံမျှဖြင့် ကိစ္စမပြီးသော ကိုယ်တိုင်တွေ့မြင်အပ်သော မဂ်ဖိုလ်နိဗ္ဗာန်တရားကိုလည်း မြင်တော်မူခဲ့ပါပြီ၊ မြင်တော်မူပြီး၍ မဂ်ဖိုလ်နိဗ္ဗာန်ရောက် ကြောင်း ကျင့်စဉ်ကောင်းဖြစ်သော သီလသုပရိပူရကာရိတာ၊ ဣန္ဒြေယသု ဂုတ္တဒ္ဝါရတာ၊ ဘောဇန မတ္တညုတာ၊ ဇဂရိယာနုယောဂ၊ သတိသမ္ပဇညု၊ သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး ၊ ဣဒ္ဓိပါဒ်လေးပါး ဣန္ဒြေငါးပါး ဗိုလ်ငါးပါး ဗောဇ္ဈင်ခုနှစ်ပါး၊ မဂ္ဂင်ရှစ်ပါး သမထဝိပဿနာတရားကိုလည်း ဟောကြား ညွှန်ပြတော်မူပါပေ၏။

ယင်းသို့ အာရုံဟူသမျှနှင့် ကိလေသာဟူသမျှကို အနိုင်ရ၍ မရှုံးသည့်ပြင် ကိုယ်တိုင်မျက်မှောက် တွေ့မြင် အပ်သောတရားကို အပြည့်အစုံ သိမြင်ပြီးမှ ဟောကြားညွှန်ပြတော်မူသောကြောင့်ပင်လျှင် ထိုဂေါတမနွယ်ဖွား ရှင်တော်ဘုရား၏ အဆုံးအမသြဝါဒသာသနာ၌ မမေ့မလျော့ မပေါ့မဆဘဲ နေ့ရောညပါ အခါခပ်သိမ်း သမ္မာပဋိပတ်အကျင့်မြတ်ကို ကျင့်သည်၏အဖြစ်ဖြင့် ရှိခိုးကော်ရော် ပူဇော်လျက် သီလ သမာ ဓိပညာ-ဟူသော သိက္ခာသုံးဖြာကို ရိုသေစွာဖြင့် အစဉ်မပျက် ဆက်ကာဆက်ကာ လိုက်နာကျင့်သုံးရာသတည်း။

တုဝဋ္ဌကသုတ် ပါဠိတော်လာဂါထာ

http://www.dhammadownload.com

မဟာသမယ ကျိုးများလှ

သာသနာတော် သက္ကရာဇ် ၂၅၅၆-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၄-ခုနှစ်၊ သီတင်းကျွတ်လဆန်း (၆)ရက်၊ ခရစ်သက္ကရာဇ် ၂၀၁၂-ခုနှစ် အောက်တိုဘာလ (၂၁)ရက် တနင်္ဂနွေနေ့ဟာ မြန်မာနိုင်ငံရဲ့ သာသနာဝင် သမိုင်းမှာတော့ မော်ကွန်းဥဒါန်းတင်ရမဲ့ နေ့ဖြစ်ပါတယ်၊ မြန်မာနိုင်ငံရဲ့ သာသနာ့သမိုင်းမှာ မော်ကွန်းဥဒါန်းတင်ရမဲ့ ကုသိုလ်ကောင်းမှုကို ဒီနေ့ကြွရောက်တော်မူလာကြတဲ့ သက်တော်ရှည် ဆရာတော်ကြီးအပါအဝင် သံဃာတော် အရှင်မြတ်တွေရဲ့ရှေ့မှာ ဗုဒ္ဓဂယာပုညသဟာယက အဖွဲ့နှင့် အလှူရှင်တွေက သာသနာသမိုင်းမှာ တစ်ခါမှ မပေါ်ဘူးသေးတဲ့ ဟာသမယသုတ် မဟာအာဠာနာဠိယသုတ်ပါဠိတော် ဗောဇ္ဈင်္ဂသုတ် ဂိရိမာနန္ဒသုတ်-အစရှိတဲ့ သုတ္တန် ဒေသနာတော်တွေကို လူသားတွေရော သံဃာတော်တွေ အတွက်ပါ ဘဝအောင်မြင်ရေးအတွက် အန္တရာယ်ကင်း ရှင်းရေး အတွက် ပြည်တွင်းပြည်ပ စာသင်တိုက်ကြီး တို့အား (၅)ပါးကိုင်၊ (၈)ခက်း ကမ္မဝါစာအစုံ (၁၀၀၀) ကျော် လှူဒါန်း လိုက်တဲ့နေ့ဖြစ်နေလို့ ပါပဲ၊ စောစောပိုင်းက အခမ်းအနားအစီအစဉ်မှာပါပြီးတဲ့ ဓမ္မကထိက အကျော် ဆင်ဖြူတောင် ဆရာတော်တို့ရဲ့ စကားအတိုင်းပြော ရင်တော့

http://www.dhammadownload.com

ဒီနေ့အလှူကာ မဟာ-ရ-အောင် မဟာသမယ ဆောင်တဲ့ ကုသိုလ် ကောင်းမှုပြုတဲ့နေ့ဖြစ်ပါတယ် စာချ အကျော် အလိုတော်ပြည့် ဆရာတော်တို့ရဲ့ စကား အတိုင်းပြောမယ်ဆိုရင်တော့ ဒီနေ့ဟာ လောကနဲ့ သာသနာကို ဓမ္မတရားဖြင့် အလှဆင်ပေးလိုက်တဲ့ နေ့ဖြစ် ပါတယ်။ အဲ့ဒီနေ့မှာ တက်ရောက်လာတဲ့ အားလုံးသော ဒကာ ဒကာမတွေဟာ မဟာသမယသုတ်(၈)ခက်း ကမ္မဝါစာအလှူရှင်တွေ ချည်းပဲဖြစ်ပါတယ်။ မိမိတို့ လှူဒါန်းလိုက်တဲ့ ကမ္မဝါဟာ မြန်မာပြည်မှာ တင်မက မြန်မာပြည်ရဲ့အပြင်ဘက် ထိုင်း,အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာ၊ တောင်ကိုရီးယား၊ စင်္ကာပူ၊ မလေးရှား, ထိုင်ဝမ်, ဂျပန်, အမေရိက-စတဲ့ ကမ္ဘာ့ နိုင်ငံတွေအထိ ဒီနေ့ ရေစက်ချလှူဒါန်းတဲ့(၈)ခက်း ကမ္မဝါဟာ မြန်မာပြည် အနှံ့လည်းပဲ လှူဒါန်းပြီးပါပြီ။ ဒီနေ့ကတော့ အောင်ပွဲအထိမ်းအမှတ် အနေနဲ့ စာသင်တိုက်ကြီးတွေက ဆရာတော်တွေကို အလှူရှင်တွေ အနေနဲ့ တစ်နေရာ တည်းမှာ ဖူးမြောင်ခွင့် ရအောင် စုပေါင်း ရေစက် ချတဲ့ နေ့လည်းဖြစ်ပါတယ်။ မဟာသမယသုတ် ရွတ်ဖတ်ရ ခြင်းရဲ့ အကျိုး မဟာသမယ သုတ် ကမ္မဝါရဲ့ အကျိုးတွေကိုတော့ အခမ်းအနား အစီအစဉ်မှာပါတဲ့ ဓမ္မကထိက အကျော်အမော် စာချ အကျော်အမော် ဆရာတော်တွေက ဟောပြပြီးသားဖြစ်ပါတယ်။ တကယ်တော့ ဒီဆရာတော် နှစ်ပါး ပြောခဲ့တဲ့ အကျိုးတင်မကပါဘူး မြတ်စွာ ဘုရားရှင်ရဲ့ တရားတော် တွေရဲ့ အကျိုးဟာ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေဟာ မရေတွက်၊ မကြုံစည်နိုင်လောက်အောင် ဂုဏ်တော်တွေ များပြားသလို ဒီဂုဏ်တော် တွေကို ပွားများတဲ့ အကျိုးဟာလည်းပဲ မရေတွက်၊ မကြုံစည် နိုင်လောက်အောင်ကိုပဲ များပြားလှ ပါတယ်။ ဒါကို အပဒါန် ပါဠိတော်မှာ-

http://www.dhammadownload.com

ဧဝံ အဓိဋ္ဌာ ဗုဒ္ဓါ
ဗုဒ္ဓမ္မာ အဓိဋ္ဌာ။
အဓိဋ္ဌေ ပသမ္ဘာနံ၊
ဝိပါကော ဟောတိ အဓိဋ္ဌေယော။

လို့ဘုရားရှင်က အာမခံချက်ပေးထားပါတယ်၊ အဲ့တော့ မဟာသမယသုတ် ပါဠိတော်ရဲ့အကျိုး မဟာသမယသုတ် ရွက်ဖတ် ရခြင်းရဲ့ အကျိုးတွေဟာ ဗုဒ္ဓအပါဒါန် ပါဠိတော်မှာလာတဲ့ အတိုင်း မရေတွက်နိုင်အောင် ကြံစည် စဉ်းစားလို့ မရနိုင်အောင်လည်း အကျိုးတွေများပြား လှပါ.တယ်။ အဲဒီလောက်များပြားတဲ့ အကျိုးတွေထဲက အခု အလှူရှင်တွေ လှူဒါန်းလိုက်တဲ့ မဟာသမယသုတ်(၈) ခက်း ကမ္ဘဝါစာကို မန္တလေး၊ ရန်ကုန်၊ မော်လမြိုင်၊ ပဲခူး၊ ပေါင်းတည်၊ နတ္တလင်း၊ သန်လျင်၊ ကျောက်တန်း စတဲ့ မြို့တွေကိုတော့ နီးတဲ့အတွက် ကိုယ်တိုင်ကိုယ်ကျ ညောင်တုန်းတိုက်က စာချ ဘုန်းကြီးတွေ ကျမ်းပြီးစာသင်သားတွေ ဒကာ+ဒကာမတွေ သွားရောက်ပြီးတော့ လှူဒါန်းကြ ပါတယ်။ အရပ်ဝေးတဲ့ တိုင်းပြည်နယ်က စာသင်တိုက် ကြီးတွေကိုတော့ အဝေးပြေးကားဂိတ်က နေပြီးတော့ ဂျပ်ပုံးတွေနဲ့ ထည့်ပြီးတော့ ပို့ပေးပြီး ဒေသခံတွေကနေပြီးတော့ စာသင်တိုက်ကြီး တွေကိုဆက်လက်ပြီးတော့ လှူဒါန်းနေတာ ဖြစ်တဲ့အတွက် မိမိတို့ ပြုလိုက်တဲ့ မဟာသမယသုတ်သာသနာ ပြန့်ပွားထွန်းကားခြင်းဆိုတဲ့ အလုပ်ဟာ အလွန်ပဲ အောင်မြင်တဲ့ သာသနာပြုအလုပ် ဖြစ်ပါတယ်။ ဒီသာသနာပြုအလုပ်နဲ့ စပ်ပြီးတော့ ညောင်းတုန်း ကျောင်းတိုက်က စာချဘုန်းကြီးများနှင့်တကွ ဒကာ+ဒကာမတွေ အနီးအနားမြို့တွေ လိုက်ပြီးတော့ လှူဒါန်းတဲ့အခါမှာ စာသင်တိုက်

http://www.dhammadownload.com

ဆရာတော်မျိုးစုံကို သွားရောက်လှူဒါန်းကြပါသည်။ အဲသည်လို သွားရောက် လှူဒါန်းတဲ့အခါ လက်ခံထားတဲ့ စာသင်တိုက် ဆရာတော်ကြီးတွေက ရေစက်ချပေးကြ အမှတ်တရအဆုံးအမ ဩဝါဒတွေပေးကြပါတယ်။ အဲ့ဒီလို ဩဝါဒတွေ ပေးကြတဲ့အထဲက တချို့စာသင်တိုက်ဆရာတော်တွေက မဟာသမယသုတ်ကို(၁၅)နှစ်၊ တချို့စာသင်တိုက်ဆရာတော်တွေက မဟာသမယသုတ်ကို အနှစ်(၂၀)၊ တချို့. ဆရာတော်တွေက တစ်နေ့သုံးကြိမ်၊ တချို့ ဆရာတော်က တစ်နေ့(၉)ကြိမ် ရွတ်တဲ့အကြောင်း တွေကိုလည်းပဲ အမိန့်ရှိလိုက်ကြပါတယ်။ အဲဒီလို(၁၅)နှစ်၊ အနှစ်(၂၀)၊ တစ်နေ့(၂)ကြိမ်၊ (၉)ကြိမ် ရွတ်ပြီးတော့ ပူဇော်တယ်ဆိုတဲ့ စာသင်တိုက်တွေကို ကြည့်လိုက်တဲ့ အခါမှာလည်းပဲ အဲ့ဒီစာသင်တိုက်တွေဟာ အဆောက်အဦး အနေနဲ့ ခန်းခန်းနားနား ကြီးကြီးကျယ်ကျယ် အဆောက် အဦးတွေ ထိုစာသင်တိုက် ဆရာတော်တွေရဲ့ အသုံး အဆောင် စီးတော်ယာဉ်ကားတွေဆိုတာလည်းပဲ နောက်ဆုံးပေါ် မော်ဒယ်မြင့် ကားတွေချည်းပဲ လိုက်လံ ပြီးတော့လှူကြတယ် ညောင်တုန်းတိုက် စာချဘုန်းကြီးတွေနဲ့ ဒကာ+ဒကာမတွေက ပြန်ပြီးတော့ လျှောက်ထားလို့ သိကြရပါတယ်။

အဲ့ဒီတော့ ဆိုလိုတာကတော့ မဟာသမယသုတ် ပါဠိတော်ကို ရွတ်ဖတ်ပူဇော်တဲ့ ပုဂ္ဂိုလ်တွေဟာ ဘဝအဆင့် အတန်းမှာ မြင့်မားနေတဲ့ ပုဂ္ဂိုလ်တွေလို့ သိရပါတယ်။ သာသနာမှာ တင့်တောင်းတင့်တယ်နှင့် နေပြီးတော့ ထွန်းထွန်းကားကား သာသနာပြုနိုင်တဲ့ ဆရာတော်တွေဆိုတာ သိလိုက်ရပါတယ်။ အခု အလှူရှင် ဒကာ ဒကာမ တွေအနေနဲ့ မဟာသမယ သုတ်(၈)ခေါက်း ကမ္မဝါကိုလှူဒါန်း လိုက်ပြီဆိုတော့ မရသေးတဲ့ဆရာတော်တွေ ရွတ်ဖတ်ဖြစ် သွားတယ်။ ရတဲ့ဆရာတော်တွေ အနေနဲ့လည်းပဲ ပိုပြီးတော့ ရွတ်ဖတ် ဖြစ်သွားတယ်ဆိုရင် မိမိတို့

http://www.dhammadownload.com

လှူဒါန်း နိုင်ကြတဲ့ ဆရာတော်တွေမှာ သာသနာပြု လုပ်ငန်း လုပ်တဲ့အခါ တွင်တွင်ကျယ်ကျယ်နဲ့ သာသနာပြု လုပ်ငန်းလုပ်နိုင် သွားမှာဖြစ်ပါတယ်။ အဲ့တော့ မိမိတို့ရဲ့ အလှူဟာ သံဃာတော် အရှင်မြတ်တွေ သာသနာပြု လုပ်ငန်း တွင်ကျယ်အောင် ပံ့ပိုးပေးတဲ့ သာသနာပြု အလှူလို့လည်းပဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါမယ်။ မဟာသမယသုတ် ပါဠိတော်ရဲ့ ရှေးဆရာတွေရဲ့ အမွှန်း မှာတော့ အကျိုးတရား(၄)မျိုး တိုက်ရိုက် ဖော်ပြ ထားပါ တယ်။ အဲဒီ အကျိုးတရား(၄)မျိုးကိုလည်းပဲ စာပေပညာ ရှင်တွေက ဒီအခမ်းအနား ပြီးရင် အလှူရှင်တွေကို ဖြန့်ဝေပေးမဲ့ ကုသိုလ်တော်မော်ကွန်း စာအုပ်ထဲမှာဖော် ပြထား်ပါတယ်။ ဒီလက််ာလေး (၅)ပိုဒ်ကိုတော့ အမှတ်တရ ဖြစ်သွားအောင် ရွှေကနေ ဘုန်းဘုန်းက တိုင်ပေး ပါမယ် အားလုံးပဲ အလှူရှင်တွေ လိုက်ဆို ကြပါမယ်-

*** မဟာသမယံ၊ ရွတ်နာခံ၊ ကောန်သက်ရှည်မည်။**

*** ချမ်းသာသုခ၊ မှန်ပြည့်ဝ၊ ရွတ်ကြည့်စီစီ။**

*** နတ်ဒေဝတာ၊ နစ်သက်မှာ၊ ရွတ်ပါအထီသီ။**

*** ဘေးရန်ဥပါဒ်၊ မငြိကပ်၊ မပြတ်ရွတ်ရမည်။**

*** ရွတ်ထည်းရွတ်ပါ။ ထိုက်နာပါ။ မှန်စွာထူးလိမ့်မည်။**

ဒီအကျိုး(၄)မျိုးဟာ မဟာသမယသုတ်ရွတ်တဲ့ ပုဂ္ဂိုလ်တိုင်း ရရှိထားတဲ့ အမွှန်းဂါထာမှာပါတဲ့ အကျိုး တရား တွေ ဖြစ်ပါတယ်။ **"မဟာသမယံ၊ ရွတ်နာခံ၊ ကောန်သက်ရှည်မည်"** ဆိုတဲ့ လက််ာအတိုင်း မဟာသမယ သုတ်ရွတ်မယ် ဆိုရင်တော့ သက်တော်ရှည်ရှည် နေနိုင် ပါလိမ့်မယ်။ သက်တော်ရှည်ရှည် သာသနာပြုနိုင်ပါ လိမ့်မယ်။ ဘုန်းဘုန်းတို့ မော်လမြိုင်မြို့သွားပြီးတော့ မဟာသမယသုတ် ကမ္မဝါစာ လှူဒါန်းတဲ့အခါ တိပိဋကဿ ဩဂါဒါစရိယ ဥက္ကဋ္ဌဖြစ်ခဲ့ဘူးတဲ့ ဝဲပျံ

http://www.dhammadownload.com

ဆရာတော်ကြီးဆိုတာ မဟာသမယသုတ်နေ့တိုင်းရွတ်တဲ့ ဆရာတော်ကြီး အဲဒီဆရာတော်ကြီးဟာ သက်တော်(၉၅)နှစ် ရှိပါပြီ။ သက်တော်(၉၅) နှစ်ဆိုပေမဲ့ ကျန်းကျန်းမာမာပဲ အလှူ အတန်း အပင့် အဖိတ်တွေလည်း လိုက် တရားဟော ရေစက်ချတွေလည်းပဲ အကြာကြီးပဲ ပြောနိုင်ဟော နိုင်တဲ့ဆရာတော်ကြီးပါပဲ။ အဲ့တော့ မဟာသမယသုတ် နေ့စဉ်ရွတ်မယ် ဆိုရင် အသက်ရှည်မယ်ဆိုတာ မော်လမြိုင် မြို့ဝဲပျံ့ ဆရာတော်ကြီး ကြည့်မယ်ဆိုရင် အလွန်ထင် ရှားပါတယ်။

ဒုတိယမြောက်အကျိုးက **"ချမ်းသာသုခ၊ မှန် ပြည့်ဝ၊ ရွတ်ကြည့်စီစီ"** မဟာသမယသုတ်ကို နေ့တိုင်း ရွတ်ဆိုမယ်ဆိုရင်တော့ ဘဝရဲ့အောင်မြင်မှုတွေရပြီးတော့ ဘဝမှာ အဆင့်အတန်း မြင့်မြင့် နေထိုင်နိုင်တယ်။ သာသနာပြုနိုင်တယ်ဆိုတာကိုတော့ ရန်ကုန်မြို့ ပေါ်က မြို့အသီးသီးမှာရှိတဲ့ စာသင်တိုက်ကြီးတွေကို ကမ္မဝါ လိုက် လှူတဲ့အခါ တချို့(၁၅)နှစ်ကြာပြီ၊ တချို့နှစ်(၂၀)ကြာပြီ၊ တချို့(၂) ကြိမ်ရွတ်တယ်၊ တချို့(၉)ကြိမ်ရွတ်တယ်ဆိုတဲ့ ဆရာတော်တွေရဲ့ ကျောင်းတိုက်ကို ကြည့်လိုက်တဲ့အခါ အလွန်းခန်းနားကြီးကျယ်တဲ့ ကျောင်းတိုက်တွေ သူတို့ စီးနေတဲ့ကားတွေကြည့်လိုက်တဲ့အခါ မော်ဒယ်မြင့်တဲ့ ကားတွေ စီးနေတာကိုကြည့်ခြင်းအားဖြင့် မဟာသမယ သုတ် ရွတ်ဆိုမယ် ဆိုလို့ရှိရင် ဘဝအောင်မြင်မှု ရနိုင်တယ်ဆိုတဲ့ အကျိုး တရားဟာလည်းပဲ လက်တွေ့ပဲ ဖြစ်နေ ပါတယ်။

တတိယမြောက်အကျိုးကတော့ **"နတ်ဒေဝတာ၊ နှစ်သက်မှာ၊ ရွတ်ပါအလိလိ"** မဟာသမယသုတ်ကို ရွတ်မယ်ဆိုရင်တော့ နတ်တွေရဲ့စောင့်ရှောက်မှုကိုခံရ မဟာသမယသုတ်ဟာ နတ်ဗြဟ္မာတွေရဲ့ မျိုးနွယ်အလိုက် အုပ်စုအလိုက် နာမည်တွေဖော်ပြီးတော့ တရားနာ

http://www.dhammadownload.com

လာတဲ့အကြောင်း ဘုရားရှင်က ဟောပြထားပါတယ်။ မိမိတို့ရဲ့ နာမည်ကို ဘုရားရှင်ကိုယ်တိုင်က နှုတ်ဆက် အသိအမှတ် ပြုပြီးတော့ ဟောထားတဲ့ဒေသနာလည်းဖြစ်တယ်။ ဒီ မဟာသမယသုတ်ဒေသနာ ဟောပြီးတဲ့ အခါနတ်ပြဟ္မာပေါင်း ကုဋေတစ်သိန်း ရဟန္တာဖြစ်သွားတယ်။ သောတာပန် သကဒါဂါမ်၊ အနာဂါမ်ဖြစ်တဲ့ နတ်ပြဟ္မာတွေက မရေတွက်နိုင်အောင် ကျွတ်တန်းဝင်သွားကြတယ်။ အဲ့တော့ သတ္တဝါတွေအနေနဲ့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် ဆိုတဲ့ အပါယ်လေးဘုံကို ကျနိုင်တဲ့ ပုထုဇဉ်ဘဝက နေပြီးတော့ အပါယ်လေးဘုံလွတ်တဲ့ သောတာပန်အစ ရှိတဲ့ အရိယာအဆင့်ကို ရောက်အောင် ပို့ဆောင်ပေးနိုင်တဲ့ သုတ္တန်ဒေသနာဘဝအဆင့်မြင့် သွားအောင် ပို့ဆောင်ပေးတဲ့ ဒေသနာဖြစ်နေတဲ့အတွက် ဘယ်နေရာမှာမျှား မဟာသမယ သုတ်ရွတ်မလဲဆိုပြီးတော့ အထက်ကောင်း ကင်ကနေ လိုက်လံပြီးတော့ ရှာဖွေပြီးတော့ နာယူချင်တဲ့ သုတ္တန်ဖြစ်ပါတယ်။ အဲ့ဒီလောက်ထိ နတ်တွေနာယူချင်တဲ့ သုတ္တန်ကို ရွတ်ဖတ်ပေးမယ် ဆိုရင် နတ်တွေ၊ ပြဟ္မာတွေဟာ ရွတ်ဖတ်တဲ့ ပုဂ္ဂိုလ်တွေ နာယူတဲ့ ပုဂ္ဂိုလ်တွေကို စောင့်ရှောက်ပေးကြပါတယ်။

ဒါဟာလည်းပဲ ဘုန်းဘုန်းတို့ မန္တလေး၊ မော်လမြိုင်၊ ပဲခူး၊ ပေါင်းတည် စတဲ့မြို့တွေ ကမ္မဝါတွေ သွားလှူတဲ့ အခါ လက်တွေ့ပါဘဲ။ ပဲခူးနဲ့ မော်လမြိုင်တို့သွားလှူတဲ့ အချိန်ကမြန်မာပြည်မှာ အောက်မြန်မာပြည် ရေမြုပ် နေတဲ့ အချိန်ဖြစ်ပါတယ်။ ပဲခူးမှာရေမြုပ်နေသလို မော်လမြိုင်မှာလဲ နေတိုင်းမိုးရွာပြီးတော့ ရေမြုပ်နေ ပါတယ်။ ဘုန်းဘုန်းတို့ မဟာသမယသုတ်ပါဠိတော် ကမ္မဝါစာတွေကားပေါ် တင်ပြီးတော့ မော်လမြိုင်ကို သွားပြီးလှူတဲ့အခါ အဲ့ဒီရက်ဟာ

http://www.dhammadownload.com

မိုးတိတ်ပြီးတော့ နေပူထွက်ပေးရပါတယ်။ဘုန်းဘုန်းတို့ အဲ့ဒီရောက်တဲ့ အခါ မော်လမြိုင်မြို့မှာရှိတဲ့ ကျိုက်သလွန်ဘုရားအနီးက ရွှေတောင် ဆရာတော်က တဲအုံတဩ နှုတ်ဆက်ပါတယ်။ နေ့တိုင်းပဲ မော်လမြိုင် မှာ မိုးရွာနေတာ မိုးရွာလို့မြို့ သူမြို့သား‌တွေ စျေးမရောင်းရလို့ စိတ်ညစ်နေတယ်။ ဒီနေ့ ဦးနာရဒတို့လာလိုက်တဲ့အခါ မိုးတွေ တိတ်ရုံ တင်မက နေတွေတောင်ပူပေးတယ်။ ဘယ်လိုမျှားဖြစ်လို့လဲ။ ဘယ်လိုဖြစ်လို့လဲ ဆိုတော့ အရှင်ဘုရား တပည့်တော်တို့ ရောက်လေ ရာအရပ် မဟာသမယသုတ်ရွတ်ပြီးတော့ မိုးနတ်သား အပါအဝင် နတ်သား တွေကို အဲ့ဒါ အမျှဝေ ပေးတယ်၊ စာသင်တိုက်ကြီးတွေ ကိုလည်း မဟာသမယ သုတ် လိုက်လျှောနေတယ်။ အဲ့တော့ မဟာ သမယသုတ် ထဲမှာပါတဲ့ နတ်တွေက စောင့်ရှောက်လို့ပဲ မိုးတွေ တိတ်ရုံ တင်မက နေတွေပူပေးရတယ်။ပဲခူးမြို့သွားလျှောတဲ့အခါ ရေတွေကြီး နေပြီ ဆိုပြီးတော့ တစ်ချို့ဒကာ၊ ဒကာမတွေက စိတ်ပူကြပေမယ့် ဘုန်းဘုန်းတို့သွားတဲ့ ခရီးစဉ်မှာတော့ ရေဟာကျဆင်းပေးရတယ်။ ဒါဟာနတ်တွေရဲ့ စောင့်ရှောက်မှုကြောင့် မဟာသမယသုတ် ပါဠိတော်တွေ ဆိုင်ရာမြို့အသီးသီးက ကျောင်းတိုက်တွေထဲကို ရောက်ရှိ သွားတာပါပဲ။

နောက်ဆုံး အကျိုးကတော့ **"ဘေးရန်ဥပါဒ်၊ မငြိကပ်၊ မပြတ်ရွတ်ရမည်"** လူလောကပဲဖြစ်ဖြစ်၊ သာသနာလောကပဲဖြစ်ဖြစ် အတိုက်အခိုက်တွေ၊ အနှောက်အယှက်တွေ အလွန်ဘေးရန် အန္တရာယ်တွေ ပေါပါတယ်။ ရောဂါအန္တရာယ်တွေလည်းပဲ တစ်ခုပြီး တစ်ခု ဖြစ်ပြီးတော့ ကျန်းမာရေးအရ အားနည်းပြီးတော့ ကွယ် လွန်ကြ ပျံလွန်တော် မူနေကြတာပါပဲ။ မဟာသမယသုတ်ကို ရွတ်မယ်

http://www.dhammadownload.com

ဆိုရင်တော့ အတိုက်အခိုက်အနှောက် အယှက် အနှောင့်အရှယ်တွေလဲကင်း၊ ရောဂါတွေ လဲသက်သာ၊ ဒီလိုစတုတ္ထမြောက်အကျိုးက လာရှိပါတယ်။ ဒီအကျိုးရဲ့ လက်တွေ့ကိုလည်းပဲ တပည့်တော်တို့ညောင်တုန်း ကျောင်းတိုက် ပဓာန နာယက သက်တော်ရှည် ဆရာတော်ကြီးဟာ (၉၄)နှစ် ရှိပါပြီ၊ အိပ်ယာထဲမှာ လဲနေပါသည်။ ဒီဆရာတော်ကြီးကို ဆရာဝန်တွေ၊ သူနာပြုတွေက စောင့်ရှောက်သလို ကျောင်းတိုက်ထဲမှာရှိတဲ့ စာချဘုန်းကြီးတွေကလည်း မကြာခင်က မဟာသမယသုတ်ကို သွားသွားပြီးတော့ ရွတ်ဖတ်ပေးပါတယ်။ အခမ်းအနား ပြီးရင်ဖြန့်ဝေမယ့် ဒီစာအုပ်ထဲမှာလည်းပဲ ညောင်တုန်းတိုက် ဆရာတော်ကြီး ကို စာချဘုန်းကြီး တပည့်တွေက မဟာသမယသုတ် ရွတ်ဖတ်ပေးနေတဲ့ ဓါတ်ပုံ မှတ်တမ်းကို မြင်တွေ့ရမှာ ဖြစ်ပါတယ်၊ မကြာခဏ စာချဘုန်းကြီးတွေက မဟာသမယသုတ် သွားသွားပြီး ရွတ်ဖတ်ပေးနေတော့ ညောင်တုန်းတိုက် ဆရာတော်ကြီး ရောဂါဝေဒနာ သက်သာတယ်၊ ပြီးတော့ ချော်လည်းပြီးတော့ SSC ဆေးရုံရောက်ပေမယ့် အခု(၉၄)နှစ်ထဲ ကျန်းကျန်းမာမာနဲ့ ရောက်ရှိလာပါပြီ။ဒါဟာမဟာသမယသုတ် ရွတ်မယ်၊ နာမယ်ဆိုရင် ရောဂါဝေဒနာသက်သာ တယ်ဆိုတဲ့ ကိုယ်တွေ့ လက်တွေ့ပါပဲ။ ပိုပြီးထင်ရှားတာ ကတော့ ပြီးခဲ့တဲ့သုံးရက်လောက်က ပဲခူးမြို့က ဆရာတော်ကြီးတစ်ပါး ဆေးခန်းမှာ လာရောက်ပြီးတော့ ဆေးကုသခံယူနေတယ်လို့ ကြားတာနဲ့ ဘုန်းဘုန်းအဲ့ဒီဆရာတော်ကြီး ထံ ရောက်သွားပါတယ်။ အဲ့ဒီဆရာတော်ကြီး (၉၃) နှစ်တုန်းကလည်းပဲ ပဲခူးကို ဆရာတော်ကြီးထံ သွားကန်တော့တယ်။ ကန်တော့တော့ ဆရာတော်ကြီးက (၉၃)နှစ်ဆိုပေမယ့် ကျန်းကျန်းမာမာပါပဲ ခါးကတော့ တော်တော်ကုန်းနေပြီ ပုဂ္ဂိုလ်ချင်း ခင်မင်ရင်းနှီးနေတာနဲ့ ဆရာတော်

http://www.dhammadownload.com

သက်တော်က(၉၃)နှစ်ရှိပြီး တစ်ပါးတည်း မနေပါနဲ့ ကိုရင်လေး၊ ဦးဇင်းလေးတစ်ပါးပါးကို အနားမှာ ထားပါလို့လျှောက်တဲ့အခါ ဆရာတော်ကြီးက ဘာပြန်ပြောလဲဆိုတော့ **"ဦးနာရုဒ ကျောင်းစောင့်နတ်ဆိုတာ ရှိတယ်တဲ့ အဲ့ဒီကျောင်းစောင့်နတ်က ကျောင်းတင်စောင့်တာ မဟုတ်ဘူး ကျောင်းဘုန်းကြီးဖြစ်တဲ့ တပည့်တော်ကိုထဲစောင့်ရမှာပါပဲ"** အဲ့ဒီတော့ တပည့်တော်မှာ အစောင့်ရှိပါတယ်၊ အဲ့ဒီလို ပြောလိုက်တဲ့ ဆရာတော်ကြီး ခုကျန်းမာ ရေးအားနည်းလို့ ဆေးခန်း တစ်ခုရောက်နေတယ်၊ ရောဂါဝေဒနာ မသက်သာဘူး ဆိုတာနဲ့ တစ်ရက်နံနက်ခင်း အဲ့ဒီဆရာတော်ကြီးကို မဟာသမယ သုတ်ပါဠိတော် ကမ္မဝါစာသွားလှူတယ် လှူရင်းနဲ့နှုတ် ဆက်စကားပြောကြားရတယ်။

ဆရာတော်ဆီလာကန်တော့တုန်းက ကျောင်းစောင့်နတ်က ကျောင်းတင်မကဘူး ကျောင်းဘုန်းကြီးပါ စောင့်ရမယ်လို့ပြောတယ်။ ခုဆရာတော်ဆေးရုံရောက် နေတယ် ဆေးရုံစောင့်နတ်က ဆရာတော်ကို သီးသန့် ကြီးစောင့် ဖို့ဆိုတာမဖြစ်နိုင်ဘူး ဆေးရုံမှာလူနာတွေ အများကြီးပဲ အဲ့တော့ဆရာတော်ကို ဆေးရုံစောင့်နတ်က စောင့်အောင် တပည့်တော်တို့ မဟာသမယသုတ် ပါဠိတော် ကမ္မဝါစာ ရွတ်ဖတ်ပေးမယ် မဟာသမယသုတ်အကျိုး(၄)မျိုးထဲမှာ ရောဂါဝေဒနာ သက်သာချင်းဆိုတဲ့ အကျိုးလဲပါတယ်။ဆရာတော်နာနိုင်မလားလို့ မေးလိုက်တော့ နာနိုင်တယ်၊ နာနိုင်တယ် ရွတ်သာရွတ်။အဲ့ဒါနဲ့ ဘုန်းဘုန်းတို့ ကမ္မဝါမှာစီစဉ်ထားတဲ့အတိုင်း ကျကျနနရွတ်ဖတ်ပြီးတော့ ဆိုင်ရာပုဂ္ဂိုလ်တွေ မေတ္တာပို့ အမျှဝေပေးလိုက်တယ်။ ဆရာတော်ကြီးလဲ ဝမ်းသာအားရ သာဓုခေါ်တယ်၊ ခုပြီးခဲ့တဲ့ နေ့လယ်ပိုင်းက ဆွမ်းကပ်တော့ ဒကာတစ်ယောက်လာတော့ အဲ့ဒီ

http://www.dhammadownload.com

ဆရာတော်ကြီး သက်သာနေပြီဘုရားသက်သာဆိုတာကတော့ မဟာသမယသုတ်ရွတ်ပြီးတော့ ဆရာတော်ကြီး ရောဂါ ဝေဒနာ ကျန်းမာအောင် မေတ္တာပို့ ဆိုင်ရာဆေးရုံ စောင့်နတ် တွေလဲမေတ္တာပို့ အမျှဝေပေးလိုက်တော့ စောင့်ရှောက်ပေးလိုက်တာဖြစ်ပါလိမ့်မယ်။ အဲ့ဒီတော့ ဒီအကျိုးတရား လေးပါးဟာ မဟာသမယသုတ် ပါဦးတော်ရဲ့ အမွန်းမှာ တိုက်ရိုက်လာတဲ့အကျိုး လေးပါးပါပဲ။

ထပ်ဆင့်ပြီးတော့ပြော လိုတာကတော့ စောစောက မမှကထိက အကျော်အမော်တွေ၊ စာချအကျော် အမော်တွေ ပြောပြ လိုက်တော့ သံယာတော်အရှင်မြတ်တွေရော၊ အလှူရှင် ဒကာ၊ ဒကာမတွေကော မဟာသမယသုတ်ရွတ်ဖတ်ချင်တဲ့ သဒ္ဓါတရား တွေဖြစ်ပေါ် လာပါလိမ့်မယ် အဲ့ဒီလိုဖြစ်ပွားလာလို့ရွတ်ဖတ်တဲ့အခါ ဘယ်အချိန်ပဲရွတ်ရွတ် ဘုရားပါဦးတော်တွေက ရွတ်တဲ့အချိန် သမာဓိရှိရှိနဲ့ရွတ်မယ်ဆိုရင် အကျိုးပေးတာပါပဲ၊ အချိန်မရွေး၊ နေရာမရွေး အကျိုးပေးနိုင်ပါတယ်၊ သို့ပေမယ့် ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အကျိုးပေး စေချင်တယ်ဆိုရင်တော့ မဟာသမယသုတ်ရွတ်ရမယ့် အချိန်က လူချမ်းတိတ်တဲ့အချိန် ညဦးပိုင်းပဲဖြစ်စေ နံနက် လင်းအားကြီးချိန် အာရုံတက်တဲ့အချိန်ပဲဖြစ်စေ အဲ့ဒီနှစ်ချိန် မှာရွေးပြီးရွတ်မယ်ဆိုရင်တော့ နတ်ဗြဟ္မာတွေ ပိုပြီးတော့ အာရုံယူပြီး လာပြီးတော့ လာနိုင်တဲ့အတွက် မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် အကျိုးပေးပါ လိမ့်မယ်။ ဘုန်းဘုန်းတို့လည်း အရင်တုန်းကတော့ မသိပါဘူး အဆင်ပြေတဲ့အချိန် အားတဲ့အချိန် စာပြန်သလို ကောက်ရွတ်လိုက်တာပဲ ရွတ်ပါများတော့လည်း ကျနေ တော့ စာပြန်သလို ပြန်လိုက်တာ(၇)မိနစ်ဆိုရင် မဟာ သမယသုတ်(၁)ခေါက်ပြီးသွားတယ်

http://www.dhammadownload.com

နောက်ကျမှ ဒီ **"ကုသိုလ်တော်မော်ကွန်း"** စာအုပ်ထဲမှာ စာရေးဆရာတွေရေးတဲ့ ဆောင်းပါးကိုဖတ်ကြည့် လိုက်တော့ စစ်ကိုင်းက မြို့သာဆရာတော်တို့ မိုးကုတ်မြို့က မြို့ဦးလွင် ဆရာတော်တို့ရဲ့ အဆုံးအမသြဝါဒတွေ ပါပါတယ်။ အဲ့ဒီဆရာတော်တွေရဲ့ သြဝါဒဖတ်ရတဲ့အခါ ကျမှ ခုချိန်ပြောင်းပြီးတော့ ညဦးပိုင်း ညဉ့်နက်တဲ့အချိန်တို့ နံနက်အာရုံတက်တဲ့အချိန်တို့ ရွှတ်လိုက်တော့ ပိုပြီးတော့ ကြည်နူးလာတယ်၊ အကျိုးပေးတာတွေ မပေးတာတွေ ဘုန်းဘုန်းတို့ ထည့်ပြီးတော့ မပြောပါဘူး။ ဘုန်းဘုန်းတို့ ရည်ရွယ်တာကတော့ ကိုယ်လုပ်တဲ့သာသနာပြု လုပ်ငန်းကို အနှောက်အယှက်မပေါ်ပဲနဲ့ ဖြောင့်ဖြောင့်တန်းတန်း လုပ်နိုင်ဖို့ နတ်တွေရဲ့အကူအညီစောင့် အရှောက်ယူရဖို့ပါပဲ။ ဒီအပြင် ဘာကြီးဖြစ်ရပါလို့၏ ညာကြီးဖြစ်ရပါလို့၏၊ ဒါတွေ ဘုန်းဘုန်းတို့ ခေါင်းထဲမှာ ဘာမှမရှိပါဘူး။

အဲ့တော့ မဟာသမယသုတ်ရွတ်ချင်တဲ့ သဒ္ဓါတရားပေါက်နေတဲ့ သံယာတော်အရှင်မြတ်တွေ ဒကာ၊ ဒကာမတွေအနေနဲ့ စစ်ကိုင်းက မြို့သာဆရာတော် မိုးကုတ်မြို့က မြို့ဦးလွင်ဆရာတော်တို့ရဲ့ အဆုံးအမ သြဝါဒအတိုင်း ညဉ့်နက်ပိုင်း လူချေတိတ်တဲ့အချိန် နံနက်အာရုံတက်လင်းအားကြီးချိန်မှာရွတ်ပြီးတော့ ဆိုင်ရာအစောင့်နတ်တွေ အမျှဝေမယ်ဆိုရင်တော့ မိမိတို့ရဲ့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ သာသနာပြုလုပ်ငန်းတွေမှာ နတ်တွေရဲ့ စောင့်ရှောက်မှုကို ရပြီးတော့ အနှောက်အယှက် အန္တရာယ်တွေ ကင်းပြီး တော့ သာသနာပြုအလုပ်တွေ အောင်မြင်သွားပါ လိမ့် မယ်။ ဘဝအောင်မြင်ချင်ရုံနဲ့တော့ ဒီဒေသနာရွတ်တာ မပြည့်စုံပါဘူး ဘဝရဲ့လွတ်မြောက်မှု၊ ထွက်မြောက်မှု အတွက်လည်းပဲ ရည်ရွယ်ထားရမှာ ဖြစ်ပါတယ်။ ဒီမဟာသမယသုတ်ပါဠိတော်ကို ဘုန်းဘုန်းတို့ **"နတ်ချစ်သော**

http://www.dhammadownload.com

သုဇွန်များနှင့် ဆဲဗွယ်ဘုရားကြီး" ဆိုတဲ့ စာအုပ်မှာ အကျယ်တဝင့် ရေးသားဖော်ပြထားပါတယ်။ ကိုးပိုင်းရှိ ပါတယ်။အဲ့ဒီကိုးပိုင်းထဲမှာ ရှစ်ပိုင်းမြောက်က ဗြဟ္မကဏ္ဍ ဗြဟ္မာမင်းတွေ လာရောက်နာယူတဲ့ အခန်း ဖြစ်ပါတယ်။အဲ့ဒီဗြဟ္မာခန်းမှာလာတဲ့ ဗြဟ္မာတွေထဲက ထူးခြားတဲ့ ဗြဟ္မာတစ်ဦးရှိပါတယ်။ "**သနင်္ကုမာရော တိဿော၊ သောပါဂ သမိတီဝန်**" အဲ့ဒီကဏ္ဍမှာ တိဿ ဆိုတဲ့ဗြဟ္မက မဟာသမယသုတ်နာတဲ့အချိန်က ပုထုဇဉ် ဗြဟ္မာပါပဲ မဟာသမယသုတ်နာပြီးတော့လည်းပဲ ရဟန္တာ အပေါင်း ကုဋေတစ်သိန်းဖြစ်ပေမယ့် သောတာပန် သကဂါမ်၊ အနာဂါမ်ဖြစ်တဲ့ နတ်ဗြဟ္မာတွေ မရေတွက်နိုင်အောင် ကျွတ်တမ်းဝင်သွားပေမယ့် တိဿဗြဟ္မာကတော့ ပုထုဇဉ်ပါပဲ သို့ပေမယ့် မြတ်စွာဘုရားရှင်ထံက မဟာ သမယသုတ် နာလိုက်ရတဲ့ ကုသိုလ်ကြောင့် သာသနာသက္ကရာဇ်(၂၁၈)ခု နှစ် ဝန်းကျင်မှာ သီရိဓမ္မာ အသောကမင်းကြီး ပေါ်ထွန်းလာခဲ့ပါတယ်။ မောရိယ အင်ပါယာ ပေါ်ထွန်းလာတဲ့ အခါ တတိယသင်္ဂါယနာ တင်ခဲ့ပါတယ်။ အဲ့ဒီ တတိယ သင်္ဂါယနာတင်တဲ့ ခေါင်းဆောင် ရဟန္တာ မထေရ်ဟာ မောဂ္ဂလိပုတ္တတိဿ ရဟန္တာ မထေရ်ကြီး ဖြစ်ပါတယ်။

တတိယသင်္ဂါယနာရဲ့ ခေါင်းဆောင် မောဂ္ဂလိ ပုတ္တတိဿ ရဟန္တာမထေရ်ကြီးဟာ မဟာသမယသုတ် နာခဲ့တဲ့ ပုထုဇဉ် တိဿ ဗြဟ္မာကြီးပါပဲ။ အဲ့ဒီတော့ မဟာသမယသုတ်နာခဲ့ရတဲ့ ကုသိုလ်ကံက မောဂ္ဂလိ ပုတ္တတိဿရဟန္တာအဖြစ်ရောက်အောင် ပို့ဆောင် ပေးလိုက်ပါတယ်။ အခုလည်းပဲ မဟာသမယသုတ် ပါဠိတော်တွေကို သံယာတော် အရှင်မြတ်တွေလက်ထဲ လျှဒါန်းတဲ့အခါ ဘဝအောင်မြင်ရေး အတွက်ပဲ ရည်ညွှန်း ထားရမှာ မဟုတ်ပါဘူး။ တိဿဗြဟ္မာကြီးတို့ကဲ့သို့

http://www.dhammadownload.com

ဘဝ လွတ်မြောက်တဲ့ နိဗ္ဗာန်ထိအောင် မျက်မှောက်ပြုနိုင် ရမယ်လို့ အဲ့လောက်ထိ ရည်ညွှန်းထားရမှာဖြစ်ပါတယ်။ဒါကြောင့်မို့ ဒီနေ့ မြန်မာနိုင်ငံရဲ့ သာသနာ့သမိုင်းမှာ မော်ကွန်းတင် ဥဒါန်းတွင်လောက် အောင် စာသင်တိုက် ကြီးငယ်တွေကို ငါးပါးကိုင် မဟာသမယသုတ် အစုံ ပေါင်း(၁၀၀၀)ကျော် လှူဒါန်းလိုက်ရတဲ့ ဓမ္မစေတီ တည်ထား လိုက်ရတဲ့ ကုသိုလ်ကြောင့် တိသဲပြဟ္မာကြီး ကဲ့သို့ နိဗ္ဗာန်ကို အရဟတ္တ ဖိုလ်ဖြင့် မျက်မှောက် ပြုရပါ ကုန်လောဟု ရည်ညွှန်း လိုက်ကြကုန်ရာ သတည်း။

လှရုတနာ ဆရာတော်
(မုဒိတာပန်းခင်းများ
ပွင့်လန်းခြင်းစာအုပ်မှ ဟောတရား)

http://www.dhammadownload.com

ရွှတ်ဖူးသူတိုင်း ထူးကြသည်

မဟာသမယသုတ်အကြောင်းပြောလျှင် ပြောစရာတွေကတော့ လွန်စွာများပါသည်။ ရှေးဦးစွာ စာဖတ်သူများကို ပြောထားလိုသည်မှာ မဟာသမယသုတ်မှ အစွမ်းထက်သလားဆိုခဲ့ရင် "မဟုတ်ပါ" ဟု ပွင့်ပွင့် လင်းလင်းဖြေရမည်သာ။ ဗုဒ္ဓပါဝစနပါဠိတော် မှန်သမျှ ယုံကြည်မှု သဒ္ဓါတရား ရှိလျှင်ရှိသလောက် အကြောင်း၏ အကျိုးဆက်များ ရွက်ဖတ်သူထံ မုချသက်ရောက်လာ မည်သာ။ လွန်ခဲ့သော (၁၇)ခန့်က တိပိဋကဆရာတော် တစ်ပါးထံသို့ စာရေးသူအယ်ဒီတာ လုပ်နေသော မဂ္ဂဇင်း စာစောင်တွင် ထည့်ရန်စာမူ သွားတောင်းခဲ့ပါသည်။ ထိုတိပိဋကဆရာတော်မှ စာရေးသူအား "စာရေး ဆရာကြီးကို ပြောရအုံးမယ်။ ဘယ်ဂါထာ၊ ဘယ်ပါဠို ဘယ်နှခေါက်ရွတ်ရင် ဘယ်လိုအကျိုးထူးတယ် ဆိုပြီး ဘုရားရှင်ရဲ့နှုတ်ထွက် စကားတော်တွေကို အခေါက်ရေ တွေနဲ့ မချုပ်ချယ်မိပါစေနဲ့ဗျာ"ဟု အမိန့်ရှိဖူးသည်။

စာရေးသူထံတွင် မူလထဲက ဤကဲ့သို့ သောခံ ယူချက်ရှိနေခဲ့ပါသည်။ ဘယ်ဂါထာ၊ ဘယ် ပါဠို တစ်နေ့ ကိုးခေါက်ရွတ်ရမည်။ သို့မဟုတ် (၁၀၈) ခေါက်၊ နံနက်-နေ့ည တစ်နေ့သုံးခေါက်ရွတ်

http://www.dhammadownload.com

မဖြစ်မနေ ရွတ်ရမည် စသည်ဖြင့် မကန့်သတ် မချုပ်ချယ်လိုပါ " ဗုဒ္ဓ ပါဝစန တော်ကို မချုပ်ချယ် စကောင်းဟုလည်း ခံယူပါသည်။ ဒါက မိမိတစ်ဦးတည်း၏ ခံယူချက် ယုံကြည်ချက် ဖြစ်သည်။ အများသဘော ဆန္ဒမဟုတ်ပါ။

အနန္တသူရိယချောင် ဆရာတော်

လွန်ခဲ့သော(၁၃၄၂)နှစ်ခန့်ကဖြစ်ပါသည်။ ယနေ့ နာမည်ကြီး သာသနာ့တက္ကသိုလ် ကြီး၏ ပါမောက္ခချုပ် ဖြစ်နေသော ဆရာတော်က တိုက်ကြပ် ဆရာတော် အဆင့်မျှသာရှိသေးသည်။ စာရေးသူ မှတ်မိ သည်ကတော့ ငွေရတုသဘင် ပွဲတော်အတွက် အနန္တသူရိယချောင် ဆရာတော် ကြီးကို သွားပင့်ခြင်းဖြစ်သည်။ စာရေးသူက ထီးထမ်းပြီး ပစ္ဆာသမဏအဖြစ် လိုက်ပါသွားရသည်။ ဟိုရောက်တော့ အနန္တ သူရိယချောင် ဆရာတော်ကြီးနှင့် စကားစမည် အနည်းငယ်ပြောပြီး ပြန်ရန်ဦးချ ကန်တော့စဉ် "ဒါနဲ့ နေပါဦးကျောင်းမှာ အဆောက်အဦး တွေကော အတော်ပြီးနေပြီလား" ဟု ဆရာတော်ကြီးမှ အမိန့်ရှိသဖြင့် တိုက်ကြပ် ဆရာတော်က" "ပြီးသင့်သလောက်တော့ ပြီးပါပြီးဘုရား ပြည့်စုံသွားလို့တော့ မဟုတ်သေးပါဘုရား" ဤကဲ့သို့သော အဓိပ္ပါယ် ရှိသောစကားကို ပြန် လျှောက်ထား လိုက်သည်ဟု မှတ်မိ နေပါသည်။ ထို အခါ အနန္တသူရိယ ချောင် ဆရာတော်ကြီးမှ "ကျောင်းတိုက်က နာယက စာချဆရာတော်ကို ပြောလိုက်ပါ။ မဟာသမယသုတ်ကို များများ ရွတ်ပေး၊ လိုအပ် နေတဲ့ အဆောက်အဦးတွေ နတ်ဖန် ဆင်းသလို ပေါ်ပေါက်လာလိမ့်မယ်" ဤကဲ့သို့ အဓိပ္ပါယ်ရသော စကားကို အနန္တသူရိယချောင် ဆရာတော်ကြီးမှ အမိန့်ရှိလိုက်ပါသည်။ ထိုဆရာတော်ကြီး အမိန့်ရှိလိုက် သလိုပင် ယခုရွှေရတု ကာလတွင် ယွင်က တိုက်ကြပ်၊ ယ္ခု ပဓာန နာယက၊ ပါမောက္ခချုပ် ဖြစ်နေသော စစ်ကိုင်း တောင်ရိုးက ကျောင်း တိုက်တွင် ကျောင်းဆောက် စရာ မြေကွက်လပ်မျှ အလွတ်ပင် မရှိတော့ပါ။

http://www.dhammadownload.com

မြို့သာ ဆရာတော်စကား

နောက်တစ်ခုကလည်း စစ်ကိုင်းတောင်ရိုး မှပင်ဖြစ်သည် လွန်ခဲ့သောနှစ်ပေါင်း သုံးဆယ်ခန့်က ဖြစ်ပါသည်။ စစ်ကိုင်း တောင်ရိုးမှာ မြို့သာ ဆရာတော် ဆိုတာ ပေါ်ခဲ့ဖူးပါသည်။ ဘယ်ကနေ ဘယ်လိုရောက် လာသည်တော့ အတိအကျ မသိပါ။ မဂ္ဂင်ချောင်နှင့် ဝေဇယန္တာချောင် တိုက် ကြားရှိ ရေကန်ဘေး တစ်ထပ် ကျောင်းဆောင် လေးတွင် သီတင်းသုံးပါသည်။ အရိယာ ဟုလည်း လူပြောသူပြော သတင်းကြီးပါသည်။ စစ်ကိုင်း တောင်ရိုးလို ဆွမ်းကွမ်းရှားပါးသော အရပ်တွင် ဆရာတော်ကြီး ဆွမ်းခံကွပါက သီလရှင် ကျောင်းများ သာမက ဘုန်းကြီးကျောင်းများကပါ ဆွမ်းထွက်လောင်း တတ်ကြ ပါသည်။ ဆွမ်းခံကွသော ဆရာတော်ကြီး နောက်မှ ကျောင်းသား ဆယ်ယောက်ခန့် လိုက်ကြ ရပါသည်။ ဆရာတော် တစ်ပါးတည်း ခံသော ဆွမ်းက ဝေဇယန္တာကျောင်း သံဃာအားလုံး စားလောက်သည် ဟုလည်းကြား ဖူးပါသည်။ ဤမျှ ဘုန်းကြီးသော ဆရာတော်ကြီး ဖြစ်ပါသည်။ မည်မျှ အရေးကြီးသော ကိစ္စရှိစေ ကျောင်းတွင်းက ကျောင်းပြင်ပသို့ ကွလေ့မရှိ ဟုလည်းသိရသည်။

တစ်နေ့ ထိုမြို့သာဆရာတော်ကြီးထံသို့ စာရေးသူ၏ ကျောင်းဘုန်းကြီးနှင့်အတူ ပစ္စာသမဏအဖြစ် လိုက်ပါသွားရ ပြန်ပါသည်။ ဆရာတော်ကြီးထံ ရောက် တော့ (မျက်နှာသုတ်ပဝါနှင့် ဖိနပ်ဟုထင်ပါသည်) ကန်တော့ပြီး သင့်တော်ရာ၌ထိုင် နေကြသည်။ စကားလည်း ဘာမျှ ဟုတ္တိပတ္တိ မပြောဖြစ်ခဲ့ပါ။ မကြာမီအသက် (၅၀) ခန့် ဆရာတော် တစ်ပါးနှင့် ပစ္စာသမဏ နှစ်ပါးတို့ ရောက်လာပြီး ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ လှူဒါန်း၍ ကန်တော့ကြ ပါသည်။ လာရောက်ကန်တော့ သော ဆရာတော်မှ သူသည်

http://www.dhammadownload.com

စစ်ကိုင်းတိုင်း သံဃနာယက ဥက္ကဋ္ဌ (ရွှေကျင်)ဖြစ်ကြောင်း ဆရာတော်ကြီးထံ အခုမှ လာဖြစ်ကြောင်း ကျောင်းမှာကလဲ အဆောက် အဦးကြီးတစ်ခု ဆောက်လက်စ ရပ်ထားရကြောင်း စသည်ဖြင့် အတော်များများလျှောက်ထားပါသည်။ အားလုံးတော့ မမှတ်မိတော့ပါ။ ဤအကြောင်းများကိုလည်း မဟာသမယ သုတ်နှင့် ဆက်စပ်၍သာ မှတ်မိနေခြင်းဖြစ်ပါသည်။

တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ(ရွှေကျင်) ဆရာတော်အား မြို့သာဆရာတော်ကြီးမှ ဤသို့ အမိန့် ရှိလိုက်သည်။ "ကျောင်းဆောက်လက်စကြီး ရပ်ထား ရတယ်ဆိုရင်တော့ ညဘက်လူအိပ်ချိန်မှာ မဟာသမယ သုတ်ကို ကြိုးစားရွတ်ပေးပါ"ဟုအမိန့် ရှိလိုက်တာကို သာမဏေဘဝက မှတ်သားရဖူးပါသည်။

မြို့ဦးထွင် ဆရာတော် ဩဝါဒ

သာမဏေဘဝက အတွေ့အကြုံများပြောပြီးတော့ ရဟန်းဖြစ်စအတွေ့အကြုံတစ်ခုကိုလည်း ပြောပြပါ ဦးမည်။ စာရေးသူ မိုးကုတ်မြို့မှာ နေခဲ့စဉ်က ဖြစ်သည်။ မိုးကုတ်မြို့၏ ထုံးစံတစ်ခုမှာ ဝါဝင်ဝါထွက် တစ်ကျောင်းနှင့် တစ်ကျောင်း အပြန်အလှန်ကန်တော့သည့် ဓလေ့ထုံးစံတစ်ခု ယနေ့တိုင် ရှိနေဆဲဖြစ်ပါသည်။ ဝါကြီးဝါငယ်မရွေး ကြီးတဲ့ကျောင်းကလည်း ငယ်တဲ့ကျောင်းကို ကန်တော့ လေ့ရှိပါသည်။ ဆရာတော်ကြီးများ ကိုယ်တိုင် မဟုတ်ဘဲ ကျောင်းမှရဟန်းတော်များကို ကိုယ် စားလွှတ် ကန်တော့ခိုင်းလေ့ရှိကြသည်။ တစ်ခုသော ဝါဝင် ကန်တော့ပွဲ စာရေးသူရဟန်းဖြစ်စ(၁၉၈၇)ခု နှစ်မှာ ဖြစ်သည်။ စာရေးသူနှင့်အဖွဲ့က မြို့ဦးလွင်ကျောင်းနှင့် အရှေ့ကျောင်း ကန်တော့သွားရန် တာဝန်ကျပါသည်။ မြို့ဦးလွင် ကျောင်းမှ မြို့ဦးလွင်ဆရာတော်ဆိုတာက မိုးကုတ်မြို့မှာ အလွန် နာမည်ကြီးပါသည်။ ရန်ကုန်မှ မင်းသား

http://www.dhammadownload.com

မင်းသမီး အနုပညာရှင်များစွာလည်း လာရောက် လေ့ရှိသောကြောင်း ဖြစ်ပါသည်။

အရှေ့ကျောင်းကန်တော့ပြီး မြို့ဦးလွင် ကျောင်း ဆက်သွား ကန်တော့ရာမှ စာရေးသူတို့ အဖွဲ့အရင် ရွှေမြင်ဝေးဆရာတော် ဦးဓမ္မိဿရ (ဒို့ပိဋကဓရ) ရောက်ရှိ နေပြီး မြို့ဦးလွင် ဆရာတော်နှင့် စကားပြောနေသည်ကို ဖူးတွေ့ရပါသည်။ အဲဒီရွှေမြင်းဝေး ဆရာတော်က "တပည့်တော်လည်း ဝါဝင်ခါနီး ကျောင်းက မပြီးနိုင်နဲ့ ဒုက္ခ ရောက်နေတယ်ဆရာတော်" ဟုလျှောက်လိုက်ရာ မြို့ဦးလွင် ဆရာတော်မှ ဤသို့အမိန့်ရှိ လိုက်တာကို မှတ်သားလိုက်ရပါသည်။ "အို-ခက်တာမှတ်လို့ ဦးဓမ္မိဿာရ ရယ် နံနက်လင်းအားကြီးအချိန်မှာ မဟာသမယသုတ်ကို အခေါက်ရေများများ ရွတ်ပါ ကျောင်းဝင်း အတွင်းမှာ မဟာသမယသုတ် အရှိန် အဝါတွေ အသံထုထည်တွေ ကြီးမားလွှမ်းမိုး နေပြီဆိုရင် မကြာခင် အလှူရှင်တွေ ပေါ်ပြီး ကျောင်း ပြီးသွား ပါလိမ့်မယ်၊ စိတ်အနှောက်အယှက် မဖြစ်စမ်းပါနဲ့၊ စိတ်ချမ်းချမ်းသာသာနဲ့ သာသနာ ပြုစမ်းပါ။ တပည့်တော် ဘယ်နှယ် လုပ်မလဲ အရှင်ဘုရားတို့လို ဒို့ပိဋကမပြောနဲ့ ဘာစာမေးပွဲမှလဲ မအောင်ဘူး၊ ကျောင်းထဲမှာလဲ ဆောက်စ၊ု နေရာလွတ် မရှိတော့ ဘူး။ ယုံယုံကြည်ကြည် ရွတ်ပါ၊ ယုံကြည်ရင် အကျိုးပေးပါတယ် ဦးဓမ္မိဿာရရယ်"ဟု မြို့ဦးလွင် ဆရာတော်က အမိန့် ရှိသည်ကို မှတ်သားခဲ့ ရဖူးပါသည်။ ၎င်း-မြို့ဦးလွင် ဆရာတော် ရွတ်ထားသော ပရိတ်ကြီး (၁၁) သုတ်၊ ကမ္မဝါ၊ ဥပ္ပါတသန္တိ၊ ဓာရဏာ၊ မဟာသမယ သုတ်တိတ်ခွေ၊ CD ခွေများမှာ စျေးကွက်တွင် ရှိနိုင် ပါသည်။ အဘယ် ကြောင့်ဆိုသော် နေရာဒေသအတော် များများမှာ ကြား နေရသော ကြောင့်ဖြစ်ပါသည်။

http://www.dhammadownload.com

မဟာသမယသုတ်နှင့်ပတ်သက်ပြီး ပြောမည် ဆိုက ပြောစရာတွေ ကျန်ပါသေးသည်။ သို့ သော် တော်မှ သင့်ပါမည်။ ငါးသိုင်းများ ဟင်းဟုန် ဆိုသလို အကြောင်းပြချက်များလျှင် ရိုးအီသွားမှာ စိုးရပါသည်။ စာရေးသူ၏ ကိုယ်တွေ့များလည်း ရှိပါသည်။ သို့သော် ကိုယ့်ငါးချဉ် ကိုယ်ချဉ်သည်။ ကိုယ်ကိုယ်ကိုဖော် မသူတော်ဟု အထင်ခံရသော် မရှိတဲ့ဂုဏ်လေး ပွန်းပဲ့သွားမှာ စိုးရပါသည်။ မိမိတို့ ယုံကြည်လျှင် ယုံကြည်သလောက် အကျိုးထူး မည်။ ရွှတ်နိုင်လျှင် ရွှတ်နိုင်သလောက် အကျိုးထူးမည်။ ရွှတ်ဖူးသူတိုင်း ထူးကြသည်ဟုသာ ဆိုပါရစေတော့-။

ဝေမိုး(ကျွန်းလှ)
၈မွဂုဏ်ရည်ဆရာတော်
၇-၁၀-၂၀၁၂

(ကမ္ဘဝါလှုကံ်ကောင်းသူ
ကုသိုလ်တော်မော်ကွန်း စာအုပ်ထဲမှ ဆောင်းပါး)

ဌိဇဂီဌထားထြထားထထးမားဂုဇ်းဂုရွှ ဒုဝိးဂုဝ်ဇုဂြိမ္မဃဂထစ ဒုမ်းထင်း



http://www.dhammadownload.com

ငွေဇးယြယာစ ငှဝင်ကဇယာဇ းဇေငွံဝယီဂြငှန် ဒုမ်းပဲဝင်



http://www.dhammadownload.com



ဦးကျော်ဆန်းလွင် + Dr.ဒေါ်မြင့်မြင့် တို့က ဓမ္မဒါန နဝကမ္မ လှူဒါန်းစဉ်

http://www.dhammadownload.com

http://www.dhammadownload.com



(၂၀၀၂ · ၀၀ · ၀၂) ဂိုးနှုန်းလ (၀၀၀၀) ဖုံးစေ ဖေဖြစိယ းမှမ (၈) ၊ မှထစဒွိုဂမှတင်ကဇထထဂ



http://www.dhammadownload.com

ဒေါ်ဒွန်ဖြိုလ်ဇေ ဖေဖြစ်ယ ဒေါ်ဇေ (၈) ၊ ဌယစဒွိုဂြဝင်းကစလယာစ



http://www.dhammadownload.com

http://www.dhammadownload.com



စင်ကာပူနိုင်ငံ မြန်မာသံရုံးမှ အသံမစဲ မဟာသမယရွတ်ဖတ်ပွဲတွင်
မဟာသမယ(၇)သုတ် ရွတ်ဖတ်စဉ်

(၉၀၈၂·၉·၆၉) ငြိဇးထထပါလစ းယဇဒထးစီးါယစ ဒလိးငွဲဒထးငွဲ းယြဝဂဇင့ထနှဲ့ကြ ငြိဂိုဝဓဝဖိကဂထယဂ ဇုဂင့ဇ



http://www.dhammadownload.com

ဒီစာအုပ်ကို ဓမ္မဒေါင်းဒေါင်းဒေါင်း

ဌိဝေယျဂိုစးရီးဃေးယျဝေဃစြစဒီဝဲ ဂံးနှဇးဝေင်း ဖဲ့ဇုဃနှဲကြ ဒ့ဒနွဲဂိယဒ္ဒဝ



http://www.dhammadownload.com

(၉၀၈၂၊၀၊၆၀)ဌိဝယြ။လဂွယးယြဃဝးဂွထ ဒုံရြးဌင်းယယီလယွဝ ယယီ(ဝဝ)းဃဃဖယွဝဝြဝဧီဂ ဌိးဖဲ့ဇဃဏန္ဒကြ ဒ့ဒန္ဓဂ်ယဒွဝ



http://www.dhammadownload.com

http://www.dhammadownload.com



စင်ကာပူနိုင်ငံ မြန်မာမိသားစုအိမ်တို့၌ မဟာသမယသုတ် ရွတ်ဖတ်ကြစဉ်



http://www.dhammadownload.com



စင်ကာပူနိုင်ငံ မြန်မာမိသားစုအိမ်တို့၌ မဟာသမယသုတ် ရွတ်ဖတ်ကြစဉ်



http://www.dhammadownload.com



လှရတနာဆရာတော် ပဌမ, မဟာသမယသုတ် သင်တန်းပို့ချစဉ်

(၂၇.၅.၂၀၁၃)



(၉၀၈၂·၂·၁၂) ဦးစိုးဝွဲးနှင့်သွင်း ဖွင့်(၅)ပွဲနေ့ ကဇင်ယာဇ ပွဲတော်အစီအစဉ်တစ်ပါး



http://www.dhammadownload.com

ငြဲဇးဂစရပြင်ငြိုးဒွထးနှိယဒွဏ ဌပင်(၅)ဌယန်စ ဏဇဏယဂ းမြဲဌယစယ်ထဌဂစးနှိဂ



http://www.dhammadownload.com

http://www.dhammadownload.com

မဟာ-ရအောင် မဟာသမယဆောင်

ဝါရင့်စာရင့်နိုင်ငံတော် သံဃမဟာနာ ယက ဆရာတော်ကြီး များနှင့်တကွ ဒကာဒကာမအပေါင်း သူတော်ကောင်းတို့ ဆရာတော် များကို လျှောက်ထား ဒကာဒကာမများကို အဓိကအား‌ဖြင့် အသိညာဏ်ပေးတဲ့ စကားလေး တစ်ခွန်းက **"မဟာ-ရအောင် မဟာသမယ ဆောင်"** ပါဆိုတဲ့ စကားလေးပါပဲ၊ ပြီးခဲ့တဲ့ (၁၀)ကျော် လောက်က မြို့ကြီးတစ်မြို့တရားဟောရောက်တော့ အဲ့ဒီမြို့မှာ ထင်ရှား တဲ့ ပရိယတ္တိစာသင်ကျောင်းတိုက် ဆရာတော်ကြီးတစ်ပါး ထံသွား‌ပြီး တော့ ဂါရဝပြု ဆရာတော်ကြီးရဲ့ ကြီးပွားပုံ၊ တိုးတက်ပုံ၊ အောင်မြင်ပုံ၊ တပည့်သံယာတွေများစွာနဲ့ သာသနာတော်မှာ ထည်ဝါ ခန့်ညား နေပုံတွေကိုကြည့်ပြီးတော့ **"ဆရာတော်-ဆရာတော်တို့. ကြီးပွား တိုးတက် နေထိုက်တာ တောက်တပြောင်ပြောင် အရောင်ထွက်ထုချည်ထား ဆရာတော်တို့မှာ ဘယ်ထို အဆောင်တွေများရှိသထဲထို့"** လျှောက်ထားလိုက်တဲ့အခါကြတော့ အဲ့ဒီ ဆရာတော် ဘုရားကြီးက **"မောင်ပဉ္စင်း မင်းသေသေချာချာ မှတ်ထားကွတဲ့ နိဒ်အသက်(၂၀)ကျော်ထောက်က စပြီးတော့ မဟာ သမယသုတ်ကို**

http://www.dhammadownload.com

တစ်နေ့ တစ်ခေါက် အမြဲဆိုသလို တစ်ခါတစ်ထေ အဆင်ပြေရင် ပြေသလို အားရင်အားသလို (၉)ခေါက်(၁၀)ခေါက်ထောက်တောင် ပူဇော်ဖြစ်တယ်တဲ့ ဒီတော့ ကိုယ်တော်ထေးထည်းပဲ သာသနာတော်မှာကြီးပွားတိုးတက် ထင်းထက် တောက်ပြောင် အရောင်ထွက်ချင် ကြီးကျယ် တိုးတက်တဲ့ ကောင်းကျိုးတရားတွေ ရချင်ရင် မဟာရအောင် မဟာသမယသုတ်ကြီးကို စွဲစွဲမြဲမြဲ ရွတ်ဖတ်ပူဇော် ဆောင်ထားပါ" လို့ ဆရာတော် ဘုရားကြီးရဲ့ စကားလေး တစ်ခုကြား လိုက်ရတဲ့ အချိန်ကစပြီးတော့ ပြီးခဲ့တဲ့ (၁၀)နှစ် ကျော်လောက်က စပြီးတော့ မဟာသမယသုတ်ကို အားရင်အားသလို တစ်နေ့ကို အကြိမ်ပေါင်း များစွာ ရွတ်ဖက် ပူဇော်ခဲ့ပါတယ်၊ ဒီအချိန် မှာပဲ -

၁။ ဖြစ်ချင်တဲ့ အရာတွေဖြစ်လာပါတယ်၊

၂။ ဖြစ်မယ်မထင်တဲ့ ကောင်းကျိုးတရားတွေလည်းပဲ အများကြီး ဖြစ်လာပါတယ်လို့ ဒကာ၊ ဒကာမများကို အထူး အားဖြင့် လှုရတနာ ဆရာတော်ဘုရားရဲ့ ကမ္မဝါ အလှူပွဲမှာ အဓိကပြောကြားခဲ့တဲ့ စကားလေးတစ်ခွန်းက ကြီးကျယ်မြင့်မြတ်တဲ့ ခုခေတ်တိုးတက်နေတဲ့ တောက် တောက် ပြောင်ပြောင် အရောင်ထွက်တဲ့ လိုလားတောင့်တတဲ့ လောကီ လောကုတ္တရာ သက်မဲ့-သက်ရှိ ကောင်းကျိုး တရားတွေ ရအောင် မဟာသမယသုတ်ကြီးကို ရွတ်ဖတ် သရဇ္ဈာယ်ခြင်းနဲ့ လည်းပဲ ဆောင်ထားရပါမယ်၊ အခုလို လှူဒါန်းကော်ရော်ပူဇော် ချီးမြှောက်ခြင်းနဲ့ လည်းပဲ မဟာသမယသုတ်တော်ကြီးကို ဆောင်ထားပါလို့ အသိ ဉာဏ်ပေးခဲ့တဲ့ မဟာရ-အောင်မဟာသမယ ဆောင်ပါ၊ နောက် ဆရာတော်ကြီးက စွဲသွားအောင် ပြောတဲ့စကား လေးတစ်ခွန်းက "အေးကွာတဲ့ မဟာဆိုတဲ့ ပါဠိက ကြီးကျယ်တာမြင့်မြတ်တာ ဒါဟာ မောင်ပဉ္စင်းတို့ သိပြီးသားပေါ့တဲ့ ထပ်ပြီးတော့ ဒို့ဒဿနဆန်ဆန် ပြောလိုက်ချင်တဲ့ စကားလေးကတော့တဲ့ ဘယ်နေရာမှာ လိုနေ

http://www.dhammadownload.com

ဟာနေတယ်ဆိုတဲ့ လူမရှိတဲ့ မဟာသဘောမျိုး ရရှိချင်ရင်လည်းပဲ ဒါမြန်မာလိုပြောတဲ့ လိုကွက် ဟာကွက်တွေ မရှိအောင်လည်းပဲ လိုကွက် ဟာကွက်မရှိတဲ့ ကောင်း ကျိုးတရားတွေရအောင်လည်းပဲ-မဟာသမယသုတ်ကို ရွတ်ဖတ် သရဇ္ဈာယ်ကြည်ညိုပူဇော်ဆောင်ထားပါလို့ ဆရာတော် ဘုရားကြီးကထပ်ဆင့်ပြီးတော့ ဒသန ဆန်ဆန် မြန်မာစကားလေးနဲ့ ထည့်ပေးလိုက်ပါတယ်၊ ဒီတော့ ယနေ့ ဒကာ၊ ဒကာမပရိသတ် အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ လောကီလောကုတ္တရာ သုဂတိ ကောင်းကျိုးချမ်းသာ များများစားစားရအောင်လည်းပဲ မဟာ-ရ-အောင် မဟာသမယဆောင်ပါ လိုကွက် ဟာကွက်တွေ မရှိအောင်လည်းပဲ မဟာသမယဆောင်ပါလို့ အသိဉာဏ်ပေးခဲ့တဲ့-မဟာ-ရ-အောင် မဟာသမယ ဆောင်ပါ၊ ဒီတော့ ဒီနေရာလေးမှာ ထပ်ဆင့်ပြီးတော့ ပြောချင်တဲ့စကားလေး တစ်ခွန်းက မဟာသမယသုတ် ရွတ်ရခြင်း ကောင်းကျိုးတရားတွေဟာ ဘယ်လောက်ထိအောင် များသလဲဆိုတာကို မပြောခင်လေး အညာတောရွာတစ်ရွာက ဒကာ မကြီးတစ်ယောက် ရန်ကုန်မြို့ ရောက်လာတယ် ရန်ကုန်မြို့ရောက် လာတဲ့အခါကြတော့ နေရာအနှံ့ ဘုရားဖူးပြီးတော့ရွာပြန်သွားတယ် ပြန်သွားတဲ့ အခါကြတော့ ရွာကလူတွေကမေးတယ် အဒေါ်ကြီး၊ အမေကြီး ဘယ်တွေရောက်ခဲ့သလဲလို့မေးတော့ အဲ့ဒီ ဒကာမကြီးက အိုတဲ့ ဘယ်နေရာရောက်ခဲ့တယ် ဘာညာ မေးမနေနဲ့တဲ့ ရောက်တဲ့ နေရာတွေက များလွန်းလို့ မပြောနိုင်ဘူးတဲ့ "စုံလို့စုံလို့တဲ့"

ဒကာမကြီးပြောတဲ့စကားလေးက သိပ်ကောင်း တယ် "စုံလို့စုံလို့"တဲ့၊ ဒီတော့ ပြောချင်တာက ဆရာတော် ဦးနာရဒါဘိဝံသ ယနေ့ ဆရာတော်သံဃာတော်များ ယနေ့မဟာသမယသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ် ပူဇော်နေတဲ့ ဒကာ၊ ဒကာမတွေရတဲ့ ကောင်းကျိုး တရားတွေလည်း များလွန်းလို့ အဲ့ဒီတော့ ဒကာမကြီးစကားနဲ့ ပြောမယ်ဆိုတော့

http://www.dhammadownload.com

"စုံထိုစုံထို" ပါပဲလို့ ဒါလေးကိုလည်း ထပ်ဆင့် ပြီးတော့ပြောပါတယ်။ ကဗျာလေးနှစ်ပိုဒ် သုံးပိုဒ်လောက် စီထား တယ်-

* ဖြစ်ချင်တာတွေ၊ ဖြစ်ထာစေရုန်၊ အဓိဋ္ဌာန်၊
မှန်မှန်ရွတ်ကြ၊ မဟာသမယ။
* ဖြစ်မယ်မထင်၊ ကောင်းကျိုးမွန်မြတ်၊
အရုပ်ရုပ်တွေ၊ ဖြစ်ထာစေရုန်၊ အဓိဋ္ဌာန်၊
မှန်မှန်ရွတ်ကြ၊ မဟာသမယ။
* ထိုနေဟာနေ၊ မရှိစေရုန်၊ အဓိဋ္ဌာန်၊
မှန်မှန်ရွတ်ကြ၊ မဟာသမယ။

ဆိုတဲ့ကဗျာလေးနဲ့ မဟာရအောင် မဟာသမယ ဆောင်ပါ မဟာသမယသုတ်ရွတ်ရတဲ့ကောင်းကျိုး တရားတွေဟာ စုံလို့စုံလို့ပါပဲလို့ နိဂုံးမချုပ်ခင် ယနေ့ကစ မဂ်ဖိုလ်နိဗ္ဗာန်ရအောင် ကြိုးကျယ်မြင့်မြတ် ကောင်းကျိုးတွေ အထပ်ထပ်ရအောင်၊ လိုနေဟာနေတဲ့ အကွက် အလပ်တွေမရှိဘဲ မဟာရအောင် မဟာသမယသုတ်တရား ဒေသနာတော်ကြီးကို ရွတ်ဖတ်သရဇ္ဈာယ် ပူဇော်ခြင်းနဲ့လည်းပဲ ဆောင်ထားနိုင်ကြပါစေ။ ယခုလို မဟာသမယသုတ်တရား ဒေသနာတော်ကြီး၊ ဆရာတော်၊ သံဃာတော်များနဲ့ ဒကာ၊ ဒကာမအပေါင်း သူတော် ကောင်းတွေ ရွတ်ဖတ်သရဇ္ဈာယ်ပူဇော်နိုင် အောင်လည်းပဲ လှူဒါန်းကော်ရော် ပူဇော်ခြင်းနဲ့ ဆောင်ထမ်းနိုင် ကြပါစေ ကုန်သတည်းလို့ ဆုတောင်းပြီးတော့ ဒီမဟာရအောင် မဟာသမယ ဆောင် ဆိုတဲ့စကားလေးကို နိဂုံးချုပ်လိုက် ပါတယ်။

ဆင်ဖြူတောင် ဆရာတော်
(မုဒိတာပန်းခင်းများ
ပွင့်လန်းခြင်း စာအုပ်မှ ဟောတရား)

http://www.dhammadownload.com

မဟာသမယသုတ်၊ (၈)ခက်း ကမ္မဝါစာ ပြစ်ပေါ်လာပုံ

ကမ္မဝါစာဟူသည်-

"ကမ္မဝါစာ"ဟူသည် အပလောကနက်, ဥတ်ကိုက်, ဥတ်ကို ဒုတိယက်, ဥတ်စတုတ္ထကဟု ဆိုအပ်သော သံယက်ကို ပြုသောအခါ ရွတ်ဖတ်အပ်သော ဘုရားရှင်ပညတ် ဟောကြားအပ်သည့် ဗုဒ္ဓစကားဖြစ်သည်၊ ဝိနည်းပိဋကတ်မှ ဝိနည်းဓမ္မက် ကိစ္စများတွင် အမိန့်အာဏာ ဆုံးဖြတ်ချက် အနေဖြင့် လာသောကြောင့် အာဏာဒေသနာလည်း ဖြစ်သည်၊ ဗုဒ္ဓခေတ်လက်ထက်တော်အခါကပင် ဝိနည်းပါဠိတော်တို့၌ "ကမ္မဝါစာ"ဟူသော ဝေါဟာရကို တွင်ကျယ်စွာ သုံးနှုံးနေသည်ကို တွေ့.ရ၏၊ "ဒီဟိ ကမ္မဝါစာဟိ ထုလ္လစ္စယာ၊ ကမ္မဝါစာပရိယောသာနေ အာပတ္တိ သံယာဒိ သေသဿ"ဟူသော သံယဘေဒက သိက္ခာပုဒ် ပါဠိတော်သည် သာဓကဖြစ်၏၊

(ဝိ၊ ၁၊ ၂၆၇)

http://www.dhammadownload.com

ကမ္မဝါစာဟူသော ပါဠိဝေါဟာရနှင့် တူသော ဝေါဟာရ တပုဒ်မှာ "အနုသာဝန"ပုဒ် ဖြစ်၏၊ အနုသာဝနပုဒ်၏ အဓိပ္ပါယ်မှာ အဖန်ဖန် ကြားစေအပ် သိစေအပ် ရွတ်ဖတ်အပ်သောစကား ကမ္မဝါစာပင်ဖြစ်သည်၊ ပထမအကြိမ် သိစေ အပ်ပြီး ရွတ်ဖတ်အပ်ပြီး သော စကားကိုပင် ဒုတိယမြို့ တမတ္ထံ ဝဒါမိ-စသည်ဖြင့် ထပ်၍ ရွတ်ဖတ်အပ်သော စကားဟု အဓိပ္ပါယ်ရ၏၊ ယင်း "အနုသာဝန" ဟူသော ဝေါဟာရကိုလည်း ဗုဒ္ဓခေတ်လက်ထက်၌ပင် တွင်ကျယ်စွာ သုံးနေ သည်ကို တွေ့ရ၏၊ မဟာဝါ ကောသမ္ဗီခန္ဓကလာ "ယထာ မယာ ဥတ္တံ စ အနုသာဝနာ စ ပညတ္တာ"ဟူသော ပါဠိတော်ပင် ဖြစ်သည်။ (ဝိ၊ ၃၊ ၄၈၅)

ဗုဒ္ဓထက်ထက်တော်ကပင် အသုံးပြုခဲ့ပုံ

ဆိုခဲ့ပြီးသော ပါဠိတော်သာဓကတို့အရ ကမ္မဝါစာပုဒ်+ အနုသာဝနပုဒ်တို့မှာ ပရိယာယ်တူ ဝေါဟာရများပင် ဖြစ်ကြောင်း သိရ၏၊ ထို့အပြင် ဗုဒ္ဓခေတ် လက်ထက်တော်အခါကပင် ဘုရားရှင် ဟောကြားသုံးနှုန်းခဲ့သော ပါဠိဝေါဟာရများ ဖြစ်ကြောင်းကိုလည်း သိရ၏၊ ဗုဒ္ဓလက်ထက်တော် အခါ၌ သံဃာတော်များ ဝိနည်း သံယကံကို ဆောင်ရွက်ရာ၌ ဘုရားရှင် ပညတ်ဟောကြား ထားသည့် ဆိုင်ရာကမ္မဝါစာတို့ကို ရွတ်ဖတ်လျက် ဆောင်ရွက်ကြရ၏၊ မြတ်စွာ ဘုရားရှင်သည် ဝိနယ ပိဋကတ်၌ အထူးအားဖြင့် မဟာဝါ ပါဠိတော်နှင့် စူဠဝါပါဠိတော်လာ ခန္ဓကတို့၌ သံယကံအား လျော်စွာ ကမ္မဝါစာတို့ကို အသီးသီးပညတ် ဟောကြားထားလေသည်၊ ထိုကမ္မဝါစာတို့မှာ ရဟန်းခံနှင့်စပ်လျဉ် ဥပသမ္ပဒကမ္မဝါစာ, ကထိန်နှင့် စပ်လျဉ် ကထိနတ္ထာရ+ကထိနုဒ္ဓါရ ကမ္မဝါစာ, သိမ်နှင့်စပ်လျဉ် သီမာ သမူဟနန+သီမာသမုတိ ကမ္မဝါစာအပြစ် သံဃာဒိသိသ် အာပတ်

http://www.dhammadownload.com

ဟုစား ရာ၌ ပရိဝါသ+မာနတ္တ+အဘ္ဘာနကမ္မဝါစာ စသည်တို့ဖြစ်ကြ၏၊ ဗုဒ္ဓခေတ်လက်ထက်မှ သံဃာတော်များသည် ကံဆောင်ကြရာ ကံပြုကြရာ၌ ဖေါ်ပြပါ ကမ္မဝါစာ တို့ကို သိမ်းတွင်းဝယ် ဌာန်ကရိဏ်းပီသစွာ အလွတ် ရွတ်ဆိုကြ၏၊ သတိ သမာဓိ ဝိရိယကြီးမားသော သံဃာတော်များဖြစ်၍ အလွတ် ရွတ်ဆိုနိုင်ကြခြင်း ဖြစ်သည်၊ စတုတ္ထ သင်္ဂါယနာ မတင်ခင်အထိ အလွတ်ရွတ်ဆို နိုင်ကြ၏။

နောက်ပိုင်းခေတ်၌ အသုံးပြုကြပုံ

ရဟန္တအရှင်မြတ်ကြီးတို့သည် နောင် အခါ၌ သံဃာတော်များ သတိ သမာဓိ ဝိရိယ အားနည်းလာလျှင် ဘုရားဟောတရားတော်များပါ လျော့ပါးပျောက်ပျက်သွားမည်ကို စိုးရိမ်တော် မူကြသဖြင့် ပေရွက်၌ ရေးသားလျက် စတုတ္ထ သင်္ဂါယနာ တင်တော်မူခဲ့ကြသည်၊ ပေထက် အက္ခရာ စတုတ္ထသင်္ဂါယနာဟု ခေါ်တွင်၏၊ ထို စတုတ္ထသင်္ဂါယနာ တင်ပြီးသည့် နောက်ပိုင်း၌ကား ပဋ္ဌက(၃)ပုံ ပါဠိတော်သည် "ပဋ္ဌက ပေထုပ်"အဖြစ် ပေါ်ထွက်လာလေသည်၊ သံဃာတော်တို့သည် သိမ်းတွင်း၌ ကံဆောင်သည့်အခါ သတိ သမာဓိ ဝိရိယ အားနည်းလာသောခေတ်ဖြစ်၍ ဝိနည်း ပဋ္ဌက ပေထုပ်ကို မသယ်ဆောင်တော့ပဲ သံဃာ့ ဆိုင်ရာအလိုက် သီးခြားရေးသားထားသော "ပေရွက်ကမ္မဝါ" ကိုသာ ယူဆောင်လာကြပြီး ရွတ်ဖတ်ကြ၏၊

ကမ္မဝါ အမျိုးအစား

ထိုမှတဖန် မိမိတို့၏ မိဘများ ဆရာတော် များ ကွယ်လွန်ပျံလွန်တော်မူသွားသောအခါ အရိုးပြာကို ယူထားကြ၏၊ ထိုအရိုးပြာအမှုန့်ကိုပါ ထည့်သွင်းလျက် "သားရိုးကိုင် ကမ္မဝါ"အနေဖြင့် အမြတ်တနိုး ပြုလုပ် ပူဇော်ကြ၏၊ ထိုသားရိုးကိုင် ကမ္မဝါကိုပင် ရွှေချလျက် စစ်စီးလေးထောင့် စာလုံးများဖြင့် ရေးသားထားရာ မန်းကျိုးစေ့နှင့်တူသဖြင့် "မန်းကျိုးစေ့ကမ္မဝါ"ဟုလည်း ခေါ်ကြသေး၏။

http://www.dhammadownload.com

ထို့အပြင် ကြေးပြားပေါ်၌ရေးထားသော ကြေး ကမ္မဝါ၊ စတီးပြားပေါ်၌ ရေးထားသော စတီး ကမ္မဝါ၊ ဆင်စွယ်၌ရေးသားထားသော ဆင်စွယ် ကမ္မဝါ၊ ဖိုင်ဘာပြားပေါ်၌ ရေးသားထားသော ဖိုင်ဘာကမ္မဝါ၊ စက္ကူ ကျပ်ပေါ်၌ ရိုက်နှိပ်ထားသော စက္ကူကျပ်ကမ္မဝါတို့လည်း ခေတ်အလိုက် အမျိုးမျိုး ပေါ်ထွက်လာကြသည်။ ဤကား ကမ္မဝါ ရေးသား ပြုလုပ်ရာ၌ ဓောက်ခံအဖြစ်အသုံးပြုသော ပစ္စည်းများကို အစွဲပြု၍ ပေရွက် ကမ္မဝါ၊ သားရိုး ကမ္မဝါ၊ မန်းကျီးစေ့ကမ္မဝါ စသည်ဖြင့် ခေါ်ဝေါ်သုံးနှုန်းခြင်းဖြစ်သည်။

ရှေးဆရာတော် အဆက်ဆက်တို့သည် ဝိနည်းပိဋကဒေသနာတော်လာ ကမ္မဝါစာတို့ကို ဝိနည်းပါဠိတော်မှ ထုတ်နှုတ်လျက် သီးခြား ရိုက်နှိပ်၍ (၉)ခက်းကမ္မဝါ၊ (၁၁)ခက်းကမ္မဝါ စသည်ဖြင့် စီစဉ်ထားတော်မူခဲ့ကြ၏၊ စီစဉ် ရေးသားသော ဆရာတော်ကို စွဲ၍ ဖြစ်စေ ရိုက်နှိပ် သော ပုံနှိပ်တိုက်ကို အကြောင်းပြု၍ဖြစ်စေ ပခန်းဆရာတော်မူ၊ ပခုက္ကူမူ၊ ပဒေသာမူ၊ တိပိဋက သမ္မတမူ၊ ဓမ္မဂုဏ်ရည်မူ၊ မြင်းခြံ ကိုးဆောင်မူ စသည်ဖြင့် ခေါ်ဝေါ်ကြလေသည်၊

မဟာသမယသုတ် ပါဠိတော်သင်တန်း ပို့ချဖြစ်ပုံ

စာရေးသူသည် နယုန်လပြည့်ဝန်းကျင် ရက်ပိုင်း၌ အင်ဒိနီးရှားနိုင်ငံမှ ဗောရောဗုဓေ ဘုရားဖူးခရီးစဉ်နှင့်စပ်၍ မဟာသမယသုတ် ပါဠိတော်ကို သင်တန်းအနေဖြင့် ပို့ချပေးခဲ့၏၊ သင်တန်းပို့ချရသဖြင့် ပါဠိတော်ကို ကြေညက်စွာ ရရှိရုံမျှမကပဲ အနက်အဓိပ္ပါယ်ကိုပါ နားလည် သဘောပေါက်အောင် လေ့လာရသည်၊ ဘုရားဖူး ခရီးစဉ် တလျှောက်၌လည်း ဘုရားဖူးများ နှင့်အတူ နေ့စဉ်ရွတ်ဖြစ် ပါသည်။ ပြန်ရောက်သောအခါ “နတ်ချစ်ဆေး သုတ္တန်များနှင့် အံ့ဖွယ် ဘုရားကြီး” စာအုပ်ကို ရေးသားသောအခါ၌ မဟာသမယ သုတ်ကို ပို၍

http://www.dhammadownload.com

စူးစူးစိုက်စိုက် လေ့လာဖြစ်၏၊ စာအုပ်ရေးသား ပြီးသောအခါ၌ကား မဟာသမယ သုတ်ကို ပို၍ ကြည်ညိုမိပြီး နှစ်ခဲ့ရွတ်ဖြစ် လေတော့သည်။

နယုန်လပြည့် မဟာသမယနေ့ ဝန်းကျင် ရက်ပိုင်းဖြစ်၍ ပင်ဖိတ်သော ဒကာ+ဒကာမတို့၏ အိမ်များသို့ ကြွရောက်၍ သံယာများနှင့်အတူ မဟာသမယသုတ်ကို ရွတ်ပေးရ၏၊ မိမိက အလွတ်ရသော်လည်း ကျန်သည့်သံယာများကိုငဲ့၍ စာအုပ် ကြည့်ဖတ်လျက် ရွတ်ပေးရသည်၊ ရဟန်း သံယာဖြစ်ပါလျက် စာအုပ်ကို ကြည့်ဖတ်ပြီး ရွတ်ဆိုနေသည်ကို တွေ့မြင်သော တချို့ ဒကာ+ဒကာမတို့ စိတ်ထဲမှာ တမျိုးဖြစ်နေ၏၊ အကယ်၍ စာအုပ်မဟုတ်ပဲ နှစ်သစ်ကူးပွဲကဲ့သို့ ကမ္မဝါစာကို ကြည့်ဖတ်နေလျင်မူ တမျိုးဖြစ်မည် မဟုတ်ပေ၊ ထိုအချိန်မှာပင် အလိုတော်ပြည့် ဓမ္မာစရိယ တက္ကသိုလ် နာယကချုပ် ဦးသုစိတ္တာဘိဝံသနှင့် ဖုန်းပြောဖြစ်၏၊ ဖုန်းပြောရာတွင် အင်းစိန်မင်းဓမ္မကုန်း ကျောက်တော်ကြီးဘုရားနှင့်စပ်၍ ကြေးပြား ပေါ်တွင် မဟာသမယသုတ် ရေးထိုးသည့် ကိစ္စလည်းပါလာ၏၊ ကမ္မဝါဆိုဒ်အရွယ် ကြေးပြားပေါ်တွင် မဟာသမယသုတ်ကို ရိုက်နှိပ်လျက် မဟာသမယသုတ် ကြေးကမ္မဝါစာပြုလုပ်ပြီး သံယာတော်တို့အား လှူဒါန်းလျင် အကျိုးများမည့် အကြောင်းပြောဖြစ်ရာ ဦးသုစိတ္တာဘိဝံသ-က တိုက်တွန်းခဲ့လေသည်။

ဖိုင်ဘာ ကမ္မဝါစာ

ကြေးကမ္မဝါစာ ပြုလုပ်ရန် ဆိုင်ရာကို စုံစမ်းကြည့်သောအခါ စျေးနှုန်းမှာ အလွန်များ နေသည်၊ သံယာတော်များစွာကို လှူဒါန်းမည် ဖြစ်၍ စျေးနှုန်းကြီးမြင့်သောကြောင့် လူတိုင်း မလှူနိုင်ပါခြေ၊ ကြေးပြားမှာ နှစ်ဖက်ရေးရမည် ဖြစ်၍ ထူရမည်ဖြစ်ရကား လေးလည်း

http://www.dhammadownload.com

လေးလှ သည်၊ သို့ဖြစ်၍ ကြေးကမ္ဘဝါစာကို မပြုလုပ်ဖြစ် တော့ပေ၊ ဖိုင်ဘာပြားပေါ်တွင် ရိုက်နှိပ်သော မဟာသမယသုတ် ဖိုင်ဘာကမ္ဘဝါမှာမူ စျေးနှုန်း သင့်သလို အရောင်အဆင်းလည်း လှပါသည်၊ သို့ဖြစ်၍ အစုံပေါင်း (၁၂၀)ကို ပြုလုပ်၍ ရန်ကုန်+မန္တလေး+မော်လမြိုင်+ပဲခူးမြို့တို့မှ စာသင်တိုက် ကြီးတို့အား ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှက် လှူဒါန်းခဲ့လေသည်။ ထို့အပြင် ကမ္ဘာအေးမှ ဝါတွင်း အလှည့်ကျ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးတို့ အားလည်း လှူဒါန်းဖြစ်၏၊ ထိုလှူဒါန်းပွဲ၌ ဆရာတော်ကြီးတို့က "ဦးနာရဒ-- လှူဒါန်းတဲ့ မဟာသမယသုတ် ဖိုင်ဘာကမ္ဘဝါက ကောင်းတော့ကောင်းပါရဲ့ ဒါပေမယ့် လေးတယ်၊ ပေါ့ပေါ့ပါးပါးလေး ဖြစ်အောင် စီစဉ်စမ်းပါ"ဟူ၍ တိုက်တွန်းတော်မူကြ၏၊ ယင်းသို့ ဆရာတော်ကြီး တို့၏ တိုက်တွန်းချက်အရ စက္ကူပြင်ဖြင့် မဟာသမယသုတ် ကမ္ဘဝါစာကို စီစဉ်ရပြန်ပါသည်။

စက္ကူပြင်ဖြင့် ကမ္ဘဝါစာ စီစဉ်ရာ၌ မဟာ သမယသုတ် တစ်သုတ်ကိုသာ မပြုလုပ်တော့ပဲ တခြားသင့်တော်မည့် ပါဠိတော်တို့ ကိုပါ ရွေးချယ် စီစဉ်ရသည်၊ နတ်တို့၏ စောင့်ရှောက်မှု ခံယူရေး အပြင် ဘဝအောင်မြင်ရေး အန္တရာယ်ကင်းရေး ကျန်းမာ ချမ်းသာရေး ဂုဏ်တော်ပွားများရေး ကျင့်ကြံ ရှုမှတ်နိုင်ရေးတို့အတွက် မဟာ အာဋာနာဋိယသုတ် ပါဠိတော်ပရိတ်၊ ဗောဇ္ဈင်္သုတ် ပါဠိတော်ပရိတ်၊ ဂိရိမာနန္ဒသုတ်ပါဠိတော်၊ အနန္တဉာဏဝန္ဒနာတော် ဥပ္ပါတသန္တိ၊ အနန္တရာယိကနှင့် ပဗ္ဘာဇနိယကမ္ဘဝါစာတို့ကိုပါ ထည့်သွင်းရ၏၊ ဤသို့အားဖြင့် မဟာသမယသုတ် ကမ္ဘဝါစာမှာသည် (၈)ခန်းကမ္ဘဝါစာ ဖြစ်လာရပါသည်၊ စက္ကူပြင် (၈)ခန်း ကမ္ဘဝါသည် ဖိုင်ဘာကမ္ဘဝါ ထက် စျေးချို့သလို သယ်ယူရာ၌ ပေါ့ပါးလွယ်ကူ၏၊ ကြာရှည်လည်း ခိုင်ခန့်၏၊ ကမ္ဘဝါထည့်ထားသည့် အိတ်မှာလည်း လုံလုံခြုံခြုံရှိ၏၊

http://www.dhammadownload.com

(၈)ခဏ်း ကမ္မဝါ အကျိုးကျေးဇူးများ

သို့ဖြစ်၍ စက္ကူကျပ်ကမ္မဝါကို (၅)ပါးကိုင် အစုံပေါင်း (၁၀၀၀) ကျော် စီစဉ်၍ မြန်မာပြည်မှ စာသင်သားသံဃာ(၁၀၀)နှင့် (၁၀၀) အထက် ရှိသော စာသင်တိုက်ကြီးတို့အား လှူဖြစ်သွားပါသည်၊ ထို့အပြင် အိန္ဒိယ, နီပေါ, သီရိလင်္ကာ, စင်္ကာပူ, တောင်ကိုးရိုးယား, အမေရိကားနိုင်ငံတို့မှ သံဃာတော်တို့အားလည်း လှူနိုင်ခဲ့ပါ၏၊ ဤသို့အားဖြင့် မဟာသမယသုတ် သာသနာသည် ပြည်တွင်းပြည်ပသို့ ပျံ့နှံ့သွားခြင်း ဖြစ်ပါသည်၊ ဤ(၈)ခဏ်း ကမ္မဝါကို ရကြသော တချို့ကျောင်းတိုက်နှင့် တချို့ဘုန်းကြီးကျောင်းတို့သည် နေ့စဉ်ဝတ်တက်ရာ၌ မဟာသမယသုတ်ကိုပါ ထည့်သွင်းလျက် ဝတ်တက်နေကြောင်းကို ကြားသိ ရ၏၊ ထို့အပြင် တချို့ဘုန်းကြီးများ စာသင်သား သံဃာများ၊ သီလရှင် ဆရာလေးများလည်း မဟာ သမယသုတ်ကို ကျက်မှတ်လျက် နေ့စဉ်ပြန်ဆို ဖြစ်ကြောင်းကိုလာရောက် လျောက်ထားကြသဖြင့် ဝမ်းသာရပါ၏၊ ယင်းသို့ မဟာသမယသုတ်ကို နေ့စဉ်ရွတ်ဆိုကြသည့် သူတော်ကောင်းတို့၏ ကုသိုလ်ဓာတ် စွမ်းအားများနှင့် မဟာသမယသုတ်လာ နတ်ပြဟ္မာတို့၏ စောင့်ရှောက်မှု စွမ်းအားကြောင့် ကမ္ဘာသူကမ္ဘာသားများ ဘေးရန်ကင်းရှင်း၍ ငြိမ်းချမ်း သာယာဝပြောစွာ နေထိုင်နိုင်ကြပါစေဟူ၍ ဆန္ဒပြုမိပါသည်။

၁၃၇၄-ခုနှစ်၏ ဝါတွင်းကာလမှာပင် (၈)ခဏ်း ကမ္မဝါစာဖြစ်ပေါ်လာ၏၊ အလှူရှင် တို့၏ စေတနာ သဒ္ဓါတရား ထက်သန်မှုဖြင့် သိန်းပေါင်း (၂၀၀)ကျော် အကုန်အကျခံ၍ (၅)ပါးကိုင် ကမ္မဝါစာအစုံပေါင်း(၁၀၀၀)ကျော်ကို ပြည်တွင်းပြည်ပ စာသင်တိုက်ကြီးများ၊ တက္ကသိုလ်ကြီးများနှင့် ဘုန်းကြီးကျောင်းများသို့ အရောက်ပို့ဆောင်ပေးနိုင်ခြင်း၊ ယင်းအကြောင်းမှာတို့ကို ကုသိုလ် တော် မော်ကွန်းစာအုပ်ဖြင့်လည်း မှတ်တမ်းတင် နိုင်ခြင်းတို့သည်ကား မဟာသမယ

http://www.dhammadownload.com

သုတ် ပါဠိ တော်ကို နေ့စဉ်ရွတ်ဆိုရခြင်း၏ ကိုယ်တွေ့ အကျိုးပင် ဖြစ်ကြောင်းကို ဤ(၈)ခက်း ကမ္မ ဝါစာနှင့် ဤကုသိုလ် တော်မော်ကွန်း စာအုပ်တို့က ဖေါ်ညွှန်းပြလျက် ရှိပေသည်။ ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ-ဟူသည်နှင့်အညီ မိမိရွတ်ဆို ပူဇော်ထားသည့် မဟာသမယ သုတ် တရားက ရွတ်ဆို ပူဇော်သူကို ပြန်ပြီးစောင့်ရှောက် ချီးမြှောက် ခြင်းပင်ဖြစ်၍ နေ့စဉ်ရွတ်ဆို ပူဇော်နိုင်ကြ ပါစေ သတည်း။

အရှင်နာရဒါဘိဝံသ (လှရတနာ)
ကမ္မဝါလှုကံ်ကောင်းသူ
ကုသိုလ်တော်မော်ကွန်း-မှဆောင်းပါး

http://www.dhammadownload.com

(ခ) မဟာသမယသုတ် (၇)သုတ် မှတ်ဖွယ်

နတ်ချစ်ဆေးသုတ္တန်များ

မြတ်စွာဘုရားရှင် ဟောကြားခဲ့သော နိကာယ်ငါးရပ် ပိဋကသုံးပုံလာ ဒေသနာတော်တို့သည် "မဓုရာနိ ပဟဋ္ဌာနိ၊ ဒေါသဋ္ဌါနိ ဟိတာနိစ"ဟူသော ဂေါတမီရဟန္တာထေရီမကြီး၏ စကားနှင့်အညီ ကြားနာရသူ မခွါနိုင်အောင် ချိုမြိန်သာယာဖြင်း ကြားနာသူတို့၏ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက်စေနိုင်ခြင်း ပြစ်မျိုးကင်းစင်သန့်ရှင်းစင်ကြယ်ခြင်း ကြားနာရသူတိုင်း မဆိုင်းမကွ အကျိုးရစေနိုင်ခြင်း အကြောင်းတို့ကြောင့် လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ လေးစားချစ်ခင်မှုကို ရရှိကြသောကြောင့် နတ်ချစ်ဆေးသုတ္တန်တို့ချည်း ဖြစ်ကြပါ၏။

ထိုသုတ္တန်ဒေသနာတို့တွင် တချို့သုတ္တန်ဒေသနာတို့မှာ မင်္ဂိုလ်နိဿာန်ရလျက် ကျွတ်တမ်းဝင်ကြသော နတ်ဗြဟ္မာတို့ မရေတွက်နိုင်အောင် အလွန်များပြားသော သုတ္တန်ဒေသနာများ ဖြစ်ကြ၏၊ ထိုသုတ္တန်ဒေသနာဖြင့် ကျွတ်တမ်းဝင်သော နတ်ဗြဟ္မာတို့သည် မိမိတို့၏ ဘဝအဆင့်အတန်းကို မြှင့်တင်ပေးသော ယင်းသုတ္တန်ဒေသနာတို့ကို အလွန်ချစ်ခင်လေးစား မြတ်နိုးကြ၏၊ သို့ဖြစ်၍ ယင်း

http://www.dhammadownload.com

သုတ္တန်ဒေသနာတို့ကို နတ်ချစ်ဆေးသုတ္တန်များဟူ၍ အသိအမှတ်ပြုရသည်၊ အဋ္ဌကထာတို့၌ တိုက်ရိုက်ပြထားသော ယင်းသုတ္တန်တို့မှာ ၁။ ဒီဃနိကာယ် သုတ်မဟာဝါလာ မဟာသမယသုတ္တန်နှင့် ၂။ မဇ္ဈိမနိကာယ်မူလပဏ္ဏာသလာ မဟာဓမ္မသမာဒါနသုတ္တန်တို့ဖြစ်ကြ၏။

(ဒီဋ္ဌ၊ ၂၊ ၂၈၇။ မဋ္ဌ၊ ၂၊ ၂၇၆။ မဇ္ဈိ၊ ၂၊ ၂၉၇)

အဋ္ဌကထာတို့၌ နတ်ပြဟ္မာများ မရေတွက်နိုင်အောင် ကျွတ်တမ်းဝင်ကြသဖြင့် နတ်ပြဟ္မာတို့ လေးစားချစ်ခင်ပြီး သာဓုခေါ်ကြသော သုတ္တန်တို့ကိုလည်း တွေ့ရ၏၊ ထိုသုတ္တန်တို့မှာ ၁။ မင်္ဂလသုတ် ၂။ သမစိတ္တသုတ် ၃။ စူဠရာဟုလောဝါဒသုတ် ၄။ သမ္မာပရိဗ္ဗာဇနိယသုတ် ၅။ ကလဟဝိဝါဒသုတ် ၆။ စူဠဗျူဟသုတ် ၇။ မဟာဗျူဟသုတ် ၈။ တုဝဋ္ဋကသုတ် ၉။ ပုရာဘေဒသုတ် ၁၀။ ဓမ္မစရိယာသုတ် ၁၁။ ပရာဘဝသုတ် ၁၂။ ရတနသုတ် ၁၃။ မေတ္တာသုတ် ၁၄။ ဓလ္ဂသုတ် ၁၅။ မဟာအာဠာနာဋိယသုတ် စသည်တို့ဖြစ်ကြ၏၊ မူလ(၂)သုတ်ကိုပါထည့် တွက်လျှင် စုစုပေါင်း (၁၇)သုတ်ဖြစ်သည်။

(အံဋ္ဌ၊ ၂၊ ၃၉။ သုတ္တနိပါတဋ္ဌ၊ ၁၊ ၁၅၆။ ၂၊ ၉၈။ ဒီဋ္ဌ၊ ၃၊ ၁၅၀။)

ဂါထာဒေသနာအနေဖြင့်မူ ၁။ မဟာသုတသောမ ဇာတ်တော်လာ "သကိဒေဝ မဟာရာဇ"စသော (၄) ဂါထာ ၂။ ဥပရိပဏ္ဏာသ ဘဒ္ဒေကရတ္တသုတ်တို့၌လာသော "အတီတံ နန္ဒာဂမေယျ"စသော (၄)ဂါထာ ၃။ ထေရဂါထာနှင့် ဓမ္မပဒဋ္ဌကထာလာ "အဓိစေတသော အပ္ပမဒ္ဒတော"စသော (၁)ဂါထာအားဖြင့် (၉)ဂါထာတို့ ဖြစ်ကြ၏၊ ထိုဂါထာတို့ကို နတ်တို့ အလွန်နှစ်သက်ကြသဖြင့် သာဓုခေါ်လျက် ကောင်းချီးပေးကြသောကြောင့် နတ်ချစ်ဆေးဂါထာများဟူ၍ အသိအမှတ်ပြုရသည်။ *(ဇာဋ္ဌ၊ ၅၊ ၅၂၃။ မ၊ ၃၊ ၂၄၀။ ဓမ္မပဒဋ္ဌ၊ ၂၊ ၂၄၃။)*

ယင်းသို့ ပိဋကတ်သုံပုံတွင် နတ်ချစ်ဆေးသုတ္တန်များ မြောက်များစွာ ပါရှိသော်လည်း ဤစာအုပ်၌မူ ၁။ မဟာသမယသုတ်နှင့် ၂။

http://www.dhammadownload.com

သမစိတ္တာသုတ်ကိုငင်း ၃။ နတ်ချစ်ဆေးဂါထာများနှင့် ၄။ သစ္စာလေးပါးပြ စတုသစ္စ ဒီပိကာဂါထာတို့ကိုငင်း ဖေါ်ပြထားပါသည်။ ဤလေးမျိုးတို့တွင်လည်း မဟာသမယသုတ်ကိုသာ အကျယ်တဝင့် ရေးသားဖေါ်ပြပါမည်၊ သို့ဖြစ်၍ မဟာသမယသုတ် ဖြစ်ပေါ်လာပုံသမိုင်းအကျယ်ကား ဤသို့ပါတည်း။

ရောဟိဏီမြစ်ရေ ပြဿနာ

သာကီယမင်းမျိုးနှင့် ကောလိယမင်းမျိုးတို့သည် ကပိလဝတ်ပြည်နှင့် ကောလိယပြည်အကြားရှိ ရောဟိဏီမည်သော မြစ်ကိုတစ်ခုတည်းသော ရေကာတာဖြင့် ဖွဲ့စေ၍ ကောက်စပါးတို့ကို စိုက်ပျိုးကြ၏။ ထိုအခါ နွေရာသီဖြစ်၍ နယုန်လ၌ ကောက်ပင်များ ညှိုးခြောက်ကုန်သည်ရှိသော် နှစ်ပြည်လုံးမှ လယ်လုပ်သမားတို့ စည်းဝေးကြလေသည်။

ထိုအစည်းအဝေး၌ ကောလိယပြည်လယ်သမားတို့ကစ၍ တင်ပြပြောဆိုကြသည် "ဤမြစ်ရေကို နှစ်ဖက်လုံးမှ ဆောင်အပ်ခဲ့လျှင် သင်တို့အတွက်လည်း လုံလောက်မည်မဟုတ်၊ ငါတို့အတွက်လည်း လုံလောက်မည်မဟုတ်၊ ငါတို့ရဲ့ ကောက်ပင်များသည်ကား တစ်ကြိမ်တည်းသော ရေသွင်းခြင်းဖြင့်သာလျှင် ပြီးစီးပါလိမ့်မည်၊ ဤရေကို ငါတို့အား ပေးကြပါလော့"။

ကပိလဝတ်ပြည်လယ်သမားတို့ကလည်း ဤသို့တင်ပြပြောဆိုကြ၏-

"သင်တို့စပါးကျိတို့ကို ပြည့်စေ၍ စိတ်အေးလက်အေးတည်နေကြတဲ့အခါ ငါတို့က နံမြန်းသောရွှေ၊ ညိုသောပတ္တမြား၊ မည်းနက်သောငွေအသားပြာတို့ကိုယူ၍ တောင်းအိတ်စသည်တို့ကို လက်စွဲကုန်လျက် သင်တို့ရဲ့ အိမ်တံခါး၌ လှည့်လည်ခြင်းငှာ မတတ်နိုင်

http://www.dhammadownload.com

ကြပါ၊ ငါတို့ရဲ့ ကောက်ပင်များသည်လည်း တစ်ကြိမ်တည်းသော ရေသွင်းခြင်းဖြင့်သာလျှင် ပြီးစီးပါလိမ့်မည်၊ ဤရေကို ငါတို့အား ပေးကြပါလော့"

"ငါတို့မပေးနိုင်ဘူး"

"ငါတို့ကလဲ မပေးနိုင်ပါဘူး"

ဤသို့စသည်ဖြင့် အငြင်းပွားကြပြီးလျှင် လယ်သမား တစ်ယောက်က တစ်ဖက်မှလယ်သမား တစ်ယောက်အား ရိုက်နှက်ပုတ်ခတ်လိုက်၏။ အရိုက်ခံရသော ထိုလယ်သမားကလည်း အခြားလယ်သမား တစ်ယောက်အား ရိုက်နှက်ပုတ်ခတ်ပြန်လေသည်။ ဤသို့လျှင် အချင်းချင်းရိုက်နှက်ပုတ်ခတ်ရာမှ အစပြုပြီး အမှိုက်ကစပြဿဒ် မီးလောင်သည့်အလား မင်းမျိုးတို့၏ ဇာတ်ကို ထိခိုက်၍ ခိုက်ရန်ပြုခြင်းကို တိုးပွားစေကြလေသည်။

ကောလိယပြည် လယ်သမားတို့ကစ၍ ဤသို့ပြောဆိုကြ၏ -

"သင်တို့သည် ကပိလဝတ်ပြည်၌နေသော သာကီဝင်မင်းတို့ကို အားကိုးပြု၍ ကြိမ်းဝါးကြတယ်။ ယင်းသာကီဝင်မင်းတို့ ခွေး မြေခွေး စသည်တို့ကဲ့သို့ မိမိရဲ့ နှမအရင်းတို့နှင့် အတူတကွ လက်ထပ်ပေါင်းသင်း ကြတယ်။ ထိုသာကီဝင်မင်းတို့ရဲ့ ဆင်များ၊ မြင်းများ၊ မြားကာ လက်နက်တို့ဟာ ငါတို့အား ဘာများပြုနိုင် ကုန်လိမ့်မည်နည်း"

ကပိလဝတ် သာကီဝင်မင်းတို့၏ လယ်သမားတို့ကလည်း ဤသို့တုံပြန်ပြောဆိုကြပြန်၏-

"သင်တို့ဟာ နူနာစွဲသော ကောင်လေးတွေကို လက်ကိုင်ပြု၍ ငါတို့အား ကြုံးဝါးကြတယ်။ ဒီကောင် လေးတွေက မှီခိုအားထားရာ မရှိ၊ နှင်ထုတ်ခြင်းခံကြရပြီး တိရစ္ဆာန်တွေလို ကလောပင်ခေါင်းမှာ နေကြရ ရှာတာပဲ၊ ဒီကောင်လေးတွေရဲ့ ဆင်တွေ၊ မြင်းတွေ မြားကာ လက်နက်တွေက ငါတို့ကို ဘာလုပ်နိုင်မှာလဲ"

http://www.dhammadownload.com

ဤသို့ထိခိုက်ပြောဆိုကြပြီး ထိုလယ်လုပ်သားတို့က လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ဝန်ကြီးအမတ်တို့အား ပြောကြားကြပြီး၊ အမတ်တို့ကတဆင့် မင်းမျိုးတို့အား ပြောကြားကြသည်။ ထိုအခါ သာကီဝင်မင်းတို့က "နှမတို့နှင့်အတူတကွ ပေါင်းသင်းနေသူတို့ရဲ့ စွမ်းအားဗလကို ပြကြကုန်စို့"ဟု ဆို၍ စစ်တိုက်ရန်ပြင်ဆင် ကုန်လျက်ထွက်လာကြ၏။ ကောလိယမင်းတို့ကလည်း "ကလောပင်ခေါင်း၌ နေသူတို့ရဲ့ စွမ်းအားဗလကို ပြကုန်စို့" ဟုဆို၍ စစ်တိုက်ရန် ပြင်ဆင်ကုန်လျက် ထွက်လာကြသည်။

မြတ်စွာဘုရား ကြွလာတော်မူခြင်း

ထိုအချိန်၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးနေထိုင်ဆဲဖြစ်၏။ မြတ်စွာဘုရားသည် ထိုည မိုးသောက်ယံ၌ မဟာကရုဏာသမာပတ်မှထ၍သတ္တလောကကို ကြည့်ရှုတော်မူ သည်ရှိသော် စစ်တိုက်ရန် ပြင်ဆင်ပြီးထွက်လာသော နှစ်ပြည်ထောင်မင်းတို့ကို မြင်တော်မူသည်။ ယင်းသို့မြင်တော်မူလျှင် "ငါဘုရားသွားပါက ဤခိုက်ရန်ငြင်းခုံမှုသည် ငြိမ်းအေးမည်လော၊ မငြိမ်းအေးမည်လော" ဟု ဆင်ခြင်တော်မူသည်ရှိသော် "ဤငြင်းခုံရာရောဟိဏီမြစ် အရပ်သို့သွား၍ ငြင်းခုံမှုကို ငြိမ်းအေးစေခြင်း အကျိုးငှာ သုံးခုသော ဇာတ်တို့ကို ဟောကြားအံ့၊ ယင်းသို့ ဟောကြားခြင်းကြောင့် ခိုက်ရန်ငြင်းခုံမှုသည် ငြိမ်းအေးသွားလိမ့်မည်။ ထိုအခါ ညီညွတ်မှုကို ပြခြင်းအကျိုးငှာ နှစ်ခုသော ဇာတ်တို့ကို ဟောကြားပြီး အတ္တာဒဏ္ဍသုတ်ကို ဟောကြားအံ့၊ ထိုတရားဒေသနာကို ကြားနာရသည်ရှိသော် နှစ်ပြည်ထောင်မင်းတို့သည် နှစ်ရာငါးဆယ်နှစ်ရာငါးဆယ်စီသော မင်းသားတို့ကို ပေးကြလိမ့်မည်။ ငါသည် ထိုမင်းသားငါးရာတို့ကို ရှင်ရဟန်းပြုပေးမည်။ ထိုအခါ

http://www.dhammadownload.com

ကြီးစွာသော အစည်းအဝေးဖြစ်လိမ့်မည်” ဟူ၍ ဆင်ခြင်ဆုံးဖြတ်ခြင်း ပြုတော်မူ၏။

ထို့ကြောင့် မြတ်စွာဘုရားသည် နှစ်ဖက်သော သာကီဝင်မင်းနှင့် ကောလိယမင်းတို့စစ်ပြင်ဆင်၍ ထွက်ကုန်သည်ရှိသော် တစ်စုံတစ်ယောက်သော သူအား ပြောကြားတော်မမူဘဲ ကိုယ်တော်တိုင်သာလျှင် သပိတ်သင်္ကန်းကို ယူဆောင်၍ နှစ်ဖက်သော စစ်တပ်တို့၏ အကြားမြစ်အထက် ကောင်းကင်ပြင်ဝယ် တင်ပျဉ်ဖွဲ့. ခွေပြီး ရောင်ခြည်တော်(၆)သွယ်တို့ကို လွှတ်၍ ထိုင်နေတော်မူလေသည်။

ကပိလဝတ်ပြည်သား သာကီဝင်မင်းတို့သည် မြတ်စွာဘုရားကိုမြင်လျှင်မြင်ချင်းသာလျှင် “ငါတို့ရဲ့ ဆွေမျိုးမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ကြွလာတော်မူ၏။ ထိုမြတ်စွာဘုရားသည် ငါတို့ရဲ့ ခိုက်ရန် ငြင်းခုံပြုနေသည်ကို သိမြင်တော်မူလေသလော”ဟု ကြံကြံကုန်ပြီး “မြတ်စွာဘုရားကြွလာသည်ရှိသော် ငါတို့သည် ဘုရားမျက်မှောက်၌ သူတစ်ပါးတို့ကိုယ်၌ လက်နက်ကို ပစ်ချဖို့ရန် လုံးဝမသင့်လျော်ချေ။ ကော လိယမင်းတို့သည် ငါတို့ကို သတ်မူလည်း သတ်ကြပါစေ၊ ဖမ်းမူလည်း ဖမ်းကြပါစေ”ဟု ဆိုကြကုန်၍ လက်နက်တို့ကို စွန့်ပစ်ပြီး မြတ်စွာဘုရားကို ရှိခိုး၍ ထိုင်နေကြလေကုန်၏။ ကောလိယမင်းတို့ကလည်း ထိုနည်းတူ ကြံစည်ကြပြီး လက်နက်တို့ကို စွန့်ပစ်ခါ မြတ်စွာဘုရားကို ရှိခိုး၍ ထိုင်နေကြကုန်၏။

မြတ်စွာဘုရားသည် သိတော်မူလျက်သာလျှင် “မင်းမြတ်တို့. အဘယ့်ကြောင့် သင်တို့ ဤအရပ်သို့ လာကြသနည်း”ဟု မေးတော်မူ၏။

http://www.dhammadownload.com

"မြတ်စွာဘုရား. . . တပည့်တော်တို့သည် ရေဆိပ်နှင့်၊ တော၊ တောင်ပေါ်၌ ကစားရန် မြစ်ထဲ၌ ရေကစားရန် လာကြသည်မဟုတ်ပါ။ စင်စစ်သော်ကား ဤအရပ်၌ စစ်တိုက်ရန် လာခဲ့ကြပါသည်ဘုရား"

ခိုက်ရန်ပွားခြင်း၏ အပြစ်

"မင်းမြတ်တို့. . . အဘယ်ကို အမှီပြု၍ ခိုက်ရန် ငြင်းခုံခြင်း ဖြစ်ခဲ့ပါသနည်း"

"ရောဟိဏီမြစ်ရေကို အမှီပြု၍ ခိုက်ရန်ငြင်းခုံခြင်း ဖြစ်ပွားခဲ့ပါတယ်ဘုရား"

"မင်းမြတ်တို့. . . ရေသည် အဘယ်မျှအဖိုးထိုက်ပါသနည်း"

"ရေသည် အနည်းငယ်မျှသာ အဖိုးထိုက်ပါတယ်ဘုရား"

"မင်းမြတ်တို့သည် အဘယ်မျှအဖိုးထိုက်ပါသနည်း"

"မင်းမြတ်တို့မည်သည် တန်ဖိုးမဖြတ်နိုင်သူများ ဖြစ်ကြပါတယ်ဘုရား"

"တန်ဖိုးနည်းသော ရေကိုအမှီပြုပြီး အဘယ်ကြောင့် တန်ဖိုးမဖြတ်နိုင်သော မင်းတို့ကို ဖျက်ဆီးကြကုန် ဘိသနည်း။ မင်းမြတ်တို့ . . . ခိုက်ရန်ငြင်းခုံခြင်း၌ သာယာဖွယ်မည်သည်မရှိ၊ ခိုက်ရန်ငြင်းခုံခြင်း၏ အစွမ်းအား ဖြင့် အရာမဟုတ်သည်၌ ရန်ပြု၍ ရှက္ခစိုးနတ်တစ်ယောက်၏ ဝက်ဝံတစ်ကောင်နှင့် ဖွဲ့အပ်သော ရန်ငြိုးသည် ဤဘဒ္ဒကမ္ဘာပတ်လုံးတိုင်အောင် ရောက်ရှိလာခဲ့ ဘူးလေပြီ"ဟု မိန့်ကြားပြီး (တရသကနိပါတ်လာ) ဖန္ဒနဇာတ်ကို ဟောတော်မူလေသည်။

ထို့နောက် "မင်းမြတ်တို့ . . . သူတစ်ပါးကို ယုံကြည်ခြင်းရှိသူမည်သည်မဖြစ်ရာ၊ မင်းမြတ်တို့ . . . မှန်၏၊ သူတစ်ပါးကို ယုံကြည်ခြင်းရှိကုန်သည်ဖြစ်၍ ယုန်ငယ်လေးတစ်ကောင်၏ စကားကြောင့် ယူဇနာသုံးထောင်ကျယ်ပြန့်သော ဟိမဝန္တာအရပ်၌ ခြေလေးချောင်းရှိသော

http://www.dhammadownload.com

သတ္တဝါအပေါင်းတို့သည် မဟာသမုဒ္ဒရာ သို့ ပြေးဝင်ခဲ့ကြရကုန်ပြီ။ ထို့ကြောင့် သူတစ်ပါးကို ယုံကြည်ခြင်းရှိသူမဖြစ်ရာ" ဟုမိန့်ကြားပြီး စတုက္ကနိပါတ် လာဒုဒ္ဒုဘဇာတ် ပထဝီဉန္တိယဇာတ်ကို ဟောကြားတော်မူလေသည်။

ထို့နောက် မြတ်စွာဘုရားသည် မင်းမြတ်တို့ . . . တစ်ခါတစ်ရံ အားနည်းသူကလည်း အားကြီးသော သူ၏ ပျက်စီးရာပျက်စီးကြောင်း (အားနည်းချက်)ကို မြင်တတ်၏။ တစ်ခါတစ်ရံမူ အားကြီးသူက အားနည်းသူ၏ အပေါက်အကြားကို မြင်တတ်၏။ မှန်၏။ ဗီလုံးငှက် မလေးကပင် ဆင်ပြောင်ကြီးကို သတ်နိုင်ခဲ့ဖူးလေပြီ" ဟု မိန့်ကြားပြီး (ပဉ္စကနိပါတ်လာ) လဋ္ဌကိဇာတ်ကို ဟောကြားတော်မူလေ၏။

ညီညွတ်ခြင်း၏ အကျိုး

ဤသို့ဖြင့် မြတ်စွာဘုရားသည် ခိုက်ရန်ဖြစ်ပွားငြင်းခုံမှု ငြိမ်အေးစေရန်အတွက် ဖန္ဒနဇာတ်၊ ဒုဒ္ဒုဘဇာတ်၊ လဋ္ဌကိဇာတ်အားဖြင့် (၃)ပါးဇာတ်တို့ကို ဟောကြားပြီး၍ ညီညွတ်မှုကို ပြုအံ့သောငှာ ဇာတ်တော် (၂)ရပ်တို့ကို ဟောကြားတော်မူ၏။

"မင်းမြတ်တို့. . . ညီညွတ်သော သူတို့၏ အပေါက်အကြား မည်သည်ကို တစ်စုံတစ်ယောက်သောရန်သူကမျှ မြင်ရန် မစွမ်းနိုင်" ဟုမိန့်ကြားပြီး ရုက္ခဓမ္မဇာတ်ကို ဟောကြားတော် မူသည်။ ထို့နောက် "မင်းမြတ်တို့. . . ညီညွတ်နေသော သူတို့၏ အပေါက်အကြားကို တစ်စုံတစ်ယောက် သောရန်သူကမျှ မြင်ရန် မစွမ်းနိုင်ခဲ့၊ အချင်းချင်း ခိုက်ရန်ငြင်းခုံခြင်းကို ပြုကြသော အခါ၌မူ ထိုခိုက်ရန်ငြင်း ခုံပြုသော သူတို့ကို ငှက်မုဆိုးသည် အသက်မှ ခွင်းလိုက်ပြီး ယူဆောင် သွားခဲ့ဘူးလေပြီ။ ခိုက်ရန်ငြင်းခုံမှု၌ သာယာဖွယ် မည်သည်မရှိချေ" ဟုမိန့်ကြားပြီး ဝဋ္ဋကဇာတ် (သမ္မောဒမာနဇာတ်)ကို ဟောကြားတော်မူလေ၏။

http://www.dhammadownload.com

ဤသို့လျှင် ဘုရားရှင်သည် ဇာတ်တော်(၅)ရပ်တို့ကို ဟောကြားပြီး နောက်ဆုံးတွင် (သုတ္တနိပါတ်လာ) အတ္ထဒဏ္ဍသုတ်ကို ဟောကြားတော်မူ၏။

မင်းသားငါးရာ ရဟန်းပြုကြခြင်း

ထိုအခါ နှစ်ပြည်ထောင်သောမင်းတို့သည် အချင်းချင်း ညီညွတ်ရေးရကြကာ ဘုရားရှင်ကို ကြည်ညို၊ ကြကုန်သည်ဖြစ်၍ "အကယ်၍ မြတ်စွာဘုရားကြွလာတော်မမူငြားအံ့၊ ငါတို့သည် မိမိလက်ဖြင့် အချင်းချင်း သတ်ကြကုန်၍ သွေးမြစ်ကို ဖြစ်စေကြလိမ့်မည်။ ငါတို့ရဲ့သားသမီးနှင့်နှမ ညီတို့ကို အိမ်တံခါးဦ၌ တွေ့မြင်နိုင်ကြတော့သည်မဟုတ်၊ ငါတို့ရဲ့အတုံ့အပြန် သတင်းစကားကို ဆောင်ယူသူရှိတော့မည်မဟုတ်၊ မြတ်စွာဘုရားကို အမှီပြု၍ ငါတို့သည် အသက်ကို ရခဲ့ကြ၏။ အကယ်၍ မြတ်စွာဘုရားသည် အိမ်ရာတည်ထောင် လူတို့ဘောင်၌ နေခဲ့မည်ဆိုလျှင် ကျွန်းငယ်နှစ်ထောင် အခြံအရံရှိသော ကျွန်းကြီးလေးကျွန်းတို့၌ စကြာဝတေးမင်း အဖြစ်သည် လက်တော်သို့ ရောက်လာမည်ဖြစ်၏။ တစ်ထောင်ထက် ပိုလွန်ကုန်သော သားတော်များလည်း ဖြစ်လာကြလိမ့်မည်။ ထို့ကြောင့် မင်းမျိုးဟူသော ပရိတ်သတ် အခြံအရံရှိသည်ဖြစ်၍သာလျှင် လှည့်လည်လည်တော်မူရာ၏။ သို့သော်လည်း မြတ်စွာဘုရားသည် စကြာဝတေးမင်းအဖြစ် စည်းစိမ်ကိုစွန့်ပြီး တောထွက်တော်မူ၍ သမ္မာသမ္ဗောဓိဉာဏ်သို့ ဆိုက်ရောက်တော်မူခဲ့၏။ ယခုအခါ၌လည်း မင်းမျိုးဟူသော ပရိတ်သတ်အခြံအရံရှိသည် ဖြစ်၍ သာလျှင် လှည့်လည်တော်မူပါစေ"ဟု တညီတညွတ်တည်း စည်းဝေး တိုင်ပင်ပြောဆိုကြပြီး နှစ်ပြည်ထောင် မင်းတို့သည် နှစ်ရာငါးဆယ် နှစ်ရာငါးဆယ်စီသော မင်းသားတို့ကို မြတ်စွာဘုရားရှင်အားပေးလှူကြလေကုန်၏။

http://www.dhammadownload.com

မြတ်စွာဘုရားသည် ထိုငါးရာသော မင်းသားတို့ကို ဧဟိဘိက္ခု ရဟန်းပြု ပေးတော်မူပြီး မဟာဝုန် တောကြီးသို့ ခေါ်ကာကြွသွားတော်မူသည်။ လေးစားထိုက်သူကို လေးစားခြင်း၏ အစွမ်းအားဖြင့် မိမိအလို ဆန္ဒမပါဘဲ ရဟန်းပြုခဲ့ကြရသော ထိုရဟန်းငါးရာတို့အား သာသနာ ဘောင်ဝယ် မမွေ့မလျော်ခြင်း သည် ဖြစ်ပေါ်လာကြ၏။ ထိုရဟန်းတို့၏ မယားဟောင်းတို့ကလည်း "အရှင်သားတို့သည် သာသနာ့ ဘောင်၌ မပျော်ပိုက်ကြပါလင့်၊ အိမ်ရာထောင်သော လူ့ဘောင်သည် (အရှင့်သားများမရှိကြသဖြင့်)ကောင်စွာ မတည်နိုင်တော့ပါ"ဟူ၍ ဤသို့ အစရှိသော မီးလောင်ရာလေပင့် စကားတို့ကို ပြောဆို၍ သတင်းစကားပို့ကြ၏။ ထိုရဟန်းတို့သည်သာ၍ လွန်ကဲစွာ ပျင်းရိ ငြီးငွေ့ကြလေသည်။

ရဟန်းတို့ကို ကုဏာလရေအိုင်သို့ ခေါ်သွားခြင်း

မြတ်စွာဘုရားသည် ဆင်ခြင်တော်မူသည်ရှိသော် ထိုရဟန်းတို့၏ မမွေ့လျော် မပျော်ပိုက်သည်၏ အဖြစ်ကို သိတော်မူ၍ "ဤ ရဟန်းတို့သည် ငါကဲ့သို့သော မြတ်စွာဘုရားနှင့် အတူတကွ နေကြပါကုန်လျက် ပြီးငွေ့ကြကုန်၏။ ယခုငါသည် ထိုရဟန်းတို့အား ကုဏာလရေအိုင်၏ ဂုဏ်ကို ချီးမွမ်းပြောဆိုပြီး ထိုရေအိုင် သို့ ခေါ်သွားလျက် မမွေ့လျော်ခြင်းကို ပယ်ဖျောက်အံ့"ဟုကြံ၍ ကုဏာလ ရေအိုင်၏ဂုဏ်ကို ချီးမွမ်းမိန့်ကြားတော်မူ၏။ ရဟန်းငါးရာ တို့ကလည်း ထိုကုဏာလရေအိုင်ကို ကြည့်ရှုရန် အလိုရှိကြသည်။

"ချစ်သားရဟန်းတို့. . . သင်တို့သည ကုဏာလရေအိုင်ကို ကြည့်ရှုလိုကြပါသလော"

"တပည့်တော်တို့ ကြည်ရှုလိုကြပါသည်ဘုရား"

"ကြည့်ရှုလိုကြလျှင် လိုက်ခဲ့ကြလော့၊ သွားကြကုန်အံ့"

http://www.dhammadownload.com

"မြတ်စွာဘုရား . . . တန်ခိုးရှင်တို့သွားရာ အရပ်သို့ တပည့်တော်တို့သည် အဘယ်သို့ လိုက်နိုင်ပါအံ့နည်း"

"သင်တို့သည် သွားလိုသောစိတ် ဖြစ်ကြပါသလော၊ ငါက သင်တို့ကို ငါ၏တန်ခိုးအာနုဘော်ဖြင့် ခေါ်သွားပါအံ့"

"ကောင်းလှပါပြီ ဘုရား"

မြတ်စွာဘုရားသည် ဤသို့ မိန့်ကြားပြီးနောက် ရဟန်းငါးရာတို့ကို တန်ခိုးဣဒ္ဓိပါဒ်ခေါ်၍ ကောင်းကင်သို့ပျံတက်ပြီး ဟိမဝန္တာတောင် ကုဏာလရေအိုင်၌တည်၍ ထိုရဟန်းတို့ကို မိန့်တော်မူ၏။

"ရဟန်းတို့ . . . ဤကုဏာလရေအိုင်၌ သင်တို့မသိသော ငါးအမျိုးမျိုးတို့ရဲ့အမည်များကို ငါအား မေးကြကုန်လော့"

ရဟန်းတို့က မိမိတို့မသိသော ငါးအမျိုးမျိုးတို့၏ အမည်များကို မြတ်စွာဘုရားအား မေးကြ၏။ မေးတိုင်း မေးတိုင်း မြတ်စွာဘုရားက ဖြေကြားတော်မူသည်။ စင်စစ် ငါးတို့၏အမည်များကိုသာမက၊ ထိုဟိမဝန္တာတော၌ ရှိသော သစ်ပင်တို့၏အမည်များကိုလည်းကောင်း၊ တောင်ခြေ၌ရှိသော ခြေနှစ်ချောင်းရှိသောငှက်၊ ခြေလေးချောင်းရှိသော ငှက်တို့၏ အမည်များကိုလည်းကောင်း မေးစေ၍ ဖြေကြားတော်မူ၏။

ကုဏာလဇာတ်ကို ဟောကြားခြင်း

ထိုအခါ ငှက်နှစ်ကောင်တို့က နှုတ်သီးဖြင့်ကိုက်၍ ယူအပ်သော တုတ်တံပေါ်၌နေလျက် ကုဏာလငှက်မင်းကြီးသည် ရှေ့မှလည်းကောင်း၊ နောက်မှလည်းကောင်း နှစ်ဖက်သော ဘေးတို့၌လည်းကောင်း ငှက်အပေါင်းတို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ လာလတ်၏။ ရဟန်းတို့သည် ထိုကုဏာလငှက်မင်းကြီးကို မြင်ကြကုန်သည်ရှိသော်

http://www.dhammadownload.com

"အရှင်ဘုရား . . . ဤငှက်မင်းကြီးသည် ထိုငှက်အပေါင်းတို့၏ မင်းကြီးဖြစ်ပါလိမ့်မည်၊ ထိုငှက်အပေါင်း တို့သည်လည်း ဤငှက်မင်းကြီး၏ အခြံအရံများဖြစ်ကြလိမ့်မည် ထင်ပါသည်"ဟု လျှောက်ကြသည်၊ "ရဟန်းတို့ . . . သင်တို့ ထင်တိုင်းပင် ဖြစ်ပေ၏၊ ဤငှက်မင်းကြီးသည်လည်း ငါ၏အနွယ် အဆက်ဖြစ်၏"

"အရှင်ဘုရား . . . တပည့်တော်တို့သည် ယခု ရှေးဦးစွာ ဤငှက်တို့ကို မြင်ကြရပါ၏၊ ဤငှက်မင်းကြီးသည် ငါ၏အနွယ် အဆက်ဖြစ်၏-ဟူသောစကားကို မြတ်စွာဘုရား မိန့်ကြားတော်မူပါ၏၊ ထိုစကား အကျယ်ကို တပည့်တော်တို့ ကြားနာလိုပါကုန်၏"

"ရဟန်းတို့ . . . သင်တို့ကြားနာရန် အလိုရှိကြပါသလော"

"မှန်ပါ၊ ကြားနာရန် အလိုရှိကြပါသည်ဘုရား"

"သို့ဖြစ်လျှင် နာကြားကြကုန်လော့"

မြတ်စွာဘုရားသည် ဤသို့ မိန့်ကြားတော်မူပြီး ဂါထာ(၃၀၀)တို့ဖြင့် တန်ဆာဆင်၍ (အသီတိနိပါတ်လာ) ကုဏာလဇာတ်ကို ဟောကြားတော်မူလျက် ရဟန်းငါးရာတို့၏ ပျင်းရိခြင်း၊ မမွေ့လျော်ခြင်းကိုပယ်ဖျောက်တော်မူလေသည်။

ကုဏာလဇာတ် ဒေသနာတော်၏အဆုံး၌ ရဟန်းငါးရာလုံး သောတာပတ္တိဖိုလ်၌ တည်ကြလေ၏၊ ထိုရဟန်းတို့အား သောတာပတ္တိမဂ်နှင့် တကွသာလျှင် ကောင်းကင်ပျံနိုင်ခြင်းစသော တန်ခိုးသည်လည်း ဖြစ်ပေါ်လာ၏။

မြတ်စွာဘုရားသည် "ဤရဟန်းတို့အား ဤမျှသော သောတာပတ္တိဖိုလ်သည် ဖြစ်စေဦး"ဟု ကြံတော် မူပြီး ကောင်းကင်၌ ပျံတက်၍ မဟာဝုန်တောကြီးသို့သာလျှင် ကြွသွားတော်မူ၏၊ ထိုငါးရာသော ရဟန်းတို့ သည်လည်း ကုဏာလရဲအိုင်သို့ သွားစဉ် အခါက မြတ်စွာဘုရား၏အာနုဘော်ဖြင့် သွားခဲ့ကြပြီး ပြန်သော

http://www.dhammadownload.com

အခါ၌ကား မိမိတို့၏တန်ခိုးအာနုဘော်ဖြင့် မြတ်စွာဘုရားကို ခြံရံကုန်၍ မဟာဝုန်တောကြီး၌ သက်ဆင်းကြလေသည်။

ရဟန်းငါးရာ ရဟန္တာဖြစ်ကြခြင်း

မြတ်စွာဘုရားသည် ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူ၍ ရဟန်းငါးရာတို့ကိုခေါ်တော်မူပြီးလျှင် "ရဟန်းတို့ . . . လာကြကုန်လော့၊ ထိုင်ကြကုန်လော့၊ အထက်မဂ်သုံးပါးဖြင့် ပယ်သတ်အပ်သော ကိလေသာတို့ကို ပယ်ခြင်းငှာ သင်တို့အား ကမ္မဋ္ဌာန်းတရားကို ငါဟောကြားအံ့"ဟု မိန့်ကြား၍ ကမ္မဋ္ဌာန်း တရားကို ဟောကြားတော်မူသည်၊ ရဟန်းတို့က ဤသို့ကြံစည်စဉ်းစားကြ၏။

"မြတ်စွာဘုရားသည် ငါတို့၏သာသနာတော်၌ မမွေ့လျော်သည်၏ အဖြစ်ကိုသိ၍ ကုဏ္ဍာလရေအိုင်သို့ ခေါ်ဆောင်ပြီး မမွေ့လျော်ခြင်းကို ပယ်ဖျောက်တော်မူခဲ့၏၊ ထိုကုဏ္ဍာလရေအိုင်၌ သောတာပတ္တိဖိုလ်သို့ ရောက်ခဲ့ကုန်သော ငါတို့အား ယခု ဤမဟာဝုန်တောကြီး၌ အထက်မဂ်သုံးပါးတို့အတွက် ကမ္မဋ္ဌာန်းတရားကို ပေးတော်မူ၏၊ စင်စစ်အား ဖြင့် ငါတို့သည် "ငါတို့ သောတာပန်ဖြစ်ပြီ"ဟု နှလုံးသွင်း၍ ပေါ့ပေါ့တန်တန် အချိန်ကိုကုန်လွန်စေရန်မသင့်၊ ငါတို့သည် ယောကျ်ားမြတ်နှင့် တူသူများဖြစ်ခြင်းငှာ သင့်၏"

ထိုရဟန်းတို့သည် ယင်းသို့ကြံစည်စဉ်းစားကြပြီး မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုး၍ နေရာမှထပြီးလျှင် နိသီဒိုင်အခင်းကိုခါတွက်ကြကာ အသီးအသီး တောင်ဝှမ်း သစ်ပင်ရင်းတို့၌ ရဟန်းတရားကို ပွားများအားထုတ်ကာ ထိုင်နေကြလေကုန်၏။

မြတ်စွာဘုရားက ဤသို့ စဉ်းစားတော်မူသည် -

"ဤရဟန်းတို့သည် ပင်ကိုယ်အားဖြင့် မစွန့်အပ်သော ကမ္မဋ္ဌာန်းရှိသူများဖြစ်ကြ၏၊ စင်စစ်အားဖြင့် ရအပ်သော

http://www.dhammadownload.com

နည်းဥပါယ်ရှိသော ရဟန်းအား ပင်ပန်းဖွယ်အကြောင်းမည်သည် မရှိသွားတိုင်း သွားတိုင်းသော ရဟန်းငါးရာတို့သည် ဝိပဿနာကို ပွားစေ၍ အရဟတ္တဖိုလ်သို့ ရောက်သွားကြပြီး မိမိ မိမိသည် ရရှိအပ်သောဂုဏ်ကို လျှောက်ကြားကြကုန်အံ့ဟု ကြံစည်၍ ညနေချမ်းအခါ၌ ငါ၏ထံသို့လာကြလိမ့်မည်။ ဤရဟန်းတို့လာကုန်သည်ရှိသော် တစ်သောင်းသော စကြဝဠာ၌နေသော နတ်ဗြဟ္မာတို့သည် တစ်ခုတည်းသော စကြဝဠာ၌ စည်းဝေးကြလိမ့်မည်၊ ထိုအခါကြီးစွာသော နတ်ဗြဟ္မာအစည်းအဝေးကြီး ဖြစ်လိမ့်မည်၊ ငါသည် ကြီးတင်ကာ ဆိတ်ငြိမ်ရာအရပ်၌နေခြင်းငှာ သင့်၏။”

မြတ်စွာဘုရားသည် ထိုသို့ ကြံစည်တော်မူပြီးနောက် ထိုနေရာမှထတော်မူခဲ့၍ ဆိတ်ငြိမ်ရာအရပ်၌ ဘုရားနေရာကိုခင်း၍ ထိုင်နေ တော်မူ၏၊ မထေရ်အားလုံးတို့၏ ရှေးဦးစွာ ကမ္မဋ္ဌာန်းကို ယူ၍သွားသော မထေရ်သည် ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေ၏၊ ထို့နောက် တစ်ပါးသော မထေရ်သည် အရဟတ္တဖိုလ် သို့ ဆိုက်ရောက်လေ၏။ ဤသို့လျှင် ငါးရာသော မထေရ်တို့သည် “ပဒုမ္မာကြာတော၌ ကြာပန်းမျှားပွင့်ကြသကဲ့ သို့” ဉာဏ်အလင်း ပွင့်သွားကြလေသည်၊ မထေရ်အားလုံး ရဟန္တာဖြစ်သွားကြ၏။

အားလုံးတို့၏ ရှေးဦးစွာ အရဟတ္တဖိုလ်သို့ ရောက်သွားသော ရဟန္တာရဟန်းသည် “မြတ်စွာဘုရားအား လျှောက်ကြားအံ့”ဟု ကြံစည်၍ ထက်ဝယ်တင်ပျဉ်ကို ဖြေပြီး နိသီဒိုင်အခင်းကို ခါ၍ နေရာမှထပြီး မြတ်စွာဘုရား ရှိရာသို့ ရှေးရှု ကြွလာ၏။ ဤနည်းတူသာလျှင် တစ်ပါးသော ရဟန္တာရဟန်းသည်လည်း မြတ်စွာဘုရားရှိရာအရပ်သို့ ရှေးရှု ကြွလာ၏။ သို့အားဖြင့် ငါးရာသော ရဟန္တာရဟန်းတို့သည်လည်း ဆွမ်းစားဇရပ်သို့ ဝင်ကုန်သကဲ့သို့ အစဉ်အတိုင်း သာလျှင် ကြွလာကြလေသည်။

http://www.dhammadownload.com

ရှေးဦးစွာ ရောက်လာသော ရဟန္တာမထေရ်သည် မြတ်စွာဘုရားကို ရှိခိုး၍ နိသီဒိုင်ကိုခင်းပြီး တစ်ခုသော နေရာ၌ထိုင်၍ ရအပ်သောဂုဏ်ကို လျှောက်ကြားခြင်းငှာ အလိုရှိသည်ဖြစ်၍ "အခြားတစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်ရှိလေသလော၊ မရှိလေသလော"ဟု နောက်သို့လှည့်၍ လာခဲ့ရာလမ်းကို ကြည့်သည်ရှိသော် တစ်ပါးသော ရဟန်းကိုလည်း မြင်၏၊ တစ်ပါးသောရဟန်းကိုလည်း တွေ့ပြန်၏။ ဤသို့လျှင် ထိုရဟန္တာငါးရာတို့သည် တစ်ခုသော နေရာ၌ ထိုင်ကြကုန်၍ တဦးသည်တဦးအား ရှက်သကဲ့သို့ဖြစ်၍ ဘုရားရှင်အား မလျှောက်ကြတော့ပေ၊ အချင်းချင်း ရှက်သကဲ့သို့ဖြစ်၍ မလျှောက်ဘဲ နေကြကုန်၏။

ရဟန္တာတို့၏ ထူးခြားသော အခြင်းအရာ (၂)မျိုး

ထိုစကား မှန်၏၊ ရဟန္တာပုဂ္ဂိုလ်တို့အား နှစ်ပါးသော အခြင်းအရာတို့သည် ဖြစ်ကုန်၏၊ အဘယ်သို့ ဖြစ်ကုန်သနည်းဆိုသော် "ငါသည် ရအပ်သော အရဟတ္တဖိုလ်ဂုဏ်ကို နတ်နှင့်တကွသော လူအပေါင်းသည် လျင်မြန်စွာ ထိုးသွင်း၍ သိပါမူ ကောင်းလေစွ"ဟူ၍ စိတ်အကြံသည် ဖြစ်ပေါ်လာ၏။ သို့သော် မိမိအရဟတ္တဖိုလ် ရရှိသည်၏ အဖြစ်ကိုမူ ရွှေအိုးရရှိသောယောကျ်ားကဲ့သို့ အခြားသူအားပြောကြားခြင်းငှာ အလိုမရှိချေ။ ဤကားရဟန္တာပုဂ္ဂိုလ်တို့၌ဖြစ်သော အခြင်းအရာ(၂)ပါးတည်း။

ဆက်ဦးအံ့၊ ထိုရဟန္တာဖြစ်စငါးရာသော အရိယာပုဂ္ဂိုလ်အပေါင်းသည် သက်ရောက်စုဝေးပြီးကာမျှ ဖြစ်လတ်သော် အရှေ့ယုဂန္ဓိုရ် တောင်ဝန်းမှ ဘိမ်တိုက်၊ ဆီးနှင်း၊ မီးခိုး၊ မြူ၊ ရာဟုဟူသော ဤအညစ် အကြေးငါးပါးတို့မှ ကင်းလွတ်သော အရှေ့အရပ်မျက်နှာ၌ မြှောက်ချီအပ်သည့် ငွေသားအတိပြီးသော ကြေးမုံ မှန်ဝိုင်းကြီး ကဲ့သို့ ၄င်း အကွပ်လုံး၌ကိုင်၍ လည်စေအပ်သည့် ငွေစကြာ၏ အသရေ

http://www.dhammadownload.com

ကဲ့သို့၄င်း အသရေရှိသော နယုန်လပြည့်နေ့ည လပြည့် ဝန်းကြီးသည် ပေါ်တက်လာလေသည်၊ ဤသို့လျှင်ကြက်သရေမင်္ဂလာ အပေါင်းနှင့် ပြည့်စုံသော အချိန်အခါ၌ မြတ်စွာဘုရားသည် သင်္ကာတိုင်း ကပိလဝတ်မြို့ မဟာဝုန်တောကြီး၌ ရဟန္တာငါးရာ ခြံရံလျက် သီတင်း သုံးနေတော်မူဆဲဖြစ်၏။

နယုန်လပြည့်နေ့ည၏ ကျက်သရေအရှိဆုံး မြင်ကွင်း

ထိုမြတ်စွာဘုရားနှင့် ရဟန္တာတို့တွင် မြတ်စွာဘုရားသည်လည်း မဟာသမ္မတမင်း၏အနွယ်၌ ဖြစ်တော်မူ၏၊ ထိုရဟန်းငါးရာတို့သည်လည်း မဟာသမ္မတမင်း၏အနွယ်၌ ဖြစ်ကြကုန်၏၊ မြတ်စွာဘုရားသည်လည်း ခတ္တိယဝန်းတိုက်၌ ဖြစ်တော်မူ၏၊ ထိုရဟန်းငါးရာတို့သည်လည်း ခတ္တိယဝန်းတိုက်၌ ဖြစ်ကြကုန်၏၊ မြတ်စွာဘုရားသည်လည်း မင်းအဖြစ်မှ ရဟန်းပြုခဲ့၏။ ထိုရဟန်းငါးရာတို့သည်လည်း မင်းအဖြစ်မှ ရဟန်းပြုခဲ့ကြ၏။ မြတ်စွာဘုရားသည်လည်း ထီးဖြူကိုစွန့်၍ လက်တော်သို့ရောက်ပြီးသော စကြဝတေးမင်းအဖြစ်ကို စွန့်၍ ရဟန်းပြုတော်မူခဲ့၏၊ ထိုရဟန်းငါးရာတို့သည်လည်း ထီးဖြူကိုစွန့်၍ လက်သို့ ရောက်ပြီးသော မင်းအဖြစ်ကို စွန့်၍ ရဟန်းပြုခဲ့ကြ၏။

ဤသို့လျှင် မြတ်စွာဘုရားသည် စင်ကြယ်သောအရပ်၊ စင်ကြယ်သော ညနေချမ်းအချိန်အခါ၌ ကိုယ်တော်တိုင် သန့်ရှင်း စင်ကြယ်ပြီး သန့်ရှင်းစင်ကြယ်သော အခြံအရံရှိတော်မူ၏၊ ကိုယ်တော်တိုင် ကင်းသော ရာဂရှိတော်မူပြီး ကင်းသောရာဂရှိသော အခြံအရံရှိတော်မူ၏၊ ကိုယ်တော်တိုင် ကင်းသော ဒေါသရှိတော်မူပြီး ကင်းသော ဒေါသရှိသော အခြံအရံရှိတော်မူ၏၊ ကိုယ်တော်တိုင် ကင်းသော မောဟ ရှိတော်မူပြီး ကင်းသော မောဟရှိသော အခြံအရံရှိတော်မူ၏၊

http://www.dhammadownload.com

ကိုယ်တော်တိုင် တကာ့ကာကင်းတော်မူပြီးလျှင် တကာ့ကာကင်းသော အခြံအရံ ရှိတော်မူ၏၊ ကိုယ်တော်တိုင် ကိလေသာကင်းတော်မူပြီးလျှင် ကိလေသာကင်းသော အခြံအရံရှိတော်မူ၏၊ ကိုယ်တော်တိုင် ငြိမ်သက်တော်မူပြီးလျှင် ငြိမ်သက်သော အခြံအရံရှိတော်မူ၏၊ ကိုယ်တော်တိုင် ယဉ်ကျေးတော်မူပြီးလျှင် ယဉ်ကျေးသော အခြံအရံရှိတော်မူ၏၊ ဘုရားရှင်သည် ကိုယ်တော်တိုင် ကိလေသာတို့မှ လွတ်တော်မူပြီး လျှင် ကိလေသာတို့မှလွတ်သော ဖြစ်သစ်စ ရဟန္တာ ငါးရာ အခြံအရံရှိတော်မူသည်ဖြစ်၍ အလွန်အကဲသာလျှင် တင့်တယ်တော်မူပါပေ၏။

နတ်ပြဟ္မာတို့ စုဝေးရောက်ရှိလာကြခြင်း

နတ်ပြဟ္မာတို့ စည်းဝေးကြရာ၌ စည်းဝေးပုံ အစီအစဉ်ကား ဤသို့ဖြစ်၏၊ မဟာဝုန်တောကြီး ထက်ဝန်းကျင်၌ နေထိုင်ကြသော နတ်တို့သည် လှုပ်လှုပ်ရှားရှားဖြစ်ကြကာ "အချင်းတို့ လာသွားကြပါစို့၊ ဘုရားဖူးခြင်းမည်သည် များသောအကျိုးကျေးဇူး ရှိပါ၏၊ တရားနာရခြင်းမည်သည် များသောအကျိုးကျေးဇူး ရှိပါ၏၊ ရဟန်းသံဃာ အားဖူးမြင်ရခြင်းမည်သည် များသော အကျိုးကျေးဇူး ရှိပါ၏၊ လာသွားကြပါစို့၊ လာသွား ကြပါစို့"ဟု ကျယ်စွာသော အသံကို ပြုကြကုန်လျက် ရောက်လာကြပြီး မြတ်စွာဘုရားကိုလည်းကောင်း၊ ထိုခဏ၌ အရဟတ္တဖိုလ်သို့ရောက်သော ရဟန္တာငါးရာတို့ကိုလည်းကောင်း ရှိခိုး၍ တစ်ခုသောနေရာ၌ ရပ်တည် နေကြလေကုန်၏။

ဤနည်းအားဖြင့်သာလျှင် ထိုထိုနတ်တို့၏ အုတ်အုတ် ကျက်ကျက်ကြွေးကြော်သော အသံကိုကြား၍ အသံကြားရာ အရပ်၊ ဂါဝုတ်တစ်ဝက်၊ တစ်ဂါဝုတ်၊ ယူဇနာတစ်ဝက်၊ တစ်ယူဇနာအရပ် အစရှိသည်တို့၏ အစွမ်းအားဖြင့် ယူဇနာသုံးထောင် အပြန့်ကျယ်သော

http://www.dhammadownload.com

ဟိမဝန္တာတောအရပ်၌လည်းကောင်း၊ သုံးကြိမ်သုံးခါ ခြောက်သောင်း သုံးထောင် စီပါလာသောမြို့ပေါင်း(၁၈၉၀၀၀)တို့၌လည်းကောင်း စိတ်တောင်း၏အဝန့်တူသည့် ကိုးသန်းကိုးသိန်းသော မြို့အရံတို့၌လည်းကောင်း၊ ကိုးသန်းခြောက်သိန်းသော သဘော်ဆိပ်တို့၌လည်းကောင်း၊ ငါးဆယ့်ခြောက်ရပ်သော ရတနာထွက်ရာ အရပ်တို့၌လည်းကောင်း ဤသို့လျှင် အလုံးစုံသော ဇမ္ဗူဒိပ်တောင်ကျွန်း၊ ပုဗ္ဗဝိဒေဟအရှေ့ကျွန်း၊ အပရဂေါယာန အနောက်ကျွန်း၊ ဥတ္တရကုရုမြောက်ကျွန်း၊ နှစ်ထောင်သော ကျွန်းငယ် အားဖြင့် အလုံးစုံသော စကြဝဠာ၌ နတ်ပြဟ္မာတို့သည် လာရောက်စည်းဝေးကြကုန်၏။

ထို့နောက် ဒုတိယစကြဝဠာ၊ တတိယစကြဝဠာ စသည် အားဖြင့် တစ်သောင်းသော စကြဝဠာတို့၌ ရှိကြကုန်သော နတ်ပြဟ္မာတို့သည် ဤစကြာဝဠာ၌ချည်းလာရောက် စည်းဝေးကြကုန်၏။ အနည်းငယ်ကုန်သော အသညသတ်ပြဟ္မာ၊ အရူပါဝစရ ပြဟ္မာတို့နှင့် သမာပတ်ဝင်စားနေသော ပြဟ္မာတို့သာ ရောက်မလာကြချေ။

ထိုအချိန်၌ ဤသို့စုဝေးလာကြသည့် နတ်ပြဟ္မာတို့ဖြင့် ပြည့်နေသော ဤစကြဝဠာတိုက်တခုလုံးသည် ပြဟ္မာ့ပြည်တိုင်အောင် အပ်ဖူးထဲ၌ အကြားအလပ် မရှိ၊ ထည့်ထားသော အပ်တို့ဖြင့် ပြည့်သကဲ့သို့ ပြည့်ကြပ်၍ နေလေ၏။

လူ့ပြည်မှ ပြဟ္မာ့ပြည်တိုင်အောင်မြင့်သော ဝေးသော အဖြစ်ကိုကား ဆိုလတ္တံ့သောစကားဖြင့် သိနိုင်ပါ၏၊ (သီဟိုဠ်ကျွန်း အနုရာဓမြို့တော် မဟာဝိဟာရကျောင်းတိုက်) လောဟပါသာဒ-ခေါ် ကြေးပြာသာဒ်၌ ဘုံခုနှစ်ဆင့်ခန့် ပမာဏရှိသော ကျောက်တုံးကြီးကို ပြဟ္မာ့ပြည်မှ အောက်သို့ပစ်ချလိုက်လျှင် လေးလကြာမှ မြေကြီးသို့ ရောက်နိုင်၏။ ဤမျှလောက်ကြီးကျယ်မြင့်မား ဝေးခြားလှသော လူ့ပြည်မှ

http://www.dhammadownload.com

ဗြဟ္မာ့ပြည်တိုင်အောင်သော အရပ်၌ အောက်မှရုပ်တည်၍ အထက်သို့ ပစ်မြောက်အပ်သော ပန်းပွင့်တို့သည်လည်းကောင်း၊ အခိုးအထုံသည်လည်းကောင်း အထက်သို့တက်ရန် အကြားကို မရနိုင်ချေ၊ အထက်မှတည်၍ ပစ်ချအပ်သော မုန်ညင်းစေ့ တို့သည်လည်း အောက်သို့ကျရန် အကြားကို မရနိုင်ချေ၊ ဤသို့သော အခြင်းအရာအားဖြင့် အကြားအလပ် မရှိအောင် နတ်ဗြဟ္မာတို့သည် ရှိနေကြလေကုန်၏။

ထိုသို့ပင် ဖြစ်ငြားသော်လည်း စကြဝဠာတေးမင်း၏ ထိုင်ရာအရပ်သည် ကျဉ်းကြပ်ခြင်းမရှိ၊ လာတိုင်း လာတိုင်းသော တန်ခိုးကြီးသည့် မင်းတို့သည် နေရာကို ရရှိကြသည်သာ ဖြစ်ကုန်သကဲ့သို့ နောက်၌မူ ကျဉ်း ကြပ်ခြင်းမရှိ၊ လာတိုင်း လာတိုင်းသော တန်ခိုးကြီးသည့် နတ်များနှင့် မဟာဗြဟ္မာတို့သည် နေရာအရပ်ကို ရရှိကြကုန်သည်သာ ဖြစ်၏၊ သို့သော်လည်း မြတ်စွာဘုရား၏အနီးဖြစ်သော အရပ်၊ အနီးဖြစ်သော အရပ်၌ မဟာပရိနိဗ္ဗာန်သုတ်တွင် ဆိုခဲ့သော နည်းအားဖြင့်သာလျှင် သားမြီးဖျားဖြင့် ထိုးဆွလောက်ရုံအတိုင်း အရှည်ရှိသော အရပ်၌ တကျိပ်နှစ်ကျိပ်မှစ၍ ခြောက်ကျိပ်တိုင်အောင် နတ်ဗြဟ္မာတို့သည်၊ သိမ်မွေ့ကုန် သိမ်မွေ့ကုန်သော ခန္ဓာကိုယ် အတ္တဘောတို့ကို ဖန်ဆင်း၍ ရပ်တည်နေကြ ကုန်၏။

ဗြဟ္မာကြီး ၄-ဦး ဂါထာဖြင့် လျှောက်ခြင်း

ထိုအခါ သုဒ္ဓါဝါသဗြဟ္မာ့ပြည်၌ ရဟန္တာဗြဟ္မာကြီး ၄-ဦးတို့သည် သမာပတ်ဝင်စား၍နေသဖြင့် ကျန်ရစ် ၍သမာပတ်မှ ထပြီးသော် ဗြဟ္မာ့ဘုံတို့ကို ကြည့်လိုက်ရာ ဆွမ်းစားပြီးသော် မွန်းလွဲအခါ၌ ဆွမ်းစားဇရပ်ကဲ့သို့ ဆိတ်ဆိတ်ညံ့ညံ့ဖြစ်ကုန်သော ဗြဟ္မာ့ဘုံတို့ကို မြင်၍ "ဗြဟ္မာတို့သည်အဘယ်သို့ သွားလေကုန်သနည်း"ဟု ဆင်ခြင်သော် များစွာသော နတ်ဗြဟ္မာအပေါင်းတို့၏ အစည်းအဝေးသို့

http://www.dhammadownload.com

သွားကြောင်းကို သိကြရ၏၊ ထိုအခါ "ဤအစည်းအဝေးကြီးသည်ကား များစွာသော နတ်, ဗြဟ္မာအပေါင်းတို့၏ အစည်းအဝေးတည်း၊ ငါတို့သည် ကျန်ရစ်ခဲ့ပြီ၊ ကျန်ရစ်ကုန်သော ငါ တို့အား နေရာမရ ဖြစ်ကြ၏၊ ထို့ကြောင့် ငါတို့လက်ချည်း မသွားကုန်မူ၍ ၁-ဂါထာစီ သီကုံး၍ သွားကုန်အံ့၊ ထို ဂါထာဖြင့် ကြီးစွာသော အစည်းအဝေး၌ ငါတို့လာကြောင်းကို သိစေကုန်အံ့၊ မြတ်စွာဘုရားကျေးဇူးကို ဆိုကုန်အံ့" ဟု ကြံကုန်၍ ဗြဟ္မာပြည်ကပင် ၁-ဂါထာစီ သီကုံးကြ၏၊ အားရှိသောယောက်ျားသည် ခွေသောလက်ကို ဆန့်သကဲ့သို့ ဗြဟ္မာဘုံ၌ ကွယ်ခဲ့၍ တစ်ဦးသောဗြဟ္မာသည် အရှေ့စကြာဝဠာနား၌ ဆင်းသက်၏၊ ထို့နောက် တစ်ဦးသောဗြဟ္မာသည် တောင်စကြာဝဠာနား၌ ဆင်းသက်၏၊ တစ်ဦးသည် အနောက်စကြာဝဠာနား၌ ဆင်းသက်၏၊ တစ်ဦးသည် မြောက်စကြာဝဠာနား၌ ဆင်းသက်၏၊ ထို့နောင်မှ-

၁။ အရှေ့စကြာဝဠာနခမ်းရေး၌သက်သော ဗြဟ္မာသည် နိလကသိုဏ်းလျှင် အာရုံရှိသော စတုတ္ထဈာန်ကို ဝင်စား၍ ညီသော ရောင်ခြည်ကို လွှတ်၍ စကြာဝဠာတစ်သောင်းမှ လာသော နတ်, ဗြဟ္မာတို့အား ပတ္တမြားညို ဖြင့် ပြီးသော မိန်ညိုကို စွပ်သကဲ့သို့ဖြစ်စေ၍ မိမိ၏နောက်မှ လာသောအဖြစ်ကို သိစေ၏။

၂။ တောင်စကြာဝဠာနခမ်းရေး၌သက်သော ဗြဟ္မာသည် ရွှေသောကသိုဏ်းလျှင် အာရုံရှိသော စတုတ္ထဈာန်ကို ဝင်စား၍ ရွှေသောရောင်ခြည်ကို လွှတ်၍ အလုံးစုံသော နတ်, ဗြဟ္မာတို့ကို ရွှေပြားဖြင့် ရုံဘိသကဲ့သို့ဖြစ်စေလျက် မိမိလာသောအဖြစ်ကို သိစေ၏။

၃။ အနောက်စကြာဝဠာနခမ်းရေး၌သက်သော ဗြဟ္မာသည် နီသောကသိုဏ်းလျှင် အာရုံရှိသောဈာန်ကို ဝင်စား၍ နီသော ရောင်ခြည်ကို လွှတ်၍ အလုံးစုံသော နတ်, ဗြဟ္မာတို့ကို ကမ္ဗလာနီဖြင့် ရုံသကဲ့သို့ဖြစ်စေလျက် မိမိလာသောအဖြစ်ကို သိစေ၏။

http://www.dhammadownload.com

၄။ မြောက်စကြာဝဠာနခမ်းရေး၌သက်သော ဗြဟ္မာကြီးသည် ဖြူသောကသိုဏ်းလျှင် အာရုံရှိသောစျာန်ကို ဝင်စား၍ ဖြူသောရောင်ခြည်ကိုလွှတ်၍ ဘုရားမှတပါးသော တစ်သောင်းသော စကြာဝဠာမှ လာသော နတ်, ဗြဟ္မာတို့အား မြတ်လေးပန်းပုဆိုးကို ရုံဘိသကဲ့သို့ ဖြစ်စေ၍ မိမိနောက်မှလာသောအဖြစ်ကို သိစေ၏။

ဤသို့လျှင် မြတ်စွာဘုရားရှင်ထံသို့ လာ၍ ရပ်ကုန်ပြီးသော နတ်, ဗြဟ္မာကြီး ၄-ဦးတို့သည် မိမိတို့ သိကုံး ခဲ့သော ဂါထာကို ဘုရားရှင်အား အသီးအသီး လျှောက်ထားကြကုန်ပြီး၍ မိမိတို့ဆင်းသက်ရာ စကြာဝဠာတံတိုင်းနားသို့ နေကြရလေကုန်၏။

ကြီးကျယ်သော နတ်ဗြဟ္မာအစည်းအဝေး

ထိုအခါ မြတ်စွာဘုရားရှင်သည် ကြည့်ရှုတော်မူလတ်သော် မြေပြင်မှ စကြဝဠာနှုတ်ခမ်းရေး အပိုင်းအခြား တိုင်အောင်လည်းကောင်း၊ အထက် အကနိဋ္ဌဗြဟ္မာ့ပြည်တိုင်အောင်လည်းကောင်း၊ နတ်ဗြဟ္မာတို့ စည်းဝေး နေကြပုံကို မြင်၍-

"ဤနတ်ဗြဟ္မာတို့၏ အစည်းအဝေးကား ကြီးကျယ်လှ၏။ ရဟန်းတို့သည်ကား ဤမျှကြီးကျယ်သော နတ်ဗြဟ္မာတို့၏ အစည်းအဝေးဟု မသိကြချေ၊ ယခု ရဟန်းတို့အား ငါ ပြောကြားပေအံ့" ဤသို့ ကြံစည်တော်မူပြီးလျှင် မြတ်စွာဘုရားရှင်က ရဟန်းတို့ကို ယေျဘုယျေန ဘိက္ခဝေ-စသော ပါဠိတော်ကို မိန့်ကြားတော်မူခြင်း ဖြစ်သည်။

နတ်ဗြဟ္မာတို့၏ အမည်များကို မိန့်ကြားခြင်း

ထိုပါဠိတော်တွင် "အာစိက္ခိဿာမိ ဘိက္ခဝေ" ဟူ၍ အာဘယ့်ကြောင့် မြတ်စွာဘုရားသည် မိန့်ကြားတော် မူသနည်းဆိုသော်- နတ်ဗြဟ္မာတို့၏ စိတ်ခဲ့ကျန်းရှင်လန်းသည်၏အဖြစ်ကို ဖြစ်စေခြင်းငှာ

http://www.dhammadownload.com

မိန့်ကြားတော်မူ၏ ထင်ရှား စေပါအံ့၊ "မြတ်စွာဘုရားသည် ဤမျှ ကြီးကျယ်သော အစည်းအဝေး၌ တန်ခိုးကြီးသော နတ်ပြဟ္မာတို့၏ အမည်အနွယ် တို့ကိုသာလျှင် မိန့်ကြားတော်မူလိမ့်မည်၊ တန်ခိုးနည်းသော နတ်တို့၏အမည်အနွယ်တို့ကိုမူ အဘယ်မှာလျှင် မိန့်ကြားတော်မူလိမ့်မည်နည်း"ဟူ၍ နတ်ပြဟ္မာတို့က ကြံစည်ကြကုန်သတတ်။

ထိုအခါ မြတ်စွာဘုရားသည် "ဤ နတ်ပြဟ္မာတို့သည် အဘယ်ကို ကြံစည်ကြကုန်သနည်း" ဟု ဆင်ခြင်တော်မူလတ်သော် ခဲတွင်းဖြင့် လက်ကိုသွင်း၍ နှလုံးသားကို နှိပ်နယ်ဘိသကဲ့သို့ လည်းကောင်း၊ အထုပ်အထည်နှင့် တကွသော ခိုးသူကို ဖမ်းမိသကဲ့သို့လည်းကောင်း၊ ထိုနတ်ပြဟ္မာတို့၏ စိတ်ဖြစ်ပုံကို သိတော်မူ၍ "တစ်သောင်းသော စကြဝဠာမှ လာတိုင်း လာတိုင်းကုန်သော နည်းပါးသောတန်ခိုးရှိသူ၊ ကြီးမားသော တန်ခိုးရှိသူ ဖြစ်ကုန်သော အလုံးစုံသော နတ်ပြဟ္မာတို့၏ အမည်အနွယ်ကို ငါဘုရားဟောကြားအံ့"ဟူ၍ ကြံတော်မူလေသည်။

ထိုစကား မှန်၏၊ မြတ်စွာဘုရားတို့မည်သည် အလွန်ကြီးမြတ်သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့ ဖြစ်ကြကုန်၏၊ နတ်နှင့်တကွသော လောကသည် အကြင်အာရုံကို မြင်အပ်၏၊ ကြားအပ်၏၊ တွေ့အပ်၏၊ သိအပ်၏၊ ရောက်အပ်၏၊ ရှာမှီးအပ်၏၊ စိတ်ဖြင့် အဖန်ဖန်သုံးသပ်၏၊ ထိုအာရုံ(၆)ပါးတို့အနက် မြတ်စွာဘုရားတို့၏ ဉာဏ်တော်ဝ၌ မထင်နိုင်သော အာရုံဟူ၍ တစုံးတစိမျှမရှိချေ။

နတ်ပြဟ္မာတို့ကို နှစ်စုခွဲ၍ ဆင်ခြင်ခြင်း

ဤသို့လျှင် အလုံးစုံသော အာရုံ၌ အပိတ်အပင် အတားအဆီးမရှိ သိမြင်သော ဉာဏ်ပညာရှင်ဖြစ်တော် မူသော မြတ်စွာ

http://www.dhammadownload.com

ဘုရားသည် အလုံးစုံသော ထိုနတ်ပြဟ္မာတို့ကို ကျွတ်ထိုက်သော ဘဗ္ဗပုဂ္ဂိုလ်၊ မကျွတ်ထိုက်သော အဘဗ္ဗပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့် နှစ်ဖို့ နှစ်စုခွဲဝေမှု ပြုတော်မူ၏။

စရိုက်ခြောက်မျိုးပြင့် ဆင်ခြင်ခြင်း

ထိုနတ်ပြဟ္မာအစည်းအဝေး၌ မကျွတ်ထိုက်သော အဘဗ္ဗပုဂ္ဂိုလ်သတ္တဝါတို့ကို ပယ်ရှား၍ ကျွတ်ထိုက်သော ဘဗ္ဗပုဂ္ဂိုလ်သတ္တဝါတို့ကို သိမ်းဆည်းတော်မူသည်၊ သိမ်းဆည်းတော်မူပြီးနောက် " ဤသတ္တဝါတို့အတွင်း၌ ဤမျှသော သတ္တဝါတို့သည် ရာဂစရိုက်ရှိကုန်၏၊ ဤမျှသော သတ္တဝါတို့သည် ဒေါသစရိုက် ရှိကုန်၏။ ဤမျှသော သတ္တဝါတို့သည် မောဟစရိုက် ရှိကုန်၏ ဤမျှသော သတ္တဝါတို့သည် ဝိတက်စရိုက်ရှိကုန်၏ ဤမျှသော သတ္တဝါတို့သည် သဒ္ဓါစရိုက်ရှိကုန်၏ ဤမျှသော သတ္တဝါတို့သည် ဗုဒ္ဓိစရိုက်ရှိကုန်၏"ဟူ၍ စရိုက်တို့၏ အစွမ်းအားဖြင့် ခြောက်ပါးသော အဖို့အစုတို့ကို ပြုတော်မူသည်။ ထို့နောက် ထိုသတ္တဝါတို့အား လျော်ကပ်သော တရားဒေသနာကို ဆင်ခြင်တော်မူသည် ရှိသော် "ရာဂစရိုက်ရှိသော နတ်ပြဟ္မာတို့အား သမ္မာပရိဗ္ဗာဇနီယသုတ်ကို ဟောကြားရမည်၊ ဒေါသစရိုက်ရှိသော နတ်ပြဟ္မာတို့အား ကလဟ ဝိဝါဒသုတ်ကို ဟောကြားရမည်၊ မောဟစရိုက်ရှိသော နတ်ပြဟ္မာတို့အား မဟာဗျူဟသုတ်ကို ဟောကြား ရမည်။ ဝိတက်စရိုက်ရှိသော နတ်ပြဟ္မာတို့အား စူဠဗျူဟသုတ်ကို ဟောကြားရမည်၊ သဒ္ဓါစရိုက်ရှိသော နတ်ပြဟ္မာတို့အား တုဝဋ္ဋကသုတ်ကို ဟောကြားရမည်။ ဗုဒ္ဓိစရိုက်ရှိသော နတ်ပြဟ္မာတို့အား ပုရာဘေဒသုတ်ကို ဟောကြားမည်"ဟု ဒေသနာကို ပိုင်းခြားသတ်မှတ်တော်မူလေသည်။

http://www.dhammadownload.com

တစ်ဖန် “ဤပရိသတ်သည် မိမိ၏ အလိုဆန္ဒအားဖြင့် ဒေသနာတော်ကို သိရာအံ့လော၊ သူတစ်ပါးတို့၏ အလိုဆန္ဒဖြင့် သိရာအံ့လော၊ အကြောင်းဝတ္ထု၏ ဖြစ်ပေါ်လာခြင်းဖြင့် သိရာအံ့လော၊ ပုစ္ဆာ၏ အစွမ်းအားဖြင့် သိရာအံ့လော”ဟု ထိုပရိသတ်ကို ဆင်ခြင်နှလုံးသွင်းတော်မူပါသည်၊ ထို့နောက် “ပုစ္ဆာ၏ အစွမ်းအားဖြင့် ဒေသနာကို သိနိုင်ရာ၏”ဟု ဆင်ခြင်တော်မူ၍ “နတ်ငြဟ်ဘာတို့၏ အလိုဆန္ဒကိုရယူ၍ စရိုက်၏ အစွမ်းအားဖြင့် ပုစ္ဆာပြဿနာကို မေးခြင်းငှာ စွမ်းနိုင်မည့် တစ်ပါးပါးသော ရဟန်းသည် ရှိသလော”ဟု ကြည့်ရှုတော်မူလတ်သော် “ထိုငါးရာသော ရဟန်းတို့တွင် တစ်ပါးမျှပင် မစွမ်းနိုင်”ဟု မြင်တော်မူလေသည်။

ထို့နောက် ရှစ်ကျိပ်သော မဟာသာဝကရဟန္တာတို့ကိုလည်းကောင်း၊ နှစ်ပါးသော အဂ္ဂသာဝကရဟန္တာတို့ကို လည်းကောင်း နှလုံးသွင်းဆင်ခြင်တော်မူရာ “ထိုပုဂ္ဂိုလ်တို့သည်လည်း မစွမ်းနိုင်ကြ”ဟု မြင်တော်မူသည်၊ ထို့နောက် “အကယ်၍ ပစ္စေကဗုဒ္ဓါသည် ရှိငြားအံ့၊ စွမ်းနိုင်ရာအံ့လော”ဟု ကြံစည်တော်မူပြန်၏၊ “ထိုပစ္စေကဗုဒ္ဓါသည်လည်း မစွမ်းနိုင်ရာ”ဟု သိတော်မူ၍ “သိကြားမင်း သုယာမနတ်မင်း အစရှိသည်တို့တွင် တစ်ဦးဦးသည် စွမ်းနိုင်ရာသလော”ဟု နှလုံးသွင်းကြည့်တော်မူရာ၊ ထိုသိကြားမင်း၊ သုယာမနတ်မင်း အစရှိသူတို့တွင်လည်း တစ်စုံတစ်ယောက်မျှ မစွမ်းနိုင်ချေ။

နိမ္မိတရုပ်ဟူးဗုဒ္ဓကို ပန်ဆင်းတော်မူခြင်း

ထို့နောက် မြတ်စွာဘုရားအား “ငါကဲ့သို့ သဘောရှိသော မြတ်စွာဘုရားသည်သာလျှင် နတ် ငြဟ်ဘာ တို့၏ အလိုဆန္ဒကို ယူ၍ စရိုက်ခြောက်ပါး၏ အစွမ်းအားဖြင့် ပြဿနာကို မေးခြင်းငှာ စွမ်းနိုင်ရာ၏၊ တစုံတခုသောလောကဓာတ်စကြာဝဠာ အရပ်၌ ငါဘုရားမှ

http://www.dhammadownload.com

တစ်ပါးသော ဘုရားတဆူဆူသည် ရှိသေးသလော”ဟု အကြံဖြစ်တော်မူလာ၏၊ ယင်းသို့ အကြံဖြစ်ပြီး အဆုံးမရှိသော လောကဓာတ် စကြာဝဠာတို့၌ အဆုံးမရှိသော အနန္တဉာဏ်ကို ဖြန့်၍ကြည့်ရှုတော်မူလတ်သော် ကိုယ်တော်မြတ်မှ တစ်ပါးသော အခြားဘုရားတဆူကိုမျှ မြင်တော် မမူချေ။

ဆက်ဦးအံ့၊ ဤသို့ မိမိနှင့်တူသော ပုဂ္ဂိုလ်ဘုရားတဆူဆူကို မြင်တော်မမူခြင်းကား အံ့သြဖွယ်မဟုတ်ချေ။ ထိုမြတ်စွာဘုရားသည် မယ်တော်မာယာ၏ဝမ်းမှ မွေးဖွားသော နေ့၌လည်း ဗြဟ္မာလသုတ်၌ ဆိုခဲ့သော နည်းအားဖြင့် မိမိနှင့်တူသော ပုဂ္ဂိုလ်ဘုရားတဆူဆူကို မမြင်သည်ဖြစ်၍ “ငါသည် လောကသတ္တဝါအပေါင်း၏ အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်၏”ဟူ၍ တစ်စုံတစ်ယောက်သော သူကမျှမကန့်ကွက်နိုင်သည့် ခြေသော့်ဟောက်သကဲ့သို့ ရဲရင့်သော စကားကို မြွက်ကြားတော်မူခဲ့ပေသည်။

ဤသို့ မိမိနှင့်တူသည့် တစ်ပါးသော ပုဂ္ဂိုလ်ဘုရားတဆူဆူကို (မရှိသည့်အတွက်) မြင်တော်မမူသည်ရှိသော် မြတ်စွာဘုရားသည် ဤသို့ ကြံစည်တော်မူ၏ -

“အကယ်၍ ငါကပင် မေး၍ ငါကပင် ဖြေကြားမည်ဆိုလျှင် ဤနတ်ဗြဟ္မာတို့သည် ထိုးထွင်း၍ သိခြင်းငှာ စွမ်းနိုင်ကြလိမ့်မည်မဟုတ်၊ စင်စစ်အားဖြင့် တစ်ပါးသော ဘုရားတဆူကမေး၍ ငါကဖြေကြားမှသာလျှင် အံ့သြဖွယ်ရှိသည် ဖြစ်လတ္တံ့၊ နတ်ဗြဟ္မာတို့ကလည်း ထိုးထွင်း၍ သိခြင်းငှာ စွမ်းနိုင်ကြကုန်လတ္တံ့၊ ထို့ကြောင့် နိမ့်တရုပ်ပွားဘုရားကို ငါ ဖန်ဆင်းပေအံ့”

မြတ်စွာဘုရားသည် ဤသို့ ကြံစည်တော်မူ၍ အဘိညာဉ်၏ အခြေခံဖြစ်သော စတုတ္ထဈာန်ကို ဝင်စားပြီး ထိုဈာန်မှ ထ၍ “သပိတ်သင်္ကန်းကို ကိုင်ခြင်းသည်လည်းကောင်း၊ ရှေ့ရှုကြည့်ခြင်း၊ တစောင်း

http://www.dhammadownload.com

ကြည့်ခြင်းသည် လည်းကောင်း၊ ကွေးခြင်း၊ ဆန့်ခြင်းသည်လည်း ကောင်း ငါဘုရားနှင့်တူသည်သာ ဖြစ်စေသတည်း”ဟု ကာမာဝစရ မဟာကြိယာဉာဏသမ္ပယုတ်စိတ်တို့ဖြင့် ပရိကံကိုပြု၍ အရှေ့ယုဂန္ဓိုရ်တောင်ဝန်းမှ ခုန်ထွက်လာသော လဝန်းကို ခွဲ၍ ထွက်လာဘိသကဲ့သို့ အဘိညာဉ်ရူပါဝစရစျာန်စိတ်ဖြင့် နိမ္မိတရုပ်ပွားဘုရားကို အဓိဋ္ဌာန်ဖန်ဆင်းတော် မူလေ၏။

နတ်ပြဟ္မာအပေါင်းသည် ထိုနိမ္မိတရုပ်ပွားဗုဒ္ဓကို တွေ့မြင်၍ “တစ်ပါးသော လသည်လည်း ထွက်လာလေ သလော”ဟု ပြောဆို ကြ၏။ ထို့နောက် နိမ္မိတရုပ်ပွားဗုဒ္ဓက လကို နောက်၌ ချန်ထားခဲ့ပြီး ပို၍ နီးကပ်လာသည် ရှိသော် “လ-မဟုတ်၊ နေ-ဖြစ်၏”ဟု ပြောဆို ကြပြန်သည်။ တစ်ဖန်ပို၍ နီးလာပြန်သော် “နေ - မဟုတ်၊ နတ်ဗိမာန် တစ်ခုဖြစ်၏”ဟု ပြောဆိုပြန်၏။ တစ်ဖန်ပို၍ နီးလာပြန်သော် “နတ်ဗိမာန်မဟုတ်၊ နတ်သားတစ်ယောက် ဖြစ်၏”ဟု ပြောဆိုပြန်၏။

တစ်ဖန် ပို၍ နီးလာပြန်သော် “ နတ်သားမဟုတ်၊ မဟာပြဟ္မာ တစ်ပါးဖြစ်၏”ဟု ပြောဆိုကြပြန်၏။ တစ်ဖန် ပို၍ နီးလာပြန်သော် “မဟာပြဟ္မာ မဟုတ်၊ အချင်းတို့ . . . အခြားတပါးသော ဘုရားတဆူသည် ကြွလာတော်မူ၏”ဟု ပြောဆိုလေသည်။

ထိုနတ်ပြဟ္မာတို့တွင် ပုထုဇဉ်ဖြစ်သော နတ်ပြဟ္မာတို့သည် “တစ်ဆူသော မြတ်စွာဘုရား၏ နတ်ပြဟ္မာ အစည်းအဝေးသည် ဤမျှကြီးကျယ်ဘိ၏။ နှစ်ဆူသော မြတ်စွာဘုရားတို့၏ နတ်ပြဟ္မာ အစည်းအဝေးကား အဘယ်မျှ ကြီးကျယ်သည်ဖြစ်လိမ့်မည်နည်း” ဟု ကြံကြလေသည်။ အရိယာဖြစ်သော နတ်ပြဟ္မာတို့သည်ကား “တစ်ခုသော လောကဓာတ်ကမ္ဘာ၌ နှစ်ဆူသော ဘုရားရှင်တို့ မည်သည် ပွင့်မြဲမဟုတ်ချေ၊ စင်စစ် မြတ်စွာဘုရားရှင်သည် မိမိနှင့်

http://www.dhammadownload.com

တူသည့် အခြားသော နိမ္မိတရုပ်ပွားဘုရားကို ဖန်ဆင်းအပ်သည် ဖြစ်လတ္တံ့."ဟု ကြံကြလေ၏။

ထို့နောက် ထိုနတ်ပြဟ္မာအပေါင်း ကြည့်ရှုနေကြစဉ်မှာပင် နိမ္မိတရုပ်ပွားဗုဒ္ဓသည် ကြွလာပြီး မြတ်စွာဘုရား ရှင်ကို ရှိမခိုးမူ၍ သာလျှင် မျက်မှောက်ဖြစ်သောမျက်နှာချင်းဆိုင်အရပ်၌ ထပ်တူ ထပ်မျှပြု၍ ဖန်ဆင်းအပ်သော နေရာတော်၌ ထိုင်တော်မူလေ၏။

ပကတိမြတ်စွာဘုရားနှင့် နိမ္မိတရုပ်ပွားဘုရား

မြတ်စွာဘုရားရှင်၏ကိုယ်တော်လည်း သုံးဆယ့်နှစ်ပါးသော ယောက်ျားမြတ်လက္ခဏာတို့သည် ပါရှိကုန်၏။ နိမ္မိတရုပ်ပွားဗုဒ္ဓ၏ ကိုယ်တော်၌လည်း သုံးဆယ့်နှစ်ပါးသာလျှင် ဖြစ်ကုန်သော လက္ခဏာ တို့သည် ပါရှိကုန်၏။

မြတ်စွာဘုရားရှင်၏ ကိုယ်တော်မှလည်း ခြောက်မျိုးသော အဆင်းရှိသော ရောင်ခြည်တော်တို့သည် ထွက်ပေါ်ကွန့်မြူးကုန်၏။ နိမ္မိတရုပ်ပွားဗုဒ္ဓ၏ ကိုယ်တော်မှလည်း ခြောက်မျိုးသော အဆင်းရှိသော ရောင်ခြည်တော် တို့သည် ပေါ်ထွက်ကွန့်မြူးကုန်၏။

မြတ်စွာဘုရားရှင်၏ ကိုယ်တော်မှ ရောင်ခြည်တော်တို့သည်လည်း နိမ္မိတရုပ်ပွားဗုဒ္ဓ၏ ကိုယ်တော်၌ ခိုက်လျက်တည်ကုန်၏၊ နိမ္မိတရုပ်ပွားဗုဒ္ဓ၏ကိုယ်တော်မှ ရောင်ခြည်တော်တို့သည်လည်း မြတ်စွာဘုရားရှင်၏ ကိုယ်၌ ခိုက်လျက်တည်ကုန်၏။

ထိုရောင်ခြည်တော်(၆)သွယ်တို့သည် ပကတိမြတ်စွာဘုရား, နိမ္မိတရုပ်ပွား မြတ်စွာဘုရားအားဖြင့် နှစ်ဆူသော မြတ်စွာဘုရားတို့၏ ကိုယ်တော်မှ အထက်သို့တက်၍ အကနိဋ္ဌဘုံကို ထိခိုက်၍ ထိုအကနိဋ္ဌဘုံမှ တစ်ဖန် ပြန်နစ်လာပြီး နတ်ပြဟ္မာတို့၏ အထက်အစွန်း၌ သက်ဆင်း၍ စကြဝဠာနှုတ်ခမ်းရေး၌ တည်ကြလေသည်။

http://www.dhammadownload.com

နိမိတရုပ်ပွားဗုဒ္ဓက မေးလျှောက်ခြင်း

သို့ဖြစ်ရကားအလုံးစုံသော စကြဝဠာတိုက်ကြီးတခုလုံးသည် ရွှေဖြင့်ပြီးသည့် ကောင်းသော အချင်ရနယ် တို့ဖြင့် မြွေးယှက်အပ်သော စေတီအိမ်ကဲ့သို့ လွန်စွာ တင့်တယ်လျက်ရှိလေ၏။ တစ်သောင်းသော စကြဝဠာမှ နတ်ပြဟ္မာ တို့သည် တစ်ခုသော စကြဝဠာ၌ အစုအဖွဲ့ ဖြစ်ကုန်လျက် နှစ်ဆူသော မြတ်စွာဘုရားတို့၏ ရောင်ခြည်တော်တိုက် အတွင်းသို့ဝင်၍ တည်ကြလေသည်။ နိမိတရုပ်ပွားဗုဒ္ဓသည် ထိုင်တော်မူလျက်သာလျှင် ပကတိမြတ်စွာဘုရား၏ ဗောဓိပလ္လင်၌ ကိလေသာပယ်ခြင်းကို ချီးမွမ်းလျက် -

ကြီးကျယ်သော ပညာရှိတော်မူသော၊ သြဃလေးဖြာသံသရာမှ လွန်တော်မူပြီးသော၊ နိဗ္ဗာန်ဟူသော တစ်ဖက်ကမ်းသို့ ရောက်တော်မူပြီးသော၊ ကိလေသာ ငြိမ်းအေးတော်မူပြီးသော၊ တည်တံ့ ခံ့ခိုင်သော စိတ်ရှိတော်မူသော ရဟန်းမြတ်ကို ကျွန်ုပ်မေးလျှောက်ပါ၏။ ကာမဂုဏ်တို့ကို ပယ်ပြီး အိမ်ရာတည်ထောင်လူတို့ဘောင်မှ ထွက်၍ ရဟန်းဖြစ်လာသော ထိုပုဂ္ဂိုလ်သည် အဘယ်သို့လျှင် လောက၌ ကောင်းစွာ ကျင့်ရာပါသနည်း" ဟူသော သမ္မာပရိဗ္ဗာဇနိယသုတ္တန်လာဂါထာကို ဆိုလေသည်။

ပကတိမြတ်စွာဘုရားသည် နိမိတရုပ်ပွားဗုဒ္ဓမေးအပ်သည့် ပုစ္ဆာပြဿနာတို့ကိုမဖြေကြားမီ (သမ္မာ ပရိဗ္ဗာဇနိယ သုတ္တန်စသည်တို့ကိုမဟောကြားသေးမီ)"နတ်တို့၏ စိတ်နှလုံး ခံ့ကျန်းနူးညံ့ခြင်းစသည် ဖြစ်စေခြင်းအကျိုးငှာ ရောက်လာကုန် ရောက်လာကုန်သော နတ်ပြဟ္မာတို့၏အမည်အနွယ်တို့ကို ရှေးဦးစွာ ငါပြောကြားဦးအံ့"ဟု ကြံ၍ "အာစိက္ခိဿာမိ ဘိက္ခဝေ" အစရှိသော ပါဠိတော်စကားကို မိန့်ကြားတော်မူလေသည်။

http://www.dhammadownload.com

မဟာသမယသုတ်ပါဠိတော် အပိုင်းအခြား အဓိပ္ပါယ်ရှင်းလင်းချက်

(၁) အမှုန်း(၄)ဂါထာ

၁။ သတေဟိ ပဥ္စမတ္တေဟိ၊ ခိဏာသဝေဟိ ကေဝလံ။
ဘိက္ခုဟိ ဘူပဝံသေဟိ၊ သတ္ထာ ဇိနော ပရိဝုတော။
၂။ သက္ကေ ကပိလဝတ္ထုသ္မိံ၊ ဆာယာရမွေ မဟာဝနေ။
သမန္တတော သဟသ္သေဟိ၊ စက္ကဝါဠေဟိ ဒဿဟိ။
၃။ အာဂမွ သန္နိသိန္နာနံ၊ ဒေဝါနံ ယ'မဒေသယိ။
အာယုဒီယကရံ သဗ္ဗ-သမွတ္တိသာဓကံ ဝရံ။
၄။ သုဒ္ဓါဝါသပဘူတီဟိ၊ ဒေဝေဟိ ပဋိနန္ဒိတံ။
သဗ္ဗရောဂဘယူဠ္ဟါတံ၊ သမယံ တံ ဘဏာမ ဟေ။

တစ်ပါးအမျိုးအနွယ်နှင့် မရောမယှက် သက်သက် သာကီဝင်မင်းမျိုးမင်းနွယ်ချည်း ဖြစ်ကုန်သော၊ ပုထုဇဉ်နှင့် သေက္ခမဖက် ရဟန္တာချည်း သက်သက်ဖြစ်ကုန်သော၊ ငါးရာအတိုင်းအရှည်ရှိကုန်သော ရဟန်းတို့သည်၊ ထက်ဝန်းကျင်ခြံရံအပ်သော၊ မာရ်ငါးပါးကို အောင်တော်မူပြီးသော မြတ်စွာဘုရားသခင်သည်၊ သက္ကတိုင်း၌၊ ကပိလဝတ်ပြည်၌၊ အရိပ်ရေတို့နှင့် ပြည့်စုံ သည်ဖြစ်၍ နှလုံးမွေ့လျော်ဖွယ်ရှိသော၊ မဟာဝုန်တော၌၊ နေတော်မူလျက်၊ ပတ်လည်ဝန်းကျင် တစ်သောင်းသော စကြဝဠာတိုက်တို့မှ၊ လာကုန်၍၊ အညီအညွတ်စည်းဝေး၍ နေကုန်သော၊ နတ်ငြဟ္မာတို့အား၊ အကြင် မဟာသမယသုတ်တော်ကို၊ ဟောတော်မူပြီ၊

(၁) အသက်ရှည်ခြင်းကို ပြုတတ်သော၊
(၂) ခပ်သိမ်းသော စည်းစိမ်ချမ်းသာ ဘုန်းကျက်သရေကို ပြီးစေတတ်သော၊ တောင့်တအပ်ကောင်းမြတ်သော၊

http://www.dhammadownload.com

(၃) သုဒ္ဓါဝါသဗြဟ္မာ အစရှိကုန်သော၊ နတ်ဗြဟ္မာတို့သည်၊ နှစ်သက်အပ်သော၊

(၄) ခပ်သိမ်းသော ရောဂါ ဘေးအန္တရာယ်တို့ကို ဖျက်ဆီးတတ်သော၊ ထိုမဟာသမယသုတ်တော်ကို၊ငါတို့သည်၊ ရွတ်ဆိုပူဇော်ကြပါကုန်စို့။

ဤ(၄)ဂါထာကား ဘုရားဟောမဟုတ်သေးပါ၊ မဟာသမယသုတ်ကို ရွတ်ဖတ်ချင်အောင် ရှေးဆရာတို့က ဂုဏ်တင်ပြထားသည့် အမွှန်းဂါထာတို့ဖြစ်သည်၊ ဤအမွှန်းဂါထာတို့တွင် မဟာသမယသုတ်ကို ဟောကြားသော ဒေသကပုဂ္ဂိုလ်၊ တရားနာပရိသတ်, ဟောကြားရာအရပ်ဒေသတို့ကို ဖော်ပြထားသည်၊ ထို့အပြင် မဟာသမယသုတ် ရွတ်ဖတ် ရခြင်း၏ အကျိုး(၄)မျိုးကိုလည်း ထုတ်ပြထားသည်၊ အကျိုး(၄)မျိုးတို့ကား- (၁)အသက်ရှည်ခြင်း၊ (၂)စီးပွားဥစ္စာ ပြည့်စုံခြင်း၊ (၃)နတ်တို့ နှစ်သက်စောင့်ရှောက်မှုခံရခြင်း၊ (၄)အနာရောဂါနှင့် ဘေးအန္တရာယ်ကင်းဝေးခြင်းတို့ ဖြစ်သည်။

မဟာသမယသုတ်ကို ကမ္ဘာအေးသီရိမင်္ဂလာပရိတ်စာအုပ်ထမ်းစမ်းဂူ ဗုဒ္ဓခြေတော်ရာ ဝတ်ရွတ်စဉ် စာအုပ်တို့လာ အမှတ်စဉ် သင်္ချာတို့ဖြင့် ပိုင်းခြား ဖော်ပြပါမည်၊ ဝတ်ရွတ်စဉ်ဆိုက်အနေဖြင့် စာရွက်(၄)ရွက်ခွဲ၊ အပိုင်းအနေဖြင့် (၉)ပိုင်း၊ ဂါထာအနေဖြင့် (၇၁) ဂါထာဖြစ်သည်။

အပိုင်း(၉)ပိုင်းနှင့် ဂါထာအရေအတွက်ကား-

(၁) အမွှန်းဥယျောဇဉ်အပိုင်း-(၄)ဂါထာ၊

(၂) နိဒါန်းနှင့် ဗြဟ္မာမင်းကြီး(၄)ဦးတို့ ချီးကျူးသည့် အပိုင်း-(၄)ဂါထာ၊

http://www.dhammadownload.com

(၃) ဘုရားရှင်က နတ်ပြဟ္မာတို့စည်းဝေးရောက်ရှိနေပုံကို အာသီပေးသည့်အပိုင်း၊

(၄) ဘုမ္မစိုးနတ်,ရုက္ခစိုးနတ်တို့အပိုင်း-(၂၈)ဂါထာ၊

(၅) နဂါးဂဠုန်တို့အပိုင်း-(၄)ဂါထာ၊

(၆) နတ်အသုရာနှင့် မာရ်နတ်တို့အပိုင်း-(၃)ဂါထာ၊

(၇) အာကာသစိုးနတ်တို့အပိုင်း-(၁၈)ဂါထာ၊

(၈) ပြဟ္မာများအပိုင်း-(၃)ဂါထာ၊

(၉) နိဂုမ်းမာရ်နတ်နှောက်ယှက်မှုနှင့် ပရိသတ်အနေ အထားအပိုင်း-(၇)ဂါထာတို့ဖြစ်ကြ၏၊

ဂါထာပေါင်း (၇၁)ဂါထာတွင်-

(၁) ရှေးဆရာတို့၏အမွှန်း-(၄)ဂါထာ၊

(၂) ပြဟ္မာမင်းတို့ရွတ်ဆိုသော-(၄)ဂါထာ၊

(၃) မာရ်နတ်ရွတ်ဆိုသော-(၂)ဂါထာ၊

(၄) ဘုရားရှင်ဟောကြားသော-(၆၁)ဂါထာတို့ပါဝင်သည်။

(၃) မာရ်နတ်ရွတ်ဆိုသော (၂)ဂါထာတို့မှာ အမှတ်စဉ်(၃၇)မှ "ဧထ ဂဏ္ဌထ ဗန္ဓထ" စသော ဒုတိယဂါထာနှင့် အမှတ်စဉ် (၃၉)လာ "သဗ္ဗေ ဝိဇိတသင်္ဂါမာ" စသော နိဂုမ်းဂါထာတို့ပင်ဖြစ်သည်။

နတ်ပြဟ္မာတို့၏နာမည်တို့ကို ပြည့်စုံစွာထုတ်ပြဟောကြားထားသောကြောင့် ဤမဟာသမယ သုတ်ကို "နတ်အာဘိဓာန် သုတ်" "နတ်စာရင်း သုတ်"ဟုလည်းခေါ်ကြသည်။

(၂) မဟာသမယသုတ်ပါဠိတော်+မြန်မာပြန်+အဓိပ္ပါယ်

၁။ ဧဝံ မေ သုတံ - ဧကံ သမယံ ဘဂဝါ သက္ကေသု ဝိဟရတိ ကပိလဝတ္ထုသ္မိံ မဟာဝနေ မဟတာ ဘိက္ခုသံဃေန သဒ္ဒိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ သဗ္ဗေဟေဝ အရဟန္တေဟိ၊ ဒသဟိ စ လောက

http://www.dhammadownload.com

မာတူဟိ ဒေဝတာ ယေဘုယျေန သန္နိပတိတာ ဟောန္တိ ဘဂဝန္တံ ဒဿနာယ ဘိက္ခုသံယဉ္စ။

အရှင်မဟာကဿပဘုရား အကျွန်ုပ်အာနန္ဒာသည် ဤမဟာသမယသုတ်တော်ကို မြတ်စွာဘုရား ထံတော်မှ ဤသို့ ကြားနာခဲ့ရပါသည်။

အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် ဟိမဝန္တာနှင့် တစပ်တည်းရှိသော မဟာဝုန်တောကြီး၌ ငါးရာမျှသော အလုံးစုံ ရဟန္တာချည်းဖြစ်သော ရဟန်းသံဃာများစွာနှင့် အတူ သီတင်းသုံးနေတော်မူ၏။ စကြာဝဠာတထောင်စီရှိသော လောကဓာတ်တိုက် ဆယ်ခုတို့မှ (စကြာဝဠာတိုက် တစ်သောင်းတို့မှ) နတ်ဗြဟ္မာတို့သည်လည်း မြတ်စွာဘုရားကိုလည်းကောင်း၊ ရဟန်းသံဃာကိုလည်းကောင်း ဖူးမြော်ခြင်းငှါ အများအားဖြင့် စည်းဝေးရောက်လာကြကုန်၏။

ရှင်းလင်းချက်

ဤအပိုဒ်တွင်ပါဝင်သော "ကပိလဝတ္ထုဿိ မဟာဝနေ" ပါဠိဖြင့် မဟာဝုန်တော(၂)မြို့တွင် ဤ၌ ကပိလဝတ်ပြည်အနီးမှာရှိသည့် မဟာဝုန်တောကြီးဖြစ်ကြောင်း၊ ဝေသာလီမြို့အနီးမှ မဟာဝုန်တော မဟုတ်ကြောင်းကို ပြသည်။

ဒဿဟိ လောကဓာတူဟိ-ပါဠိတွင် ဤ၌စကြာဝဠာကမ္ဘာလောကဓာတ် တထောင်ကို စကြာဝဠာ ကမ္ဘာလောကဓာတ် တခုဟုယူရသဖြင့် စကြာဝဠာကမ္ဘာလောက ဓာတ်ပေါင်း တသောင်းဟုဆိုရသည်။ (ဋီကာ-၂၃၄)

http://www.dhammadownload.com

အထခေါ် စတုန္နံ သုဒ္ဓါဝါသကာယိကာနံ ဒေဝတာနံ စေတဒဟောသိ "အယံ ခေါ် ဘဂဝါ သင်္ကေသု ဝိဟရတိ ကပိလဝတ္ထုသ္မိံ မဟာဝနေ မဟတာ ဘိက္ခသံ်ယေန သဒ္ဒိ ပဉ္စမတ္တေဟိ ဘိက္ခသတေဟိ သဗ္ဗေဟေဝ အရဟန္တေဟိ၊ ဒသဟိ စ လောကဓာတူဟိ ဒေဝတာ ယေဘုယျေန သန္နိပတိတာ ဟောန္တိ ဘဂဝန္တံ် ဒဿနာယ, ဘိက္ခသံ်ယဉ္စ၊ ယံ်နူနာ မယမ်ပိ ယေန ဘဂဝါ, တေနုပသင်္ကမေယျာမ၊ ဥပသင်္ကမိတ္ဝာ ဘဂဝတော သန္တိကေ ပစ္စေကံ် ဂါထံ ဘာသေယျာမာ" တိ။

နတ်ပြဟ်ဝာတို့ စည်းဝေးကြပြီးရာ ထိုအခါ၌ သုဒ္ဓါဝါသဘုံ၌ နေသော ပြဟ်ကြီးလေးဦးတို့အား ဤသို့သော အကြံအစည်သည် ဖြစ်ပေါ် လာပါ၏-

"ဤမြတ်စွာဘုရားသည် သင်္ကတိုင်း ကပိလဝတ်ပြည် မဟာဝုန်တောကြီး၌ ငါးရာမျှသော အလုံးစုံရဟန္တာ ချည်းဖြစ်သော ရဟန်းသံ်ဃာများစွာ နှင့်အတူ သီတင်းသုံးနေတော်မူ၏။ စကြာဝဠာ တထောင်စီရှိသော လောကဓာတ်တိုက် ဆယ်ခုတို့မှ နတ်ပြဟ်ဝာ တို့သည်လည်း မြတ်စွာဘုရားကိုလည်း ကောင်း၊ ရဟန်းသံ်ဃာ ကိုလည်းကောင်း ဖူးမြော်ခြင်းငှါ အများအားဖြင့် စည်းဝေးရောက် လာကုန်၏။ ငါတို့သည်လည်း မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရား၏ အထံတော်၌ အသီးအသီး ဂါထာတပုဒ်စီ ရွတ်ဆိုရ မူကား ကောင်းလေစွ" ဟု အကြံအစည်ဖြစ်ပေါ် လာပါပြီ။

အထ ခေါ် တာ ဒေဝတာ သေယျထာပိ နာမ ဗလဝါ ပုရိသော သမိဉ္ဇိတံ် ဝါ ဗာဟံ် ပသာရေယျ, ပသာရိတံ် ဝါ ဗာဟံ် သမိဉ္ဇေယျ၊ ဧဝမေဝ သုဒ္ဓါဝါသေသု ဒေဝေသု အန္တရဟိတာ ဘဂဝတော ပုရတော ပါတုရဟေသုံ။ အထ ခေါ် တာ ဒေဝတာ ဘဂဝန္တံ် အဘိဝါဒေတ္ဝာ ဧကမန္တံ် အဋ္ဌံသု။

http://www.dhammadownload.com

ထိုအခါ ထိုဗြဟ္မာကြီး(လေးဦး)တို့သည် ဥပမာအားဖြင့် ခွန်အားရှိသော ယောကျ်ားသည် ကွေးသောလက်ကို ဆန့်သကဲ့သို့လည်းကောင်း၊ ဆန့်သော လက်ကို ကွေးသကဲ့သို့ လည်းကောင်း ဤအတူ သုဒ္ဓါဝါသ ဗြဟ္မာဘုံမှ ကွယ်ပျောက်ခဲ့၍ မြတ်စွာဘုရား၏ ရှေ့တော်၌ ထင်ရှားစွာပေါ်လာကုန်၏။ ထို့နောက် ထိုဗြဟ္မာကြီးတို့သည် မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ ရပ်တည်ကြကုန်၏။

❀ ❀ ❀ ❀ ❀

ကေမန္တံ ဌိတာ ခေါ် ကော ဒေဝတာ ဘဂဝတော သန္တိကေ ဣမံဂါထံ အဘာသိ -

၁။ "မဟာသမယော ပဝနသ္မိံ၊
ဒေဝကာယာ သမာဂတာ။
အာဂတ'မှ ဣမံ ဓမ္မသမယံ၊
ဒက္ခိတာယေ အပရာဇိတသံ်ယ"န္တိ။

တခုသောနေရာ (အရှေ့ဘက် စကြာဝဠာတောင်ထိပ်၌ သက်ဆင်းလာသော)တဦးသော ဗြဟ္မာမင်းသည် မြတ်စွာဘုရား၏ အထံတော်၌ ဤဂါထာကို ရွတ်ဆိုလျှောက်ထား၏-

"မြတ်စွာဘုရား မဟာဝုန်တော၌ နတ်ဗြဟ္မာအပေါင်းတို့သည် စုရုံးလာရောက်ကြသဖြင့် အစည်းအဝေး ကြီး ဖြစ်လျှက်ရှိနေပါ၏ အကျွန်ုပ်တို့သည်လည်း (ကိလေသာရန်သူတို့) မအောင်နိုင်သော ရဟန္တာသံ်ယာတော်အပေါင်းကို ဖူးမြော်ခြင်းငှာ ဤတရားသဘင် အစည်းအဝေးကြီးသို့ လာရောက်ပါကုန်၏ " ဟု (ရွတ်ဆိုလျှောက်ထား၏)။

❀ ❀ ❀ ❀ ❀

http://www.dhammadownload.com

၂။ အထ ခေါ် အပရာ ဒေဝတာ ဘဂဝတော သန္တိကေ ဣမံဂါထံ အဘာသိ-

၂။ "တတြ ဘိက္ခဝေါ် သမာဒဟံသု၊
စိတ္တ'မတ္တနော ဥဇုကံ အကံသု။
သာရထိဝ နေတ္တာနိ ဂဟေတ္တွာ၊
ဣန္ဒြိယာနိ ရက္ခန္တိ ပဏ္ဍိတာ"တိ။

ထို့နောက် တောင်ဘက်စကြာဝဠာတောင်ထိပ်၌ သက်ဆင်းလာသော တဉီးသောဗြဟ္မာမင်းသည် မြတ်စွာဘုရား၏ အထံတော်၌ ဤဂါထာကိုရွတ်ဆိုလျှောက်ထား၏။

မြတ်စွာဘုရား ထို (အစည်းအဝေး)၌ ရဟန်းငါးရာတို့သည် မိမိစိတ်ကိုတည်ကြည်စေလျက် ဖြောင့်မတ်စွာ ပြုထားပါကုန်၏။ ရထားထိန်းသည်(မြင်းဇက်) ကြိုးတို့ကို ကိုင်၍ ထိန်းသကဲ့သို့ ပညာရှိ (ရဟန်းငါးရာ) တို့သည်မျက်စိ နား နှာခေါင်း လျှာ ကိုယ်-ဟူသော ဣန္ဒြေတို့ကို ထိန်းသိမ်းတော်မူကြပါကုန်၏" ဟု (ရွတ်ဆိုလျှောက်ထား၏)။



၃။ အထ ခေါ် အပရာ ဒေဝတာ ဘဂဝတော သန္တိကေ ဣမံဂါထံ အဘာသိ-

၃။ "ဆေတ္တာ ခလ ဆေတ္တာ ပလဃ၊
ဣန္ဒခီလံ ဥဂဟစ္စ မနေဇာ။
တေ စရန္တိ သုဒ္ဓါ ဝိမလာ၊
စက္ခုမတာ သုဒန္တာ သုသုနာဂါ"တိ။

ထို့နောက် အနောက်ဘက်စကြာဝဠာတောင်ထိပ်၌ သက်ဆင်းလာသော တဉီးသော ဗြဟ္မာမင်းသည် မြတ်စွာဘုရား၏ အထံတော်၌ ဤဂါထာကို ရွတ်ဆိုလျှောက်ထား၏။

http://www.dhammadownload.com

“ မြတ်စွာဘုရား ဗုဒ္ဓ, ဓမ္မ, သမန္တန္နှင့် ဒီဗွ, ပညာ ငါးဖြာသော မျက်စိရှိတော်မူသော မြတ်စွာဘုရားရှင်သည် ကောင်းစွာ ဆုံးမထားပြီး ဖြစ်၍ အလွန်ယဉ်ကျေးကြသော တဏှာကင်းလျက် သန့်ရှင်း စင်ကြယ်သော ထိုရဟန္တာငယ်ငါးရာတို့သည် (ရာဂ,ဒေါသ,မောဟ-တည်းဟူသော) ခလုတ် တံသင်း နှင့်တံခါးကျည် မင်းတုပ်ကို ဖြတ်တော်ပြီးလျှင် (ရာဂ,ဒေါသ,မောဟတည်းဟူသော)တံခါးတိုင်ကို နှုတ်ပယ်၍ အရပ်လေးမျက်နှာသို့ အပိတ်အပင် အဆီးအတားမရှိ လှည့်လည်သွားလာ နိုင်ကြကုန်၏”ဟု (ရွှတ်ဆိုလျှောက်ထား၏)။



၄။ အထ ခေါ် အပရာ ဒေဝတာ ဘဂဝတော သန္တိကေ ဣမံဂါထံ အဘာသိ-

၄။ “ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊
နု တေ ဂမိဿန္တိ အပါယဘူမိ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ”တိ။

ထို့နောက် မြောက်ဘက် စကြာဝဠာတောင်ထိပ်၌ သက်ဆင်းလာသောတဉီးသော ဗြဟ္မာမင်းသည် မြတ်စွာဘုရား၏ အထံတော်၌ ဤဂါထာကို ရွှတ်ဆိုလျှောက်ထား၏-

“မြတ်စွာဘုရား မြတ်စွာဘုရားရှင်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သူအားလုံးတို့သည် အပါယ်လေးဘုံသို့ မရောက်ကြပါကုန်လတ္တံ၊ လူခန္ဓာကိုယ်ကို စွန့်ပယ်ရသည်ရှိသော် နတ်ပြည်၌ ဖြစ်ကြပါ ကုန်လတ္တံ.” ဟု (ရွှတ်ဆိုလျှောက်ထား၏)။

http://www.dhammadownload.com

ရှင်းလင်းချက်

ဤအပိုဒ်(၁၊ ၂၊ ၃၊ ၄)တို့၌ မှတ်ဖွယ်ကို ရှေ့ပိုင်းတွင်ရေးသားထားသည့် မဟာသမယသုတ် သမိုင်းတွင်ဖော်ပြထားပြီးဖြစ်သည် ဗြဟ္မာမင်းကြီး(၄)ဦးတို့၏ ဂါထာတို့တွင် ရှေ့(၃)ဂါထာတို့မှာ တရားနာပရိသတ်ဖြစ်သော ရဟန္တာသံဃာအရှင်မြတ်တို့၏ သံယုဂ်တော်တို့ကို ဖော်ပြထားခြင်းဖြစ်သည်၊ နောက်ဆုံးဂါထာမှာမူ-မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ရခြင်းအကျိုးကိုပြသည်။

(၃) ဒေဝတာသန္နိပါတ

၅။ အထ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ "ယေဘုယျေန ဘိက္ခဝေ ဒဿသု လောကမာတူသု ဒေဝတာ သန္နိပတိတာ ဟောန္တိ တထာဂတံ ဒဿနာယ ဘိက္ခုသံဃဿ။ ယေပိ တေ ဘိက္ခဝေ အဟေသုံ အတီတမဒ္ဓါနံ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ၊ တေသမ်ပိ ဘဂဝန္တာနံ စေတံပရမာယေဝ ဒေဝတာ သန္နိပတိတာ အဟေသုံ သေယျထာပိ မယ်ံ စေတရဟိ။ ယေပိ တေ ဘိက္ခဝေ ဘဝိဿန္တိ အနာဂတမဒ္ဓါနံ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ၊ တေသမ်ပိ ဘဂဝန္တာနံ စေတံပရမာယေဝ ဒေဝတာ သန္နိပတိတာ ဘဝိဿန္တိ သေယျထာပိ မယ်ံ စေတရဟိ။ အာစိက္ခိဿာမိ ဘိက္ခဝေ ဒေဝကာယာနံ နာမာနိ၊ ကိတ္တယိဿာမိ ဘိက္ခဝေ ဒေဝကာယာနံ နာမာနိ၊ ဒေသေဿာမိ ဘိက္ခဝေ ဒေဝကာယာနံ နာမာနိ၊ တံ သုဏာထ သာဓုကံ မနသိ ကရောထ, ဘာသိဿာမီ" တိ။ "စေံ ဘန္တေ"တိ ခေါ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။

http://www.dhammadownload.com

နတ်အစည်းအဝေး

နတ်ပြဟ္မာတို့ စည်းဝေးရောက်လာကြရာ ထိုအခါ၌ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏-

"ရဟန်းတို့ စကြာဝဠာတထောင်စီရှိသော လောကဓာတ်ဆယ်ခုတို့မှ (စကြာဝဠာတိုက်တစ်သောင်းတို့မှ) နတ်ပြဟ္မာတို့သည် မြတ်စွာဘုရားကို လည်ကောင်း၊ ရဟန်းသံဃာကိုလည်းကောင်း ဖူးမြော်ခြင်းငှါ အမျှားအားဖြင့် စည်းဝေးရောက်လာကြကုန်၏။ ရဟန်းတို့ ရှေးအတိတ်ကာလ၌ ပွင့်တော် မူပြီးသော ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော မြတ်စွာဘုရားတို့၏ ရှေးလက်ထက်တော်၌ လည်း ယခုငါဘုရား၏ လက်ထက်၌ကဲ့သို့ ဤမျှ အတိုင်းအရှည်ရှိသော များပြားသော နတ်ပြဟ္မာတို့သည် စည်းဝေးခဲ့ ကြလေ ကုန်ပြီ။

ရဟန်းတို့ နောင်အနာဂတ်ကာလ၌ ပွင့်တော်မူလတ္တံ့သော ပူဇော် အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားတို့၏ လက်ထက်တော်၌လည်း ယခု ငါဘုရား၏လက်ထက်၌ ကဲ့သို့ ဤမျှအတိုင်း အရှည်ရှိသော များပြားသော နတ်ပြဟ္မာတို့သည် စည်းဝေးကြကုန်လတ္တံ့။

ရဟန်းတို့ အစည်းအဝေးသို့ရောက်လာကြကုန်သော နတ်ပြဟ္မာ အပေါင်းတို့၏ အမည်တို့ကို ပြောကြားပေးအံ့၊ ရဟန်းတို့ နတ်ပြဟ္မာအပေါင်း တို့၏ အမည်တို့ကို ကြော်ငြာပေအံ့၊ ရဟန်းတို့ နတ်ပြဟ္မာအပေါင်းတို့၏ အမည်တို့ကို ဟောကြားပေအံ့၊ ထိုစကားကို နာယူကြလော့၊ ကောင်းစွာ နှလုံးသွင်းကြလော့၊ ငါဘုရားသည် အကျယ်အားဖြင့် ဟောကြားပေအံ့" ဟု (မိန့်တော်မူ၏)။

"ကောင်းပါပြီ အသျှင်ဘုရား" ဟု ထိုရဟန်းငါးရာတို့သည် မြတ်စွာ ဘုရားအား ဝန်ခံကြကုန်၏။

http://www.dhammadownload.com

ရှင်လင်းချက်

ဤအပိုဒ်ဖြင့် ဘုရားရှင်တဆူတဆူတွင် ဤမျှကြီးကျယ်များပြားသော နတ်ဗြဟ္မာအစည်းအဝေးကြီး တကြိမ်တခါသာ ဖြစ်လေ့ရှိကြောင်းကို ပြဆိုသည်။

(၄) ဘူမဋ္ဌဒေဝတာကထာ

၆။ ဘဂဝါ ဧတဒဝေါစ-

သိလောက'မနုကဿာမိ၊ ယတ္ထ ဘုမ္မာ တဒဿိတာ။
ယေ သိတာ ဂိရိဂဗ္ဘရံ၊ ပဟိတတ္တာ သမာဟိတာ။
ပုထူ သိဟာဝ သလ္လီနာ၊ လောမဟံသာဘိသမ္ဘုနော။
သြဒါတမနသာ သုဒ္ဓါ၊ ဝိပ္ပသန္နေ မနာဝိလာ။

မြတ်စွာဘုရားသည် ဤတရားစကားကို ဟောကြားတော်မူ၏-ရဟန်းတို့ ဂါထာဖွဲ့၍ ဟောကြားပေအံ့၊ အကြင်ရဟန်းတို့သည် ဘုမ္မစိုးနတ်တို့မှီဝဲနေထိုင်ရာဖြစ်သော ထိုထိုအရပ်ကို မှီ၍ နေကြကုန်၏။ တောင်ခေါင်းကိုမှီ၍နေကြကုန်၏။ ထိုရဟန်းတို့သည် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိကြ ကုန်၏။ တည်ကြည်သောစိတ်ရှိကြကုန်၏ ထိုမျှားစွာသော ရဟန်းတို့သည်ကြက်သီးမွေး ညှင်းမျှ ထခြင်းမရှိမူ၍ ခြင်သေ့မင်းကဲ့သို့ တပါးတည်းကိန်းအောင်းလေ့ရှိကြကုန်၏။ ဖြူစင်သောစိတ်ရှိ၍ နောက်ကျကင်းလျက် သန့်ရှင်းကြည်လင်ကုန်၏။

* အမှတ်စဉ်(၆)လာ နှစ်ဂါထာဖြင့် အစည်းဝေးသို့တက်ရောက်လာသည့် နတ်ဗြဟ္မာတို့ကို ဂါထာဖွဲ့၍ ပြောကြားမည်ကိုဌင်း ရဟန္တာသံယာ(၅၀၀) ၏ ဂုဏ်ကျေးဇူးတို့ကိုဌင်း ဖေါ်ပြသည်။

http://www.dhammadownload.com

၇။ ဘိယျော ပဠုသတေ ဥတ္တာ၊ ဝနေ ကာပိလဝတ္ထဝေ။
တတော အာမန္တယီ သတ္ထာ၊ သာဝကေ သာသနေ ရတေ။
ဒေဝကာယာ အဘိက္ကန္တာ၊ တေ ဝိဇာနာထ ဘိက္ခဝေါ။
တေ စ အာတပ္ပ'မကရုံ၊ သုတ္တာ ဗုဒ္ဓဿ သာသနံ။

ထိုအခါ မြတ်စွာဘုရားသည် ကပိလဝတ်ပြည် မဟာဝုန်တော၌ တပည့်သာဝက ငါးရာကျော်တို့ သာသနာတော်ဝယ် မွေ့လျော်နေကြသည်ကို သိတော်မူ၍ ရဟန်းတို့ နတ်ပြဟ္မာ အပေါင်းတို့သည် မဟာဝုန်တောသို့ ရှေးရှုလာ ရောက်လျက် ရှိကြကုန်၏။ ထို (နတ်ပြဟ္မာအပေါင်း)တို့ကို သင်တို့သည် (ဒိဗ္ဗစက္ခု အာဘိညာဉ်ဉာဏ်ဖြင့်) ကြည့်လျက် သိကြကုန်လော့ဟု မိန့်တော်မူ၏။ ထို ရဟန်းတို့သည်လည်း မြတ်စွာဘုရားညွှန်ကြားသော အဆုံးအမကို ကြားနာရ၍ (သိမြင်ခြင်းငှာ) ဒိဗ္ဗစက္ခုအာဘိညာဉ်ဉာဏ် ဖြစ်ဖို့ရန် အားထုတ်ကုန်၏။

* အမှတ်စဉ်(၇)လာ နှစ်ဂါထာဖြင့် ဘုရားရှင်က ရဟန်း(၅၀၀)တို့ကို မိမိတို့၏ ဒိဗ္ဗစက္ခုအာဘိညာဉ်ဖြင့် စည်းဝေးရောက်ရှိနေကြသော နတ်ပြဟ္မာ တို့ကို ကြည့်ရှုကြရန် တိုက်တွန်းပုံကိုပြသည်။



၈။ တေသံ ပါတုရဟု ဉာဏံ၊ အမနုဿာန ဒဿနံ။
အပ္ပေကေ သတ'မဒ္ဒက္ခုံ။ သဟဿံ အထ သတ္ထာရိ။
သတံ ဧကေ သဟဿာနံ၊ အမနုဿာန'မဒ္ဒသုံ။
အပ္ပေကေ' နန္တ'မဒ္ဒက္ခုံ။ ဒိသာ သဗ္ဗာ ဖုဋာ အဟုံ။

ထိုရဟန်းတို့အား နတ်ပြဟ္မာတို့ကို မြင်စွမ်းနိုင်သော ဒိဗ္ဗစက္ခုအာဘိညာဉ်ဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာ၏။ ထို ဒိဗ္ဗစက္ခုအာဘိညာဉ်ဖြင့် အချို့သော ရဟန်းတို့သည် နတ်ပြဟ္မာ တစ်ရာကို မြင်ကြရကုန်၏။ အချို့သော ရဟန်းတို့သည် တစ်ထောင်ကို၊

http://www.dhammadownload.com

အချို့သော ရဟန်းတို့သည် ခုနစ်သောင်းကို၊ အချို့သောရဟန်းတို့သည် နတ်ပြဟ္မာတစ်သိန်းကို မြင်ကြရကုန်၏။ အချို့သော ရဟန်းတို့သည် မရေတွက် နိုင်အောင် များပြားသော နတ်ပြဟ္မာအနန္တကို မြင်ကြရကုန်၏။ အရပ်မျက်နှာ အားလုံးတို့သည် နတ်ပြဟ္မာတို့ဖြင့် ပြည့် နှက်လျက် ရှိကြကုန်၏။

* အမှတ်စဉ်(၈)လာ နှစ်ဂါထာတို့ဖြင့် ရဟန်းတော်တို့ ဒိဋ္ဌစက္ခု အဘိညာဉ်ဖြင့် နတ်ပြဟ္မာတို့ကို အသီးသီးမြင်ကြရပုံကို ပြသည်။

❀ ❀ ❀ ❀ ❀

၉။ တဋ္ဌ သဗ္ဗံ အဘိညာယ၊ ဝဝတ္ထိတ္ဝာန စက္ခုမာ။
တတော အာမန္တယီ သတ္ထာ၊ သာဝကေ သာသနေ ရတေ။
ဒေဝကာယာ အဘိက္ကန္တာ၊ တေ ဝိဇာနာထ ဘိက္ခဝေါ။
ယေ ဝေါ'ဟံ ကိတ္တယိဿာမိ၊ ဂိရာဟိ အနုပုဗ္ဗသော။

ထိုအခါ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ထို(ရဟန်းတို့၏ အသီးသီးမြင်ပုံ) အလုံးစုံကို ထူးသောဉာဏ်ဖြင့် သိတော်မူ၍ ပိုင်းခြား မှတ်သားတော်မူပြီးလျှင် သာသနာတော်၌ မွေ့လျော်ကုန်သော တပည့် သာဝကတို့အား မိန့်တော်မူ၏-

ရဟန်းတို့ နတ်ပြဟ္မာအပေါင်းတို့သည် မဟာဝုန်တော်ကြီးသို့ ရှေ့ရှု လာရောက်လျက် ရှိကြကုန်၏။ ထို(နတ်ပြဟ္မာ)တို့ကို (ဒိဋ္ဌစက္ခုအဘိညာဉ် ဉာဏ်ဖြင့်) သိမြင်ကြကုန်လော့၊ ယင်းနတ်ပြဟ္မာတို့ကို သင်ရဟန်းတို့အား ဂါထာစကားဖြင့် အစဉ်အတိုင်း ငါပြောကြားပေအံ့။

* အမှတ်စဉ်(၉)လာ နှစ်ဂါထာတို့ဖြင့် ဘုရားရှင်က ရဟန်းတော်တို့ကို ဒိဋ္ဌစက္ခုအဘိညာဉ်ဉာဏ်ဖြင့်နတ်ပြဟ္မာတို့ကို ကြည့်ရှုရန် ထပ်မံတိုက်တွန်းပြီး ရောက်လာကြသည့် နတ်ပြဟ္မာအမည်တို့ကို ဟောကြားမည့် အကြောင်း ဝန်ခံ ပုံကိုပြသည်။

❀ ❀ ❀ ❀ ❀

http://www.dhammadownload.com

၁၀။ သတ္တသဟဿာ တေ ယက္ခာ၊ ဘူမ္မာ ကာပိလ ဝတ္ထဝါ။
ဣဒ္ဓိမန္တော ဒုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိ ဝနံ။

(ရဟန်းတို့) မြေ၌တည်ကုန်သော ကပိလဝတ်ပြည်ကိုမှီ၍ နေကုန်သော တန်ခိုးအာနုဘော် ကြီးမားကုန်သော အဆင်းလှပကုန်သော အခြံအရံများကုန်သော ထိုခုနစ်ထောင်သော ဘုမ္မစိုးနတ် ရုက္ခစိုးနတ်တို့သည် မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက် ကြကုန်ပြီ။

* အမှတ်စဉ်(၁၀) ဂါထာဖြင့် ကပိလဝတ်မြို့ကိုမှီ၍ နေကုန်သော ဘုမ္မစိုးနတ်,ရုက္ခစိုးနတ် (၇) ထောင်တို့ လာရောက်ကြပုံကိုပြသည်။

ဆဿဟဿာ ဟေမဝတာ၊ ယက္ခာ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဒုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိ ဝနံ။

၁၁။ ဟိမဝန္တာတောင်၌ နေကြကုန်သော အမျိုးမျိုးသော အသွေးအရောင် ရှိကြကုန်သော တန်ခိုး အာနုဘော်ကြီးမားကုန်သော အဆင်းလှပ ကုန်သော အခြံအရံများကုန်သော ခြောက်ထောင်သော နတ်တို့သည် မဟာဝုန်တောရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက် ကြကုန်ပြီ။

* အမှတ်စဉ်(၁၁) ဂါထာဖြင့် ဟိမဝန္တာတောင်၌နေကြကုန်သော နတ်(၆) ထောင်တို့ ရောက်လာကြပုံကိုပြသည်။

http://www.dhammadownload.com

၁၂။ သာတာဂိရာ တိသဟဿာ၊ ယက္ခာ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတီ ဝနံ။

သာတာဂိရိတောင်၌ နေကြကုန်သော အမျိုးမျိုးသော အသွေး အရောင်ရှိကုန်သော တန်ခိုးအာနုဘော်ကြီးမားကုန်သော အဆင်းလှပ ကုန်သော အခြံအရံများကုန်သော သုံးထောင်သောနတ်တို့သည် မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကြကုန်ပြီ။

* အမှတ်စဉ်(၁၂) ဂါထာဖြင့် သာတာဂိရတောင်၌ နေကုန်သော နတ်(၃) ထောင်တို့ ရောက်လာကြပုံကိုပြသည်။



၁၃။ ဣစ္စေတေ သောဋသသဟဿာ၊ ယက္ခာ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတီ ဝနံ။

အမျိုးမျိုးသော အသွေးအရောင်ရှိကုန်သော တန်ခိုးအာနုဘော်ကြီးမားကုန်သော အဆင်းလှပကုန်သော အခြံအရံများကုန်သော ဤတစ်သောင်း ခြောက်ထောင်သောနတ်တို့သည် မဟာဝုန်တော ရဟန်းတို့၏ အစည်း အဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကြ ကုန်ပြီ။

* အမှတ်စဉ်(၁၃)ဂါထာဖြင့် အမှတ်စဉ် (၁၀+၁၁+၁၂) တို့၌လာသော နတ်တို့ကို စုပေါင်းရေတွက်၍ တစ်သောင်းခြောက်ထောင်သော နတ်တို့ ရောက်လာကြပုံကိုပြသည်။



http://www.dhammadownload.com

၁၄။ ဝေဿာမိတ္တာ ပဠုသတာ၊ ယက္ခာ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိဏှာမုံ၊ ဘိက္ခူနံ သမိတိ ဝနံ။

ဝေဿာမိတ္တာတောင်၌ နေကြကုန်သော အမျိုးမျိုးသော အသွေး အရောင်ရှိကုန်သော တန်ခိုးအာနုဘော်ကြီးမားကုန်သော အဆင်းလှပ ကုန်သော အခြံအရံများကုန်သော ငါးရာသောနတ်တို့သည် မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကြကုန်ပြီ။

* အမှတ်စဉ်(၁၄)ဂါထာဖြင့် ဝေဿာမိတ္တာတောင်၌နေသော နတ်ပေါင်း (၅၀၀)တို့ ရောက်လာကြပုံကိုပြသည်။



၁၅။ ကုမ္ဘီရော ရာဇဂဟိကော၊ ဝေပုလ္လ'သ နိဝေသနံ။
ဘိယျော နံ သတသဟဿံ၊ ယက္ခာနံ ပယိရုပါသတိ။
ကုမ္ဘီရော ရာဇဂဟိကော၊ သောပါဂါ သမိတိ ဝနံ။

ရာဇဂြိုဟ်ပြည် ဝေပုလ္လတောင်၌နေသော ကုမ္ဘီရနတ် (စစ်သူကြီး) ကို အသိန်းမကသောနတ်တို့သည် ခြံရံ ခစားကုန်၏။ ရာဇဂြိုဟ်ပြည်၌နေသော ထိုကုမ္ဘီရနတ် (စစ်သူကြီး)သည်လည်း အခြံအရံနတ်တို့နှင့်တကွ မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ရောက်လာလေပြီ။

* အမှတ်စဉ်(၁၅)ဂါထာဖြင့် ရာဇဂြိုဟ်မြို့အနီး ဝေပုလ္လတောင်နေ ကုမ္ဘီရနတ် (စစ်သူကြီး) အခြံအရံနတ် တစ်သိန်းကျော်ဖြင့် ရောက်လာကြ ပုံကိုပြသည်။



http://www.dhammadownload.com

၁၆။ ပုရိမဉ္စ ဒိသံ ရာဇာ၊ ဓတရဋ္ဌော ပသာသတိ။
ဂန္ဓဗ္ဗာနံ အဓိပတိ၊ မဟာရာဇာ ယသဿိ သော။
ပုတ္တာပိ တဿ ဗဟဝေါ၊ ဣန္ဒနာမာ မဟဗ္ဗလာ။
ဣဒ္ဓိမန္တော ဒုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

မြင်းမိုရ်တောင်၏ အရှေ့အရပ်ကို အုပ်စိုးသော အရပ်လေးမျက်နှာ မှာရှိသည့် ဂန္ဓဗ္ဗနတ်ဟူသမျှတို့၏ အရှင်သခင် ဓတရဋ္ဌ (နတ်မင်းကြီး) သည် များသောအခြံအရံရှိ၏။

ထို(ဓတရဋ္ဌနတ်မင်းကြီး)၏ သားတော်တို့သည် များလှကုန်၏၊ ခွန်အားကြီးမားကုန်သော တန်ခိုးအာနုဘော် ကြီးမား ကုန်သော အဆင်းလှပကုန်သော အခြံအရံ များကုန်သော ဣန္ဒအမည် ရှိသော ထိုသားတော် တို့သည်လည်း မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက် ဝမ်းသာ လာရောက်ကြကုန်ပြီ။

* အမှတ်စဉ်(၁၆)နှစ်ဂါထာတို့ဖြင့် အရှေ့အရပ်ကို အစိုးရသော ဂန္ဓဗ္ဗနတ် တို့၏ အရှင်သခင် ဓတရဋ္ဌနတ် မင်းကြီးသည် ဣန္ဒမည်သော သားတော် နတ်ပေါင်း မြောက်များစွာဖြင့် လာရောက် သည်ကို ပြသည်။

၁၇။ ဒက္ခိဏဉ္စ ဒိသံ ရာဇာ၊ ဝိရူဠ္ဎော တံ ပသာသတိ။
ကုမ္ဘဏ္ဍာနံ အဓိပတိ၊ မဟာရာဇာ ယသဿိ သော။
ပုတ္တာပိ တဿ ဗဟဝေါ၊ ဣန္ဒနာမာ မဟဗ္ဗလာ။
ဣဒ္ဓိမန္တော ဒုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

http://www.dhammadownload.com

မြင်းမိုရ်တောင်၏ တောင်အရပ်ကို အုပ်စိုးသော အရပ်လေးမျက်နှာမှာရှိသည့် ကုမ္ဘဏ်နတ်ဟူသမျှ တို့၏အရှင်သခင် ဝိရူဠ္ဍက (နတ်မင်းကြီး) သည် များသောအခြံအရံ ရှိ၏။

ထိုဝိရူဠ္ဍကနတ်မင်းကြီး၏ သားတော်တို့သည် များလှကုန်၏၊ ခွန်အား ကြီးကုန်သော တန်ခိုးအာနုဘော်ကြီးမားကုန်သော အဆင်းလှပကုန်သော အခြံအရံ များကုန်သော ဣန္ဒအမည်ရှိသော ကိုသားတော်တို့သည်လည်း မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက် ကြကုန်ပြီ။

* အမှတ်စဉ်(၁၇)လာ နှစ်ဂါထာတို့ဖြင့် တောင်အရပ်ကိုအစိုးရသော ကုမ္ဘဏ်နတ်တို့၏ အရှင်သခင် ဝိရူဠ္ဍကနတ်မင်းကြီးသည် ဣန္ဒမည်သော သားတော်နတ်ပေါင်း မြောက်များစွာဖြင့် လာရောက်သည်ကိုပြသည်။



၁၈။ ပစ္ဆိမဒွ ဒိသံ ရာဇာ၊ ဝိရူပက္ခော ပသာသတိ။
နာဂါနဒွ အဓိပတိ၊ မဟာရာဇာ ယသဿီ သော။
ပုတ္တာပိ တဿ ဗဟဝေါ၊ ဣန္ဒနာမာ မဟဗ္ဗလာ။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိ ဝနံ။

မြင်းမိုရ်တောင်၏ အနောက်အရပ်ကို အုပ်စိုးသော အရပ်လေး မျက်နှာမှာရှိသည့် နတ်နဂါးဟူသမျှ တို့၏အရှင်သခင် ဝိရူပက္ခ (နတ်မင်းကြီး) သည် များသော အခြံအရံရှိ၏။

ထိုဝိရူပက္ခနတ်မင်းကြီး၏ သားတော်တို့သည် များလှကုန်၏၊ ခွန်အား ကြီးကုန်သော တန်ခိုးအာနုဘော်ကြီးမားကုန်သော အဆင်းလှပကုန်သော အခြံအရံများကုန်သော ဣန္ဒအမည်ရှိသော ထိုသား

http://www.dhammadownload.com

တော်တို့သည်လည်း မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက် ကြကုန်ပြီ။

* အမှတ်စဉ်(၁၈)လာ နှစ်ဂါထာတို့ဖြင့် အနောက်အရပ်ကို အစိုးရသော နတ်နဂါးတို့၏ အရှင်သခင် ဝိရူပက္ခနတ်မင်းကြီးသည် ကျွန်မည်သော သားတော်နတ်ပေါင်း မြောက်များစွာဖြင့် လာရောက်သည်ကိုပြသည်။



၁၉။ ဥတ္တရဉ္စ ဒိသံ ရာဇာ၊ ကုဝေရော တံ ပသာသတိ။
ယက္ခာနဉ္စ အဓိပတိ၊ မဟာရာဇာ ယသဿိ သော။
ပုတ္တာပိ တဿ ဗဟဝေါ၊ ကျွန္ဒနာမာ မဟဗ္ဗလာ။
ကုဒ္ဓိမန္တော ဒုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

မြင်းမိုရ်တောင်၏ မြောက်အရပ်ကို အုပ်စိုးသော အရပ်လေးမျက်နှာမှာရှိသည့် နတ်ဘီလူးဟူသမျှတို့၏ အရှင်သခင် ကုဝေရ (နတ်မင်းကြီး) သည် များသော အခြံအရံရှိ၏။

ထိုကုဝေရနတ်မင်းကြီး၏ သားတော်တို့သည် များလှကုန်၏၊ ခွန်အား ကြီးကုန်သော တန်ခိုးအာနုဘော်ကြီးမားကုန်သော အဆင်းလှပ ကုန်သော အခြံအရံ များကုန်သော ကျွန်အမည်ရှိသော ထိုသားတော်တို့ သည်လည်း မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက် ကြကုန်ပြီ။

* အမှတ်စဉ်(၁၉)လာ နှစ်ဂါထာတို့ဖြင့် မြောက်အရပ်ကို အစိုးရသော နတ်ဘီလူးတို့၏အရှင်သခင် ကုဝေရ(ဝေဿဏ်) နတ်မင်းကြီးသည် ကျွန်မည်သော သားတော်နတ်ပေါင်း မြောက်များစွာဖြင့် လာရောက်သည်ကို ပြသည်။



http://www.dhammadownload.com

၂၀။ ပုရိမံ ဒိသံ ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရူဠှကော။
ပစ္ဆိမေန ဝိရူပက္ခော၊ ကုဝေရော ဥတ္တရံ ဒိသံ။
အရွေ့အရပ်၌ ဓတရဋ္ဌ (နတ်မင်းကြီး)၊ တောင်အရပ်၌ ဝိရူဠှက(နတ်မင်းကြီး)၊ အနောက်အရပ်၌ ဝိရူပက္ခ (နတ်မင်းကြီး)၊ မြောက်အရပ်၌ ကုဝေရ (နတ်မင်းကြီး)။

၂၁။ စတ္တာရော တေ မဟာရာဇာ၊ သမန္တာ စတုရော ဒိသာ။
ဒဒ္ဒလ္လမာနာ အဋ္ဌံသု၊ ဝနေ ကာပိလဝတ္ထဝေ။
ထိုနတ်မင်းကြီး လေးယောက်တို့သည် ထက်ဝန်းကျင် အရပ်လေး မျက်နှာတို့၌ အလွန်တောက်ပကြကုန်လျက် ကပိလဝတ်ပြည် မဟာဝုန်တော၌ တည်လာကြကုန်ပြီ။

* အမှတ်စဉ်(၂၀+၂၁)ဂါထာတို့ဖြင့် ဤစကြာဝဠာကမ္ဘာရှိ နတ်မင်းကြီး (၄)ယောက်သာမဟဲ့ တစ်သောင်းသော စကြာဝဠာ ကမ္ဘာလောကဓာတ်တို့၌ ရှိကြသော နတ်မင်းကြီးများလည်း မိမိတို့ရဲ့အခြံအရံဖြစ်သော ကုဋေတစ် သိန်းစီ ကုဋေတစ်သိန်စီသော ဂန္ဓဗ္ဗနတ်ပရိသတ်, ကုမ္ဘဏ်နတ်ပရိသတ်, နတ်နဂါး ပရိသတ်, နတ်ဘီလူးပရိသတ်တို့နှင့် လာရောက်ကြသည်ကို ပြသည်။

၂၂။ တေသံ မာယာဝိနော ဒါသာ၊ အာဂုံ ဝဉ္စနိကာ သဌာ။
မာယာ ကုဋေက္ကာ၊ ဝိဋေက္ကာ၊ ဝိဋ္ဌစ္စ ဝိဋ္ဌဇော သဟ။
စန္ဒနော ကာမသေဋ္ဌော စ၊ ကိန္နိယက္ကာ နိယက္ကာ စ။
ပနာဒေါ ဩပမညော စ၊ ဒေဝသူတော စ မာတလိ။
ထို(နတ်မင်းကြီး)တို့၏ ကျွန်ယုံတော်ဖြစ်ကုန်သော ပရိယာယ်မာယာများကုန်သော လှည့်စားတတ်ကုန်သော ကောက်ကျစ်စဉ်းလဲတတ်ကုန် သော ကုဋေက္ကာနတ် ဝိဋေက္ကာနတ် ဝိဋ္ဌစ္စနတ် ဝိဋ္ဌဇု

http://www.dhammadownload.com

နတ်နှင့်တကွ စန္ဒနနတ် ကာမသေဋ္ဌနတ် ကိန္နိယက္ခာနတ် နိယက္ခာနတ်အားဖြင့် ရှစ်ယောက်သော နတ်ကျွန်တို့သည် မဟာဝုန်တောကြီးသို့ လာရောက်ကြကုန်ပြီ။

* အမှတ်စဉ်(၂၂)လာ ပထမဂါထာနှင့် ဒုတိယဂါထာမှ ပုဗ္ဗဒ္ဓဂါထာဝတ်ဖြင့် နတ်မင်းကြီး(၄)ဦးတို့၏ ကျေးကျွန်းနတ်(၈)ဦးတို့လာရောက်ကြသည်ကိုပြသည်၊ ကုဋေက္ခာနတ်မှစ၍ နိယက္ခာနတ်ထိ (၈)ဦးတို့ဖြစ်ကြ၏။

ကျေးကျွန်နတ် (၈)ဦးတို့ကား -

(၁) ကုဋေက္ခာနတ်၊ (၅) စန္ဒနနတ်၊
(၂) ဝိဋေက္ခာနတ်၊ (၆) ကာမသေဋ္ဌနတ်၊
(၃) ဝိဋုစ္စနတ်၊ (၇) ကိန္နိယက္ခာနတ်၊
(၄) ဝိဋုဋုနတ်၊ (၈) နိယက္ခာနတ်တို့ဖြစ်ကြ၏။



၂၃။ စိတ္တသေနော စ ဂန္ဓဗ္ဗော၊ နဠော ရာဇာ ဇနေသဘော။
အာဂုံ ပဋ္ဌသိခေါ စေဝ၊ တိမ္ဗရူ သူရိယဝစ္ဆသာ။
ဧတေ စညေ စ ရာဇာနော၊ ဂန္ဓဗ္ဗာ သဟ ရာဇုဘိ။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတီ ဝနံ။
ပနာဒနတ် ဩပမညနတ် ရထားထိန်းမာတလိနတ် စိတ္တမည်သော ဂန္ဓဗ္ဗနတ် သေနမည်သော ဂန္ဓဗ္ဗနတ် စိတ္တသေနမည်သော ဂန္ဓဗ္ဗနတ် နဠရာဇာနတ် ဇနဝသဘနတ် စောင်းသမား ပဋ္ဌသိခနတ် တိမ္ဗရုနတ် သူရိယဝစ္ဆသာနတ်သမီး။

ဤသို့လျှင် အမည်တပ်၍(ဆိုခဲ့ပြီးသော ဂန္ဓဗ္ဗနတ်မင်း) တို့သည်၎င်း တပါးသော ဂန္ဓဗ္ဗနတ်မင်းတို့သည်၎င်း နတ်မင်းကြီးတို့နှင့် အတူ မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကြကုန်ပြီ။

http://www.dhammadownload.com

* အပရဒ္ဓ နောက်ဂါထာဝတ်ဖြင့်၎င်း၊ အမှတ်(၂၃)လာ နှစ်ဂါထာတို့ဖြင့်၎င်း၊ ပနာဒနတ်မင်းစသော ဂန္ဓဗ္ဗနတ်မင်း (၁၀)ဦးနှင့် သူရိယဝစ္ဆသာနတ်သမီးကိုင်း၊ အခြားသော ဂန္ဓဗ္ဗနတ်မင်း တို့ကိုင်း လာရောက်သည်ကို ပြသည်။

ဂန္ဓဗ္ဗနတ်မင်း(၁၀)ဦးတို့ကား-

(၁) ပနာဒနတ်မင်း၊ (၆) စိတ္တသေနနတ်မင်း၊
(၂) ဩပမညနတ်မင်း၊ (၇) နဠရာဇာနတ်မင်း၊
(၃) ရထားထိန်း မာတလိနတ်မင်း၊ (၈) ဇနဝသဘနတ်မင်း၊
(၄) စိတ္တနတ်မင်း၊ (၉) စောင်းသမားပဉ္စသိခနတ်မင်း၊
(၅) သေနနတ်မင်း၊ (၁၀) တိမ္ဗရုနတ်မင်းတို့ဖြစ်ကြ၏။

❀ ❀ ❀ ❀ ❀

(၅) နာဂကညာ

၂၄။ အထာဂုံ နာဂသာ နာဂါ၊ ဝေသာလာ သဟတစ္ဆကာ။
ကမ္မလဿတရာ အာဂုံ၊ ပါယာဂါ သဟ ဉာတိဘိ။
ယာမုနာ ဓတရဋ္ဌာ စ၊ အာဂုံ "နာဂါ" ယသဿိနော။
ဧရာဝဏော မဟာနာဂေါ၊ သောပါဂါ သမိတိ ဝနံ။

ထိုနတ်များအပြင် နာဂသရေအိုင်၌နေသော နဂါးတို့နှင့် ဝေသာလီမြို့၌နေသော နဂါးတို့သည် တစ္ဆကနဂါးမင်း၏ ပရိသတ်နှင့်အတူ လာရောက်ကြကုန်ပြီ၊ ကမ္မလမည်သောနဂါး အဿတရမည်သော နဂါးနှင့် ပယာဂဆိပ်ကမ်း၌နေသော နဂါးတို့သည် ဆွမျိုးနဂါးတို့နှင့်အတူ လာရောက် ကြကုန်ပြီ။

အခြံအရံများကုန်သော ယမုနာမြစ်၌နေသော နဂါးတို့နှင့် ဓတရဋ္ဌ နဂါးမျိုး၌ဖြစ်သော နဂါးတို့သည် လာရောက်ကြကုန်ပြီ၊ ဧရာဝဏ် ဆင်ပြောင် ကြီးမည်သော ထိုနတ်သားသည်လည်း

http://www.dhammadownload.com

မဟာဝုန်တော ရဟန်းတို့၏ အစည်း အဝေးသို့ ရောက်လာလေပြီ။

* အမှတ်စဉ်(၂၄)လာနှစ်ဂါထာတို့ဖြင့် နာဂသရေအိုင်၌နေကြသော နဂါးမျိုးစသော နဂါး(၇)မျိုးနှင့် ဧရာဝဏ်ဆင် နတ်သားတို့ လာရောက်ကြသည်ကို ပြသည်။

နဂါးမျိုး(၇)မျိုးတို့ကား-

(၁) နာဂသ ရေအိုင်နေနဂါး၊ (၂) ဝေသာလီမြို့နေနဂါး၊
(၃) ကမ္ဗလနဂါး၊ (၄) အာသတရုနဂါး၊
(၅) ပယာဂရေဆိပ်နေနဂါး၊ (၆) ယမုနာမြစ်နေနဂါး၊
(၇) ဓတရဋ္ဌမျိုး၌ ဖြစ်သော နဂါးတို့ဖြစ်ကြ၏။

၂၅။ ယေ နာဂရာဇေ သဟသာ ဟရန္တိ၊
ဒိဗ္ဗာ ဒိဇာ ပက္ခိ ဝိသုဒ္ဓစက္ခု။
ဝေဟာယသာ တေ ဝန'မလ္လပတ္တာ၊
စိတြာ သုပဏ္ဏာ ဣတိ တေသ နာမံ။

အကြင်ဂဠုန်ငှက်တို့သည် နဂါးမင်းတို့ကို အနိုင်အထက်ပြု၍ ဖမ်းယူမြောက်ချီနိုင်ကုန်၏၊ နတ်ကဲ့သို့ တန်ခိုးအာနုဘော်ရှိကြကုန်၏၊ (အမိဝမ်းနှင့် ဥခွံတွင်းမှ) နှစ်ကြိမ်တိုင်တိုင် မွေးဖွားကြရကုန်၏၊ တောင်ပံရှိ ကုန်၏၊ စင်ကြယ်သော မျက်စိအမြင်ရှိကုန်၏၊ "စိတြာ သုပဏ္ဏ"အမည်ရှိကုန်၏ ထိုဂဠုန်ငှက်တို့သည် ကောင်းကင်ခရီး ဖြင့် မဟာဝုန်တောအုပ်အလယ်သို့ ရောက်လာကြ ကုန်ပြီ။

* အမှတ်စဉ်(၂၅)ဂါထာဖြင့် ဂဠုန်တို့၏ စွမ်းရည်နာမည်နှင့် ရောက်ရှိလာ ပုံကို ပြသည်။

http://www.dhammadownload.com

၂၆။ အဘယံ တဒါ နာဂရာဇာန'မာသိ၊
သုပဏ္ဏတော ခေမ'မကာသိ ဗုဒ္ဓေါ။
သဏ္ဌာဟိ ဝါစာဟိ ဥပဝှယန္တာ၊
နာဂါ သုပဏ္ဏာ သရဏ မကံသု ဗုဒ္ဓံ။

နဂါးဂဋ္ဌုန်တို့ မဟာဝုန်တောသို့ ရောက်လာကြရာ ထိုအခါ မြတ်စွာဘုရားသည် ဂဋ္ဌုန်တို့မှ ဘေးငြိမ်းအောင် ပြုတော်မူသဖြင့် နဂါးတို့အား ဘေးကင်းလေ၏၊ နဂါးနှင့်ဂဋ္ဌုန်တို့သည် သိမ်မွေ့ ချိုသာသောစကားတို့ဖြင့် ရင်းရင်းနှီးနှီး ခေါ်ဝေါ်ပြောဆို နှုတ်ဆက်ကြ ကုန်လျက် ရန်သူစဉ်လျက် မေတ္တာသက်အောင် မိတ်ဆက်ပေးသော မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ် ကြကုန်၏။

* အမှတ်စဉ်(၂၆)ဂါထာဖြင့် ဘုရားရှင်၏ မေတ္တာစွမ်းရည် တန်ခိုးဖြင့် ကမ္ဘာ့ ရန်သူများဖြစ်ကြသော နဂါးဂဋ္ဌုန်တို့ မေတ္တာ သက်ဝင်ပြီး ဘေးရန်ကင်းလျှက် ချစ်းကျွမ်းဝင်ကြပုံ၊ ကမ္ဘာငြိမ်းချမ်းရေး ရပုံကိုပြသည်။

(၆) အသုရာဒေဝတာကဏ္ဍ

၂၇။ ဇိတာ ဝဇိရဟတ္ထေန၊ သမုဒ္ဒံ အသုရာ သိတာ။
ဘာတရော ဝါသဝဿေ'တေ၊ ဣဒ္ဓိမန္တော ယသဿိနော။
ကာဋကဥ္စာ မဟာဘိသ္မာ၊ အသုရာ ဒါနဝေယသာ။
ဝေပစိတ္တိ သုစိတ္တိစ၊ ပဟာရာဒေါ နမုစီ သဟ။
သတဥ္စ ဗလိပုတ္တာနံ၊ သဗ္ဗေ ဝေရောစနာမကာ။
သန္နယှိတ္ဝာ ဗလိသေနံ၊ ရာဟုဘဒ္ဒ'မုပါဂမုံ။
သမယော ဒါနိ ဘဒ္ဒန္တေ၊ ဘိက္ခူနံ သမိတီ ဝနံ။
ဝရဇိန်လက်နက်ရှိသော သိကြားနတ်မင်းကို စစ်ရှုံးသဖြင့်

http://www.dhammadownload.com

ပင်လယ်သမုဒ္ဒရာကိုမှီ၍ နေရကုန်သော အသုရာတို့သည် သိကြားနတ်မင်း၏ ညီနောင်(ယောက်ဖ)တို့ပင် ဖြစ်ကြကုန်၏၊ တန်ခိုးကြီးမားကုန်၏၊ အခြံ အရံ များကုန်၏၊ ဤအသုရာတို့သည် မဟာဝုန်တောသို့ ရောက်လာကြကုန်ပြီ။

ကာလကဉ္ဇအသုရာတို့သည် ခန္ဓာကိုယ်ကြီးမား၍ ကြောက်မက်ဖွယ် ကောင်းသော ခန္ဓာကိုယ်ကိုဖန်ဆင်းလျက် ရောက်လာကုန်၏။ ဒါနဝေယသမည် သော (လေးသမား) အသုရာ၊ ဝေပစိတ္တိ အသုရာမင်း၊ သုစိတ္တိအသုရာ၊ ပဟာရာဒအသုရာမင်းတို့သည် မာရ်နတ်သားနှင့်အတူတကွ မဟာဝုန်တောသို့ လာရောက်ကြကုန်ပြီ။

ဗလိအသုရာကြီး၏ အားလုံးပင် ဝေရောစအမည်ရှိကုန်သော သား တစ်ရာတို့သည် ဗလိအသုရာစစ်တပ်ကို လက်နက်တပ်ဆင်ပြီး လျှင် ရာဟု အသုရိန်ကြီးထံ ချဉ်းကပ်၍ သင့်အား ကောင်းခြင်းမင်္ဂလာ (ဖြစ်ပါစေ သတည်း) မဟာဝုန်တော ရဟန်းတို့အစည်းအဝေးသို့ သွားရန် အချိန်တန်ပါပြီဟု သံတော် ဦးတင် ပြောဆိုကုန်ပြီ။

* အမှတ်စဉ်(၂၇)တွင် ပထမဂါထာဖြင့် သိကြားနတ်မင်းနှင့် အသူရာတို့ ညီအစ်ကို(ယောက်ဖ)ဆွေမျိုး တော်စပ်ပုံကို ပြသည်။

* ဒုတိယဂါထာဖြင့် ကာလကဉ္ဇစသော အသူရာ(၅)ဦးနှင့် ပရနိမ္မိတ ဝသဝတ္တီနတ်ပြည်မှ မာရ်နတ်မင်းတို့ ရောက်လာကြပုံကိုပြသည်။

ထို့အပြင် အသုရာတို့နေရာ မဟာသမုဒ္ဒရာနှင့် မာရ်နတ်မင်းနေရာ ပရနိမ္မိတဝသဝတ္တီနတ်ပြည်သည် အလွန်ဝေးကွာသော်လည်း တရားနာကြားရာ၌မူ အတူတကွနေရာယူကြ၏၊ အသုရာနှင့် မာရ်နတ်မင်းတို့မှာ အရိယမဂ်ကိုရလိုမှုဆန္ဒမရှိခြင်း၊ တူညီကြသဖြင့် ဓာတ်တူသူချင်းပေါင်းကာ နေရာယူကြချင်းဖြစ်သည်ကိုလည်း ပြသည်။

(၄-၂၈၂)

http://www.dhammadownload.com

* တတိယဂါထာဖြင့် ဗလိအသူရာကြီး၏ သားဖြစ်ကြသည့် ဝေရောစမည်သော အသူရာတရာတို့နှင့် ဗလိအသူရာကြီးတို့လာရောက်ကြပုံကိုပြသည်။

အသုရာ(၅)ဦးတို့ကား-

(၁) ကာလကဉ္ဇအသုရာ၊ (၂) ဒါနဝေယသအသုရာ၊
(၃) ဝေပစိတ္တိအသုရာ၊ (၄) သုစိတ္တိ အသုရာ၊
(၅) ပဟာရာဒအသုရာ-တို့ဖြစ်ကြ၏။

(၇) အာကာသဋ္ဌဒေဝတာကထာ

၂၈။ အာပေါ စ ဒေဝါ ပထဝီ၊ တေဇော ဝါယော တဒါဂမုံ။
ဝရုဏာ ဝါရုဏာ ဒေဝါ၊ သောမော စ ယသသာ သဟ။
မေတ္တာ ကရုဏာကာယိကာ၊ အာဂုံ "ဒေဝါ" ယသသိနော။
ဒသေ'တေ ဒသဓာ ကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။
ကဒ္ဒိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသသိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

နတ်နဂါးဂဠုန် အသုရာတို့ ပေါင်းဆုံစည်းဝေးရာ ထိုအခါ၌ အာပေါနတ် ပထဝီနတ် တေဇောနတ် ဝါယောနတ် ဝရုဏနတ် ဝါရုဏနတ် သောမနတ်တို့သည် ယသနတ်နှင့်တကွ လာရောက်ကြကုန်ပြီ၊ အခြံအရံ များကုန်သော မေတ္တာနတ် ကရုဏာနတ်တို့သည်လည်း မဟာဝုန်တောကြီးသို့ လာရောက်ကြကုန်ပြီ။

တန်ခိုးအာနုဘော်ကြီးမားကုန်သော အဆင်းလှပကုန်သော အခြံအရံ များကုန်သော အားလုံးပင်အမျိုးမျိုးသော အသွေးအရောင်ရှိကုန်သော ဆယ်မျိုး ကွဲပြားသော ဤနတ်အစုအရုံး ဆယ်ခုတို့သည် မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကြကုန်ပြီ။

http://www.dhammadownload.com

* အမှတ်စဉ်(၂၈)လာနှစ်ဂါထာတို့ဖြင့် အာပေါနတ်စသော နတ်(၁၀)မျိုးတို့ အခြံအရံနှင့်တကွ ရောက်ရှိလာပုံကိုပြသည်။

ထိုတွင် အာပေါရေကသိုက်းစသည်တို့၌ စီဖြန်းခြင်း ပရိကံပြု၍ ဥပစာရစျာန် စေတနာကြောင့် ဖြစ်သောနတ်တို့ကို အာပေါနတ်, ပထဝီနတ်-စသည်ဟုဆိုရသည်။

* အမှတ်စဉ်(၂၈)လာ အာပေါနတ်စသော နတ်(၁၀)မျိုးတို့ကား- (၁) အာပေါနတ်၊ (၂)ပထဝီနတ်၊ (၃)တေဇောနတ်၊ (၄)ဝါယောနတ်၊ (၅)ဝရုဏနတ်၊ (၆)ဝါရုဏနတ်၊(၇)သောမနတ်၊ (၈) ယသနတ်၊ (၉)မေတ္တာနတ်၊ (၁၀)ကရုဏာ နတ်တို့ဖြစ်ကြ၏။

အာပေါနတ်ဆိုသော်လည်း အာပေါနတ်တပါးသာမဟုတ်၊ ဒေဝါပုဒ်, ကာယာပုဒ်တို့ကို ထောက်၍ အာပေါဟူသော နာမည်အမျိုးအနွယ်တူသော နတ်အပေါင်း နတ်အများတို့ဖြစ်ကြသည်။ နောက်ဂါထာတို့၌လည်း ဤအတိုင်းပင်ဖြစ်သည်၊ အမှတ်စဉ်(၃၄)မှ သဒ္ဒေတေ ဒေဝနိကာယာဟူသော ဂါထာကိုရှုလျှင် ပို၍ထင်ရှားပါသည်။

ထို့အပြင် ဒသေတေ ဒသဓာ ကာယာ-ဟူသော ပါဠိတော်အရ အာပေါနတ်များ,ပထဝီနတ်များစသော အမည်အမျိုးနွယ်တူ အားဖြင့်သာ တကျိပ်ရှိသည်၊ အရေအတွက်အားဖြင့်မူ တစ်ရာကျော်သည်ကို ပြသည်။



၂၉။ ဝေဏ္ဏာဒေဝါ သဟလိစ၊ အာသမာ စ ဒုဝေ ယမာ။
စန္ဒဿူပနိသာ ဒေဝါ၊ စန္ဒမာဂုံ ပုရက္ခတွာ။
သူရိယဿူပနိသာ ဒေဝါ၊ သူရိယ'မာဂုံ ပုရက္ခတွာ။
နက္ခတ္တာနိ ပုရက္ခတွာ၊ အာဂုံ မန္ဒဝလာဟကာ။

http://www.dhammadownload.com

ဝသူနံ ဝါသဝေါ သေဌော၊ သက္ကောပါဂါ ပုရိန္ဒဒေါ။
ဒသေ'တေ ဒသဓာ ကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

ဝေဿာနုတ် သဟလိနုတ် အသမနုတ်တို့နှင့်တကွ ယမနုတ် ယမကနုတ်အားဖြင့် နှစ်မျိုးတို့သည် လာရောက်ကြကုန်ပြီ၊ လ၏အခြံအရံဖြစ်သော နုတ်တို့သည် လနုတ်မင်းဗိမာန်ကိုရှေ့ထား၍ လာရောက် ကြကုန်ပြီ။

နေ၏ အခြံအရံဖြစ်သောနုတ်တို့သည် နေနုတ်မင်းဗိမာန်ကို ရှေ့ထား၍ လာကြကုန်ပြီ။ ကြယ်နက္ခတ်တို့၏ အခြံအရံဖြစ်ကြကုန်သော နုတ်တို့သည် ကြယ်နုတ်မင်းတို့ကို ရှေ့ထား၍ လာရောက်ကြကုန်ပြီ၊ မန္ဒဝလာဟက နုတ်တို့သည်လည်း မဟာဝုန်တောကြီးသို့ လာရောက်ကြကုန်ပြီ။

နုတ်တို့၏ အကြီးအမှူးဖြစ်သော ရှေးဦးလူဖြစ်စဉ် အလှူ၊ လက်ဦးပေးဘူးသည့် ဝါသဝမည်သော သိကြားနုတ်မင်းသည်လည်း ဘုရားရှင်နှင့် သံဃာတို့ကို ဖူးမြင်ဖို့ရာ မဟာဝုန်တောကြီးသို့ လာရောက်ပြီ။

အားလုံးပင် အမျိုးမျိုးသော အသွေးအရောင်ရှိကုန်သော တန်ခိုး အာနုဘော်ကြီးမားကုန်သော အဆင်းလှပကုန်သော အခြံအရံများကုန်သော ဆယ်မျိုးကွဲသော ဤနုတ်အစုအဝေးဆယ်ခုတို့သည် မဟာဝုန်တော ရဟန်းတို့ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကြကုန်ပြီ။

* အမှတ်စဉ် (၂၉)လာ(၄)ဂါထာတို့ဖြင့် ဝေဿာနုတ်စသော နုတ် (၁၀)မျိုးတို့ အခြံအရံနှင့်တကွ ရောက်ရှိလာပုံကိုပြသည်။

* အမှတ်စဉ်(၂၉)လာ ဝေဿာနုတ်စသော နုတ်(၁၀)မျိုးတို့ကား-

http://www.dhammadownload.com

(၁)ဝေဿာနုတ်၊ (၂)သဟလိနုတ်၊ (၃)အာသမနုတ်၊ (၄)ယမနုတ်၊ (၅)ယမကနုတ်၊ (၆)လနုတ်သား၊ (၇)နေနုတ်သား၊ (၈)နက္ခတ်ကြယ်နုတ်၊ (၉) မန္ဒဝလာဟကနုတ်၊ (၁၀)သိကြား နုတ်မင်းတို့ ဖြစ်ကြ၏။ ဤ၌လည်း နုတ်တပါးမျှသာမဟုတ်၊ နာမည်တူအမျိုးနွယ်တူနုတ်ပေါင်း နုတ်အများတို့ဖြစ်ကြသည်။

၃၀။ အထာဂုံ သဟဘူ ဒေဝါ၊ ဇလ'မဂ္ဂိသိခါရိုဝံ။
အရိဋ္ဌကာ စ ရောဇာ စ၊ ဥမာပုပ္ပနိဘာသိနော။
ဝရုဏာ သဟမ္မာ စ၊ အစ္ဆုတာ စ အနေဇကာ။
သူလေယျရုစိရာ အာဂုံ၊ အာဂုံ ဝါသဝနေသိနော။
ဒသေ'တေ ဒသဓာ ကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

ထိုမှတပါး မီးလျှံကဲ့သို့ တောက်ပသော သဟဘူနတ်တို့သည်လည်းကောင်း၊ အောက်မဲညိုပွင့်နှင့်တူသော အဆင်းရှိကုန်သော အရိဋ္ဌကနတ်တို့သည်လည်းကောင်း၊ ရောဇနတ်တို့သည်လည်းကောင်း၊

ဝရုဏနတ်တို့သည်လည်းကောင်း၊ သဟမ္မနတ်တို့သည်လည်းကောင်း၊ အစ္ဆုတနတ်တို့သည်လည်းကောင်း၊ အနေဇကနတ်တို့သည်လည်းကောင်း၊ သုလေယျနတ်တို့သည်လည်းကောင်း၊ ရုစိရနတ်တို့သည်လည်းကောင်း၊ လာရောက်ကြကုန်ပြီ၊ ဝါသဝနေသိအမည်ရှိသော နတ်တို့သည် လာရောက်ကြကုန်ပြီ။

အားလုံးပင် အမျိုးမျိုးသော အသွေးအရောင်ရှိကုန်သော တန်ခိုး အာနုဘော်ကြီးမားကုန်သော အဆင်းလှပကုန်သော အခြံအရံ

http://www.dhammadownload.com

များကုန်သော ဆယ်မျိုးကွဲသော ဤနတ်အစုအရုံးဆယ်ခုတို့သည် မဟာဝုန်တော ရဟန်းတို့ အစည်းအဝေးသို့ ဝမ်းမြောက် ဝမ်းသာ လာရောက်ကြကုန်ပြီ။

* အမှတ်စဉ်(၃၀)လာ (၃)ဂါထာတို့ဖြင့် သဟဘူစသောနတ် (၁၀)မျိုးတို့ အခြံအရံနှင့်တကွ ရောက်ရှိလာကြပုံကိုပြသည်။

* အမှတ်စဉ်(၃၀)လာ သဟဘူစသော နတ်(၁၀)မျိုးတို့ကား- (၁) သဟဘူ နတ်၊ (၂)အရိဋ္ဌကနတ်၊ (၃)ရောဇနတ်၊ (၄)ဝရုဏနတ်၊ (၅)သဟဓမ္မနတ်၊ (၆) အစ္စုတနတ်၊ (၇)အနေဇကနတ်၊ (၈) သုလေယျနတ်၊ (၉)ရုစိရနတ်၊ (၁၀)ဝါသဝ နေသီနတ်တို့ဖြစ်ကြ၏။



၃၁။ သမာနာ မဟာသမာနာ၊ မာနုသာ မာနုသုတ္တမာ။
ခိဍ္ဍာပဒေါသိကာ အာဂုံ၊ အာဂုံ မနောပဒေါသိကာ။
အထာဂုံ ဟရယော ဒေဝါ၊ ယေ စ လောဟိတဝါသိနော။
ပါရဂါ မဟာပါရဂါ၊ အာဂုံ ဒေဝါ ယသဿိနော။
ဒသေတေ ဒသမာ ကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အာဘိဏ္ဍာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

သမာနနတ်တို့သည်လည်းကောင်း၊ မဟာသမာနနတ်တို့သည်လည်းကောင်း၊ မာနုသနတ်တို့သည်လည်းကောင်း၊ မာနုသုတ္တမနတ်တို့သည်လည်းကောင်း ခိဍ္ဍာပဒေါသိကနတ်တို့သည်လည်းကောင်း လာရောက်ကြကုန်ပြီ၊ မနောပဒေါသိကနတ်တို့သည်လည်းလာရောက်ကြကုန်ပြီ။

ထိုမှတပါး ဟရိနတ်တို့သည်လည်းကောင်း လောဟိတဝါသိနတ်တို့ သည် လည်းကောင်း၊ လာရောက် ကြကုန်ပြီ၊ အခြံအရံများ

http://www.dhammadownload.com

သော ပါရဂူနတ်တို့သည် လည်းကောင်း မဟာပါရဂူနတ်တို့သည်လည်း ကောင်း၊ လာရောက်ကြ ကုန်ပြီ။

အားလုံးပင် အမျိုးမျိုးသော အသွေးအရောင်ရှိကုန်သော တန်ခိုး အာနုဘော်ကြီးမားကုန်သော အဆင်းလှပကုန်သော အခြံအရံများကုန်သော ဆယ်မျိုးကွဲသော ဤနတ်အစုအဝေး ဆယ်ခုတို့သည် မဟာဝုန်တော ရဟန်းတို့ ၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကြကုန်ပြီ။

* အမှတ်စဉ်(၃၁)လာ (၃)ဂါထာတို့ဖြင့် သမာနနတ်စသော နတ်(၁၀)မျိုးတို့ အခြံအရံနှင့်တကွ ရောက်ရှိလာကြပုံကိုပြသည်။

* အမှတ်စဉ်(၃၁)လာ နတ်(၁၀)မျိုးတို့ကား- (၁) သမာနနတ်၊ (၂)မဟာ သမာနနတ်၊ (၃)မာနုသနတ်၊ (၄) မာနုသုတ္တမနတ်၊ (၅) ခိဋ္ဌာပဒေါသိကနတ်၊ (၆)မနောပဒေါသိကနတ်၊ (၇)ဟရိနတ်၊ (၈)လောဟိတဝါသီနတ်၊(၉)ပါရဂူနတ်၊ (၁၀)မဟာပါရဂူနတ်တို့ ဖြစ်ကြ၏။

ဤနတ်တို့တွင် ခိဋ္ဌာပဒေါသိကနတ်တို့မှာ ကဗဠိကာရအာဟာရ စားသောနတ်အားလုံးတို့ဖြစ်ကြသည်၊ မနောပဒေါသိကနတ်တို့မှာမူ စတုမဟာရာဇ်ဘုံသားတို့ဖြစ်ကြ၏။ (သီ-၄-၁၀၅)

၃၂။ သုက္ကာ ကရုဏာ၊ အာဂုံ ဝေယနသာ သဟ။
ဩဒါတဂဒျာ ပါမောဇ္ဇာ၊ အာဂုံ ဒေဝါ ဝိစက္ခဏာ။
သဒါမတ္တာ ဟာရဂဇာ၊ မိဿကာ စ ယာသသီနော။
ထနယ် အာဂ ပဇ္ဇုန္နော၊ ယော ဒိသာ အဘိဝဿတိ။
ဒသေ'တေ ဒသဓာ ကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။

http://www.dhammadownload.com

ကျဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခုနံ သမိတိ ဝနံ။
သုက္ကနတ်တို့သည်လည်းကောင်း ကရဏ္ဍနတ်တို့သည်လည်း ကောင်း အရုဏာနတ်တို့သည် လည်းကောင်း ဝေယနသနတ် တို့နှင့် တကွ လာရောက်ကြ ကုန်ပြီ၊ ဩဒါတဂယှမည်သော ပါမောက္ခ နတ်တို့ သည်လည်းကောင်း၊ ဝိစက္ခဏာနတ်တို့သည်လည်းကောင်း၊ လာရောက် ကြကုန်ပြီ။

သဒါမတ္တနတ်တို့သည်လည်းကောင်း၊ ဟာရဂဇနတ်တို့သည် လည်းကောင်း၊အခြံအရံများကုန်သော မိဿကနတ်တို့သည် လည်း ကောင်း၊ လာရောက်ကြကုန်ပြီး၊ အရပ်မျက်နှာတို့၌ မိုးရွာစေလျက် သွားလာလေ့ရှိသော ပဇ္ဇုန်မိုးနတ်သားသည်လည်း မိုးထစ်ချုန်းစေ လျက် လာရောက်ပြီ။

အားလုံးပင် အမျိုးမျိုးသော အသွေးအရောင်ရှိကုန်သော တန်ခိုး အာနုဘော်ကြီးမားကုန်သော အဆင်းလှပကုန်သော အခြံ အရံများကုန်သော ဆယ်မျိုးကွဲသော ဤနတ်အစုအဝေးဆယ်ခုတို့သည် မဟာဝုန်တော ရဟန်းတို့၏ အစည်း အဝေးသို့ ဝမ်းမြောက် ဝမ်းသာ လာရောက်ကြကုန်ပြီ။

* အမှတ်စဉ် (၃၂)လာ (၃)ဂါထာတို့ဖြင့် သုက္ကနတ်စသော နတ်(၁၀)မျိုးတို့ အခြံအရံနှင့်တကွ လာရောက်ကြပုံကိုပြသည်။

* အမှတ်စဉ်(၃၂)လာ သုက္ကစသော နတ်(၁၀)မျိုးတို့ကား- (၁)သုက္ကနတ်၊ (၂) ကရဏ္ဍနတ်၊ (၃)အရုဏာနတ်၊ (၄)ဝေယနသနတ်၊ (၅)ဩဒါတဂယှနတ် (ပါမောက္ခနတ်)၊ (၆)ဝိစက္ခဏာနတ်၊ (၇)သဒါမတ္တနတ်၊ (၈)ဟာရဂဇနတ်၊ (၉)မိဿကနတ်၊ (၁၀) ပဇ္ဇုန္နနတ် (မိုးနတ်သား) တို့ဖြစ်ကြ၏၊

http://www.dhammadownload.com

၃၃။ ခေမိယာ တုသိတာ ယာမာ၊ ကဋ္ဌကာ စ ယသဿိနော။
လမ္ဘိတကာ လာမသေဋ္ဌာ၊ ဇောတိနာမာ စ အာသဝါ။
နိမ္မာနရတိနော အာဂုံ၊ အထာဂုံ ပရနိမ္မိတာ။
ဒသေ'တေ ဒဿမာ ကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

ခေမိယနတ်တို့သည်လည်းကောင်း တုသိတာ(ပြည်၌နေသော) နတ်တို့သည်လည်းကောင်း ယာမာ(ပြည်၌နေသော) နတ်တို့သည်လည်းကောင်း၊ အခြံအရံများကုန်သော ကဋ္ဌကနတ် တို့သည်လည်းကောင်း လမ္ဘိတကနတ် တို့သည်လည်းကောင်း လာမသေဋ္ဌနတ် တို့သည်လည်းကောင်း ဇောတိ မည်သောနတ်တို့သည်လည်းကောင်း၊ အာသာနတ်တို့သည်လည်းကောင်း၊ နိမ္မာနရတိနတ်တို့သည်လည်းကောင်း၊ ပရနိမ္မိတ(ဝသဝတ္တီ) နတ်တို့သည်လည်းကောင်း လာရောက်ကြကုန်ပြီ။

အားလုံးပင် အမျိုးမျိုးသော အသွေးအရောင်ရှိကုန်သော တန်ခိုး အာနုဘော်ကြီးမားကုန်သော အဆင်းလှပကုန်သော အခြံအရံများကုန်သော ဆယ်မျိုးကွဲသော ဤနတ်အစုအရုံး ဆယ်ခုတို့သည် မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကြကုန်ပြီ။

* အမှတ်စဉ်(၃၃)လာနှစ်ဂါထာတို့ဖြင့် ခေမိယနတ်စသော နတ်(၁၀)မျိုးတို့ အခြံအရံနှင့်တကွ လာရောက်ကြပုံကိုပြသည်။

* အမှတ်စဉ်(၃၃)လာ ခေမိယစသောနတ်(၁၀)မျိုးတို့ကား-
(၁)ခေမိယနတ်၊ (၂)တုသိတာနတ်၊ (၃)ယာမာနတ်၊
(၄)ကဋ္ဌကနတ်၊ (၅)လမ္ဘိတကနတ်၊ (၆)လာမသေဋ္ဌနတ်၊
(၇)ဇောတိနတ်၊ (၈) အာသာနတ်၊ (၉)နိမ္မာနရတိနတ်၊ (၁၀) ပရနိမ္မိတဝသဝတ္တီနတ်တို့ဖြစ်ကြ၏။

http://www.dhammadownload.com

၃၄။ သဋ္ဌေ'တေ ဒေဝနိကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။
နာမန္ဒယေန အာဂစ္ဆု။ ယေ စညေ သဒိသာ သဟ။
ပဝုဋ္ဌတိ'မဒိလံ၊ ဩယတိဏ္ဏ'မနာသဝံ။
ဒက္ခေမော'ယတရံ နာဂံ၊ စန္ဒံဝ အသိတာတိဂံ။

အားလုံးပင် အမျိုးမျိုးသောအသွေးအရောင်ရှိကုန်သော ထိုခြောက်ကျိပ်သော နတ်အစုအရုံးတို့သည် အမည်အနွယ်အလိုက် လာရောက်ကြကုန်၏၊ (အမျိုးအမည်)တူသော ဤစကြာဝဠာ နတ်များမှအခြား တပါးသော စကြာဝဠာတိုက်တစ်သောင်းမှ နတ်တို့ သည်လည်း မဟာဝုန်တောကြီးသို့ လာရောက် ကြကုန်ပြီ။

အဘယ်အကျိုးငှါ လာကြကုန်သနည်းဟူမူ ပဋိသန္ဓေနေခြင်း ကင်းပြီး သော (ရာဂ ဒေါသ မောဟတည်း ဟူသော) ငြောင့်တံသင်း မရှိသော သြဃလေးဖြာမှ ကူးမြောက်ပြီးသော အာသဝေါတရား မရှိသော အရိယာ သံဃာတော် ကိုလည်းကောင်း၊ ယုတ်မာညစ်ကျေ မကောင်းမှုကို ပြုတော်မမူသော ညစ်ညူး ခြင်းကင်းသည့် လမင်း သဖွယ် တင့်တယ်တော်မူသော သြဃလေးဖြာမှ ကူးမြောက် စေတော် မူသော မြတ်စွာဘုရားကိုလည်းကောင်း ဖူးမြော် ရှိခိုး ကြကုန်အံ့ဟု ကြံစည်ကုန်၍ ဘုရားကိုဖူးမြင်ရခြင်း သံဃာကိုဖူးမြင် ရခြင်း အကျိုးငှါ လာကြကုန်ပြီ။

* အမှတ်စဉ်(၃၄)လာ ပထမဂါထာဖြင့် ဤစကြာဝဠာ ကမ္ဘာမှာရှိသည့် နတ်တို့လာကြပုံကိုဝှင်း၊ ဤစကြာဝဠာကမ္ဘာမှ အခြားစကြာဝဠာ ကမ္ဘာတို့မှာရှိသည့် နတ်တို့ နာမည်တူ အဆင်းတူအားဖြင့် အစုအလိုက် လာကြပုံကိုဝှင်း၊ ဤသို့အားဖြင့် ဇာတိခေတ်ဟုခေါ်သည် စကြာဝဠာ ကမ္ဘာတသောင်းမှ နတ်တို့ လာကြသည်ကိုဝှင်းပြသည်။

http://www.dhammadownload.com

* ဒုတိယဂါထာဖြင့်ကား- အရိယာသံဃာတော်နှင့် မြတ်စွာဘုရားကို ရှိခိုးဖူးမြော်ဖို့အကျိုးငှါ မဟာဝုန်တောသို့ လာရောက်ကြပုံကိုပြသည်၊ ဤဂါထာတွင် အရိယာသံဃာတော်၏ ဂုဏ်တော်(၄)ပုဒ်၊ မြတ်စွာဘုရားရှင်၏ ဂုဏ်တော် (၄)ပုဒ် ပါရှိလေသည်။

(၈) ဗြဟ္မကဏ္ဍ

၃၅။ သုဗြဟ္မာ ပရမတ္တော စ၊ ပုတ္တာ ဣဒ္ဓိမတော သဟ။
သနင်္ကုမာရော တိဿော စ၊ သောပါဂ သမိတီ ဝနံ။
တန်ခိုးကြီးမားတော်မူသော မြတ်စွာဘုရား၏ သားတော် ရင်နှစ် အရိယာအစစ်ဖြစ်ကုန်သော သုဗြဟ္မာမည်သော ဗြဟ္မာနှင့် ပရမတ္ထာမည်သော ဗြဟ္မာတို့သည် အတူတပေါင်းတည်း လာရောက်ကြကုန်ပြီ။ သနင်္ကုမာရ ဗြဟ္မာနှင့် တိဿဗြဟ္မာတို့သည်လည်း မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ လာရောက်ကြကုန်ပြီ။

* အမှတ်(၃၅)ဂါထာဖြင့် သုဗြဟ္မာစသော ဗြဟ္မာ(၄)ဦးတို့ လာရောက်ကြ ပုံကိုပြသည်။

ဗြဟ္မာ(၄)ဦးတို့ကား-
(၁)သုဗြဟ္မာမည်သောဗြဟ္မာ၊ (၂)ပရမတ္ထာဗြဟ္မာ၊
(၃)သနင်္ကုမာရဗြဟ္မာ၊ (၄)တိဿဗြဟ္မာ။

ဤဂါထာလာ သုဗြဟ္မာမည်သော ဗြဟ္မာဟူသည် သဂါထာဝဂ္ဂ ဗြဟ္မသံယုတ် ဗြဟ္မလောကသုတ် (သံ-၁၊ ၁၄၈)လာ သုဗြဟ္မာမည်သော ပစ္စေကဗြဟ္မာဖြစ်သည်၊ သုဒ္ဓါဝါသဘုံသားဖြစ်သည်၊ သနင်္ကုမာရ ဗြဟ္မာဟူသည် မဟာဂေါဝိန္ဒသုတ်၌လာသော အရိယာဗြဟ္မာဖြစ်သည်၊ တိဿဗြဟ္မာဟူသည် မဟာသမယသုတ်နာချိန်၌ ပုထုဇဉ်သာဖြစ်၏၊

http://www.dhammadownload.com

နောင်အခါလူပြည်၌ဖြစ်၍ သာသနာတော်တွင် ထင်ရှားသည့် တတိယသင်္ဂီယနာပွဲ၏ခေါင်းဆောင် အရှင်မောဂ္ဂလိပုတ္တတိဿရဟန္တာမထေရ် ဖြစ်လာသည်။



၃၆။ သဟဿံ ဖြဟ္မလောကာနံ၊ မဟာဖြဟ္မာ ဘိတိဋ္ဌတိ။
ဥပပန္နော ဇုတိမန္တော၊ ဘိသ္မာကာယော ယသဿိ သော။
ဒသေ'တ္ထ ဣဿရာ အာဂုံ၊ ပစ္စေကဝသဝတ္တိနော။
တေသဉ္စ မဇ္ဈတော အာဂ၊ ဟာရိတော ပရိဝါရိတော။

လက်တချောင်းဖြင့် စကြာဝဠာတစ်ထောင်၊ လက်ဆယ်ချောင်းဖြင့် စကြာဝဠာတစ်သောင်းတိုင်အောင် အရောင်အဝါ ပြန့်နှံ့စေနိုင်သော မဟာဖြဟ္မာမင်းတစ်ထောင်သည် အစည်းအဝေးသို့ လာရောက်ပြီ။ ယင်းသို့ လာကြသော မဟာဖြဟ္မာမင်းတစ်ထောင်တွင် ဖြဟ္မာပြည်၌ ပဋိသန္ဓေအားဖြင့်ဖြစ်သော တန်ခိုးအာနုဘော်နှင့် ပြည့်စုံသော ကြီးမားသော ခန္ဓာကိုယ်ရှိသော ကြက်သရေနှင့် ပြည့်စုံသော တယောက်တယောက်သော မဟာဖြဟ္မာမင်းသည် အခြားဖြဟ္မာတို့ကို လွှမ်းမိုးအုပ်စိုးလျက် တည်၏။

ဤဆိုခဲ့ပြီး မဟာဖြဟ္မာမင်း တစ်ထောင်တွင် အသီးသီးကိုယ်စီကိုယ်စီ တပါးသော သတ္တဝါတို့ကို မိမိအလိုသို့ လိုက်စေနိုင်သည် ဖြစ်၍ အစိုးရကုန်သော မဟာဖြဟ္မာမင်း ဆယ်ဦးတို့သည် ဤအစည်းအဝေးသို့ လိုက်ပါလာရောက် ကုန်ပြီ။ ထိုမဟာဖြဟ္မာမင်း တို့အနက် ဟာရိတ မည်သော မဟာဖြဟ္မာမင်းကြီးသည်လည်း (ဖြဟ္မာတစ်သိန်း) ခြံရံလျက် လိုက်ပါလာရောက်လေပြီ။

http://www.dhammadownload.com

* အမှတ်စဉ်(၃၆)တွင် ပထမဂါထာဖြင့် မဟာပြဟ္မာမင်းပေါင်း တစ်ထောင်လာရောက်ကြပုံကိုပြသည်၊ဒုတိယဂါထာဖြင့် ထိုမဟာပြဟ္မာ မင်း တစ်ထောင်တို့၏ အလယ်တွင် ဟာရိတမည်သော မဟာပြဟ္မာ မင်းကြီးသည် ပြဟ္မာတစ်သိန်း ခြံရုံလျှက် လာရောက်သည်ကိုပြသည်။

(၉) နိဂုံး(၇)ကါထာ

၃၇။ တေ စ သဗ္ဗေ အာဘိက္ကန္တေ၊ သက္ကနှေ ဒေဝေ သပြဟ္မကေ။
မာရသေနာ အာဘိက္ကာမိ၊ ပဿ ကဏှသ မန္ဒိယံ။
ဧထ ဂဏှထ ဗန္ဓထ၊ ရာဂေန ဗဒ္ဓ'မတ္ထု ဝေါ။
သမန္တာ ပရိဝါရေထ၊ မာ ဝေါ မုဉ္စိတ္ထ ကောစိ နံ။
ဣတိ တတ္ထ မဟာသေနော၊ ကဏှော သေနံ အပေသယိ။
ပါဏိနာ တလ'မာဟစ္စ၊ သရံ ကတ္တာန ဘေရဝံ။
ယထာ ပါဝုသကော မေဃော၊ ထနယန္တော သဝိဇ္ဇုကော။
တဒါ သော ပစ္စုဒါဝတ္တိ၊ သက်ံဒ္ဒါ အသယံဝသေ။

ရဟန်းတို့ မည်းညစ်ယုတ်မာသော မာရ်နတ်၏ မိုက်မဲပုံကို ရှုကြကုန်လော့၊ သိကြားနတ်မင်း ဟာရိ၊ ပြဟ္မာမင်းတို့နှင့်တကွ ရှေ့ရှု လာကုန်သော ထိုနတ်ပြဟ္မာအားလုံးကို့ဆီသို့ မာရ်နတ်၏ စစ်သည် ရဲမက် အပေါင်းတို့သည် ရှေ့ရှုခြိတက်လာကြကုန်ပြီ။

မျှားသောစစ်သည်ရဲမက်ရှိသော မာရ်နတ်သည် အို-အချင်းတို့ သင်တို့သည် လာကြကုန်လော့၊ နတ်ပြဟ္မာတို့ကို ဖမ်းကြကုန်လော့၊ နှောင်ဖွဲ့ ကြကုန်လော့၊ ရာဂဖြင့်ချည်တုပ်ကြကုန်လော့၊ ထက်ဝန်းကျင်မှ ဝိုင်းဝန်းထားကြကုန်လော့၊ သင်တို့သည် နတ်ပြဟ္မာအပေါင်းတွင် တစ်ဦးတစ်ယောက်ကိုမျှ မလွတ်စေကြလင့်။

http://www.dhammadownload.com

ဤသို့ဆိုလျက် စစ်သည်များစွာရှိသော မာရ်နတ်မင်းသည် မြေပြင်ကို လက်ဖြင့်ပုတ်ခတ်ထုရိုက်၍ လျှပ်စစ်နှင့်တကွ မိုးကြိုးထစ်ချုန်းသကဲ့သို့ ကြောက်မက်ဖွယ် ကြုံးဝါးသံကိုပြုလျက် ထိုအစည်းအဝေးသို့ မာရ်စစ်သည်ကို ညာသံပေးလျက် စေလွှတ်လိုက် ပြီ၊ ညာသံပေးလျက် စစ်ချီတက်ရာ ထိုအခါ၌ မာရ်နတ်မင်းသည် မိမိအလိုအတိုင်းမဖြစ်သောကြောင့်ပြင်းစွာ အမျက်ထွက်လျက် ဆုတ်ခွါပြန်ရလေပြီ။

မာရ်နတ်သည် အလွန်ကြီးမားများပြားသော နတ်ဗြဟ္မာတို့၏ တရားနာအစည်းအဝေးကြီးကို မြင်တွေ့ရသောအခါ သတ္တဝါတို့မင်္ဂိုလ် နိဗ္ဗာန်ရလျက်ဝင့်ဆင်းရဲမှ လွတ်မြောက်သွားကြမည်ကို စိုးရိမ်လျက်ရှိ၏၊ ထို့ကြောင့် နတ်ဗြဟ္မာများ တရားထူးမရအောင် အန္တရာယ် ပြုရန် မာရ်စစ် သည်တို့ကို စေလွှတ်လျက် ကြောက်မက်ဖွယ်အသံ အဆင်းတို့ဖြင့် ချောက် လှန့်တော့၏၊ ဘုရားရှင်သည် ထိုအကြောင်းကို သိတော်မူ၏၊ ချောက်လှန့် ခံရသော ပရိသတ်က မင်္ဂိုလ်နိဗ္ဗာန်မရနိုင်လျှင် ဘုရားရှင်သည် မာရ် နတ်၏ နှောင့်ယှက်မှုကိုမတားမြစ်ပေ၊ မင် ဖိုလ်နိဗ္ဗာန်ရနိုင်လျှင်မူ တရား ထူးအန္တရာယ်မဖြစ်စေရန် နှောင့်ယှက်နေသော မာရ်နတ်၏ အဆင်းအသံတို့ကိုမမြင်ရ မကြား ရအောင် အဓိဋ္ဌာန်တော်မူလျက်စောင့်ရှောက်တော်မူမြဲဖြစ်၏၊ ဤတရားနာပွဲ အစည်းအဝေးပွဲကြီး၌ကျွတ်တမ်းဝင်မည့် နတ်ဗြဟ္မာ ပရိသတ်များပါရှိကြ၏၊ ထိုနတ်ဗြဟ္မာပရိသတ်သည် ဘုရားရှင်၏ အဓိဋ္ဌာန်အကာအကွယ်စောင့် ရှောက်မှုကြောင့် ကြောက်မက်ဖွယ် အဆင်းအသံတို့ကိုမမြင်ရ မတွေ့. လိုက်ကြရတော့ပေ၊ ထို့ကြောင့်-

* အမှတ်စဉ်(၃၇)မှ ပထမဂါထာဖြင့် တရားနာပရိသတ်ဖြစ်သော နတ်ဗြဟ္မာများထဲသို့ မာရ်နတ်က စစ်သည်တို့ကို စေလွှတ်၍ နှောက်ယှက်နေသည်ကို ဘုရားရှင်က ရဟန်းတို့ကို ပြောပြနေသည်ကို

http://www.dhammadownload.com

ဖော်ပြသည်။ ဒုတိယဂါထာဖြင့်ကား မာရ်နတ်က မိမိ၏စစ်သည်တို့ကို နတ်ဗြဟ္မာပရိသတ်တို့အား နှောက်ယှက်ကြရန် ပြောပြစေခိုင်းနေပုံကိုပြသည်။ တတိယ+စတုတ္ထဂါထာတို့ဖြင့်ကား မာရ်နတ်က စစ်သည် တို့ကို စေလွှတ်ရုံမျှကဘဲ မိမိကိုယ်တိုင်လည်း နတ်ဗြဟ္မာပရိသတ်တို့ ထိတ်လန့်ကြောက်ရွံ့သွားအောင် နှောင့်ယှက်နေပုံကိုပြသည်။

၃၈။ တဉ္စ သတ္ထံ အာဘိညာယ၊ ဝဝတ္ထိတ္ဝာန စက္ခုမာ။
တတော အာမန္တယိ သတ္ထာ၊ သာဝကေ သာသနေ ရတေ။
မာရသေနာ အာဘိဉ္ဇန္တာ၊ တေ ဝိဇာနာထ ဘိက္ခဝေါ။
တေ စ အာတပ္ပ'မကရုံ၊ သုတ္ဝာ ဗုဒ္ဓဿ သာသနံ။
ဝိတရာဂေဟိ ပဉ္ဇာမုံ၊ နေ'သံ လောမာပိ ဥဉ္ဇယုံ။

မျက်စိအမြင် စက္ခုငါးပါးနှင့်ပြည့်စုံသော မြတ်စွာဘုရားသည် ထိုအလုံးစုံသောအကြောင်းအရာကို ထူးသောဉာဏ်ဖြင့်သိ၍ ပိုင်းခြားမှတ်သားတော်မူပြီးလျှင် မာရ်နတ်လာရာ ထိုအခါ၌ သာသနာတော်၌ မွေ့လျော်ကုန်သော တပည့်သာဝကတို့အား ချစ်သားရဟန်းတို့ မာရ်နတ်စစ်သည်တို့သည် ရှေ့ရှုခြီတက်လာကုန်ပြီ။ သင်တို့သည် ထိုမာရ်နတ်စစ်သည်တို့ကို သိကြကုန်လော့၊ သိကြပြီး၍ ဖလသမာပတ် ခံတပ်အကာအကွယ် လုံလောက်စွာ ယူကြဝင်စားကြကုန်လော့ဟု မိန့်တော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ အမိန့် တော်ကို ကြားရ၍ (သိအောင်) အားထုတ်ကုန်၏။ ဖလသမာပတ်ဝင်စား ကြ ကုန်၏၊ (မာရ်စစ်သည်တို့သည်) ထိုရဟန္တာသံဃာတို့၏ မွေးညှင်း ကိုမျှလည်း မလှုပ်ရှားစေနိုင်သည်ဖြစ်၍ ထိုရဟန္တာ သံဃာ တို့ထံမှ ဖဲခွာသွားလေကုန်ပြီ။ စစ်ကိုပြန်နှုတ်ဆုတ်ခွါလေရာ (ထိုအခါ၌ မာရ်နတ်မင်းသည် ရဟန်းသံဃာကို အာရုံပြု၍ ဤဂါထာကို ရွတ် ဆို၏)။

http://www.dhammadownload.com

* အမှတ်စဉ်(၃၈)လာနှစ်ဂါထာတို့ဖြင့် မာရ်နတ်က စစ်သည်တို့ကို စေလွှတ်၍ နှောင့်ယှက်တော့မည်ဖြစ်၍ ဘုရားရှင်က ရဟန်းတော်တို့ကို ဖလ သမာပတ်ဝင်စား၍ ကာကွယ်ကြရန် တိုက်တွန်းပုံကိုဎင်း၊ ရဟန်းတော်တို့ ဖလသမာပတ်ဝင်စား၍ ကာကွယ်ကြသဖြင့် ဘေးရန်မကြုံတွေ့.ရပုံကိုဎင်း ပြသည်။



၃၉။ သဗ္ဗေ ဝိဇိတသင်္ဂါမာ၊ ဘယာတီတာ ယသဿိနော။
မောဒန္တိ သဟ ဘူတေဟိ၊ သာဝကာ တေ ဇနေသုတာတိ။

စစ်ပွဲကို အောင်မြင်ပြီးကုန်သော ကြောက်ရွံ့ခြင်းကင်းပြီးကုန်သော ကျော်စောခြင်းရှိကုန်သော လူ,နတ်,ဗြဟ္မာ သတ္တဝါအပေါင်း၌ ထင်ရှားကုန်သော ထိုဘုရားရှင်၏တပည့် သာဝက အားလုံးတို့သည် အရိယာပုဂ္ဂိုလ်တို့နှင့် အတူတကွ သာသနာတော်၌ အားရရွှင်ပျော် ဝမ်းမြောက်တော်မူကြကုန်၏တကား။

* အမှတ်စဉ်(၃၉)ဂါထာကား မာရ်နတ်သည် မိမိကနှောင့် ယှက်သော်လည်း မကြောက်ရွံ့ကြသောရဟန်းတော်တို့ကို အကြောင်း ပြု၍ ချီးကြူးရွတ်ဆိုသော ဂါထာဖြစ်သည်။



(ဂ) မဟာသမယသုတ် စစ်တမ်း

မဟာသမယသုတ်နှင့် စပ်၍ ဖော်ပြပါ မေးမြန်းဖွယ် အချက်များ ပေါ်ထွက်လာပါသည်။ ၎င်းအချက်တို့မှာ-

၁။ မဟာသမယသုတ်ကို ဟောသည့်အချိန် ဘုရားရှင်၏ ဝါတော်

၂။ မဟာသမယံသုတ်ကို ဟောကြားသည့် အရပ်ဒေသ နေ့ရက် အချိန်၊

http://www.dhammadownload.com

၃။ မဟာသမယသုတ်ကို နာကြားသည့် တရားနာပရိသတ်
၄။ မဟာသမယသုတ်ကို နာပြီး မဂ်ဖိုလ်နိဗ္ဗာန် ရ+မရ
၅။ မဟာသမယသုတ်ကို နာပြီး ကျွတ်တမ်းဝင်သော ပရိသတ် အရေအတွက်
၆။ မဟာသမယသုတ် တရားနာပရိသတ်ထဲမှ ထူးခြားသော-ပုဂ္ဂိုလ်များ
၇။ မဟာသမယသုတ်ထဲမှ တခြားပုဂ္ဂိုလ်ဟောကြားသော-ဂါထာများ
၈။ မဟာသမယသုတ်ဖြင့် သစ္စာပြုနိုင်/ မပြုနိုင်
၉။ မဟာသမယသုတ်ကို နှတ်တို့ ချစ်ခင်နှစ်သက်ရခြင်းအကြောင်း
၁၀။ မဟာသမယသုတ် ရွတ်ဆိုရခြင်း၏ အကျိုးများတို့ ဖြစ်ကြ၏။

ဖေါ်ပြပါ အချက်တို့ကို အစဉ်အတိုင်း ဖြေဆိုပါမည်။

၁။ မြတ်စွာဘုရားရှင်သည် (၄)ဝါရအပြီး မဟာသက္ကရာဇ် (၁၀၈) ခုနှစ် (၅)ဝါမြောက် ဝါဆိုဦး နယုန်လပြည့် နေ့တွင် မဟာသမယ သုတ်ကို ဟောသည်။

၂။ သက္ကတိုင်း မွေးရပ်မြေ ကပိလဝတ်နေပြည်တော်အနီး ဟိမဝန္တာနှင့် တစပ်တည်းရှိသော မဟာဝုန် တောကြီးအတွင်း၌ နယုန်လပြည့်နေ့ည လဝန်းကြီးထွက်ပေါ်လာချိန်တွင် မဟာသမယ သုတ်ကို ဟောသည်။

၃။ လူသားထဲမှ နယုန်လပြည့်နေ့တွင် ရဟန္တာဖြစ်သစ်စ ရဟန်း သံဃာ(၅၀၀)နှင့် မရေမတွက်နိုင်အောင် အလွန်များပြားသော နတ်ဗြဟ္မာများ ပရိသတ်နှင့် နဂါး ဂဠုန် အသူရာတို့ပါ ပါဝင်သော တရားနာပရိသတ်ကြီး ကို ဟောကြားသည်။

၄။ မဟာသမယသုတ်ကို နားပြီး မဂ်ဖိုလ် နိဗ္ဗာန်ရပါသည်။

၅။ များစွာသော နတ်ဗြဟ္မာတို့ ကျွတ်တမ်းဝင်ကြခြင်း၊

http://www.dhammadownload.com

မဟာသမယသုတ်ကို ဟောကြားပြီးဆုံးလတ်သောအခါ နတ်ပြဟ္မာပေါင်း ကုဋေတသိန်းတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြလျက် ရဟန္တာဖြစ်ကြလေကုန်၏။ သောတာပန် အရိယာစသည်တို့၏ အရေအတွက်ကား ပိုင်းခြား၍ မရနိုင်အောင် များလှပေ၏။ (ဤကား သုတ်မဟာဝါ အဋ္ဌကထာ၊ စာမျက်နှာ ၂၈၇၊ ၂၈၈ ၌ ဖွင့်ပြချက်တည်း)။ ဒေသနာပရိယောသာနေ ပနဿကောဋိသတသဟဿဒေဝတာ အရဟတ္တံပတ္တာ၊ သောတာပန္နာဒိနံဂဏာနာ နတ္ထိ။

မဟာသမယသုတ်ကို နာကြားရပြီး ယင်းသို့မင်္ဂဖိုလ်နိဗ္ဗာန် ရလျက် ကျွတ်တန်းဝင်သော အရေ အတွက် ပမာဏကို သုတ်မဟာဝါ အဋ္ဌကထာကသာဖွင့်ပြသည်မဟုတ်ပေ၊ သမစိတ္တာသုတ် အဂုံတို့၏ အဋ္ဌတထာ၌လည်း ဖွင့်ပြလျက်ရှိပေသည်။ (အံ ၄၊ ၂၊ ၃၉)

ဤမဟာသမယသုတ် တသုတ်လုံးကိုခြုံ၍ ကြည့်ရှုဆင်ခြင်လျှင် နတ်ပြဟ္မာတို့၏ အမည်အမျိုး အနွယ်ဟူသော နာမပညတ်ကိုသာ အဓိကအားဖြင့် ဟောကြားထားသည်ကို တွေ့ရှိနိုင်၏။ ထို့ကြောင့် - “ပရမတ္ထတရားသားကို ဟောကြားချက် မရှိပါပဲလျက် နတ်ပြဟ္မာများ၏ မျိုးမည်ထွေပြား ဟောကြားကာမျှဖြင့် ထိုနတ်ပြဟ္မာတို့၏ သစ္စာ လေးပါးတရားသိမြင် ကျွတ်တမ်းဝင်မှု (သောတာပန်အစရှိသော အရိယာဖြစ်မှု)အဘယ်သို့ ဖြစ်နိုင်မည်နည်း” -ဟူ၍မေးမြန်းဖွယ်ရှိ၏။ အဖြေကား -(၁) ထိုနတ်ပြဟ္မာတို့၏ (မဟာသမယသုတ်ကို ကြားနာရသဖြင့်) ခဲ့သောစိတ်၊ နှုးညံ့သောစိတ်၊ နိဝရဏကင်းသော စိတ်၊ တက်ကြွသောစိတ်၊ ကြည်လင်သောစိတ်ရှိကြသည်ကို သိတော်မူ၍ မြတ်စွာဘုရားသည် ဓမ္မစကြာပါဠိတော်မှာလာသည့် သစ္စာလေးပါး

http://www.dhammadownload.com

တရားကို ဟောတော်မူသည်။ ထိုသစ္စာလေးပါးတရားကို ကြားနာရသော ကြောင့် နတ်ဗြဟ္မာတို့ အရိယာဖြစ်ကြသည်။

ဤဆုံး ဖြတ်ချက်သည် သဂါထာဝဂ္ဂသံယုတ် သုဗြဟ္မသုတ် အဋ္ဌကထာဦးကာတို့နှင့် ညီညွတ်သဖြင့် လက်ခံရပေမည်၊ မှန်၏၊ သုဗြဟ္မ သုတ်၌ ဘုရားရှင်သည် သုဗြဟ္မနတ်သားအား " နာညတြ ဗောလ္ဈာ တပသာ" ဂါထာကို ဟောပြီးနောက် သစ္စာ(၄)ပါး တရားကိုပါ ဟောပြလိုက်သောအခါ သုဗြဟ္မနတ်သား သောတာပန်ဖြစ်လေသည်၊ သို့သော် ပါဠိတော်မူရင်း၌မူ " နာညတြဗောလ္ဈာ တပသာ" ဂါထာ ဟောကြောင်းကိုသာ ပြဆိုထား၏၊ အဋ္ဌကထာဦးကာတို့၌ကား အပြည့်အစုံ ဖော်ပြထားပေသည်။ သံယုတ် အဋ္ဌကထာဦးကာတို့ဖွင့် ပြချက်သည် "ဗုဒ္ဓါ နဉ္ဉိ စတုသစ္စဝိနိမုတ္တာ ကထာနာမ နတ္ထိ" ဟူသော သီလက္ခန် အဋ္ဌကထာ (၃၁၂) နှင့်လည်း ညီညွတ်ပေသည်။ ယသွာ ဒေဝပုတ္တသ သတ္ထာ တံဂါထံ ဝတွာ ဥပရိစ သစ္စာနိ ပကာသေသိ၊ တသွာ ဝုတ္တံ။ ဘဂဝါ စတုသစ္စ ဝသေန ဒေသနံ ဝိနိဝတ္တေသိ "တိ"။

(သံဋီ၊ ၁၊ ၁၅၃)

ထို့ကြောင့် ဆရာတော်ဦးဗုဒ္ဓသည် မိမိရေးသားသော မဟာသမယသုတ် နိဿယအမှာန်း၌ -

နာမက္ခာနေန ယဒေ့ဝံ၊ ဓမ္မာဘိသမယော ကထံ။

ကလ္လာဒီ သစ္စဒီပေန၊ နေသံ ပိတာဒိတောပိ ဝါ -ဟူ၍ ရေးသားတော်မူအပ်လေသည်။ ထို့သို့ ရေးသားရှင်းလင်း ဖော်ပြရခြင်း အတွက် မှီရာသာဓကကိုလည်း-

"ကလ္လစိတ္တံ မုဒုစိတ္တံ ဝိနိဝရဏစိတ္တံ ဥဒဂ္ဂစိတ္တံ ပသန္နစိတ္တံ၊ အထ ယာ ဗုဒ္ဓါနံ သာမုက္ကံသိကာ ဓမ္မဒေသနာ၊ တံပကာ သေသိ

http://www.dhammadownload.com

ဒုက္ခံ သမုဒယံ နိရောဓံ၊ မဂ္ဂံ - ဟူသော ပါဠိတော်နည်းကို မှီ၍ (ဒေဝတာနံ စိတ္တကလ္လတာ ဇနနတ္ထံ) ဟူသော အဋ္ဌကထာ၌ စိတ္တကလ္လ၏ ဥပလက္ခဏာ ဖြစ်ရကား - ကလ္လာဒီ သစ္ဓဒီပေန ဟူသည်တည်း" - ဟူ၍ မှာထားပြဆို ခဲ့လေသည်။

၆။ မဟာသမယသုတ် တရားနာပရိသတ်ထဲမှ ထူးခြားသော ပုဂ္ဂိုလ် များကား-

မဟာသမယသုတ် တရားပွဲ၌ လနတ်သား နေနတ်သားတို့လည်း လာရောက်နာယူကြကြောင်းကို အာကာသဋ္ဌ ဒေဝတာ ကဏ္ဍလာ "စန္ဒသူပနိသာ ဒေဝါ၊ စန္ဒမာဂုံ ပုရက္ခတ္တာ" စသော ဒေသနာတော်အရ သိရ၏၊ ထိုလနတ်သား, နေနတ်သားတို့သည် မဟာသမယသုတ် တရားပွဲ၌ သောတာပန်အရိယာများ ဖြစ်သွားကြ၏၊ ဤအကြောင်းကို သဂါထာဝဂ္ဂသံယုတ် သူရိယ သုတ်လာ "ပဇံ မမံ"ဟူသော ပါဠိတော်အရ သိရသည်။

စန္ဒိမသူရိယာ ကိရ ဒွေပိ ဒေဝပုတ္တာ မဟာသမယ သုတ္တကထန ဒိဝသေ သောတာပတ္တိဖလံ ပတ္တာ၊ တေန ဘဂဝါ ပဇံ မမန္တိ အာဟ။

(သံဋ္ဌ၊ ၁၊ ၁၀၁။)

ထို့အပြင် မူလကမဟာဝုန်တောတွင်နေပြီး တရားပွဲရောက်မှ နေရာဖယ်ပေးရသဖြင့် သီဟိုဠ်ကျွန်း ရောဟဏဇနပုဒ် မဟာဂါမ ရွာကြီး ထိ ပြောင်းရွှေ့ခဲရသော တောင်စွန်းကျောင်းတိုက်မှ ကံ့ကော်ပင် စောင့် ရဂ္ဂစိုး နတ်သမီးသည်လည်း မဟာသမယ သုတ်တရားပွဲ၌ သောတာပန် အရိယာဖြစ်လာသူမို့ ထူးခြားသော ပုဂ္ဂိုလ်ပင် ဖြစ်သည်။ (ဒီဋ္ဌ၊ ၂၊ ၂၈၈)

၇။ မဟာသမယသုတ် နိဒါန်း၌လာသော "မဟာသမယော ပဝနသ္မိံ" စသော (၄)ဂါထာတို့မှာ ငြဟ္မာမင်းတို့ ရွတ်ဆိုသော ဂါထာများဖြစ် ကြ၏၊ ထို့အပြင် နိဂုံးပိုင်းတွင်လာသော "ဧထ ဂဏ္ဘထ ဗန္ဓထ" စသော

http://www.dhammadownload.com

ဂါထာနှင့် "သဗ္ဗေ ဝိဇိတသင်္ဂါမာ"စသော ဂါထာအားဖြင့် (၂) ဂါထာတို့မှာလည်း မာရ်နတ်မင်းရွတ်ဆိုသော ဂါထာများ ဖြစ်ကြ၏၊သို့သော် မာရ်နတ်မင်းရွတ်ဆိုသည်ကို ပရိတ်သတ် တို့မသိမကြားလိုက်ရသဖြင့် ဘုရားရှင်က ပြန်လည်၍ ဟောပြထားခြင်း ဖြစ်သည်။

၈။ တချို့က မဟာသမယသုတ်တွင် ဘုရားဂုဏ်, သံဃာဂုဏ်များ ဖေါ်ပြသည့် တရားသားများ မပါကြ၊ နတ်ဗြဟ္မာတို့၏ အမည်သက်သက်သာ ပါသည်ဟူ၍ ပြောဆိုကြ၏၊ ထိုပုဂ္ဂိုလ်တို့၏ မဟာ သမယသုတ်အပေါ် လေ့လာမှု အားနည်းသဖြင့် ယင်းသို့ ပြောဆိုခြင်း ဖြစ်သည်၊ မဟာသမယ သုတ်နိဒါန်းပိုင်းတွင် ဗြဟ္မာမင်း တို့ရွတ် ဆိုသော (၄)ဂါထာတို့တွင် "တတြ ဘိက္ခဝေါ"စသော အလယ် (၂)ဂါထာမှာ သံဃဂုဏ်ရည်ပြ ဂါထာများဖြစ် ကြ၏၊ "ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ" စသော နောက်ဆုံး ဂါထာမှာ မူ ဗုဒ္ဓဂုဏ်ရည်ပြ ဂါထာဖြစ်၏။

ထို့အပြင် နာဂကဏ္ဍမှ "အဘယံ တဒါ နာဂရာဇာ နမာသိ" စသော ဂါထာမှာလည်း ဗုဒ္ဓဂုဏ်ရည် မေတ္တာစွမ်းရည်ပြ ဂါထာဖြစ်၏၊ ၎င်းအပြင် အာကာသဌဒေဝတာ ကဏ္ဍလာ "မဝုဌဇာတိမခီလံ"စသော ဂါထာသည်လည်း သံဃာဂုဏ်ရည်နှင့် ဗုဒ္ဓဂုဏ်ရည်ကို စုံညီစွာဖေါ်ပြသော ဂါထာဖြစ်သည်။ ယင်းအပြင် နိဂုမ်းပိုင်းလာ "တေစ အာတပ္ပ မကရုံ" ဂါထာနှင့် "သဗ္ဗေ ဝိဇိတ သင်္ဂါ မာ"ဂါထာတို့မှာလည်း သံဃာတော် အရှင်မြတ်တို့၏ ဂုဏ်ဟော် တို့ကိုပင် ပြဆိုလျက်ရှိပေသည်။

သို့ဖြစ်ရကား-ထို (၇)ဂါထာတို့၏ နောက်တွင် ၁။ ရတန သုတ် ပရိတ်နည်းဖြင့် "ဧတေန သစ္စေန သုဝတ္ထိ ဟောတု"ဟူ၍၎င်း ၂။ ဗောဇ္ဈင်္ဂ ပရိတ်နည်းဖြင့် "ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ" ဟူ၍၎င်း ၃။ ဥပ္ပါတသန္တိကျမ်းနည်းဖြင့် "ဧတေန သစ္စဝဇ္ဇေန၊

http://www.dhammadownload.com

သဒါ မင်္ဂလမတ္ထု မေ" ဟူ၍ ၎င်း ၄။ အမေးတော် အဖြေကျမ်း နည်းဖြင့် "ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ၊ ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ" ဟူ၍ ၎င်း သစ္စာပြုဆုတောင်းနိုင်ပါသည်။

၉။ မဟာသမယသုတ်ကို နတ်တို့နှစ်သက်ရခြင်းမှာ ဤသို့ဖြစ်၏။

မဟာသမယသုတ်ကို နတ်တို့ချစ်ကြခြင်း

ဤမဟာသမယသုတ်ကို နတ်တို့သည် ကြည်ညိုလေးမြတ်ကြ၊ ချစ်ကြကုန်၏။ ထို့ကြောင့် ချမ်းသာပွားကြောင်း မင်္ဂလာနှင့်စပ်သော တရားစကားကို ဟောကြားရွတ်ဆိုသော ပုဂ္ဂိုလ်သူမြတ်သည် အိမ်သစ်တက်ပွဲ၊ ကျောင်းသစ် တက်ပွဲ၊ ရွာသစ်၊ မြို့သစ်တက်ပွဲ၊ ဆိုင်သစ်ဖွင့်ပွဲ အစရှိသော နေရာဌာနတို့၌ ဤမဟာသမယသုတ်ကို အဦးအဓိကထား၍ ရွတ်ဆိုသင့်၏ ဟူ၍ အဋ္ဌကထာဆရာတော်က မှတ်ချက်ခ ျပါသည်။ မဟာသမယသုတ်ရွတ်ဖတ်ရာသို့ ဘေးရန်အန္တရာယ်ကို ကာကွယ် နိုင်သော တန်ခိုးကြီးသောနတ်တို့လာရောက် နာကြားကြခြင်း၊ ရုန့်ရင်း ကြမ်းတမ်းသော နတ်တို့ကလည်း စိတ်ထား နူးညံ့ပျော့ပျောင်း သွားခြင်း၊ မိမိတို့၏နာမည်ပါရှိလာသဖြင့် ကျေနပ်အားရခြင်း၊ မိမိတို့မင်္ဂဖိုလ် နိဗ္ဗာန်ရလျက် ဘဝအဆင့် အတန်းမြင့်မားသွားအောင် ပို့ဆောင်ပေးသော သုတ္တန်ဖြစ်ခြင်းတို့ကြောင့် နတ်ပြဟ္မာတို့က နှစ်သက်ကြခြင်းဖြစ်သည်။ ဤ အကြောင်းတို့ကြောင့် နတ်ပြဟ္မာတို့က မဟာသမယသုတ်ရွတ်ဖတ်သူကို အန္တရာယ်ကင်းအောင် စီးပွားရေးတိုးတက်အောင် စောင့်ရှောက်ကူညီကြခြင်း ဖြစ်သည်။ ထို့ကြောင့် မဟာသမယသုတ်ရွတ်ဖတ်သူ တို့မှာ အန္တရာယ် ကင်းခြင်း၊ စီးပွားရေးကောင်းခြင်းစသော အကျိုးတို့ကို ရရှိခြင်း ဖြစ်သည်။

http://www.dhammadownload.com

၁၀။ မဟာသမယသုတ်ရွတ်ဆိုရခြင်း၏ အကျိုးတို့မှာ--

အမွှန်းဂါထာတွင် ဖေါ်ပြထားသည့် အကျိုး(၄)မျိုးတို့သာ မကပေ၊ မိမိတို့စိတ် အလိုဆန္ဒရှိသမျှ ကောင်း ကျိုး အမျိုးမျိုးကို ရရှိနိုင်ပါသည်၊ ဘေးရန်အန္တရာယ်အမျိုးမျိုးမှလည်း ကင်းဝေးနိုင်ပါသည်။ "နတ်ချစ်ဆေးသုတ္တန်" ဖြစ်သည့်အတိုင်း လို တ ရသည်၊ ဤနေရာ၌ သပြေကန်ဆရာတော်ကြီး၏ အဆုံးအဖြတ်ကို ဖေါ်ပြအပ်ပါသည်။

တချို့က မဟာသမယသုတ္တန်မှာ ဘုရားဟောမဟုတ်၊ တရားသဘောမပါ၊ နတ်အမည်ချည်းသာဖြစ်၍ အကျိုးမများဟု ဆိုကြ၏၊ ထိုသူတို့အတွက် မဟာသမယသုတ်မှာ ဘာမျှ အကျိုးထူး မည်မဟုတ်၊ မဟာသမယသုတ် ကြည်ညိုသူတို့အဖို့မှာ ရဟန္တာဖြစ်စ ကိလေသာစင်အလွန်ပင် တင့်တယ်လှသော ရဟန္တာများ ခြံရံလျက်ရှိသော ဗုဒ္ဓမြတ်ထံ နတ်ငြဟ်ဟာတွေ မရေသာအောင် လာရောက်စုဝေး ခစားပုံ၊ ထိုအစုအဝေး၌ ဘုရားရှင် တရားဟောတော်မူပုံကို အာရုံပြု၍ စိတ်တွင်ဝင်စား ကြည်ညိုပွားကာ မဟာသမယသုတ်ကို ရွတ်ဆို၍ အားမရ ဖြစ်ကြ၏၊ ရောဂါကင်းသည်၊ အသက်ရှည်သည်၊ နတ်တွေလိုလား၍ ရာထူးဂုဏ်သိရ် စည်းစိမ်တန်ခိုး တိုးတက်နိုင်သည်ဟု ယုံကြည်ကြ၏၊ ယုံကြည်သည့် အတိုင်းလည်း အထိုက်အလျောက် အကျိုးခံစားကြရသည်သာတည်း။

(သပြေကန်ပရိတ်ကြီး နိဿယ၊ ၅၉၁)

ဆိုအပ်ပြီးသော အကြောင်းအရာများအရ နတ်တို့သည် ဤမဟာသမယသုတ်ကို ကြားနာကြကုန် အံ့ဟူ၍ နားစိုက်ထောင်ကြကာ ရှာဖွေလျက် အရပ်လေးမျက်နှာသို့ လှည့်လည်သွားလာ နေကြလေသည်။ ဤမဟာသမယသုတ်ကို နတ်တို့ကြည်ညိုလေးမြတ်ကြခြင်း၌ သက်သေသာဓကဝတ္ထုမှာ ဤသို့ဖြစ်၏။

http://www.dhammadownload.com

သီရိလင်္ကာနိုင်ငံ "ကောဋိပဗ္ဗတ"မည်သော တောင်စွန်း ကျောင်းတိုက်ကြီး၌ "နာဂလေဏ"ခေါ်သော ကဲ့ကော်ပင်လိုဏ်ဂူ တစ်ခုရှိလေသည်။ ထိုလိုဏ်ဂူတံခါးဝအနီး ပေါက်ရောက်သော ကဲ့ကော်ပင်ကြီး၌ ရဟန္တာစိုး နတ်သမီးတစ်ယောက်သည် နေထိုင်လျက် ရှိလေသည်။ တစ်နေ့သ၌ ရဟန်းငယ်တစ်ပါးသည် ထိုလိုဏ်ဂူ အတွင်း၌နေထိုင်လျက် ဤမဟာသမယသုတ်ကို ရွတ်အံသရဇ္ဈာယ် လေ၏။ ထိုရဟန္တာစိုးနတ်သမီးသည် ရှိသေစွာ နာကြား၍ မဟာသမယသုတ်ပြီးဆုံးသောအခါ၌ အသံကျယ်စွာ (သာဓုခေါ်) လေသည်။ ထိုအခါ ရဟန်းငယ်နှင့် နတ်သမီးတို့သည် ဖော်ပြပါအတိုင်း အပြန်အလှန်မေးကြဖြေကြလျက် စကားပြောကြ၏။

ယခု သာဓု ခေါ်သူကား အဘယ်သူနည်း။

အရှင်ဘုရား . . . တပည့်တော်မသည် ရဟန္တာစိုးနတ်သမီးဖြစ်ပါသည် ဘုရား။

အဘယ့်ကြောင့် သာဓုခေါ်သနည်း။

အရှင်ဘုရား . . . မြတ်စွာဘုရားသည် မဟာဝုန်တော၌ ထိုင်နေတော်မူကာ ဤမဟာသမယသုတ်ကို ဟောကြားတော်မူသောနေ့၌ တကြိမ်ကြားနာခဲ့ပြီးနောက် ယနေ့မှတဖန် ကြားနာရပြန်ပါသည်။ အရှင်ဘုရားသည် မြတ်စွာဘုရားဟောကြားတော်မူအပ်သည့် ဒေသနာမှ အက္ခရာတလုံးမျှကိုသော်လည်း မယုတ်လျော့ မယိုယွင်းစေပဲ ဤမဟာသမယသုတ်ကို ကောင်းစွာ သင်ကြားရွတ်ဆိုအပ်ပါပေသည်။ (ထို့ကြောင့် သာဓု ခေါ်ပါသည်ဘုရား။)

မြတ်စွာဘုရားရှင် ဟောကြားတော်မူစဉ်က သင်နတ်သမီး ကိုယ်တိုင် ကြားနာခဲ့ရပါသလော။

ကိုယ်တိုင် ကြားနာခဲ့ရပါသည်ဘုရား။

http://www.dhammadownload.com

မဟာသမယသုတ်ကို မြတ်စွာဘုရား ဟောကြားတော်မူသော အခါက ကြီးစွာသော နတ်ပြဟ္မာ အစည်းအဝေးကြီး ဖြစ်သည်တဲ့၊ သင်္ဂနတ် သမီးသည် အဘယ်အရပ်၌ နေလျက် ကြားနာခဲ့ရသနည်း။ အရှင်ဘုရား . . . တပည့်တော်မသည် ကပိလဝတ်ပြည်အနီး မဟာဝုန်တောကြီး၌နေသော နတ်သမီး ဖြစ်ပါသည်၊ သို့သော်လည်း တန်ခိုးကြီးသော နတ်ပြဟ္မာတို့ လာရောက်ကြသောအခါ နေရာမှ ဖယ်ပေးခဲ့ရ သဖြင့် ဤသီဟိုဠ်ကျွန်းသို့ လာခဲ့၍ ဇမ္ဗုကောလဆိပ်ကမ်း၌ ရပ်တည်လျက် တရားနာရန် အားထုတ်နေစဉ် ထို ဇမ္ဗုကောလ ဆိပ်ကမ်း၌လည်း တန်ခိုးကြီးသောနတ်တို့ လာရောက်ကြပြန်သော် အစဉ်သဖြင့် နောက်သို့ ဆုတ်ကာ နေရာပေးခဲ့ရ၍ ရောဟဏဇနပုဒ် မဟာဂါမရွာကြီး၏ နောက်ဖက်မှာ ရှိသည့် ပင်လယ်အတွင်း လည်ပင်းပမာဏရှိသောရေသို့ သက်ဆင်းကာ ထိုအရပ်၌ တည်လျက် နာခဲ့ရပါသည်ဘုရား။

အိုနတ်သမီး . . . သင်္ဂနတ်သမီး ရပ်တည်သော နေရာမှ အလွန်ဝေးကွာသော (မဟာဝုန်တော) အရပ်၌ နေတော်မူသော မြတ်စွာဘုရားကို သင်မြင်ရပါ၏လော။

အရှင်ဘုရား . . . အဘယ်သို့ ပြောဆိုလိုက်သနည်း၊ မြင်ရတာပေါ့ဘုရား၊ မြတ်စွာဘုရားသည် မဟာဝုန်တော၌ တရားဟောတော်မူစဉ် တပည့်တော်မကို အမြဲမပြတ် ကြည့်တော်မူသည်ဟုပင် ထင်ရပါသည်၊ တပည့်တော်မမှာ ကြောက်လည်း ကြောက်, ရွံက်လည်း ရွံက်နိုးကာ ပင်လယ်အတွင်း လှိုင်းတံပိုးတို့ အကြား၌ ပုန်း၍ နေရလုမတတ် ရှိပါသည်ဘုရား။

အို နတ်သမီး . . . ထို (မဟာသမယသုတ်ကို ဟောကြားတော်မူသော)နေ့၌ ကုဋေတသိန်းသော နတ် ပြဟ္မာတို့သည်

http://www.dhammadownload.com

အရဟတ္တဖိုလ်သို့ ရောက်ကြကုန်သည်တဲ့၊ သင်နတ်သမီးတို့သည်လည်း ထိုအခါက အရဟတ္တဖိုလ်သို့ ရောက်ခဲ့ကြပါသလော။

အရဟတ္တဖိုလ်သို့ မရောက်ခဲ့သည်ပါဘုရား။

သို့ဖြစ်လျှင် အနာဂါမိဖိုလ်သို့ ရောက်ခဲ့သည် ထင်တယ်။

မရောက်ခဲ့ပါ ဘုရား။

သို့ဖြစ်လျှင် သကဒါဂါမိဖိုလ်သို့ ရောက်ခဲ့သည်ထင်တယ်။

မရောက်ခဲ့ပါဘုရား။

အို နတ်သမီး . . . (မဟာသမယသုတ်ကို နာကြားရသည့် အတွက်) အောက်မင်္ဂသုံးပါးသို့ ရောက်ကြ သော နတ်ပြဟ္မာတို့ကား (မရေတွက်နိုင်ဘူး) တဲ့၊ သင် နတ်သမီးတို့သည် သောတာပန် ဖြစ်ခဲ့ကြသည် ထင်တယ်။

နတ်သမီးသည် ထိုနေ့က သောတာပတ္တိဖိုလ်သို့ ရောက်ခဲ့သူ သောတာပန် နတ်သမီးဖြစ်သောကြောင့် ရှက်နိုးကား အရှင်ဘုရား သည် မမေးသင့်သည်ကို မေးတော်မူတာပဲဘုရားဟု (မတင်မကျ ပြန်ကြား လျှောက်ထားလေသည်)။

ထို့နောင်မှ ရဟန်းငယ်က နတ်သမီးကို "အို နတ်သမီး . . . သင်၏ ခန္ဓာကိုယ်ကို ငါတို့အား မြင်အောင် ပြနိုင်ပါမည်လော"ဟု မေးမြန်းလေသော် နတ်သမီးသည် "အရှင်ဘုရား . . . တကိုယ်လုံး ကိုကား မပြနိုင်ပါ၊ လက်ချောင်းတဆစ်မျှကိုကား ပြပါမည်"ဟု ပြောဆိုကာ သံကောက်ပေါက် (သော့ပေါက်)ဖြင့် မိမိ၏လက်ချောင်းကို လိုက်အတွင်းသို့ သွင်းလျက်ပြလေ၏၊ ထိုအခါ လအထောင် နေအထောင် ထွက်သော အခါကဲ့သို့ လိုက်တစ်ခုလုံး လင်းချွေ နေလေ၏။ (ဤ၌ နတ်သမီးသည် တကိုယ် လုံးကို ပြနိုင်စွမ်းရှိသော်လည်း တကိုယ်လုံးကို ပြလိုက်က ရဟန်းငယ်အား သာသနအန္တရာယ်ဖြစ်ဖွယ်

http://www.dhammadownload.com

ရှိသဖြင့် ထိုအန္တရာယ်ကို ကာကွယ် ပယ်ရှားလိုသောကြောင့် "အရှင်ဘုရား . . . တကိုယ်လုံးကိုကား မပြနိုင်ပါ"ဟူ၍ လိမ္မာစွာ လျှောက်ထားခြင်း ဖြစ်သည်)။

ထို့နောင်မှ ရုက္ခစိုး နတ်သမီးသည် "အရှင်ဘုရားတို့ရဟန်း တရားကို မမေ့မလျော့ပဲ သတိမြဲမြဲဖြင့် ကြိုးစားအားထုတ်တော်မူရစ်ကြပါဘုရား"ဟု လျှောက်ထားပြီးလျှင် ရဟန်းငယ်ကို ရှိခိုး၍ ဖဲခွာပျောက်ကွယ် သွားလေ၏။

ဤကား ဤမဟာသမယသုတ်ကို နတ်ဗြဟ္မာတို့ လွန်စွာ ချစ်မြတ်နိုးခြင်းဌာ သက်သေသာဓကဝတ္ထု ဖြစ်၏။

ဣဒံပန မဟာသမယသုတ္တံနာမ ဒေဝတာနံ ပိယံ မနာပံ၊ တသ္မာ မင်္ဂလံ ဝဒန္တေန အာဘိနဝဋ္ဌာနေသု ဣဒမေဝသုတ္တံ ဝတ္တဗ္ဗံ၊ ဒေဝတာ ကိရ "ဣမံ သုတ္တံ သုဏိသာမာတိ" သြဟိတသောတာ ဝိစရန္တီ။ (သုတ်မဟာဝါ အဋ္ဌကထာ၊ ၂၈၇)

http://www.dhammadownload.com

(၂) သမ္မာပရိဗ္ဗာဇနိယသုတ် ပါဠိတော် မှတ်ပုံတင်

ပုဗ္ဗာမိ မုနိ ဂါထာ

မြတ်စွာဘုရားရှင်သည် သမ္မာပရိဗ္ဗာဇနိယစသော နောက်မဟာသမယ(၆)သုတ်ကိုလည်း ပထမ မဟာသမယသုတ်ကိုဟောသည့် မဟာသက္ကရာဇ် (၁၀၈)ခုနှစ် နယုန်လပြည့်နေ့ ညချမ်းအချိန်အခါ၌ပင် မဟာဝုန်တောကြီးအတွင်းဝယ် ဟောတော်မူသည်။

တရားဒေသနာ(၄)မျိုး

တရားဒေသနာသည်-

၁။ အတ္တလျှောသယ-ကိုယ်တော်မြတ်၏ အလိုဆန္ဒဖြင့် ဟောအပ်သော တရားဒေသနာ။

၂။ ပရလျှောသယ-သူတပါး၏ အလိုဆန္ဒဖြင့် ဟောအပ်သော တရားဒေသနာ။

၃။ အတ္ထာပတ္တိက-ဖြစ်ပေါ်လာသောအကြောင်းဝတ္ထုကိုစွဲ၍ ဟောအပ်သော တရားဒေသနာ။

http://www.dhammadownload.com

၄။ ပုစ္ဆာဝသိက-မေးတတ်သူတစုံတယောက်၏ အမေးပုစ္ဆာကို ဖြေကြားသည့်အနေဖြင့် ဟောအပ်သော တရားဒေသနာ-အားဖြင့် (၄)မျိုးရှိသည်၊ မြတ်စွာဘုရားရှင်သည် ဤတရားဒေသနာ(၄)မျိုးတွင် ပုစ္ဆာဝသိကဒေသနာနည်းဖြင့် ဟောကြားမှ သာလျှင် နတ်ဗြဟ္မာတို့ မင်္ဂ,ဖိုလ်,နိဗ္ဗာန်ရခြင်းငှါ စွမ်းနိုင်မည်ဟု သိမြင်တော်မူလေသည်၊ ယင်းသို့သိမြင်တော်မူပြီးနောက် တရားနာပရိသတ် နတ်ဗြဟ္မာတို့၏ အလိုဆန္ဒကိုယူ၍ စရိုက်နှင့်လျော်အောင် ပုစ္ဆာကိုမေးမြန်းနိုင်မည့် ပုစ္ဆကပုဂ္ဂိုလ် တဦးတယောက်မျှ ဤလောကတွင် မရှိသောကြောင့် ဘုရားကိုယ်တိုင်မေး၍ ဘုရားကိုယ်တိုင်ဖြေဆိုဟောကြားလျှင် ဖြစ်နိုင်သော်လည်း နတ်ဗြဟ္မာတို့ မင်္ဂ,ဖိုလ်,နိဗ္ဗာန် ရနိုင်မည် မဟုတ်ပေဟူ၍ သိမြင်တော်မူပြန်၏၊ ထို့နောက် ပကတိဘုရားရှင် ကိုယ်တော်နှင့် အသွင်အပြင်အမူအယာအားလုံးတူသော နိမ္မိတရုပ်ပွား ဘုရားတစ်ဆူကို ဖန်ဆင်းလျက် နိမ္မိတရုပ်ပွား ဘုရားက မေးမြန်း၍ ပကတိဘုရားရှင်က ဖြေကြားဟောပြရလျှင် တရားနာပရိသတ်တို့ မင်္ဂ,ဖိုလ်,နိဗ္ဗာန်ရလိမ့်မည်ဟု ကောင်းစွာသိမြင်တော်မူလေ၏။

ဤသို့သိမြင်တော်မူသဖြင့် ပကတိမြတ်စွာဘုရားရှင်သည် မနောမယိဒ္ဓိအာဘိညာဉ်ဖြင့် နိမ္မိတရုပ်ပွား ဘုရားတစ်ဆူကို ဖန်ဆင်းတော်မူလေသည်။ ထိုနိမ္မိတရုပ်ပွားဘုရားသည် ပကတိမြတ်စွာဘုရားရှင်နှင့် အင်္ဂါကြီးငယ်, လက္ခဏာတော်ကြီးငယ်, ရောင်ခြည်တော်ခြောက်သွယ် အသွယ်သွယ်တို့မှာ အားလုံးအတူတူပင်ဖြစ်သည်၊ သပိတ်သင်္ကန်း ကိုင်ပုံ ကိုင်ဟန်သည်၎င်း ကြည့်ရှုပုံ ကြည့်ရှုနည်းတို့သည်၎င်း လက်ခြေတို့ကွေးပုံ ဆန့်ပုံစသော အမူအယာတို့သည်၎င်း အတူတူပင်ဖြစ်ကြ၏၊ ပကတိဘုရားရှင်၏ အဓိဋ္ဌာန်တော်မူချက်အရ နိမ္မိတရုပ်ပွားဘုရားသည် အရှေ့လောကဓာတ် ကောင်းကင်ထက်မှ ဆင်းသက်လာ၍ ပကတိဘုရားရှင်၏နေရာနှင့် ညီတူညီမျှ

http://www.dhammadownload.com

ခင်းထားသောနေရာ၌ သီတင်းသုံး ထိုင်တော်မူ၏၊ ယင်းသို့ ထိုင်တော်မူပြီးသည့်နောက် နိမ္မိတရုပ်ပွားဘုရားသည် ပကတိဘုရားရှင်၏ အလိုတော်အရ ရာဂအဖြစ်များသော နတ်ပြဟ္မာတို့နှင့် လျော်ကပ်သော ဤသမ္မာပရိဇ္ဇာဇနီယသုတ်ကို ဟောတော်မူနိုင်ရန် ရှေးဦးစွာ အမေးပုစ္ဆာ ပြဿနာကို မေးမြန်းလျောက်ထားလိုသည်ဖြစ်၍ "ပုစ္ဆာမိ မုနိ ပဟူတပညံ" အစချီသော ပထမဂါထာကို မေးတော်မူလေသည်။

(၁) ပုစ္ဆာမိ မုနိ ပဟူတပညံ၊
တိဏ္ဏံ ပါရင်္ဂတံ ပရိနိဗ္ဗုတံ ဒ္ဝိတတ္တံ။
နိက္ခမ္မ ယရာ ပနုဒ္ဒ ကာမေ၊
ကထံ ဘိက္ခု သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

(၁) အကျွန်ုပ်နိမ္မိတရုပ်ပွားဘုရားသည် ကြီးကျယ်ပြန့်ပြောသော ပညာရှိသော သြဃလေးပါးကို ကူးမြောက်ပြီးသော နိဗ္ဗာန်ဟူသော တဖက်ကမ်းသို့ ရောက်ပြီးသော ကိလေသာငြိမ်းအေးပြီးသော မတုန်မလှုပ် တည်တံ့သော စိတ်ရှိသော မြတ်စွာဘုရားကို မေးမြန်းလျောက်ထားပါ၏၊ ကာမဂုဏ်တို့ကို ပယ်စွန့်ပြီးလျှင် အိမ်ယာတည်ထောင် လူဘောင်မှ ထွက်၍ ရဟန်းဘောင်သို့ကပ်ရောက်သော ရဟန်းသည် အဘယ်သို့ လောကနှင့် မလိမ်းကျံ, မကပ်ငြို, မတွယ်ပဲ ကောင်းစွာ ကျင့်သုံး နေနိုင်ပါသနည်း။ ဤသို့ နိမ္မိတရုပ်ပွား ဘုရားသည် ပကတိဘုရားရှင်ကို မေးမြန်းတော်မူ၏။

နိမ္မိတရုပ်ပွား ဘုရားခို်းကျူးသည့် ပကတိဘုရားရှင်၏ ဂုဏ်တော်များ

ဤပထမဂါထာတွင် (၂)ပိုင်းပါရှိ၏၊ "ပုစ္ဆာမိ မုနိ ပဟူတပညံ၊ တိဏ္ဏံ ပါရင်္ဂတံ ပရိနိဗ္ဗုတံ ဒ္ဝိတတ္တံ" ဟူသော ရှေ့ (၂)ပါဒတို့ဖြင့် နိမ္မိတရုပ်ပွားဘုရားက ပကတိဘုရားရှင်အား ပဟူတပညဂုဏ်စသော

http://www.dhammadownload.com

ဂုဏ်တော်(၅)ပုဒ်ဖြင့် ချီးကျူးသော အပိုင်း ဖြစ်သည်။ မြတ်စွာ ဘုရားရှင်သည်

(၁) ကြီးကျယ်ပြန့်ပြော များပြားသော ဉာဏ်ပညာရှိတော်မူသော ပဟူတပညဂုဏ်။ (၂) ကာမောဃစသော ဩဃလေးပါး သံသရာရေအယဉ်များကို ကူးမြောက်ပြီးသော တိဏ္ဏဂုဏ်။ (၃) နိဗွာန်ဟူသော တဖက်ကမ်းသို့ တက်လှမ်းရောက်တော်မူပြီးသော ပါရင်္ဂတဂုဏ်။ (၄) သဉပါဒိသေသ နိဗွာန်၏အစွမ်းဖြင့် ရာဂ စသော ကိလေသာအပူမီးများ ငြိမ်းအေးပြီးသော ပရိနိဗ္ဗုတဂုဏ်။ (၅) လာဘ အလာဘစသော လောကဓံရှစ်ပါးကြောင့် လှုပ်ရှားမှုမရှိပဲ မတုန်မလှုပ် တည်တန့်ခိုင်မြဲသောစိတ်ရှိသော ဌိတတ္တဂုဏ်တို့နှင့် ပြည့်စုံတော်မူ ပါလေ၏ဟူ၍ ချီးကျူးတော်မူခြင်းဖြစ်၏။

"ဝ နက္ခမ္မ ဃရာ ပနုဇ္ဇ ကာမေ၊ ကထံ ဘိက္ခု သမ္မာ သော လောကေ ပရိဗ္ဗဇေယျ" ဟူသော နောက်(၂)ပါဒတို့ဖြင့် ကာမဂုဏ်တို့ကို ပယ်စွန့်ပြီး လူ့ဘောင်မှ ခွါရှောင်၍ တောထွက်ပြီး သာသနာဘောင်သို့ ရောက်လာသော ရဟန်းတော်သည် လူလောကကြီးနှင့် မကပ်ငြိ မတွယ်တာ မစပ်ယှက်အောင် ဘယ်သို့ ဘယ်ပုံကျင့်မှ ကောင်းစွာကျင့်သုံးသည် မည်ပါသနည်းဟူ၍ မေးမြန်းခြင်းဖြစ်သည်။

(ထက်) ကာမဂုဏ်ပယ်ခွာ၊ တောထွက်လာ၊
ကောင်းစွာဘယ်သို့ ကျင့်သနည်း။



၂။ ယဿ မင်္ဂလာ ဂါထာ

(၂) ယဿ မင်္ဂလာ သမူဟတာ၊ (ဣတိ ဘဂဝါ)
ဥပ္ပါတာ သုပိနာ စ လက္ခဏာ စ။
သော မင်္ဂလဒေါသဝိပ္ပဟီနော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

http://www.dhammadownload.com

(၂) (ပကတိမြတ်စွာဘုရားသည် ဤသို့ဖြတော်မူ၏) နိမ္မိတရုပ်ပွားဘုရား အကြင်ရဟန်းသည် (ဒိဋ္ဌသုတစသော) လောကီဆိုင်ရာ မင်္ဂလာတို့ကို လည်းကောင်း မိုးကြိုးပစ်ခြင်း လောင်မီးကျခြင်းစသော ဥပပါတဘေးဥပါဒ်ဆိုင်ရာ အယူအစွဲတို့ကိုဎင်း၊ သုပိနအိပ်မက်ဆိုင်ရာ အယူအစွဲတို့ကိုဎင်း၊ လက္ခဏာသက်ရှိသက်မဲ့ အသုံးအဆောင်တို့၏ လက္ခဏာဆိုင်ရာ အယူအစွဲတို့ကိုဎင်း အကြွင်းမဲ့ နုတ်အပ်ပြီး ဖြစ်လေကုန်ပြီ၊ ထို ရဟန်းသည် (ဒိဋ္ဌသုတစသော) လောကီဆိုင်ရာ မင်္ဂလာအပြစ်ဒေါသကို ပယ်နုတ်ပြီး၍ လောကနှင့် မလိမ်းကျံပဲ ကောင်းစွာကျင့်သုံးနေနိုင်၏။

နိမ္မိတရုပ်ပွားဘုရားက "ပုစ္ဆာမိ မုနိ ပဟူတပညံ"-စသော ပထမဂါထာဖြင့် လောကကြီးနှင့် မကပ်ငြို မတွယ်တာ မလိမ်းကျံဘဲ ကျင့်ဆောင်နေနိုင်သူကို ယင်းသို့ မေးမြန်းလျောက်ထားသောအခါ ပကတိဘုရားရှင်သည် "ယဿ မင်္ဂလာ သမူဟတာ"စသော (၁၅)ဂါထာတို့ဖြင့် ဖြေဆိုဟောကြားတော်မူပါသည်၊ ယင်းသို့ ဖြေဆိုဟောကြားရာ၌ အရဟတ္တမဂ် ဉာဏ်သို့ မရောက်သေးပဲလျက် လောကကြီးနှင့် မကပ်ငြို မလိမ်းကျံပဲ ကျင့်ဆောင်နေနိုင်သူမှာ ဤလောက၌ မရှိနိုင်သောကြောင့် အရဟတ္တဖိုလ်အထွဋ်ထိပ်သဖြင့် ရဟန္တာပုဂ္ဂိုလ်ဖြစ်ကြောင်း ကျင့်စဉ်ကောင်းတို့ကို ဟောပြတော်မူ၏၊ ထိုကျင့်စဉ်ကောင်းတို့ကို ဟောပြရာ၌လည်း ရာဂအဖြစ်များသော နုတ်ငြဟ္မာတို့၏ အစဉ်အဆက် လေ့ကျက် ယုံမှတ် စွဲယူခဲ့သော အယူများ အဓေတွးများ အပြစ်ဒေါသများကို ပယ်ရှားဘို့ရန်ကို ပဓာန ထား၍ ဟောကြားတော်မူသည်။

ထို့ကြောင့် အဖြေဂါထာတို့ကိုကြည့်လျင် လောကီမင်္ဂလာ ဥပပါတ သုပိန လက္ခဏာစသော အယူများ အတွေးများ အပြစ်ဒေါသ များကိုဎင်း၊ ယင်းအပြစ်ဒေါသများကို ပယ်ရှားဘို့ရန်ပြသည့်

http://www.dhammadownload.com

သမ္ဗုဟတာ, ဝိပ္ပဟီနော, ဝိနယျေထ ဇဟေယျ စသော ပယ်ရှားခြင်းပြ ကြိယာပုဒ်တို့ကိုဂုဏ်း အများဆုံးတွေ့ရခြင်းဖြစ်သည်။ သမာနဒေါသာနံ ဒေဝတာဂဏာနံ အာစိဏ္ဏဒေါသပ္ပဟာနတ္ထံ ယဿ မဂ််လာတိ အာရဘိတွာ အရဟတ္တာနိကူဋေနေဝ ခီဏာသဝပ္ပဋိပဒံ ပကာသေန္တော ပန္နရသဂါထာယော အာဘာသိ။ (သုတ္တနိပါတဋ္ဌကထာ၊ ၂။ ၉၄)

ဤဂါထာတွင် မဂ််လာ သမ္ဗုဟတာ-ပယ်ရှားရမည့် မဂ််လာ-ဟူရာ၌ ပရိတ်ကြီး မဂ််လသုတ်လာ (၃၈)ဖြာသော လောကုတ္တရာ မဂ််လာတို့ကို ဆိုလိုသည် မဟုတ်ပေ၊ လောကလူသားတို့က မဂ််လာဟု ယူဆစွဲလမ်းအပ်သော ဒိဋ္ဌမဂ််လာ သုတမဂ််လာ မုတမဂ််လာဟု ဆိုအပ်သော လောကီမဂ််လာကို ဆိုလိုသည်၊ ထိုလောကီမဂ််လာ အယူအဆ အစွဲအလန်းတို့ကို ပယ်ရှားရမည်ဟု ဆိုလိုသည်။ (ဒိဋ္ဌ, သုတ, မုတမဂ််လာ အယူအဆ အစွဲအလန်းတို့ကို မဂ််လသုတ် အဋ္ဌကထာမှာ အကျယ်ရှုပါ)

ယဿ မဂ််လာ သမ္ဗုဟတာ-စသော ဤဂါထာဖြင့် ရဟန်းတော်နှင့် ယောဂီပုဂ္ဂိုလ်သည် -

(၁) ကောင်းကျိုးရကြောင်း နိမိတ်ကောင်းဖြစ်သည်ဟု ယုံကြည်စွဲလန်းသော ဒိဋ္ဌ သုတစသော လောကီမဂ််လာများ။

(၂) မိုးကြိုးပစ်ခြင်း လောင်မီးကျခြင်း ကြယ်ကြွေခြင်းစသော ဘေးဥပါဒ်ဆိုင်ရာ အယူအဆအစွဲအလန်းများ။

(၃) တိတ္ထုံကျမ်းလာ အိပ်မက်ဆိုင်ရာ အကျိုးအပြစ် အယူအစွဲများ။

(၄) သက်ရှိသတ္တဝါ သက်မဲ့အသုံးအဆောင် ပစ္စည်းဝတ္ထုတို့၏ ကောင်းကျိုးဆိုးကျိုးဆိုင်ရာလက္ခဏာ အယူအစွဲများကို ပယ်ရှားကြရမည်၊ ထိုအယူအဆအစွဲအလန်းတို့ကို အရဟတ္တမဂ််ဖြင့် အကြွင်းမဲ့ပယ်သတ်ပြီးသော ရဟန္တာပုဂ္ဂိုလ်သည် လောကကြီးနဲ့ မလိမ်းကျ မကပ်ငြိပဲ လောကထဲ၌ ကောင်းစွာကျင့်သုံး နေနိုင်တော့သည်ကို ပြလိုရင်းဖြစ်သည်။

http://www.dhammadownload.com

(ထက်ဝ) လောကီမင်္ဂလာ၊ စွန့်ပယ်ခွာ၊
ကောင်းစွာကျင့်နေသည်။

၃။ ရာဂံ ဝိနယေထ-ဂါထာ

(၃) ရာဂံ ဝိနယေထ မာနုသေသု၊
ဒိဗ္ဗေသု ကာမေသု စာပိ ဘိက္ခု။
အတိက္ကမ္မ ဘဝံ သမေစ္စ ဓမ္မံ၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

(၃) အကြင်ရဟန်းသည် လူလောက ကာမဂုဏ်တို့၌လည်း ကောင်း နတ်လောက ကာမဂုဏ်တို့၌လည်းကောင်း တပ်စွန်းမှု 'တဏှာရာဂ'ကို ပယ်ဖျောက်ရာ၏၊ သစ္စာလေးပါးတရားကို မင်္ဂ ဉာဏ်ဖြင့် သိမြင်လျက် ဘဝသုံးပါးကို လွန်မြောက်၍တည်၏၊ ဘဝ သုံးပါးကို ကျော်လွန်၍တည်သော ထိုရဟန်းသည် လောကနှင့် မလိမ်း ကျံပဲ ကောင်းစွာ ကျင့်သုံးနေနိုင်၏။

ရာဂံ ဝိနယေထ မာနုသေသု စသော ဤဂါထာဖြင့် ရဟန်းတော်နှင့် ယောဂီပုဂ္ဂိုလ်သည်--

၁။ လူတို့အာရုံ ကာမဂုဏ်ငါးပါးတို့၌ တပ်မက်သော ကာမရာဂ ကိုဂုဏ်း

၂။ နတ်တို့အာရုံ ကာမဂုဏ်ငါးပါးတို့၌ တပ်မက်သော ကာမရာဂကိုဂုဏ်း အနာဂါမိမဂ်ဖြင့် ပယ်ဖျောက်ကြရမည်။

၃။ သစ္စာလေးတန် တရားမှန်ကို အရဟတ္တမဂ်ဉာဏ်ဖြင့် သိမြင်အောင် တရားအားထုတ်ရမည်။

http://www.dhammadownload.com

၄။ အရဟတ္တမဂ်ရလျင် ဘဝရာဂကို ပယ်သတ်နိုင်သဖြင့် ကာမဘဝ-ရူပဘဝ-အရူပဘဝအားဖြင့် ဘဝသုံးပါးကို လွန်မြောက်သွား တော့၏၊ ယင်းသို့ ဘဝသုံးပါးကို လွန်မြောက်သွား သော ရဟန္တာပုဂ္ဂိုလ်သည် မည်သည့်လောကနှင့်မျှ မကပ်ငြိ မတွယ်တာ တော့ပဲ လောကကြီးထဲ၌ ချမ်းသာစွာ နေထိုင်နိုင်သည်ကို ပြဆိုသည်။

(ထက်ာ) လူပြည်ကာမ၊ နတ်ကာမ၊ ရာဂတပ်မက်ပယ်ရမည်။
တရားသိလျှင်း၊ ဘဝကင်း၊ သန့်ရှင်းကောင်းစွာနေရသည်။

၄။ ဝိပိဋ္ဌိကတွာန–ဂါထာ

(၄) ဝိပိဋ္ဌိကတွာန ပေသုဏာနိ၊
ကောဓံ ကဒရိယံ ဇဟေယျ ဘိက္ခု။
အနုရောဓ ဝိရောဓ ဝိပ္ပဟီနော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

(၄) အကြင်ရဟန်းသည် ဂုံးချောစကား ဂုံးတိုက်ခြင်းတို့ကို ကျောခိုင်း၍ အမျက်ထွက်ခြင်း ဝန်တိုနှမြောခြင်းကို ပယ်စွန့်ရာ၏၊ နှစ်သက်ဖွယ် အာရုံ၌ လိုက်လျောနှစ်သက်ခြင်း ရာဂ မနှစ်သက်ဖွယ် အာရုံ၌ ဆန့်ကျင် မုန်းထားခြင်း ဒေါသကို ပယ်စွန့်ပြီးဖြစ်၏။ ထိုသို့သော ရဟန်းသည် လောကနှင့် မလိမ်းကျံပဲ ကောင်းစွာကျင့်သုံးနေနိုင်၏။

ကဒရိယံ ဇဟေယျ–၌ မပေးမလှူလို့ ဝန်တို့ခြင်း မစ္ဆရိယ (၅)ပါး

ဝန်တိုခြင်း မစ္ဆရိယဟူသည် မိမိနှင့်စပ်ဆိုင်တာတွေကို သူတပါးနှင့် မစပ်ဆိုင်စေချင်တဲ့သဘောဖြစ်သည်။ ထိုမစ္ဆရိယသည်-၁။ ကျောင်းကန် နေရာထိုင်ခင်းနှင့်စပ်၍ ဝန်တိုခြင်း - အာဝါသ မစ္ဆရိယ၊

http://www.dhammadownload.com

၂။ ရင်းနှီးခင်မင်သည့် ဒကာ ဒကာမပုဂ္ဂိုလ်တို့နှင့် စပ်၍ ဝန်တိုခြင်း ကုလမစ္ဆရိယ၊
၃။ ပစ္စည်းဥစ္စာ လာဘ်လာဘနှင့်စပ်၍ ဝန်တိုခြင်း- လာဘမစ္ဆရိယ၊
၄။ သိစရာ အတတ်ပညာ စာပေကျမ်းစာနှင့်စပ်၍ ဝန်တိုခြင်း - ဓမ္မမစ္ဆရိယ၊
၅။ ဂုဏ်သိက္ခာ ထင်ရှားကျော်ကြားမှုနှင့်စပ်၍ ဝန်တိုခြင်း - ဝဏ္ဏမစ္ဆရိယအားဖြင့် (၅)မျိုးရှိသည်၊ ထိုနှမြောဝန်တိုခြင်း မနာလိုခြင်း ဣဿာ မစ္ဆရိယတရားတို့ကို ကိုယ်ကြီးပွားတိုးတက်မှုကို လိုလားခဲ့လျှင် မိမိသန္တာန်တွင် အဖြစ်မခံ လက်မခံပဲ တွန်းလှန်ဖယ်ရှား ပစ်ရမည်။

အနုရောဓဝိရောဓဝိပွဟီနော–၌ မှတ်ဖွယ်

အနုရောဓ-ဟူသည် နှစ်သက်ဖွယ်အာရုံ၌ ရာဂဖြင့် တပ်မက်ပြီး လိုက်လျောခြင်းတဏှာလောဘဖြစ်နေ၍ ပယ်စွန့်ရခြင်းဖြစ်သည်။ ဝိရောဓ-ဟူသည် မနှစ်သက်ဖွယ်အာရုံ၌ ဆန့်ကျင်ဘက်ကန့်လန့်တိုက်ခြင်း မုန်းထားခြင်း ဒေါသဖြစ်၍ ပယ်စွန့်ရသည်။ ဤသို့အားဖြင့် လိုက်လျောခြင်း ရာဂကို အရဟတ္တမဂ်ဖြင့်၎င်း ဆန့်ကျင်မုန်းထားခြင်း ဒေါသကို အနာဂါမိမဂ်ဖြင့်၎င်း ပယ်သတ်ရမည်-ဟု ဆိုလိုသည်။

ဝိပိဋိကတွာန ပေသုဏာနိစသောဤဂါထာဖြင့် ရဟန်းတော်နှင့်ယောဂီပုဂ္ဂိုလ်သည်-

၁။ ဂုန်းချောဂုန်းတိုက်စကား ပြောကြားခြင်း ပိသုဏဝါစာကို၎င်း
၂။ အမျက်ထွက်ခြင်း စိတ်ဆိုခြင်း ဒေါသကို၎င်း
၃။ နှမြောစေးနဲ့ဝန်တိုခြင်း မစ္ဆရိယကို၎င်း
၄။ နှစ်သက်ဖွယ် ဣဋ္ဌာရုံ၌ လိုက်လျောနှစ်သက်ခြင်း ရာဂ၊ မနှစ်သက်ဖွယ် အနိဋ္ဌာရုံ၌ ဆန့်ကျင်မုန်းထားခြင်း ဒေါသတို့ကို၎င်း

http://www.dhammadownload.com

အရိယမဂ်ဖြင့် ပယ်သတ်ရမည်၊ ထိုသို့သော ရဟန္တာပုဂ္ဂိုလ်သည် လောက၌ မည်သည့်သက်ရှိသက်မဲ့ ပုဂ္ဂိုလ်အရာဝတ္ထုနှင့်မျှ ငြိကပ်ခြင်း တွယ်တာခြင်း မရှိတော့ပဲ ကောင်းမွန်ချမ်းသာစွာ နေနိုင်သည်ကို ပြသည်။

(လက်ာ) ဂုံးချောစကား၊ ကျောပေးထား၊ မျက်ပွားဝန်တို ပယ်ရမည်။
လိုက်လျောဆန့်ကျင်၊ စွန့်ပယ်လျှင်၊ လူတွင် ကောင်းစွာ
နေရသည်။

❀ ❀ ❀ ❀ ❀

၅။ ဟိတ္ထာန ပိယဥ္စ-ဂါထာ

(၅) ဟိတ္ထာန ပိယဥ္စ အပ္ပိယဥ္စ၊
အနုပါဒါယ အနိဿိတော ကုဟိဉ္စိ။
သံယောဇနိယေဟိ ဝိပ္ပမုတ္တော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

(၅) (အကြင်ရဟန်းသည်) ချစ်အပ်သောသတ္တဝါနှင့် ချစ်စရာသခ်ါရဝတ္ထုကိုလည်းကောင်း မုန်းအပ်သောသတ္တဝါနှင့် မုန်းစရာသခ်ါရဝတ္ထုကိုငင်း ပယ်စွန့်၍ တစုံတခုသော အာရုံရုပ်နာမ် ခန္ဓာဘုံဘဝ၌ တစုံတခုကိုမျှ ဥပါဒါန် (၄)ပါးတို့ဖြင့် မစွဲလမ်း တဏှာဒိဋ္ဌိတို့ဖြင့် မမှီမူ၍ သံယောဇဉ်နှောင်ကြိုး၏ အာရုံဖြစ်သော သက်ရှိသက်မဲ့ချည်စရာ ချည်တိုင်အာရုံ တဘူမကတရားတို့မှ လွတ်မြောက်၏၊ ထိုရဟန်းသည် လောကနှင့် မလိမ်းကျံပဲ ကောင်းစွာကျင့်သုံးနေနိုင်၏။

http://www.dhammadownload.com

ဟိတွာန ပိယဥ္ဇ အပိုယဥ္ဇ–၌ မှတ်ပွယ်

ဟိတွာန ပိယဥ္ဇ အပိုယဥ္ဇ - ချစ်အပ်သောသတ္တဝါနှင့် ချစ်စရာသခ်ါရဝတ္ထုကို ပယ်စွန့်ရမည်၊ မုန်းအပ်သောသတ္တဝါနှင့် မုန်းစရာသခ်ါရဝတ္ထုကို ပယ်စွန့်ရမည်-ဟူရာ၌ ချစ်အပ်သောသတ္တဝါနှင့် ချစ်ခင်မြတ်နိုးစရာ သခ်ါရဝတ္ထုတို့အပေါ်၌ စွဲလန်းတပ်မက်သော ဆန္ဒရာဂကို ပယ်စွန့်ရမည်၊ မုန်းအပ်သော သတ္တဝါနှင့် မုန်းစရာ အမြင်ကပ်စရာ သခ်ါရဝတ္ထုတို့အပေါ်၌ စိတ်ဆိုးအမျက်ထွက်ခြင်း ဒေါသပဋိဃကို ပယ်စွန့်ရမည်ဟူ၍ ဆိုလိုသည်။

တတ္ထ ဆန္ဒရာဂပဋိဃပွဟာနေန ဟိတ္စာ။

(သုတ္တနိပါတ ၄ကထာ ၂၊ ၉၅)

ပိယာနံ အဒဿနံ ဒုက္ခံ၊ အပိုယာနဥ္ဇ ဒဿနံ-ဟူသော ဒေသနာတော်နှင့်အညီ ချစ်တဲ့သူနဲ့ ချစ်စရာပစ္စည်းဝတ္ထုကို တွေ့ချင်မြင်ချင် ရချင်ပါလျက် မတွေ့မမြင်ရလျင် ပိယေဟိ ဝိပွယောဂဒုက္ခ ဆင်းရဲ ဖြစ်ရ၏၊ မုန်းသည့်သူနှင့် မုန်းစရာပစ္စည်း ဝတ္ထုတို့ကို မတွေ့ချင်မမြင်ချင်ပဲ တွေ့မြင်နေရလျှင်လည်း အပိုယေဟိ သမ္ပယောဂဒုက္ခ ဆင်းရဲ ဖြစ်ရပြန်၏၊ ဤသို့သော ဆင်းရဲဒုက္ခမျိုးတွေ မဖြစ်စေရန် ဘုရားရှင်က ချစ်စရာကိုလည်း မချစ်မိအောင်, မုန်းစရာကိုလည်း မမုန်းမိအောင် "ဟိတွာန ပိယဥ္ဇ အပိုယဥ္ဇ"ဟူ၍ ဟောတော်မူခြင်းဖြစ်သည်။

မာ ပိယေဟိ သမာဂဥ္ဆိ၊ အပိုယေဟိ ကုဒါစနံ။

ပိယာနံ အဒဿနံ ဒုက္ခံ၊ အပိုယာနဥ္ဇ ဒဿနံ၊ *(ဓမ္မပဒ-၄၄)*

အနုပါဒါယ အနိဿိတော ကုဟိဥ္ဇိ–၌ မှတ်ပွယ်

အနုပါဒါယ အနိဿိတော ကုဟိဥ္ဇိ-ဟူသည် တစုံတခုသော အာရုံ ရုပ်နာမ်ခန္ဓာ၊ တစုံတခုသောဘုံဘဝ၌ ကာမုပါဒါန်စသော

http://www.dhammadownload.com

ဥပါဒါန်(၄)ပါးတို့ဖြင့် တစုံတခုကိုမျှ မစွဲလန်းရပေ၊ စွဲလန်း၍ မယူရချေ၊ ထိုတစုံတခုသော အာရုံ ရုပ်နာမ်ခန္ဓာဘုံဘဝ၌ တဏှာဒိဋ္ဌိတို့ဖြင့် ငါ့ဟာ ငါ့ဥစ္စာ, ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျ်ားမိန်းမဟူ၍ တပ်မက်ထင်မှားခြင်းအားဖြင့် မှီကပ်မှီတွယ်၍ မနေရပေ-ဟူ၍ ဆိုလိုသည်။

သံယောဇနိယေဟိ ဝိပ္ပမုတ္တော-၌

သံယောဇဉ်နှောင်ကြိုး (၁၀) ကြိုး

ဘဝသံသရာထဲမှ ထွက်မသွားနိုင်အောင် ချည်နှောင်တတ်သော သံယောဇဉ်နှောင်ကြိုးတို့ကား--

၁။ ကာမရာဂ သံယောဇဉ်နှောင်ကြိုး

၂။ ဘဝရာဂ သံယောဇဉ်နှောင်ကြိုး

၃။ ပဋိဃ သံယောဇဉ်နှောင်ကြိုး

၄။ မာန သံယောဇဉ်နှောင်ကြိုး

၅။ ဒိဋ္ဌိ သံယောဇဉ်နှောင်ကြိုး

၆။ ဝိစိကိစ္ဆာ သံယောဇဉ်နှောင်ကြိုး

၇။ သီလဗ္ဗတပရာမာသ သံယောဇဉ်နှောင်ကြိုး

၈။ ဣဿာ သံယောဇဉ်နှောင်ကြိုး

၉။ မစ္ဆရိယ သံယောဇဉ်နှောင်ကြိုး

၁၀။ အဝိဇ္ဇာ သံယောဇဉ်နှောင်ကြိုးတို့ ဖြစ်ကြ၏။

ဤ ဟိတ္တာန ပိယဉ္စ အပ်ပိယဉ္စ-စသောဂါထာဖြင့် ရဟန်းတော်နှင့် ယောဂီပုဂ္ဂိုလ်သည်-

၁။ ချစ်ခြင်းရာဂ မုန်းခြင်းဒေါသတို့ကို ပယ်ရမည်

၂။ တစုံတခုကိုမျှ စွဲလန်းမှီတွယ်မှုမရှိပဲ ကင်းရမည်

၃။ ယင်းသို့ စွဲလန်းမှီတွယ်မှုကင်းလျင် သံယောဇဉ်နှောင်ကြိုး (၁၀) ကြိုးတို့၏ အာရုံဖြစ်သော သက်ရှိသက်မဲ့ ချည်စရာချည်တိုင် အာရုံ

http://www.dhammadownload.com

တေဘူမကတရားတို့မှ ကောင်းစွာလွတ်မြောက်သွားတော့၏။ ထိုသို့သော ရဟန္တာသည် လောကကြီးနှင့် မလိမ်းကျံ မကပ်ငြိတော့ပဲ ကောင်းမွန်စွာ ကျင့်သုံးနေနိုင်ပါတော့သည်-ဟု ပြဆိုသည်။

ဝိပိဋ္ဌကတ္တာန ပေသုဏာနံ-စသောဂါထာဖြင့် အချစ်အမုန်းကင်းကြောင်း ကျင့်စဉ်ပဋိပဒါကိုပြ၏၊ ဟိတ္တာန ပိယဉ္စ အပ္ပိယဉ္စ စသော ဤဂါထာဖြင့်ကား အချစ်အမုန်းကင်းကြောင်း ကျင့်စဉ်တမျိုး ပဋိပဒါအပြင် အချစ်အမုန်းကင်းခြင်း၏ အကျိုးကိုပါ ပြဆိုသည်။

(လက်ာ) ချစ်မုန်းပယ်ပြီ၊ မစွဲမှီ၊ နှောင်ချည်ရာများ လွတ်ရမည်။ သို့ဖြစ်ပါလျှင်၊ လောကတွင်၊ ကြည်လင် ကောင်းစွာ နေရသည်။



၆။ နု သော ဥပဓိသု ဂါထာ

(၆) နု သော ဥပဓိသု သာရမေတိ၊
အာဒါနေသု ဝိနေယျ ဆန္ဒရာဂံ။
သော အနိဿိတော အနုညနေယျော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

(၆) အကြင်ရဟန်းသည် စွဲလမ်း၍ ယူအပ်သော ဆင်းရဲ ချမ်းသာတို့၏ ကပ်မှီ၍တည်ရာ ဥပဓိမည်သော ခန္ဓာငါးပါးတို့၌ အနှစ်သာရရှိသည်ဟု ယူခြင်းထင်မှတ်ခြင်းသို့ မရောက်တော့ပေ၊ ထိုရဟန်းသည် သာမန်လူသားတို့က ငါ ငါ့ဥစ္စာအနေဖြင့် စွဲလမ်းအပ်သော ရုပ်နာမ်ခန္ဓာတို့၌ လိုလားတပ်မက်ခြင်း ဆန္ဒရာဂကို ပယ်ဖျောက်၍တည်၏၊ ထိုရဟန်းသည် လောကီခန္ဓာတို့၌ (တဏှာဒိဋ္ဌိ၏အစွမ်းဖြင့်)မမှီပဲ သူတပါးတို့က မသိစေအပ်ပဲ ကိုယ်တိုင်ပင် သိသည်ဖြစ်၏၊ ထိုရဟန်းသည် လောကနှင့် မလိမ်းကျံပဲ ကောင်းစွာကျင့်သုံးနေနိုင်၏။

http://www.dhammadownload.com

နသော ဥပဓိသု သာရမေတိ–၌ ဥပဓိတရား (၄)ပါး

ကပ်မှီ၍တည်ရာကို ဥပဓိဟုခေါ်သည်၊ ထိုဥပဓိသည်-

၁။ ကာမုပဓိ-ချမ်းသာ၏ကပ်မှီ၍ တည်ရာ ကာမဂုဏ် ငါးပါး၊

၂။ ခန္ဓုပဓိ-ဆင်းရဲချမ်းသာတို့၏ ကပ်မှီ၍ တည်ရာ ခန္ဓာငါပါး၊

၃။ ကိလေသူပဓိ-ဝဋ်ဆင်းရဲကို တည်ဆောက်တတ်သော ကိလေသာ ဆယ်ပါး၊

၄။ အဘိသခီါရူပဓိ-ဘဝဒုက္ခဆင်းရဲ၏ကပ်မှီ၍တည်ရာ ကုသိုလ်+ အကုသိုလ်ကံစေတနာတို့ဖြစ်သည်၊ ဤ နသော ဥပဓိသု သာရမေတိ၌ မူ ခန္ဓုပဓိကိုယူရ၏။ *(သုတ္တနိပါတ်၌ကထာ-၁၊ ၄၀)*

နသော ဥပဓိသု သာရမေတိ-ဟူသောဤဂါထာဖြင့် ရဟန်းတော်နှင့် ယောဂီပုဂ္ဂိုလ်သည်-

၁။ စွဲလမ်း၍ယူအပ်သော ဆင်းရဲချမ်းသာတို့၏ကပ်မှီ၍တည်ရာ ရုပ်နာမ်ခန္ဓာငါးပါးတို့၌ မြဲမှု-နိစ္စ၊ ချမ်းသာမှု-သုခ၊ သတ္တဝါကောင် ဟူသော-အတ္တ၊တင့်တယ်လှပခြင်း-သုဘဟူသော အနှစ်သာရ ရှိသည် ဟု မယူရပေ။

၂။ သာမန်လူသားတို့က ငါငါ့ဥစ္စာဟုစွဲလမ်းအပ်သော 'ရုပ်နာမ် ဥပါဒါနက္ခန္ဓာတို့၌ လိုလားတပ်မက်ခြင်း ဆန္ဒရာဂကို အရဟတ္တမဂ်ဖြင့် ပယ်ဖျောက်ရ၏၊

၃။ လောကီခန္ဓာတို့၌ တဏှာ,ဒိဋ္ဌိတို့ဖြင့် မမှီတွယ်တော့ပဲ သူတပါးတို့က မသိစေအပ်ပဲ ကိုယ်တိုင်ကိုယ့်ဘာသာ သိမြင်ရတော့၏၊ ထိုသို့သော ရဟန္တာပုဂ္ဂိုလ်သည် လောကကြီးနှင့် မလိမ်းကျံ မကပ်ငြိပဲ လွတ်လွတ်လပ်လပ် ကောင်းမွန်ချမ်းသာစွာ နေနိုင်သည်ကို ပြသည်။

http://www.dhammadownload.com

(လက်ာ) ဥပဓိတွင်၊ နှစ်မြှင်၊ ထိုတွင်မလို မမက်ပြီ။
မှီတွယ်ကင်းစင်၊ ကိုယ်တိုင်ပင်၊ သိမြင် ကောင်းစွာနေရသည်။

၇။ ဝစသာ မနသာစ-ဂါထာ

(၇) ဝစသာ မနသာ စ ကမ္မုနာ စ၊
အဝိရုဒ္ဓေါ သမ္မာ ဝိဒိတ္တာ ဓမ္မံ။
နိဗ္ဗာနပဒါဘိပတ္ထယာနော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

(၇) အကြင်ရဟန်းသည် နှုတ်စကားဖြင့်လည်းကောင်း စိတ်အကြံဖြင့်လည်းကောင်း ကိုယ်ဖြင့်လည်းကောင်း သုစရိုက်တရားတို့နှင့် မဆန့်ကျင်ပဲ သင့်လျော်စွာ ကျင့်သုံးသည်ဖြစ်၍ သစ္စာလေးပါးတရားကို မဂ်ဉာဏ်ဖြင့် ကောင်းစွာသိပြီးလျှင် နိဗ္ဗာန်ကို လိုလား တောင့်တ နေသူဖြစ်၏၊ ထိုရဟန်းသည် လောကနှင့် မလိမ်းကျံပဲ ကောင်းစွာ ကျင့်သုံးနေနိုင်၏။

ဝစသာ အဝိရုဒ္ဓေါ-ဥဒ္ဒေ့ မှတ်ပုံတင်

ဝစသာ အဝိရုဒ္ဓေါဟူသည် နုတ်စကားဖြင့် ဝစီသုစရိုက်တရား(၄)ပါးတို့နှင့် မဆန့်ကျင်ပဲ သင့်လျော်စွာ ကျင့်သုံးပြောဆိုခြင်းပင်ဖြစ်သည်။ (၁)မုသာဝါဒ-လိမ်ညာစကား၊ (၂)ပိသုဏဝါစာ-ကုန်းချောစကား၊ (၃)ဖရုသဝါစာ- ကြမ်းတမ်းဆဲဆိုစကား၊ (၄)သမ္ဖပ္ပလာပ-အနှစ်မဲ့စကားဟူသော ဝစီဒုစရိုက်စကား(၄)မျိုးတို့ကို မပြောပဲ (၁)မလိမ်ပဲ အမှန်စကားပြောခြင်း၊ (၂) ကုန်းချောစကား မပြောကြားပဲ ညီညွတ်ရေးစကားပြောခြင်း။ (၃)ကြမ်းတမ်းဆဲဆိုစကား မပြောကြားပဲ နားဝင်ချိုတဲ့သာယာစကားပြောကြားခြင်း။ (၄)အကျိုးမဲ့စကားမပြောကြားပဲ အကျိုးရှိစကား ပြောကြားခြင်းတို့သည် ဝစီ

http://www.dhammadownload.com

သုစရိုက်တရား(၄)ပါးတို့နှင့်မဆန့်ကျင်ပဲ သင့်လျော်စွာ ပြောဆို ကျင့်သုံးသည် မည်၏။

မနသာ အဝိရုဒ္ဓေါ၌ မှတ်ပွယ်

မနသာ အဝိရုဒ္ဓေါဟူသည် စိတ်အကြံအားဖြင့် မနောသုစရိုက် တရား(၃)ပါးတို့နှင့်မဆန့်ကျင် ညီညွတ်အောင် ကျင့်သုံးကြံစည်ခြင်းပင် ဖြစ်သည်၊ မနောသုစရိုက်(၃)ပါးဟူသည်-(၁)သူတပါးပိုင်ပစ္စည်းဥစ္စာကို မိမိကိုယ်ပိုင်ဖြစ်အောင် မကြံစည်ခြင်း အနဘိဇ္ဈာ။ (၂)သူတပါးအား ပျက်စီးအောင် သေအောင် မကြံစည်ခြင်း အဗျာပါဒ။ (၃)ကံနှင့်ကံ၏ အကျိုးရှိသည်ဟုယုံကြည်ယူဆလက္ခံခြင်း သမ္မာဒိဋ္ဌိတို့ဖြစ်သည်၊ စိတ်ဖြင့်ကြံစည်စဉ်းစား စိတ်ကူးသည့်အခါ ယင်းမနော သုစရိုက်တရား(၃)ပါးတို့နှင့် မဆန့်ကျင်ပဲ ညီညွတ်စွာ ကြံစည်စဉ်းစား စိတ်ကူးခြင်းပင်ဖြစ်သည်။ ထို့ပြင် မနသာ အဝိရုဒ္ဓေါ- စိတ်ဖြင့် မနောသုစရိုက်နှင့် မဆန့်ကျင် လျှော်ညီအောင် ကျင့်ကြံရမည်ဟူသည် စိတ်အလုပ်မနောကံထဲတွင်ပါဝင်သော သမထဘာဝနာတရား ဝိပဿနာဘာဝနာ တရားတို့ကိုပါ အားထုတ်နေဘို့ ညွှန်ပြခြင်း ဖြစ်သည်။

ကမ္မုနာ အဝိရုဒ္ဓေါ၌ မှတ်ပွယ်

ကမ္မုနာ အဝိရုဒ္ဓေါဟူသည် ကိုယ်ဖြင့်ကာယသုစရိုက် တရား (၃)ပါးတို့နှင့် မဆန့်ကျင် ညီညွတ်အောင် ကျင့်သုံး ပြုလုပ်ခြင်းပင် ဖြစ်သည်၊ ကာယသုစရိုက်(၃)ပါးဟူသည်- (၁) ပါဏာတိပါတ- သူ့အသက်ကို မသတ်ခြင်း၊ (၂)အဒိန္နာဒါန- သူ့ဥစ္စာပစ္စည်းကို မလုယက် မခိုးယူခြင်း၊ (၃) ကာမေသုမိစ္ဆာစာရ- သူတပါး၏ မေထုန် ကာမကို မလွန်ကျူးခြင်း တို့ဖြစ်သည်၊ ကိုယ်ဖြင့် ကာယဒုစရိုက်

http://www.dhammadownload.com

(၃)ပါးကိုရှောင်ရှားပြီး ကာယသုစရိုက်တရား(၃)ပါးနှင့် မဆန့်ကျင်ညီညွတ်အောင် ပြုလုပ်ခြင်းပင် ဖြစ်သည်။

ဝစသာ မနသာ ကမ္မနာစ-စသော်ကျ်ကါထာဖြင့် ရဟန်းတော်နှင့် ယောဂီပုဂ္ဂိုလ်သည်-

၁။ နုတ်စကားဖြင့် ဝစီသုစရိုက်တရား(၄)ပါးနှင့် လျော်ညီအောင် ပြောကြားခြင်း စိတ်အကြံအားဖြင့် မနောသုစရိုတ် တရား (၃)ပါးနှင့် လျော်ညီအောင် ကြံစည်ခြင်း ကိုယ်အားဖြင့် ကာယသုစရိုတ်တရား (၃)ပါးနှင့် လျော်ညီအောင် ပြုလုပ်ရခြင်း

၂။ ယင်းသို့ သုစရိုတ်တရား(၁၀)ပါးတို့ကို သမထ ဝိပဿနာကိုပါကျင့်သုံးအားထုတ်လျှင် သိသင့်သိထိုက်သော သစ္စာလေးတန်တရားမှန်ကို မဂ်ဉာဏ်ဖြင့် ကောင်းစွာပိုင်ပိုင် သိမြင်နိုင်ပေ၏။

၃။ ယင်းသို့ သစ္စာလေးပါးကို သိမြင်ပြီး ရဟန္တာဖြစ်သွားသော ပုဂ္ဂိုလ်သည် အသက်ရှင်ခြင်း သေခြင်းကို အလိုမရှိတော့ပဲ ခန္ဓာကိုယ်ဝင်္ဂဆင်းရဲဒုက္ခအားလုံး၏ ချုပ်ငြိမ်းရာ အနုပါဒိသေသနိဗ္ဗာန်ကိုသာ လိုလားတောင်းတမှုဖြစ်၏။ ထိုသို့သော ရဟန္တာပုဂ္ဂိုလ်သည် လောကတွင် ဘာနှင့်မျှ မကပ်မငြိပဲ ကောင်းမွန်ချမ်းသာစွာ နေရလေ တော့၏-ဟု ပြဆိုသည်။

နာဘိနန္ဒာမိ မရဏံ၊ နာဘိကင်္ခါမိ ဇီဝိတံ။
ကာလဉ္စ ပဋိကင်္ခါမိ၊ နိဗ္ဗိသံ ဘတကော ယထာ။

(ဥဒါနဋ္ဌကထာ-၃၈၈)

(လက်ာ) နှုတ်, စိတ်, ကိုယ်ဖြင့်၊ လျော်စွာကျင့်၊ သိသင့်တရား သိသွားပြီ။
ဆင်းရဲငြိမ်းရာ၊ နိဗ္ဗာန်သာ၊ စိတ်မှာတောင့်တ လိုလားသည်။
သို့ဖြစ်ပါလျှင်၊ လောကတွင်၊ ကြည်လင် ကောင်းစွာနေရ သည်။

http://www.dhammadownload.com

၈။ ယော ဝန္ဒတိ မန္တိ-ဂါထာ

(၈) ယော ဝန္ဒတိ မန္တိ နုန္နမေယျ၊
အက္ကုဋ္ဌောပိ နု သန္ဒိယေထ ဘိက္ခု။
လဒ္ဓါ ပရဘောဇနံ နု မဒ္ဒေ၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

(၈) အကြင်ရဟန်းသည် ငါ့ကို သူများက ရှိခိုး၏ဟူ၍လည်း စိတ်မတက် ကြွရာ၊ မာန်မာန မထောင်လွှားရာ၊ သူတပါးက ဆဲရေး စွပ်စွဲသော်လည်း ရန်ငြိုးမဖွဲ့ရာ၊ သူတပါးတို့ ပေးလှူအပ်သော အစာ အာဟာရ ဘောဇဉ်ကို ရ၍လည်း စိတ်ကြီးဝင်၍ မာန်မယစ်ရာ၊ ထိုရဟန်းသည် လောကနှင့် မလိမ်းကျံပဲ ကောင်းစွာကျင့်သုံးနေနိုင်၏။

ဤဂါထာတွင် ယော ဝန္ဒတိ မန္တိ နုန္နမေယျ-သူတပါးတို့က ငါ့ကိုရိုသေစွာရှိခိုးကြ၏ဟူ၍လည်း စိတ်ကြီးမဝင်ရ၊ မာန်မာန မထောင်လွှားရ၊ ဘဝင် မကိုင်ရဟူသော ဂါထာပါဒဖြင့် သူတပါးတို့က မိမိကို ရှိခိုးမှု ခရီးဦးကြိုဆိုမှု နေရာပေးမှု စသော ကောင်းသည့် ကျင့ဝတ်ကို အကြောင်းပြု၍ ၄င်း ကျင့ဝတ်တို့ကို အလေးမထား ဂရုမပြုပဲ လျစ်လျူရှုနေနိုင်ရမည်၊ ၄င်းကျင့ဝတ်တို့ကို အကြောင်းပြုပြီး မာန်မတက်ရအောင် မာန်မာနအပြစ်ကို ဆင်ခြင်နှလုံးသွင်း၍ဖြစ်စေ၊ ပေါ်လာသမျှအာရုံကို လက္ခဏာရေး(၃)ပါးဖြင့် ရှုမှတ်၍ဖြစ်စေ စောင့်စည်းရမည်ဟုဆိုလိုသည်။

အက္ကုဋ္ဌောပိ နုသန္ဒိယေထ- သူတပါးက ဆဲရေးစွပ်စွဲသော်လည်း ရန်ငြိုးမဖွဲ့ရဟူသော ဂါထာပါဒဖြင့် သူတပါးတို့က မိမိကို အက္ကောသဝတ္ထု(၁၀)ပါးတို့ဖြင့် ဆဲရေးစွပ်စွဲခြင်း အပြစ်တင်ခြင်း ကဲ့ရဲ့အပြစ်ပြောခြင်းစသော အနိဋ္ဌာရုံကို အကြောင်းပြု၍ ၄င်းအနိဋ္ဌာရုံတို့ကို အလေးမထား ဂရုမပြု လျစ်လျူရှုနေနိုင်ရမည်၊ ၄င်း အနိဋ္ဌာရုံတို့ကို အကြောင်းပြုပြီး စိတ်ဆိုးမှု ရန်ငြိုးဖွဲ့မှု ဒေါသမဖြစ်ရအောင်

http://www.dhammadownload.com

ဒေါသဖြစ်ခြင်း၏ ဆိုးကျိုးအပြစ်တို့ကို ဆင်ခြင်နှလုံးသွင်း၍ဖြစ်စေ၊ ပေါ်လာသမျှအာရုံကို လက္ခဏာရေး(၃)ပါးဖြင့် ရှုမှတ်၍ဖြစ်စေ၊ စောင့်စည်းရမည်ဟုဆိုလိုပါသည်။

လဒ္ဓါ ပရဘောဇနံ နမဇ္ဈေ-ပါဠိ၌ အစာအာဟာရဘောဇဉ်ကိုသာ တိုက်ရိုက်ပြထားသော်လည်း ဥပလက္ခဏနည်းဖြင့် သက်နှံးစသော ပစ္စည်းလေးပါးကိုပါယူရ၏၊ သို့ဖြစ်၍ ၄င်း-ဂါထာပါဒဖြင့် သူတပါးတို့ကလှူသော စားသောက်ဖွယ် အစာအာဟာရဘောဇဉ်နှင့် သက်နှံးစသော ပစ္စည်းလေးပါးတို့ကို အလိုရှိတိုင်း လွယ်ကူစွာရရှိခြင်းကြောင့် "ငါမို့ ဒီလိုပေါပေါ များများရရှိပြီး ပြည့်စုံနေတာပဲ" ဟု စိတ်ကြီးဝင်၍ မာန်မယစ်ရဟုပြသည်။

ယော ဝန္ဒတိ မန္တိ-စသော ဤဂါထာဖြင့် ရဟန်းတော်နှင့် ယောဂီပုဂ္ဂိုလ်တို့သည်-

(၁) သူများက မိမိကိုယ်ရှိခိုးလို့လည်း ပသံသာလောကဓံကြောင့် မာန်မတက်ရ၊

(၂) သူများက ဆဲရေးစွပ်စွဲ အပြစ်ပြောလို့လည်း နိန္ဒာလောကဓံကြောင့် စိတ်မဆိုးရ၊

(၃) အစာအာဟာရနှင့် ပစ္စည်းလေးပါးတို့ကို ပေါများစွာ ရရှိလို့လည်း လာဘလောကဓံကြောင့် မာန်မယစ်ရ၊ ဤသို့သော ပသံသာ,နိန္ဒာ, လာဘလောကဓံနှင့် အလာဘ,ယသ, အယသ, သုခ, ဒုက္ခဟူသော လောကဓံတို့ကြောင့် မတုန်လှုပ်သော ရဟန္တာပုဂ္ဂိုလ်သည် လောကကြီး၌ တစုံတရာနှင့် မငြိတွယ်သဖြင့် ကောင်းစွာကျင့်သုံး နေထိုင်နိုင်တော့သည်ကိုပြသည်။

http://www.dhammadownload.com

(လက်ာ) ရှိခိုးခံရ၊ မတက်ကြွ၊ ဆဲကြသော်လည်း မစပ်ပြီ။ သူများလှူကြ၊ ဆွမ်းတွေရ၊ မာန်ကြွ ယစ်ခြင်း ကင်းရာသည်။ သို့ဖြစ်ပါလျှင်၊ လောကတွင်၊ ကြည်လင် ကောင်းစွာ နေရသည်။



၉။ လောဘဥ္စ ဘဝဥ္စ-ဂါထာ

(၉) လောဘဥ္စ ဘဝဥ္စ ဝိပ္ပဟာယ၊
ဝိရတော ဆေဒနဗန္ဓနာ စဘိက္ခု။
သော တိဏ္ဏကထံကထော ဝိသလ္လော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

(၉) အကြင်ရဟန်းသည် လိုချင်မှုဝိသမလောဘကိုလည်းကောင်း ကာမရူပ အရူပအားဖြင့် ဘဝသုံးပါးကိုလည်းကောင်း (၀၂) ဘဝသစ်ဖြစ်ကြောင်း ကံကိုဌင်း ပယ်စွန့်၍ သတ်ဖြတ်ခြင်း နှောင်ဖွဲခြင်းမှလည်း ရှောင်ကြဉ်၏၊ ထိုရဟန်းသည် ယုံမှားခြင်းကို ကူးမြောက်ပြီးသည်ဖြစ်၍ ရာဂစသောကိလေသာ ငြောင့်ကင်းသည်ဖြစ်၏၊ ထိုရဟန်းသည် လောကနှင့် မလိမ်းကျံပဲ ကောင်းစွာကျင့်ကြံနေနိုင်၏။

လောဘဥ္စ ဘဝဥ္စ ဝိပ္ပဟာယ-စသော ဤဂါထာဖြင့် ရဟန်းတော်နှင့် ယောဂီပုဂ္ဂိုလ်သည်-

(၁) လိုချင်တပ်မက်မှု လောဘဟူသမျှနှင့် ဘဝသုံးပါး (၀၂) ဘဝသစ်ဖြစ်ကြောင်းကံကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ပယ်သတ်ရခြင်း။

(၂) ယင်းသို့ ပယ်သတ်လိုက်ခြင်းကြောင့် သတ္တဝါတို့ကို သတ်ဖြတ်ခြင်း နှောင်ဖွဲခြင်းတို့မှ လုံးဝကင်းသွား၏၊

(၃) သို့လောသို့လော ယုံမှားတွေးတောခြင်း ဝိစိကိစ္ဆာကို ကျော်လွန်ပြီး

http://www.dhammadownload.com

ဖြစ်သလို ရာဂစသော ကိလေသာငြောင့်များလည်း ကင်းသွားတော့၏၊ ဤသို့သောရဟန္တာပုဂ္ဂိုလ်သည် လောက၌ မည်သည့် သက်ရှိ သက်မဲ့နှင့်မျှ ကပ်ငြိခြင်းမရှိ၍ ကောင်းစွာကျင့်သုံး နေထိုင်နိုင်သည်ကို ပြသည်။

(လက််) လောဘတတန်၊ ဖြစ်ကြောင်းကံ၊ ပယ်လှန်ကင်းပြီး ဖြစ်ရမည်။ ဖြတ်-နှောင်ကြဉ်ကာ၊ ယုံမှားတာ၊ ငြောင့်ပါ လုံးဝကင်းရမည်။ သို့ဖြစ်ပါလျှင်၊ လောကတွင်၊ ကြည်လင် ကောင်းစွာ နေရသည်။



၁၀။ သာရုပ်ံ အတ္တနော–ဂါထာ

(၁၀) သာရုပ်ံ အတ္တနော ဝိဒိတ္ဝာ၊
နော စ ဘိက္ခု ဟိသေယျ ကဉ္စိ လောကေ။
ယထာတထိယံ ဝိဒိတ္ဝာ ဓမ္မံ၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

(၁၀) အကြင်ရဟန်းသည် မိမိအားသင့်လျော်လျောက်ပတ်သော အကျင့်မြတ်ကို သိပြီး၍ ကျင့်ရာ၏၊ လောက၌ တစုံ တယောက်ကိုမျှ မညှဉ်းဆဲ မနှိပ်စက်ရာ၊ သစ္စာလေးပါးတရားကို ဟုတ်တိုင်း မှန်စွာ မဂ်ဉာဏ်ဖြင့်သိပြီး၍ တည်သည်ဖြစ်ရာ၏၊ ထိုရဟန်းသည် လောကနှင့် မလိမ်းကျံပဲ ကောင်းစွာကျင့်သုံးနေနိုင်၏။

သာရုပ်ံ အတ္တနော ဝိဒိတ္ဝာ-၌ မိမိအား သင့်လျော်လျောက်ပတ်သောအကျင့်ဟူသည် မိမိရဟန်းဘဝနှင့် မလျော်မလျောက်ပတ်သော အနေသန မိစ္ဆာအာဇီဝနည်းဖြင့် အသက်မွေးခြင်းကိုပယ်ရှား၍ သမ္မာအာဇီဝနည်းဖြင့် အသက်မွေးခြင်းဟူသော

http://www.dhammadownload.com

ဝိနည်းကျင့်ဝတ်ကိုငှင်း၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း, မေတ္တာ, အသုဘ, မရဏာဿတိ, အာနာပါန စသောကမ္မဋ္ဌာန်းတို့တွင် မိမိစရိုက်နှင့် သင့်လျော်သော သမ္မာပဋိပတ် ကျင့်စဉ်ကိုငှင်း ဆိုလိုသည်။

ဤ သာရုပ္ပံ အတ္ထနော ဝိဒိတွာ-ပါဠ်ဖြင့် မိမိအားသင့်လျော်လျောက်ပတ်သော ယင်းဝိနည်းကျင့်ဝတ်နှင့် သမ္မာပဋိပတ်ကျင့်စဉ်တို့ကို သိနေရုံမျှနှင့် တစုံတရာအကျိုး မပြီးစီးနိုင်ရကား သိထားသည့် အတိုင်း ထိုကျင့်ဝတ်ကျင့်စဉ်တို့၌တည်ကာ ကျင့်သုံးရမည်ဟု ဆိုလိုသည်။

"သမ္မာဧသနာဒိ အာဇီဝသုဒ္ဓိ အညဉ္စသမ္မာပဋိပတ္တိ တတ္ထ ပတိဋ္ဌဟေန ဝိဒိတွာ၊ နှ ဟိ ဉာတမတ္တေနေဝ ကိဉ္စိ ဟောတိ။"

(သုတ္တနိပါတဋ္ဌကထာ၊ ၂-၉၆)

ယထာ တထိယံ ဝိဒိတွာ ဓမ္မံ-သစ္စာလေးပါးတရားကို ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်းဟူသည်-

၁။ ဒုက္ခသစ္စာကို ပရိညာပဋိဝေဓ-ပိုင်းခြားသော အားဖြင့် သိမြင်ခြင်း၊

၂။ တဏှာလောဘ,သမုဒယသစ္စာကို ပဟာနပဋိဝေဓ-ပယ်သော အားဖြင့် သိမြင်ခြင်း၊

၃။ နိဗ္ဗာန်နိရောဓသစ္စာကို သစ္ဆိကိရိယာ ပဋိဝေဓ-မျက်မှောက်ပြုတွေ့သော အားဖြင့် သိမြင်ခြင်း၊

၄။ မဂ္ဂင်ရှစ်ပါး မဂ္ဂသစ္စာကို ဘာဝနာပဋိဝေဓ-မိမိသန္တာန်၌ ဖြစ်စေသောအားဖြင့် သိမြင်ခြင်းဖြစ်သည်။

(အကျယ်ကို စစ်ကိုင်းသင်္ဃနာယကဆရာတော်၏-နိဿယရှင်းချက်၌ရှုပါ)

http://www.dhammadownload.com

သာရုပ်ံ အတ္ထနော ဝိဒိတ္ဝာ စသော ဤဂါထာဖြင့် ရဟန်းတော်နှင့် ယောဂီပုဂ္ဂိုလ်သည်-

(၁) မိမိအားသင့်လျော်လျောက်ပတ်သော ကျင့်ဝတ် ကျင့်စဉ်တို့ကို ကျင့်ရမည်။

(၂) ယင်းသို့ မိမိအား သင့်လျော်လျောက်ပတ်သော ကျင့်ဝတ် ကျင့်စဉ်ကို ကျင့်ရာ၌ အခြားသူတပါးကို ညှင်းဆဲနှိပ်စက်မှု ကိုလည်း မပြုရပေ၊

(၃) သစ္စာလေးပါးတရားကို အရဟတ္တမဂ်ဉာဏ်ဖြင့် ဟုတ်တိုင်းမှန်စွာ သိမြင်ရမည်-ဤသို့သောရဟန္တာပုဂ္ဂိုလ်သည် လောက၌ တစုံတခုမျှ မငြိကပ် မတွယ်တာမူ၍ လွတ်လွတ်လပ်လပ် ကောင်းစွာကျင့် သုံးနေပါသည်ဟူ၍ပြသည်။

ဤဂါထာလာ "ယထာ တထိယံ ဝိဒိတ္ဝာ ဓမ္မံ" ဟူသောပါဒသည် ရှေ့တတိယဂါထာမှ "သမေစ္စဓမ္မံ"ပုဒ်၊ သတ္တမဂါထာမှ "သမ္မာ ဝိဒိတ္ဝာ ဓမ္မံ"ပုဒ်တို့နှင့် အဓိပ္ပါယ်အတူအတူပင်ဖြစ်သည်၊ မဂ်, ဖိုလ်, နိဗ္ဗာန်ကိုရမည့် ဝေနေယျ သတ္တဝါ, နတ် ဗြဟ္မာတို့၏ အလိုဆန္ဒကိုငဲ့၍ ဝေနေယျဇ္ဈာသယအားဖြင့် ဟောတော်မူရခြင်းဖြစ်သည်၊ အဘိဓမ္မာဒုကမာတိကာဒေသနာ၌ သဟေတုကဒုက်ကို ဟောပြီးဖြစ်သော်လည်း အဓိပ္ပါယ်အရကောက်ခြင်းတူသော ဟေတုသမ္မယုတ္တ ဒုက်ကို ထပ်မံ၍ဟောသကဲ့ပင်ဖြစ်သည်။ *(အဋ္ဌသာလိနီ-၈၉)*

(လက်ာ)ကိုယ်နှင့်လျော်တာ၊ သိပြီးကာ၊ သူမှာ ညှဉ်းဆဲကင်းရမည်။
သစ္စာလေးတန်၊ တရားမှန်၊ ဧကန်သိပြီး ဖြစ်ရမည်။
သို့ဖြစ်ပါလျှင်၊ လောကတွင်၊ ကြည်လင် ကောင်းစွာ နေနိုင်သည်။

http://www.dhammadownload.com

၁၁။ ယဿ နုသယာဂါထာ

(၁၁) ယဿာနုသယာ နု သန္တိ ကေစိ၊
မူလာ စ အကုသလာ သမူဟတာသေ။
သော နိရာသော အနာသိသာနော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

(၁၁) အကြင်ရဟန်းအား အနုသယကိလေသာ (၇)ပါးတို့သည် တစုံတခု စိုးစဉ်းမျှ မရှိကုန်၊ အကုသိုလ်၏ အမြစ်အရင်း ဖြစ်သော လောဘ, ဒေါသ, မောဟတို့ကိုလည်း ကောင်းစွာပယ်နုတ်အပ်ကုန်၏၊ ထိုရဟန်းသည် လိုချင်မှု အာသာကင်းသည်ဖြစ်၍ တောင့်တမှု အာသီသလည်း မရှိတော့ပေ၊ ထိုရဟန်းသည် လောကနှင့် မလိမ်းကျံပဲ ကောင်းစွာကျင့်သုံးနေနိုင်၏။

ယဿ နုသယာဂါထာ-၌ အနုသယ(၇)ပါး

အကြောင်းညီညွတ်သည့်အခါ ဖြစ်ပေါ်လာသော အကုသိုလ် ကိလေသာတရားတို့ကို အနုသယဟုခေါ်သည်၊ ထိုအနုသယသည်-

(၁) ကာမရာဂါနုသယ၊
(၂)ဘဝရာဂါနုသယ၊
(၃)ပဋိဃာနုသယ၊
(၄)မာနာနုသယ၊
(၅)ဒိဋ္ဌာနုသယ၊
(၆)ဝိစိကိစ္ဆာနုသယ၊
(၇)အဝိဇ္ဇာနုသယအားဖြင့် (၇)ပါးရှိသည်။

(တနည်း) အနုသယ(၂)မျိုး

(၁) ပုဂ္ဂိုလ်သတ္တဝါ တဦးယောက်၏သန္တာန်၌ အကြောင်းညီညွတ်၍ ဖြစ်ပေါ်လာသော ကိလေသာသည် သန္တာန်မှာ ကိန်းသည့်-သန္တာနာနုသယမည်၏၊

http://www.dhammadownload.com

(၂) မြင်ဘူး,ကြားဘူး,နံဘူး,တွေ့ဘူးသော အာရုံကိုအကြောင်းပြု၍ အာရုံမှာ ပြန်လည်စဉ်းစားပြီး ဖြစ်ပေါ်လာသော ကိလေသာသည် အာရုံမှာကိန်းသည့်-အာရမ္မဏာနုသယမည်၏၊

ယဿာ နုသယာ န သန္တီ ကေစိ-ပါဠ်ဖြင့် ရဟန္တာပုဂ္ဂိုလ်အား အနုသယကိလေသာ(၇)ပါးလုံး၊ သန္တာနာနုသယ-အာရမ္မဏာနုသယ အားဖြင့် အနုသယ(၂)မျိုးစလုံး အရဟတ္တမဂ်ဖြင့် ပယ်သတ်ထားရကား စိုးစဉ်းအနည်းငယ်မျှ လုံးလုံးမျှ မရှိဟူသော အဓိပ္ပါယ်ကိုပြသည်။

မူလာစ အကုသလာ သမူဟတာသေ-ပါဠ်ဖြင့် ရဟန္တာပုဂ္ဂိုလ်အား အနုသယ(၇)ပါးလုံး အနုသယ(၂)မျိုး မရှိရုံမျှ မကပဲ အကုသိုလ်ကိလေသာတို့၏ ရေသောက်မြစ်သဖွယ်ဖြစ်သော လောဘ,ဒေါသ, မောဟဟူသော အကုသိုလ်ဟိတ် (၃)ပါးလုံးကိုလည်း အရဟတ္တမဂ်ဖြင့် ပယ်ဖြတ်ပြီး ဖြစ်သည်ကိုပြသည်။

သော နိရာသော အနာသိသာနောပါဠ်ဖြင့် ရဟန္တာပုဂ္ဂိုလ်အား အနုသယကိလေသာနဲ့ အကုသိုလ် အမြစ်ရင်း မူလတို့ကို အကြွင်းမဲ့ ပယ်သတ်ပြီးဖြစ်၍ လိုချင်တပ်မက်မှုအာသာ တဏှာမဖြစ်တော့ပေ၊ လိုချင်တပ်မက်မှု အာသာ တဏှာမဖြစ်တော့သည့်အတွက် ရုပ်ဝေဒနာစသော တစုံတခုကိုမျှ တောင့်တမှု အာသိသလည်း မရှိတော့သည်ကိုပြသည်။

ယဿာ နုသယာ န သန္တီ ကေစိ-စသော ဤဂါထာဖြင့်-

(၁) ရဟန္တာပုဂ္ဂိုလ်အား အနုသယ(၇)ပါးလုံး စိုးစဉ်းအနည်းငယ်မျှ လုံးလုံးမျှမရှိပေ၊

(၂) အကုသိုလ်တို့၏ အမြစ်ရင်းမူလဖြစ်သော လောဘ,ဒေါသ, မောဟတို့ကိုလည်း အရဟတ္တမဂ်ဖြင့် ပယ်သတ်ပြီးဖြစ်၏၊ (၃) ထိုရဟန္တာပုဂ္ဂိုလ်သည် အနုသယနှင့် အကုသိုလ်မူလတရားတို့ကို ပတ်သတ်ပြီးဖြစ်၍ လိုချင်မှု အာသာနှင့် တောင့်တမှု အာသိသလည်း မရှိတော့ပေ၊ ထိုသို့သောရဟန္တာပုဂ္ဂိုလ်သည် လောကကြီးထဲ၌ တစုံ

http://www.dhammadownload.com

တခုနှင့်မျှ ငြိတွယ်ခြင်းမရှိသည်ဖြစ်၍ နှောင်ကြိုးမဲ့ ကောင်းစွာ နေနိုင်သည်ကိုပြသည်။

(လက်ာ)ဖြစ်ခွင့်ရှိက၊ နုသယ၊ လုံးဝထိုဟာမရှိပြီ။ အကုမြစ်ရင်း၊ နှုတ်ပယ်ရှင်း၊ လိုခြင်း, တောင့်တမရှိပြီ။ သို့ဖြစ်ပါလျှင်၊ လောကတွင်၊ ကြည်လင် ကောင်းစွာ နေရသည်။

၁၂။ အာသဝခီဏော-ဂါထာ

(၁၂) အာသဝခီဏော ပဟီနမာနော၊
သဗ္ဗံ ရာဂပထံ ဥပါတိဝတ္တော။
ဒန္တော ပရိနိဗ္ဗုတော ဌိတတ္တော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

(၁၂) အကြင်ရဟန်းသည် အာသဝေါလေးပါး ကုန်ခမ်းပြီးသည် မာန်မာန(၉)ပါးကို ပယ်ပြီးသည် တဏှာရာဂဖြစ်ဖို့ရာ လမ်းကြောင်းဖြစ်သော အလုံးစုံသော တေဘူမက သင်္ခါရတရားအပေါင်းကို ဉာဏ်ဖြင့် ချဉ်းကပ် ရှုမှတ်ပိုင်းခြားသိသောအားဖြင့် ကျော်လွှားလွန်မြောက်ပြီးဖြစ်၏၊ ယဉ်ကျေးပြီးသူ ကိလေသာမီး ငြိမ်းအေးပြီးသူ မတုန်မလှုပ် တည်တံ့သော စိတ်ရှိသူဖြစ်၏၊ ထိုရဟန်းသည် လောကနှင့် မလိမ်းကျံပဲ ကောင်းစွာကျင့်သုံးနေနိုင်၏။

အာသဝခီဏော ပါဠိနှင့် အာသဝေါတရား (၄)ပါး

ဘုံဘဝအားဖြင့် ဘဝဂ်ဟုဆိုအပ်သော နေဝသညာနာသညာယတနဘုံတိုင်အောင်, တရားဓမ္မအားဖြင့် ဂေါတြဘုတိုင်အောင် မျက်စိစသော ဒွါရအပေါက်တို့မှ ယိုစီးဖြစ်ပွား လာတတ်သော

http://www.dhammadownload.com

အကုသိုလ်တရားကို အာသဝတရားဟု ခေါ်ရသည်၊ ထိုအာသဝတရားသည်

(၁) ကာမာသဝ။ (၂) ဘဝါသဝ။ (၃) ဒိဋ္ဌာသဝ။ (၄) အဝိဇ္ဇာသဝ အားဖြင့် လေးပါးရှိသည်၊ အာသဝခီဏော-ပါဠ်အရ ရဟန္တာပုဂ္ဂိုလ်သည် ထိုအာသဝေါတရား (၄)ပါးတို့ ကုန်ခမ်းပြီးဖြစ်၏။

ပဟီနမာနော ပါဠ်၌ မာန်မာန (၉)ပါး

အထင်ကြီးမှု ထောင်လွှားမှု ဘဝင်မြင့်မှု အကုသိုလ်တရားကို မာန်မာနဟု ဆိုရ၏၊ ထိုမာန်မာနသည်

(က) အထက်တန်းစား ပုဂ္ဂိုလ် မြတ်သူအားဖြစ်သော သေယျမာန်, သဒိသမာန်, ဟီနမာန်အားဖြင့် (၃)ပါး။

(ခ) အလတ်တန်းစား ပုဂ္ဂိုလ် တူသူအားဖြစ်သော သေယျမာန်, သဒိသမာန်, ဟီနမာန်အားဖြင့် (၃)ပါး။

(ဂ) အောက်တန်းစားပုဂ္ဂိုလ် ယုတ်သူအားဖြစ်သော သေယျမာန်, သဒိသမာန်, ဟီနမာန်အားဖြင့် (၃)ပါး-အားဖြင့် မာန်မာန (၉)ပါးရှိလေသည်။

တနည်း မာန်မာန (၂)မျိုး

၁။ တကယ်ကို သူတပါးထက် တတ်သိနားလည်လို့ ဟုတ်မှန်သည့်အတိုင်း အထင်ကြီးမှု ဘဝင်မြင့်မှုမျိုးသည်- ယာထာဝမာန်မည်၏။

၂။ တကယ်လည်း မသိ မတတ် နားမလည်ပဲနဲ့ အဓိပ္ပါယ်မရှိ အချောက်တိုက် ဝါကြွား ထောင်လွှား ဘဝင်မြင့်နေမှု မျိုးသည် - အယာထာဝမာန်မည်၏၊ ရဟန္တာပုဂ္ဂိုလ်သည် ပဟီနမာနော-ပါဠ်အရ ထိုမာန်မာန(၉)ပါး၊ (၂)ပါးတို့ကို အရဟတ္တမဂ်ဖြင့် ပယ်ရှားပြီးဖြစ်၏။

http://www.dhammadownload.com

သင်္ခံ ရာဂပထံ ဥပါတိဝတ္တော-၌ တပ်မက်မှု ရာဂဖြစ်ပွားဖို့ရန် လမ်းကြောင်းဟူသည် မြင်ရ ကြားရ နံရ စားသိရ ထိသိရ ကြိုက်သိရသော အလုံးစုံသော တေဘူမကသခ်ါရတရား အာရုံတို့ဖြစ်သည်၊ ထိုတေဘူမက သခ်ါရတရားအာရုံကို သတိသမ္ပဇဉ် ဝိပဿနာဉာဏ်အမြင်ဖြင့် ချဉ်းကပ်ရှုမှတ်ပိုင်းခြား၍ သိခြင်း ပယ်ရှားခြင်းဖြင့် ကျော်လွှား လွန်မြောက်ရမည်ကို ပြသည်။

ဥပါတိဝတ္တောတိ ပရိညာပဟာနေဟိ အတိက္ကန္တော။

(သုတ္တနိပါတဋ္ဌကထာ၊ ၂၊ ၉၆)

အာသဝဒီကော-စသော ဤဂါထာဖြင့် ရဟန္တာပုဂ္ဂိုလ်သည်

(၁)အာသဝေါတရားလေးပါးလုံး ကုန်ခမ်းပြီးဖြစ်၏၊

(၂) မာန်မာန (၉)ပါးလုံးကိုလည်း ပယ်သတ်ပြီးဖြစ်၏၊

(၃) တဏှာရာဂဖြစ်ဖို့ရာ လမ်းပမာဖြစ်သော တေဘူမကသခ်ါရတရား အပေါင်းကို ဉာဏ်ဖြင့်ရှုမှတ်ပိုင်းခြားခြင်း ပယ်သတ်ခြင်းဖြင့် ကျော်လွှားလွန်မြောက်ပြီးဖြစ်၏။

(၄) ဤအကြောင်းတရား (၃)ပါးတို့ကြောင့် ရဟန္တာပုဂ္ဂိုလ်သည် ယဉ်ကျေးပြီးသူ ကိလေသာအပူခပ်သိမ်း ငြိမ်းအေးပြီးသူ တည်တန့်သော စိတ်ရှိသူ ဖြစ်ရတော့၏၊ ထိုသို့သော ရဟန္တာပုဂ္ဂိုလ်သည် လောကကြီးထဲ၌ တစုံတခုနှင့်မျှ မကပ်ငြို မတွယ်တာပဲ ကောင်းမွန်စွာ ကျင့်သုံးနေနိုင်၏-ဟု ပြသည်။

(လင်္ကာ)

အာသဝေါကုန်ရှင်း၊ မာနကင်း၊
တပ်ခြင်းလမ်းကို ကျော်လွန်ပြီ။
နှူးညံ့, ယဉ်ကျေး၊ ကိလေဘေး၊
ငြိမ်းအေးစိတ်လည်း တည်တံ့သည်။
သို့ဖြစ်ပါလျှင်၊ လောကတွင်၊
ကြည်လင် ကောင်းစွာနေရသည်။

http://www.dhammadownload.com

၁၃။ သဒ္ဓါ သုတဝါ ဂါထာ

(၁၃) သဒ္ဓါ သုတဝါ နိယာမဒဿီ၊
ဝဂ္ဂဂတေသု န ဝဂ္ဂသာရီ ဓီရော။
လောဘံ ဒေါသံ ဝိနေယျ ပဋိယံ၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

(၁၃) အကြင်ရဟန်းသည် ယုံကြည်မှု 'သဒ္ဓါတရား'ရှိ၏၊ အကြားအမြင် ဗဟုသုတရှိ၏၊ မြဲသောအရိယမဂ်ကို သိမြင်ပြီးဖြစ်၏၊ (ခြောက်ဆယ့် နှစ်ပါးသော မိစ္ဆာဒိဋ္ဌိတို့ဖြင့်) အုပ်စုကွဲနေသော လူတို့၌ ကွဲပြားကြောင်း မိစ္ဆာအယူသို့ မလျောက်မသွားသည်ဖြစ်၏၊ တည်ကြည်၏။ ထိုရဟန်းသည် လောဘကိုလည်းကောင်း ဒေါသကိုလိုလည်းကောင်း ထိပါး ပုတ်ခတ်ခြင်းကိုလည်းကောင်း ပယ်ဖျောက်၍နေ၏၊ ထိုရဟန်းသည် လောကနှင့် မလိမ်းကျံပဲ ကောင်းစွာ ကျင့်သုံးနေနိုင်၏။

သဒ္ဓါပုဒ်၌ သဒ္ဓါတရား (၄)ပါး

ယုံကြည်သက်ဝင်မှုကို သဒ္ဓါတရားဟုခေါ်သည်။ ယင်းသဒ္ဓါသည် (၁) အာဂမသဒ္ဓါ။ (၂) အဓိဂမသဒ္ဓါ။ (၃) ဩကပ္ပနသဒ္ဓါ။ (၄) ပသာဒသဒ္ဓါဟု လေးမျိုးရှိသည်။ ထိုတွင် အဓိဂမသဒ္ဓါကို အဝေစ္စသဒ္ဓါဟုလည်း ခေါ်သည်။ (ဒီဋ္ဌ၊ ၂၊ ၁၁၉) ဤသဒ္ဓါပုဒ်၌ အဓိဂမသဒ္ဓါကို ယူရသည်။

သုတဝါပုဒ်၌ သုတ (၂)ပါး

၁။ ပိဋကသုံးပုံလုံးကိုဖြစ်စေ ဂါထာတပုဒ်ကိုဖြစ်စေ တရားအားထုတ်တတ် တရားထိုင်တတ်အောင် သင်ယူ၍ ကြားနာထားသော အာဂမသုတ (အကြားသုတ)။

၂။ တရားအားထုတ်သည့်အတိုင်း တမဂ်တဖိုလ်ရသည်အထိ မြင်သွားသော အဓိဂမသုတ (အမြင်သုတ)တို့ဖြစ်ကြ၏။

http://www.dhammadownload.com

ဤ သုတဝါပုဒ်၌ အာဂမသုတအပြင် အဓိဂမသုတအထိ ယူရသည်။

ဝဂ္ဂဂတေသု နဝဂ္ဂသာရိ ပုဒ်၌ မှတ်ပုံယ်

ဝဂ္ဂဂတေသု-ပုဒ်၌ ဝဂ္ဂဟူသည် အချင်းချင်း မည်ညွှတ်ပဲ သဘောကွဲလွဲစေတတ်သောကြောင့် နတ္ထိကဒိဋ္ဌိ၊ အကိရိယ ဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိစသော (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိအယူတို့ပင်ဖြစ်သည်၊ ထိုမိစ္ဆာဒိဋ္ဌိအယူကို ယူကြသော ပုရာဏကဿပ မက္ခလိဂေါသာလစသော တိတ္ထိပုဂ္ဂိုလ် ဒိဋ္ဌိဂတိကပုဂ္ဂိုလ်တို့ကို - ဝဂ္ဂဂတဟု ဆိုရသည်။

ဘယ်တိတ္ထိပုဂ္ဂိုလ်အုပ်စုတို့၏ ဘယ်အယူဝါဒဝဂ္ဂသို့ မဝင်ရောက်ပဲ မှန်ကန်သော သမ္မာအယူ၌ တည်ငြိမ်စွာ ရပ်တည် သူကို ဤ၌ "ဝဂ္ဂဂတေသု နဝဂ္ဂသာရိ"ဟု ဆိုရသည်၊ ရဟန္တာပုဂ္ဂိုလ်သည် အယူမှန် အမြင်မှန်ကို လက်ကိုင် ပိုင်ပိုင် နိုင်နိုင် ရှိထားပြီးဖြစ်၍ မည်သည့် မိစ္ဆာအယူဝါဒ ဝဂ္ဂသို့မျှ မဝင်ရောက်တော့ပေ-ဟု ဆိုလိုသည်။

သဒ္ဒါ သုတဝါ စသော ဤဂါထာဖြင့် ရဟန္တာပုဂ္ဂိုလ်သည် ယုံကြည်မှု အဓိဂမသဒ္ဓါတရားရှိ၏၊ အာဂမ အဓိဂမ အားဖြင့် နှစ်ဖြာသော အကြားအမြင်နှင့်လည်း ပြည့်စုံ၏၊ အရိယမဂ်ကိုလည်း သိမြင်ပြီးဖြစ်၏၊ မိစ္ဆာဒိဋ္ဌိ(၆၂)ပါးတို့ဖြင့် အယူဝါဒ အုပ်စုကွဲနေသော လူတို့၌ ကွဲပြားကြောင်း မိစ္ဆာအယူဝါဒသို့လည်း မလျှောက်မသွားတော့ပေ၊ လောဘ ဒေါသ ပဋိဃတို့ကိုလည်း အရဟတ္တမဂ်ဖြင့် ပယ်ဖျောက်ပြီးဖြစ်၏၊ ထိုသို့သော ရဟန္တာပုဂ္ဂိုလ်သည် လောကကြီးထဲ၌ ကပ်ငြို တွယ်တာခြင်း မရှိပဲ ကောင်းမွန်စွာ ကျင့်သုံးနေထိုင်နိုင်လေ၏-ဟူ၍ ပြသည်။

http://www.dhammadownload.com

(လင်္ကာ) သဒ္ဓါသုတ၊ ပြည့်စုံရ၊ မဂ္ဂကိုလဲ သိမြင်သည်။
အယူချင်းကွဲ၊ လူတွေထဲ၊ ယူစွဲမဝင်မလျှောက်ပြီ။
လောဘ, ဒေါသ၊ ပဋိယ၊ ပယ်ချ အကုန်ကင်းစေပြီ။
သို့ဖြစ်ပါလျှင်၊ လောကတွင်၊
ကြည်လင်ကောင်းစွာနေရသည်။

ဝံ၄။ သံ သုဒ္ဓ ဇိနော-ဂါထာ

(၁၄) သံသုဒ္ဓဇိနော ဝိဝဋ္ဋဆဒေါ၊
ဓမ္မေသု ဝသီ ပါရဂူ အနေလော။
သခီါရနိရောဓညာဏကုသလော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

(၁၄) အကြင်ရဟန်းသည် ကောင်းစွာစင်ကြယ်သော အရဟတ္တ မဂ်ဖြင့် ကိလေသာရန်တို့ကို အောင်နိုင်ပြီးသူ ကမ္မဝဋ်စသော ဝဋ်သုံးပါး နှင့် လောဘ ဒေါသစသော ကိလေသာအမိုးကို ဖွင့်လှစ်ပြီးသူ သစ္စာ တရားတို့၌ လေ့လာပြီးသူ နိဗ္ဗာန်ဟူသော ကမ်းတဖက်သို့ ရောက်ပြီးသူ တဏှာဟူသော တုန်လှုပ်ခြင်း မရှိသူ သခီါရ၏ချုပ်ရာ နိဗ္ဗာန်ကို အာရုံပြုသော မဂ်ဉာဏ်၌ လိမ္မာသူ ဖြစ်၏၊ ထိုရဟန်းသည် လောကနှင့် မလိမ်းကျံပဲ ကောင်းစွာကျင့်သုံးနေနိုင်၏။

ဝိဝဋ္ဋဆဒေါ-၌ ဝဋ်(၃)ပါးနှင့် အမိုးအပုံး(၃)ပါး အမိုးအကာ(၇)ပါး ဝဋ်(၃)ပါးဟူသည်-
(၁)ကမ္မဝဋ်၊ (၂)ကိလေသဝဋ်၊ (၃)ဝိပါကဝဋ်တို့ဖြစ်သည်၊
အမိုးအဖုံး(၃)ပါးကား-
(၁)ရာဂအမိုး၊ (၂)ဒေါသအမိုး၊ (၃)မောဟအမိုးတို့ဖြစ်သည်၊
(သုတ္တနိပါတ်အဋ္ဌကထာ)

http://www.dhammadownload.com

အမိုးအကာ(၇)ပါးတို့ကား-

(၁)ရာဂအမိုး၊ (၂)ဒေါသအမိုး၊ (၃)မောဟအမိုး၊ (၄)မာနအမိုး၊ (၅)ဒိဋ္ဌိအမိုး၊ (၆)ကိလေသာအမိုး၊ (၇)တဏှာ အမိုးတို့ဖြစ်ကြ၏၊ ရဟန္တာပုဂ္ဂိုလ်သည်၊ ဝိဝဋ္ဋဆေး-ပါဠိတော် ထိုဝဋ်(၇)ပါး၊ အမိုးအကာအဖုံး(၇)ပါး၊ (၇)ပါးတို့ကို ဖွင့်လှစ် ဖေါက်ဖျက်နိုင်သူဖြစ်သည်။

သံ သုဒ္ဓ ဇိနော-စသော ဤဂါထာဖြင့် ရဟန္တာအရှင်မြတ်၏ ဂုဏ်ပုဒ်တို့ကို ဖေါ်ပြပေဟာကြားသည်၊ ရဟန္တာ အရှင်မြတ်သည် ဂါထာမှာလာသည့်အတိုင်း ကောင်းစွာစင်ကြယ်သော အရဟတ္တမဂ်ဖြင့် ကိလေသာရန်တို့ကို အောင်နိုင် ပြီးသူ လောဘ ဒေါသစသော ကိလေသာအမိုးကို ဖွင့်လှစ်ပြီးသူ သစ္စာတရားတို့၌ လေ့လာပြီးသူ နိဗ္ဗာန်ဟူသော ကမ်းတဖက်သို့ ရောက်ပြီးသူ တဏှာဟူသော တုန်လှုပ်ခြင်း မရှိသူ သခ်ါရ၏ချုပ်ရာ နိဗ္ဗာန်ကို အာရုံပြုသော မဂ်ဉာဏ်၌ လိမ္မာသူဖြစ်၏၊ ထိုသို့သော ရဟန္တာပုဂ္ဂိုလ်သည် လောကကြီးထဲ၌ တစုံတခုနှင့်မျှ မငြိတွယ်မကပ်ငြိပဲ ကောင်းမွန်စွာ ကျင့်သုံး နေထိုင်နိုင်ပါသည်-ဟုဆိုလိုသည်။

(လင်္ကာ)

စင်ကြယ်မဂ်ဖြင့်၊ အောင်နိုင်လင့်၊
ဝဋ်နှင့်ဖုံးကွယ် ကင်းလေပြီ။
တရားတွေမှာ၊ ပိုင်နိုင်စွာ၊
တဏှာကင်းပြောက်၊ ဟိုကမ်းရောက်ပြီ။
သခ်ါရချုပ်ရာ၊ နိဗ္ဗာန်မှာ၊
ကောင်းစွာသိမြင် ကျွမ်းကျင်သည်။
သို့ဖြစ်ပါလျှင်၊ လောကတွင်၊
ကြည်လင် ကောင်းစွာနေရသည်။

http://www.dhammadownload.com

၁၅။ အတိတေသု အနာဂတေသု-ဂါထာ

(၁၅) အတိတေသု အနာဂတေသု စာပိ၊
ကပ္ပါတိတော အတိစ္စသုဒ္ဓိပညော။
သဗ္ဗာယတနေဟိ ဝိပ္ပမုတ္တော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

(၁၅) အကြင်ရဟန်းသည် ဖြစ်ပြီးသော အတိတ်ရုပ်နာမ်ခန္ဓာတို့၌ လည်းကောင်း လာလတ္တံ့သော အနာဂတ်ရုပ်နာမ် ခန္ဓာတို့၌ လည်းကောင်း ငါ, ငါဥစ္စာဟု ကြံစည်မှု စိတ်ကူးခြင်း တဏှာဒိဋ္ဌိကို လွန်မြောက်သည် ဖြစ်ရာ၏၊ အလွန်စင်ကြယ်သော အရဟတ္တ မဂ်ဉာဏ်ပညာရှိ၏၊ မျက်စိ စက္ခာယတနစသော အာယတန(၁၂)ပါး အားလုံးတို့မှ ငါ ငါဥစ္စာဟု စွဲလမ်းခြင်းမှ လွန်မြောက်ပြီးသည် ဖြစ်ရာ၏၊ ထိုရဟန်းသည် လောကနှင့် မလိမ်းကျံပဲ ကောင်းစွာကျင့်သုံးနေနိုင်၏။

ကပ္ပါတိတော-ပါဠ်၌ ကပ္ပ-ဟူသည် တဏှာနှင့် ဒိဋ္ဌိပင် ဖြစ်သည်၊ ၄င်း တဏှာနှင့် ဒိဋ္ဌိသည် အတိတ်,အနာဂတ်, ပစ္စုပ္ပန် ရုပ်နာမ်ခန္ဓာတို့၌ ငါ ငါ့ဥစ္စာ ငါ့ဟာဟူ၍ ကြံစည်တတ်သောကြောင့် ကပ္ပ အမည်ရကြ၏။

အတိတေသု ကပ္ပါတိတော-ပါဠ်အရ ဖြစ်ပြီးသော အတိတ် ရုပ်နာမ်ခန္ဓာတို့၌ ငါ ငါ့ဥစ္စာဟု ကြံစည်တွေးတောခြင်း စိတ်ကူးခြင်း တဏှာ ဒိဋ္ဌိကိုလွန်မြောက်စေရမည်၊ အနာဂတေသု ကပ္ပါတိတော-ပါဠ်အရ နောင်လာလတ္တံ့ ဖြစ်လတ္တံ့သော အနာဂတ် ရုပ်နာမ် ခန္ဓာတို့၌ ငါ ငါ့ဥစ္စာဟုကြံစည်တွေးတောခြင်း စိတ်ကူးယဉ်ခြင်း တဏှာ ဒိဋ္ဌိကို လွန်မြောက်စေရမည်-ဟု အတိတ်နှင့် အနာဂတ်ကို တိုက်ရိုက် ဟောတော်မူသည်။

http://www.dhammadownload.com

အနာဂတေသုစာပိ-ပါဠိပါသော စသဒ္ဒါ,အပိသဒ္ဒါတို့ဖြင့် ပစ္စုပ္ပန္နေသုပိ ကပ္ပါတီတော-လောလောဆယ်ဖြစ်ဆဲ ပစ္စုပ္ပန် ရူပ်နာမ်ခန္ဓာတို့၌လည်း ငါ ငါဥစ္စာဟု ကြံစည်တွေးတောခြင်း စိတ်ကူးခြင်း တဏှာ ဒိဋ္ဌိကိုလည်း လွန်မြောက်စေရမည်-ဟုပြပေသည်၊ ဥပမာအားဖြင့် "ဘုရားကိုလည်း ရှိခိုးသည်၊ တရားကိုလည်း ရှိခိုးသည်"ဟုဆိုလျှင် သံဃာကိုလည်း ရှိခိုးသည်-ဟု သိရသကဲ့သို့ပင် ဖြစ်သည်။

အတီတေသုစသော ဤဂါထာဖြင့် ရဟန်းတော်နှင့် ယောဂီပုဂ္ဂိုလ်သည်-

(၁) ဖြစ်ပြီးသော အတိတ်ရူပ်နာမ်ခန္ဓာတို့၌ငင်း၊ မဖြစ်သေးသော အနာဂတ်ရူပ်နာမ်ခန္ဓာတို့၌ငင်း၊ ပစ္စုပ္ပန်ဖြစ်ဆဲ ရူပ်နာမ်ခန္ဓာတို့၌ငင်း ငါ ငါဥစ္စာ ငါဟာဟု ကြံစည်တွေးတောခြင်း စိတ်ကူးခြင်း တဏှာ ဒိဋ္ဌိကိုလွန်မြောက်အောင် ကျင့်ရမည်။

(၂) ယင်းသို့ တဏှာ ဒိဋ္ဌိတို့ကို ကျော်လွန်လျှင် ကာလ (၃)ပါးကိုကျော်လွန်၍ အလွန်စင်ကြယ်သော အရဟတ္တမဂ်ပညာရှိတော့၏။

(၃)အရဟတ္တမဂ်ပညာရှိသောကြောင့် စက္ခာယတနမျက်စိစသော အာယတန(၁၂)ပါးတို့မှ စွဲလမ်းမှု ကင်းသောအားဖြင့် လွတ်မြောက်သွားတော့၏၊ ထိုသို့သော ရဟန္တာပုဂ္ဂိုလ်သည် လောကကြီးနှင့် မလိမ်းကျံ မကပ်ငြိပဲ ကောင်းမွန်ချမ်းသာစွာ နေနိုင်သည်ကို ပြသည်။

http://www.dhammadownload.com

(လင်္ကာ) အတိတ်တဖြာ၊ နာဂတ်မှာ၊
ရမ်းကာကြံတွေးကျော်လွန်ပြီ။
ဉာဏ်စင်ကြယ်စွ၊အာယတန၊
ယင်းမှလွတ်မြောက်သွားလေပြီ။
သို့ဖြစ်ပါလျှင်၊ လောကတွင်၊
ကြည်လင် ကောင်းစွာနေရသည်။

၁၆။ အညာယ ပဒံ–ဂါထာ

(၁၆) အညာယ ပဒံ သမေစ္စ ဓမ္မံ၊
ဝိဝဋ္ဌံ ဒိသွာန ပဟာနမာသဝါနံ။
သဗ္ဗုပဓိနံ ပရိက္ခယာ နော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

(၁၆) အကြင်ရဟန်းသည် ရောက်အပ် သိအပ်သော သစ္စာလေးပါးတွင် တပါးပါးသောသစ္စာကို ပုဗ္ဗဘာဂဝိပဿနာ ပညာဖြင့် အသီးသီး သိမြင်ပြီး သစ္စာလေးပါးတရားကို အရိယာမဂ်ခဏ၌ မဂ်ပညာဖြင့် (တပြိုင်နက်) သိမြင်ပြီးလျှင် အာသဝေါတရားတို့၏ကုန်ရာနိဗ္ဗာန်ကို အပိတ်အပင်မရှိ သိမြင်ရကား အလုံးစုံသော ခန္ဓုပဓိစသော ဥပဓိတရားလေးပါးတို့၏ ကုန်ခြင်းကြောင့် ဘယ်အရာ၌မျှ မတွယ်တာမကပ်ငြိတော့ပေ၊ ထိုရဟန်းသည် လောကနှင့် မလိမ်းကျံပဲ ကောင်းစွာကျင့်သုံးနေနိုင်၏။ ဤသို့လျှင် ပကတိဘုရားရှင်က ဖြေကြားတော်မူလေ၏။

အညာယ ပဒံ သမေစ္စ ဓမ္မံ–ဥ်မှတ်ဗွယ်

အညာယ ပဒံ-ပါဠ်၌ ဒုက္ခ,သမုဒယ,နိရောဓ,မဂ္ဂ-ဟူသော သစ္စာလေးပါးတွင် တပါးပါးသော သစ္စာသည် ဉာဏ်ဖြင့်ရောက်အပ်

http://www.dhammadownload.com

သိအပ်သောကြောင့် ပဒ-အမည်ရသည်၊ ထိုတပါးပါးသော သစ္စာကို မဂ်၏ရှေ့အဘို့၌ ပိုင်းခြား၍သိမြင်သော ပုဗ္ဗဘာဂဝိပဿနာပညာ (ပုဗ္ဗဘာဂသစ္စဝဝတ္ထာနပညာ)ဖြင့် အသီးအသီး သိမြင်ခြင်းကို "အညာယ ပဒံ"ဟုဆိုရသည်၊ အရိယာမဂ်ခဏ၌မူ သစ္စာလေးပါးလုံးကို မဂ်ပညာဖြင့် တပြိုင်နက်သိမြင်ရခြင်းကို "သမေစ္စ ဓမ္မံ" ဟုခေါ်ရသည်။

အညာယ ပဒံစသော ဤဂါထာဖြင့် သစ္စာလေးပါးတွင် တပါးပါးသောသစ္စာကို ပုဗ္ဗဘာဂဝိပဿနာပညာဖြင့် အသီးအသီး သိမြင်၍ အရိယာမဂ်ခဏ၌မူ သစ္စာလေးပါးလုံးကို မဂ်ပညာဖြင့် တပြိုင်နက်သိမြင်ပြီးလျှင် အာသဝေါတရားတို့၏ ကုန်ရာနိဗ္ဗာန်ကိုလည်း လင်းလင်းထင်ထင် ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိမြင်ရကား ဥပဓိတရား(၄)ပါးတို့၏ ကုန်ခမ်းသွားခြင်း ကြောင့် ဘယ်အရာ၌မျှ မငြိကပ် မတွယ်တာတော့ပေ၊ ထိုသို့သော ရဟန္တာသည် လောကကြီးထဲ၌ လွတ်လပ်ချမ်းသာ ကောင်းမွန်စွာ နေနိုင်တော့၏-ဟု ပြသည်။ ဤသို့လျှင် ပကတိဘုရားရှင်သည် ဂါထာအမှတ်စဉ်(၂)မှ (၁၆)ထိ ဂါထာပေါင်း (၁၅)ပုဒ်တို့ဖြင့် ဖြေကြားဟောပြတော်မူလေသည်။

(လက်ာ) သစ္စာလေးအင်၊ သိပြီးလျှင်၊
မဂ်တွင်ပြုံတူသိလေပြီ။
နိဗ္ဗာန်မြင်ကာ၊ လေးသစ္စာ၊
မဂ်မှာ ပြုံတူသိလေပြီ။
အာသဝများ၊ ကင်းရှင်းသွား၊
ထင်ရှားဆင်ခြင်သိလေပြီ။
လေးဥပဓိ၊ ကုန်လေဘိ၊
ကပ်ငြိတွယ်တာ ကင်းလေပြီ။
သို့ဖြစ်ပါလျှင်၊ လောကတွင်၊
ကြည်လင် ကောင်းစွာနေရသည်။

http://www.dhammadownload.com

၁၇။ အဒ္ဓါဟိ ဘဂဝါ-ဂါထာ

(၁၇) အဒ္ဓါ ဟိ ဘဂဝါ တထေဝ ဧတံ၊
ယော သော ဧဝံဝိဟာရီ ဒန္ဓော ဘိက္ခု။
သဗ္ဗသံယောဇနယောဂဝိတိဝတ္တော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျာတိ။

(၁၇) ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား --အရှင်ဘုရား ဖြေကြားတော်မူသော ဤစကားအားလုံးသည် စင်စစ် ဟောတိုင်း မှန်လှပါ၏၊ အကြင်ရဟန်းသည် ဤသို့ဟောတော်မူသည့်အတိုင်း ကျင့်သုံးနေလေ့ရှိ၏၊ ထိုရဟန်းသည် ယဉ်ကျေးပြီးသူ သံယောဇဉ် (၁၀)ပါးတို့နှင့် ယောဂ (၄)ပါးအားလုံးတို့ကို လွန်မြောက်သူဖြစ်၏၊ ထိုရဟန်းသည် လောကနှင့် မလိမ်းကျံပဲ ကောင်းစွာကျင့်သုံးနေနိုင်၏-ဟု နိဗ္ဗိတရုပ်ပွား ဘုရားသည် ပကတိဘုရားရှင် ဟောကြားသော တရားဒေသနာကို ချီးကျူးတော်မူလေ၏။

ဤ(၁၇)ခုမြောက်ဂါထာကား နိဗ္ဗိတရုပ်ပွား ဘုရားက ပကတိဘုရားရှင် ဖြေကြားဟောပြသော တရားဒေသနာကို ချီးကျူးသောဂါထာဖြစ်သည်။

သဗ္ဗသံယောဇနယောဂဝိတိဝတ္တော-၌ ယောဂ(၄)ပါး

သံသရာဝဋ်ဆင်းရဲအတွင်းထဲ၌ ယုဉ်စပ်ဆက်စပ်ပေးတတ်သောအကုသိုလ်တရားကို ယောဂဟုခေါ်သည်၊ ထိုယောဂသည်-

(၁) ကာမယောဂ၊ (၂) ဘဝယောဂ၊ (၃) ဒိဋ္ဌိယောဂ၊ (၄) အဝိဇ္ဇာယောဂအားဖြင့် (၄)ပါးရှိသည်။

နိဗ္ဗိတရုပ်ပွားဘုရားက "အဒ္ဓါဟိ ဘဂဝါ" စသော ဤဂါထာဖြင့် ချီးကျူးညွှန်ပြလိုသည်မှာ ဤသို့ပါတည်း၊ ပကတိဘုရားရှင်က "ယဿ မဂ်လာ သမူဟတာ" စသည်ဖြင့် ဟောကြား

http://www.dhammadownload.com

တော်မူထားသည့်အတိုင်း ရဟန်းတော်နှင့် ယောဂီပုဂ္ဂိုလ်သည် တသွေ
မတိမ်း လိုက်နာကျင့်ကြံနေထိုင်လျှင် ရဟန္တာဖြစ်၍ တင်းပြည့်ကျပ်ပြည့်
ယဉ်ကျေးသိမ်မွေ့.ပြီး သံသရာ ဝဲသြဃမှ မထွက်နိုင်အောင်
ချည်နှောင်တတ်သော သံယောဇဉ်နှောင်ကြိုး၏ အနှောင်အဖွဲမှ
လွတ်ကင်းရုံမျှမကပဲ ယောဂ(၄)ပါးကိုပါ လွန်မြောက်နိုင်ပါ၏၊
ဤသို့သော ရဟန္တာပုဂ္ဂိုလ်သည် လောကကြီးထဲတွင် ဘာနှင့်မျှ မကပ်ငြို
မတွယ်တာပဲ လွတ်လပ်ကောင်းမွန်ချမ်းသာစွာ နေထိုင်နိုင်ပါသည်ဟူ၍
ဖြစ်သည်။

သမ္မာပရိဗ္ဗာဇနိယသုတ် နှာကြားပြီး မဂ်ဖိုလ်နိဗ္ဗာန်ရသော ပရိသတ်အရေအတွက်

ဤသို့ သမ္မာပရိဗ္ဗာဇနိယသုတ္တန်ကို ကြားနာရပြီးသောအခါ
တရားနာပရိသတ်ထဲမှ ကုဋေတစ်သိန်းသော နတ်ပြဟ္မာတို့
အရဟတ္တဖိုလ်သို့ရောက်ကြလျက် ရဟန္တာဖြစ်သွားကြ၏၊ သောတာပန်,
သကဒါဂါမ်, အနာဂါမ်, အရိယာ ဖြစ်သွားကြသော နတ်ပြဟ္မာတို့ကား
မရေတွက်နိုင်အောင်ပင် များလှကုန်၏၊ ဤနတ်ပြဟ္မာတို့ကား ကုသိုလ်
ပါရမီထူးရှိ သူများဖြစ်ကြ၍ မဂ်,ဖိုလ်,နိဗ္ဗာန်တရားထူး တရားမြတ်ကို
ရရှိသွားကြခြင်းဖြစ်ပေသည်။

(လင်္ကာ)

ဘုရားဗုဒ္ဓ၊ ဟောသမျှ၊ မုချဇကန် မှန်ပေသည်။
ဟောတိုင်းကျင့်ကာ၊ နေသူဟာ၊
ကောင်းစွာယဉ်ကျေးနေပေသည်။
ယောဂလေးအင်၊ သံယောဇဉ်၊
ကင်းစင်လုံးဝ လွတ်မြောက်သည်။
သို့ဖြစ်သူဟာ၊ လော်ကမှာ၊
ကောင်းစွာကျင့်သုံးနေရသည်။

သမ္မာပရိဗ္ဗာဇနိယသုတ် ပါဠိတော်မှတ်ဖွယ် ပြီး၏။

http://www.dhammadownload.com

၃-ပုရာဘေဒသုတ် ပါဠိတော် မှတ်ပုံတင်

စကြဝဠာကမ္ဘာပေါင်း တစ်သောင်းတို့မှ လာရောက်ကြ ကုန်သော များစွာသော နတ်ပြဟ္မာတို့၏ ပေါင်းစု စုဝေးရာဖြစ်၍ မဟာသမယ-စကြဝဠာကမ္ဘာ အစည်းအဝေးကြီး၌ သဘာပတိ ဖြစ်တော်မူသည့် မြတ်စွာဘုရားသည် ရာဂအဖြစ်များသော နတ်ပြဟ္မာ တို့အား သင့်လျော်သော ဒေသနာတော်အားဖြင့် တရား ဟောခြင်းငှါ နိမိတ်ရုပ်ပွားဘုရားက အမေး+ကိုယ်တော်မြတ်ကဖြေလျက် သမ္မာ ပရိဗ္ဗာဇနီယသုတ်ကို ဟောတော်မူခဲ့လေသည်။

ယင်း စကြဝဠာကမ္ဘာအစည်းအဝေးကြီး၌ပင် ဉာဏ်ပညာ ကြီးမားထက်မြက်သော နတ်ပြဟ္မာတို့က "ခန္ဓာကိုယ် မသေခင် ကြိုတင်၍ ဘာကိုပြုလုပ်သင့်သနည်း ကျင့်ထိုက်သနည်း" ဟု စဉ်းစား ဆင်ခြင်ကြ၏။ မြတ်စွာဘုရားရှင်သည် ထိုဉာဏ်ပညာထက်မြက်သော နတ်ပြဟ္မာတို့၏ စိတ်အကြံကို သိမြင်တော်မူ၍ ထိုနတ်ပြဟ္မာတို့ကို ချီးမြှောက်ခြင်းငှါ ဤ "ပုရာဘေဒ" သုတ်ကို ဟောတော်မူသည်။

http://www.dhammadownload.com

၁။ ကထံ ဒဿီ – ဂါထာ

(၁) ကထံဒဿီ ကထံသီလော၊ ဥပသန္တောတိ ဝုစ္စတိ။
တံ မေ ဂေါတမ ပဗြူဟိ၊ ပုစ္ဆိတော ဥတ္တမံ နရံ။

(၁) ဂေါတမနွယ်ဖွား မြတ်စွာဘုရား အာဘယ်သို့သော ဉာဏ် အမြင်ရှိသူနှင့် အာဘယ်သို့သော သီလရှိသူကို (ကိလေသာတို့မှ) ငြိမ်းပြီးသောသူဟူ၍ ခေါ်ဆိုအပ်ပါသနည်း၊ အမေးခံရသော မြတ်သော ပုဂ္ဂိုလ်ဖြစ်တော်မူသော အသျှင်ဘုရားသည် ထိုအမေးကို နိမ္မိတရုပ်ပွားဖြစ်သော အကျွန်ုပ်အား ဟောကြားတော်မူပါလော့။ ဤသို့လျှင် နိမ္မိတရုပ်ပွား ဘုရားက မေးလျှောက်လေ၏။

ခန္ဓာကိုယ်မပျက်စီးခင် မသေမီ ကြိုတင်၍ ကျင့်ရမည့် တရားသားတွေကို ဟောထားသည်ဖြစ်၍ "ပုရာဘေဒ" သုတ်ဟုခေါ် သည်။ ထိုသုတ်တွင် ဂါထာပေါင်း (၁၄)ဂါထာ ပါရှိပြီး ပထမဆုံး ဂါထာမှာ နိမ္မိတ ရုပ်ပွားဘုရားက မေးမြန်းသောဂါထာဖြစ်၍ ကျန်(၁၃) ဂါထာတို့မှာ ပကတိဘုရားရှင်က ဖြေကြားဟောပြသော ဂါထာတို့ ဖြစ်သည်။ ဤပုရာဘေဒသုတ်ကိုလည်း သမ္မာပရိဗ္ဗာဇနီယသုတ်ကဲ့ သို့ပင် ဘုရားရှင်(၂)ဆူတို့က အမေး + အဖြေ ပြုလျက် ဟောကြား တော်မူကြ၏။

ကျင့်ကြံရမည့် သိက္ခာ(၃)ပါး

ကထံဒဿီ ကထံသီလော အစချီသော ပဌမဂါထာမှာ နိမ္မိတရုပ်ပွားဘုရားက ပကတိဘုရားရှင်ကို မေးမြန်းသော ပုစ္ဆာဂါထာ ဖြစ်သည်။ ထိုပုစ္ဆာဂါထာ၌ပါသော, ကျင့်ကြံရမည့်သိက္ခာ (၃)ပါး ဟူသော်ကား-

၁။ အဓိ သီလ သိက္ခာ-မွန်မြတ်သော ပါတိမောက္ခ သံဝရသီလ - ရဟန်းသီလကိုကျင့်သုံးခြင်း၊

http://www.dhammadownload.com

၂။ အဓိ စိတ္တ သိက္ခာ-မွန်မြတ်သော လောကီစျာန်စိတ် သမာပတ်ရ အောင် ကျင့်သုံးခြင်း၊

၃။ အဓိ ပညာ သိက္ခာ-မွန်မြတ်သော မဂ်ဖိုလ်ပညာကို ရအောင် ကျင့်သုံးခြင်းတို့ဖြစ်၏။ (ဝိ၊ ၄ ၊ ၁ ၊ ၁၈)

ပုစ္ဆာဂါထာတွင် ကထံဒဿီပါဠ်ဖြင့် အဓိပညာသိက္ခာကို မေးသည်။ ကထံသီလော ပါဠ်ဖြင့် အဓိသီလ သိက္ခာကိုမေးသည်။ ဥပသန္တောပါဠ်ဖြင့် အဓိစိတ္တသိက္ခာကို မေးမြန်းလေသည်။ ဤပုစ္ဆာဂါထာဖြင့် နိမ္မိတရုပ်ပွားဘုရားက ဘယ်လိုသီလအကျင့်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ် - ဘယ်လိုအသိအမြင်ရှိတဲ့ပုဂ္ဂိုလ်ကို ငြိမ်းအေးသော ပုဂ္ဂိုလ်ဟု ဆိုရမလဲ - ဟူ၍ မေးမြန်းခြင်းဖြစ်သည်။

(လက်ာ) ဘယ်သို့သိမြင်၊ လေကျင့်လျှင်၊
မည်တွင်သန္တခေါ်သနည်း။

❀ ❀ ❀ ❀ ❀

၂။ ဝိတတဏှာ – ဂါထာ

(၂) ဝိတတဏှာ ပုရာ ဘေဒါ၊ (ဣတိ ဘဂဝါ၊)
ပုဗ္ဗမန္တံ' မနိသိတော။
ဝေမလ္လေ နုပသခ်ေယျာ၊ တသာ နတ္ထိ ပုရက္ခတံ။

(၂) (ပကတိမြတ်စွာဘုရားရှင်သည် ဤသို့ ဖြေဆိုမိန့်. ကြားတော်မူ၏) နိမ္မိတရုပ်ပွားပေါ်တော်မူဘုရား၊

အကြင်ပုဂ္ဂိုလ်သည် ခန္ဓာအိမ်ဟောင်းကြွေ သေသည်မှ ရှေးဦးစွာ (ဝါ) မသေခင် ကိုယ်ခန္ဓာ မဟောင်းမီ တပ်မက်မှု 'တဏှာ' ကင်းသည် ဖြစ်၏၊ ရှေးအတိတ်၌ ဖြစ်ခဲ့သော ခန္ဓာငါးပါး အဘို့အစုကို တဏှာ ဒိဋ္ဌိဖြင့် မမှီသည် ဖြစ်၏၊ အလယ်ပိုင်းဖြစ်သော (ပစ္စုပ္ပန်)ကာလ

http://www.dhammadownload.com

ခန္ဓာငါးပါး တရားအစုဌ် တပ်မက်သူစသည်ဖြင့် မခေါ်ဝေါ်အပ်၊ မရေတွက်အပ်သည်ဖြစ်၏၊ ထိုရဟန္တာပုဂ္ဂိုလ်အား အနာဂတ်ကာလ၌ (တဏှာဒိဋ္ဌိဟူသော)ရှေ့ရှုပြု၍ တောင့်တခြင်းသည်မရှိ (ထိုပုဂ္ဂိုလ်ကို ငြိမ်းအေးပြီးသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏)

ဝိတတဏှာ ပုရာဘေဒါ - စသော (၁၃)ဂါထာတို့မှာ ပကတိဘုရားရှင်က ဖြေကြားဟောပြသော ဂါထာတို့ဖြစ်ကြ၏။ ပကတိဘုရားရှင်က တိုက်ရိုက်အားဖြင့် အဓိပညာသိက္ခာစသည်တို့ကို မဖြေဆိုပဲ ထိုအဓိပညာသိက္ခာစသော သိက္ခာ (၃)ပါး အကျင့်တရား၏ အစွမ်းသတ္တိကြောင့် ကိလေသာအပူတို့၏ ငြိမ်းအေးမှုဖြစ်ရ၏။ တရားနာပရိသတ်ဖြစ် ကြသော ဉာဏ်ပညာထက်မြတ်သူ နတ်ဗြဟ္မာတို့ကလည်း ကိလေသာအပူငြိမ်းအေးမှုကို သိချင်နေကြ၏။ ထိုနတ်ဗြဟ္မာတို့၏အလိုဆန္ဒ အားလျော်စွာ ဥပသန္တ ငြိမ်းအေးသော ပုဂ္ဂိုလ်ဖြစ်ကြောင်း တရားကောင်းတို့ကို ဖြေကြားတော်မူလေသည်။

ဝိတတဏှာ ပုရာဘေဒါ စသော ဂါထာမှ ယဿ နိဿယနာ နတ္ထိ - တိုင်အောင် အောင်သော (၈)ဂါထာတို့၏ အဓိပ္ပာယ်ကို (၉)ခုမြောက်ဂါထာမှ "တံ ဗြူမိ ဥပသန္တောတိ" ပါဒနှင့်တွဲစပ်၍ ယူရသည်။ ထို့ကြောင့် ဂါထာတစ်ပုဒ် တစ်ပုဒ်ဆုံးတိုင်း။ တံ၊ ထိုဆိုခဲ့ပြီးသော ကျင့်စဉ်ရှိသော ရဟန္တာပုဂ္ဂိုလ်ကို ဥပသန္တောတိ၊ ကိလေသာအပူမှ ငြိမ်းအေးပြီးသော ပုဂ္ဂိုလ်ဟူ၍။ ဗြူမိ၊ ငါဘုရားမိန့် ဆို၏။ ဟူ၍ ထည့်ပေးရ သည်။

ဝိတတဏှာ ပုရာဘေဒါ-ဌ္ဌ မှတ်ဖွယ်
မသေခင် တဏှာကင်းအောင် သိက္ခာ(၃)ပါးကျင့်နည်း

မသေခင်မှာ တဏှာကင်းရမယ်၊ တဏှာကင်းစင်တဲ့တရားကို ကိုယ်တိုင်တွေ့ရမည်၊ သိရမည်၊ တဏှာ ကင်းလျှင် ကိလေသာ

http://www.dhammadownload.com

အပူဟူသမျှ ငြိမ်း၏။ ရဟန္တာဖြစ်၏။ ရဟန္တာဖြစ်လျှင် ဆင်းရဲဒုက္ခဟူသမျှလည်း ငြိမ်းတော့သည်သာဟု ဆိုလိုသည်။ မသေခင် တဏှာကင်းအောင် ကျင့်ရမည့်ကျင့်စဉ်မှာ သီလသိက္ခာ - သမာဓိ သိက္ခာ - ပညာသိက္ခာ ဟူသော သိက္ခာ(၃)ပါးကို ကျင့်ရမည်။ သီလသိက္ခာဖြင့် ကာယကံ၊ ဝစီကံမြောက် လွန်ကျူးသော ဝီတိက္ကမကိလေသာတဏှာကို ငြိမ်းစေနိုင်၏၊ ဥပစာရသမာဓိ အပ္ပနာသမာဓိ- ဝိပဿနာခဏိကသမာဓိ ဟုဆိုအပ်သော သမာဓိသိက္ခာဖြင့် စိတ်သန္တာန်တွင် ဥပါဒ်-ဌီဘင် အနေဖြင့် ထက်ြဖစ်ပေါ်လာသော စိတ်ကူးကိလေသာဟုဆိုအပ်သည့် ပရိယုဋ္ဌာနကိလေသာ တဏှာကို တားဆီးနိုင်၏။ မဂ်ပညာဟု ဆိုအပ်သော ပညာသိက္ခာဖြင့်ကား အကြောင်းညီညွတ်လျှင်ဖြစ်ပေါ်လာနိုင်သော အနုသယ ကိလေသာတဏှာကို ငြိမ်းအေးစေနိုင်သည်။ ဤသို့အားဖြင့် သိက္ခာ (၃)ပါးကို ကျင့်ကြလျှင် ကိလေသာတဏှာ (၃)မျိုး ကင်းသွားပြီး ကိလေသာအပူမျှားလည်း ငြိမ်းအေးသွားတော့၏။

ပုဗ္ဗမန္တ မနိသိတော စသည်၌ မှတ်ဖွယ်
မသေခင် တဏှာစင်အောင် ကျင့်ပုံ

ဝီတတဏှာ ပုရာဘေဒါ - မသေခင် တဏှာကင်းစင်အောင် ကျင့်ရမည်ဟူသော စကားအရ - တဏှာ ကင်းစင်အောင် ဘယ်သို့ ဘယ်ပုံ ဘယ်လိုကျင့်ရမည်ဆိုသည်ကို ပုဗ္ဗမန္တမနိသိတော - စသော နောက် (၃)ပါဒဖြင့် ဟောပြတော်မူသည်။ နောက် (၃)ပါဒလာ ကျင့်စဉ်မှာ တဏှာကင်းအောင်

၁။ ပုဗ္ဗမန္တမနိသိတော - ပါဠ်အရ ရှေးအတိတ်ကာလ၌ ဖြစ်ခဲ့ဖူးသော ခန္ဓာငါးပါး ရုပ်နာမ်တရား အဘို့ အစုကို တဏှာဒိဋ္ဌိဖြင့် မမှီ မတွယ်အောင် ကျင့် ရမည်။

http://www.dhammadownload.com

၂။ ဝေမဇ္ဈေ နုပသခေ်ယျော ပါဌ်အရ အလယ်ပိုင်းဖြစ်သော ပစ္စုပ္ပန်ကာလ ခန္ဓာငါးပါးရုပ်နာမ် တရားအစု၌လည်း တပ်မက်သူ စိတ်ဆိုးသူ စသည့် အပြောခံရမည့်အရေအတွက်စာရင်း သို့မဝင်အောင် ကျင့်ရမည်။

၃။ တဿနတ္ထိ ပုရက္ခတံ ပါဌ်အရ အနာဂတ်ကာလနောက် အဖို့ကိုလည်း တဏ္ဍာဒိဋ္ဌိတို့ဖြင့် မမျှော်မိ မတောင့်တမိအောင်ကျင့် ရမည်။ ဤကျင့်စဉ် (၃)မျိုးကိုကျင့်လျှင် မသေခင်မှာပင်တဏ္ဍာကင်း စင်ပြီး ငြိမ်းအေးသောပုဂ္ဂိုလ်ဖြစ်ရသည်ဟု ဆိုလိုသည်။

ပုရက္ခတံပါဌ်၌ အရှင်သာရိပုတ္တရာ အကျယ်ဟောသော မဟာနိဒ္ဒေသပါဠိတော်တွင် ပုရေက္ခာရ - ရှေးသွား ပြုတရားတို့ကို (၁) တဏ္ဍာပုရေက္ခာရ (၂) ဒိဋ္ဌိ ပုရေက္ခာရ အားဖြင့် (၂) ပါးထုတ်ပြထားသည်။ *(မဟာနိဒ္ဒေသ - ၁၆၄)*

(လင်္ကာ) မသေဟျက်ခင်၊ တဏ္ဍာစင်၍၊ ရှေးတွင်မမှီ၊ နောက်ဆီမမျှော်၊
မခေါ်ဝေါ်ရ၊ လယ်ဌာန၊ သန္တပုဂ္ဂိုလ်မည်။

၃။ အက္ကောဓနော – ဂါထာ

(၃) အက္ကောဓနော အသန္တာသီ၊ အဝိကတ္ထီ အကုက္ကုစော။
မန္တဘာဏီ အနုဒ္ဓတော၊ သ ဝေ ဝါစာယတော မုနိ။

(၃) (အကြင်ပုဂ္ဂိုလ်သည်) အာဃာဝတ္ထု (၁၀)ပါးတို့ကြောင့် အမျက်ဒေါသ ထွက်လေ့မရှိသည်လည်းဖြစ်၏၊ ထိတ်လန့်ခြင်း ပူပန်စိုးရိမ်ခြင်း မရှိသည်လည်း ဖြစ်၏၊ သီလရှိသူစသည်ဖြင့် ကြွားဝါခြင်းမရှိသည်လည်းဖြစ်၏၊ စက်ဆုပ်ဖွယ်ရာ မကောင်းသော

http://www.dhammadownload.com

ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူအရာ ကုက္ကုစ္စ မရှိသည်လည်းဖြစ်၏၊ အမြော်အမြင်ဉာဏ်ပညာဖြင့် ချင့်ချိန်ပြောဆိုလေ့ ရှိသည်လည်းဖြစ်၏၊ စိတ်ပျံ့လွင့်ခြင်းမရှိသည်လည်းဖြစ်၏၊ ထိုကဲ့သို့သော ရဟန်းသည် နှုတ်စောင့်စည်းသော ပုဂ္ဂိုလ်ဖြစ်၏၊ (ထိုပုဂ္ဂိုလ်ကို ကိလေသာတို့မှ ငြိမ်းအေးပြီးသောပုဂ္ဂိုလ်ဟူ၍ ငါဘုရား မိန့်ဆို၏)။

ဝိတတဏှာ ပုရာဘေဒါ စသော အဖြေပြ ပထမဂါထာဖြင့်ပင် တဏှာကင်းစင်သူ တဏှာဒိဋ္ဌိတို့ဖြင့် ရွေးအာတိတ်ကိုလည်း မမှီ၊ နောင်အနာဂတ်ကိုလည်း မမျှော်လင့် မတောင့်တ၊ အလယ်ပိုင်း ပစ္စုပ္ပန်အချိန် ကာလမှာလည်း ကိလေသာရှိသူဟု မခေါ်ထိုက်သူ ဆိုလျှင် ရဟန္တာဖြစ်နေပါပြီ၊ ရဟန္တာဖြစ်ပြီးနောက်မှာ ကျင့်စရာ မလိုတော့ချေ။ ထို့ကြောင့် အဖြေပြပထမဂါထာဖြင့်ပင် ငြိမ်းအေးသူဟု ခေါ်ထိုက်ကြောင်းတရား တို့မှာ ပြည့်စုံနေပြီးဖြစ်သည်။ ဤဂါထာကို ကြားနာရပြီး တချို့နတ်ပြဟ္မာတို့ မဂ်ဖိုလ်နိဗ္ဗာန်ရသွားကြ၏။ သို့သော် တချို့ နတ်ပြဟ္မာတို့မှာ ဤမျှ (ပထမဂါထာ)လောက်ဖြင့် နားလည်ကြမှာ မဟုတ်သေး။ သို့ဖြစ်၍ ပကတိဘုရားရှင်သည် အသေးစိတ်အနေဖြင့် ဆက်လက်ပြီး ရှင်းလင်းဟောပြရန် အင်္ကောဓနော စသော ဂါထာတို့ကို မိန့်တော်မူရ၏။

အင်္ကောဓနောပါဠ် ၌ စိတ်ဆိုးအမျက်ထွက်ခြင်း ရုန်ပြီးဖွဲ့ကြောင်း အာယာတဝတ္ထု (၁၀)ပါး

(က) ဤသူသည် ငါ၏အကျိုးမဲ့ကို ရွေးကလည်း ပြုကျင့်ခဲ့ဘူးပြီး၊ ယခုလည်းပြုကျင့်ဆဲ၊ နောင်လည်း ပြု ကျင့်လတ္တံ့. ဟူ၍ မိမိနှင့်စပ်၍ - (၃)ပါး

(ခ) ဤသူသည် ငါ့ချစ်သူ၏အကျိုးမဲ့ကို ရွေးကလည်း ပြုကျင့်ခဲ့ဘူးပြီး၊ ယခုလည်းပြုကျင့်ဆဲ၊ နောင်လည်း ပြုကျင့်လတ္တံ့. ဟူ၍ မိမိချစ်သူနှင့်စပ်၍ - (၃)ပါး။

http://www.dhammadownload.com

(ဂ) ဤသူသည် ငါမုန်းသူ ရန်သူ၏ အကျိုးစီးပွားကို ရှေးကလည်း ပြုကျင့်ခဲ့ဘူးပြီး၊ ယခုလည်းပြုကျင့်ဆဲ၊ နောင်လည်း ပြုကျင့်လတ္တံ့. ဟူ၍ ရန်သူနှင့်စပ်၍ - (၃)ပါး

(ဃ) နေပူခြင်း မိုးရွာခြင်းစသော စိတ်မဆိုးသင့်သည့် အရာဌာန၌ ရန်ငြိုးဖွဲ့. စိတ်ဆိုးခြင်း - အဌာနကောပ (၁)ပါးအား ဖြင့် (၁၀)ပါးဖြစ်သည်။ (မဟာနိဒ္ဒေသ ၊ ၁၆၅)

(ဆူးခါးဆရာတော်ကြီး၏ စိတ်ဆိုးမှု ကောဓ-ဒေါသပယ်နည်းကို စစ်ကိုင်းဆရာတော်ကြီး၏ နိဿယ၌ရှုပါ)

အကုတ္တုစ္စော - ၌ - စိုးရိမ်ပူပန်ခြင်း ကုတ္တုစ္စ - ၃ မျိုး

အကုတ္တုစ္စော၌ ကုတ္တုစ္စ - ဟူသည် မကောင်း သော အမှုအယာပြုမှု၊ စက်ဆုပ်ဖွယ်ကောင်းသော အပြုအမူကို ခေါ်သည်။ ထိုကုတ္တုစ္စသည် (၃)မျိုးရှိ၏။ (၃)မျိုးတို့ကား -

၁။ အသံယတကုတ္တုစ္စ - လက်ခြေစသည် မစောင့်စည်းမှု

၂။ ဝိနယကုတ္တုစ္စ - ဝိနည်းနှင့်စပ်၍ အပ် - မအပ် သံသယဖြစ်မှု

၃။ ဝိပ္ပဋိသာရကုတ္တုစ္စ - စိုးရိမ် ပူပန်နောင်တရခြင်း ကုတ္တုစ္စ စေတသိက်တို့ ဖြစ်ကြ၏။ ဤအကုတ္တုစ္စော ပါဠိ၌ ရဟန္တာ ပုဂ္ဂိုလ်သည် ယင်းကုတ္တုစ္စ (၃)မျိုးစလုံး မရှိသူကင်းသူဖြစ်၍ ငြိမ်းအေးသော ဥပသန္တပုဂ္ဂိုလ်ပင်ဖြစ်သည်။

ဝိပ္ပဋိသာရ ကုတ္တုစ္စ ဖြစ်ခြင်းအကြောင်း (၂)ပါးတို့ကား-

၁။ ငါသည် မပြုထိုက်သော ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်တို့ကို ပြုခဲ့မိပြီ - ဟု စိတ်နှလုံး မသာမယာဖြစ်ခြင်း

၂။ ငါသည် ပြုသင့်ပြုထိုက်သော ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက် တို့ကိုမူ မပြုလိုက်မိချေ ဟူ၍ စိတ်နှလုံး မသာမယာဖြစ်ခြင်းတို့တည်း။ (မဟာနိဒ္ဒေယ - ၁၆၇)

http://www.dhammadownload.com

ဝါစာယတော - ပါဠိနှစ် မှတ်ဖွယ်

လိမ်ညာစကား မုသာဝါဒ ကုန်းချောစကား ပိသုဏဝါစာ, ကြမ်းတမ်းစကား ဖရုသဝါစာ, အပြိန် အဖျင်းအနှစ်ကင်းစကား သမ္ဖပ္ပလာပတို့ကို မပြောကြားဘဲ ဝစီသုစရိုက်တရား (၄)ပါးတို့နှင့် ပြည့်စုံလျက် ယင်းဒုစရိုက်စကား အပြစ် (၄)ပါးမှ ကင်းသောစကားကို ပြောဆိုသူသည် ဝါစာယတ - နှုတ်စောင့်စည်းသူ မည်၏။

ထို့အပြင် မဂ်ဖိုလ်မှ ဖိလာဖြစ်သော တိရစ္ဆာနကထာစကား (၃၂)ပါးကို မပြောကြားဘဲ ပယ်ရှား၍ ကထာဝတ္ထုစကား (၁၀)ပါးတို့ကို ပြောဆိုသူသည်လည်း ဝါစာယတ - နှုတ်စောင့်စည်းသူပင်ဖြစ်သည်။

ကထာဝတ္ထု တရားစကား (၁၀)ပါး ဟူသော်ကား

၁။ အပိစ္ဆကထာ - အလိုနည်းမှုနှင့်စပ်ပြီး အားပေးသောစကား၊

၂။ သန္တုဋ္ဌိကထာ-ရောင့်ရဲ တင်းတိမ်လွယ်ခြင်း နှင့်စပ်ပြီး အားပေးသော စကား။

၃။ပဝိဝေက ကထာ - တပါးတည်း ဆိတ်ဆိတ်ငြိမ်ငြိမ်နေခြင်း နှင့် ကိလေသာ ကင်းအောင် တရားအားထုတ်နေခြင်းနှင့် စပ်ပြီး အားပေးသော စကား၊

၄။ အသံသဂ္ဂကထာ - တပည့်ဒကာဒကာမတို့၌ အတွယ်အတာမရှိဘဲ ကင်းရှင်းစွာနေထိုင်မှုနှင့်စပ်ပြီး အားပေးသော စကား၊

၅။ ဝီရိယာရမ္ဘကထာ - မဆုတ်မနစ် အားထုတ်ခြင်းနှင့်စပ်ပြီး- အားပေးသော စကား၊

၆။ သီလကထာ - သီလနှင့်စပ်ပြီး အားပေးသောစကား၊

၇။ သမာဓိကထာ - သမာဓိနှင့်စပ်ပြီး အားပေးသောစကား၊

၈။ ပညာကထာ - ပညာနှင့်စပ်ပြီး အားပေးသောစကား၊

၉။ ဝိမုတ္တိကထာ - ဝိမုတ္တိဖိုလ်နှင့်စပ်ပြီး အားပေးသောစကား၊

၁၀။ ဝိမုတ္တိဉာဏ ဒဿနကထာ - ပစ္စဝေက္ခဏာဉာဏ်နှင့်စပ်ပြီး- အားပေးသော စကားတို့ဖြစ်ကြ၏။

http://www.dhammadownload.com

ဝါစာယတောပါဌ်၌ ယင်းကဲ့သို့သော ဝစီသုစရိုက်စကား (၄)မျိုး ကထာဝတ္ထုတရားစကား (၁၀)မျိုး တို့ကို ပြောကြားရန် ရှေ့မှ မန္တဘာဏီ ပါဌ်က အမြော်အမြင် ဉာဏ်ပညာဖြင့် ဆင်ခြင်ချင့်ချိန်၍ ပြောဆိုရမည်ကို ဖော်ပြသည်။

အက္ကောဓနော အသန္တာသီ စသော ဤဂါထာဖြင့် ကိလေသာတို့မှ ငြိမ်းအေးပြီးသော ရဟန္တာပုဂ္ဂိုလ်၏-

၁။ အမျက်မထွက် စိတ်ဆိုးခြင်း

၂။ အလိုရှိသည့်အာရုံတို့နှင့် မပြည့်စုံ၍ စိတ်အားငယ်ပြီး မပူပန် မစိုးရိမ်ခြင်း

၃။ စကားပြောဆိုသည့်အခါ မကြွားဝါခြင်း

၄။ စက်ဆုပ်ဖွယ်စိတ်နှလုံး ပူပန်မှု ကုက္ကုစ္စကင်းခြင်း

၅။ ပြောစရာရှိသည့်အခါ ချင့်ချိန်ပြီး ပြောသင့်ပြောထိုက်သော စကားကိုသာ ပြောဆိုခြင်း

၆။ မပျံ့.လွင့်ဘဲ သမာဓိရှိရှိ စိတ်တည်ငြိမ်စွာနေခြင်း ဟူသော ဂုဏ် (၆)ပါးကိုဖော်ပြသည်။

(လက်ာ) အမျက်မပွား၊ မပူငြားနှင့်၊
မကြွားဝါခြင်း၊ ကုက္ကုစ်ကင်း၍
ဆိုလျှင်းချိန်ချင့်၊ မပျံ့လွင့်၊
ခြောက်ဆင့်သူဂုဏ်ရည်။

http://www.dhammadownload.com

၄။ နိဂ္ဂာသတ္တိ - ဂါထာ

(၄) နိဂ္ဂာသတ္တိ အနာဂတေ၊ အတိတ် နာနုသောစတိ။
ဝိဝေကဒဿီ ဖဿေသု၊ ဒိဋ္ဌိသု စ နနိယတိ။

(၄) (အကြင်ပုဂ္ဂိုလ်သည်) မရောက်သေးသော အနာဂတ်ကာလ၌ မည်သို့ဖြစ်ပုံ ဖြစ်ပါစေဟု မြော်လင့်တောင့်တ ကပ်ငြိမှု 'တဏှာ' မရှိသည်ဖြစ်၏၊ လွန်ခဲ့ပြီးသော အတိတ် သက်ရှိသက်မဲ့ အရာဝတ္ထုကို ပြန်၍ မစိုးရိမ် မပူဆွေးခြေ၊ ပစ္စုပ္ပန် စက္ခုသမ္ဖဿစသည် အတွေ့. ဟူသမျှတို့၌ နိစ္စ, သုခ, သုဘ, အတ္တမှ ကင်းဆိတ်ခြင်း အချင်းချင်းမှ ကင်းဆိတ်ခြင်းကို ရှုမြင်လေ့ရှိသည်ဖြစ်၏၊ ခြောက်ဆယ့် နှစ်ပါးသော မှားယွင်းသော အယူဒိဋ္ဌိတို့၌လည်း အဆောင်ယူမခံရ၊ (ထိုပုဂ္ဂိုလ်ကို ကိလေသာတို့မှ ငြိမ်းအေးပြီးသောပုဂ္ဂိုလ်ဟူ၍ ငါဘုရားမိန့်ဆို၏)။

နိဂ္ဂာသတ္တိ အနာဂတေ - စသော ဤဂါထာဖြင့် -

၁။ အနာဂတ်နောင်ရေးနှင့်စပ်ပြီး တဏှာဖြင့် မည်သို့မည်ပုံ ဖြစ်ပါစေဟု မမျှော်လင့် မတောင့်တခြင်း

၂။ ဖြစ်ပြီး ဆုံးရှုံးပြီးသော အတိတ် အကြောင်းအရာတို့ကို မပူဆွေး မတောင့်တခြင်း

၃။ ပစ္စုပ္ပန်ကာလ မြင်တွေ့မှု ကြားတွေ့မှု စသော အတွေ့.ဖဿ ဟူသမျှ၌ နိစ္စ - သုခ - သုဘ - အတ္တမှကင်း ဆိတ်ခြင်း၊ အချင်းချင်းမှ ကင်းဆိတ်ခြင်းကို ခွဲခြား၍ သိမြင်ခြင်း

၄။ မှားယွင်းသော မိစ္ဆာဒိဋ္ဌိအယူဝါဒ (၆၂)မျိုးတို့၌ ဆွဲဆောင်မခံရခြင်းဟူသော ဤဂုဏ်အင်္ဂါ (၄)ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ဥပသန္တ - ကိလေသာတို့မှ ငြိမ်းအေးပြီးသော ပုဂ္ဂိုလ်ဟူ၍ အသိအမှတ်ပြုရသည် ဟုပြဆိုသည်။

http://www.dhammadownload.com

၅။ ပတိလီနော-ဂါထာ

(၅) ပတိလီနော အကုဟကော၊ အပိဟာလု အမစ္ဆရီ။
အပ္ပဂဗ္ဘော အလေဂုဏ္ဌော၊ ပေသုဏေယျေ စ နော ယုတော။

(၅) (အကြင်ပုဂ္ဂိုလ်သည်) ရာဂဒေါသစသည် အကုသိုလ်တို့မှ တွန့်ဆုတ်၏၊ ကင်း၏၊ အံ့ဩဖွယ် ဟန်ဆောင်ဖွယ် (၃)မျိုးကို မပြုတတ်၊ တောင့်တသာယာမှု တပ်မက်မှု'တဏှာ'မရှိ၊ ကျောင်းကန် စသည်၌ ဝန်တိုမှု မစ္ဆရိယ (၅)မျိုးမှကင်း၏၊ ကိုယ်အမူအရာ စသည့် ကြမ်းတမ်းမှု (၃)မျိုးမှ ကင်း၏၊ ကိုယ်ကျင့်သီလကောင်းခြင်းကြောင့် စက်ဆုပ်ဖွယ် မရှိ၊ ချောပစ် ဂုံးတိုက်စကားပြောကြားမှုဌ်လည်း မယှဉ်၊ (ထိုပုဂ္ဂိုလ်ကို ကိလေသာတို့မှ ငြိမ်းအေးပြီးသောပုဂ္ဂိုလ်ဟူ၍ ငါဘုရား မိန့်ဆို၏)။

အကုဟကောပါဠိဌ် တဖက်သား အထင်ကြီးအောင် ဟန်ဆောင်မှု (၃) မျိုး

တဖက်သားအထင်ကြီးအောင်ဟန်ဆောင်ပြသူ ဟန်ဆောင်မှု ပြုသူသည် ကုဟကပုဂ္ဂိုလ်မည်၏။ ထိုဟန်ဆောင်မှုသည် (၃)မျိုးရှိ၏ (၃)မျိုးတို့ကား-

၁။ ပစ္စယပဋိသေဝန-သက်နှံးဆွမ်းစသော ပစ္စည်းသုံးဆောင် မှုနှင့် စပ်ပြီး ဟန်ဆောင်မှုပြုခြင်း၊ပြုခြင်း။

၂။ ဣရိယာပထ-လျှောင်းထိုင်သော ဣရိယာပုတ်အမှု အရာနှင့်စပ်ပြီး ဟန်ဆောင်မှုပြုခြင်း၊ပြုခြင်း။

၃။ သာမန္တဇပ္ပန-တရားထူး ဘွဲ့ထူး ဂုဏ်ထူးနှင့်စပ်ပြီး ဟန်ဆောင်မှုပြုခြင်း ဟန်ဆောင်ပြခြင်းတို့ဖြစ်သည်။ ရဟန္တာပုဂ္ဂိုလ်သည် အကုဟကောပါဠိအရ ထိုဟန်ဆောင်မှုပြုခြင်း ဟန်ဆောင်မှုပြုခြင်း(၃) မျိုးတို့မှကင်းတော်မူ၏။

http://www.dhammadownload.com

အမစ္ဆရီ ပါဠိ၌နှမြောဝန်တိုမှု မစ္ဆရိယ (၅)မျိုးမှာ ရှေ့ဆိုခဲ့ပြီးသော သမ္မာပရိဗ္ဗာဇနီယသသုတ် ဂါထာ နံပါတ် (၄)ကဒရိယံပုဒ်၌ လာသည့်အတိုင်း ၁။ အာဝါသမစ္ဆရိယ ၂။ ကုလမစ္ဆရိယ ၃။ လာဘမစ္ဆရိယ ၄။ ဓမ္မမစ္ဆရိယ ၅။ ဝဏ္ဏမစ္ဆရိယတို့ဖြစ်သည်။ ရဟန္တပုဂ္ဂိုလ်သည် အမစ္ဆရီပါဠိအရ ယင်းနှမြောဝန်တို့မှုမစ္ဆရိယ (၅)မျိုးစလုံးကို ပယ်သတ်ပြီးဖြစ်၍ ဝန်တိုမှုမစ္ဆရိယတို့မှ ကင်းပြီးသူ ဖြစ်၏။

အပွဂဗ္ဘော-ပုဒ်၌ ကြမ်းတမ်းခြင်း ပါဂဗ္ဘိယ (၃)မျိုး

အမူအယာအသွင်အပြင်အားဖြင့် ကြမ်းတမ်းခက်မာခြင်း ရိုင်းစိုင်းခြင်းကို ပါဂဗ္ဘ-ဟုခေါ်၏၊ ထို ရိုင်းစိုင်း ကြမ်းတမ်း ခြင်းသည် (၃)မျိုးရှိ (၃)မျိုးကား

၁။ ကာယိက ပါဂဗ္ဘိယ-ကိုယ်အမူအရာအားဖြင့် ကြမ်းတမ်း ရိုင်းစိုင်းခြင်း။

၂။ ဝါစသိက ပါဂဗ္ဘိယ-နှုတ်စကားပြောဆိုမှုဖြင့် ကြမ်းတမ်းရိုင်းစိုင်းခြင်း

၃။ စေတသိက ပါဂဗ္ဘိယ -စိတ်ကြံစည်မှုအားဖြင့် ကြမ်းတမ်း ရိုင်းစိုင်း ခြင်းတို့ဖြစ်သည်။

ရဟန္တာအရှင်မြတ်သည် အပွဂဗ္ဘောပါဠိအရ - ကိုယ်နှုတ် စိတ်အားဖြင့် ကြမ်းတမ်းရိုင်းစိုင်းမှုများ မရှိတော့ချေ၊ နူးညံ့သိမ်မွေ့စွာ နေထိုင်ပြောဆိုတော်မူ၏။

အဇေဂုစ္ဆော-ပါဠိ၌ ပုဂ္ဂိုလ် (၂)မျိုး

ကိုယ်ကျင့်သီလ မကောင်းသူ၊ အမျက်ဒေါသကြီးသူ၊ နှမြောစေးနဲဝန်တိုပြီး ဣဿာ မစ္ဆရိယအား ကြီးသူ၊ လှည့်ပတ်မှုမာယာများပြီး ကောက်ကျစ်သူ ကျေးဇူးကိုချေဖျက်တတ်သူ (ကျေးဇူးကန်းသူ) စိတ်ယုတ်ရှိသူတို့မှာ- ပညာရှိ သူတော်ကောင်းတို့ စက်ဆုပ်ကဲ့ရဲ့ အပ်သောကြောင့် ဇေရစ္ဆ - ရွံစရာကောင်သော ပုဂ္ဂိုလ်တို့ဖြစ်ကြ၏။

http://www.dhammadownload.com

ဆိုခဲ့ပြီးသောသူတို့နှင့် ဆန့်ကျင်ဖက်ဖြစ်သော ကိုယ်ကျင့်သိလကောင်းသူ စိတ်မဆိုးတတ်သူ သဒ္ဓါတရား ကောင်းသူစသော သူတို့မှာ ပညာရှိသူတော်ကောင်းတို့ မစက်ဆုတ်အပ် မကဲ့ရဲ့သောကြောင့် အလေ့ဝစ္ဆ-ခိုးမွမ်းစရာ ကောင်းသောပုဂ္ဂိုလ်တို့ဖြစ်ကြ၏။

ပတိဋိနော-စသော ဤကါထာဖြင့်-

၁။ ရာဂဒေါသစသော အကုသိုလ်ကိလေသာတို့မှ တွန့်ဆုတ်အောင်နေရခြင်း။

၂။ သူများအထင်ကြီးအောင် ဟန်ဆောင်မနေရခြင်း။

၃။ လောကီအာရုံကာမဂုဏ်တို့ကို သာယာတောင့်တမှု မရှိရခြင်း။

၄။ နှမြောဝန်တိုမှု မစ္ဆရိယ ကင်းရခြင်း။

၅။ ကိုယ်နှုတ်စိတ်အားဖြင့် ကြွမ်းတမ်းရိုင်းစိုင်းမှု မာန်ထောင်မှု မရှိရခြင်း။

၆။ သီလမစင်ကြယ်မှု အမျက်ဒေါသကြီးမှုစသော စက်ဆုတ် ရွံရှာဖွယ်တို့ကို ပယ်ရှားရခြင်း။

၇။ အချစ်ပျက်ပြား ကုန်းချောစကား မပြောကြားရခြင်းဟူသော ဤဂုဏ်ရည် (၇)ပါးတို့နှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို ဥပသန္တ-ကိလေသာမှငြိမ်းအေးပြီးသောပုဂ္ဂိုလ်ဟုခေါ်ဆိုရသည်ကိုပြသည်။

(လက်ာ) တွန့်ဆုတ်သယောင်၊ ဟန်ဆောင်မပြု၊
မတောင့်တလျှင်း၊ဝန်တိုကင်း၍၊
ကြမ်းခြင်းရွံ့ဖွယ်၊ အလျှင်းပယ်လျက်၊
ချစ်ပြယ်စကား၊ မပြောကြား၊ ခုနှစ်ပါးသူ့ဂုဏ်ရည်။

http://www.dhammadownload.com

၆။ သာတိယေသု-ဂါထာ

(၆) သာတိယေသု အနသာဝီ၊ အတိမာနေ စ နော ယုတော။
သဏော စ ပဋိဘာနဝါ၊ နာ သဒ္ဓါ နာ ဝိရဋ္ဌတိ။

(၆) (အကြင်ပုဂ္ဂိုလ်သည်) သာယာဖွယ် အာရုံ ကာမဂုဏ်ဝတ္ထုတို့၌ ထွက်ကျယိုစီးခြင်းတဏှာ သာယာမှုမရှိ၊ အလွန်ထောင်လွှားလျက် သူတပါးကို အထင်သေးခြင်း၊ မထီမဲ့မြင်ပြုခြင်း၊ အတိမာန၌လည်း မယှဉ်သည်ဖြစ်၏၊ ကာယကံစသည် တို့ဖြင့် နူးညံ့သိမ်မွေ့၏၊ ပရိယတ်, ပဋိပတ်စသော ထင်မြင်လွယ်သော ပဋိဘာန် (ပညာဉာဏ်) (၃)မျိုးလည်းရှိ၏၊ သာသနာ တော်မှတပါး အခြားအယူကို မယုံကြည်၊ (၀၊) ကိုယ်တိုင် ကိုယ်ပိုင် တပ်မက်တွယ်တာခြင်း ကင်းပြီးသူ ဖြစ်၏၊ (ထို ပုဂ္ဂိုလ်ကို ကိလေသာတို့မှ ငြိမ်းပြီးသောပုဂ္ဂိုလ်ဟူ၍ ငါဘုရားမိန့်ဆို၏)။

ပဋိဘာနဝါပုဒ်၌ ပဋိဘာန်ဉာဏ် (၃)မျိုးတို့ကား

၁။ ပရိယတ္တိပဋိဘာန်-ပိဋကသုံးပုံကို သင်ယူပြီးသော ပုဂ္ဂိုလ်၏သင်ယူထားသော ပရိယတ်ကိုမှီ၍ ဖြစ်သောဉာဏ်

၂။ ပရိပုစ္ဆာပဋိဘာန်-ပါဠိပိဋကတ်၏ အဖွင့်အနက် အဓိပ္ပါယ်တို့ကို ဖော်ပြရာ အဋ္ဌကထာကို အဖန်တလဲလဲ သင်ယူမေးမြန်းပြီးသော ပုဂ္ဂိုလ်၏ အဖန်တလဲလဲမေးမြန်းမှုကို မှီ၍ ဖြစ်သောဉာဏ်၊

၃။ အဓိဂမပဋိဘာန်-သတိပဋ္ဌာန်လေးပါးစသော ဗောဓိပက္ခိယတရား (၃၇)ပါး အရိယမဂ်(၄)ပါး-သာမညဖိုလ် (၄)ပါး ပဋိသမ္ဘိဒါ(၄)ပါး အဘိညာဉ် (၆)ပါးတို့ကို ရပြီးသော ရဟန္တာပုဂ္ဂိုလ်၏ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်တို့ ဖြစ်ကြ၏။ ရဟန္တာပုဂ္ဂိုလ်သည် ပဋိဘာနဝါ ပါဠိအရ ထိုပဋိဘာနဉာဏ် (၃)မျိုးရှိသူဖြစ်သည်။

http://www.dhammadownload.com

နသဒ္ဓါ ပုဒ်၌ မှတ်ဖွယ်

နသဒ္ဓါ ပါဠ်၌ တခြားနေရာတို့ကဲ့သို့ "သဒ္ဓါ၊ ယုံကြည်မှု သဒ္ဓါတရားရှိသူသည်။ နဟောတိ၊ မဖြစ်" ဟု တိုက်ရိုက်အဓိပ္ပါယ် ယူဆလျှင် ဥပသန္တ - ငြိမ်းအေးသော ရဟန္တာပုဂ္ဂိုလ်မှာ သဒ္ဓါတရား မရှိဘူးဟု အဓိပ္ပါယ် သက်ရောက်သည်။ ဤနေရာ၌ ယင်းကဲ့သို့ ဆိုလိုသည် မဟုတ်ပေ။ ဝိပဿနာဉာဏ်မဂ်ဖိုလ်နိဗ္ဗာန်တရား တို့ကို ကိုယ်တိုင်ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်သော (ဘာဝနာမယဉာဏ်) အဆင့်သို့ ရောက်ပြီးသောအခါ လူပြောသူပြောမျှဖြင့် ယုံကြည်လက်ခံထားသော သဒ္ဓါတရား မလိုတော့ချေ။ ထိုသို့မလိုသည်ကို ရည်ရွယ်၍ "နသဒ္ဓါ"ဟု ဟောတော် မူခြင်းဖြစ်သည်။

ယုံကြည်တာက သဒ္ဓါဖြစ်ပြီး သိမြင်တာက ဉာဏ်ဖြစ်သည်။ ဤသို့ယုံကြည်သောသဒ္ဓါနဲ့ ကိုယ်တိုင် သိမြင်သော ဉာဏ်ကိုခွဲခြားပြီး ကိုယ်တိုင်မသိမြင်သေးလျှင် သူတပါးပြောသည်ကိုပဲ ယုံရသည်။ ကိုယ်တိုင် သိမြင်နေလျှင်ကား သူများပြောသည်ကို ယုံဖို့မလိုတော့ပြီ၊ ကိုယ်ပိုင်သိမြင်သည်ကို အသားပေးသောအားဖြင့် သဒ္ဓါ၊ ယုံကြည်မှု သဒ္ဓါတရား ရှိသူသည်၊ နဟောတိ၊ မဖြစ်"ဟု ဂါထာ၌ ဘုရားရှင် မိန့်ဆိုခြင်းသည် အလွန် နက်နဲခက်ခဲသောအရာဖြစ်၍ ပညာ စရိုက်အားကြီးသော နတ်ဗြဟ္မာများအား ဤပုရာဘေဒသုတ်ကို ဟောသည်ဟူ၍ အဌကထာဆရာမှတ်ချက်ချခြင်းမှာ အလွန်သင့်လျော်လှပေသည်။

ထို့အတူ "နဝိရဇ္ဇတိ"ပုဒ်ကိုလည်း တိုက်ရိုက်ဘာသာပြန်လျှင် "တပ်မက်မှုမကင်း တပ်မက်နေတုန်း၊ တပ်မက်ဆဲပဲ ရှိသေးတယ်ဟု အဓိပ္ပါယ်သက်ရောက်သည်။ ဤနေရာ၌ ထိုသို့အဓိပ္ပါယ်မယူရပေ၊ ရဟန္တာ ပုဂ္ဂိုလ်သည် အရဟတ္တမဂ်ဖြင့် တပ်မက်မှုတဏှာကို သမုစ္ဆေဒပဟာန်အားဖြင့် ပယ်သတ်ပြီးဖြစ်သောကြောင့် တပ်မက်ဆဲ

http://www.dhammadownload.com

မဟုတ်ရုံမျှမက နောင်အခါမှာလည်း တပ်မက်လိမ့်မည် မဟုတ်တော့ပေ။ သို့ဖြစ်၍ နဝိရဇ္ဈတိ၌ တပ်မက်မှုကင်းဆဲ မဟုတ်၊ တပ်မက်မှုကင်းပြီးသူဖြစ်၏။ သို့ဖြစ်၍ တပ်မက်မှုကင်းအောင် ကျင့်စရာမရှိတော့ဟု ဆိုလိုသည်။ ဤ "နဝိရဇ္ဈတိ" ပုဒ်သည်လည်း "နသဒ္ဓါ"ပုဒ်ကဲ့သို့ပင် ပညာအားကြီးသောသူတို့အား ဟောထားသည့်သုတ္တန်ဖြစ်၍ နက်နဲပြီး အသိခက်ခဲသော အသုံးအနှုန်းဝေါဟာရပင်ဖြစ်သည်။

ဤပုရာဘေဒသုတ်မှ "နသဒ္ဓါ နဝိရဇ္ဈတိ"ဟူသော ရဟန္တာပုဂ္ဂိုလ်၏ ဂုဏ်ပုဒ်တို့မှာ ဓမ္မပဒပါဠိတော် (၂၇/၅၅)လာ-

အဿဒ္ဓါ အကတညုစ၊ သန္ဓိစ္ဆေဒေါစ ယောနရော။
ဟတာဝကာသော ဝန္တာသော၊ သဝေ ဥတ္တမပေါရိသော။
မာတရံ ပိတရံ ဟန္ဒ်ာ၊ ရာဇာနော ဒွေစ ခတ္တိယေ။
ရဋ္ဌံ သာနုစရံ ဂန္ဒ်ာ၊ အနီယော ယာတိ ဗြဟ္မဏော။

ဂါထာတို့ကဲ့သို့ ပဟေဠိသဖွယ် ဟောထားသော ဂုဏ်ပုဒ်တို့ဖြစ်ကြ၏။

သာတိယေသု အနုဿာဝီ စသော ဤဂါထာဖြင့်-

၁။ သာယာဖွယ်အာရုံ ကာမဂုဏ်အတွင်း ထွက်ကျယိုစီးခြင်းတရား မဖြစ်စေရ။

၂။ မိမိကို အထင်ကြီးပြီး တစ်ဖက်သားကို အထင်သေးသော မာန်မာန မရှိစေရ။

၃။ ကြမ်းတမ်းသည့် ကိုယ်နှုတ်အမူအရာတို့ကို ပယ်ရှားပြီး ကိုယ်နှုတ်နှလုံး သုံးပါးလုံး နူးညံ့သိမ်မွေ့ရမည်။

၄။ ပရိယတ် ပဋိပတ်အရာ အမေးပြဿနာနှင့်စပ်၍ ပိုင်ပိုင်နိုင်နိုင် သိမြင်နိုင်သော ပဋိဘာန်ဉာဏ်အမြင် ရှိရမည်။

၅။ သူတပါးကိုချည်းပုံ၍ ယုံကြည်သူမဖြစ်စေပဲ ကိုယ်တိုင် သိမြင်ရမည်။

http://www.dhammadownload.com

၆။ တပ်မက်မှုကင်းပြီးသူဖြစ်ရမည်ဟူသော ဂုဏ်ရည်(၆)ပါးနှင့် ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်ကို

ဥပသန္တ - ကိလေသာငြိမ်းအေးပြီးသော ပုဂ္ဂိုလ်ဟူ၍ ဆိုရ၏ ဟုပြသည်။

(လက်ာ) သာယာဖွယ်အတွင်း၊ မစီးဆင်းတည့်၊
မာန်ကင်းသိမ်မွေ့၊ ထင်ဉာဏ်တွေ့လျက်၊
ယုံလွဲကင်းကာ၊ တပ်မက်ကွာ၊
ခြောက်ဖြာသူ့ဂုဏ်ရည်။

❀ ❀ ❀ ❀ ❀

၇။ လာဘကမျှာ နုသိက္ခတိ ဂါထာ

(၇) လာဘကမျှာ နု သိက္ခတိ၊ အလာဘေ စ နု ကုပ္ပတိ။
အဝိရုဒ္ဓေါ စ တဏှာယ၊ ရသေသု နာနုဂိဇ္ဈတိ။

(၇) (အကြင်ပုဂ္ဂိုလ်သည်) လာဘ်လာဘ ပစ္စည်းဥစ္စာကိုလိုလားသဖြင့် ပရိယတ်ကို သင်ကြားသည်မဟုတ်၊ ပဋိပတ်ကို ကျင့်ကြံ အားထုတ်သည်မဟုတ်၊ ပစ္စည်းဥစ္စာ လာဘ်လာဘမရခြင်းကြောင့်လည်း စိတ်မဆိုး အမျက်မထွက်၊ ထိုထိုအာရုံ ထိုထိုပုဂ္ဂိုလ်နှင့် မဆန့်ကျင်သည်လည်းဖြစ်၏၊ 'ရသတဏှာ'ဖြင့် ဘောဇဉ်ခဲဖွယ် ချိုချဉ်ဖန်ခါးစသော ရသာရုံကိုလည်း မမက်မော၊ (ထိုပုဂ္ဂိုလ်ကို ကိလေသာတို့မှ ငြိမ်းအေးပြီးသောပုဂ္ဂိုလ်ဟူ၍ ငါဘုရားမိန့်ဆို၏)။

လာဘကမျှာ နုသိက္ခတိ စသော ဤဂါထာဖြင့်-

၁။ ပစ္စည်းဥစ္စာ လာဘ်လာဘကို မျှော်ကိုးတောင့်တ၍ ပရိယတ်ကို မသင်ကြားရ၊ ပဋိပတ်ကို မကျင့်ကြံ ရခြင်း၊

၂။ ပစ္စည်းဥစ္စာ လာဘ်လာဘကို မရခြင်းကြောင့်လည်း စိတ်မဆိုး၊ အမျက်မထွက်ရခြင်း၊

http://www.dhammadownload.com

၃။ ထိုထိုအာရုံ ထိုထိုပုဂ္ဂိုလ်နှင့် ဆန့်ကျင်စိတ်ဆိုးမှု ဒေါသ မဖြစ်ရခြင်း (ဝါ) မဆန့်ကျင်ရခြင်း၊

၄။ ခဲဖွယ်ဘောဇဉ် ချို့ချဉ်ဖန်ခါး စသော အစားကောင်း အသောက်ကောင်း ရသာရုံတို့၌ တွယ်တာ တပ်မက်သော တဏှာဖြင့် မစွဲလမ်း မတပ်မက်ရခြင်း ဤအဂီါ (၄)ချက်နှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို ဥပသန္တ - ကိလေသာအပူငြိမ်းသော ပုဂ္ဂိုလ်ဟု ဆိုရသည်ကိုပြသည်။

❀ ❀ ❀ ❀ ❀

၈။ ဥပေက္ခကော-ဂါထာ

(၈) ဥပေက္ခကော သဒါ သတော၊ နော လောကေ မညတေ သမံ။
နော ဝိသေသီ နော နီစေယျော၊ တဿ နော သန္တိ ဥဿဒါ။

(၈) အကြင်ပုဂ္ဂိုလ်သည် အမြဲတမ်း သတိပြု ရှုမှတ်သည်ဖြစ်၍ ရူပါရုံ သဒ္ဒါရုံစသော အာရုံ (၆)ပါး ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌ အညီအမျှ လျစ်လျူရှုမှု 'ဥပေက္ခာ'နှင့် ပြည့်စုံ၏၊ လောက၌ မိမိကိုယ်ကို သူတပါးနှင့် အဆင့်အတန်းတူသူဟူ၍လည်း (သဒိသမာန်ဖြင့်) မမှတ်ထင်၊ သူတပါးထက် ထူးမြတ်သူ အဖက်ဖက်မှ ထူးကဲသူဟု (ပဏီတမာန်ဖြင့်) မမှတ်ထင်၊ သူတပါးအောက် နိမ့်သူ ယုတ်သူဟု (ဟီနမာန်ဖြင့်) မမှတ်ထင်၊ ထိုရဟန္တာပုဂ္ဂိုလ်အား ရာဂဒေါသစသော အကုသိုလ် ကိလေသာ ပွါးစီးခြင်း (၇)မျိုးတို့သည် မရှိကုန်၊ (ထိုပုဂ္ဂိုလ်ကို ကိလေသာ တို့မှ ငြိမ်းအေးပြီးသောပုဂ္ဂိုလ်ဟူ၍ ငါဘုရားမိန့်ဆို၏)။

ဟန်ဟန (၃) မျိုး

နော လောကေ မညတေ သမံ ပါဠိဖြင့် သူကငါနှင့် ဘာမျှ မထူးဘူး အတူတူနဲ့အနူနူပဲဟု ရှုမြင်မှတ်ထင် သော သဒိသမာန် မာနပယ်ပုံကိုပြ၏။ နော ဝိသေသီပါဠိဖြင့် ငါထက် သူကသာလဲ

http://www.dhammadownload.com

ဘာဖြစ်လဲ ကိုယ်ရှိမှ ကိုယ်စားရတာ ပဲဟု ရှုမြင်မှတ်ထင်သော ပဏီတမာန်၊ ငါက သူထက် ပညာရေး၊ စီးပွားရေး လုပ်ရည်ကိုင်ရည် အပြောအဆို အကုန်သာတယ်ဟု မိမိကိုယ်ကို မြှင့်တင်မှတ်ထင်သော သေယျမာန်ပယ်ပယ်ပုံကိုပြသည်။ နှ နိစေယျာ- ပါဠိဖြင့်ကား ဒိကောင်က ငါ့ကို ဘယ်ဘက်ကမှ မမှီဘူး၊ အညံ့စား အပေါစားပဲဟု မှတ်ထင်သော ဟီနမာန်၊ ငါကား သူတို့လောက် အထက်တန်းစား ရောက်သူမဟုတ်၊ အောက်တန်းစား ငါအား သူတို့ကဲ့သို့ အရေးပြုစရာ ဘယ်မှာရှိအံ့နည်းဟု မှတ်ထင်သော ဟီနမာန် ပယ်ပုံကိုပြသည်။

တဿနောသန္တိ ဥဿဒါ-ဌ္ဌ ဥဿဒ (၇)မျိုး

သံသရာထဲ၌ တစ်ဘဝပြီး တစ်ဘဝ စည်ပင်ကြီးထွား ပွါးများ စေတတ်သော အကုသိုလ်တရားများကို ဥဿဒဟု ခေါ်ရ၏။ ထိုဥဿဒသည် (၇)မျိုးရှိ၏။ (၇)မျိုးတို့ကား-

၁။ ရာဂုဿဒ ၂။ ဒေါသုဿဒ ၃။ မောဟုဿဒ ၄။ မာနုဿဒ ၅။ ဒိဋ္ဌုဿဒ ၆။ ကိလေသုဿဒ ၇။ ကမ္မုဿဒ တို့ဖြစ်၏။ ရဟန္တာ ပုဂ္ဂိုလ်အား ထိုရာဂ ဒေါသစသော အကုသိုလ် - ပွားစီးခြင်း (၇)မျိုးတို့သည် မရှိကြတော့ပေ။

ဤဥပေက္ခကော သဒါ သတော စသောဂါထာဖြင့်-

၁။ အမြဲမပြတ် ရှုမှတ်မှုသတိရှိရခြင်း

၂။ အင်္ဂဇုံပေက္ခာဖြင့် ဣဋ္ဌာရုံ အနိဋ္ဌာရုံ တို့၌ အညီအမျှ လျစ်လျူရှုနိုင်ရခြင်း၊

၃။ သဒိသမာန် - ပဏီတမာန် ဟီနမာန်ဟူသော မာန်မာနသုံးမျိုး ကင်းရခြင်း၊

၄။ ရာဂဒေါသ မောဟစသော အကုသိုလ် ဥဿဒတရား (၇)ပါး တို့ကို ပယ်ရှားရခြင်း ဤအဂ်ီ(၄)ပါးတို့နှင့် ပြည့်စုံသော ရဟန္တာ

http://www.dhammadownload.com

ပုဂ္ဂိုလ်အား ဥပသန္တ - ကိလေသာမှ ငြိမ်းအေးသောပုဂ္ဂိုလ်ဟု ဆိုရသည်ကိုပြသည်။

(လက်ာ) ရှုမှတ်အစဉ်၊ လျစ်လျူထင်၍၊ သုံးအင်မာန၊ ပယ်နိုင်မှ၊ သန္တပုဂ္ဂိုလ်မည်။

❀ ❀ ❀ ❀ ❀

၉။ ယဿ နိဿယနာ နတ္ထိ-ဂါထာ

(၉) ယဿ နိဿယနာ နတ္ထိ၊ ဥတ္တာ ဓမ္မံ အနိဿိတော။
ဘဝါယ ဝိဘဝါယ ဝါ၊ တဏှာ ယဿ န ဝိဇ္ဇတိ။

(၉) အကြင်ရဟန္တာပုဂ္ဂိုလ်အား (တဏှာဒိဋ္ဌိဟူသော) မှီရာတို့သည် မရှိကုန်၊ အကြင်ပုဂ္ဂိုလ်သည် ရုပ်နာမ်ဓမ္မ သခ်ါရတရားကို အနိစ္စ ဒုက္ခ အနတ္တဟု ပိုင်နိုင်စွာသိ၍ (တဏှာ ဒိဋ္ဌိတို့ ဖြင့်) တစုံတခုကိုမျှ မမှီတွယ်၊ အကြင် ရဟန္တာပုဂ္ဂိုလ်အား ဘဝဒိဋ္ဌိ (သဿတဒိဋ္ဌိ) ဖြစ်ခြင်းငှါလည်းကောင်း ဝိဘဝဒိဋ္ဌိ (ဥစ္ဆေဒဒိဋ္ဌိ) ဖြစ်ခြင်းငှါလည်းကောင်း တပ်မက်မှု 'တဏှာ'သည် မရှိ (ထိုပုဂ္ဂိုလ်ကို ကိလေသာတို့မှ ငြိမ်းအေးပြီးသောပုဂ္ဂိုလ်ဟူ၍ ငါဘုရားမိန့်ဆို၏)။

ယဿ နိဿယနာ နတ္ထိဒ္ဓ နိဿယမှီရာ (၂)မျိုးတို့ကား ၁။ တဏှာနိဿယ၊ ၂။ ဒိဋ္ဌိနိဿယ တို့ဖြစ်ကြ၏။ ရဟန္တာပုဂ္ဂိုလ်အား ထိုတဏှာ ဒိဋ္ဌိဟူသော မှီရာ (၂)မျိုးစလုံး အကြွင်းမဲ့ပယ်သတ်ပြီးဖြစ်၍ မရှိတော့ပေ။

ဘဝါယ ဝိဘဝါယဝါဒ္ဓ ဒိဋ္ဌိ (၂)မျိုးတို့ကား-

ဘဝါယပါဒ္ဓဖြင့် ဘဝဒိဋ္ဌိဟုဆိုအပ်သော သဿတဒိဋ္ဌိကို ပြသည်။

ဝိဘဝါယဝါပါဒ္ဓဖြင့် ဝိဘဝဒိဋ္ဌိဟုဆိုအပ်သော ဥစ္ဆေဒဒိဋ္ဌိကို ပြသည်။ ရဟန္တာပုဂ္ဂိုလ်အား သဿတ ဒိဋ္ဌိအတွက် ဖြစ်စေ၊ ဥစ္ဆေဒဒိဋ္ဌိအတွက်ဖြစ်စေ တပ်မက်နှစ်သက်မှု တဏှာမရှိတော့ပေ။

http://www.dhammadownload.com

ယသ နိဿယနှာ နတ္ထိ-စသော ဤကါထာဖြင့်

၁။ ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌ တဏှာ ဒိဋ္ဌိဟူသော မှိုရာ (၂)မျိုးမရှိခြင်း၊

၂။ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တဟု လက္ခဏာရေး (၃)ပါးဖြင့် ပိုင်နိုင်စွာသိမြင်ခြင်း။ ကြောင့် တဏှာဒိဋ္ဌိတို့ဖြင့် တစ်စုံတစ်ခုကိုမျှ မမှီတွယ်ခြင်း။

၃။ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတို့အတွက် တပ်မက်မှုတဏှာ မရှိခြင်း ဟူသော ဤဂုဏ်အင်္ဂါ(၃)ပါးနှင့် ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်ကို ဥပသန္တ-ကိလေသာအပူငြိမ်းအေးသောပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုရသည်ကို ပြသည်။

❀ ❀ ❀ ❀ ❀

၁၀။ တံ ဗြူမိ ဥပသန္တောတိ – ဂါထာ

(၁၀) တံ ဗြူမိ ဥပသန္တောတိ၊ ကာမေသု အနပေက္ခိနံ။
ဂန္ထာ တသ္သ န ဝိဇ္ဇန္တိ၊ အတရိ သော ဝိသတ္တိကံ။

(၁၀) ငါးဖြာအာရုံ ကာမဂုဏ်တို့၌ ငဲ့ကွက်တယ်တာခြင်းမရှိသော ထိုပြဆိုအပ်ခဲ့ပြီးသော ဂုဏ်တို့နှင့်လည်း ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်ကို ကိလေသာအပူမီး ငြိမ်းအေးပြီးသောသူဟူ၍ ငါဘုရား ဟောဆိုပေ၏၊ ထိုရဟန္တာပုဂ္ဂိုလ်အား ဘဝတို့ကို ထုံးဖွဲ့ဆက်စပ်ပေးတတ်သော အဘိဇ္ဈာ ကာယဂန္ထစသော ဂန္ထတရား (၄)ပါးတို့သည် မရှိကြကုန်၊ ထိုရဟန္တာပုဂ္ဂိုလ်သည် ရူပ သဒ္ဒ စသော အမျိုးမျိုးပြားသော အာရုံတို့၌ ကပ်ငြိတတ်သော တဏှာကို ကျော်လွန်သွားလေပြီ၊ (ထိုပုဂ္ဂိုလ်ကို ကိလေသာတို့မှ ငြိမ်းအေးပြီးသောပုဂ္ဂိုလ်ဟူ၍ ငါဘုရားမိန့်ဆို၏)။

ကာမေသု အနပေက္ခိနံပါဠိ၌ ကာမ (၂)ပါး ဟူသော်ကား-

၁။ ဝတ္ထုကာမ-ရူပါရုံ-စသောအာရုံငါးပါး ကာမဂုဏ်တရား၊

http://www.dhammadownload.com

၂။ ကိလေသာကာမ-ဆန္ဒရာဂသင်္ကပ္ပရာဂ လောဘစသော ကိလေသာ ဆယ်ပါး၊

ရဟန္တာပုဂ္ဂိုလ်သည် ကာမေသုအနပေက္ခိနံပါဌ်အရ ထိုဝတ္ထုကာမ ကိလေသာ ကာမတို့၌ ငဲ့ကွက် တွယ်တာမှု မရှိတော့ပေ။

ဂန္ထာ တဿ နဝိဇ္ဇန္တိ-ပါဌ်၌ ဂန္ထ (၄)ပါး

ဘဝသံသရာ ကျင်လည်ရာတွင် တဘဝနှင့်တဘဝကို ထုံးဖွဲ့ပြီး ဆက်စပ်ပေးတက်သော ရာဂစသော အကုသိုလ် တရားတို့ကို ဂန္ထဟုဆိုရ၏ထိုဂန္ထသည် (၄)ပါးရှိ၏၊ (၄)ပါးတို့ကား

၁။ အဘိဇ္ဈာကာယဂန္ထ - ရာဂ

၂။ ဗျာပါဒကာယဂန္ထ - ဒေါသ

၃။ သီလဗွတပရာမာသကာယဂန္ထ - ဒိဋ္ဌိ

၄။ ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထ - ဒိဋ္ဌိတို့ဖြစ်ကြ၏။ရဟန္တာ ပုဂ္ဂိုလ်အား ဂန္ထာ တဿ နဝိဇ္ဇန္တိ-ပါဌ် အရ ထုံးဖွဲ့ပြီးဘဝတို့ကို ဆက်စပ်ပေးတက်သော ထိုဂန္ထ တရား (၄)ပါးလုံး မရှိတော့ပေ၊

ကာမေသု အနပေက္ခိနံ စသော ဤဂါထာဖြင့်

၁။ ဝတ္ထုကာမ ကိလေသာမတို့၌ ငဲ့ကွက်တွယ်တာမှု မရှိသူ။

၂။ ထုံးဖွဲ့ပြီးဘဝတို့ကိုဆက်စပ်ပေးတက်သော၊ဂန္ထတရား (၄)ပါး မရှိသူ။

၃။ ရူပါရုံ သဒ္ဒါရုံစသည်ဖြင့် အမျိုးမျိုးကွဲပြားနေသော အာရုံတို့၌ ကပ်ငြိတွယ်တာသာယာသော တဏှာ ကိုကျော်လွန်ပြီးသူ - ဤအဂ်ါ (၃)ပါးတို့နှင့် ပြည့်စုံသောရဟန္တာပုဂ္ဂိုလ်ကို ဥပသန္တ - ကိလေသာ အပူငြိမ်းအေး သော ပုဂ္ဂိုလ်ဟူ၍ဆိုရ၏ဟုပြဆိုသည်။

http://www.dhammadownload.com

၁၁။ နာ တဿ ပုတ္တာ-ဂါထာ

(၁၁) နာ တဿ ပုတ္တာ ပသဝေါ။ ခေတ္တံ ဝတ္ထုဉ္စ ဝိဇ္ဇတိ။
အတ္တာ ဝါပိ နိရတ္တာ ဝါ၊ နာ တသ္မိံ ဥပလဗ္ဘတိ။

(၁၁) ထိုရဟန္တာပုဂ္ဂိုလ်အား သားသမီးတို့သည်လည်းကောင်း (ဝါ) သားသမီးတို့၌ ငါ့သား ငါ့သမီးဟု သိမ်းပိုက်တတ်သော သာယာမှုတဏှာတို့သည်လည်းကောင်း (ဝါ) (ကျွဲနွားစသော) သတ္တဝါတို့သည်လည်းကောင်း (ဝါ) သလေးစပါးခင်းစသော လယ်သည်လည်းကောင်း (ဝါ) အိမ်နေရာစသော မြေယာသည်လည်းကောင်း မရှိကုန်၊ ထိုရဟန္တာ ပုဂ္ဂိုလ်၌ အတ္တရှိ၏ဟု ယူသော 'အတ္တဒိဋ္ဌိ' တို့ကိုလည်းကောင်း အတ္တပြတ်စဲ၏ဟုယူသော 'ဥစ္ဆေဒဒိဋ္ဌိ' တို့ကိုလည်းကောင်း မရအပ်၊ (ထိုပုဂ္ဂိုလ်ကို ကိလေသာတို့မှ ငြိမ်းအေးပြီးသောပုဂ္ဂိုလ်ဟူ၍ ငါဘုရားမိန့်ဆို၏)။

နာ တဿ ပုတ္တာ ပသဝေါပါဒ်၌ သား (၄)မျိုးတို့ကား-

၁။ အတ္တဇသား-မိမိကိုအကြောင်းပြု၍ဖြစ်သော သားရင်း၊

၂။ ခေတ္တဇသား- လယ်ယာအိမ်ရာနေရာထိုင်ရာနေရာ စသည်တို့၌ ဖြစ်သောသား၊

၃။ ဒိန္နကသား-မွေးစားသား

၄။ အန္တေဝါသိကသား-အနီး၌ အတတ်ပညာကိုသင်ယူသော တပည့်သားတို့ဖြစ်ကြ၏။ (မဟာနိဒ္ဒေသ ၁၈၃)

နာ တဿပုတ္တာ ပသဝေါ၊ ခေတ္တံဝတ္ထုံစ ဝိဇ္ဇတိဒ်၌ မှတ်ပွယ်

ဤ နာ တဿပုတ္တာ ပသဝေါ စသောဂါထာကား ကိလေသာတို့မှငြိမ်းအေး ပြီးဖြစ်သော ဥပသန္တဟု ဆိုအပ်သော ရဟန္တာပုဂ္ဂိုလ်ကို ချီးကျူးဂုဏ်ပြုသောဂါထာဖြစ်သည်။ ဤဂါထာ၌ ရဟန္တာပုဂ္ဂိုလ်အား သား သမီး ကျွဲ၊ နွား လယ်ယာမြေတို့မရှိ ဟုဆိုရာတွင် ဘုရားရှင်၏ ဆိုလိုရင်းမှာ ဤသို့ဖြစ်၏၊ ရဟန္တာမဖြစ်သေးခင် လူ ဝတ်ကြောင်

http://www.dhammadownload.com

လူဘဝတုန်းက ရရှိထားသော သားသမီးများ၊ ဒကာ ဒကာမ အလှူရှင်တို့က လှူဒါန်းထားသော ကျွေနွားစသည်များ၊ မိမွေဖမွေဖြစ်သော လယ်ယာမြေများ လောကအလိုအားဖြင့် ရှိသည် ပိုင်ဆိုင်သည်ဟုဆို နိုင်သော်လည်း ရဟန္တာဖြစ်ပြီးသောအခါတွင်မူ ငါ့သား၊ ငါ့သမီး၊ ငါ့ကျွေ၊ ငါ့နွား၊ ငါ့ယာ၊ ငါ့မြေဟုသာယာသိမ်း ပိုက်မှု တဏှာ ဒိဋ္ဌိတို့ မရှိသောကြောင့် ရဟန္တာအား သားသမီးကျွေနွားလယ်ယာမြေတို့မရှိဟု ဆိုခြင်းဖြစ်သည်။

ဧတ္ထစ ပုတ္တ ပရိဂ္ဂဟာဒယော ပုတ္တာဒိနာမေန ဝုတ္တာတိ ဝေဒိတဗ္ဗာ၊ (သုတ္တနိပါတအဋ္ဌကထာ ၂၊၂၆၅) ပရိဂ္ဂဟောတိ ဒွေပရိဂ္ဂဟာ တဏှာပရိဂ္ဂဟောစ ဒိဋ္ဌိပရိဂ္ဂဟောစ။

(မဟာနိဒ္ဒေသ-၁၀၀)

အတ္တာဝါဝိ နိရတ္တာဝါ နတသ္မိ ဉပလဗ္ဘတိပါဠိန္စ မှတ်ဖွယ်

သောတာပတ္တိမဂ် အခိုက်ကပင် အတ္တဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ တို့ကို ပယ်သတ်ခဲ့ပြီးဖြစ်၍ ရဟန္တာပုဂ္ဂိုလ်အား ထိုအတ္တဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတို့နှစ်မျိုးစလုံးမရှိတော့သည်ကို အတ္တာဝါပိ နိရတ္တာဝါ၊နတသ္မိ ဉပလဗ္ဘတိ ပါဠိဖြင့်ပြဆိုသည်။

ရဟန္တာပုဂ္ဂိုလ်အား ယင်းဒိဋ္ဌိနှစ်မျိုးစလုံး မရှိတော့သည်ကို စတုတ္ထဂါထာမှ “ ဒိဋ္ဌိသုစ နနိယတိ ” ပါ ဒဋ္ဌဂုဏ်း၊ (၉)ခုမြောက်ဂါထာမှ “ ဘဝါယ ဝိဘဝါယဝါ၊ တဏှာ ယဿ နဝိဇ္ဇတိ” ဟူသော ပါဒဋ္ဌဂုဏ်းဟောခဲ့ ပြီးသားပင်ဖြစ်၏။ သို့သော် ဂုဏ်းဒိဋ္ဌိနှစ်ပါးစလုံး ရဟန္တာပုဂ္ဂိုလ်အား မရှိတော့သည်ကို အတ္တာ နိရတ္တာဝါ ဟူသော ဝေါဟာရစကားနှင့် ဟောပြောမှ နားလည်သဘောပေါက်မည့် နတ်ဗြဟ္မာတို့အတွက် “အတ္တာဝါပိ နိရတ္တာဝါ နတသ္မိ ဉပလဗ္ဘတိ” ဟူ၍ ထပ်ဟောရခြင်းဖြစ်သည်။

http://www.dhammadownload.com

၁၂။ ယေန နံ ဝဠ္လိ – ဂါထာ

(၁၂) ယေန နံ ဝဠ္လိ ပုထုဇ္ဇနာ၊ အထော သမဏာဗြာဟ္မဏာ။
တံ တဿ အပုရက္ခတံ၊ တသ္မာ ဝါဒေသု နေ'ဇတိ။

(၁၂) ပညာမဲ့သော အများစု နတ်လူပုထုဇဉ်ပုဂ္ဂိုလ်တို့သည် လည်းကောင်း၊ ထို့အပြင် ပညာရှိ ရသေ့ရဟန်း ပုဏ္ဏားတို့သည် လည်းကောင်း ထိုရဟန္တာပုဂ္ဂိုလ်ကို အကြင်ရာဂဒေါသစသော အပြစ် အနာအဆာဖြင့် တပ်မက်နေသောသူ စိတ်ဆိုး နေသောသူစသည်ဖြင့် စွပ်စွဲပြောဆိုရာ၏၊ ထိုစွပ်စွဲပြောဆိုနှိုင်းကြောင်းဖြစ်သော ရာဂဒေါသ စသော အပြစ်အနာအဆာကို ထိုရဟန္တာပုဂ္ဂိုလ်က ရှေ့သွား မပြုအပ်တော့ပြီ၊ ထိုသို့ရှေ့သွားမပြုသည့်အတွက် ရဟန္တာပုဂ္ဂိုလ်သည် စွပ်စွဲကဲ့ရဲ့ ပြောဆိုမှု စကားတို့ကြောင့် မတုန်မလှုပ်တော့ပေ၊ (ထိုပုဂ္ဂိုလ် ကို ကိလေသာတို့မှ ငြိမ်းအေးပြီးသောပုဂ္ဂိုလ်ဟူ၍ ငါဘုရားမိန့်ဆို၏)။

ဤ "ယေန နံ ဝဠ္လိ ပုထုဇ္ဇနာ" စသောဂါထာသည်လည်း ရှေ့မှ "နံ တဿ ပုတ္တာ ပသဝေါ" စသော ဂါထာ ကဲ့သို့ ကိလေသာတို့မှ ငြိမ်းအေးပြီးဖြစ်သည့် ဥပသန္တဟုဆိုအပ်သောရဟန္တာပုဂ္ဂိုလ်ကို ချီးကျူးဂုဏ်ပြုပုံကို ပြသောဂါထာပင် ဖြစ်သည်။

ဤဂါထာဖြင့် ကဲ့ရဲ့စွပ်စွဲပြစ်တင်ခြင်း နိန္ဒာလောကမဲကြောင့် ရဟန္တာပုဂ္ဂိုလ်တို့ တုန်လှုပ်ခြင်းမရှိ မတုန် လှုပ်သည့်ဂုဏ်ဖြင့် ရဟန္တာပုဂ္ဂိုလ်ကို ချီးကျူးဂုဏ်ပြုသည်ကိုပြ၏။

တသ္မာ ဝါဒေသု နေဇတိတိ တံ ကာရဏာ နိန္ဒာဝစနေသု နကမ္မတိ (သုတ္တနိပါတဋ္ဌကထာ ၂၊၂၆၅)

http://www.dhammadownload.com

၁၃။ ဝိတဂေဆော-ဂါထာ

(၁၃) ဝိတဂေဆော အမစ္ဆရိ၊ နာ ဉဿေသု ဝဒတေ မုနိ။
နာ သမေသု နာ သြမေသု၊ ကပ္ပံ နေ'တိ အကပ္ပိယော။

(၁၃) ထိုရဟန္တာပုဂ္ဂိုလ်သည် ရူပ သဒ္ဒ စသည် အာရုံကာမဂုဏ်တို့၌ တပ်မက်မှု 'တဏှာ'ကင်း၏၊ နှမြောဝန်တိုမှု 'မစ္ဆရိယ' (၅)မျိုးလည်းမရှိ ထူးမြတ်သူတို့ အတွင်း၌ (ငါထူးမြတ် သူဟု) ထည့်သွင်းနှိုင်းပြိုင်လျက် မပြောဆိုတတ်ပေ၊ တူညီသူတို့အတွင်း၌ (ငါတူညီသူဟု) ထည့်သွင်းနှိုင်းစာ၍ မပြောဆိုတတ်ပေ၊ ယုတ်ညံ့သူတို့အတွင်း၌ (ငါယုတ်ညံ့သူဟု) ထည့်သွင်းနှိုင်းစာ၍ မပြောဆိုတတ်ပေ၊ တဏှာဒိဋ္ဌိတို့ဖြင့် ကြံစည်မှု ကင်းသည်ဖြစ်၍ တဏှာဒိဋ္ဌိအားဖြင့် နှစ်ပါးသော ကြံစည်ခြင်းသို့ မရောက်တော့ပေ။ (ထိုပုဂ္ဂိုလ်ကို ကိလေသာတို့မှ ငြိမ်းအေးပြီးသောပုဂ္ဂိုလ်ဟူ၍ ငါဘုရားမိန့်ဆို၏)။

ဤဂါထာတွင် အမစ္ဆရိ-ပါဠိဖြင့် ရဟန္တာပုဂ္ဂိုလ်သည် အာဝါသမစ္ဆရိယစသော နှမြောဝန်တိုမှု မစ္ဆရိယ (၅)မျိုးတို့ မရှိသည်ကိုပြ၏။ "နာ ဉဿေသု ဝဒတေ မုနိ၊ နာသမေသု နာသြမေသု" ဟူသော ပါဒတို့ဖြင့် သေယျမာန်၊ သဒိသမာန်၊ ဟီနမာန်ဟူသော မာန်မာန (၃)မျိုးတို့ ရဟန္တာပုဂ္ဂိုလ်အား မရှိသည်ကိုပြ၏။

ကပ္ပံ နေတိ အကပ္ပိယော ပါဠိနှင့် ကြံစည်ခြင်း ကပ္ပ(၂)မျိုးကား

၁။ လိုချင်နှစ်သက်မြတ်နိုးစရာ သက်ရှိသက်မဲ့ပစ္စည်းတို့ကို ရရှိပိုင်ဆိုင်ရေးအတွက် ကြံစည်စိတ်ကူးသော - တဏှာကပ္ပ

၂။ အဆင်းရူပါရုံကို စက္ခုဝိညာဉ်ဟူသော မြင်သိစိတ်က ငါမြင်သည်၊ မြင်တာဟာ ငါဟူ၍ ၎င်း၊ မြင်သိ စိတ်ဖြင့် မြင်ရသော အဆင်းရူပ်ကိုပင် လူကိုမြင်လိုက်သည် ယောကျ်ားတစ်ယောက်ကို မြင်လိုက်သည် မိန်းမတစ်ယောက်ကို မြင်လိုက်သည်ဟု ကြံစည် စိတ်ကူးပေါ်ပြခြင်းသည် ယောကျ်ားမိန်းမမဟုတ်သော အဆင်းရူပ်ကို

http://www.dhammadownload.com

အထင်မှား အယူအဆမှားသောအားဖြင့် ကြံစည်ခြင်းဟူသော - ဒိဋ္ဌိ ကပ္ပတို့ဖြစ်သည်။ ကပ္ပံ နေတိ အကပ္ပိသော ပါဋ္ဌအရ ရဟန္တာပုဂ္ဂိုလ်သည် ထိုကပ္ပနှစ်မျိုးဖြစ်သော တဏှာဒိဋ္ဌိဖြင့် ကြံဆခြင်း ကင်းသည်ဖြစ်၍ တဏှာဒိဋ္ဌိဖြင့် ကြံဆခြင်း ကြံစည်ခြင်းသို့ မရောက်တော့ပေ။

ဝီတဂေဓော အမစ္ဆရီ စသော ဤဂါထာဖြင့် -

၁။ သာယာတပ်မက်မှု တဏှာကင်းခြင်း

၂။ နှမြောဝန်တိုမှု မစ္ဆရိယ (၅)မျိုးကင်းခြင်း

၃။ သေယျမာန် သဒိသမာန် ဟီနမာန်အားဖြင့် မာန်မာန(၃)ပါးမှ ကင်းခြင်း

၄။ တဏှာဒိဋ္ဌိအားဖြင့် ကြံဆမှု (၂)မျိုးမှ ကင်းခြင်း ဤအင်္ဂါ (၅)ချက်နှင့် ပြည့်စုံသော သူကို "ဥပသန္တ ကိလေသာမှ ငြိမ်းအေးသူဟု ဆိုရသည်ကိုပြ၏။



၁၄။ ယဿ လောကေ-ဂါထာ

(၁၄) ယဿ လောကေ သကံ နတ္ထိ၊ အသတာ စ နသောစတိ။
ဓမ္မေသု စ နဂစ္ဆတိ၊ သ ဝေ သန္တောတိ ဝုစ္စတီတိ။

(၁၄) အကြင်ရဟန္တာပုဂ္ဂိုလ်အား လောက၌ ဆိုခဲ့ပြီးသော ငါ၏ဥစ္စာဟု သာယာသိမ်းပိုက်အပ်သော မိမိပိုင် ဥစ္စာမည်သည် (ဝါ) မိမိပိုင် ဥစ္စာဟု သိမ်းပိုက်တတ်သော တဏှာဒိဋ္ဌိသည်မရှိ၊ အကြင်ရဟန္တာပုဂ္ဂိုလ်သည် တစုံတရာကို မရသောကြောင့်၎င်း ရပြီးဖြစ်သော ကိုယ်တွင်းကိုယ်ပ ဝတ္ထုတစုံတခု ဖောက်ပြန်ပျက်စီး သွားသောကြောင့်လည်းကောင်း မစိုးရိမ် မပူဆွေးတော့ပြီ၊ ရုပ်နာမ်ဓမ္မသခ်ါရ တရားတို့၌လည်း (ဝါ) ငါ, ငါသူတပါးပစ္စည်း ဥစ္စာ စသည်ဖြင့် ခေါ်ဝေါ်

http://www.dhammadownload.com

နေရသော ရုပ်နာမ် ဓမ္မ သခ်ါရ တရားတို့ကြောင့်လည်း (ဆန္ဒာဂတိ စသည်သို့) မလိုက်၊ (ဝါ) ဆန္ဒာဂတိ စသော အဂတိလေးပါးဖြင့် မပြုသင့်သည်ကို မပြုတော့ပေ။ ထိုရဟန္တာပုဂ္ဂိုလ်ကို (ကိလေသာတို့မှ) ငြိမ်းအေးပြီးသောပုဂ္ဂိုလ်ဟူ၍ ငါဘုရားမိန့်ဆို၏)ဟူ၍ ပကတိ ဘုရားရှင်က ဖြေရှင်းဟောကြားတော်မူ၏။

ယဿ ထောကေ သက်နတ္ထိ-ဦ့ မှတ်ဖွယ်

ရဟန္တာပုဂ္ဂိုလ်အား မိမိပိုင် ဥစ္စာမည်သည် မရှိဟူရာ၌ ရဟန္တာအရှင်မြတ်အား မျက်စိ၊ နား၊ နှာခေါင်း စသော အတွင်း သန္တာန်ပစ္စည်းများရှိသော်လည်း ထိုမျက်စိ၊ နား၊ နှာခေါင်းစသော အတွင်းသန္တာန်ပစ္စည်းများ ကို ငါ့မျက်စိ၊ ငါ့နား၊ ငါ့နှာခေါင်းစသည်ဖြင့် တဏှာ ဒိဋ္ဌိတို့ဖြင့် ခွဲယူသိမ်းပိုက် သာယာမှုမရှိပေ။ မိမိခန္ဓာကိုယ်မှအပဖြစ်သော အိုးအိမ်၊ တိုက်တာ၊ မြေယာ၊ လှည်း၊ နွား၊ မော်တော်ကားစသည့် ပစ္စည်းများကိုလည်း ငါ့အိမ်၊ ငါ့တိုက်၊ ငါ့မြေ၊ ငါ့ခြံ၊ ငါ့ကွဲ၊ ငါ့နွား၊ ငါ့ကားစသည်ဖြင့် တဏှာဒိဋ္ဌိတို့ဖြင့် စွဲယူသိမ်းပိုက် သာယာခြင်း မရှိချေ။ ဤသို့ ကိုယ်တွင်း+ကိုယ်ပ ဘာတစ်ခုကိုမျှ ငါ ငါဥစ္စာဟု တဏှာ ဒိဋ္ဌိတို့ဖြင့် သာယာသိမ်းပိုက်ခြင်းမရှိ သည်ကိုပင် သက် နတ္ထိ - ရဟန္တာပုဂ္ဂိုလ်အား ကိုယ်ပိုင် ဥစ္စာ မည်သည်မရှိဟု ဆိုခြင်းဖြစ်သည်။

သကန္တိ မယ္ဟန္တိ ပရိဂ္ဂဟိတံ (သုတ္တနိပါတဋ္ဌကထာ၊ ၂၊ ၂၆၅)

ဓမ္မေသုစ နကမ္ပတိ-ပါဠိဦ့ မှတ်ဖွယ်

ရုပ်နာမ်ဓမ္မ သခ်ါရတရားတို့ကြောင့် ဆန္ဒာဂတိစသည်သို့ မလိုက်ဟူရာ၌ လောကတွင် တိုက်တာ အိုးအိမ်၊ ခြံမြေတို့ကိုပင်ဖြစ်စေ အတွင်းပစ္စည်းဟုခေါ်ဆိုရသည့် ရွှေ၊ ငွေ စာချုပ်စာတန်းကိုဖြစ်စေ၊ ဘာဝနာ ဉာဏ်မျက်စိဖြင့် ကြည့်လျှင် ရုပ်နာမ်ဓမ္မ သခ်ါရတရားတို့ချည်း

http://www.dhammadownload.com

ဖြစ်ကြ၏။ ထိုရုပ်နာမ်ဓမ္မ သခ်ၤါရတရားတို့ကိုပင် ငါ့ဥစ္စာ၊ ငါပဲ၊ သူပဲ၊ ယောကျ်ားပဲ၊ မိန်းမပဲဟု ခေါ်ဝေါ်ပြောဆိုနေကြ၏။ ထို့ကြောင့် ကိုယ့် အတွက်ပဲဖြစ်စေ သူတစ်ပါးအတွက်ပဲဖြစ်စေ စားရေး၊ သောက်ရေး အတွက်ပဲဖြစ်စေ ပြောဆိုခြင်း ပြုလုပ်ခြင်းသည် စင်စစ် ရုပ်နာမ်ဓမ္မ သခ်ၤါရတရားတွေအတွက် ပြောဆိုပြုလုပ်နေခြင်းသာ ဖြစ်၏။ ဤသည်ကိုပင် ဤပုရာဘေ ဒသုတ်၌ ဓမ္မေသု၊ ငါသူတစ်ပါး ပစ္စည်းဥစ္စာစသည်ဖြင့် ခေါ်ဝေါ်နေရသော ရုပ်နာမ်ဓမ္မသခ်ၤါရ တရားတို့ ကြောင့် ဟုဆိုလိုခြင်းဖြစ်သည်။ ဤပုရာဘေဒသုတ်ဒေသနာမှာ ပညာ လွန်ကဲသော ဗုဒ္ဓ စရိုက်ရှိသူ နတ် ဗြဟ္မာတို့အတွက် ဟောကြားသော ဒေသနာဖြစ်၍ ခက်ခဲနက်နဲသော ဝေါဟာရ အသုံးအနှုန်းတို့မျှားစွာ ပါဝင်နေခြင်းဖြစ်သည်။

ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် ထိုရုပ်နာမ်ဓမ္မ သခ်ၤါရတရားတို့ကိုပင် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါကောင်၊ သူကောင်၊ သားကောင်၊ သမီးကောင်၊ ဇနီးကောင်၊ လင်ယောကျ်ားကောင်ဟု အထင်အမြင်လွဲမှားကာ ဘယ်သူအတွက် ဘယ်ဝါအတွက်၊ ငှါအတွက်၊ သူအတွက်စသည်ဖြင့် ထင်မှတ်လျက် ဆန္ဒဂတိဖြင့် ချစ်လို့လည်း ဘက်လိုက်တတ်၏။ ဒေါသဂတိဖြင့် မုန်းလို့လည်း ဘက်လို် က်၏။ ဘယဂတိဖြင့် ကြောက်လို့လည်း ဘက်လိုက်၏။ မောဟဂတိဖြင့် နားမလည်လို့၊ မသိလို့လည်း ဘက်လိုက်ကြ၏။ ရဟန္တာပုဂ္ဂိုလ် တို့သည်ကား ပုဂ္ဂိုလ် သတ္တဝါ အမြင်မရှိတော့ပဲ ရုပ်နာမ်ဓမ္မ သခ်ၤါရတရားဟုသာ အမြင်မှန် ရသဖြင့် အဂတိ(၄)ပါး ဘက်လိုက်မှုမရှိတော့ပေ။ အဂတိလေးပါးနဲ့ မတရားပြုမူပြောမှု လုံးဝမရှိတော့ချေ၊ ဤသည်ကိုပင် ရည်ရွယ် ၍ "ဓမ္မေသုစ၊ ရုပ်နာမ်ဓမ္မသခ်ၤါရတရားတို့ကြောင့်လည်း။ နဂစ္ဆတိ၊ အဂတိလေးပါးဖြင့် မရောက်သင့် မရောက်ထိုက်သည်သို့ မရောက် တော့ပေ (ဝါ) မပြုသင့်သည်ကို မပြုတော့ပေ"ဟု ဆိုရခြင်းဖြစ်သည်။

http://www.dhammadownload.com

ဤ "ယသ ထောကေ သက် နတ္ထိ" စသော ဂါထာဖြင့်

၁။ ရဟန္တာပုဂ္ဂိုလ်အား မိမိပိုင်ဥစ္စာဟု သာယာသိမ်းပိုက်တတ် သော တဏှာ ဒိဋ္ဌိမရှိခြင်း၊

၂။ တစ်စုံတစ်ရာကို မရသောကြောင့်ဖြစ်စေ ရပြီးရှိပြီးဥစ္စာ တစ်စုံတစ်ရာ ပျက်စီးသွားသောကြောင့်ဖြစ်စေ မစိုးရိမ် မပူဆွေးခြင်း၊

၃။ ငါသူတစ်ပါး ပစ္စည်းဥစ္စာစသည်ဖြင့် ခေါ်ဝေါ်ရသော ရုပ်နာမ် ဓမ္မ သခ်ါရတရားတို့ကြောင့် အဂတိလေးပါးမလိုက်စားခြင်း ဤအဂ်ါ (၃)ချက်နှင့် ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်ကို သန္တ - ကိလေသာ အပူ ခပ်သိမ်း ငြိမ်းအေးပြီးသောပုဂ္ဂိုလ်ဟု ဆိုရသည်ကိုပြ၏။

ပုရာဘေဒသုတ် နာကြားရပြီး
မဂ်ဖိုလ်နိဗ္ဗာန်ရသော အရေအတွက်

ဤသို့လျှင် ဘုရားရှင်သည် အရဟတ္တဖိုလ် အထွဋ်တပ်သဖြင့် ပုရာဘေဒသုတ်ကို ဟောကြားမှု ပြီးဆုံးစေပါသည်။ ပုရာဘေဒ သုတ္တန်ကို ကြားနာရပြီးသောအခါ တရားနာ ပရိတ်သတ်ထဲမှ ကုဋေတစ်သိန်းသော နတ်ပြဟ္မာတို့ အရဟတ္တဖိုလ်သို့ ဆိုက်ရောက် ကြလျက် ရဟန္တာဖြစ်သွားကြ၏။ သောတာပန် သကဒါဂါမ်၊ အနာဂါမ် ဖြစ်သွားကြသော အရိယာနတ်ပြဟ္မာ တို့ကား ဤရွှေ့ဤမျှပင်ဟူ၍ မရေတွက်နိုင်အောင် များမြောင်လှကုန်၏။ ဤအရိယာ နတ်ပြဟ္မာတို့အား ဉာဏ်ပညာထက်မြက်သည့် ပညာပါရမီထူးရှိသူများဖြစ်ကြ၍ မဂ်ဖိုလ်နိဗ္ဗာန်တရားထူး တရားမြတ်ကို ရရှိသွားကြခြင်း ဖြစ်လေသည်။

ပုရာဘေဒသုတ်ပါဠိတော် မှတ်ဖွယ်ပြီး၏။



မဟာသမယ နောက်(၆)သုတ် သင်တန်းဆင်းပွဲမှ သင်တန်းသူ သင်တန်းသားများ

http://www.dhammadownload.com

ဌဲဇယ္ဃဝရဝေဖီ ဌဝင်(ပ)ကဂထယာဂ မြီးနှုဋ်လ(၀၀၀၀င)းဂွတ္တ ဌိတ္တဝေဝပုံဌဝဖိစ



http://www.dhammadownload.com

http://www.dhammadownload.com



သံဃာတော်များ မဟာဗေဓိညောင်ပင်၌ မဟာသမယ(၇)သုတ်
ပူဇော်ကြစဉ်



ဝက်ပါအမျိုးသမီး စောင့်ရှောက်ရေးအဖွဲ့မှ မဟာသမယ(၇)သုတ်
ရွတ်ဖတ်ကြစဉ်

http://www.dhammadownload.com



ရန်ကုန်မြို့ အလှူရှင်တို့အိမ်၌ မဟာသမယ (၇) သုတ်
ပူဇော်ကြစဉ်



http://www.dhammadownload.com



မန္တလေးမြို့ အလှူရှင်တို့အိမ်၌ မဟာသမယ (၇) သုတ်
ပူဇော်ကြစဉ်



http://www.dhammadownload.com



ရှမ်းပြည်မြောက်ပိုင်း ပန်းဆေးရွာကျောင်းနှင့် ပခုက္ကူမြို့အလှူရှင်အိမ်၌
မဟာသမယ(၇) သုတ် ပူဇော်ကြစဉ်



http://www.dhammadownload.com



တောင်ကြီးမြို့စွဲဌာမုနိလောကချမ်းသာ စေတီနှင့် ရှမ်းပြည်နယ် ဝန်ကြီးချုပ်
နေအိမ်၌ ဩဝါဒစရိယ ဆရာတော်များ မဟာသမယသုတ် ပူဇော်ကြစဉ်



http://www.dhammadownload.com



ရွှေသံလွင်ကုမ္ပဏီရုံးခန်းနှင့် Skynet Studio ၌ဝန်းမော်ဆရာတော်ကြီး
အမှူးပြုသော သံဃာတော်များ မဟာသမယ(၇)သုတ် ပူဇော်ကြစဉ်
(၁၁.၆.၂၀၁၃)



http://www.dhammadownload.com

၄-ကလဟဝိဝါဒသုတ် ပါဠိတော် မှတ်ဖွယ်

ဗဟာသမယသုတ်ကို ဟောတော်မူရာ နတ်ဗြဟ္မာအစည်း အဝေးကြီးသို့ တတ်ရောက်လာကြသော နတ်ဗြဟ္မာ တို့တွင် အချို့သောနတ်တို့သည် ဒေါသစရိုက်ရှိကြကုန်၏၊ ဗြဟ္မာတို့ကမူ လက်ရှိဘဝတွင် ဒေါသစရိုက်မရှိကြသော်လည်း ရှေးဘဝတို့၌ ဒေါသစရိုက်ရှိခဲ့ကြပြီး နောက်ဘဝတို့၌လည်း ဒေါသစရိုက်ဖြစ်ကြ လိမ့်ဦးမည်၊ ယင်းသို့ သော ဒေါသစရိုက် ရှိကြသည့် နတ်ဗြဟ္မာတို့သည် "ကိုယ်ထိလက်ရောက် ခိုက်ရန်ဖြစ်ခြင်း ငြင်းခုံခြင်းစသော ဤတရားဆိုး (၈)ပါးတို့သည် အဘယ်အကြောင်းတရားကြောင့် လောက၌ ဖြစ်ပေါ် နေသနည်း"ဟု ကြံစည်စိတ်ကူး ကြ၏၊ မြတ်စွာဘုရားရှင်သည် ထို နတ်ဗြဟ္မာတို့၏ စိတ်အကြံအစည်ကို သိမြင်တော်မူ၍ ဒေါသ စရိုက်ရှိသော ထို နတ်ဗြဟ္မာတို့ကို ခြီးမြှောက်ခြင်းငှါ နိမိတ ရုပ်ပွား ဘုရားက အမေး+မိမိက အဖြေပြုလျက် ဤကလဟဝိဝါဒသုတ်ကို ဟော တော်မူလေသည်။

http://www.dhammadownload.com

၁။ ကုတောပဟူတာ ဂါထာ (နိမ္မိတဘုရား၏ အမေးဂါထာ)

(၁) *ကုတောပဟူတာ ကလဟာ ဝိဝါဒါ၊
ပရိဒေဝသောကာ သဟမစ္ဆရာ စ။
မာနာတိမာနာ သဟပေသုဏာ စ၊
ကုတောပဟူတာ တေ တဒိယ် ဗြူဟိ။

(၁) ဂေါတမန္တယ်ဖွား ရှင်တော်မြတ်ဘုရား-ခိုက်ရန်ဖြစ်မှုနှင့် ငြင်းခုံမှုတို့သည် အဘယ်အကြောင်းကြောင့် ဖြစ်ပေါ် လာကုန်သနည်း၊ ဝန်တိုမှုနှင့်တကွ ဖြစ်ကုန်သော ငိုကြွေးမှု စိုးရိမ်မှုတို့သည်လည်းကောင်း ချေပစ်ဂုံးတိုက်မှုနှင့်တကွ ဖြစ်ကုန်သော ထောင်လွှားမှု အလွန် ထောင်လွှားမှုတို့သည်လည်းကောင်း ထိုတရားတို့သည် အဘယ် အကြောင်းကြောင့် ဖြစ်ပေါ်လာကုန်သနည်း၊ တောင်းပန်ပါ၏ ထိုအကြောင်းကို ဖြေကြားဟောတော်မူပါလော့-ဟု နိမ္မိတရုပ်ပွား ဘုရားက မေးတော်မူ၏။။

ဤကလဟဝိဝါဒသုတ်တွင် (၁၆)ဂါထာပါရှိ၏၊ ထိုတွင် နိမ္မိတ ရုပ်ပွားဘုရားက (၇)ဂါထာ မေး၍ ပကတိဘုရား ရှင်က (၉)ဂါထာဖြင့် ဖြေဆိုဟောကြားသည်၊ ဤကလဟဝိဝါဒသုတ်၌လည်း ပုရာဘေဒသုတ်ကဲ့သို့ပင် ဘုရားရှင် (၂)ဆူတို့က အမေး+အဖြေ ပြုလျက် ဟောကြားတော်မူကြ၏။ တလှည့်စီမေး+တလှည့်စီ ဖြေခြင်းအားဖြင့် အမေး (၇)ဂါထာ၊ အဖြေ(၉)ဂါထာရှိလာခြင်းဖြစ်၏၊ ထိုတွင် အမေး(၇)ဂါထာတို့မှာ အကြောင်းတရားအဆက်ဆက်ကို မေးမြန်းထားခြင်းဖြစ်၏၊ ၎င်းတို့မှာ-

၁။ ကလဟစသား တရားရှစ်ပါး၏ အကြောင်း၊
၂။ ပိယ, အာသာ, နိဋ္ဌာ-တို့၏ အကြောင်း၊
၃။ ဆန္ဒ, ဝိနိစ္ဆယတို့၏ အကြောင်း၊
၄။ သာတ, အသာတတို့၏ အကြောင်း၊

http://www.dhammadownload.com

၅။ ဖဿ, ပရိဠဟတို့၏ အကြောင်း၊
၆။ ရုပ်ကို ကျော်လွန်နိုင်ခြင်းအကြောင်း၊
၇။ တိတ္ထိတို့အလို သတ္တဝါတို့၏ စင်ကြယ်ကြောင်းတရားတို့ ဖြစ်ကြသည်။

ကုတောပဟူတာ ကလဟာ ဝိဝါဒါ-ဟူသော ပဌမဂါထာမှာ နိမိတ်ရုပ်ပွားဘုရားက ပကတိဘုရားရှင်ကို မေးမြန်းသော အမေးပုစ္ဆာဂါထာဖြစ်သည်၊ ယင်း ကုတောပဟူတာ ကလဟာ ဝိဝါဒါ-ဟူသော ပုစ္ဆာဂါထာဖြင့် --

၁။ ခိုက်ရန်ဖြစ်ခြင်း ကလဟာ၊
၂။ ခိုက်ရန်မဖြစ်ခင် ငြင်းခုံခြင်း ဝိဝါဒ၊
၃။ ငိုကြွေးခြင်း ပရိဒေဝ၊
၄။ စိုးရိမ်ပူဆွေးခြင်း သောက၊
၅။ နှမြောဝန်တိုခြင်း မစ္ဆရိယ၊
၆။ မာန်ထောင်လွှားခြင်း မာန၊
၇။ မိမိကိုယ်ကို အထင်ကြီး၍ သူတပါးကို မထေမဲ့မြင်ပြုခြင်း အတိမာန၊

၈။ ကုန်းတိုက်စကား ပြောကြားခြင်း ပေသုဏ္ဏ-ဟူသော ဤအကုသိုလ်တရား(၈)ပါးတို့သည် အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာကြကုန်သနည်း၊ ဤအကုသိုလ်တရား(၈)ပါးတို့၏ ဖြစ်ကြောင်းတရားကို ဖြေကြား ပေးပါရန် မေးမြန်းခြင်း ဖြစ်သည်။

(လက်ာ) ခိုက်ရန်တစ်ခု၊ ငြင်းခုံပြု၊ ငိုမှုစိုးရိမ်တာ။
ဝန်တိုမာန်တက်၊ ထင်သေးချက်၊
အဖျက်ကုန်းချောတာ။
အကုတရား၊ ဤရှစ်ပါး၊
ဖြစ်ပွားခြင်းကြောင်းဟောပြပါ။

http://www.dhammadownload.com

၂၊ ပိယပွဟူတာ – ဂါထာ (ပကတိဘုရားရှင်၏ အဖြေဂါထာ)

(၂) ပိယပွဟူတာ ကလဟာ ဝိဝါဒါ၊
ပရိဒေဝသောကာ သဟမစ္ဆရာ စ။
မာနာတိမာနာ သဟပေသုဏ္ဏာ စ၊
မစ္ဆေရယုတ္တာ ကလဟာ ဝိဝါဒါ။
ဝိဝါဒလာတေသု စ ပေသုဏ္ဏာနိ။

(၂) နိမိတရုပ်ပွား မြတ်ဘုရား ခိုက်ရန်ဖြစ်မှု၊ ငြင်းခုံမှုတို့သည် ချစ်အပ်သောသတ္တဝါ ချစ်ဖွယ် သက်မဲ့သဒ်ါရဝတ္ထုကြောင့် ဖြစ်ပေါ်လာကုန်၏၊ ဝန်တိုမှုနှင့်တကွဖြစ်ကုန်သော ငိုကြွေးမှု စိုးရိမ်မှုတို့ သည်လည်းကောင်း၊ ချောပစ်ဂုံးတိုက်မှုနှင့်တကွ ဖြစ်ကုန်သောထောင်လွှားမှု၊ အလွန်ထောင်လွှားမှုတို့သည်လည်းကောင်း ချစ်အပ်သောသတ္တဝါ ချစ်ဖွယ်သက်မဲ့သဒ်ါရဝတ္ထုကြောင့် ဖြစ်ပေါ်လာကုန်၏၊ ခိုက်ရန်ဖြစ်မှု ငြင်းခုံမှုတို့သည် ဝန်တိုမှုနှင့် စပ်ယှဉ်ကုန်၏၊ ငြင်းခုံမှုတို့ ဖြစ်ကုန်သည်ရှိသော် ချောပစ်ဂုံးတိုက်မှုတို့ ဖြစ်တတ်ကုန်၏-ဟု ပကတိဘုရားရှင်က ဖြေကြားတော်မူ၏။

ပိယပွဟူတာ ကလဟာ ဝိဝါဒါ-စသောဂါထာမှာ ပကတိဘုရားရှင်က ဖြေကြားသောဂါထာဖြစ်သည်၊ ဂါထာမှ-

ပိယပွဟူတာ-ပါဠိနှင့် ပိယ(၂)မျိုးကား

(၁) သတ္တ - ချစ်အပ်သောပုဂ္ဂိုလ်သတ္တဝါ၊
(၂) သဒ်ါရ - ချစ်ဖွယ်သက်မဲ့
သဒ်ါရဝတ္ထုတို့ဖြစ်၏၊

ဂါထာတွင် (၅)ပါဒပါရှိရာ ရှေ့ပိုင်းသုံးပါဒတို့ဖြင့် ခိုက်ရန်

http://www.dhammadownload.com

ဖြစ်ခြင်း ကလဟစသော အကုသိုလ်တရား(၈) ပါးတို့၏ အကြောင်းကို ပြ၏။ ပိယဖြစ်သည့် ချစ်အပ်သောပုဂ္ဂိုလ်သတ္တဝါနှင့် ချစ်ဖွယ်သက်မဲ့ သခါရဝတ္ထုတို့.ကြောင့် ခိုက်ရန်ဖြစ်ခြင်း ကလဟ-စသော အကုသိုလ် တရား(၈)ပါးတို့. ဖြစ်ပေါ်ကြရ၏-ဟု ဖြေဆိုဟောကြားတော်မူ၏။

မစ္ဆေရယုတ္တာ ကလဟာ ဝိဝါဒါ-ဟူသောစတုတ္ထပါဒဖြင့် နှမြောဝန်တိုခြင်းမစ္ဆေရသည် ကလဟ ဝိဝါဒ (၂)ပါးတို့၏ အကြောင်းဖြစ်ရုံမက ပရိဒေဝ သောက မာန အတိမာန ပေသုဏ္ဏတို့၏အကြောင်းလည်းဖြစ်သည်ကိုပြ၏၊ ကလဟနှင့် ဝိဝါဒကိုသာဦးစားပေး၍ ပဓာနနည်းအားဖြင့် ဖြေထားခြင်းဖြစ်၏။ ထို့အပြင် ပိယဝတ္ထု (ချစ်အပ်သောပုဂ္ဂိုလ်-ချစ်ဖွယ်သခါရဝတ္ထု) သည် ကလဟဝိဝါဒ စသည်တို့၏ အကြောင်းဖြစ်သလို မစ္ဆရိယသည်လည်း ကလဟဝိဝါဒစသည်တို့၏ အကြောင်းဖြစ်သည်ကိုပင် ပြ၏။ သို့ဖြစ်၍ ကလဟဝိဝါဒ စသော အကုသိုလ်တရား(၈) ပါးတို့၏ အကြောင်းတို့မှာ-

၁။ ပိယ-ချစ်အပ်သောပုဂ္ဂိုလ်၊ ချစ်ဖွယ်ဝတ္ထု

၂။ မစ္ဆရိယ-နှမြောဝန်တိုမှုတို့ဖြစ်ကြ၏။

ဝိဝါဒဏ္ဍတေသု စ ပေသုဏ္ဏာနိ-ဟူသောပဒမပါဒဖြင့် မစ္ဆရိယသည် ကလဟဝိဝါဒစသည်တို့၏အကြောင်းဖြစ်သကဲ့သို့ ဝိဝါဒ-ငြင်းခုံခြင်းသည် ချောပြစ်ကုန်းတိုက်ခြင်း ပေသုဏ္ဏ၏အကြောင်းဖြစ်သည်ကိုလည်း ပြသည်။

မစ္ဆေရယုတ္တာ ကလဟဝိဝါဒါတိ ဣမိနာ ကလဟဝိဝါဒါဒီနံ ပိယဝတ္ထုမေဝ၊ မစ္ဆရိယမ္ပိ ပစ္စယံ ဒသ္သေတိ ကလဟဝိဝါဒသိသေန စေတ္ထ သဗ္ဗေပိ တေဓမ္မာ ဝုတ္တာတိ ဝေဒိတဗ္ဗာ။

ယထာ စ ဧတေသံ မစ္ဆရိယံ၊ တထာ ပေသုဏ္ဏာနဉ္စ ဝိဝါဒံ၊ တေနာဟ ဝိဝါဒဏ္ဍတေသုစ ပေသုဏ္ဏာနိတိ။ (သုတ္တနိပါတဋ္ဌကထာ ၂၆၆)

http://www.dhammadownload.com

(လက််ာ)ချစ်ဖွယ်မှီငြား၊ ယင်းရှစ်ပါး၊ ဖြစ်ပွားနေကြသည်။
(ကာမဘုံသား၊ နတ်လူများတို့၊ ကောင်းစားပြည့်ဝ၊ ဘေးရန်ပ-လျက်၊
အေးမြချမ်းသာ၊ နေလိုပါလည်း၊ ဣသာမစ္ဆေ၊ သူရှုပ်ပွေ၍၊
ထင်ချေမကျ၊ ဆင်းရဲရတည်း။)

ခိုက်ရန်တစ်ခို၊ ငြင်းခုံဆို၊ ဝန်တိုနှင့်လဲ သက်ဆိုင်သည်။
ငြင်းခုံဖြစ်ငြား၊ ကုန်းစကား၊ ပြောကြားတတ်ချေသည်။



၃။ ပိယာသု လောကသွီ-ဂါထာ (နိမ္မိတဘုရား၏ အမေးဂါထာ)

(၃) ပိယာ သု လောကသွီ ကုတောနိဒါနာ၊
ယေ စာပိ လောဘာ ဝိစရန္တိ လောကေ။
အာသာ စ နိဋ္ဌာ စ ကုတောနိဒါနာ၊
ယေ သမ္ပရာယာယ နရဿ ဟောန္တိ။

(၃) လောက၌ ချစ်အပ်သောသတ္တဝါချစ်ဖွယ် သက်မဲ့သင်္ခါရ ဝတ္ထုတို့သည် အဘယ်လျှင်အကြောင်းရှိပါကုန်သနည်း၊ အကြင်မင်းပုဏ္ဏားစသောသူတို့သည်လည်း လိုချင်မှု 'လောဘ'ရှိကုန်သည်ဖြစ်၍ လောက၌သွားလာနေထိုင်ကုန်၏၊ (ထိုသူတို့၏) လိုချင်မှု 'လောဘ'သည်လည်း အဘယ်လျှင်အကြောင်းရှိပါသနည်း၊ အကြင်တောင့်တမှု၊ ပြည့်စုံမှုတို့သည် နတ်,လူပုဂ္ဂိုလ်,သတ္တဝါအား,အားထားမှီခိုရန်ဖြစ်ကုန်၏၊ ထိုတောင့်တမှုပြည့်စုံမှုတို့သည် အဘယ်လျှင်အကြောင်းရှိပါကုန်သနည်း-ဟု နိမ္မိတရုပ်ပွားဘုရားကမေးတော်မူ၏။

ပိယာသု လောကသွီ ကုတော နိဒါနာစသော-ဂါထာဌာ

http://www.dhammadownload.com

နိမိုတရုပ်ပွားဘုရားက (၂)ကြိမ်မြောက်မေးမြန်းသောပုစ္ဆာဂါထာဖြစ်၏၊ ယင်း ပိယာသု လောကသို့ ကုတော နိဒါနာ-စသောဂါထာဖြင့် မေးခွန်း (၃)ခုကိုမေးတော်မူ၏၊ မေးခွန်း(၃)ခုတို့မှာ-

၁။ ပိယာသု လောကသို့ ကုတော နိဒါနာ-ပါဠိဖြင့် ယခင်ဂါထာ၏အဖြေဖြစ်သော ချစ်အပ်သောသတ္တဝါ၊ ချစ်ဖွယ်သက်မဲ့သခီါရဝတ္ထုဟုဆိုအပ်သောပိယသည် ဘာ့ကြောင့်ဖြစ်ပါသလဲ၊

၂။ ယေစာပိ လောဘာ ဝိစရန္တိ လောကေ-ပါဠိဖြင့် လို ချင်မှုလောဘရှိကုန်သည်ဖြစ်၍ လောကဌ်သွားလာနေထိုင်ကြကုန်သောသူတို့၏နှစ်သက်လိုချင်မှုလောဘသည်လည်းဘာကြောင့်ဖြစ်ပါသလဲ၊

၃။ အာသာစ နိဋ္ဌာစ ကုတော နံဒါနာ ယေသမ္ဘရာယာယ နရဿ ဟောန္တိ-ဟူသောနောက်ဆုံး(၂)ပါဒဖြင့် သတ္တဝါတို့၏မှီခိုအားထားရာဖြစ်သော လာဘ်ရမှု,အခြံအရံများမှု,အချီးမွမ်းခံရမှု,ချမ်းသာမှုဖြစ်သော အကျိုးစီးပွားတို့၌ တောင့်တခြင်း အာသာ၊ တောင့်တသည့်အတိုင်း ပြီးစီးပြည့်စုံခြင်းနိဋ္ဌာတို့သည်လည်း အဘယ်အကြောင်းကြောင့် ဖြစ်ပါသနည်းဟုမေးမြန်းခြင်းဖြစ်သည်။

အာသာနှင့် နိဋ္ဌာ

အာသာ-ဟူသည် တောင့်တမျှော်လင့်ခြင်း တဏှာ ဖြစ်သည်၊

နိဋ္ဌာ-ဟူသည် တောင့်တမျှော်လင့်သည့် အတိုင်း ပြီးစီးပြည့်စုံခြင်းပင်ဖြစ်သည်၊

အာသာ ဝုစ္စတိ တဏှာ၊ အာသာယ သမိဒ္ဓိ ဝုစ္စတေ နိဋ္ဌာ၊

(မဟာနိဒ္ဒေသ)

http://www.dhammadownload.com

(လက်ာ) ချစ်ဖွယ်တို့ကား၊ ဘယ်ကြောင်းအား၊
မှီငြားဖြစ်သနည်း၊
လောဘကြောင့်ပေ၊ လှည့်လည်နေ၊
လူတွေလောဘဘယ့်ကြောင့်နည်း၊
လူ၏မှီရာ၊ အကျိုးမှာ၊
အာသာပြီးစီး ဘယ့်ကြောင့်နည်း။

❀ ❀ ❀ ❀ ❀

၄။ ဆန္ဒာနိဒါနာနိဂါထာ (ပကတိဘုရားရှင်၏အဖြေဂါထာ)

(၄) ဆန္ဒာနိဒါနာနိ ပိယာနိ လောကေ၊
ယေ စာပိ လောဘာ ဝိစရန္တိ လောကေ။
အာသာ စ နိဋ္ဌာ စ ဣတောနိဒါနာ၊
ယေ သမ္ဖရာယာယ နရဿ ဟောန္တိ။

(၄) လောက၌ ချစ်အပ်သော သက်ရှိသက်မဲ့ အရာဝတ္ထုတို့သည်လိုချင်နှစ်သက်မှု ကာမစ္ဆန္ဒလျှင်အကြောင်းရှိကုန်၏၊ အကြင်သူတို့သည် လိုချင်မှု 'လောဘ' ရှိကုန်သည်ဖြစ်၍ လောက၌သွားလာနေထိုင်ကြကုန်၏၊ ထိုသူတို့၏ထိုလောဘသည်လည်း ကာမစ္ဆန္ဒလျှင်အကြောင်းရှိ၏၊ အကြင်တောင့်တမှုပြည့်စုံမှုတို့သည် လူပုဂ္ဂိုလ်အား,အားထားမှီခိုရန်ဖြစ်ကုန်၏၊ ထိုတောင့်တမှု ပြည့်စုံမှုတို့သည်လည်း ဤ (ကာမစ္ဆန္ဒ)လျှင် အကြောင်းရှိကုန်၏-ဟု ပကတိဘုရားရှင်က ဖြေကြား[illegible]းတော်မူ၏။

http://www.dhammadownload.com

ဆန္ဒာနိဒါနာနိ-၌ ဆန္ဒ(၅)မျိုး

ဆန္ဒာနိဒါနာနိစသော ဂါထာမှာ ပကတိဘုရားရှင်ကဖြေကြားသော ဂါထာဖြစ်၏၊ နိမ္မိတရုပ်ပွားမေးသော အမေးပုစ္ဆာ (၃)ချက်စလုံး၏အဖြေမှာ ကာမဂုဏ်တို့၌ လိုချင်နှစ်သက်မှုကာမစ္ဆန္ဒပင်ဖြစ်သည်၊ ကာမစ္ဆန္ဒဟူသည်မှာလည် ရာဂ,တဏှာ,လောဘတို့ပင်ဖြစ်သည်၊ မဟာနိဒ္ဒေပါဠိတော်၌ ဆန္ဒကို(၅)မျိုး ခွဲခြားပြထားပုံမှာ-

၁။ ပရိယေသနစ္ဆန္ဒ-ရှာဖွေစုဆောင်းလိုလားသည့်တဏှာ၊

၂။ ပဋိလာဘစ္ဆန္ဒ- ရှာဖွေသည့်အတိုင်း ရထားသည်ကို သာယာနှစ်သက်သောတဏှာ၊

၃။ ပရိဘောဂစ္ဆန္ဒ- သုံးဆောင်ခံစားရသည်ကို သာယာနှစ်သက်သောတဏှာ၊

၄။ သန္နိဓိစ္ဆန္ဒ- သိုမှီးသိမ်းဆည်းထားရသည်ကို သာယာနှစ်သက်သောတဏှာ၊

၅။ ဝိသဇ္ဇနစ္ဆန္ဒ- စီးပွားရေးလုံခြုံရေးအတွက် အလုပ်သမားလခစသည် စွန့်လွှတ်ထုတ်ပေးရသည်ကို သာယာနှစ်သက်သောတဏှာတို့ဖြစ်သည်။

တနည်းဆန္ဒ(၂)မျိုး ဟူသော်ကား

၁။ ဒါနစသော ကုသိုလ်ကောင်းမှုကို ပြုလိုသော ဆန္ဒမင်္ဂိုလ်နိဗ္ဗာန်ကို ရလိုရောက်လိုသောဆန္ဒသည် ကုသလစ္ဆန္ဒ (ဓမ္မစ္ဆန္ဒ)မည်၏။

၂။ လောကီအာရုံ ကာမဂုဏ်တို့ကိုလိုလားနှစ်သက်သောဆန္ဒသည် အကုသလစ္ဆန္ဒမည်၏၊

ဤဆန္ဒ(၂)မျိုးတို့တွင် ဆန္ဒာနိဒါနာနိ ပိယာနိ-ဟူသော ဤကလဟဝိဝါဒသုတ်၌ဆန္ဒဟူသည်ပယ်ရ မည့်အကုသိုလ်ဆန္ဒကို ဆိုလိုသည်။

http://www.dhammadownload.com

ဆန္ဒောတိ ယော ကာမေသု ကာမစ္ဆန္ဒော ကာမရာဂေါ ကာမ နန္ဒီ ကာမတဏှာ (မဟာနိဒ္ဒေသ)

(လက်ာ) ချစ်ဖွယ်လောဘ၊ ထိုနှစ်ဝ၊ ဆန္ဒလိုချင်မှုကြောင့်ပင်၊ လူ၏မှီရာ၊အကျိုးမှာ၊အာသာပြီးကြောင်းလည်းကောင်းပင်။



၅။ ဆန္ဒောနု ဂါထာ (နိမ္မိတဘုရားရှင်၏အမေးဂါထာ)

(၅) ဆန္ဒော နု လောကသ္မိံ ကုတောနိဒါနော၊
ဝိနိစ္ဆယာ စာပိ ကုတောပဟူတာ။
ကောဓော မောသဝဇ္ဇဉ္စ ကထံကထာ စ၊
ယေ ဝါပိ ဓမ္မာ သမဏေန ဝုတ္တာ။

(၅) လောက၌ လိုချင်နှစ်သက်မှုကာမစ္ဆန္ဒသည် အဘယ်လျှင် အကြောင်းရှိသနည်း၊ ချစ်စရာပဲမည်သို့ပြုရမည်စသည်ကို (တဏှာဒိဋ္ဌိဖြင့်) ဆုံးဖြတ်ခြင်းတို့သည်လည်း အဘယ်ကြောင့်ဖြစ်ကုန်သနည်း၊ အမျက်ထွက်မှု မုသားစကားပြောဆိုမှု သို့လော သို့လောဟု တွေးတောယုံမှားမှုတို့သည်၄င်း၊ မြတ်စွာဘုရားရှင်သည် ဟောအပ်ကုန်သောကောဓစသည်နှင့်ယှဉ်သောတရား၊ ကောဓစသည်မှတပါး အခြားအကုသိုလ်တရားတို့သည်၄င်း၊ အဘယ့်ကြောင့် ဖြစ်ကုန်သနည်း-ဟု နိမ္မိတရုပ်ပွား ဘုရားကမေးတော်မူ၏။

ဆန္ဒောနု လောကသ္မိံ ကုတော နိဒါနာစသော-ဂါထာမှာ နိမ္မတရုပ်ပွားဘုရားက (၃)ကြိမ်မြောက်မေးမြန်းသော ပုစ္ဆာဂါထာဖြစ်၏၊ ယင်း ဆန္ဒောနုစသောဂါထာဖြင့် မေးခွန်း(၃)မျိုးကိုမေးတော်မူ၏၊

http://www.dhammadownload.com

၄င်းမေးခွန်း(၃)မျိုးတို့မှာ-

၁။ ဆန္ဒောနု လောကသ္မိ ကုတော နိဒါနာ-ပါဠိဖြင့် (ယခင်ဂါထာ၏အဖြေဖြစ်သော) လိုချင်နှစ်သက်မှုတရားဆန္ဒသည် ဘာကြောင့်ဖြစ်ပါသလဲ၊

၂။ ဝိနိစ္ဆယာစာပိ ကုတော ပဟူတာပါဠိဖြင့် ချစ်စရာပဲ မည်သို့ပြုရမည်စသည်ကို တရားဒီဋ္ဌတို့ဖြင့် ဆုံးဖြတ်ချက်ချခြင်းတို့သည်လည်း ဘာကြောင့်ဖြစ်ပါသလဲ၊

၃။ နောက်ပါဒတို့ဖြင့် အမျက်ထွက်ခြင်း ဒေါသ,လိမ်လည်ပြောဆိုခြင်း မုသာဝါဒ,ယုံမှားသံသယဖြစ်ခြင်း ဝိစိကိစ္ဆာနှင့်သမ္ပယုတ် တရားအခြားကုသိုလ်တရားတို့သည်လည်း ဘာကြောင့်ဖြစ်ကြပါသလဲ-ဟု မေးမြန်းခြင်းဖြစ်သည်။

ဝိနိစ္ဆယာစာပိ-ပါဠိနှင့် ဝိနိစ္ဆယ(၂)မျိုး

ချစ်စရာပဲ၊ မုန်းစရာပဲမည်သို့ပြုရမည်စသည်ဖြင့် ဆုံးဖြတ်ချက်ချခြင်းကို ဝိနိစ္ဆယ-ဟုခေါ်၏၊ ထိုဝိနိစ္ဆယသည် ၁-တရားဝိနိစ္ဆယ၊ ၂-ဒိဋ္ဌဝိနိစ္ဆယအားဖြင့် (၂)ပါးရှိလေသည်၊ (မဟာနိဒ္ဒေသ-၂၀၅)

ဤဂါထာတွင် မောသဝဇ္ဇ-ဟူသည် လိမ်ညာစကားပြောကြားခြင်း မုသာဝါဒဖြစ်သည်၊ ကထံကထာ-ဟူသည် သို့လောသို့လော တွေးတောယုံမှားခြင်း ဝိစိကိစ္ဆာဖြစ်သည်၊ ယေဝါပိ ဓမ္မာ သမဏောန ဝုတ္တာ-ပါဠိဖြင့်ကား-ကောဓ(ဒေါသ) စသည်နှင့်ယှဉ်သော သမ္ပယုတ်တရားတို့ကိုဌင်း၊ ကောဓ-စသည်မှတပါးအခြား အကုသိုလ်တရားတို့ကိုဌင်း-ယူရသည်။

(လင်္ကာ)ဆန္ဒဆိုတာ၊ ဖြစ်ပေါ်လာ၊ ဘယ်ဟာကြောင့်ပါနည်း၊
ဆုံးဖြတ်မှုဟာ၊ ဘယ်ကြောင်းမှာ၊ မှီကာဖြစ်သနည်း၊
အမျက်ထွက်ခြား၊ လိမ်စကား၊ ယုံမှားဘယ့်ကြောင့်
ဖြစ်သနည်း။

http://www.dhammadownload.com

၆။ သာတံ အသာတန္တိ-ဂါထာ (ပကတိဘုရားရှင်၏အဖြေဂါထာ)

(၆) သာတံ အသာတန္တိ ယမာဟု လောကေ၊
တမ္မူပနိဿာယ ပဟောတိ ဆန္ဒော။
ရူပေသု ဒိဿာ ဝိဘဝံ ဘဝဉ္စ၊
ဝိနိစ္ဆယံ ကုဗ္ဗတိ ဇန္တု လောကေ။

(၆) လောက၌အကြင်အကောင်းအဆိုး သဘောတရားကို သာယာဖွယ် သဘောတရား မသာယာဖွယ် သဘောတရား ဟူ၍ ဆိုကုန်၏၊ ထိုသာယာဖွယ် သဘောတရားဖြစ်သော သုခဝေဒနာနှင့် ဣဋ္ဌာရုံ၊ မသာယာဖွယ် သဘောတရားဖြစ်သော ဒုက္ခဝေဒနာနှင့် အနိဋ္ဌာရုံကို အမှီပြု၍ လိုချင် နှစ်သက်မှု ကာမစ္ဆန္ဒဖြစ်၏၊ လောက၌ သတ္တဝါသည် ရုပ်ဝတ္ထုတရားတို့၌ ပျက်ခြင်းကိုလည်းကောင်း ဖြစ်ပွားခြင်းကိုလည်းကောင်း တွေ့မြင်၍ (တဏှာဒိဋ္ဌိဖြင့်) ဆုံးဖြတ်ခြင်းကို ပြု၏။

(လင်္ကာ) သာယာစဖွယ်၊ ရွှံမုန်းဖွယ်၊ မှီတွယ်ဆန့်ဖြစ်ပေါ်သည်၊
ရုပ်ဝတ္ထုတွင်၊ ဖြစ်ပျက်မြင်၊ လိုချင်စွဲမက်၊ ဆုံးဖြတ်သည်။



၇။ ကောဓော မောသဝဇ္ဇဉ္စ-ဂါထာ (ပကတိဘုရားရှင်၏အဖြေ ဂါထာ)

(၇) ကောဓော မောသဝဇ္ဇဉ္စ ကထံကထာ စ၊
ဧတေပိ ဓမ္မာ ဒွယမေဝ သန္တော။
ကထံကထီ ဉာဏပထာယ သိက္ခေ၊
ဥတ္တာ ပဝုတ္တာ သမဏေန ဓမ္မာ။

(၇) အမျက်ထွက်မှု မုသားစကားပြောဆိုမှု သို့လော သို့လော တွေးတောယုံမှားမှုဟူသော ဤအကုသိုလ်တရားတို့သည်လည်း

http://www.dhammadownload.com

သာယာဖွယ်တရား မသာယာဖွယ်တရား ဤနှစ်ပါးရှိသော်သာလျှင် ဖြစ်ကုန်၏၊ မြတ်စွာဘုရားတည်းဟူသော ရဟန်းမြတ်သည် ကိုယ်တိုင် သိတော်မူ၍ တရားတို့ကို ဟောတော်မူရကား သို့လော သို့လော တွေးတောယုံမှားမှုရှိသူသည် ဉာဏ်အမြင်ကို ရစိမ့်သောငှါ သိက္ခာသုံးပါးတို့ကို ဘုရားရှင်ညွှန်ပြသည့်အတိုင်း ကျင့်ရာ၏-ဟု ပကတိဘုရားရှင်က ဖြေကြားတော်မူ၏။

သာတံ အသာတန္တိ ယမာဟု လောကေ-စသောဂါထာ ကောမော မောသဝဇ္ဇေ ကထံ ကထာစ-စသော ဂါထာ ဤ(၂) ဂါထာတို့ကား ပကတိဘုရားရှင်က ဖြေကြားသောဂါထာတို့ဖြစ်ကြ၏၊ ထို(၂)ဂါထာတွင် သာတံ အသာတန္တိ ယမာဟု လောကေ-ဟူသော ပထမဂါထာဖြင့် ဆန္ဒ၏အကြောင်းနှင့် ဝိနိစ္ဆယ၏အကြောင်းတို့ကို ဖြေပြသည်၊ ကောမော မောသ ဝဇ္ဇေ ကထံ ကထာစ-ဟူသော ဒုတိယဂါထာဖြင့် ကောဓ(ဒေါသ)စသည်တို့၏အကြောင်းကို ဖြေပြသည်။

ပထမအဖြေဂါထာတွင် သာတံ အသာတန္တိစသော ရှေ့(၂)ပါဒဖြင့် လိုချင်နှစ်သက်မှု တဏှာ,ဆန္ဒသည် ဘာကြောင့် ဖြစ်ပါသလဲဟု မေးသော ဆန္ဒော နု လောကသ္မိံ ကုတော နိဒါနာ-ဟူသော အမေး၏အဖြေကိုပြသည်၊ အဖြေမှာ လိုချင်နှစ်သက်မှု တဏှာဆန္ဒသည် သာတ, အသာတ-ဟုဆိုအပ်သော သာယာနှစ်သက်ဖွယ် သုခဝေဒနာ ဣဋ္ဌာရုံနှင့် မသာယာ မနှစ်သက်ဖွယ် ဒုက္ခဝေဒနာ အနိဋ္ဌာရုံ ကြောင့်ဖြစ်ရသည်-ဟု ဆိုလိုသည်၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာမှ ဝေဒနာပစ္စယာ တဏှာ-ဝေဒနာကြောင့် တဏှာဖြစ်ရ၏-နှင့် အတူတူပင် ဖြစ်သည်။

ရူပေသု ဒိဿာ-စသော နောက်(၂)ပါဒဖြင့် တဏှာ ဒိဋ္ဌိတို့ဖြင့် ဆုံးဖြတ်ချက်ချခြင်းတို့သည် ဘာကြောင့်ဖြစ်ပါသလဲ-ဟု မေးသော ဝိနိစ္ဆယာစာပိ ကုတော ပဟူတာ-ဟူသော အမေး၏အဖြေကိုပြသည်၊

http://www.dhammadownload.com

အဖြေမှာ ရုပ် ဝတ္ထုတရားတို့၌ ဖြစ်ပွားခြင်း ပျက်စီးခြင်းကို မြင်တွေ့ရသောကြောင့် တဏှာ ဒိဋ္ဌိတို့ဖြင့် ဆုံးဖြတ်ချက်ချခြင်းကို ပြုရသည်ဟုဆိုလိုသည်၊

တမူပ နိဿာယ ပဟောတိ ဆန္နော-ဠွ မှတ်ဖွယ်

ဤပထမဂါထာမှ သာတ အသာတ-ဟူသည် သာယာဖွယ်ဖြစ်သော သုခဝေဒနာနှင့် ကွာခြားရုံသည် သာတမည်၏၊ မသာယာဖွယ်ဖြစ်သော ဒုက္ခဝေဒနာနှင့် အနီးကပ်ရုံသည် အသာတမည်၏၊ ထိုသာယာဖွယ် သာတ(၂)မျိုးနှင့် အတူ တွဲချင်သော သံယောဂ, ထိုသာတ(၂)မျိုးကို လိုလားတောင့်တသော ပတ္ထနာ၏အစွမ်းအားဖြင့် တဏှာဆန္ဒဖြစ်ရသည်။

ထိုမသာယာဖွယ် အသာတ(၂)မျိုးနှင့် မတွဲချင် မပတ်သက်ချင်သော ဝိယောဂ, ထိုအသာတ(၂)မျိုးမှ လွတ်မြောက် လိုသော ပတ္ထနာ၏အစွမ်းအားဖြင့် တဏှာ ဆန္ဒဖြစ်ရသည်ဟုဆိုလိုသည်။

သံယောဂ ဝိယောဂ ပတ္ထနာဝသေန ဆန္နော ဟောတိ။

(သုတ္တနိပါတဋ္ဌကထာ၊ ၂။ ၂၆၇)

ကောဓော မောသဝဇ္ဇဉ္စ ကထံကထာစ ဟူသော ဒုတိယ အဖြေဂါထာဖြင့် အမျက်ထွက်ခြင်းဒေါသ, လိမ်လည်ပြောဆိုခြင်း မုသာဝါဒ, ယုံမှားသံသယဖြစ်ခြင်း ဝိစိကိစ္ဆာ အကုသိုလ်တရားတို့သည် ဘာကြောင့် ဖြစ်ကြပါသလဲ ဟုမေးသော ကောဓော မောသဝဇ္ဇဉ္စ ကထံ ကထာစ စသော အမေး၏ အဖြေကိုပြသည်၊ အဖြေမှာ အမျက်ထွက်ခြင်း လိမ်ခြင်း ယုံမှားသံသယဖြစ်ခြင်း ဤအကုသိုလ်တရားတို့သည်လည်း သာယာဖွယ် မသာယာဖွယ်ဟူသော သာတ အသာတ ကြောင့်ပင်ဖြစ်ရသည်-ဟုဆိုလိုသည်။

http://www.dhammadownload.com

ကထံကထိ ဉာဏပထာယ ပါဠိ၌ ဉာဏပထ (၃) မျိုးကား ၁။ဉာဏ်ပညာ ၂။ ဉာဏ်၏အာရုံအကြောင်း ၃။ ဉာဏ်နှင့် တကွဖြစ်သော သမ္မယုတ်တရားတို့ဖြစ်သည်။ (မဟာနိဒ္ဒေသ၊၂၀၈)

(လင်္ကာ) အမျက်ထွက်ငြား၊ လိမ်စကား၊ ယုံမှားကျိသုံးမည်။
သာယာမုန်းဖွယ်၊ ထိုနှစ်သွယ်၊ မှီတွယ်ဖြစ်ပွါးသည်။
ယုံမှားသူဟာ၊ မြတ်ဗုဒ္ဓါ၊ ဟောတာသိအောင်ကျင့်ရမည်။

❀ ❀ ❀ ❀ ❀

၈။ သာတံ အသာတဉ္စ-ဂါထာ
(နိမ္မိတဘူရားရှင်၏အမေး ဂါထာ)

(၈) သာတံ အသာတဉ္စ ကုတောနိဒါနာ၊
ကိသ္မိ အသန္တေ န ဘဝန္တိ ဟေတေ။
ဝိဘဝံ ဘဝဉ္စာပိ ယမေတမတ္ထံ၊
ဧတံ မေ ပဗြူဟိ ယတောနိဒါနံ။

(၈) သာယာမှု သုခဝေဒနာနှင့် မသာယာမှုဒုက္ခဝေဒနာသည် အဘယ်လျှင် အကြောင်း ရှိပါကုန်သနည်း၊ အဘယ်တရား မရှိလတ်သော် ဤသာယာမှု မသာယာမှုတို့သည် မဖြစ်ပါကုန်သနည်း၊ ဝိဘဝဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိလည်း ဖြစ်သော ဘဝဒိဋ္ဌိ သဿတဒိဋ္ဌိလည်း ဖြစ်သော အကြောင်ပြတ်စဲခြင်း အယူတည်မြဲခြင်းအယူ-ဟူသော သဘောတရားသည်လည်း အကြောင်အကြောင်း ကြောင့် ဖြစ်၏၊ ထိုအကြောင်းကြောင့်ဖြစ်သော ထိုသဘောတရားကို နိမ္မိတရုပ်ပွား ဘုရားဖြစ်သော အကျွန်ုပ်အား ဟောကြားတော်မူ ပါလော့-ဟု နိမ္မိတရုပ်ပွား ဘုရားက မေးတော်မူ၏။

http://www.dhammadownload.com

သာတံ အသာတဥ္စ ကုတော နိဒါနာစသော ဂါထာမှာ နိမိတ္တ ရုပ်ပွားဘုရားက(၄) ကြိမ်မြောက်မေးမြန်းသော အမေးဂါထာဖြစ်၏၊ ယင်းသာတံ အသာတဥ္စ စသောဂထာဖြင့် မေးခွန်း (၃)မျိုးကို မေးတော်မူ၏ မေးခွန်း(၃) မျိုးတို့မှာ-

၁။ သာတံ အသာတဥ္စ ကုတော နိဒါနာ ပါဠ်ဖြင့် (ယခင်အဖြေ ဂါထာ၏ အဖြေဖြစ်သော) သာယာဖွယ် သုခဝေဒနာ မသာယာဖွယ် ဒုက္ခဝေဒနာ သာတ အသာတ တို့သည် အဘယ်အကြောင်းကြောင့် ဖြစ်ကြပါသလဲ။

၂။ ကိသ္မိ အသန္တေ နု ဘဝန္တိ ဟေတေ ပါဠ်ဖြင့် အဘယ်တရား မရှိလတ်သော် ထို သာယာဖွယ် မသာယာဖွယ် သာတ အသာတတို့သည် အဖြစ်ပဲရှိကြပါသနည်း။

၃။ ဝိဘဝံ ဘဝဥ္စာပိ စသော နောက်(၂)ပါဒတို့ဖြင့် တည်မြဲ အယူဖြစ်သော ဘဝဒိဋ္ဌိ သဿတဒိဋ္ဌိ၊ ပြတ်စဲအယူဖြစ်သော ဝိဘဝဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတို့သည် အဘယ်အကြောင်းကြောင့် ဖြစ်ကြပါသနည်း ဟုမေးမြန်းခြင်းဖြစ်သည်။

ဝိဘဝံ ဘဝဥ္စာပိ ယမေတ မတ္ထံ-ဥ္စ မုတ်ဖွယ်

ဤဂါထာပါဒ၌ သာတ အသာတဝေဒနာတို့၏ဖြစ်ခြင်း တည်မြဲခြင်း အယူဘဝဒိဋ္ဌိ သဿတဒိဋ္ဌိကို ဘဝဟုခေါ်သည်၊ သာတ အသာတဝေဒနာတို့၏ ကုန်ခြင်း ပြတ်စဲခြင်းအယူ ဝိဘဝဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိကို "ဝိဘဝ"ဟုခေါ်သည်။

ဇတ္ထစ သာတာသာတာနံ ဝိဘဝ ဘဝဝတ္ထုကာ ဝိဘဝ ဘဝဒိဋ္ဌိယော ဧဝ ဝိဘဝ ဘဝါတိ အတ္ထတော ဝေဒိတဗ္ဗာ။

(သုတ္တနိပါတဋ္ဌကထာ-၂၊ ၂၆၈)

ဘဝဒိဋ္ဌိပိ ဖဿနိဒါနာ၊ ဝိဘဝဒိဋ္ဌိပိ ဖဿနိဒါနာ။

(မဟာနိဒ္ဒေသ-၂၁၂)

http://www.dhammadownload.com

(လက်ာ) သာယာမုန်းဖွယ်၊ ဤနှစ်သွယ်၊
အာဘယ်ကြောင်းကြောင့်ဖြစ်သနည်း၊
တည်မြဲပြတ်စဲ၊ ယူအစွဲ၊
ဒါလဲဘယ်ကြောင်းကြောင့်ပါနည်း။



၉။ ပဿ နိဒါနံ ဂါထာ (ပကတိဘုရားရှင်၏အဖြေ ဂါထာ)

(၉) ဖဿနိဒါနံ သာတံ အသာတံ၊
ဖဿေ အသန္တေ နာ ဘဝန္တိ ဟေတေ။
ဝိဘဝံ ဘဝဆွာပိ ယမေတမတ္ထံ၊
ဧတံ တေ ပဗြူမိ ကွတောနိဒါနံ။

(၉) သာယာမှုသုခဝေဒနာနှင့် မသာယာမှုဒုက္ခဝေဒနာသည် တွေ့ထိမှု 'ဖဿ'လျှင် အကြောင်းရှိ၏၊ တွေ့ထိမှု 'ဖဿ' မရှိလတ်သော် ဤသာယာဖွယ် မသာယာဖွယ်တရားတို့ မဖြစ်ကုန်၊ ပြတ်စဲခြင်း တည်မြဲခြင်းဟူသော အကြင်သဘောတရား ဉစ္ဆေဒဒိဋ္ဌိ သဿတဒိဋ္ဌိသည် ရှိ၏၊ ထိုသဘောတရားကို တွေ့ထိမှု 'ဖဿ'လျှင် အကြောင်းရှိ၏ဟူ၍ သင်နိမ္မိတရုပ်ပွား ဘုရားအား ငါဘုရားဟော၏-ဟု ပကတိဘုရားရှင်က ဖြေကြားတော်မူ၏။

ဖဿ နိဒါနံ သာတံ အသာတံ-စသောဂါထာမှာ ပကတိဘုရားရှင်က ဖြေကြားသောဂါထာဖြစ်၏၊ နိမ္မိတရုပ်ပွား ဘုရားမေးသော မေးခွန်း(၃)မျိုးစလုံး၏ အဖြေမှာ- အာရုံကို တွေ့တိမှု ဖဿကြောင့် ဖြစ်ရသည်။

ဤဂါထာတွင် သာတံ အသာတံ-ပုဒ်တို့အရ ကွဌာရုံ အနိဋ္ဌာရုံတို့ကို မယူတော့ပေ၊ ၁-သုခဝေဒနာ၊ ၂-ဒုက္ခဝေဒနာ၊ ၃-

http://www.dhammadownload.com

အဒုက္ခမသုခဝေဒနာ(ဥပေက္ခာဝေဒနာ)ဟူသော ဝေဒနာ(၃)ပါးကိုသာ ယူရ၏။ (မဟာနိဒ္ဒေသ-၂၁၁)

ကျမ်းညီနှိုင်းပြခြင်း

ဖဿ နိဒါနံ သာတံ အသာတံ-သာယာမှု မသာယာမှု သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာသည် ဖဿလျှင် အကြောင်းရှိ၏၊ (ဝါ) ဖဿကြောင့်ဖြစ်၏-ဟူသော ဤကလဟဝိဝါဒ သုတ်စကားသည် "ဖဿပစ္စယာ ဝေဒနာ" (ဖဿဟူသော အကြောင်းကြောင့်) ဝေဒနာဖြစ်၏-ဟူသော ပဋိစ္စသမုပ္ပါဒ်ဒေသနာနှင့် အတူတူပင်ဖြစ်သည်။

ထို့အပြင် ဝိဘင် ဘဝင္ဂါပိ ယမေတမတ္ထံ၊ ဧတံ မေ ပဖြူမိ ဤတော နိဒါနံ-ဝိဘင်ဒီဋ္ဌ ဥစ္ဆေဒဒီဋ္ဌနှင့် ဘဝဒီဋ္ဌ သဿတဒီဋ္ဌသည်လည်း ဖဿကြောင့်ပင်ဖြစ်၏-ဟူသော ဤကလဟဝိဝါဒ သုတ်စကားသည်လည်း "တဒပိ ဖဿပစ္စယာ-(ထိုသဿတဒီဋ္ဌ ဥစ္ဆေဒဒီဋ္ဌသည်လည်း ဖဿကြောင့်ပင်ဖြစ်၏) ဟူသော သီလက္ခန် ဗြဟ္မဇာလသုတ် ဖဿပစ္စယာဝါရနှင့် အတူတူပင်ဖြစ်သည်။

(သီလက္ခန် ပါဠိတော်-၃၈၊ ၃၉)

(လင်္ကာ)

သာယာမုန်းဖွယ်၊ ထိုနှစ်သွယ်၊
ဖြစ်တယ်ဖဿကြောင့်ပေတည်း၊
တည်မြဲပြတ်စဲ၊ ယူအစွဲ၊ ဒါလဲ
ဖဿကြောင့်ပင်တည်း။

http://www.dhammadownload.com

၁၀။ ပသော နဲ့ ဂါထာ (နိမ္မိတဘူရားရှင်၏ အမေး ဂါထာ)

(၁၀) ဖသော နု လောကသ္မိ ကုတောနိဒါနော၊
ပရိဂ္ဂဟာ စာပိ ကုတောပဟူတာ။
ကိသ္မိ အသန္တေ နု မမတ္တမတ္ထိ၊
ကိသ္မိ ဝိဘူတေ နု ဖုသန္တိ ဖဿာ။

(၁၀) လောက၌ အာရုံကိုတွေ့ထိမှု 'ဖဿ'သည် အဘယ်လျှင် အကြောင်း ရှိသနည်း၊ ငါပိုင် ငါ့ဟာဟု သိမ်းဆည်း သိမ်းပိုက်မှု တဏှာ ဒိဋ္ဌိတို့သည်လည်း အဘယ့်ကြောင့် ဖြစ်ကုန်သနည်း၊ အဘယ် တရား မရှိလတ်သော် ငါ့ဟာ ငါ့ဥစ္စာဟု စွဲလမ်းမှုတဏှာ သိမ်းပိုက်မှုဒိဋ္ဌိ မရှိပါသနည်း၊ အဘယ်တရားကို လွန်မြောက်သည်ရှိသော် (၀၊) အဘယ်တရားမဖြစ်သော် တွေ့ထိမှု စက္ခုသမ္ဖဿစသော 'ဖဿ(၅)မျိုး' တို့သည် မတွေ့ထိနိုင်ပါကုန်သနည်း-ဟု နိမ္မိတရုပ်ပွားဘုရားက မေးတော်မူ၏။

ဖဿော နု လောကသ္မိ ကုတော နိဒါနာ-စသော ဂါထာမှာ နိမ္မိတရုပ်ပွားဘုရားက(၅)ကြိမ်မြောက် မေးမြန်းသော ပုစ္ဆာဂါထာဖြစ်၏၊ ဤကလဟဝိဝါဒ၌ အကြောင်းတရားအဆက်ဆက်ကို လိုက်ပြီး မေးမြန်းထားခြင်းဖြစ်သည်၊ ဖဿော နု လောကသ္မိ-စသော ဂါထာဖြင့် မေးခွန်း(၄)မျိုးကို မေးတော်မူး၏၊ မေးခွန်း(၄)မျိုးတို့မှာ တစ်ပါဒလျှင် တစ်ပုစ္ဆာစီပင် ဖြစ်သည်။

၁။ အာရုံကိုတွေ့ထိမှု ဖဿသည် အဘယ်အကြောင်းကြောင့် ဖြစ်ပါသနည်း၊

၂။ ငါ့ဟာ ငါ့ဥစ္စာဟု သိမ်းဆည်း သိမ်းပိုက်မှု တဏှာဒိဋ္ဌိတို့သည် အဘယ်အကြောင်းကြောင့် ဖြစ်ကြပါကုန်သနည်း၊

၃။ ဘယ်အကြောင်းမရှိလျှင် ငါ့ဟာ ငါ့ဥစ္စာဟု စွဲယူသိမ်းပိုက်မှု တဏှာဒိဋ္ဌိတို့ ကင်းကြပါသနည်း၊

http://www.dhammadownload.com

၄။ အာဘယ်တရားကို လွန်မြောက်ကျော်လွန်သည်ရှိသော် ရုပ်ဒွါရ ရုပ်အာရုံ အတွေ့ဖဿတို့ မတွေ့မထိပဲ ကင်းကြ ပါကုန် သနည်း-ဟူ၍ နိမိတ်ရုပ်ပွားဘုရားက မေးတော်မူ၏။

ဤဂါထာတွင် ပရိဂ္ဂဟာစာပိ-ပါဠိ၌ ပရိဂ္ဂဟ(၂)မျိုးတို့မှာ-

၁။ တဏှာဖြင့်သိမ်းပိုက်ခြင်း-တဏှာပရိဂ္ဂဟ၊

၂။ ဒိဋ္ဌိဖြင့် သိမ်းပိုက်ခြင်း-ဒိဋ္ဌိပရိဂ္ဂဟ-တို့ဖြစ်သည်၊ ထို့အပြင် မမတ္တမတ္ထိ-ပါဠိ၌ မမတ္တ(၂)မျိုးမှာလည်း-

၁-တဏှာမမတ္တ၊ ၂-ဒိဋ္ဌိမမတ္တတို့ပင်ဖြစ်ကြ၏။ (မဟာနိဒ္ဒေသ-၂၁၄)

(လင်္ကာ)

ဖဿတစ်သွယ်၊ သိမ်းပိုက်ရယ်၊
အာဘယ်ကြောင်းကြောင့်ဖြစ်သနည်း၊
အာဘယ်ကင်းလျှင်၊ ငါဟာပင်၊
ထင်မြင်သိမ်းပိုက် ကင်းသနည်း။



၁၁။ နာမဉ္စ ရူပဉ္စ-ဂါထာ (ပကတိဘုရားရှင်၏အဖြေ ဂါထာ)

(၁၁) နာမဉ္စ ရူပဉ္စ ပဋိစ္စ ဖဿော၊
ဣစ္ဆာနိဒါနာနိ ပရိဂ္ဂဟာနိ။
ဣစ္ဆာယ'သန္တ္သာ နာ မမတ္တာမတ္ထိ၊
ရူပေ ဝိဘူတေ နာ ဖုသန္တိ ဖဿာ။

(၁၁) မြင်သိမှုစသော နာမ်ကိုလည်းကောင်း မျက်စိနှင့် အဆင်း စသော ရုပ်ကိုလည်းကောင်း စွဲမှီ၍ စက္ခုသမ္ဖဿစသော တွေ့ထိမှု 'ဖဿ'(၆)မျိုးသည် ဖြစ်၏၊ သိမ်းဆည်းမှု သိမ်းပိုက်မှုတို့သည် လိုချင်မှု တဏှာဟူ ဆိုအပ်သော အလို 'ဣစ္ဆာ'လျှင် အကြောင်းရှိကုန်၏၊ တဏှာဟူ ဆိုအပ်သော အလို 'ဣစ္ဆာ'မရှိ လတ်သော် ငါဟာဟူ

http://www.dhammadownload.com

စွဲလမ်းမှု သိမ်းပိုက်ခြင်းလည်း မရှိတော့ပေ၊ မဟာဘုတ် ဥပါဒါရုပ်ဟူသော ရုပ်တရားကို လွန်မြောက်သည်ရှိသော် တွေ့ထိမှု 'ဖဿ(၅)မျိုး'တို့သည် မတွေ့ထိတော့ကုန်-ဟု ပကတိဘုရားရှင်က ဖြေကြားတော်မူ၏။

နာမဥ္စ ရူပဥ္စ ပဋိစ္စ ဖဿော-စသော ဂါထာမှာ ပကတိဘုရားရှင်က ဖြေကြားသော ဂါထာဖြစ်၏၊ နိမိတရုပ်ပွား ဘုရားက မေးခွန်း(၄)မျိုးကို တစ်ပါဒစီဖြင့် မေးမြန်းခဲ့သလို ပကတိဘုရားရှင်ကလည်း တစ်ပါဒစီဖြင့်ပင် ဖြေကြားတော်မူခဲ့၏၊ အဖြေ(၄)မျိုးတို့မှာ-

၁။ မြင်သိမှု-စက္ခုဝိညာဉ်စိတ်စသော နာမ်တရား မျက်စိနှင့် အဆင်းရုံပါရုံစသော ရုပ်တရားကို အစွဲပြုအကြောင်းပြု၍ စက္ခုသမ္ဖဿစသော အာရုံကို တွေ့ထိမှု ဖဿ(၆)မျိုးဖြစ်ပေါ်လာရ၏၊

၂။ ငါပိုင် ငါဉစ္စာဟု သိမ်းဆည်း သိမ်းပိုက်မှု တဏှာဒိဋ္ဌိတို့သည် နှစ်သက်လိုချင်သည့် တဏှာကြောင့် ဖြစ်ကြရကုန်၏၊

၃။ နှစ်သက်လိုချင်သည့် တဏှာကင်းလျှင် ငါဟာ ငါဉစ္စာ-ဟု စွဲယူသိမ်းပိုက်မှု တဏှာဒိဋ္ဌိတို့ ကင်းကြကုန်၏၊

၄။ မဟာဘုတ်-ဥပါဒါရုပ်-ဟူသော ရုပ်တရားကို လွန်မြောက်သည်ရှိသော် မျက်စိအတွေ့ စက္ခုသမ္ဖဿစသော ဖဿ (၅)မျိုးတို့ မတွေ့မထိပဲ မဖြစ်ပဲရှိကြကုန်တော့၏-ဟူ၍ ဖြေဆိုလေသည်။

ဖဿ-ပုဒ်တို့၌ အာရုံကောက်များ

ဤဂါထာတွင် နာမဥ္စ ရူပဥ္စ ပဋိစ္စ ဖဿော-ဟူသော ပထမပါဒလာ ဖဿော-ပုဒ်၌

၁-မျက်စိအတွေ့-စက္ခုသမ္ဖဿ။ ၂-နားအတွေ့-သောတသမ္ဖဿ၊ ၃-နားခေါင်းအတွေ့-ဃာနသမ္ဖဿ၊ ၄-လျှာအတွေ့- ဇိဝှါသမ္ဖဿ၊ ၅-

http://www.dhammadownload.com

ကိုယ်အတွေ့-ကာယသမ္ဖဿ၊ ၆-စိတ်ကူးအတွေ့-မနောသမ္ဖဿ-အားဖြင့် ဖဿ(၆)မျိုးလုံးကို ယူရသည်။ ရူပေ ဝိဘူတေ နဖုသန္တိ ဖဿာ-ဟူသော စတုတ္ထပါဒလာ ဖဿာ-ပုဒ်၌မူ မျက်စိအတွေ့- စက္ခုသမ္ဖဿ စသော ရှေ့ငါးပါး (ရုပ်ဒွါရ,ရုပ်အာရုံအတွေ့ (၅) ပါး)ကိုသာ ယူရသည်။

ရူပေ ဝိဘူတေ နဖုသန္တိ ဖဿာတိ ရူပေ ဝိတိဝတ္တေ ပဋ္ဌဖဿာ နဖုသန္တိ *(သုတ္တနိပါတဋ္ဌကထာ၊ ၂-၂၆၈)*

ရူပေ ဝိဘူတေ-ပါဠိ၌ ရုပ်တရားကို ကျော်လွန်ပျောက်ကွယ်ခြင်း(၄)မျိုး

၁။ ဉာတပရိညာဖြင့် ရုပ်တရားကို မဟာဘူတရုပ် ဥပါဒါရုပ်ဟု ခွဲခြားပိုင်းခြားသိပြီး လွန်မြောက်ခြင်း ဉာတဝိဘူတ။

၂။ တီရဏပရိညာ(ဝိပဿနာဖြင့်)ရုပ်တရားကို အနိစ္စဒုက္ခ အနတ္တဟု လက္ခဏာရေး(၃)ပါး၊ အနိစ္စတော-စသော (၄၃)ပါး အခြင်း အရာတို့ဖြင့် သုံးသပ်ဆင်ခြင်းပြီး လွန်မြောက်ခြင်း တီရဏဝိဘူတ၊

၃။ ပဟာပရိညာဖြင့် ရုပ်တရား၌ ဆန္ဒရာဂကို ပယ်စွန့်ပြီး လွန်မြောက်ခြင်း ပဟာနဝိဘူတ၊

၄။ အရူပစျာန် သမာပတ်(၄)ပါးတို့ကို ရပြီး၍ ရုပ်အာရုံကို လွန်မြောက်ခြင်း သမတိက္ကမဝိဘူတတို့ဖြစ်သည်၊

(မဟာနိဒ္ဒေသ၊ ၂၁၄)

(လင်္ကာ) နာမ်ရုပ်နှစ်ခု၊ စွဲမှီပြု၊ တွေးမှုဖသဖြစ်ပေါ်သည်၊
လိုချင်တဏှာ၊ စွဲမှီကာ၊ ငါဟာဟူ၍ သိမ်းပိုက်သည်။
လိုချင်ကင်းလျှင်၊ ငါဟာထင်၊
ထင်မြင်သိမ်းပိုက် ကင်းလေသည်။
ရုပ်မရှိငြား၊ ဖဿငါး၊ ထိပါးမရှိ ကင်းလေသည်။

http://www.dhammadownload.com

၁၂။ ကထံ သမေတသ-ဂါထာ

(နိမ္မိတဘူရားရှင်၏အမေး ဂါထာ)

(၁၂) ကထံ သမေတသ ဝိဘောတိ ရူပံ၊
သုခံ ဒုခ္ခာပိ ကထံ ဝိဘောတိ။
ဧတံ မေ ပဗြူဟိ ယထာ ဝိဘောတိ၊
တံ ဇာနိယာမာတိ မေ မနော အဟု။

(၁၂) အဘယ်သို့ ကျင့်သောသူသည် ရူပ်အာရုံကို လွန်မြောက်နိုင်သနည်း၊ အဘယ်သို့သောအကြောင်းဖြင့် ချမ်းသာ ဖြစ်ကြောင်း ကွဋ္ဌာရုံရူပ် ဆင်းရဲဖြစ်သော အနိဋ္ဌာရုံရူပ်ကို လွန်မြောက်နိုင်သနည်း၊ အကြင်အခြင်းအရာအားဖြင့် လွန်မြောက်နိုင်၏၊ ထိုအခြင်းအရာကို နိမိတ္တရူပ်ဟူး ဖြစ်သော အကျွန်ုပ်အား ဟောကြားတော်မူပါလော့၊ ထိုအကြောင်းကို သိကုန်အံ့ဟု နိမိတ္တရူပ်ဟူးဖြစ်သော အကျွန်ုပ်၏ စိတ်ဖြစ်ပါ၏-ဟု နိမိတ္တရူပ်ဟူးဘုရားက မေးတော်မူ၏။

ကထံ သမေတသ ဝိဘောတိ ရူပံ-စသော ဂါထာမှာ နိမိတ္တရူပ်ဟူးဘုရားက (၆)ကြိမ်မြောက် မေးမြန်းသော ပုစ္ဆာဂါထာဖြစ်၏၊ အမှတ်စဉ် (၁၁)ဂါထာမှ ရူပေ ဝိဘူတေ နု ဖုသန္တိ ဖဿာ-ဟူသော စတုတ္ထပါဒ၌ ပကတိဘုရားရှင်က ရူပ်တရားကိုကျော်လွန်မြောက်လျှင် တွေ့ထိမှု ဖဿ(၅)မျိုးတို့ မဖြစ်ကြောင်းကို ဖြေကြားဟောပြထား၏၊ ထိုဂါထာပါဒမှ ရူပေ ဝိဘူတေ-အရ ရူပ်တရား ရူပ်အာရုံကင်းအောင် ကျော်လွန်အောင် အဘယ်သို့ကျင့်ရပါမည်နည်း-ဟု နိမိတ္တရူပ်ဟူးဘုရားက မေးမြန်းခြင်းဖြစ်သည်။

ဤဂါထာမှ သုခဉ္စ ဒုကခဉ္စ စာပိ-၌ သုခ ဒုက္ခတို့အရ သုခဝေဒနာ ဒုက္ခဝေဒနာတို့ကို မယူရ၊ ချမ်းသာဖြစ်ကြောင်း ကွဋ္ဌာရုံ ရူပ်၊ ဆင်းရဲကြောင်းဖြစ်သော အနိဋ္ဌာရူပ်ကို ယူရသည်။ ရူပ်တရား

http://www.dhammadownload.com

ရုပ်အာရုံကိုကင်းအောင် ကျော်လွန်အောင် ကျင့်စဉ်ကိုမေးနေသည် ဖြစ်၍ နာမ်ဖြစ်သော သုခဝေဒနာ ဒုက္ခဝေဒနာတို့ကို မယူရခြင်းဖြစ်သည်။

သုခံ ဒုခဉ္စာပိ ဣဒ္ဓာ နိဋ္ဌံ ရူပမေဝ ပုစ္ဆတိ၊
(သုတ္တနိပါတဋ္ဌကထာ၊ ၂-၂၆၈)

(လက်ာ) ဘယ်သို့ကျင့်ကာ၊ ရုပ်ဓမ္မ၊
ကင်းပကျော်လွန်ပါသနည်း၊
ကောင်းဆိုးနှစ်ဖုံ၊ ရုပ်အာရုံ၊
ဘယ်ပုံကျော်လွန်ပါသနည်း၊
ထိုအခြင်းရာ၊ ဟောပြပါ၊
စိတ်မှာသိအံ့ မျှော်သတည်း။

၁၃။ နု သညသညီ–ဂါထာ (ပကတိဘူရေးရှင် အဖြေဂါထာ)

(၁၃) နု သညသညီ နု ဝိသညသညီ၊
နောပိ အသညီ နု ဝိဘူတသညီ။
ဧဝံ သမေတဿ ဝိဘောတိ ရူပံ၊
သညာနိဒါနာ ဟိ ပပဉ္စသင်္ခါ။

(၁၃) ပကတိသညာ ကာမသညာရှိသူလည်းမဟုတ်သော, ဖောက်ပြန်သော သညာရှိသည့် ရူးသွပ် ပျံ့လွင့်စိတ် သူလည်းမဟုတ်သော, သညာမရှိသည့် အသညသတ်ဖြဟ္မာနှင့် နိရောဓသမာပတ် ဝင်စားသူလည်း မဟုတ်သော, ရူပသညာ,ပဋိဃသညာ,နာနတ္တသညာတို့ကို လွန်မြောက်ပြီးသည့် အရူပဈာန် သမာပတ်(၄)ပါးကို ရသူလည်း မဟုတ်သော, ဤသို့သဘောရှိသည့် အာကာသာနဉ္စာယတန

http://www.dhammadownload.com

ဈာန်သမာပတ်ကို ရရန်ကျင့်သူ အရူပမဂ္ဂသမဏီပုဂ္ဂိုလ်သည် ရုပ်ကို လွန်မြောက်နိုင်၏-မှန်ပေ၏၊ သံသရာတခွင်၌ ခန္ဓာအစဉ်ကိုချဲ့ ထွင်တတ်သော တဏှာ မာနဒိဋ္ဌိ တရားတို့သည် သညာလျှင် အကြောင်းရှိကုန်၏၊ သညာကြောင့် ဖြစ်ကုန်၏ဟု ပကတိဘုရားရှင်က ဖြေကြားတော်မူ၏။

နသညသညီ နဝိသညသညီ-စသော ဂါထာမှာ ပကတိဘုရားရှင်က ဖြေကြားသော ဂါထာဖြစ်၏၊ ဤဂါထာ၏ ဖြေဆိုလိုရင်းမှာ ဤသို့ဖြစ်၏၊

၁။ ပကတိသညာဖြစ်သော ကာမသညာရှိသူ(သညသညီ) ပုဂ္ဂိုလ်လည်း မဟုတ်၊

၂။ ဖေါက်ပြန်သော သညာရှိသည်ဟုဆိုအပ်သော ရူးသွပ်သူ စိတ်ပြန့်လွင့်သူ (ဝိသညသညီ) ပုဂ္ဂိုလ်လည်း မဟုတ်၊

၃။ သညာမရှိသည့် အသညသတ်ဗြဟ္မာနှင့် နိရောဓသမာပတ်ဝင်စားသူ (အသညီ)ပုဂ္ဂိုလ်လည်း မဟုတ်၊

၄။ ရူပသညာ ပဋိဃသညာ နာနတ္တသညာတို့ကို လွန်မြောက်ပြီးသည့် အရူပဈာန် သမာပတ်ကို ရပြီးသူ(ဝိဘူတသညီ) ပုဂ္ဂိုလ်လည်း မဟုတ်ပေ။

အဟုတ်သော်ကား အာသာနဥာယတန စသော အရူပသမာပတ်ရကြောင်း အကျင့်ကို ကျင့်ဆောင်သော အရူပမဂ္ဂသမဂ္ဂီပုဂ္ဂိုလ်သာဖြစ်၏၊ ထိုပုဂ္ဂိုလ်အား ကသိုဏ်းရုပ် ကင်းချုပ်ပျောက်ကွယ်သည်ကိုပင် ရုပ်အာရုံကို ကျော်လွန်သည် ဟု ဆိုရသည်။

ပပဥ္စသခါ-၌ သံသရာကိုချဲထွင်တတ်သော ပပဥ္စ(၃)ပါး

သံသရာတခွင်၌ ခန္ဓာအစဉ်ကို ချဲထွင်တတ်သော တရားတို့ကို ပပဥ္စဟုဆိုရ၏၊ ထိုပပဥ္စတရားသည် (၃)ပါးရှိ၏၊ (၃)ပါးတို့ကား-

http://www.dhammadownload.com

၁။ တဏ္ဍာပပဉ္စ၊ ၂။ ဒိဋ္ဌိပပဉ္စ၊ ၃။ မာနပပဉ္စ-တို့ဖြစ်ကြ၏၊
(မဟာနိဒ္ဒေသ၊ ၂၁၇)

(လင်္ကာ) ပကတိသညာ၊ မရှိပါ၊ ရူးတာလဲပဲ မဟုတ်ပေ၊
ရူပသညာ၊ မရှိပါ၊ သညာလဲပဲ မကင်းပေ၊
ကသိုဏ်းပယ်ခွါ၊ ကျင့်သူမှာ၊
ကင်းကွာရုပ်ကိုကျော်လွန်ပေ၊
နယ်ချဲ့စုမှာ၊ မှတ်သညာ၊
သူဟာအကြောင်း မူရင်းပေ။

၁၄။ ယံ တံ အပုစ္ဆိမှ–ဂါထာ
(နိမ္မိတရုပ်ပွား ဘုရား၏ အမေး ဂါထာ)

(၁၄) ယံ တံ အပုစ္ဆိမှ အကိတ္တယီ နော၊
အညံ တံ ပုစ္ဆာမ တဒိဃ် ဗြူဟိ။
ဧတ္တာဝတ'ဂ္ဂံ နု ဝဒန္တိ ဟေကေ၊
ယက္ခဿ သုဒ္ဓိံ ဣဓ ပဏ္ဍိတာသေ။
ဥဒါဟု အညမ္ပိ ဝဒန္တိ ဧတ္တော။

(၁၄) အသျှင်ဘုရားကို အကြင်ပုစ္ဆာကို အကျွန်ုပ်တို့ မေးမြန်းခဲ့ပါကုန်၏၊ အသျှင်ဘုရားသည် ထိုပုစ္ဆာကို အကျွန်ုပ်တို့အား ဖြေကြားတော်မူခဲ့ပြီ၊ အသျှင်ဘုရားအား အခြားသောပုစ္ဆာကို မေးမြန်းပါကုန်အံ့၊ တိုက်တွန်းတောင်းပန်ပါ၏၊ ထိုပုစ္ဆာကို ဖြေကြားတော်မူပါလော့၊ ဤလောက၌ ပညာရှိကုန်သော အချို့သော သူတို့သည် ဤမျှ(အရူပသမာပတ်ဟူသော) အတိုင်း အရှည်ဖြင့် နတ်လူ

http://www.dhammadownload.com

ဗြဟ္မာသတ္တဝါ၏ မြင့်မြတ်သောစင်ကြယ်မှုကို မိန့်ဆိုပါကုန်သလော၊ ထိုသို့မဟုတ် ဤအရှုပ သမာပတ်ထက်လွန်သော အခြားသော စင်ကြယ်မှုကိုလည်း မိန့်ဆိုပါကုန်သေးသလော-ဟု နိမ္မိတရုပ်ပွား ဘုရားက မေးတော်မူ၏။

ယံ တံ အပုစ္ဆိမှ ကိတ္တယိနော-စသော -ဂါထာမှာ နိမ္မတရုပ်ပွား ဘုရားက (၇)ကြိမ်မြောက်မေးမြန်းသော ပုစ္ဆာဂါထာ ဖြစ်၏၊ ဤပုစ္ဆာဂါထာဖြင့် မေးလိုရင်းမှာ ဤသို့ဖြစ်၏။

သတ္တဝါတို့၏ ကိလေသာမှ စင်ကြယ်ရေးသည် အရှုပ သမာပတ်သာ အဆင့်အမြင့်ဆုံးဖြစ်သည်ဟု ပညာရှင်တို့ မိန့်ဆိုကြသလား။

ထိုသို့မဟုတ် အရှုပ သမာပတ်ထက် သာလွန်သော အခြားသော တရားရှိသေးသည်ဟု မိန့်ဆိုကြပါသေးသလား၊ မေးလိုရင်းဖြစ်သည်။

(လင်္ကာ)မေးတိုင်းဖြေကြား၊ ဟောပြီးသွား၊ အခြားမေးပါမည်၊
ဤမျှပေါက်မြောက်၊ လမ်းဆုံးရောက်၊
ခိုးမြောက်ဟောကြားပါသလော။

http://www.dhammadownload.com

၁၅။ ဇော္တာ ဝတဂ္ဂမ္ပိ–ဂါထာ
(ပကတိဘူရားရှင်၏အဖြေ ဂါထာ)

(၁၅) ဇော္တာဝတ' ဂ္ဂမ္ပိ ဝဒန္တိ ဟေကေ၊
ယက္ခဿ သုဒ္ဓိံ ဣဓ ပဏ္ဍိတာသေ။
တေသံ ပနေကေ သမယံ ဝဒန္တိ။
အနုပါဒိသေသေ ကုသလာ ဝဒါနာ။

(၁၅) ဤလောက၌ ပညာရှိကုန်သော အချို့သောသဿတဝါဒီ သူတို့သည် ဤမျှ(အရူပသမာပတ်ဟူသော) အတိုင်း အရှည်ဖြင့် သတ္တဝါ၏ မြင့်မြတ်သော စင်ကြယ်မှုကို ဆိုကုန်၏၊ ထိုသူတို့တွင် ဥပါဒါနက္ခန္ဓာအကြွင်းမရှိချုပ်ခြင်း၌ လိမ္မာကျွမ်းကျင်သည်ဟု ပြောဆိုကြသော ဥစ္ဆေဒဝါဒီအချို့သူတို့သည် ဥစ္ဆေဒအယူကို အမြတ်ဆုံးဟူ၍ ပြောဆိုကုန်၏။

ဇော္တာ ဝတဂ္ဂမ္ပိ ဝဒန္တိ ဟေကေ-စသော ဤဂါထာမှာ ပကတိဘုရားရှင်က ဖြေကြားသော ဂါထာဖြစ်သည်၊ ဤအဖြေဂါထာဖြင့် ပုဂ္ဂိုလ်(၂)မျိုးတို့၏ အဖြေ(၂)မျိုးဖော်ပြထား၏၊

ဂါထာတွင် ရှေ့(၂)ပါးတို့ဖြင့် သဿတဝါဒီ ပညာရှင် ပုဂ္ဂိုလ်တို့က အရူပစျာန်သမာပတ် အရူပဘဝကို အမြတ်ဆုံး စင်ကြယ်မှုဟု ဆိုကြသည်ကိုပြ၏၊ နောက်(၂)ပါဒတို့ဖြင့်ကား ဥစ္ဆေဒဝါဒီပညာရှင်ပုဂ္ဂိုလ်တို့ကမူ သေလျှင် ဘဝပျက်စဲ၏ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိအယူကို အမြတ်ဆုံး စင်ကြယ်မှုဟုဆိုကြသည်ကိုပြသည်။

(လင်္ကာ) ဤမျှဖြင့်ပင်၊ လမ်းဆုံးထင်၊
သန့်စင်အချို့ဟောကြသည်၊
သူတို့ထဲမှ၊ အချို့က၊ ဘဝပြတ်ပုံ ဟောကြသည်၊
ကြွင်းမဲ့ခန္ဓာ၊ ချုပ်ပြတ်ရာ၊
လိမ္မာသူလို့သူတို့ဝန်ခံသည်။

http://www.dhammadownload.com

၁၆။ ဧတေ စ ဥတ္တာ-ဂါထာ
(ပကတိဘုရားရှင်၏အဖြေနိဂုံးချုပ် ဂါထာ)

(၁၆) ဧတေ စ ဥတ္တာ ဥပနိဿိတာတိ၊
ဥတ္တာ မုနီ နိဿယေ သော ဝိမံသိ။
ဥတ္တာ ဝိမုတ္တော နု ဝိဝါဒ' မေတိ၊
ဘဝါဘဝါယ နု သမေတိ မိရောတိ။

(၁၆) ပညာရှိသော ထိုမြတ်စွာဘုရားသည် ထိုမိစ္ဆာအယူရှိသူတို့ကိုလည်း (သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိအယူကို) မှီကုန်၏ဟု သိ၍လည်းကောင်း (ထိုသူမိစ္ဆာဝါဒီတို့၏) မှီရာ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိအယူတို့ကို သိ၍လည်းကောင်း (တဘူမကရုပ်နာမ်ဓမ္မ သခ်ါရတရားတို့ကို အနိစ္စစသည်ဖြင့်) သိ၍လည်းကောင်း အာသဝကိလေသာဟူသမျှတို့မှ လွတ်မြောက်တော် မူပြီးသည် ဖြစ်၍ တစ်စုံတစ်ယောက်သောသူနှင့်မျှ ငြင်းခုံခြင်းသို့ ရောက်တော်မမူ၊ ထိုပညာရှိသော မြတ်စွာဘုရားသည် ဘဝယုတ်မြတ်သို့ အဖန်တလဲလဲ ဖြစ်ခြင်းသို့ မရောက်တော့ပေ-ဟု ပကတိဘုရားရှင်က ဖြေကြားတော်မူ၏။

ဧတေစ ဥတ္တာ ဥပနိဿိတာတိ-ဟူသော နောက်ဆုံးဂျိဂါထာသည်လည်း ပကတိဘုရားရှင်ဟောကြားသော ဂါထာပင် ဖြစ်သည်၊ ဤဂါထာဖြင့် မြတ်စွာဘုရားရှင်၏ ဂုဏ်ပုဒ်တို့ကို ဖေါ်ပြ၏၊ ဖေါ်ပြပုံမှာ မြတ်စွာဘုရားရှင်သည်။

၁။ ထိုမိစ္ဆာအယူရှိသူပုဂ္ဂိုလ်တို့ကို ဤသူတို့သည် သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ အယူကိုမှီ၍နေကြကုန်၏-ဟူ၍လည်း သိတော်မူ၏။

၂။ ထိုမိစ္ဆာအယူရှိသူ မိစ္ဆာဝါဒီပုဂ္ဂိုလ်တို့၏မှီရာဖြစ်သော သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ အယူဝါဒတို့ကိုလည်း ဤသို့သဘော ရှိကုန်၏ဟု သိမြင်တော်မူ၏။

http://www.dhammadownload.com

၃။ တေဘူမက ရုပ်နာမ်ဓမ္မ သခ်ါရတရားတို့ကို အနိစ္စလက္ခဏာ စသောအားဖြင့်လည်း သိမြင်တော်မူ၏။

၄။ ယင်းသို့သုံးမျိုးကို သိမြင်တော်မူသောကြောင့် အာသဝကိလေသာဟူသမျှတို့မှ လွတ်မြောက်တော်မူသည်ဖြစ်၍ တစ်စုံတစ်ယောက်သောသူနှင့်မျှ ငြင်းခုံသို့မရောက်တော့ပေ မငြင်းခုံတော့ပေ။

၅။ ဘဝကြီးငယ်အသွယ်သွယ် ဘဝယုတ်မြတ်သို့ အဖန်တလဲလဲ ဖြစ်ခြင်းသို့လည်း မရောက်တော့ပေ၊ ဘယ်ဘုံဘဝမှာမှ မဖြစ်တော့ပေ။

ကထဟဝိဝါဒသုတ် နှာကြားရပြီး
ကျွတ်တန်းဝင်သော ပရိသတ် အရေအတွက်

ဤသို့လျှင် ဘုရားရှင်သည် ဘဝါ ဘဝါယ နှ သမေတိ-ဟူ အရဟတ္တဖိုလ် အထွဋ်တက်သဖြင့် ကလဟဝိဝါဒ သုတ်ကို ဟောကြားမူပြီးဆုံးစေပါသည်၊ ဒေသနာတော်၏အဆုံး၌ တရားနာပရိသတ်ထဲမှ ကုဋေတစ်သိန်းသော နတ်ပြဟ္မာတို့ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြလျက် ရဟန္တာဖြစ်သွားကြ၏။ သောတာပန် သကဒါဂါမ်၊ အနာဂါမ် ဖြစ်သွားကြသော အရိယာနတ်ပြဟ္မာ တို့ကား ဤရွှေ့ဤမျှပင်ဟူ၍ မရေတွက်နိုင်အောင် များမြောင်လှကုန်၏။ ဤအရိယာ နတ်ပြဟ္မာတို့ကား ဘုန်းကံ ကုသိုလ် ပါရမီထူးရှိသူများဖြစ်ကြ၍ မဂ်ဖိုလ်နိဗ္ဗာန်တရားထူး တရားမြတ်ကို ရရှိ သွားကြခြင်း ဖြစ်လေသည်။

(လက်)တည်မြဲ,ကင်းပြတ်၊ ထိုနှစ်ရပ်၊ မှီကပ်ကြသည်ပင်၊
မှီရာတွေ့ပါ၊ သိပြီးကာ၊ သစ္စာကိုလဲ သိပြီးလျှင်၊
ဘဝတစ်ဖန်၊ ဖြစ်ဘို့ရန်၊ ဧကန်မရှိ၊ ငြိမ်းလေသည်။
ကလဟဝိဝါဒသုတ် ပါဠိတော် မှတ်ဖွယ် ပြီး၏။

http://www.dhammadownload.com

၅-စူဋ္ဌဗျူဟသုတ် ပါဋိတော် မှတ်ဖွယ်

စူဋ္ဌဗျူဟသုတ် ဟောတော်မူပုံ

ကပိလဝတ်ပြည်အနီး မဟာဝုန်တောကြီးအတွင်းဝယ် မဟာသမယသုတ်ကိုဟောတော်မူရာ နယုန်လပြည့်နေ့ ညချမ်းအချိန်၌ ဇာတိခေတ်ဖြစ်သည့် စကြာဝဋ္ဌာကမ္ဘာပေါင်းတစ်သောင်းမှ စုရုံးရောက်ရှိလာကြသော နတ်ဗြဟ္မာ အစည်းအဝေးပွဲကြီးသို့ တက်ရောက်ကြသော နတ်ဗြဟ္မာတို့တွင် တစ်ချို့နတ်ဗြဟ္မာတို့သည် ကြံစည်စဉ်းစားလေ့ရှိသော ဝိတက်စရိုက်ရှိသူတို့ဖြစ်ကြ၏။ ထိုဝိတက်စရိုက်ရှိသော နတ်ဗြဟ္မာတို့သည်။

ဤလောက၌ မိစ္ဆာအယူဝါဒ အသီးသီးရှိကြသူအားလုံးတို့သည် "ငါတို့သည် စိတ်သဘောထား ကောင်းရှိကြ ပေကုန်၏ဟူ၍ ပြောဆိုကြကုန်၏။ စိတ်သဘောထားကောင်းရှိကြ ပေကုန်၏ဟု ယူဆပြောဆိုကြသော ဤသူတို့သည် မိမိအယူဝါဒ၌သာ အမှားအမှန် မဝေဖန်ပဲ တယူသန်အဖြစ်ဖြင့် ရပ်တည်ကြကုန်သလော၊ သို့မဟုတ် တပါးတခြားသော အယူဝါဒကိုလည်း စဉ်းစားနှိုင်းချိန်၍ လက္ခံယူကြကုန်သေးသလော ဟု ကြံစည်စဉ်းစားကြကုန်၏။ မြတ်စွာ

http://www.dhammadownload.com

ဘုရားရှင်သည် ထိုဝိတက်စရိုက်ရှိသူ နတ်ဗြဟ္မာတို့၏ ကြံစည်စဉ်းစားမှုကို သိတော်မူ၍ ယင်းကြံစည်စဉ်းစားမှုကို ထင်ရှားစွာပြလျက် ပြဿနာကို ဖြေရှင်းတော်မူခြင်းငှာ နိမိတ္တရုပ်ပွားဘုရားက အမေး+ မိမိက အဖြေပြုလျက် ဤစူဠဇျုဟသုတ်ကို ဟောတော် မူလေသည်။

စူဠဇျုဟသုတ် အမည်ရပုံ (၂)မျိုး

စူဠဇျုဟ-ဟူသောပုဒ်မှ ဇျုဟပုဒ်သည် ၁-စုပေါင်းခြင်းအနက်၊ ၂-စစ်ဆင်ခြင်းအနက်၊ ၃-ယက်ထုတ်ပစ်ပယ်ခြင်း အနက် အားဖြင့် (၃)မျိုးကိုဟောနိုင်၏။ ထိုအနက်(၃)မျိုးတွင် ဤနေရာ၌ ယက်ထုတ်ပစ်ပယ်ခြင်းအနက်ကို ယူရ၏။ ပရသမေ-စသော ပဌမအဖြေ(၃)ဂါထာတွင် ရှေ့ပိုင်းဖြင့် ပြအပ်သော အနက်အဓိပ္ပါယ်ကို နောက်ပိုင်းဖြင့် ပယ်ထုတ် ပစ်သောကြောင့် 'ဇျုဟ'အမည်ရသည်။ ဤသုတ်သည် အခြားမဲ့၌ ပြထားသော နောက်ဇျုဟသုတ်လောက် ဂါထာမများ နည်းပါးသောကြောင့် စူဠ-ဟု အမည်ရပြန်၏။ ဤအမည် နှစ်ရပ်ကိုပေါင်းစပ်၍ "စူဠဇျုဟ"သုတ်ဟု ခေါ်ခြင်းဖြစ်သည်။ (စူဠဇျုဟသုတ်၌ (၁၇)ဂါထာရှိ၍ မဟာဇျုဟသုတ်၌ကား ဂါထာ (၂၀) ရှိလေသည်။ *(အဋ္ဌကထာနည်း)*

ဇျုဟပုဒ်သည် စစ်ဆင်ရေးအနက်ကိုလည်း ဟောသေး၏။ ဤစူဠဇျုဟသုတ်၌ ပြထားသော အယူဝါဒတို့မှာ ငါ့အယူဝါဒသာအမှန်၊ တခြားအယူဝါဒတို့မှာ အမှားချည်းသာဟူ၍ၛင်း၊ ငါ့အယူဝါဒသာ မြင့်မြတ်၍ တခြားအယူဝါဒတို့မှာ ယုတ်ညံ့သောဝါဒတို့သာဟူ၍ၛင်း အချင်းချင်းငြင်းခုံတိုက်ပွဲဆင်နေသော လက္ခဏာရှိချေသည်။ သို့ဖြစ်၍ စူဠဇျုဟဟူသည် ဝါဒစစ်ဆင်ရေးသုတ်ငယ်ဟူ၍လည်း ဆိုနိုင်ပေသည်။

(မဟာစည်ဆရာတော်နည်း)

http://www.dhammadownload.com

တာ ပုရိမေန ဝုတ္ထမတ္တံ ပစ္ဆိမမုနေ ပဋိဗျူဟိတ္တာ ဌိတာ၊ တေန ဗျူဟေန ဥတ္တရသုတ္တတောစ အပဂတ္တာ ဣဒံသုတ္တံ "စူဠဗျူဟန္တိ နာမံ လဘတိ။ (သုတ္တနိပါတဋ္ဌကထာ ၂၊ ၂၇၀)

စူဠဗျူဟသုတ် အနေအထား

ဤစူဠဗျူဟသုတ်၌ ဒီဋ္ဌကြီးသူ ထိုနှစ်သူတို့ အယူတစ်ခု အစွဲပြု၍ သူ့အယူဟုတ် ငါ့အယူဟုတ်ဟု ပုတ်ခတ်ငြင်းခုံ စွဲလမ်းပုံကို လုံးစုံကျနညွှန်းဖော်ပြလျက် (၁၇)ဂါထာကို ဟောကြားထားလေသည်။ ထိုတွင် နိမ္မိတရုပ်ပွား ဘုရားက (၄)ဂါထာဖြင့် မေးမြန်း၍ ပကတိဘုရားရှင်က (၁၃)ဂါထာဖြင့် ဖြေကြားဟောပြသည်။ ဤစူဠဗျူဟသုတ်၌လည်း ကလဟဝိဝါဒသုတ်ကဲ့သို့ပင် ဘုရားရှင် (၂)ဆူတို့က အမေး+အဖြေ ပြုလျက် ဟောကြားတော်မူကြ၏။ စူဠဗျူဟသုတ်နှင့် မဟာဗျူဟသုတ်တို့မှာ မိစ္ဆာအယူရှိသူ မိစ္ဆာဒိဋ္ဌပုဂ္ဂိုလ်များ၏ အယူဝါဒကို အကြောင်းပြုပြီး ငြင်းခုံပြောဆိုနေကြပုံများနှင့်စပ်၍ ဟောပြထားသော သုတ်တို့ဖြစ်ကြ၍ အလွန်နက်နဲခက်ခဲလှပေသည်။ သို့ဖြစ်၍ ဤ၌ အကျဉ်းချုပ်မျှသာဖော်ပြပါမည်။

http://www.dhammadownload.com

၁။ သက် သက် ဒိဋ္ဌိ ပရိဗ္ဗသာနာ-ဂါထာ
(နိမ္မိတရုပ်ပွားဘုရား၏ အမေး ဂါထာ-၁)

၂။ ဧဝမ်မို ဝိဂ္ဂယှ-ဂါထာ
(နိမ္မိတရုပ်ပွားဘုရား၏ အမေး ဂါထာ-၂)

(၁) သက်သက်ဒိဋ္ဌိပရိဗ္ဗသာနာ၊
ဝိဂ္ဂယှ နာနာ ကုသလာ ဝဒန္တိ။
ယော ဧဝံ ဇာနာတိ သ ဝေဒိ ဓမ္မံ၊
ကွဲဒံ ပဋိက္ကောသ'မကေဝလီ သော။

(၂) ဧဝမ်မို ဝိဂ္ဂယှ ဝိဝါဒယန္တိ၊
ဇာလော ပရော အက္ကုသလောတိ စာဟု။
သစ္စော နု ဝါဒေါ ကတမော ကွဲမေသံ၊
သဗ္ဗေဝ ဟီမေ ကုသလာ ဝဒါနာ။

(၁-၂) [အမေး] ဂေါတမန္ဒယ်ဖွား ရှင်တော်မြတ်ဘုရား - လိမ္မာကျွမ်းကျင်သူပညာရှိဟု ဝန်ခံပြောဆိုသူတို့သည် မိမိ မိမိတို့၏ မိစ္ဆာအယူဒိဋ္ဌိ တည်နေကုန်လျက် (မိမိ မိမိတို့၏ အယူကို) မြဲမြံစွာ စွဲယူကုန်၍ အသီးအသီး ပြောဆိုကြပါကုန်၏၊ အကြင် သူသည် ဤအယူအကျင့်ကို သိ၏၊ ထိုသူသည် တရားကို သိသူမည်၏၊ အကြင်သူသည် ဤတရားကို တားမြစ်၏၊ ထိုသူသည် မလိမ္မာသူ ဖြစ်ပါ၏၊ ဤသို့လည်း မြဲမြံစွာ စွဲယူကုန်၍ ငြင်းခုံကြပါကုန်၏၊ ငါမှတပါး အခြားသူသည် မိုက်၏၊ မလိမ္မာဟုလည်း ဆိုပါကုန်၏ ဤသူတို့၏ ဝါဒတို့တွင် အဘယ်အယူဝါဒသည် မှန်ကန်ပါသနည်း၊ ဤသူ အားလုံးတို့သည်ပင် လိမ္မာကျွမ်းကျင်သူဟု ပြောဆိုကုန်၏။ ဤသို့ နိမ္မိတရုပ်ပွား ဘုရားက မေးတော်မူ၏။

http://www.dhammadownload.com

သက် သက် ဒိဋ္ဌိ ပရိဗ္ဗသာနာ-စသော ပထမဂါထာနှင့် ဧဝမ်မိ ဝိဂ္ဂယ္ဟ ဝိဝါဒယန္တိ-စသော ဒုတိယဂါထာအားဖြင့် ဤ(၂)ဂါထာတို့မှာ နိမိတ္တရုပ်ပွားဘုရားက မေးမြန်းသော ပုစ္ဆာဂါထာတို့ဖြစ်ကြ၏။ ဤအမေးပုစ္ဆာ (၂)ဂါထာတို့ဖြင့် မိစ္ဆာအယူရှိသူတို့၏ ပြောဆိုခြင်းခုံပုံ (၂)မျိုးနှင့် အမေးပုစ္ဆာ (၁)ချက်ကို ပြဆိုသည်။

ပြောဆိုခြင်းခုံပုံ (၂)မျိုးမှာ -

၁။ မိစ္ဆာအယူရှိသူတို့က-ငါတို့၏ အယူဝါဒကိုသိရင် အမှန်သိမြင်သူဖြစ်သည်။ တားမြစ်ပယ်ချရင် အသိဉာဏ် မပြည့်စုံတဲ့ လူညံ့လူအနွမ်းဖြစ်ကြသည်ဟူ၍ဂင်း

၂။ ငါတို့အယူဝါဒကို လက်မခံသော အခြားသူသည် လူမိုက်လူညံ့ဖြစ်သည်။ မတတ်သိ မလိမ္မာ မကျွမ်းကျင်သူတည်း ဟူ၍ဂင်း ရှုတ်ချပြောဆိုကြ၏။

အမေးပုစ္ဆာ (၁)ချက်မှာ ဤသို့ခြင်းခုံရှုတ်ချပြောဆိုနေကြသောသူတို့၏ အယူဝါဒတို့တွင် အဘယ်အယူဝါဒသည် မှန်ပါသနည်း ဟု မေးမြန်းခြင်းဖြစ်၏။

(လက်ာ-၁)
ကိုယ့်အယူ၌သာ၊ နေကြကာ၊
လိမ္မာသူလို့ သူတို့ဝန်ခံသည်။
ခိုင်မြဲမတူ၊ မှတ်စွဲယူ၊ လူအမျိုးမျိုး ဟောကြသည်။
-ဒါကိုသိမှ၊ မြင်မှန်ကျ၊ ပယ်ကလူညံ့ ဆိုကြသည်။

(လက်ာ-၂)
ဤနည်းဖြင့်လဲ၊ ယူမှတ်စွဲ၊ကွဲလွဲခြင်းခုံနေကြသည်။
အခြားသူကို၊ လူညံ့ဆို၊ ဒီလိုလဲပဲ ရှုတ်ချသည်။
ဤသူတို့မှာ၊ မှန်ကန်စွာ၊ သစ္စာဝါဒအဘယ်နည်း။
အကုန်လုံးပင်၊ ဉာဏ်အမြင်၊
ကျွမ်းကျင်သူလို့ သူတို့ဝန်ခံသည်။

http://www.dhammadownload.com

၃။ ပရဿ စေ ဓမ္မ မနာနုဏာနံ-ဂါထာ
(ပကတိဘုရားရှင်၏ အဖြေဂါထာ-၁)

(၃) ပရဿ စေ ဓမ္မမနာနုဏာနံ၊
ဗာလော' မကော ဟောတိ နိဟီနပညော။
သဗ္ဗေဝ ဗာလာသု နိဟီနပညာ၊
သဗ္ဗေဝိမေ ဒိဋ္ဌိပရိဗ္ဗသာနာ။

(၃) [အဖြေ] သူတပါး၏အယူဝါဒ ဘာသာတရားကို မသိသူ ခွင့်မပြုပဲ ပယ်မြစ်သူသည် အကယ်၍ မိုက်မဲသူ ယုတ်ညံ့သူ ပညာမဲ့သူဖြစ်ပါမူ ဤမိစ္ဆာအယူရှိသူ အားလုံးတို့သည်ပင် မိုက်ကြကုန်၏၊ အလွန်အလွန်ပညာမဲ့သူ ဖြစ်ကြကုန်၏၊ အဘယ့်ကြောင့်ဟူမူ၊ ဤသူအားလုံးတို့သည်ပင် မိစ္ဆာအယူ၌ တည်နေကြကုန်သောကြောင့်တည်း။

ပရဿ စေ ဓမ္မ မနာနုဏာနံစသော (၃)ဂါထာတို့မှာ ပကတိဘုရားရှင်က ဖြေကြားသော အဖြေပြဂါထာတို့ ဖြစ်ကြ၏။ ထိုတွင် ပရဿစေ ဓမ္မမနာနုဏာနံဟူသော ဂါထာစကားမှာ ပထမဂါထာစတုတ္ထပါဒလာ "ဣဒံ ပဋိက္ကောသ မကေဝလီ သော-ငါတို့၏ ဤအယူဝါဒဘာသာတရားကို လက်မခံဘဲ ပြစ်ပယ်သူဟာ အသိဉာဏ်အဆင့်အတန်း မပြည့်စုံတဲ့ လူယုတ်မာ လူညံ့ပဲ"ဟု ပြောဆိုသောစကားကို ဖြေရှင်းချက်ပေးသော စကားဖြစ်၏။

ပရဿစေ ဓမ္မ မနာနုဏာနံ-ဟူသော ဂါထာဖြင့် သူတပါး၏ အယူဝါဒဘာသာတရားကို မသိသူ ခွင့်မပြုပဲ လက်မခံပဲ ပစ်ပယ်သူဟာ အကယ်၍ မိုက်မဲသူ ယုတ်ညံ့သူ ပညာမဲ့သူဖြစ်ပါမူ မိစ္ဆာအယူရှိသူ အားလုံးတို့ပင် မိုက်မဲကြသူ အလွန်အလွန် ပညာမဲ့သူတို့ဖြစ်ကုန်ရာ၏။ အဘယ့်ကြောင့်ဆိုသော် ဤမိစ္ဆာ အယူရှိသူအားလုံးသော ပုဂ္ဂိုလ်တို့သည်ပင် မှားသော မိစ္ဆာအယူဖြင့်သာ အယူသည်းကာ နေကြသောကြောင့် ပင်ဖြစ်သည်ဟု ဖြေရှင်းပြတော်မူသည်။

http://www.dhammadownload.com

(လက်ာ)သူများတရား၊ ပြစ်ပယ်ရှား၊
ဉာဏ်အားနိမ့်သူ ဖြစ်ပါမူ။
အားလုံးသူတို့၊ ဉာဏ်မြင်ချို့၊
ဖြစ်ဘို့ရာသာ ရှိချေသည်။
ဘာကြောင့်ဆိုလျှင်၊ အားလုံးပင်၊
အမြင်မှားနေသောကြောင့်တည်း။

၄။ သန္ဒိဋ္ဌိယာစေဝ နု ဝိဝဒါတာ ဂါထာ
(ပကတိဘုရားရှင်၏ အပြေဂါထာ-၂)

(၄) သန္ဒိဋ္ဌိယာ စေဝ နု ဝိဝဒါတာ။
သံသုဒ္ဓပညာ ကုသလာ မုတိမာ။
နု တေသံ ကောစိ ပရိဟီနပညော၊
ဒိဋ္ဌိ ဟိ တေသမိဓ တထာ သမတ္တာ။

(၄) (ထိုသူတို့သည်) မိမိ၏မိစ္ဆာအယူဖြင့် မဖြူစင်သူ ဖြစ်ကြကုန်လျက် အကယ်၍ စင်ကြယ်သော ပညာရှိကြသူ လိမ္မာကြသူ ဉာဏ်ပညာရှိကြသူ ဖြစ်ကြကုန်မူ ထိုသူမိစ္ဆာအယူရှိသူတို့တွင် တစ်စုံတစ်ယောက်မျှ ပညာမဲ့သူ မဖြစ်နိုင်တော့ပေ၊ အကြောင်းသော်ကား မိမိတို့၏အယူမှ အခြားအယူရှိသူဟုဆိုအပ်သော ထိုသူတို့၏ အယူသည်လည်း အခြားသူတို့ အယူကဲ့သို့ပင် စွဲမြဲပြည့်စုံစွာ ယူဆထားသောကြောင့်တည်း။

သန္ဒိဋ္ဌိယာစေဝ နု ဝိဝဒါတာဟူသော ဂါထာစကားမှာ ပထမဂါထာ တတိယပါဒလာ "ယော ဧဝံ ဇာနာတိ သဝေဒိ ဓမ္မံ-ငါတို့

http://www.dhammadownload.com

ပြောဟောနေသော ဤဘာသာအယူဝါဒကို သိနားလည်ရင် အမှန်မြင်သူ ဖြစ်တယ်"ဟု ပြောဆိုသော စကားကို ဖြေရှင်းချက် ပေးသောစကားဖြစ်၏။

သန္ဓိဋ္ဌိယာစေဝ နာ ဝိဝဒါတာဟူသောဂါထာဖြင့် - ထိုသူတို့သည် မိမိ၏မိစ္ဆာအယူဝါဒဖြင့် မဖြူစင်သူ ဖြစ်ကြပါကုန်လျက် အကယ်၍ စင်ကြယ်သောပညာရှိသူ လိမ္မာကြသူ ဉာဏ်ပညာရှိကြသူ ဖြစ်ကုန်ကြမူ ထိုမိစ္ဆာအယူရှိသူတို့တွင် တစ်စုံတစ်ယောက်မျှ ပညာမဲ့သူ ယုတ်ညံ့သူ မဖြစ်တော့ပေ။ အကြောင်းသော်ကား မိမိတို့၏ အယူမှ အခြားရှိသူဟု ဆိုအပ်သော ထိုသူတို့၏ အယူတို့သည်လည်း အခြားသူတို့၏ အယူကဲ့သို့ပင် စွဲမြဲပြည့်စုံစွာ ယူဆထားသောကြောင့် ပေတည်းဟု ဖြေရှင်းပြတော်မူသည်။

(လင်္ကာ)

ကိုယ့်အယူဖြင့်သာ၊ စင်ကြယ်ကာ၊
ပညာသန့်စင် ကျွမ်းကျင်သော်။
သူတို့ထဲမှ၊ တစ်ယောက်မျှ၊ နိမ့်ကျပညာ မရှိရာ။
သူတို့မှာလဲ၊ နည်းတူပဲ၊
ယူစွဲပြည့်စုံသောကြောင့်ပါ။

http://www.dhammadownload.com

၅။ နဝါဟမေတံ တထိယန္တိုပြူမိ-ဂါထာ
(ပကတိဘုရားရှင်၏အပြော-ဂါထာ-၃)

(၅) နဝါဟမေတံ တထိယန္တိ ပြူမိ၊
ယမာဟု ဗာလာ မိထု အညမညံ။
သက် သက် ဒိဋ္ဌိမက်သု သစ္စံ၊
တသ္မာ ဟိ ဗာလောတိ ပရံ ဒဟန္တိ။

(၅) သူနှစ်ယောက်တို့သည် အချင်းချင်း အပြန်အလှန် မသိမလိမ္မာသူ လူဗာလဟု အကြင်စကားကို နှိမ်ချသောအားဖြင့် ပြောဆိုကုန်၏၊ ထိုအယူစကားကို မှန်၏ဟူ၍ ငါဘုရားမဟော၊ (ထိုသူတို့သည်) မိမိ မိမိ၏အယူကို အမှန်ပြုလုပ်ကြကုန်၏၊ ထို့ကြောင့် မိမိမှတပါး အခြားသူကို လူမိုက်ဟူ၍ ရှုကြည့်ကြ ပြောဆိုကြကုန်၏-ဟု ပကတိဘုရားရှင်က ဖြေတော်မူ၏။

နဝါဟမေတံ တထိယန္တိပြူမိ-ဟူသော ဂါထာစကားမှာ အမေးပုစ္ဆာ(၂)ဂါထာထဲမှ ဒုတိယဂါထာ တတိယပါဒလာ "သစ္စော နုဝါဒေါ ကတမော ကွမေသံ-သူတို့၏ အယူဝါဒတွေထဲက ဘယ်အယူဝါဒ မှန်ပါသလဲ" ဟု မေးထားသော စကားကို ဖြေရှင်းချက်ပေးသော စကားဖြစ်၏။

နဝါဟမေတံ တထိယန္တိပြူမိ ဟူသော ဂါထာဖြင့် အယူကွဲပြားသည့် မိစ္ဆာအယူရှိသူ နှစ်ဦးနှစ်ဖက် သားတို့သည် အချင်းချင်း အပြန်အလှန် မသိမလိမ္မာသူ လူညံ့လူဖျင်းဟု နှိမ့်ချသောအားဖြင့် ငြင်းခုံစကားကို ပြောဆိုကြကုန်၏။ ငါဘုရားသည် ထိုသူတို့၏ အယူစကားကို မှန်ကန်သည်ဟူ၍ မပြောဆိုသည်သာတည်း၊ ဘာကြောင့် မှန်ကန်သည်ဟု မပြောဆိုသလဲဟူမူ မိစ္ဆာအယူရှိသူတို့ဟာ အသိးသိးသော မိမိအယူဝါဒကိုသာ မှန်သည်ဟု သိမှတ်ယုံကြည်ပြီး အယူသည်း

http://www.dhammadownload.com

နေကြသောကြောင့် အယူကွဲပြားသည့် သူတပါးကို လူမိုက်လူညံ့ဟု ပြောဆိုကြ အသိအမှတ်ပြုထားကြသည်။ အမှန်စင်စစ်မှာ ထိုမိစ္ဆာအယူရှိသူတို့၏ အယူဝါဒ အသီးသီးဟာလည်း မမှန်တာချည်းပါပဲဟု ဖြေရှင်းပြတော်မူသည်။

(လင်္ကာ) နှစ်ဖက်ချင်းချင်း၊ ဉာဏ်စာရင်း၊ တင်သွင်းနေကြရာ။
ယင်းအယူစု၊ မှန်သည်ဟု၊ မှတ်ပြုငါက မဆိုပါ။
ကိုယ့်အယူတစ်ခု၊ မှန်သည်ဟု၊
မှတ်ပြုနေကြသောကြောင့်သာ။
အခြားသူကို၊ ဗာလလို၊ ပြောဆိုစွပ်စွဲနေကြတာ။



၆။ ယမဟူသစ္စံ ဂါထာ (နိမ္မိတရုပ်ပွားဘုရား၏ အမေး-ဂါထာ)

(၆) ယမဟု သစ္စံ တထိယန္တိ ဧကေ၊
တမဟု အညေ တုစ္ဆ မုသာတ။
ဧဝမို ဝိဂယ္ဟ ဝိဝါဒယန္တိ၊
ကဿာ နု ဧကံ သမဏာ ဝဒန္တိ။

(၆) [အမေး]အကြင်အယူ ဝါဒသစ္စာတရားကို မှန်ကန်၏ ချွတ်ယွင်းမှု မရှိဟု အချို့သူတို့က ပြောဆိုကြကုန်၏၊ ထိုအယူဝါဒ သစ္စာတရားကိုပင် အခြားသူတို့က အချည်းနှီးဟူ၍လည်းကောင်း မဟုတ်မမှန်ဟူ၍လည်းကောင်း ပြောဆို ကြပြန်၏၊ ဤသို့လည်း မြဲမြံစွာ စွဲယူကြကုန်လျက် ငြင်းခုံကြကုန်၏၊ အဘယ့်ကြောင့် ကိလေသာ အပူမှငြိမ်းသည့် သမဏဟုဝန်ခံနေကြသောပုဂ္ဂိုလ်တို့သည် တမျိုးတည်းသော အမှန်စကားကို မပြောဆိုကြကုန်သနည်း-ဟု နိမ္မိတရုပ်ပွား ဘုရားက မေးတော်မူ၏။

http://www.dhammadownload.com

ယမာဟုသစ္ဆံစသော ဂါထာမှာ နိဗ္ဗိတရုပ်ပွား ဘုရားက (၂)ကြိမ်မြောက်မေးမြန်းသော ပုစ္ဆာဂါထာ ဖြစ်၏။ ဤပုစ္ဆာ ဂါထာဖြင့် မေးလိုရင်းမှာ ဤသို့ဖြစ်၏။

အချို့သူတို့က မှန်ကန်သည်ဟုဆိုအပ်သည့် အယူဝါဒသစ္စာတရားကိုပင်လျှင် အချို့သူတို့က မှား၏ အချည်းနှီးပဲဟု ဆိုကြ ငြင်းခုံကြပါ၏။ ကိလေသာအပူမှ ငြိမ်းသည့်သမဏဟု အခေါ်ခံနေကြသော ပုဂ္ဂိုလ်တို့သည် အမှန်သစ္စာတရားကို တပါးတည်းမျှ အဘယ့်ကြောင့် မဟောကြပဲ များပြားစွာ ပြောဟော နေကြပါသနည်းဟု မေးလိုရင်း ဖြစ်သည်။

(လင်္ကာ) မှန်ကန်ဝါဒ၊ အချို့က၊ ဖော်ပြပြောဆိုနေကြသည်။
အခြားသူတွေက၊ ယင်းဝါဒ၊ တုစ္ဆမုသာဆိုကြသည်။
ဤနည်းဖြင့်လဲ၊ ယူအစွဲ၊ ကွဲလွဲငြင်းခုံနေကြသည်။
သစ္စာဝါဒ၊ တစ်ခုမျှ၊ မက ဘာကြောင့်ဟောသနည်း။



၇။ ကေ ဟိသစ္ဆံဂါထာ (ပကတိဘုရားရှင်၏အဖြေ–ဂါထာ)

(၇) ကေ ဟိ သစ္ဆံ နဒုတိယမတ္ထိ၊
ယသ္မိ ပဇာ နော ဝိဝဒေ ပဇာနံ။
နာနာ တေ သစ္စာနိ သယံ ထုနန္တိ၊
တသ္မာ နု ကေ သမဏာ ဝဒန္တိ။

(၇) [အဖြေ]အကြင်နိဗ္ဗာန် နိရောဓသစ္စာတရား၌ သိသော အရိယာ ပုဂ္ဂိုလ်သည် မငြင်းခုံရာ၊ ထိုနိဗ္ဗာန် နိရောဓသစ္စာသည် တမျိုးတည်းသာတည်း၊ နှစ်ခုမြောက်သော သစ္စာမည်သည် မရှိ၊ ထိုအမှန်သစ္စာတရားကိုမသိ၍ ငြင်းခုံနေကြသော သူတို့မူကား အမျိုးမျိုးသော

http://www.dhammadownload.com

သစ္စာတို့ကို ကိုယ်တိုင်ချီးမွမ်းပြောဆိုကြကုန်၏၊ ထို့ကြောင့် သမဏာဟုအာမည်ခံပုဂ္ဂိုလ်တို့သည် တမျိုးတည်းသောစကားကိုမပြောဆိုကြကုန်- ဟု ပကတိဘုရားရှင်ကဖြေတော်မူ၏။

ဧကံ ဟိ သစ္စံ စသောဂါထာမှာ ပကတိဘုရားရှင်ကဖြေကြားသောဂါထာဖြစ်၏။

ဧကံ ဟိ သစ္စံ-ပါဠိနှင့်အမှန်သစ္စာတရားတစ်ပါးဟူသော်ကား

ဆင်းရဲဒုက္ခ၏ချုပ်ငြိမ်းရာနိဗ္ဗာန်ဟုဆိုအပ်သော နိရောဓသစ္စာဖြစ်သည်။ ယင်းနိဗ္ဗာန်နိရောဓသစ္စာကိုသိမြင်သော အရိယာပုဂ္ဂိုလ်တို့သည် မငြင်းခုံကြတော့ပေ။

(တနည်း) ဧကံ သစ္စံအရ ဆင်းရဲဒုက္ခငြိမ်းရာနိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော မဂ္ဂင်(၈)ပါးဟု ဆိုအပ်သောမဂ္ဂသစ္စာကိုလည်း ယူရ၏။ နိဗ္ဗာန်သို့ရောက်ကြောင်းအမှန်သစ္စာတပါးဟာ ဤအရိယမဂ်ဟု ဆိုအပ်သောမဂ္ဂသစ္စာသာရှိလေသည်။

ဧကံ သစ္စံ ဝုစ္စတိ ဒုက္ခနိရောဓော နိဗ္ဗာနံ၊ အထဝါ ဧကံ သစ္စံ ဝုစ္စတိ မဂ္ဂသစ္စံ (မဟာနိဒ္ဒေသ ၂၂၆)

ထိုအမှန်သစ္စာဖြစ်သော နိဗ္ဗာန် နိရောဓသစ္စာနှင့်နိဗ္ဗာန်ရောက်ကြောင်း အမှန်သစ္စာဖြစ်သော မဂ္ဂသစ္စာကိုမသိကြ၍ငြင်းခုံနေကြသောပုဂ္ဂိုလ်တို့သည် အမျိုးမျိုးသောသစ္စာတရားတို့ကို ကိုယ်တိုင်တွေးဆကြံစည်၍ မိမိတို့၏အယူဝါဒအမှန်တရားကိုချီးမွမ်းပြောဆိုနေကြ၏။ ထိုသို့ မိမိထင်ခြေဖြင့်အမျိုးမျိုးဟောပြောနေကြသောကြောင့် သမဏာအမည်ခံပုဂ္ဂိုလ်တို့သည် အမှန်သစ္စာတရားကိုတပါးတည်းဟုမဟောကြပဲများစွာဟောကြသည်ဟု ဖြေရှင်းပြတော်မူသည်။

http://www.dhammadownload.com

(လက်ာ)အမှန်သစ္စာ၊ တစ်ပါးသာ၊အခြားဟာဟူ၍မရှိပေ။
ယင်းသစ္စာအား၊ သိမြင်သွား၊ ကွဲပြားခြင်းခုံမရှိပေ။
များပြားထွေထွေ၊ သစ္စာတွေ၊
ထင်ခြေတွေးဆဟောကြသည်။
တစ်ပါးမက၊ ထို့ကြောင့်ပ၊ များလှသစ္စာဟောကြသည်။

၈။ ကသ္မာနု သစ္စာနိ ဂါထာ

(နိမ္မိတရုပ်ပွားဘုရား၏ အမေး–ဂါထာ)

(၈) ကသ္မာ နု သစ္စာနိ ဝဒန္တိ နာနာ၊
ပဝါဒိယာသေ ကုသလာ ဝဒါနာ။
သစ္စာနိ သုတာနိ ဗဟူနိ နာနာ၊
ဥဒါဟု တေ တက္ကမနုဿရန္တိ။

(၈) [အမေး]အမျိုးမျိုး အဖုံဖုံပြောဆိုတတ်ကုန်သော မိမိကိုယ်တတ်သိလိမ္မာကျွမ်းကျင်သည်ဟုပြောဆိုကြသူတို့သည် အဘယ့်ကြောင့် သစ္စာတို့ကိုအမျိုးမျိုးပြောဆိုကြကုန်သနည်း၊ ကြားနာအပ်သောသစ္စာတို့သည် များကုန်သလော၊ အမျိုးမျိုးရှိကုန်သလော၊ သို့မဟုတ် ထိုဘာသာရေးဆရာတို့သည် ကြံစည်တွေးတောမှုမျှသို့ အစဉ်လိုက်ကုန်သလော-ဟု နိမ္မိတရုပ်ပွားဘုရားကမေးတော်မူ၏။

ကသ္မာနု သစ္စာနိစသော ဂါထာမှာ နိမ္မိတရုပ်ပွားဘုရားက (၃)ကြိမ်မြောက်မေးမြန်းသော ပုစ္ဆာဂါထာဖြစ်၏။ ထိုပုစ္ဆာဂါထာဖြင့် မေးခွန်း(၃)မျိုးကိုမေးလေသည်။ မေးခွန်း(၃)မျိုးတို့ကား-

၁။ အမျိုးမျိုးအဖုံဖုံပြောဆိုတတ်ကုန်သော မိမိကိုယ်ကို တတ်သိလိမ္မာကျွမ်းကျင်သည်ဟုပြောဆိုကြသူတို့သည် အဘယ့်ကြောင့်အမှန်သစ္စာတရားတို့ကို အမျိုးမျိုးပြောဆိုကြကုန်သနည်း။

http://www.dhammadownload.com

၂။ ဆရာအဆက်ဆက်ထံမှ ကြားနာဖူးလို့ သစ္စာတို့ကိုများသည်၊ အမျိုးမျိုးရှိသည်ဟု ဟောကြပါသလား။

၃။ ထိုသို့မဟုတ်ကိုယ့်ဟာကိုယ်တွေးတောကြံဆပြီး ဟောကြပါသလားဟု မေးလိုရင်းဖြစ်သည်။

(လင်္ကာ)ပညာရှိပါ၊ ဝန်ခံကာ၊ သန်စွာဟောကြ အသီးသီး။
ဘာကြောင့်သစ္စာ၊ များပြားစွာ၊ ဟောကာနေကြပါသနည်း။
အထွေထွေကွဲပြား၊ သစ္စာများ၊
နာကြားဘူးလို့ဟောသလော။
သို့မဟုတ်လျှင်၊ ကိုယ့်အထင်၊
အစဉ်လိုက်၍ ဟောသလော။

၉။ နဟေဝ သစ္စာနိ–ဂါထာ
(ပကတိဘူရားရှင်၏ အဖြေ–ဂါထာ)

(၉) နဟေဝ သစ္စာနိ ဗဟူနိ နာနာ၊
အညတြ သညာယ နိစ္စာနိ လောကေ။
တက္ကဥ္စ ဒိဋ္ဌီသု ပကပ္ပယိတွာ၊
သစ္စံ မုသာတိ ဒွယဓမ္မမာဟု။

(၉) [အဖြေ]လောက၌ ဖောက်ပြန်စွာမှတ်သားမှု 'သညာ'မျှဖြင့် မြဲ၏ဟူသော အယူတို့ကိုဖယ်ထား၍ သစ္စာတို့သည်မများကုန်၊ အမျိုးမျိုးမရှိကုန်သည်သာတည်း၊ မိမိကြံစည်မှုဝိတက်(မိစ္ဆာသင်္ကပ္ပ)ကိုမိစ္ဆာအယူတို့၌ဖြစ်စေ၍ (ငါ့အယူသာ) မှန်၏၊ (သင့်အယူကား) မှား၏ဟု (အမှန်အမှား) တရားနှစ်ပါးကိုပြောဆိုကြကုန်၏။

http://www.dhammadownload.com

ဤ နာ ဟေဝ သစ္စာနိ ဗဟူနိ နာနာ-ဟူသော ဂါထာမှဤသုတ်၏ နောက်ဆုံးဂါထာဖြစ်သော ဝိနိစ္ဆယေ ဌတွာ သယံ ပမာယ-တိုင်အောင်သော (၉)ဂါထာတို့မှာပကတိဘုရားရှင်၏အဖြေဂါထာတို့ချည်းဖြစ်ကြ၏။

နာ ဟေဝ သစ္စာနိ ဗဟူနိ နာနာ-ဟူသော ဂါထာတွင် နာ ဟေဝ သစ္စာနိ-စသော ရှေ့(၂)ပါဒတို့ဖြင့် အမှတ် (၈)ဂါထာလာ "သစ္စာအများကိုဘာကြောင့်ဟောကြသလဲ၊ ဆရာအဆက်ဆက်ထဲမှ ကြားဖူးလို့ ဟောကြသလား"ဟူသော အမေးပုစ္ဆာကိုဖြေကြားတော်မူသည်၊ ဆရာအဆက်ဆက်ထံမှကြားဖူးထားသော အယူဝါဒအမှားများကို မှတ်သားထားသည့်သညာကြောင့် သစ္စာအများကိုဟောကြားနေကြ၏-ဟူ၍ဆိုလိုသည်။

တက္ကဠ ဒိဋ္ဌိသု-စသော နောက်(၂)ပါဒတို့ဖြင့်အမှတ်(၈)ဂါထာလာ "ကိုယ့်ဟာကိုယ်ကြံတွေးပြီး ဟောကြလေသလား" ဟူသော အမေးပုစ္ဆာကိုဖြေကြားတော်မူ၏၊ အယူဝါဒအလွဲအမှားကို ကြံစည်စဉ်းစားသောဝိတက် (မိစ္ဆာ သင်္ကပ္ပ)ကြောင့် မိမိ၏အကြံအစည်ဝိတက်နောက်သို့လိုက်ပြီး သစ္စာအများကိုဟောကြားနေကြ၏-ဟူ၍ဆိုလိုသည်။

တက္ကဠ ဒိဋ္ဌိသု ဟကပွယိတ္တာ-ဠ္ဟ မှတ်ဖွယ်

ကြံစည်မှုဝိတက် (မိစ္ဆာသင်္ကပ္ပ)ကိုဒိဋ္ဌိတို့၌ဖြစ်စေသည်-ဆိုသော်လည်း ကြံစည်မှုဝိတက်(မိစ္ဆာသင်္ကပ္ပ)ကိုသာဖြစ်စေသည်မဟုတ်၊ ကြံစည်မှုဝိတက်ကိုဖြစ်စေသည်ရှိသော် ဒိဋ္ဌိကိုလည်းဖြစ်စေခြင်းကိစ္စကိုပြီးစီး၏၊ ထို့ကြောင့် မဟာနိဒ္ဒေသ၌ "သင်္ကပ္ပံ ဇနေန္တီ"ဟုသာ မဟောပဲ "ဒိဋ္ဌဂတာနိ ဇနေန္တိ သဉ္ဇနေန္တီ"ဟု ဟောတော်မူလေသည်။ (သုတ္တနိပါတဋ္ဌကထာ ၂။ ၂၇၁)

http://www.dhammadownload.com

(လက်ာ)အမြဲတည်နေ၊ သစ္စာတွေထွေထွေအများမရှိချေ။
ပညာကြောင့်သာ၊ လောကမှာ၊
သစ္စာအများဟောကြချေ။
ကြံစည်တွေးဆ၊ ကိုယ့်ဟာမှ၊
မုချမှန်သည်ဆိုကြသည်။
အခြားဟာကား၊ ချို့ယွင်းမှား၊
နှစ်ပါးနှစ်ထွေ ဟောကြချေ။

၁၀။ ဒိဋ္ဌေ သုတေ-ဂါထာ (ပကတိဘုရားရှင်၏ အဖြေ-ဂါထာ)

(၁၀) ဒိဋ္ဌေ သုတေ သီလဝတေ မုတေ ဝါ၊
ဧတေ စ နိဿာယ ဝိမာနဒဿီ။
ဝိနိစ္ဆယေ ဌတ္တာ ပဟာသမာနော၊
ဗာလော ပရော အက္ကုသလောတိ စာဟ။

(၁၀) ထိုမှတပါး ဟောပြောပုံကားမြင်ရသော ရူပါရုံဒိဋ္ဌမဂ်လာ အယူကိုသော်၎င်း၊ ကြားရသော သဒ္ဒါရုံသုတမဂ်လာကိုသော်၎င်း၊ ရောက်ရသော ဂန္ဓ ရသ ဖောဋ္ဌဗ္ဗာရုံမုတမဂ်လာကိုသော်၎င်း၊ မလွန်ကျူးမှု 'သီလ' နွားခွေးစသည်တို့၏အကျင့် 'ဝတ'ဟူသော သီလဗ္ဗတပရာမာသအယူကိုသော်၎င်း၊ ဤသဘောတရားအယူတို့ကိုမှီ၍ မြတ်နိုးဖွယ်မဟုတ်ဟု မကျေနပ်စရာတို့ကိုတွေ့မြင်သော်လည်း ဒိဋ္ဌိအဆုံးအဖြတ်မူလအယူဝါဒ၌ ရပ်တည်လျက်ရယ်သွမ်းသွေးကာ အမူကွဲပြား အခြားသူသည်မိုက်မဲ၏၊ မလိမ္မာဟူ၍လည်းရှုတ်ချပြောဆိုတတ်၏။

ဤသို့လျှင် ဘုရားရှင်သည် နဟဝ သစ္စာနိ ဗဟူနိ နာနာ-စသော ရှေ့ဂါထာဖြင့် အမှန်သစ္စာတို့ မျှားစွာမရှိသည်ကိုဟောပြပြီး၍

http://www.dhammadownload.com

ယခုအခါ၌ အမှန်သစ္စာတရားတို့ များစွာမရှိကြကုန်ပဲလျက် ကြီစည်စိတ်ကူးခြင်း၏ နောက်သို့ အစဉ်လိုက်လျက်စိတ်ကူးကြဆမိတိုင်း ဟောပြောကြကုန်သော အယူသည်းသူတိတ္ထိပုဂ္ဂိုလ်တို့၏ဆက်ကာ ဆက်ကာ မှားယွင်းသော ပြောဆိုမှုအကျင့်ကိုပြခြင်းငှါ ဒိဋ္ဌေ သုတေ-စသော ဂါထာတို့ကို မိန့်ဆိုတော်မူပါသည်။

ဣဒါနိ ဧဝံ နာနာသစ္စေသု အသန္တေသု တက္ကမတ္တာမနုဿရန္တာနံ ဒိဋ္ဌဂတိကာနံ ဝိပ္ပဋိပတ္တိ ဒသေတုံ ဒိဋ္ဌေ သုတေတိ အာဒိကာ ဂါထာယော အဘာသိ။ (သုတ္တနိပါတဋ္ဌကထာ၊ ၂၊ ၂၇၁)

ဒိဋ္ဌေ သုတေ-စသော ဂါထာဖြင့် တိတ္ထိပုဂ္ဂိုလ်တို့၏ကြံစည်စိတ်ကူးခြင်းဝိတက် (မိစ္ဆာသင်္ကပ္ပ)၏ နောက်သို့အစဉ်လိုက်လျက် အယူမှားတို့ကိုမှားယွင်းစွာ ရှုတ်ချပြောဆိုမှုတို့ကို ပြသည်။

ဝိနိစ္ဆယေ ဌတွာ-ပါဠိနှင့် ဝိနိစ္ဆယအရ

ဒိဋ္ဌဝိနိစ္ဆယကိုယူရ၏၊ ဒိဋ္ဌဝိနိစ္ဆယအရကိုလည်း သိလက္ခန်ပါဠိတော်ပြဟ္မဇာလသုတ်မှာလာသည့် မိစ္ဆာဒိဋ္ဌိ အယူ(၆၂)ပါးတို့ကို ယူရမည်။

ဝိနိစ္ဆယာ ဝုစ္စန္တိ ဒ္ဝါသဋ္ဌိဒိဋ္ဌိဂတာနိ။ (မဟာနိဒ္ဒေသ ၂၂၉)

(လင်္ကာ)မြင်ကြားရောက်တွေ့၊ ကျင့်အလေ့၊
မှီ၍ရှုတ်ချဖွယ်။
တွေ့မြင်သော်လဲ၊ ဆုံးဖြတ်ထဲ၊
တည်မြဲတည်ကာ ရွှင်ပြစွာ။
ကျွမ်းကျင်ကင်းပ၊ လူဗာလ၊
ရှုတ်ချပြောဆို သူများကို။

http://www.dhammadownload.com

၁၁။ ယေနေဝ ဗာလောတိ-ဂါထာ
(ပကတိဘုရားရှင်၏ အဖြေ-ဂါထာ)

(၁၁) ယေနေဝ ဗာလောတိ ပရံ ဒဟာတိ၊
တေနာ'တုမာနံ ကုသလောတိ စာဟ။
သယ'မတ္ထနာ သော ကုသလာဝဒါနော၊
အညံ ဝိမာနေတိ တဒေဝ ပါဝ။

(၁၁) အကြင်အယူအကြောင်းဖြင့် အယူကွဲပြားသောအခြားသူကို မိုက်သူဟူ၍ ရှုမြင်ပြောဆိုရှုတ်ချ၏၊ ထိုအယူအကြောင်းဖြင့်ပင် မိမိကိုယ်ကို တတ်သိလိမ္မာသူဟူ၍လည်းပြောဆိုခိုးမြောက်၏၊ ကိုယ်တိုင် မိမိကိုယ်ကို မိမိလိမ္မာသူပညာရှိဟုအယူရှိပြီးပြောဆိုသော ထိုသူသည် အယူကွဲပြားသော အခြားသူကို အထင်မကြီး၊ မမြတ်နိုးနိုင်၊ ရှုတ်ချ၏၊ ထိုမိမိ၏ အယူကိုပင်စိတ်အားထက်သန်စွာပြောဆို၏ ။

ယေနေဝ ဗာလောတိ-စသော ဂါထာမှာ တိတ္ထိပုဂ္ဂိုလ်သည် အမှတ်(၁၀)လာ ဂါထာဖြင့်သာ အတူကွဲပြားသော အခြားသူတပါးကို ရှုတ်ချပြောဆိုသည်မဟုတ်သေး၊ ဤဂါထာမှာလာသည့်အတိုင်းလည်း အခြားသူကို ရှုတ်ချပြောဆိုခြင်း မိမိကိုယ်ကိုမူအမွှန်းတင်ခိုးကျူးပြောဆိုပုံ (အတ္တုက္ကံသန-ပရဝမ္ဘနရှိပုံ)ကိုပြသည်။

ထို့အပြင် ဤဂါထာဖြင့် အမှတ်(၈)အမေးပုစ္ဆာဂါထာမှ ကုသလာဝဒါနာပုဒ်အရ မိမိကိုယ်ကိုမိမိကိုယ်တိုင်ပင် တတ်သိလိမ္မာကျွမ်းကျင်ပညာရှင်ဟုဝန်ခံခိုးမြောက်ရာရောက်ပုံ အကျယ်အဖြေကိုဎင်း၊ ပဝါဒိယာသေပုဒ်အရကိုယ့်အယူဝါဒကိုစိတ်အားထက်သန်စွာ အထင်ကြီးပြီး ပြောဆိုနေပုံအကျယ်အဖြေကိုဎင်းပြဆိုသေး၏။

ဧဝံသန္တေ ယေနေဝါတိ အာဟ။ (သုတ္တနိပါတဋ္ဌကထာ ၂၊ ၂၇၁)

http://www.dhammadownload.com

(လက်ာ)အကြင်ကြောင်းအရ၊ လူဗာလ၊
ရွှတ်ချပြောဆို သူများကို။
ထိုအကြောင်းဖြင့်ပင်၊ တတ်ကျွမ်းကျင်၊
ဂုဏ်တင်ပြောဆို မိမိကို။
မိမိကိုယ်ကို၊ ကျွမ်းကျင်ဆို၊ သူ့ကိုရွှတ်ချ
ယင်းဝါဒ ဟောပြနေချေသည်။

❀ ❀ ❀ ❀ ❀

၁၂။ အတိသာရဒိဋ္ဌိယာဝ-ဂါထာ
(ပကတိဘုရားရှင်၏ အပြော-ဂါထာ)

(၁၂) အတိသာရဒိဋ္ဌိယာဝ သော သမတ္တော၊
မာနေန မတ္တော ပရိပုဏ္ဏမာနီ။
သယမေဝ သာမံ မနသာဘိသိတ္တော၊
ဒိဋ္ဌိ ဟိ သာ တဿ တထာ သမတ္တာ။

(၁၂) ထိုသူသည် အတိသာရဒိဋ္ဌိဟုဆိုအပ်သောခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာအယူနှင့်ပြည့်စုံသည်ဖြစ်၍ ထောင်လွှားမှု 'မာန' ဖြင့် မာန်ယစ်ရကား ဂုဏ်အားလုံးနှင့်ပြည့်စုံသူဟုမှတ်ထင်၏၊ မိမိကိုယ်ကို မိမိ (ငါပညာရှိဟု) စိတ်ဖြင့်အဘိသိက်သွန်း၏၊ စိတ်ထဲက ပညာအရှိဆုံးအဖြစ်မြင့်တင်ထား၏၊ အကြောင်းသော်ကား ထိုသူ၏ ထိုအတိသာရဒိဋ္ဌိအယူသည် ထိုအခြင်းအရာအားဖြင့်စွဲမြဲယူဆသောကြောင့်တည်း။

အတိသာရဒိဋ္ဌိယာ-ပါဠ်၌ အတိသာရဒိဋ္ဌိ-အရ

၆၂-ပါးသော မိစ္ဆာဒိဋ္ဌိအယူတို့သည် အကြောင်း, လက္ခဏာ, မှီရာဌာန-ဟူသော အနှစ်သာရကိုကျော်လွန်သွားသောကြောင့် မိစ္ဆာဒိဋ္ဌိ (၆၂)ပါးကို ယူရ၏။

အတိသာရဒိဋ္ဌိယော ဝုစ္စတိ ဒ္ဝါသဋ္ဌိ ဒိဋ္ဌိဂတာနိ။ (မဟာနိဒ္ဒေသ ၂၃၁)

http://www.dhammadownload.com

အတိသာရဒိဋ္ဌိယာဝ-စသောဂါထာဖြင့်မိမိကိုယ်ကို ကျွမ်းကျင်လိမ္မာသူပညာရှိဟုဆို၍ သူတပါးကိုလူမိုက်ဟူရုတ်ချလျက် မိမိအယူဝါဒကိုသာထက်သန်စွာဟောပြောနေသောပုဂ္ဂိုလ်သည် အနှစ်သာရကင်းသောအယူဝါဒဖြင့် ပြည့်ဝစုံလင်သည်ဖြစ်၍ မိမိကိုယ်ကိုမိမိသစ္စကပရိုဗိုဇ်ကဲ့သို့ မာန်ထောင်လွှားကာအထင်ကြီးပုံ (ပဏ္ဍိတမာနီ ဗဟုသုတမာနီပုဂ္ဂိုလ် မှတ်ထင်ပုံ)ကိုပြသည်။

(လက်ာ)အကြောင်းလက္ခဏာ၊ ကျော်လွန်ကာ၊
ယူတာ အတိသာရတည်း။
ယင်းအယူပြည့်စုံ၊ မာန်ယစ်တုံ၊
ကုံလုံမာနကြွယ်သူတည်း။
ကိုယ့်ဟာကိုပင်၊ ပညာရှင်၊
ကျွမ်းကျင်ဘိသိမ်သွန်းသူတည်း။
ဘာ့ကြောင့်ဟူမူ၊ ယင်းအယူ၊
ထိုသူထိုမျှ ပြည့်ဝသော ကြောင့်တည်း။

၁၃။ ပရဿ စေဟိ –ဂါထာ
(ပကတိဘုရားရှင်၏ အပြော–ဂါထာ)

(၁၃) ပရဿ စေ ဟိ ဝစသာ နိဟီနော၊
တုမော သဟာ ဟောတိ နိဟီနပညော။
အထ စေ သယံ ဝေဒဂူ ဟောတိ ဓီရော၊
နာ ကောစိ ဗာလော သမဏေသု အတ္ထိ။

(၁၃) သူတပါးပြောဆိုသော ကဲ့ရဲ့ပြစ်တင်စကားကြောင့်အကယ်၍ ပညာမဲ့ယုတ်ညံ့သူဖြစ်ခဲ့ပါမူ ထိုပြောဆိုသောသူသည်လည်း အပြောခံရ

http://www.dhammadownload.com

သူနှင့်အတူပင်ပညာမဲ့ယုတ်ညံ့သူဖြစ်တော့၏၊ ယင်းသို့မဟုတ် မိမိကိုယ်ကိုမိမိအသိဉာဏ်ရှိသူပညာရှိသူ အကယ်၍ဖြစ်နိုင်ခဲ့မူ သမဏအမည်ခံဘာသာရေးငြင်းခုံသူပုဂ္ဂိုလ်တို့တွင် တစ်စုံတစ်ယောက်မျှယုတ်ညံ့မိုက်မဲသူမရှိနိုင်တော့ပေ။

ပရသ္သ စေဟိ ဝစသာ-ပါဠိတပါးကကဲ့ရဲ့ပြောဆိုပြစ်တင်သောစကားဟူသည် အမှတ် (၁၀)ဂါထာလာ "ဝိနိစ္ဆယေ ဌတွာ ပဟာသ မာနော၊ ဗာလော ပရော အက္ကာသလောတိ စာဟ"ဟူသော စတုတ္ထပါဒစကားဖြစ်သည်။

ဤ ပရသ္သ စေဟိ ဝစသာ-ဟူသော ဂါထာဖြင့် မိမိကိုယ်ကိုချီးမြောက်ပြောဆို၍ သူတပါးအားကဲ့ရဲ့နှိမ်ချပြောဆိုခြင်းဌာနအပြစ်တို့ကိုပြသည်၊ ထို့အပြင် ကိုယ့်အယူဝါဒကိုအထင်ကြီးပြီးသူတပါးကိုအညံ့စားအနေဖြင့်နှိမ်ချမပြောဆိုသင့်ကြောင်းကိုလည်းပြသည်။

(လက်)သူဆိုတိုင်းပ၊ ယုတ်ညံ့က၊
တကွသူလည်း ယုတ်ညံ့သည်။
သို့မဟုတ်ပါ၊ ထိုသူမှာ၊
ပညာဉာဏ်ရှင်ဖြစ်ပါလျှင်။
ငြင်းသူထဲမှ၊ တစ်ယောက်မျှ၊
ဗာလလူညံ့မရှိရာ။

၁၄။ အညံ် ဏ္ဍတော –ဂါထာ (ပကတိဘူရေးရှင်၏ အပြေဂါထာ)

(၁၄) အညံ် ဏ္ဍတော ယာ'ဘိဝဒန္တီ ဓမ္မံ၊
အပရဒ္ဓါ သုဒ္ဓိ'မကေဝလီ တေ။
ဧဝမ်ိဳ တိတ္ထျာ ပုထုသော ဝဒန္တီ၊
သန္ဒိဋ္ဌိရာဂေန ဟိ တေ'ဘိရတ္တာ။

http://www.dhammadownload.com

(၁၄) အကြင်သူတို့သည်ဤမိမိအယူမှ တပါးအခြားသောအယူဝါဒ တရားကို စွဲမြဲယူဆပြောဆိုကြကုန်၏၊ ထိုသူတို့သည် စင်ကြယ်မှုလမ်း စဉ်မှ ချွတ်ယွင်းတိမ်းပါးလွဲမှားကြကုန်သည်ဖြစ်၍ မပြည့်စုံပဲယုတ်ညံ့ ကြကုန်၏၊ ထိုသူတို့သည်ဤသို့လည်းများစွာသော တိတ္ထိပုဂ္ဂိုလ်တို့သည် ပြောဆိုကြကုန်၏၊ ထိုသို့ပြောဆိုကြခြင်း၏အကြောင်းကား-ထိုတိတ္ထိ ပုဂ္ဂိုလ်တို့သည် မိမိ၏အယူဝါဒ၌တပ်စွဲသောရာဂဖြင့် လွန်လွန်ကဲကဲ တပ်စွဲနေကြသောကြောင့်တည်း။

အမှတ် (၁၃) ဂါထာမှ နောက်ထက်ဝက်ဖြစ်သော " အထ စေ သယံ ဝေဒဂူ ဟောတိ ဓီရော၊ နဟောတိ ဗာလော သမဏေသု အတ္ထိ" ဟူသော နှစ်ပါဒ၌ နှိမ်ချပြောဆိုသူကိုယ်တိုင်က ပညာရှိပုဂ္ဂိုလ် ဖြစ်ရိုးမှန်လျှင် ရသေ့ရဟန်း ပရဗိုဇ်လောက၌ဘာသာရေးအယူဝါဒ ငြင်းခုံနေကြသူတွေထဲမှ ယုတ်ညံ့မိုက်မဲသူတစ်စုံတစ်ယောက်မျှ မရှိနိုင်ပေဟူ၍ဆိုခဲ့၏။ ယ္ခုအခါယင်းသို့ယုတ်ညံ့မိုက်မဲသူ တစ်စုံတစ် ယောက်မျှမရှိနိုင်ခြင်း၏အကြောင်းကို အကျယ်ဟောပြခြင်းငှါအည် ဣတော ယာဘိဝဒန္တိ ဓမ္မံ-အစ ကမေတ္ထ ဗာလောတိ ပရံ ဒဟေယျ-ထိ အဆုံးရှိသော နှစ်ဂါထာခွဲကိုဟောတော်မူပါသည်။

ဤဂါထာတွင် ရှေ့ပိုင်း (၃) ပါဒတို့ဖြင့် ဘာသာရေးအယူဝါဒ ငြင်းခုံနေကြသောတိတ္ထိဆရာတို့၏ပြောဆို ငြင်းခုံပုံစကားကိုပြ၏။ သန္ဒိ ဌိရာဂေန ဟိ တေ ဘိရတ္တာ-ဟူသော စတုတ္ထပါဒဖြင့် တိတ္ထိဆရာတို့ ယင်းသို့ပြောဆိုငြင်းခုံခြင်း၏အကြောင်းကိုပြ၏။

ဝေမိ တိတ္ထျာ-ပုဒ်၌မှတ်ဖွယ်

တိတ္ထိယာ-ပုဒ်ကိုပင် သဒ္ဒါရေးအားဖြင့် တိတ္ထျာ-ဟုဟော ထားသည်။ တိတ္ထိယ-ပုဒ်၌တိတ္ထပုဒ်အရ ဒိဌိအယူဝါဒကိုယူရ၏။

http://www.dhammadownload.com

တိတ္ထိယပုဒ်အရမှာမူ ဒိဋ္ဌအယူဝါဒရှိသူ တိတ္ထိပုဂ္ဂိုလ်ကို ယူရသည်။
တိတ္ထံ ဝုစ္စတိ ဒိဋ္ဌဂတံ၊ တိတ္ထိယာ ဝုစ္စန္တိ ဒိဋ္ဌဂတိကာ။
(မဟာ နိဒ္ဒေသ-၂၃၃)

(လင်္ကာ) ဤတရားမှာ၊ အပြင်ပ၊ ဓမ္မဟောသူတွေ။
စင်ကြယ်မင်္ဂလာ၊ ချွတ်ယွင်းကြ၊ ပြည့်ဝမစုံချေ။
ဤသို့ဟောကြား၊ တိတ္ထိများ၊
စံကားလည်းရှိနေပေ။
ကိုယ့်အယူသာ၊ ထင်ကြီးကာ၊
လွန်စွာတပ်မက်သောကြောင့်ပေ။

၁၅။ ဣဓေဝ သုဒ္ဓိ-ဂါထာ (ပကတိဘုရားရှင်၏ အဖြေဂါထာ)

(၁၅) ဣဓေဝ သုဒ္ဓိ ဣတိ ဝါဒယန္တိ၊
နာညေသု ဓမ္မေသု ဝိသုဒ္ဓိမာဟု။
ဧဝမ္ပိ တိတ္ထာ ပုထုသော နိဝိဋ္ဌာ၊
သကာယနေ တတ္ထ ဒဠှံ ဝဒါနာ။

(၁၅) ထိုတိတ္ထိပုဂ္ဂိုလ်တို့သည် ဤ(ငါ၏) အယူဒိဋ္ဌသာလျှင်စင်ကြယ်မှုရှိ၏ဟုပြောဆိုကြကုန်၏၊ အခြားသောအယူဝါဒတို့ဌာနား စင်ကြယ်မှုရှိ၏ဟု မပြောဆိုကြကုန်၊ မိမိတို့၏လမ်းစဉ်ဖြစ်သော ထိုအယူဒိဋ္ဌ စွဲစွဲမြဲမြဲပြောဆိုကြကုန်၏၊ ဤသို့လည်း တိတ္ထိတို့သည် မှားစွာသောအယူဝါဒတို့ဌသက်ဝင်၍တည်ကြကုန်၏။ ဣဓေဝ သုဒ္ဓိ စသောဂါထာဖြင့် မိမိအယူဝါဒဌအလွန်အကဲတပ်စွဲကြကုန်သော တိတ္ထိပုဂ္ဂိုလ်တို့၏ပြောဆိုကြပုံကိုပြ၏။

http://www.dhammadownload.com

သကာယနေ တဏှာ-ပါဠိနှင့် သကာယ (၄) ပါးကား

မိမိ၏တည်ရာဖြစ်သော ၁-ဟောအပ်သောတရား၊ ၂ - အယူဝါဒ၊ ၃-ကျင့်စဉ်၊ ၄-လမ်းစဉ်တို့ဖြစ်ကြ၏။

(မဟာနိဒ္ဒေသ ၂၃၄)

(လက်)ဤအယူဌိသာ၊ သန့်ရှင်းတာ၊
အခြားမှာမသန့် ဆိုကြသည်။
ဤသို့လဲပဲ၊ ယူအစွဲ၊
ခိုင်မြဲသက်ဝင်နေကြသည်။
ထိုသူတို့ဟာ၊ ကိုယ့်လမ်းမှာ၊
ခိုင်စွာရှိ၏ဆိုကြသည်။

၁၆။ သကာယနေဝါပိ-ဂါထာ

(ပကတိဘုရားရှင်၏ အဖြေဂါထာ)

(၁၆) သကာယနေ ဝါပိ ဒဠှံ ဝဒါနော၊
က'မေတ္ထ ဗာလောတိ ပရံ ဒဟေယျ။
သယံဝ သော မေဓကမာဝဟေယျ၊
ပရံ ဝဒံ ဗာလမသုဒ္ဓိမဗ္ဗံ။

(၁၆) မိမိတို့၏လမ်းစဉ်ဖြစ်သောအယူဝါဒ၌လည်း (ဤအယူသည် သာလျှင် သင့်၏ဟု) စွဲစွဲမြဲမြဲပြောဆိုသူသည် ဤအယူ၌အဘယ်မည်သော သူတပါးကိုမိုက်မဲသူဟူ၍ ရှုမြင်ပြောဆိုနိုင်အံ့နည်း၊ အယူကွဲပြားသောအခြားသူကို မိုက်မဲသူစင်ကြယ်သောသဘာမရှိဟုပြောဆိုသော ထိုသူသည်မိမိကိုယ်တိုင်ပင်ငြင်းခုံမှုကိုဆောင်ရွက်သည်မည်ရာ၏။

http://www.dhammadownload.com

သကာယနေဝါပိစသောဂါထာဖြင့် မိမိ၏အယူဝါဒ အကျင့်လမ်းစဉ်၌ အခိုင်အမာပြောဆိုသောတိတ္ထိပုဂ္ဂိုလ်၏ ဥါအယူသာ မှန်၏။ သူ့အယူကား မှား၏၊ ငါသာ ပညာရှိ၏၊ သူတို့ကား ပညာမဲ့-လူညံ့တို့ဖြစ်ကြ၏ဟု ပြောဆိုခြင်း၏၊ သက်ရောက်မှုအကျိုးကို ပြ၏။ အထက်ပါအတိုင်းသာ ယူဆပြောဆိုနေကြပါလျှင် ကိုယ်အယူအဆ အယူဝါဒ ကိုယ့်အလို အားဖြင့် အားလုံးပင် ပညာရှိပုဂ္ဂိုလ်များပင် ဖြစ်ကြ၍ အဘယ်သူကို လူမိုက်လူညံ့ဟူ၍ ဆိုစရာရှိပါကုန်အံ့နည်း၊ သူတို့ (တိတ္ထိပုဂ္ဂိုလ်တို့) အလိုအားဖြင့် အားလုံးပင် ပညာရှိသူ အကျင့်မှန်သူချည်း ဖြစ်ရာ၏-ဟုဆိုလိုသည်။

သကာယနေဝါဝိ-ပါဠ်၌ သကာယန-အရ

အကျဉ်းအားဖြင့် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ၊ အကျယ်အားဖြင့် နတ္ထိကဝါဒ ကြွသရဝါဒ ကာရကဝါဒ နိယတဝါဒ စသည်ပြားသော မိမိ၏ မှိုရာအယူဝါဒကို ယူရသည်။ (သုတ္တန်ပါတအဋ္ဌကထာ ၂၊ ၂၇၂)

(လင်္ကာ) ကိုယ့်အယူ၌သာ၊ မြဲမြံစွာ၊
စွဲကာနေ၏ဆိုသော်လည်း။
ဘယ်သူကိုမျှ၊ လူဟာလ၊ ရှုတ်ချဆိုဖွယ်မရှိပါ။
မစင်ကြယ်တရား၊ သူတစ်ပါး၊
ဉာဏ်အားမဲ့သူဆိုပါမူ။
ထိုသို့ဆိုလျှင်း၊ ငြင်းခုံခြင်း၊
ဆောင်သွင်းလာသူ ဖြစ်တော့သည်။

http://www.dhammadownload.com

၁၇။ ဝိနိစ္ဆယေ ဌတွာ-ဂါထာ

(ပကတိဘုရားရှင်၏ နိဂုံးချုပ် အပြေဂါထာ)

(၁၇) ဝိနိစ္ဆယေ ဌတွာ သယံ ပမာယ၊
ဥဒ္ဒံသ လောကသ္မိ ဝဝါဒမေတိ။
ဟိတ္တာန သဗ္ဗာနိ ဝိနိစ္ဆယာနိ၊
န မေဓံ ကုဗ္ဗတိ ဇန္တု လောကေတိ။

(၁၇) လောက၌ ထိုသူသည် ဒိဋ္ဌိအယူဝါဒ၌ တည်၍ မိမိကိုယ်တိုင် ဆရာစသည်ကို နှိုင်းချိန်လျက် (မိမိ၏ အယူကို) အထက်၌ထား၍ ငြင်းခုံခြင်းသို့ ရောက်၏၊ လောက၌ (သူတော်ကောင်း) ဖြစ်သော ပုဂ္ဂိုလ်သည်ကား အလုံးစုံသော ဒိဋ္ဌိအယူ ဝါဒတို့ကို အရိယာမဂ်ဖြင့် စွန့်ပယ်ပြီးဖြစ်၍ ငြင်းခုံခြင်းကို မပြုတော့သည် သာတည်း-ဟု ပကတိဘုရားရှင်က ဖြေတော်မူ၏။

ဤဂါထာတွင် ဝိနိစ္ဆယေ ပုဒ် ဝိနိစ္ဆယာနိ-ပုဒ်တို့အရ (၆၂) ပါးသော မိစ္ဆာဒိဋ္ဌိအယူဝါဒတို့ကို ယူရ၏၊ ထို (၆၂) ပါးသောမိစ္ဆာဒိဋ္ဌိအယူဝါဒတို့သည် မှားသောအကြောင်း အရာတို့ကို ဆုံးဖြတ်တတ်သောကြောင့် ဝိနိစ္ဆယတို့မည်ကုန်၏။

(မဟာနိဒ္ဒေသ ၂၃၅)

http://www.dhammadownload.com

စုဥဗျူဟာသုတ်ကို နားကြားရပြီး ကျွတ်တမ်းဝင်သော ပရိသတ် ပမာဏ

ဤသို့လျှင် ဘုရားရှင်သည် အရဟတ္တဖိုလ်ကို အထွဋ်တပ် သဖြင့် စူဠဗျူဟသုတ်ကို ဟောကြားမှု ပြီးဆုံးစေပါသည်။ စူဠဗျူဟ သုတ္တန်ကို နားကြားရပြီးသောအခါ တရားနာပရိသတ်ထဲမှ ကုဋေ တစ်သိန်းသော နတ်ပြဟ္မာတို့ အရဟတ္တဖိုလ်သို့ ဆိုက်ရောက် ကြလျက် ရဟန္တာဖြစ်သွားကြ၏။ သောတာပန်,သကဒါဂါမ်,အနာဂါမ် ဖြစ်သွား ကြသော အရိယာနတ်ပြဟ္မာတို့ကား ဤရွှေ.ဤမျှပင်ဟူ၍ မရေတွက်နိုင်အောင် များများမြောင်လှကုန်၏။ ဤအရိယာ နတ်ပြဟ္မာ တို့ကား ဘုန်းကံကုသိုလ် ပါရမီထူးရှိသူများဖြစ်ကြ၍ မဂ်ဖိုလ်နိဗ္ဗာန် တရားထူး တရားမြတ်ကို ရရှိသွားကြခြင်း ဖြစ်လေသည်။

(လင်္ကာ) (က) အယူမှားဖြင့်သာ၊ ဆုံးဖြတ်ရာ၊
တည်ကာကိုယ်တိုင်နှိုင်းချိန်သည်။
ထို့ထက်လွန်ကာ၊ လောကမှာ၊
ငြင်းရာသို့လဲရောက်တော့သည်။

(ခ) အယူမှားဆုံးဖြတ်၊ အရပ်ရပ်၊
ပယ်လတ်အားလုံးကင်းစေလျှင်။
သို့ဖြစ်သူဟာ၊ လောကမှာ၊
ငြင်းတာမရှိ၊ ကင်းသန့်စင်။

ဝိပဿနာရှုနည်း အကျဉ်းချုပ်

ပေါ်တိုင်းမပြတ်၊ ရှုမှတ်နေလျှင်၊
ရုပ်နာမ်နှစ်မျိုးကြောင်းကျိုးသိမြင်
မမြဲဆင်းရဲ ဉာဏ်ထဲပေါ်လွင်၊
အနတ္တ သိရ ဒိဋ္ဌစင်။

စူဠဗျူဟသုတ် ပါဠိတော် မှတ်ဖွယ် ပြီး၏

http://www.dhammadownload.com

၆-မဟာဗျူဟာသုတ် ပါဠိတော် မှတ်ဖွယ်

မဟာဗျူဟာသုတ် ဟောတော်မူပုံ

စကြာဝဠာကမ္ဘာတစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့ သောင်းသောင်းဖျဖျ လာရောက်စုဝေးကြရာ မဟာဝုန် တောကြီး အတွင်းမှ နတ်ဗြဟ္မာအစည်းအဝေးကြီး၌ မောဟစရိုက်အဖြစ် များသော အချို့သော နတ်ဗြဟ္မာတို့သည်-

သဿတစသော မိစ္ဆာအယူဝါဒရှိသူတို့သည် ပညာရှိ ပုဂ္ဂိုလ်တို့အထံမှ ကဲ့ရဲ့ရှုတ်ချခြင်းကိုသာ ရကြကုန်သလား။ သို့မဟုတ် ချီးမွမ်းမှုကိုလည်း ရကြသေးသလားဟု ကြံစည်စိတ်ကူးကြကုန်၏။ မြတ်စွာဘုရားရှင်သည် ထိုနတ်ဗြဟ္မာတို့၏ အကြံအစည်ကို သိမြင်တော်မူ၍ ယင်းကြံစည်စဉ်းစားမှုကို ထင်ရှားစွာပြလျက် ပြဿနာကို ဖြေရှင်းတော်မူခြင်းငှါ နိမ့်မိတရုပ်ပွားဘုရားက အမေး + မိမိက အဖြေပြုလျက် ဤမဟာဗျူဟာသုတ်ကို ဟောတော်မူလေသည်။

http://www.dhammadownload.com

ဤသုတ်၌ ဂါထာ (၂၀)ရှိပြီး စူဠဗျူဟသုတ်ထက် ကျယ်သောကြောင့် 'မဟာဗျူဟသုတ်'ဟု အမည်ရသည်။ မောဟအဖြစ်များသူတို့အတွက် မဟာဗျူဟသုတ်ကို ဟောတော်မူခြင်းဖြစ်၏။ ဤသုတ်၌ မိစ္ဆာယူဟု စွဲငြိသူတို့ ဝိညူပုဂ္ဂလ သူထံမှလျှင် ရှုတ်ချခြီးမွမ်း ရပုံလမ်းကို ခွဲခြမ်းစိတ်ဖြာလျက် ဟောပြထားသည်။ ယင်းမဟာဗျူဟသုတ်တွင် ဂါထာပေါင်း (၂၀)ပါရှိပြီး နိမိ့တရုပ်ပွားဘုရားက (၂)ဂါထာမေး၍ ပကတိဘုရားရှင်က (၁၈)ဂါထာဖြင့် ဖြေကြားဟောပြတော်မူ၏။ ဤမဟာဗျူဟသုတ်၌လည်း စူဠဗျူဟသုတ်ကဲ့သို့ပင် ဘုရားရှင် (၂)ဆူတို့က အမေး+အဖြေပြုလျက် ဟောကြားတော်မူကြ၏။

၁။ ယေကေစိမေ – ဂါထာ

(နိမိ့တရုပ်ပွားဘုရား၏အမေးဂါထာ)

(၁) *ယေ ကေစိမေ ဒိဋ္ဌိပရိဗ္ဗသာနာ၊
ဂ္ဂဒမေဝ သစ္စန္တိ ဝိဝါဒယန္တိ ။
သဗ္ဗေဝ တေ နိန္နမန္ဒာနယန္တိ၊
အထော ပသံသမိ လဘန္တိ တတ္ထ။

(၁) [အမေး]ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရား မိစ္ဆာအယူ၌ စွဲမြဲတည်နေကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် ဤငါ့အယူ ဝါဒသာလျှင် မှန်၏ဟူ၍ ပြောဆို ကြကုန်၏၊ ထိုသူအားလုံးတို့သည် ထိုအယူ၌ အကဲ့ရဲ့ကိုသာ ခံကြရပါ ကုန်သလော၊ သို့မဟုတ် ချီးမွမ်းခြင်းကိုလည်း ရပါကုန်သေးသလော-ဟု နိမိ့တရုပ်ပွားဘုရားက မေးတော်မူ၏။

ယေကေစိမေ စသော ဤဂါထာမှာ နိမိ့တရုပ်ပွားဘုရားက မေးမြန်းသော ပုစ္ဆာဂါထာဖြစ်၏။ ဤဂါထာတွင် ယေကေစိမေ စသော

http://www.dhammadownload.com

ရွှေ့(၂)ပါဒတို့ဖြင့် မိစ္ဆာအယူရှိသူ ဘာသာရေးအယူသည်းကြသူတို့ အယူဝါဒနှင့်စပ်၍ ငြင်းခုံပြောဆို ကြပုံကိုပြ၏။

သဗ္ဗေဝတေ စသော နောက်(၂)ပါဒတို့ဖြင့် ယင်းသို့ ငြင်းခုံနေကြသူတွေဟာ ပညာရှိတို့ထံမှ ကဲ့ရဲ့ ရှုတ်ချခြင်းကို ရနေကြပါသလား သို့မဟုတ် ချီးမွမ်းခြင်းကိုလည်း ရကြပါသေးသလားဟု မေးမြန်းခြင်း ပုစ္ဆာကိုပြ၏။

(လက်ာ) အယူသည်းကြ၊ လူတွေက၊
ဒါမှ မှန်သည် ငြင်းကြသည်။
ကဲ့ရဲ့ခြင်းသာ၊ သူတို့မှာ၊
ရကာနေကြပါသလော။
သို့မဟုတ်ဘဲ၊ ချီးမွမ်းလဲ၊
မလွဲရကြသေးသလော။

၂။ အပ္ပံ ဟိ ဧတံ ဂါထာ (ပကတိဘူရေးရှင်၏အဖြေဂါထာ)

(၂) အပ္ပံ ဟိ ဧတံ နု အလံ သမာယ၊
ဒုဝေ ဝိဝါဒဿ ဖလာနိ ပြူမိ။
ဧတမ္ပိ ဒိဿာ နု ဝိဝါဒယေထ၊
ခေမာ'ဘိပဿံ အဝိဝါဒဘူမိ။

(၂) [အဖြေ]ဤချီးမွမ်းခံရခြင်းသည် အနည်းငယ်မျှသာတည်း၊ (ရာဂစသည်တို့) ငြိမ်းအေးရန် မစွမ်းနိုင်၊ ငြင်းခုံခြင်း၏ အကျိုးတို့ကို နှိုင်ခြင်း ရှုံးခြင်း ကောင်း မကောင်းအားဖြင့် နှစ်ပါးတို့ဟူ၍ ငါဆို၏၊ ဤသို့ ငြင်းခုံခြင်း၏ အပြစ်ကိုလည်း မြင်၍ ငြင်းခုံမှုမရှိရာ နိဗ္ဗာန်ကို ဘေးမရှိဟု ရှုလျက် ငြင်းခုံမှုကို မပြုရာ။

http://www.dhammadownload.com

ယခုအခါ၌ ငါ့အယူဝါဒသာ မှန်၏ဟူ၍ ငြင်းခုံပြောဆိုကြသော တိတ္ထိပုဂ္ဂိုလ်တို့သည် တရံတခါ တချို့နေရာ၌ ခိုးမွမ်းဂုဏ်ပြုမှုကိုလည်း ရကြ၏။ ယင်းသို့ခိုးမွမ်းဂုဏ်ပြုမှုကိုရခြင်းသည် ရာဂဒေါသ စသည်တို့၏ ငြိမ်းအေးခြင်းငှါ မစွမ်းဆောင်နိုင်ကြချေ။ ရှုတ်ချကဲ့ရဲ့မှုကိုခံရသောအခါ၌မူ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်းဟူသော ဤအကျိုးကိုပြခြင်းငှါ ဘုရားရှင်သည် အပ်ပံုတော်စသော အဖြေဂါထာတို့ကို ဟောကြား တော်မူပါသည်။

ဤအပ်ပံုတော် နအလံ သမာယ စသောဂါထာမှ ပတ္ထယမာနသဟိ ဇပိတာနိ တိုင်အောင်သော (၇)ဂါထာတို့မှာ ပကတိဘုရားရှင်၏အဖြေဂါထာတို့ချည်း ဖြစ်ကြ၏။ ဤအပ်ပံုတော်ဟူသော ဂါထာဖြင့်-

၁။ ငြင်းခုံပြောဆိုရခြင်း၏ အကျိုး(၂)ပါးကိုဂုဏ်း၊

၂။ အကျိုးနှစ်ပါးတွင် ခိုးမွမ်းခံရမှုက နည်းပါး၍ ကဲ့ရဲ့ရှုတ်ချမှုများစွာခံရပုံကိုဂုဏ်း၊

၃။ ခိုးမွမ်းခံရမှုမှာလည်း ရာဂ ဒေါသ စသော ကိလေသာ ငြိမ်းဖို့ရာ မဖြစ်ပုံကိုဂုဏ်း၊

၄။ ငြင်းခုံမှု၏အဖြစ်ကို သိမြင်၍ ငြင်းခုံမှုကင်းရာ နိဗ္ဗာန်ကို ဘေးကင်းရာဟု ရှုစားမျှော်လင့်လျက်-မငြင်းခုံထိုက်ပုံကိုဂုဏ်းပြသည်။

ဒုဝေ ဝိဝါဒသာ ဖလာနိ ပါဠိ၌ ငြင်းခုံခြင်း၏ အကျိုး(၂)ပါးကား ကဲ့ရဲ့ရှုတ်ချခံရခြင်းနှင့် ခိုးမွမ်းဂုဏ်ပြုခံရခြင်း (တနည်း) အနိုင်နှင့် အရှုံးတို့ပင်ဖြစ်သည်။

http://www.dhammadownload.com

အဝိဝါဒ ဘူမိပါဠ္ဍ အဝိဝါဒဘူမိအရ ငြင်းခုံရာဌာန မဟုတ်သော နိဗ္ဗာန်ကိုယူရသည်။

အဝိဝါဒဘူမိ ဝုစ္စတိ အမတံ နိဗ္ဗာနံ။ (မဟာနိဒ္ဒေသ - ၂၃၈)

(လင်္ကာ) ခြိုးမွှမ်းခံရ၊ မများလှ၊ ရာဂငြိမ်းရန် မစွမ်းပါ။
ငြင်းခုံမှုမှာ၊ ကျိုးနှစ်ဖြာ၊ ရတာ ငါဟောသည်။
ယင်းအကျိုးပြစ်ပါ၊ ငြင်းငြိမ်းရာ၊
ရှုကာ ငြင်းမှု ပယ်သင့်သည်။

၃။ ယာကာစိမာ-ဂါထာ (ပကတိဘုရားရှင်၏အဖြေဂါထာ)

(၃) ယာ ကာစိမာ သမ္မုတိယော ပုထုဇ္ဇာ၊
သဗ္ဗာဝ တော နု ဥပေတိ ဝိဒ္ဓါ။
အနူပယော သော ဥပယံ ကိမေယျ၊
ဒိဋ္ဌေ သုတေ ခန္တိမကုဗ္ဗမာနော။

(၃) မိစ္ဆာအယူအားလုံးတို့ကို ပုထုဇဉ်တို့ဖြစ်စေအပ်ကုန်၏၊ ပညာရှိသည် ဤမိစ္ဆာ အယူအားလုံးတို့သို့ မကပ်ရောက်၊ မြင်ရသောအရာရှုပါရုံ ကြားရသောအရာသဒ္ဒါရုံ၌ နှစ်သက်လိုလားမှုကို မပြုသော ကပ်ရောက်တတ်သည့် တဏှာဒိဋ္ဌိ မရှိသော ထိုပညာရှိသည် အဘယ်မည်သော ကပ်ရောက်ဖွယ် ရုပ်ဝေဒနာစသည်သို့ ကပ်ရောက်တော့မည်နည်း။

ယာကာစိမာ သမ္မုတိယော စသော ဤဂါထာဖြင့်

၁။ (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိအယူဝါဒတို့ ပုထုဇဉ်ဘာသာရေးဆရာတို့ကြောင့် ဖြစ်ပုံကိုဂင်း၊

http://www.dhammadownload.com

၂။ ရဟန္တာပုဂ္ဂိုလ်သည် ထိုဒိဋ္ဌ (၆၂)ပါးအယူဝါဒသို့ မကပ်ရောက်ပုံကိုဎင်း၊

၃။ ရဟန္တာပုဂ္ဂိုလ်သည် ကပ်ငြိတွယ်တာတတ်သော တဏှာဒိဋ္ဌိတို့ဖြင့် ဘယ်အရာကိုမျှ မကပ်ရောက်သည်ကိုဎင်း၊

၄။ ရဟန္တာပုဂ္ဂိုလ်သည် ဒိဋ္ဌမင်္ဂလာ သုတမင်္ဂလာ မုတမင်္ဂလာတို့၌ နှစ်သက်ခြင်းတဏှာမရှိသည်ကိုဎင်း ပြသည်။

ဂါထာထားအရကောက်နှုတ် သရုပ်များ

သမ္မုတိယော ပုဒ်အရ (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိအယူဝါဒတို့ကို ယူရ၏။ အနုပယောပုဒ် ဥပယံပုဒ်တို့၌ ကပ်ရောက်မှုဥပယသည် ၁-တဏှာ ဥပယ၊ ၂-ဒိဋ္ဌိဥပယ-အား ဖြင့် (၂)ပါးဖြစ်သည်။ ခန္ဓိမကုဋ္ဌ မာနော-ပုဒ်၌ ခန္ဓိ-အရ ဆန္ဒ-ပေမ-ရာဂကိုယူရသည်။

(လက်ာ) တိတ္ထိအများ၊ သမုတ်ထား၊ များပြားအယူတွေ။
ပညာရှိဟာ၊ ယင်းတို့မှာ၊ စွဲကာမယူပေ။
ကပ်ငြိကင်းကွာ၊ ထိုသူဟာ၊
ဘယ်မှာ ကပ်ငြိရောက်အံ့နည်း။
ဒိဋ္ဌသုတာ၊ မင်္ဂလာ၊
သာယာနှစ်သက် ကင်းသတည်း။

http://www.dhammadownload.com

၄။ သီလုတ္တမာ-ဂါထာ (ပကတိဘုရားရှင်၏အဖြေ ဂါထာ)

(၄) သီလုတ္တမာ သညမေနာဟု သုဒ္ဓိ၊
ဝတံ သမာဒါယ ဥပဋ္ဌိတာသေ။
ဣဓေဝ သိက္ခေမ အထဿ သုဒ္ဓိ၊
ဘဝူပနီတာ ကုသလာဝဒါနာ။

(၄) စောင့်ထိန်းမှု 'သီလ'သာ မြတ်၏ဟု အယူရှိသူတို့သည် သီလ စောင့်စည်းရုံမျှဖြင့် စင်ကြယ်၏ဟူ၍ ဆိုကုန်၏၊ နွားခွေး စသည်တို့၏ အကျင့် 'ဝတ'ကို ကောင်းစွာယူ၍ တည်ကုန်၏၊ ဤမိမိအယူဒဿနလျှင် ကျွမ်းကျင်လိမ္မာ၏ဟု ပြောဆိုသူတို့သည် ဘဝဌ် မက်မောနစ်မြုပ်ကုန်လျက် ထိုဆရာ၏ စင်ကြယ်သော အကျင့်ကို ကျင့်ကုန်အံ့ဟု ပြောဆိုကြကုန်၏။

သီလုတ္တမာစသောဂါထာဖြင့် ဗုဒ္ဓသာသနာတော်မှ အပြင် ဘက်၌ ရှိကြသော တိတ္ထိပုဂ္ဂိုလ်တို့သည် သီလဟု ဆိုအပ်သော အလေ့မျှဖြင့်, ဝတဟုဆိုအပ်သော အကျင့်မျှဖြင့် စင်ကြယ်ပြီး ပြည့်စုံပြီဟု ယူဆဟောပြောနေကြ၏။ ကျင့်သုံး နေကြ၏။ ထိုအလေ့အကျင့်မျှဖြင့် မစင်ကြယ်၊ မပြည့်စုံသေးကြောင်းကိုရင်း ထိုပုဂ္ဂိုလ်တို့သည် ဘုံဘဝတို့၌ မက်မော နှစ်မြုပ်ကြကုန်လျက် မိမိကိုယ်ကို မိမိ တတ်သိကျွမ်းကျင် သည့် ပညာရှိပုဂ္ဂိုလ်ဟု ဝန်ခံနေကြပုံကိုရင်း ပြသည်။

(လင်္ကာ) (က) သီလအမြတ် ထင်မှတ်သူတွေ၊
ကိုယ်နှုတ်စောင့်လျှင်း သန့်ရှင်းဆိုပေ။
နွားခွေး အလေ့ ကျင့်၍ တစ်ထွေ၊
နတ်-စသား ဝတ်တွားကိုးကွယ်နေ။

http://www.dhammadownload.com

(ခ) ဤဒ္ဒသာတည် ကျင့်မည်ကြံပေ၊
ထိုဆရာပင် သန့်စင်ဆိုပေ။
ထိုအကျင့်ပင် သန့်စင်ဆိုပေ။
ဘဝမှာပဲ တပ်စွဲတည်နေ။ ပညာရှိ ဖြစ်၏ ဝန်ခံချေ။

❀ ❀ ❀ ❀ ❀

၅။ သစေ စုတော ဂါထာ (ပကတိဘုရားရှင်၏အဖြေ ဂါထာ)

(၅) သစေ စုတော သီလဝတတော ဟောတိ၊
ပဝေဓတိ ကမ္မ ဝိရာဓယိတ္ထာ။
ပဇ္ဇတိ ပတ္ထယတိ စ သုဒ္ဒိ၊
သတ္ထာဝ ဟိနော ပဝသံ ယရမ္ဘာ။

(၅) ထိုသူသည် စောင့်ထိန်းမှု 'သီလ' ဆောက်တည်မှု 'ဝတ'မှ ရွေ့လျော့ခဲ့မှု သီလနှင့် ဝတ ချွတ်ယွင်းပျက်စီး သောကြောင့် တုန်လှုပ်၏၊ နေအိမ်မှ (ထွက်ခဲ့၍) အရပ်တပါးသို့ သွားသူသည် လှည်းအုပ်မှ ကျန်ရစ်ခဲ့သော် ထိုနေအိမ်နှင့် လှည်းအုပ်တစ်ခုခုကို တောင့်တဘိ သကဲ့သို့ ထိုအတူ စင်ကြယ်မှုကို တမ်းတမှုလည်း တမ်းတ၏၊ တောင့်တမှုလည်း တောင့်တ၏။

သစေ စုတော-စသော ဤဂါထာဖြင့် သီလဝတ အလေ့အကျင့်မှဖြင့် စင်ကြယ်သည် မြင့်မြတ်သည်ဟု အယူရှိသော တိတ္ထိပုဂ္ဂိုလ်၏ အလေ့အကျင့်မှ ရွေ့လျော့ပျက်စီးသွားခဲ့သော် ပြုသင့်သော အလေ့အကျင့်ကို ချွတ်ယွင်းစေသောကြောင့် စိုးရိမ်ပူပန်တုန်လှုပ်ရပုံ၊ စင်ကြယ်မှုတမ်းတရပုံတို့ကို ဥပမာနှင့်တကွ ပြ၏။

http://www.dhammadownload.com

သစေ စုတော သီလဝတတော်၌ အလေ့အကျင့်မှ ရွှေ့လျော်ရခြင်းအကြောင်း(၂)ပါးတို့ကား ၁။ မလိုလားသဖြင့် မကျင့်လိုခြင်း ၂။ မကျင့်နိုင်ခြင်း မရနိုင်ခြင်းတို့ဖြစ်သည်။ (မဟာနိဒ္ဒေသ - ၂၄၁)

ကမ္မ ဝိရာဓယိတ္တာ-ပါဠိတော် ကမ္မ အရ ၁။ သီလဝတစသောကံကိုဂုဏ်း၊ ၂။ ပုညာဘိသင်္ခါရကံ အပုညာဘိသင်္ခါရကံ အာနေဉ္ဇာဘိသင်္ခါရကံကိုဂုဏ်း ယူရသည်။ (မဟာနိဒ္ဒေသ - ၂၄၂)

(လင်္ကာ)

အလေ့အကျင့်မှ လျော့ကြသူမှာ၊
ကံချွတ်ယွင်းသွား လှုပ်ရှားနေရာ။
စင်ကြယ်တသ တောင့်တခါခါ။
သွားဖော်များမှ ကျန်ကြသူဟာ၊
မိုလိုငြား အိမ်သွားတူလှပါ။



၆။ သီလဗွတံဝါပိ–ဂါထာ (ပကတိဘုရားရှင်၏အဖြေ ဂါထာ)

(၆) သီလဗွတံ ဝါပိ ပဟာယ သဗ္ဗံ၊
ကမ္မဉ္စ သာဝဇ္ဇနဝဇ္ဇမေတံ။
သုဒ္ဓိ အသုဒ္ဓိန္တိ အပတ္ထယာနော၊
ဝိရတော စရေ သန္တိမနုဂ္ဂဟာယ။

(၆) စောင့်ထိန်းမှု 'သီလ' ဆောက်တည်မှု 'ဝတ' အားလုံးကိုလည်းကောင်း အပြစ်ရှိ အပြစ်မရှိသော ထိုအကုသိုလ် လောကီကုသိုလ်ကံ ကိုလည်းကောင်း ပယ်စွန့်၍ စင်ကြယ်မှု မစင်ကြယ်မှုကို မတောင့်တသော ရဟန်းပုဂ္ဂိုလ်သည် မိစ္ဆာအယူကို မယူမူ၍ (စင်ကြယ်မှု မစင်ကြယ်မှုမှ) ကြဉ်ရှောင်လျက် သွားလာနေထိုင်နိုင်ရာ၏။

http://www.dhammadownload.com

သီလဝတ အလေ့အကျင့်မျှဖြင့် စင်ကြယ်မြင့်မြတ်သည်ဟူ ယူကြသော တိတ္ထိပုဂ္ဂိုလ်တို့၏ ပူပန်တုန်လှုပ်ရခြင်း ဆင်းရဲတို့မှ ကင်းပြီး ချမ်းသာစွာ နေနိုင်သည့် နည်းလမ်းကျင့်စဉ်ကိုပြခြင်းငှါ မြတ်စွာ ဘုရားသည် သီလဗ္ဗတံဝါပိစသော ဂါထာကို မိန့်တော်မူ လေသည်။

သီလဗ္ဗတံဝါပိ-စသော ဤဂါထာဖြင့်

၁။ သီလဗ္ဗတ အယူဝါဒဟူသမျှကို ပယ်စွန့်ရခြင်း၊

၂။ အပြစ်ရှိသော အကုသိုလ်ကံ၊ အပြစ်ကင်းသော လောကီ ကုသိုလ်ကံကိုလည်း ပယ်စွန့်ရခြင်း၊

၃။ ဆင်းရဲကင်းရှင်း စင်ကြယ်ခြင်း၊ မကင်းရှင်း မစင်ကြယ်ခြင်း တို့ကို မတောင့်တရခြင်း၊

၄။ မိစ္ဆာအယူကို မစွဲယူရခြင်းတို့ကို ပြဆိုသည်။

သန္ဓိ မနုဂ္ဂဟာယပါဠိနှင့် သန္ဓိ-ငြိမ်းအေးမှု (၃)မျိုး

၁။ နိဗ္ဗာန်ဟုဆိုအပ်သော အမြဲငြိမ်းအေးသော - အစ္စန္တသန္ဓိ၊

၂။ နိဝရဏစသည်တို့မှ အခိုက်အတန့်မျှ ငြိမ်းအေးသော စျာန် သမာပတ် (၈)ပါးသည် - တဒင်္ဂသန္ဓိ၊

၃။ စိတ်ကူးကြံစည်ခြင်းဖြင့် ငြိမ်းအေးရာဟူ၍ သမုတ်ထားသော မိစ္ဆာဒိဋ္ဌိ(၆၂)ပါးသည်-သမ္မုတိသန္ဓိ မည်၏။

ဤသန္ဓိ(၃)မျိုးတွင် ဤနေရာ၌-သမ္မုတိသန္ဓိကို ယူရသည်။ အရိယာသာဝကသည် ထိုသမ္မုတိ သန္ဓိခေါ်သည့် မိစ္ဆာဒိဋ္ဌိအယူမှား တို့ကို စွန့်ပယ်ပြီးဖြစ်သည်။

သန္ဓိမနုဂ္ဂဟာယာတိ သန္ဓိယော ဝုစ္စတိ ဒွါသဋ္ဌိ ဒိဋ္ဌိဂတာနိ။

(မဟာနိဒ္ဒေသ - ၂၄၄)

တိသော သန္ဓိယော အစ္စန္တသန္ဓိ တဒင်္ဂသန္ဓိ သမ္မုတိသန္ဓိ။

(မဟာနိဒ္ဒေသ - ၅၇)

http://www.dhammadownload.com

(လင်္ကာ) လေ့ကျင့်ဖုံဖုံ၊ အလုံးစုံ၊ အကုန်ပယ်ပြီးကာ။
ပြစ်ရှိပြစ်ကင်း၊ ကံနှစ်သင်း ပယ်ခွင်းစွန့်ပြီးကာ။
သန့်ရှင်းစင်ကြယ်၊ မစင်ကြယ်၊ လိုတယ်မရှိရာ။
သန္တိကိုလဲ၊ မယူဘဲ၊ နေမြဲကြည်ရွှောင်ကာ။
သန္တိကိုသာ၊ ချီးမြှောက်ကာ၊ နေရာတော့သတည်း။

❀ ❀ ❀ ❀ ❀

၇။ တမ္ဗပနိဿာယ – ဂါထာ

(ပကတိဘုရားရှင်၏ အဖြေဂါထာ)

(၇) တမ္ဗူပနိဿာယ ဇိဂုစ္ဆိတံ ဝါ၊
အထဝါပိ ဒိဋ္ဌံ ဝ သုတံ မုတံ ဝါ။
ဥဒ္ဓံသရာ သုဒ္ဓိ' မနုတ္ထုနန္တိ၊
အဝီတတဏှာသေ ဘဝါဘဝေသု။

(၇) သံသရာမှ စင်ကြယ်၏ဟု (ဥဒ္ဓံသရ အကိရိယ သဿတ) အယူရှိသူတို့သည် စက်ဆုပ်အပ်သော 'တပေါဇိဂုစ္ဆာ' အကျင့်ကို လည်းကောင်း ထို့ပြင် မြင်ရသော 'ရူပါရုံ' ကြားရသော 'သဒ္ဒါရုံ' ရောက်ရသော ဂန္ဓရသ ဇောဋ္ဌဗ္ဗာရုံကို လည်းကောင်း အမှီပြု၍ ဘဝကြီး ငယ်တို့၌ တပ်မက်မှု 'တဏှာ' မကင်းကြကုန်ရကား စင်ကြယ်မှုကို ပြောဆိုကုန်၏။

ဤသို့လျှင် သစေ စုတော စသော အမှတ်(၅)ဂါထာဖြင့် ပုဒ္ဓ သာသနာတော်မှ ပြင်ဖက်ဖြစ်သော တိတ္ထိတို့ဘောင်၌ သီလကို အထွဋ် အမြတ်ထားကာ စောင့်စည်းခြင်းမျှဖြင့် စင်ကြယ်မြင့်မြတ်၏ဟူ၍ ယူကြသော တိတ္ထိတို့၏ ဆင်းရဲပင်ပန်း ခြင်းကိုဂုဏ်း၊ သီလဗွတ်ဝါပိ စသော အမှတ်(၆)ဂါထာဖြင့် သီလဗွတကို ပယ်ပြီးသော ရဟန္တာ

http://www.dhammadownload.com

ပုဂ္ဂိုလ်၏ ချမ်းသာစွာနေနည်း ကျင့်စဉ်ကိုဂုဏ်း ပြဆိုပြီး၍ ယခုအခါ တပါးသော အချင်းအရာအားဖြင့် စင်ကြယ်မှုကို ပြောဆိုကြသော တိတ္ထိပုဂ္ဂိုလ်တို့ကို ပြခြင်းငှါ မြတ်စွာဘုရားရှင်သည် တမုပနိဿယ စသော ဂါထာကို မိန့်တော်မူပါသည်။

တမုပနိဿာယစသော ဤဂါထာဖြင့် ရဟန္တာဖြစ်အောင် မကျင့်လျှင် ဘဝတဏှာ မကင်းသေး၍ ဒုက္ခဆင်းရဲ မငြိမ်းသေးသည်ကို ပြဆိုသည်။

ဥဒ္ဓံသရာ-ပုဗ္ဗဏ္ဍမှတ်ဖွယ်

ဥဒ္ဓံသရာ ဟူသည် သေသည်မှ အထက်ဖြစ်သော အနာဂတ် နောက်ကာလ၌ ရှိမြဲရှိနေသည်ဟု ယူကြသော အကိရိယဝါဒရှိသူ သဿတဒိဋ္ဌိအယူရှိသူ တိတ္ထိပုဂ္ဂိုလ်တို့ဖြစ်ကြ၏။

ကတမေတေသမဏဗြာဟ္မဏာ ဥဒ္ဓံသရာဝါဒါ (ပ) အကိရိယ ဒိဋ္ဌိကာ သဿတဝါဒါ (မဟာနိဒ္ဒေသ-၂၄၄)

(လက်ာ) စက်ဆုပ်သဖြင့်၊ ပင်ပန်းကျင့်၊
အသင့်မှီကာ ဟောကြသည်။
ဒိဋ္ဌသုတာ၊ မုတပါ။
မှီကာစင်ကြယ် ဟောကြသည်။
ဥဒ္ဓံသရ၊ ယူဝါဒ၊ ရှိကြသူတို့မှာ။
ဘဝဖြာဖြာ၊ သူတို့မှာ တဏှာမကင်း ရှိနေသည်။

http://www.dhammadownload.com

၈။ ပတ္ထယမာနသ ဂါထာ
(ပကတိဘုရားရှင်၏အဖြေဂါထာ)

(၈) ပတ္ထယမာနသ ဟိ ဇပ္ပိတာနိ၊
ပဝေဓိတံ ဝါပိ ပကပ္ပိတေသု။
စုတူပပါတော ဣဓ ယသ နတ္ထိ၊
သ ကေန ဝေဓေယျ ကုဟိ ဝ ဇပ္ပေ။

(၈) တောင့်တသူအား တမ်းတမှု 'တဏှာ'တို့ ဖြစ်ကုန်သည်သာ တည်း၊ (တဏှာဒိဋ္ဌိဖြင့်) ကြံစည်အပ်သော ဝတ္ထုတို့၌ တုန်လှုပ်မှု သည်မူလည်း ဖြစ်၏၊ ဤလောက၌ အကြင်ရဟန္တာ ပုဂ္ဂိုလ်အား စုတိ ပဋိသန္ဓေမရှိ၊ ထိုရဟန္တာပုဂ္ဂိုလ်သည် အဘယ်ရာဂ စသည်ဖြင့်မူလည်း တုန်လှုပ်ရာအံ့နည်း၊ အဘယ်အရာမျိုး၌မူလည်း တမ်းတရာအံ့နည်း- ဟု ပကတိဘုရားက ဖြေတော်မူ၏။

ပတ္ထယမာနသ စသောဤဂါထာတွင် ပတ္ထယမာနသဟိ စသော ရှေ(၂)ပါဒတို့ဖြင့် အကိရိယဝါဒ ရှိသူ သဿတ ဒိဋ္ဌိ အယူရှိသူ တိတ္ထိပုဂ္ဂိုလ်တို့သည် နောက်ဘဝ၌ ဆင်းရဲကင်းပြီး စင်ကြယ်သည်ဟု ယုံကြည် ယူဆပြောဆို နေကြသော် လည်း ဘဝတဏှာ မကင်းသော ကြောင့် တောင့်တကြဆတွေးပြီး ပူပန်လှုပ်ရှားနေ ကြရသည်ဟူသော အပြစ်တို့ကိုပြသည်။

စုတူပပါတော ဣဓစသော နောက်(၂)ပါဒတို့ဖြင့် ဘဝတဏှာ ကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်အား ဘဝ၌ဖြစ်ခြင်း သေခြင်းမရှိပုံ၊ ဖြစ်ခြင်း သေခြင်းမရှိသည့်အတွက် နောက်ဘဝ နောက်ကာလနှင့် စပ်ပြီး တောင့်တခြင်း တမ်းတခြင်း တုန်လှုပ်ခြင်း မရှိပုံတို့ကိုပြသည်။

http://www.dhammadownload.com

ဂါထာမှ အရကောက်-သရုပ်များ

ပတ္ထယမာနသပုဒ်၌ တောင့်တမှု ပတ္ထနာဟူသည် တဏှာရာဂပင်ဖြစ်သည်။ ဇပ္ပိတာနိ ပုဒ်၌ ဇပ္ပနာ- တမ်းတမှု ဟူသည်မှာလည်း တဏှာရာဂပင်ဖြစ်သည်။ ပကပ္ပိတေသု-ပုဒ်၌ ကြံစည်ခြင်း ပကပ္ပနာ(၂)ပါးတို့ကား တဏှာနှင့် ဒိဋ္ဌိတို့ ဖြစ်သည်။

(မဟာနိဒ္ဒေသ - ၂၄၅)

(လက်ာ) (က) တောင့်တလျှက်သာ၊ နေသူမှာ၊
လိုရာမှန်းဆ တမ်းတသည်။
ကြံတွေးမိငြား၊ အာရုံမျှား၊ လှုပ်ရှားစိုးရိမ် ပူပန်သည်။
(ခ) ဖြစ်, သေကင်းကွာ၊ ရဟန္တာ၊
ဘယ်မှာတမ်းတ ရှိအံ့နည်း။
ဘာကြောင့်ဖြစ်ဖြစ် လှုပ်ရှားလစ်၊
စင်စစ် မရှိတော့သတည်း။

၉။ ယမာဟု ဓမ္မံ-ဂါထာ
(နိမ္မိတ ရုပ်ပွား ဘုရား၏ အမေးဂါထာ)

(၉) ယမာဟု ဓမ္မံ ပရမန္တိ ဧကော၊
တမေဝ ဟီနန္တိ ပနာဟု အညေ။
သစ္စော နု ဝါဒေါ ကတမော ဣမေသံ၊
သဗ္ဗေဝ ဟီမေ ကုသလာဝဒါနာ။

(၉) [အမေး]အချို့သောသူတို့သည် အကြင်အယူဝါဒတရားကို မြတ်၏ဟူ၍ ဆိုကုန်၏၊ အခြားသူတို့ကမူ ထိုအယူဝါဒတရားကိုပင်

http://www.dhammadownload.com

လျှင် ယုတ်၏ဟူ၍ ဆိုကြကုန်၏၊ ဤသူအားလုံးတို့သည်ပင်လျှင် လိမ္မာကျွမ်းကျင်၏ ဟူ၍ အယူရှိကြကုန်၏၊ ဤသူတို့၏အယူဝါဒ တို့တွင် အဘယ်သူ၏ အယူဝါဒသည် မှန်ပါသနည်း-ဟု နိမ္မိတရုပ်ပွား ဘုရားက မေးတော်မူ၏။

ယမာဟု ဓမ္မံ-စသော ဤဂါထာမှာ နိမ္မိတရုပ်ပွား ဘုရားက မေးမြန်းသော ပုစ္ဆာ ဂါထာဖြစ်၏၊

ဤပုစ္ဆာဂါထာတွင် ယမာဟု ဓမ္မံ-စသော ရှေ့သုံးပါဒတို့ဖြင့် အမေးပုစ္ဆာကိုပြသည်၊ သဗ္ဗေဝ ဟိမေ ကုသလာ ဝဒါနာ-ဟူသော နောက်ဆုံး စတုတ္ထပါဒဖြင့်ကား-ယင်းသို့မေးမြန်းရခြင်း၏ အကြောင်းကို ပြ၏။

ယမာဟု ဓမ္မံ-ပါဠိ၌ ဓမ္မ-အစ

ဘာသာရေးတရား အယူဝါဒကိုယူရ၏၊ ဧကေ-ပုဒ်, အညေ-ပုဒ်တို့အရမူ ဘာသာရေးဆရာတို့ကို ယူရသည်။

(လက်ာ) အကြင်ဓမ္မ၊ အချို့က၊ မြတ်လှဆိုကြသည်။
အခြားသူတွေက၊ ယင်းဓမ္မ၊ ဟီန အယုတ်ဆိုကြသည်။
ဤသူတို့မှာ၊ မှန်ကန်စွာ၊ သစ္စာဝါဒ အဘယ်နည်း။
အားလုံးပင်လျှင်၊ တတ်ကျွမ်းကျင်၊
ဉာဏ်ရှင်ဝန်ခံသောကြောင့်တည်း။

http://www.dhammadownload.com

၁၀။ သကဋီ ဓမ္မံ-ဂါထာ
(ပကတိဘုရားရှင်၏ အဖြေဂါထာ)

(၁၀) သကဋီ ဓမ္မံ ပရိပုဏ္ဏာမာဟု၊
အညဿ ဓမ္မံ ပန ဟီနမာဟု။
ဧဝမိဝိဂ္ဂယ္ဟ ဝိဝါဒယန္တိ၊
သက် သက် သမ္မုတိမာဟု သစ္စံ။

(၁၀) [အဖြေ]အချို့သူတို့သည် မိမိအယူဝါဒတရားကိုသာ ပြည့်စုံ၏ဟူ၍ ပြောဆိုကုန်၏၊ အခြားသောသူ၏ အယူဝါဒ တရားကိုမူကား ယုတ်၏ဟူ၍ ပြောဆိုကုန်၏၊ ဤသို့လည်း စွဲမြဲယူဆ၍ ငြင်းခုံခြင်းကို ပြုကြကုန်၏၊ မိမိ မိမိတို့၏ ပညတ်ချက် အယူဝါဒကိုသာ မှန်၏ဟူ၍ ပြောဆိုကြကုန်၏။

သကဋီ ဓမ္မံ-စသောဂါထာမှာ ပကတိဘုရားရှင် ဖြေကြားသော ဂါထာဖြစ်၏၊ ယခုအခါ၌ တိတ္ထိပုဂ္ဂိုလ်တို့၏ အယူဝါဒဟူသမျှတို့တွင် တခုသော အယူဝါဒမျှ မှန်ကန်မှုမရှိပေ၊ တိတ္ထိပုဂ္ဂိုလ်တို့သည် စွဲယူမှု ဒိဋ္ဌိသက်သက်မျှဖြင့် ပြောဆိုနေကြခြင်းဖြစ်၏၊ ထိုအကြောင်းအရာကို ပြခြင်းငှါ ဘုရားရှင်သည် သကဋီ ဓမ္မံ-စသော အဖြေ ဂါထာကို မိန့်တော်မူပါသည်။

တိတ္ထိပုဂ္ဂိုလ် ဘာသာရေးဆရာတို့က ကိုယ့်ဘာသာရေးတရား အယူဝါဒကိုသာ ပြည့်စုံကောင်းမြတ်ပြီး သူများ ဘာသာတရား အယူဝါဒကိုမူ အယုတ် အညံ့ အမှား-ဟူ၍ ငြင်းခုံပြောဆိုနေကြတယ်၊ မိမိ မိမိတို့၏ ဘာသာရေး အယူဝါဒကိုသာ အမှန်ဟုပြောဆိုနေကြတယ်-ဟူသော ဤဂါထာအဖြေစကားမှာ ဘုရားရှင်က ပရိယာယ်အားဖြင့် သွယ်ဝိုက်ပြီး ဖြေရှင်းတော်မူခြင်းဖြစ်သည်၊ တိုက်ရိုက်တဲ့တဲ့ ဆိုလိုရင်း

http://www.dhammadownload.com

မှာ ဗုဒ္ဓဘာသာမှ အပြင်ပ ဘာသာရေး အယူဝါဒ တွေဟာ ဘယ်သူဟာမှ မမှန်ဘူး အမှားချည်းပဲ-ဟုဆိုလိုသည်။

(လင်္ကာ) ကိုယ့်တရားကို၊ ပြည့်စုံဆို၊
အခြားကို ယုတ်ညံ့ဆိုကြသည်။
ဤသို့လဲပဲ၊ ခိုင်အမြဲ၊ ယူစွဲငြင်းခုံနေကြသည်။
ကိုယ့်ဟာ ကိုယ့်ဟာ၊ အယူသာ၊
မှန်တာရယ်လို့ဆိုကြသည်။

၁၁။ ပရိဿစေ-ဂါထာ

(ပကတိဘုရားရှင်၏ အပြဂါထာ)

(၁၁) ပရိဿ စေ ဝမ္ဘယိတေန ဟီနော၊
န ကောစိ ဓမ္မေသု ဝိသေသိ အာဿ။
ပုထူ ဟိ အညဿ ဝဒန္တိ ဓမ္မံ၊
နိဟီနတော သမ္မ ဒဠှံ ဝဒါနာ။

(၁၁) သူတစ်ပါး၏ကဲ့ရဲ့ရွတ်ချမှုကြောင့် ယုတ်ညံ့သူဖြစ်ခဲ့မူ အယူဝါဒတရားတို့၌ တစ်စုံတစ်ရာ ထူးခြားချက် မဖြစ်ရာ၊ အကြောင်းသော်ကား များစွာသောသူတို့သည် အခြားသောသူ၏ အယူဝါဒတရားကို ယုတ်ညံ့၏ဟု ပြောဆိုကြကာ မိမိအယူဝါဒ၌မူကား မြဲမြံစွာပြောဆိုတတ်သောကြောင့်တည်း။

အယူဝါဒအမှားအမှန်နှင့်စပ်၍ တခြားနည်းအားဖြင့် ဖြေရှင်းပြတော်မူခြင်းငှါ ဘုရားရှင်သည် ပရိဿစေ-စသောဂါထာကို မိန့်တော်မူပါသည်၊ ဤဂါထာဖြင့် ဖြေရှင်းပြရာတွင် ဒုတိယပါဒမှ ကောစိ-ပုဒ်က အယူဝါဒကို စွဲယူသုံးသပ်လျှင် ဆိုလိုရင်းမှာ ဤသို့ဖြစ်၏။

http://www.dhammadownload.com

ကောစိ-ပုဒ်က ပြဆိုသော အဓိပ္ပါယ်(၂)မျိုး

အယူဝါဒတမျိုးမျိုးသည် သူတပါး၏ ရွှတ်ချက်ရဲ့ကာမျှဖြင့် ယုတ်ညံ့သောအယူဝါဒဖြစ်ရမည်ဆိုလျှင် လောက၌ ဘယ်အယူဝါဒမှ မြတ်သောအယူဝါဒ မဖြစ်နိုင်တော့ပေ၊ အဘယ့်ကြောင့်ဆိုသော် အယူဝါဒရှိသူ ဘာသာဝင်အသီးသီးတို့၏ သူတပါးအယူဝါဒကိုကဲ့ရဲ့၍ မိမိအယူဝါဒကို ချီးမြှောက်ပြောဆိုမြဲ ဖြစ်သောကြောင့်တည်း။

ကောစိ-ပုဒ်က ဘာသာဝင်ပုဂ္ဂိုလ်ကို စွဲယူသုံးသပ်လျှင် ဆိုလိုရင်းမှာ ဤသို့ဖြစ်၏။

သူတပါးက ကဲ့ရဲ့ရွှတ်ချခြင်းကြောင့် ယုတ်ညံ့သည်ဖြစ်ပါမူ ဘာသာရေးတရားတိုင်း သူတပါး၏ အရွှတ်ချခံနေရတာ ချည်းပင်၊ သို့ဖြစ်၍ ဘယ်ဘာသာဝင်တဦးတယောက်မျှ မိမိဘာသာရေးကျင့်ဝတ်ကြောင့် ထူးခြားမြင့်မြတ်သူ မဖြစ်နိုင်သည် သာ၊ ဘာသာဝင်ပုဂ္ဂိုလ်ဟူသမျှ အယုတ်အညံ့ချည်း ဖြစ်ဖို့ရှိတော့သည်၊ အဘယ့်ကြောင့်ဆိုသော် ဘာသာရေး ဆရာတိုင်းပင် မိမိဘာသာရေးတရား၌ အကောင်းအမြတ်အနေဖြင့် မြဲမြံစွာ ရပ်တည်ဟောပြောပြီး အခြားသူတပါး၏ ဘာသာရေး တရားကိုမူ အယုတ်အညံ့အနေဖြင့် ပြောဟောနေကြသောကြောင့်တည်း။

(လင်္ကာ) သူမျှားရွှတ်ချ၊ ပြောရုံမျှ၊ ဓမ္မအယုတ်ဖြစ်ပါလျှင်၊
ဓမ္မအရာ၊ တစ်ဦးမျှ၊ ထူးလှမရှိ၊ ဖြစ်ဖွယ်ပင်။
ကိုယ့်အယူ၌သာ၊ စွဲမြဲစွာ၊
ဟောကာနေကြသည့် အပြင်၊
အခြားသူဓမ္မ၊ အမျှားက၊
ရွှတ်ချ ပြောဆိုသောကြောင့်ပင်။

http://www.dhammadownload.com

၁၂။ သဒ္ဓမ္မ ပဋ္ဌာပိ-ဂါထာ (ပကတိဘုရားရှင်၏ အဖြေဂါထာ)

(၁၂) သဒ္ဓမ္မပဋ္ဌာပိ နေသံ တထေဝ၊
ယထာ ပသံသန္တိ သကာယနာနိ။
သဗ္ဗေဝ ဝါဒါ တထိယာ ဘဝေယျုံ၊
သုဒ္ဒိ ဟိ နေသံ ပစ္စတ္တမေဝ။

(၁၂) (ထိုတိတ္ထိတို့သည်) မိမိတို့၏အယူဝါဒ လမ်းစဉ်တို့ကို ချီးမွမ်းကုန်သကဲ့သို့ ဤအတူ ထိုသူတို့၏ မိမိတို့ဆရာနှင့် ဆရာ့တရားကို ပူဇော်မှုသည်လည်း မချွတ်မယွင်း မှန်ကန်၏ဟုသာ ချီးမွမ်းကြ ကုန်၏၊ ဤသို့ ဖြစ်လတ်သော် အယူဝါဒအားလုံးတို့သည် မချွတ် မယွင်း အမှန်ချည်းသာ ဖြစ်ကုန်ရာ၏၊ သို့ပင်ဖြစ်သော်လည်း ထိုဆရာတို့၏ အယူဝါဒ စင်ကြယ်မှုသည် အသီးအခြား (တစ်မျိုး စီသာ) ဖြစ်၏။

ဘာသာရေးအယူဝါဒအမှားအမှန်ဆက်စပ်၍ ရှေ့ဆိုခဲ့ပြီး ဖြေရှင်းခဲ့ပြီးသောနည်းထက် အလွန်တနည်းတဖုံအားဖြင့် ဖြေရှင်း ပြခြင်းငှါ မြတ်စွာဘုရားရှင်သည် သဒ္ဓမ္မ ပူဇာပိ-စသော ဂါထာကို မိန့်တော်မူပါသည်။

ကိဥ္စ ဘိယျော-သဒ္ဓမ္မ ပူဇာပိ ဂါထာ (သုတ္တနိပါတဋ္ဌကထာ-၂၊ ၂၇၅)

ဤသဒ္ဓမ္မ ပူဇာပိ-စသောဂါထာ၏ဆိုလိုရင်းမှာ မိမိတို့၏ ဘာသာတရား အယူဝါဒကို မှန်သည်ဟု ချီးမွမ်းကြသည့် အခြင်းအရာ အားဖြင့် သူတော်ကောင်းတရားဟုဆိုရသည် မိမိတို့၏ဘာသာရေး တရား အယူဝါဒကိုပူဇော်ခြင်း၊ ဘာသာရေး ဆရာ့ဆရာများကို ပူဇော်ခြင်းဟာလည်း အမှန်သာဖြစ်လို့ရှိရင် ဘာသာဝါဒဟူသမျှ အကုန် လုံးပင် အမှန်ချည်း ဖြစ်ရာပါ၏၊ ယင်းသို့ အမှန်ချည်းဖြစ်၏ဟု ဆိုနိုင်ခြင်းအကြောင်းမှာ-ဘာသာရေးအယူဝါဒရှိသူပုဂ္ဂိုလ်တိုင်းမှာ စင်ကြယ်ခြင်း ဆင်းရဲမှု လွတ်မြောက်ခြင်းဟာ မိမိတို့၏ ဘာသာရေး အလိုအားဖြင့် ရှိသည်ချည်းဟု ယုံကြည် ကြသောကြောင့်တည်း။

http://www.dhammadownload.com

သဒ္ဓမ္မပူဇာပိ-ပါဠိ၌ သဒ္ဓမ္မပူဇာ(၂)မျိုး

၁။ တိတ္ထိပုဂ္ဂိုလ်က မိမိ၏ဆရာကို ဤသူသည် အလုံးစုံကိုမြင်သူဖြစ်၏-ဟု အလေးအမြတ်ထားကာ ပူဇော်ခြင်း၊

၂။ မိမိ၏အယူဝါဒကျင့်စဉ်ကို ဤကျင့်စဉ်သည် သံသရာဆင်းရဲမှထွက်ကြောင်းဖြစ်၏ဟု အလေးထားကာ ပူဇော်ခြင်းတို့ဖြစ်သည်၊

(မဟာနိဒ္ဒေသ-၂၄၉)

(လင်္ကာ) မိမိနေရာ၊ အယူသာ၊
ကောင်းစွာ ချီးကျူးကြသည့်သွင်။
သူတော်တရား၊ ပူဇော်ငြား၊
မမှားအမှန်ဖြစ်ပါလျှင်။
အားလုံးဝါဒ၊ ဟူသမျှ၊
မှန်ကြသည်ချည်းဖြစ်လေရာ။
ဘယ့်ကြောင့်ဆိုဘိ၊ သူတို့၏၊
သုဒ္ဓိစင်ကြယ်လွတ်မြောက်တာ။
အသီးသီးပင် သူတို့တွင်၊
သက်ဝင်ယုံကြည်သောကြောင့်ပါ။

၁၃။ ဗြဟ္မဏသ-ဂါထာ (ပကတိဘူရားရှင်၏ အဖြေဂါထာ)

(၁၃) နဗြဟ္မဏသ ပရနေယျမတ္ထိ၊
ဓမ္မေသု နိစ္ဆေယျ သမုဂ္ဂဟီတံ၊
တသ္မာ ဝိဝါဒါနိ ဥပါတိဝတ္တော၊
နဟိ သေဌတော ပသတိ ဓမ္မမည်။

(၁၃) ရဟန္တာပုဂ္ဂိုလ်အား သူတစ်ပါးတို့က သိစေအပ်သော ညွှန်ကြားဖွယ်အရာမျိုးသည် မရှိ၊ (ခြောက်ဆယ့်နှစ်ပါးသော) အယူဝါဒ

http://www.dhammadownload.com

တရားတို့၌ ဆုံးဖြတ်၍ စွဲယူမှုလည်း မရှိ ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်သည် သတိပဋ္ဌာန် စသည်မှ တစ်ပါးသော မိစ္ဆာဝါဒတရားကို အမြတ်ထား၍ မရှုသောကြောင့် ငြင်းခုံမှုတို့ကို လွန်မြောက်တော့၏။

နာ ဗြာဟ္မဏသ-စသောဂါထာမှာ အယူဝါဒ အမှားအမှန်နှင့် ဆက်စပ်၍ ငြင်းခုံပြောဆိုနေကြသော တိတ္ထိပုဂ္ဂိုလ်တို့မှ ပြောင်းပြန်ဖြစ်သော ရဟန္တာပုဂ္ဂိုလ်၏ ဂုဏ်ရည်တို့ကို ဖေါ်ပြသောစကားရပ်ဖြစ်သည် ဤဂါထာလာ ရဟန္တာပုဂ္ဂိုလ်တို့၏ ဂုဏ်ရဲည်တို့မှာ-

၁။ သစ္စာလေးတန် တရားမှန်ကို သိပြီးဖြစ်သောကြောင့် ရဟန္တာပုဂ္ဂိုလ်မှာ သူတပါးက သိစေဘို့ ညွှန်ကြားဖွယ်ရာမလိုခြင်း၊

၂။ (၆၂)ပါးသော မိစ္ဆာအယူတရားတို့၌ မည်သည့်မိစ္ဆာအယူကိုမျှ ကြံဆတွေးတော ဆုံးဖြတ်ပြီး စွဲယူမှု မရှိခြင်း၊

၃။ သတိပဋ္ဌာန်စသည်မှ တပါးသော မိစ္ဆာအယူကို ကောင်းမြတ်၏ဟူ၍ မရှုမြင်ခြင်း၊

၄။ ဆိုခဲ့ပြီးအကြောင်းသုံးပါးတို့ကြောင့် ရဟန်းပုဂ္ဂိုလ်သည် ငြင်းခုံမှုတို့ကို လွန်မြောက် ကင်းရှင်းခြင်းတို့ဖြစ်၏၊

၈ ဗြာဟ္မဏသ-ပါဠိနှင့် ဗြာဟ္မဏ-ဟူသည်

ဇာတိဗြာဟ္မဏ-ပုဏ္ဏားလူမျိုးကိုဆိုသည်မဟုတ်၊ ပရမတ္ထဗြာဟ္မဏဖြစ်သော သက္ကာယဒိဋ္ဌိစသော အကုသိုလ် တရား(၇)ပါးတို့ကို အပပြုပြီး ပယ်ရှားပြီး ဖြစ်သော ရဟန္တာကိုဆိုသည်၊ ထို့ကြောင့် ဤဂါထာဖြင့် ရဟန္တာပုဂ္ဂိုလ်တို့၏ ဂုဏ်တို့ကို ပြသည်ဟု ဆိုရခြင်းဖြစ်သည်။

ဗြာဟ္မဏောတိ သတ္တန္နံ ဓမ္မာနံ ဗာဟိတတ္တာ-ဗြာဟ္မဏော

(မဟာနိဒ္ဒေသ-၂၅၀)

http://www.dhammadownload.com

(လက်ာ) ရဟန္တာအား၊ သူတစ်ပါး၊ ညွှန်ကြားပေးဖွယ်မရှိပါ။
အယူတွေမှာ၊ ဆုံးဖြတ်ကာ၊ ယူတာလဲပဲ မရှိပါ။
ထို့ကြောင့်ငြင်းခုံ၊ အလုံးစုံ၊
အကုန်လွန်မြောက်နေသည်သာ။
အခြားတရား၊ အမြတ်ထား၊
မြင်ငြားမရှိသောကြောင့်ပါ။

❀ ❀ ❀ ❀ ❀

၁၄။ ဇာနာမိ ပဿာမိ-ဂါထာ
(ပကတိဘုရားရှင်၏ အဖြေဂါထာ)

(၁၄) ဇာနာမိ ပဿာမိ တထေဝ ဧတံ၊
ဒိဋ္ဌိယာ ဧကေ ပစ္စေန္တိ သုဒ္ဓိ။
အဒ္ဓက္ခိ စေ ကိဉ္စိ တုမဿ တေန၊
အတိသိတ္တာ အညေန ဝဒန္တိ သုဒ္ဓိ။

(၁၄) (ပရစိတ္တဝိဇာနနဉာဏ် စသည်ဖြင့်) ငါသိ၏၊ ငါမြင်၏၊ ထိုငါသိမြင်သော တရားသည် မချွတ်မယွင်း မှန်သည်သာလျှင်တည်း (ဟု) အချို့သော သမဏဗြာဟ္မဏတို့သည် မိစ္ဆာအယူဖြင့် စင်ကြယ်မှုကို ယုံကြည် ကြကုန်၏။ (ထိုသူတို့တွင် တစ်ယောက် ယောက်သည် ပရစိတ္တဝိဇာနနဉာဏ်စသည်ဖြင့်) အကယ်၍ သိမြင်စေကာမူ (သစ္စာလေးပါးကို သိမှုကိစ္စ မပြီးသောကြောင့်) ထိုသူ၏ ထိုမြင်ခြင်းဖြင့် အဘယ်သို့ ပြုအံ့နည်း၊ (ထိုတိတ္ထိတို့သည်) သတိပဋ္ဌာန် စသည်တို့ကို ကျော်လွန်၍ အခြားသော မိစ္ဆာတရားဖြင့် စင်ကြယ်၏ ဟူ၍ ပြောဆို ကြကုန်၏။

ဤသို့ နဟိ သေဋ္ဌတော ပဿတိ ဓမ္မ မည်-ဟူသောပါဠ်ဖြင့် ပရမတ္ထဗြာဟ္မဏဖြစ်သော ရဟန္တာပုဂ္ဂိုလ်၏ သတိပဋ္ဌာန်-စသည်မှ

http://www.dhammadownload.com

တပါးသော မိစ္ဆာအယူကိုကောင်းမြတ်၏ဟု မရှုမြင်ခြင်းကိုပြုပြီး၍ ယခုအခါ၌ အဘိညာဉ်ရသော ရသေ့ ပရိဗိုဇ် တိတ္ထိပုဂ္ဂိုလ်တို့၏ အမြင်အယူအဆ ပြောဆိုမှုတို့ကို ပြခြင်းငှါ မြတ်စွာဘုရားသည် ဇာနာမိ ပဿာမိ-စသောဂါထာကို မိန့်တော်မူလေသည်။

ဂါထာတွင် ဇာနာမိ-၌ သိ၏ဟူသည် ပရစိတ္တဝိဇာနနအဘိညာဉ်၊ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်တို့ဖြင့် သိခြင်း ဖြစ်သည်။

ပဿာမိ-၌ မြင်၏ဟူရာ၌ မံသစက္ခု (ပကတိမျက်စိ)၊ ဒိဗ္ဗစက္ခု အဘိညာဉ်တို့ဖြင့် မြင်ခြင်းဖြစ်သည်၊

အ ဒက္ခိစေ-၌ မြင်၏ဟူသည် ပရိစိတ္တဝိဇာနနအဘိညာဉ်ဖြင့် ဖြစ်စေ, ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဖြင့်ဖြစ်စေ,

မံသစက္ခု (ပကတိမျက်စိ)ဖြင့် ဖြစ်စေ, ဒိဗ္ဗစက္ခုဖြင့်ဖြစ်စေ မြင်ခြင်းကိုဆိုသည်။

အတိသိတ္တာ အညေန ဝဒန္တိ သုန္ဒိ-ပါဠိ၌ ကတ္ထား(၂)မျိုးကပြသော အဓိပ္ပါယ်(၂)မျိုး

၁။ ဝဒန္တိ-၏ကတ္တားကို တေ တိတ္ထိယာ-ဟုထည့်လျှင်-ထိုတိတ္ထိပုဂ္ဂိုလ်တို့သည် အရိယာမင်္ဂ်,အရိယာလမ်းစဉ်ကို ကျော်လွန်၍ သတိပဋ္ဌာန်စသည်မှ အခြားနည်းလမ်းများဖြင့် စင်ကြယ်ခြင်းကို ပြောဆိုကြကုန်၏ဟူ၍ဖြစ်သည်၊

၂။ ကတ္တားကို ဗုဒ္ဓါဒယော-ဟုထည့်လျှင် ဘုရား၊ တပည့်သာဝက၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် ထိုတိတ္ထိ ပုဂ္ဂိုလ်တို့ကို ကျော်လွန်၍ (၀၀)တိတ္ထိပုဂ္ဂိုလ်တို့၏ အယူမှားလမ်းမှားကို ကျော်လွန်ကုန်၍ (၆၂)ပါးသော တိတ္ထိအယူမှ တပါးသော သတိပဋ္ဌာန်စသော ကျင့်စဉ်လမ်းမှန်ဖြင့် စင်ကြယ်ခြင်းကိုဟောကြားတော်မူကြကုန်၏-ဟူဖြစ်သည်။

(မဟာနိဒ္ဒေသ-၂၅၂၊ သုတ္တနိပါတဋ္ဌကထာ- ၂၊ ၂၇၆)

http://www.dhammadownload.com

-လက်-

သူတစ်ပါးစိတ်ပါ၊ ရွေးကြောင်းရာ၊ သိတာအမှန်ပင်။
အာဘိညာဉ်နှင့်၊ မျက်စိဖြင့်၊ မြင်လင့်အမှန်ပင်။
သို့သိမြင်လင့်၊ အယူဖြင့်၊ ဖြစ်သင့်စင်ကြယ် ယုံကြသည်။
တကယ်မြင်ငြား၊ ထိုသူအား၊ ပြီးသွားကိစ္စ အဘယ်နည်း။
အမှန်ကျော်လင့်၊ အခြားဖြင့်၊ ဖြစ်သင့် စင်ကြယ်ဆိုကြသည်။
ဒိဋ္ဌကျော်လင့်၊ အခြားဖြင့်၊ ဖြစ်သင့် စင်ကြယ်ဟောကြသည်။

❀ ❀ ❀ ❀ ❀

၁၅။ ပဿံ နုရော-ဂါထာ (ပကတိဘူရေးရှင်၏ အဖြေဂါထာ)

(၁၅) ပဿံ နုရော ဒက္ခတိ နာမရူပံ၊
ဒိဿာန ဝါ ဥ ဿတိ တာနိမေဝ။
ကာမံ ဗဟုံ ပဿတု အပ္ပကံ ဝါ၊
န ဟိ တေန သုဒ္ဓိ ကုသလာ ဝဒန္တိ။

(၁၅) (ပရစိတ္တဝိဇာနန ဉာဏ်စသည်ဖြင့်) ရူမြင်သောသူသည် နာမ်ရူပ်ကို (နိစ္စသုခအတ္တအားဖြင့်) ရူမြင်၏၊ ရူမြင်ပြီး၍ မူလည်း ထိုနာမ်ရူပ်တို့ကိုသာလျှင် (နိစ္စသုခအတ္တအားဖြင့်) သိလတ္တံ့၊ များစွာရူမြင်သည်မူလည်း ဖြစ်စေ အနည်းငယ်ရူမြင်သည်မူလည်း ဖြစ်စေ ထိုရူမြင်ခြင်းမျိုးဖြင့် စင်ကြယ်၏ဟု ခန္ဓာစသည်တို့၌ လိမ္မာကုန်သော ဘုရားစသောပုဂ္ဂိုလ် သူမြတ်တို့က မပြောဆိုကြကုန်။

ပဿံ နရော စသောဂါထာဖြင့် စွာန်အဘိညာဉ်ရသော ရသေ့ပရိဗိုဇ် တိတ္ထိပုဂ္ဂိုလ်တို့အနေဖြင့် အဘိညာဉ်ဖြင့် ရူပ်နာမ်ကို ရူမြင်ရသော်လည်း နိစ္စ သုခ အတ္တအနေဖြင့် ရူမြင်နေသောကြောင့် ထိုသို့ရူမြင်ခြင်းမျိုးဖြင့် ဘဝသံသရာမှ မစင်ကြယ် မလွတ်မြောက်နိုင်ပုံကို ပြသည်။

http://www.dhammadownload.com

ဟဿံ နရော ဒက္ခတိ နာမရူပံ-ပါဠိန္ဒ မှတ်ဖွယ်

တိတ္ထိပုဂ္ဂိုလ်သည် ပကတိမျက်စိဖြင့်ဖြစ်စေ ပရစိတ္တဝိဇာနန စသောအာဘိညာဉ်တို့ဖြင့်ဖြစ်စေ နာမ်ရူပ်ကိုမြင်ရာ၌ သာမန်မြင်ရိုး မြင်စဉ်အတိုင်း နိစ္စ သုခ အတ္တအနေဖြင့် မြင်ခြင်းဖြစ်သည်၊ ထိုနာမ်ရူပ်တို့၏ အဖြစ်အပျက်ကိုငင်း သာယာမှု အဖြစ်ထင်ဖွယ်၊ ထွက်မြောက်မှုတို့ကိုငင်း မြင်သော ဝိပဿနာဉာဏ်ဖြင့်မြင်သည် မဟုတ်ပေ။

ဒိဿာန ဝါ ဥဿတိ တာနိမေဝ ပါဠိန္ဒ မှတ်ဖွယ်

ကိုယ်တိုင်မြင်ပြီး၍ ထိုမြင်ပြီးရူပ်နာမ်တို့ကို သိလတ္တံ့ဟူရာ၌လည်း မြင်ပြီးရူပ်နာမ်တရားတို့ကို ရိုးရိုးမြင်ခဲ့သည့် အတိုင်းပင် နိစ္စ သုခ အတ္တ ဟူသော ပုဂ္ဂိုလ်သတ္တဝါအနေစသည်ဖြင့် ကြံတွေးပြီး မြင်ခြင်းဖြစ်သည်၊ ဖြစ်ဆဲရူပ်နာမ်တို့၏ အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တအနေ အပြစ်တင်ဖွယ်အနေစသည်ဖြင့် သိသည်မဟုတ်ပေ။

ကုသလာ ဝဒန္တီ ပါဠိဖြင့် ကုသလာ-လိမ္မာကျွမ်းကျင် ပညာရှင်ဟူသည် တခြားနေရာတို့၌ကဲ့သို့ သူလိုငါလို လိမ္မာကျွမ်းကျင် သာမန်ပညာရှင်ကို ဆိုသည်မဟုတ်ပေ၊ ခန္ဓာ အာယတန ဓါတ် ပဋိစ္စသမုပ္ပါဒ် စသည်တို့၌ ကျွမ်းကျင်သော ဘုရားအစရှိသော ပညာရှင် ပုဂ္ဂိုလ်မွန်တို့ ဖြစ်ကြ၏။

-ထက်ံ-

မြင်သောသူဟာ၊ ရိုးရိုးသာ၊ မြင်မှာနာမ်ရူပ်ကို။
မြင်ပြီးသောအခါ၊ ထို့တူသာ၊ သိမှာ နာမ်ရူပ်ကို။
နည်းနည်းများများ၊ မြင်သော်ငြား၊ မြင်သွားရုံဖြင့်မူ၊
စင်ကြယ်ခြင်းကား၊ ဉာဏ်ရှင်များ၊ ဟောကြားမရှိပါ။

http://www.dhammadownload.com

၁၆။ နိဝိဿဝါဒိ –ဂါထာ (ပကတိဘုရားရှင်၏ အဖြေဂါထာ)

(၁၆) နိဝိဿဝါဒိ နာ ဟိ သုဗ္ဗိနာယော၊
ပကပ္ပိတံ ဒိဋ္ဌိ ပုရက္ခရာနော။
ယံ နိဿိတော တတ္ထ သုဘံ ဝဒါနော၊
သုဒ္ဓိံ ဝဒေါ တတ္ထ တထဒ္ဒသာ သော။

(၁၆) မြဲမြံစွာစွဲယူ၍ ဆိုလေ့ရှိသော (သဿတစသည့်) အယူရှိသူသည် ဆုံးမလွယ်သူမဖြစ်နိုင်၊ ကြံစည် အပ်သည့်အယူကို ရှေ့ထွားပြုသော်လည်း ဆုံးမလွယ်သူမဖြစ်နိုင်၊ ထိုသူသည် အကြင် ဆရာနှင့် ဆရာ အယူဝါဒကို မှီ၏၊ ထိုမိမိမှီရာ ဆရာနှင့်ဆရာ၏ အယူဝါဒ၌ တင့်တယ် ကောင်းမြတ်၏ဟု ပြောဆို၏၊ စင်ကြယ်၏ဟု ပြောဆိုသော ထိုသူသည် ထိုမိမိ၏ဆရာနှင့်ဆရာ၏ အယူဝါဒ၌ မချွတ်မယွင်း မှန်ကန်၏ဟု ရှုမြင်၏။

နိဝိဿဝါဒိ စသောဂါထာဖြင့် ဈာန်အဘိညာဉ်ကိုရ၍ အယူမှားကို ယုံကြည်စွဲလမ်းပြီး ပြောဆိုနေသော တိတ္ထိ ပုဂ္ဂိုလ်တို့ကို အမြင်မှန်ရအောင် ဆုံးမသွန်သင် ပြုပြင်ပေးဘို့ ခက်ခဲပုံကို အကြောင်းနှင့်တကွပြ၏။ မိမိ၏ ဆရာနှင့် ဆရာ၏ မိစ္ဆာအယူဝါဒကိုသာ စွဲမြဲစွာ လက်ခံယူပြီး အကောင်းမြင်လျက်ရှိနေသည်ကိုလည်း ပြဆို၏။

-ထက်ံ-

သက်ဝင်ဟောပြု၊ နေပါက၊ ဆုံးမည်ွန်ကြားမလွယ်ချေ။
ကြံဆမှတ်ထား၊ အယူမှား၊ ရှေ့ထွားပြုလျှက် နေတတ်ချေ။
အယူမှီရာ၊ သူဆရာ၊ ထိုမှာ တင့်တယ်ဆိုတတ်ချေ။
စင်ကြယ်ဟောပြု၊ သူ့ဝါဒ၊ မှန်လှထင်မြင်နေတတ်ချေ။

http://www.dhammadownload.com

၁၇။ နဗြာဟ္မဏော –ဂါထာ (ပကတိဘူရားရှင်၏ အဖြေဂါထာ)

(၁၇) နဗြာဟ္မဏော ကပ္ပမုပေတိ သခ်ါ၊
နဒိဋ္ဌိသာရီ နပိ ဉာဏဗန္ဓု။
ဥတ္တာ စ သော သမ္မုတိယော ပုထုဇ္ဇာ၊
ဥပေက္ခတီ ဥဂ္ဂဟဏန္တိ မညေ။

(၁၇) ရဟန္တာပုဂ္ဂိုလ်သည် ပညာဖြင့်သိ၍ (တဏ္ဍာဒိဋ္ဌိဟူသော) ကြံစည်ခြင်းသို့ မကပ်ရောက်၊ မိစ္ဆာ အယူတို့ကို အနှစ်သာရအားဖြင့် မယုံကြည်၊ အဘိညာဉ်ဉာဏ် သမာပတ္တိဉာဏ်ဖြင့် (တဏ္ဍာဒိဋ္ဌိ) အနှောင်အဖွဲ့ကိုလည်း မဖြစ်စေ၊ ထိုရဟန္တာ ပုဂ္ဂိုလ်သည် ပုထုဇဉ်တို့ ဖြစ်စေအပ်ကုန်သော မိစ္ဆာအယူဝါဒတို့ကို သိပြီး၍သာလျှင် လျစ်လျူရှု၏၊ တစ်ပါးသော ပုထုဇဉ်တို့သည်ကား ထိုမိစ္ဆာ အယူဝါဒတို့ကို တဏ္ဍာဒိဋ္ဌိအားဖြင့် စွဲယူကုန်၏။

နဗြာဟ္မဏော စသောဂါထာဖြင့် အယူဝါဒနှင့်စပ်၍ ရဟန္တာ ပုဂ္ဂိုလ်နှင့် အခြားပုထုဇဉ်ပုဂ္ဂိုလ်တို့၏ ကွဲပြားခြား နားမှုကိုပြသည်။

ဂါထာလာပုဒ်တို့၏ အရကောက်များ

ကပ္ပမုပေတိပါဋ္ဌ၌ ကြံစည်ခြင်းကပ္ပသည် ၁-တဏ္ဍာကပ္ပ၊ ၂-ဒိဋ္ဌိကပ္ပ-အားဖြင့် (၂) မျိုးရှိ၏။ ဥတ္တာစသော သမ္မုတိယော- ပါဋ္ဌ၌ သမ္မုတိယော အရ မိစ္ဆာဒိဋ္ဌိ (၆၂)ပါးတို့ကို ယူရ၏။

နပိ ဉာဏဗန္ဓု ပုဒ်၌ မှတ်ဖွယ်

ဉာဏဗန္ဓု-ဉာဏ်ဖြင့်ဖွဲ့တွယ်အပ်သောမိတ်ဆွေ၊ ဉာဏ်ဖြင့် မိတ်ဆွေဖွဲ့ခြင်းဟူရာ၌ ဉာဏ်အရ သမာပတ် (၈)ပါး ဉာဏ်၊ အဘိညာဉ် (၅) ပါးဉာဏ်တို့ကိုယူရ၏။ ဗန္ဓု-ဆွေမျိုးအရ တဏ္ဍာ ဆွေမျိုး၊ ဒိဋ္ဌိဆွေမျိုးတို့ကို ယူရသည်၊ သို့ဖြစ်၍ "သမာပတ်ဉာဏ် အဘိညာဉ်ဉာဏ်တို့ ဖြင့်ဖွဲ့စပ်အပ်သော တဏ္ဍာဒိဋ္ဌိဆွေမျိုး"ဟု

http://www.dhammadownload.com

အဓိပ္ပါယ်ရင်း၊ ရဟန္တာ ပုဂ္ဂိုလ်သည်ကား နပိ ဉာဏဗန္ဓုပါဒ်အရ သမာပတ်ဉာဏ် အဘိညာဉ်ဉာဏ်ဖြင့် ဖွဲ့တွယ်အပ်သော တဏှာဒိဋ္ဌိဆွေမျိုးလည်းမရှိ-ဟုဆိုလိုသည်။ (မဟာနိဒ္ဒေသ-၂၅၅)

-ထက်ခ-

ရဟန္တာမှန်လျှင်၊ သီပြီးလျှင်၊ ဆင်ခြင်တွေးဆမရှိပြီ။
ဒိဋ္ဌိနောက်လဲ၊ မလိုက်ဘဲ၊ ဉာဏ်စွဲမိတ်ဆွေ မဖွဲ့ပြီ။
တိတ္ထိအများ၊ သမုတ်ထား၊ များပြားအယူတွေ။
သီပြီးမှန်စွာ၊ ရဟန္တာ၊ ရှုကာလျစ်လျူနေ။
အခြားသူတွေဟာ၊ ခိုင်မြဲစွာ၊ ယူကာနေကြချေ။



၁၈။ ဝိဿဇ္ဇနာနိ–ဂါထာ (ပကတိဘုရားရှင်၏ အဖြေဂါထာ)

(၁၈) ဝိဿဇ္ဇနာနိ မုနိဓ လောကေ၊
ဝိဝါဒဇာတေသု နု ဝဂ္ဂသာရီ။
သန္တော အသန္တေသု ဥပေက္ခကော သော၊
အနုဂ္ဂဟော ဥဂ္ဂဟဏန္တိ မညေ။

(၁၈) ဤလောက၌ ရဟန္တာပုဂ္ဂိုလ်သည် အထုံးအဖွဲ့ 'ဂန္ထ' တရားလေးပါးတို့ကို ဖြေချပြီး၍ ဖြစ်ပေါ်လာသော ငြင်းခုံမှုတို့၌ ဆန္ဒစသည်တို့၏ အစွမ်းဖြင့် အဂတိအုပ်စုသို့မလိုက်၊ မငြိမ်းအေးမှု တရားတို့၌ လျစ်လျူရှုသော ထိုရဟန္တာပုဂ္ဂိုလ်သည် ရာဂစသည် ငြိမ်းအေးပြီးဖြစ်ရကား (တဏှာဒိဋ္ဌိအစွမ်းအားဖြင့်) မစွဲယူ၊ အခြားသော ပုထုဇဉ်တို့သည်ကား (တဏှာဒိဋ္ဌိအစွမ်းအားဖြင့်) စွဲယူကုန်၏။

http://www.dhammadownload.com

ဝိဿဇ္ဇ ဂဏ္ဌာနိ-စသော ဤဂါထာဖြင့်လည်း ရဟန္တာပုဂ္ဂိုလ်နှင့် ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ ကွဲပြားခြားနားမှုကိုပင် တမျိုးတဖုံအားဖြင့် ပြဆို၏။ ကိဉ္စ ဘိယျော ဝိဿဇ္ဇ ဂဏ္ဌာနိတိ-ဂါထာ(မဟာနိဒ္ဒေသ-၂၇၆)

ဝိဿဇ္ဇ ဂဏ္ဌာနိတိ-ပါဠိနှင့် ဂဏ္ဌ(၄)ပါး

သံသရာ၌ ဖွဲ့တွယ်ထုံးဖွဲ့တတ်သော အကုသိုလ်တရားတို့ကို ဂဏ္ဌ-ဟုခေါ်၏၊ ထိုဂဏ္ဌတရားသည် (၄)ပါးရှိ၏၊ (၄)ပါးတို့ကား-

၁။ အဘိဇ္ဈာကာယဂန္ထ-လောဘ၊

၂။ ဗျာပါဒကာယဂန္ထ-ဒေါသ၊

၃။ သီလဗ္ဗတပရာမာသကာယဂန္ထ-ဒိဋ္ဌိ၊

၄။ ဣဒံသစ္စာဘိနိဝေသကာယဂန္ထ-ဒိဋ္ဌိတို့ဖြစ်ကြ၏၊

(မဟာနိဒ္ဒေသ-၂၅၆)

ဥပေက္ခကော-ပါဠိ၌ လျှစ်လျူရှုမှု ဥပေက္ခာ (၁၀)ပါးထဲမှ ဆဋ္ဌုံပေက္ခာကိုယူရသည်၊

-ထက်ံ-

သစ္စာမမြင်၊ မဂ္ဂင်မပါ၊ လေ့ကျင့်ကာဖြင့်၊
ချမ်းသာမြဲမည်၊ စွဲယုံကြည်၊
ခေါ်သည် သီလဗ္ဗတ ပရာမာသတည်း။
ဂန္ထလေးဖြာ၊ ရဟန္တာ၊ ပယ်ခွာစွန့်ပြီးပြီ။
ငြင်းခုံနေဆဲ၊ အမျှားထဲ၊ ဂိုဏ်းကွဲပါဝင်မပြုပြီ။
မငြိမ်သက်စွာ၊ လူထဲမှာ၊ ငြိမ်ကာလျစ်လျူရှုနေပေသည်။
အခြားသူတွေက၊ စွဲယူကြ၊ သူကမယူကင်းပေသည်။

http://www.dhammadownload.com

၁၉။ ပုဗ္ဗာသဓေ ဟိတ္ထာ-ဂါထာ

(ပကတိဘုရားရှင်၏ အဖြေဂါထာ)

(၁၉) ပုဗ္ဗာသဝေ ဟိတ္ထာ နဝေ အကုတ္ထံ၊
န ဆန္ဒဂူ နောပိ နိဝိဿဝါဒိ။
သ ဝိပ္ပမုတ္တော ဒိဋ္ဌဂတေဟိ ဓီရော၊
န လိပ္ပတိ လောကေ အနတ္တဂရဟိ။

(၁၉) ပညာရှိသော ထိုရဟန္တာပုဂ္ဂိုလ်သည် ရှေးအတိတ်ဖြစ်သော ခန္ဓာငါးပါးတို့ကို (အာရုံပြု၍ဖြစ်သော) ကိလေသာတို့ကို ပယ်စွန့်၍ အသစ်ပစ္စုပ္ပန်ဖြစ်သော ခန္ဓာငါးပါးတို့ကို (အာရုံပြု၍ ဖြစ်သော လိုလားမှု စသည်ကို) မပြုမူ၍ ဆန္ဒာဂတိစသည်သို့ မလိုက်၊ မြဲမြံစွာ စွဲယူ၍လည်း ဆိုလေ့မရှိ၊ (ခြောက်ဆယ့်နှစ်ပါးသော) မိစ္ဆာ အယူတို့မှ လွတ်မြောက်၏၊ လောက၌ (တဏှာ ဒိဋ္ဌိတို့ဖြင့်) မလိမ်းကျံ မကပ်ငြို၊ (ဒုစရိုက်ကို ပြုမိလေခြင်း သုစရိုက်ကို မပြုမိလေ ခြင်းဟု) မိမိကိုယ်ကို မကဲ့ရဲ့တတ်ပေ။

ပုဗ္ဗာသဝေ ဟိတ္ထာ-စသော်ဤဂါထာဖြင့်လည်း ရဟန္တာအရှင်မြတ်၏ ဂုဏ်ရည်တို့ကိုပင် ဖော်ပြသည်၊

ကိဉ္စ ဘိယ္ယော သော ဧဝရူပေါ ပုဗ္ဗာသဝေတိ-ဂါထာ

(သုတ္တနိပါတဋ္ဌကထာ-၂၊ ၂၇၇)

ပုဗ္ဗာသဝေ ဟိတ္ထာ-ဟိဋ္ဌံ ပုဗ္ဗာသဓ-ဟူသည်

ရှေးအတိတ်ဖြစ်သောရုပ်,ဝေဒနာ,သညာ-သင်္ခါရဝိညာဏ် ဟူသော ခန္ဓာငါးပါးတို့ကို အာရုံပြု၍ဖြစ်သော ကိလေသာ အာသဝေါတရားတို့ဖြစ်ကြ၏။ ရဟန္တာပုဂ္ဂိုလ်သည် ထိုအတိတ်ခန္ဓာကိုစွဲဖြစ်သော ကိလေသာ အာသဝေါ တရားတို့ကို ပယ်ရှားပြီးဖြစ်၏။

http://www.dhammadownload.com

နဝေ အကုဗ္ပံ-ပါဠိ၌ နဝ-ဟူသည်

ပစ္စုပ္ပန်အသစ်ဖြစ်ဆဲ ခန္ဓာငါးပါးတို့ကို အာရုံပြု၍ဖြစ်သော ကိလေသာအာသဝေါတရားတို့ဖြစ်ကြ၏၊ ရဟန္တာ အရှင်မြတ်သည် ထိုအသစ်အာသဝကိလေသာတို့ကိုလည်း မပြုတော့ပေ။

အနတ္တဂရဟီ-ပါဠိမှ အတ္တဂရဟီ-မိမိကိုယ်ကို ကဲ့ရဲ့ရှုတ်ချရခြင်းအကြောင်း(၂)ပါးတို့ကား-

၁။ မကောင်းမှု အကုသိုလ်ဒုစရိုက်ကို ပြုလုပ်မိခြင်း၊

၂။ ကောင်းမှု ကုသိုလ်သုစရိုက်ကို မပြုလုပ်မိခြင်း အကြောင်းတို့ ဖြစ်၏။

ရဟန္တာပုဂ္ဂိုလ်သည် ထို(၂)မျိုးစလုံးမရှိရကား မိမိကိုယ်ကို မိမိ မကဲ့ရဲ့ မရှုတ်ချတော့ပေ၊ (မဟာနိဒ္ဒေသ-၂၅၈)

-ထက်-

ရှေးအာသဝ၊ စွန့်ပယ်ချ၊ နောက်မှ အသစ်မပြုပြီ။
ဒိဋ္ဌိတို့မှ၊ ထိုဓီရ၊ လွတ်ရကင်းရှင်းစွာ။
လောက၌လဲ၊ မကပ်ဘဲ၊ ကိုယ်ထဲကဲ့ရဲ့ကင်းလေပြီ။

http://www.dhammadownload.com

၂၀။ သ သဗ္ဗဓမ္မေသု – ဂါထာ

(ပကတိ ဘုရားရှင်၏ နိဂုံးချုပ်အဖြေဂါထာ)

(၂၀) သ သဗ္ဗဓမ္မေသု ဝိသေနိဘူတော၊
ယံ ကိဉ္စိ ဒိဋ္ဌံ ဝ သုတံ မုတံ ဝါ။
သ ပန္နဘာရော မုနိ ဝိပ္ပမုတ္တော၊
န ကပ္ပိယော နူပရတော န ပတ္ထိယောတိ။

(၂၀) ထိုရဟန္တာပုဂ္ဂိုလ်သည် မြင်သမျှသော ရူပါရုံကိုလည်း ကောင်း ကြားသမျှသော သဒ္ဒါရုံကိုလည်းကောင်း ရောက် သမျှသော ဂန္ဓ ရသ ဖောဋ္ဌဗ္ဗာရုံကိုလည်းကောင်း ထိုတရားအားလုံး တို့၌ ကိလေသာစသော မာရ်စစ်သည်ကို လွှမ်းမိုးဖျက်ဆီးနိုင်၏၊ ခန္ဓာဝန်ကို ချပြီးဖြစ်၏၊ ကိလေသာတို့မှ လွတ်မြောက်ပြီးဖြစ်၏၊ တဏှာဒိဋ္ဌိဟူသော ကြံစည်မှုတို့ကို မပြု၊ ပုထုဇဉ်သေက္ခတို့ကဲ့သို့ ရှောင်ကြဉ်ဆဲ မဟုတ်တော့ပေ၊ တောင့်တမှု တဏှာလည်း မရှိတော့ပေ-ဟု ပကတိဘုရားရှင်က ဖြေတော်မူ၏။

သ သဗ္ဗဓမ္မေသု စသော နိဂုံးချုပ်အဖြေဂါထာဖြင့် ဘုရားရှင်သည် မိမိကိုယ်ကို မိမိ မကဲ့ရဲ့ မရှုတ်ချသော ရဟန္တာ အရှင်မြတ်၏ ဂုဏ်ရည်တို့ကိုပင် ဟောကြားဖေါ်ပြသည်။

သ ပန္နဘာရောပါဠ်၌ ဘာရ-ဝန်ထုတ်ဝန်ပိုး (၃)မျိုးကား

၁။ ခန္ဓဘာရ- ခန္ဓာဝန်ထုတ်ဝန်ပိုး၊

၂။ ကိလေသဘာရ- လောဘစသော ကိလေသာ ဆယ်ပါးဝန်ထုတ်ဝန်ပိုး၊

၃။ အဘိသင်္ခါရဘာရ- ပုညာဘိသင်္ခါရစသော အဘိသင်္ခါရသုံးပါး အကုသိုလ်ကံ ကုသိုလ်ကံ ဝန်ထုပ်ဝန်ပိုးတို့ ဖြစ်ကြ၏။

ရဟန္တာအရှင်မြတ်သည် ယင်းဝန်ထုပ်ဝန်ပိုး သုံးမျိုးစလုံးကို ပယ်ချအပ်ပြီးဖြစ်ပေသည်။

http://www.dhammadownload.com

မဟာဗျူဟာသုတ်ကို နာကြားပြီး ကျွတ်တမ်းဝင်သော ပရိသတ်ပမာဏ

ဤသို့လျှင် ဘုရားရှင်သည် အရဟတ္တဖိုလ်ကို အထွဋ်တပ်သဖြင့် မဟာဗျူဟသုတ်ဟောကြားမှုကို ပြီးဆုံးစေပါသည်။ မဟာဗျူဟသုတ္တန်ကို နားကြားရပြီးသောအခါ တရားနာပရိသတ်ထဲမှ ကုဋေတစ်သိန်းသော နတ်ပြဟ္မာတို့ အရဟတ္တဖိုလ်သို့ ဆိုက်ရောက် ကြလျက် ရဟန္တာဖြစ်သွားကြ၏။ သောတာပန်,သကဒါဂါမ်,အနာဂါမ် ဖြစ်သွားကြသော အရိယာနတ်ပြဟ္မာ တို့ကား ဤရွှေဤမျှပင်ဟူ၍ မရေတွက်နိုင်အောင် များပြောင်လှကုန်၏။ ဤအရိယာ နတ်ပြဟ္မာတို့ကား ဘုန်းကံ ကုသိုလ် ပါရမီထူးရှိသူများဖြစ်ကြ၍ မင်္ဂဖိုလ်နိဗ္ဗာန်တရားထူးတရားမြတ်ကို ရရှိသွားကြခြင်း ဖြစ်လေသည်။ ။

-ထက်ံ-

မြင်, ကြား, တွေ့.ရ၊ ကြုံသိရ၊ ဓမ္မအားလုံးမှာ၊ သေမင်းစစ်သည်၊ ကင်းလေပြီ၊ မုနီရဟန္တာ။

ဝန်ထုပ်ကင်းပ၊ ကိလေမှ၊ လွတ်ရကင်းရှင်းစွာ။

ကြုံစည်တောင့်တ၊ ပျော်မှုမှ၊ လုံးဝကင်းရှင်းပါ။

မဟာဗျူဟသုတ် ပါဠိတော် မှတ်ဖွယ် ပြီး၏။

http://www.dhammadownload.com

၇-တုဝဋ္ဋကသုတ် ပါဠိတော် မှတ်ဖွယ်

တုဝဋ္ဋကသုတ်ဟောတော်မူရပုံ

စကြာဝဠာကမ္ဘာပေါင်းတစ်သောင်းမှ မရေမတွက်နိုင်အောင် များပြောင်လှစွာသော နတ်ပြဟ္မာအပေါင်းတို့ လာရောက်စုဝေးကြရာ မဟာဝုန်တောကြီးအတွင်းမှ နတ်ပြဟ္မာအစည်းအဝေးကြီးသို့ တက်ရောက်လာကြသော နတ်ပြဟ္မာအပေါင်းတို့တွင် သဒ္ဓါစရိုက် လွန်ကဲသော နတ်ပြဟ္မာအချို့တို့သည် ဖေါ်ပြပါအတိုင်း ကြံစည်စဉ်းစားကြ၏။

မြတ်စွာဘုရားရှင်သည် သမ္မာပရိဗ္ဗာဇနိယစသော ရှေ့ပိုင်း မဟာသမယသုတ်တို့တွင် အရဟတ္တဖိုလ်သို့ရောက် ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့၏ ဂုဏ်ကျေးဇူးတို့ကို များပြားစွာ ဟောကြားတော်မူခဲ့၏၊ ထိုအရဟတ္တဖိုလ်သို့ရောက်အောင် ဘယ်ပုံကျင့် ရမည်နည်း၊ အရဟတ္တဖိုလ်သို့ ရောက်ကြောင်းကျင့်စဉ်ကား အဘယ်ပါနည်း။

မြတ်စွာဘုရားရှင်သည် ထိုနတ်ပြဟ္မာတို့၏အကြံအစည်ကို သိမြင်တော်မူ၍ အရဟတ္တဖိုလ်သို့ ရောက်ကြောင်း အကျင့်မြတ် ပဋိပတ်ကို ဟောပြတော်မူခြင်းငှါ နိမိတရုပ်ပွားဘုရားက အမေး+မိမိက အဖြေပြုလျက် ဤတုဝဋ္ဋက သုတ်ကို ဟောတော်မူလေသည်။

http://www.dhammadownload.com

သဒ္ဓါစရိုက် အားကောင်းသူတို့အတွက် ဟောကြားထားသော ဤတုဝဋကသုတ္တန်၌ ဂါထာ(၂၀)ပါရှိ၍ နိမ္မိတ ရုပ်ပွားဘုရားက (၂)ဂါထာမေးမြန်းပြီး ပကတိဘုရားရှင်က (၁၈)ဂါထာဖြင့် ဖြေကြားဟောပြတော်မူသည်၊ ဤ တုဝဋကသုတ်၌လည်း မဟာဗျူဟသုတ်ကဲ့သို့ပင် ဘုရားရှင်(၂)ဆူတို့က အမေး+အဖြေပြုလျက် ဟောကြားတော်မူကြ၏၊ သံသရာဝဋ်ဆင်းရဲထဲမှ အလျင်အမြန် ထွက်မြောက်၍ အရဟတ္တဖိုလ်နိဗ္ဗာန်သို့ ရောက်နိုင်ကြောင်း အကျင့်ပဋိပတ်ကောင်းတို့ကို ဆက်စပ်လျက် ဟောပြထားသောကြောင့် ဤသုတ်ကို တုဝဋကသုတ်ဟု ခေါ်ရသည်။

အဋ္ဌကထာတို့၌ နာလကပဋိပဒါစသော ကျင့်စဉ်(၇)မျိုးနှင့် အတူ ဤတုဝဋကသုတ်လာ ကျင့်စဉ် (တုဝဋက ပဋိပဒါ)ကို အရိယပဋိပဒါ (အရိယာဖြစ်ကြောင်း ကျင့်စဉ်)ဟု ဖော်ပြကြ၏။ (မဋ္ဌ၊ ၃၊ ၄)

၁။ ပဋ္ဌာမိ တံ ဂါထာ (နိမ္မိတရုပ်ပွားဘုရား၏ အမေးဂါထာ)

(၁) ပဋ္ဌာမိ တံ အာဒိစ္စပန္ဓု။
ဝိဝေကံ သန္တိပဒဉ္စ မဟေသိ။
ကထံ ဒိသ္မာ နိဗ္ဗာတိ ဘိက္ခု၊
အနုပါဒိယာနော လောကသ္မိံ ကိဉ္စိ။

(၁) [အမေး] နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရား အသျှင်ဘုရားအား မေးလျှောက်ပါ၏၊ မြတ်သော သီလကွန္ဓစသော တရားကို ရှာမှီးတော်မူပြီးသော မြတ်စွာဘုရား လောက၌ ရဟန်းသည် ကာယဝိဝေကစသော ဆိတ်ငြိမ်မှု 'ဝိဝေက' (၃)ပါးကိုလည်းကောင်း (ရာဂစသည်တို့) ငြိမ်းအေးရာ နိဗ္ဗာန်နှင့် နိဗ္ဗာန်ရောက်ကြောင်း သတိပဋ္ဌာန်စသော ကျင့်စဉ်တရားကောင်းကိုလည်းကောင်း အဘယ်သို့ သိမြင် ရှုမြင်၍ကျင့်သုံးသည်ရှိသော် (ရုပ်စသော) တစ်စုံတစ်ခုကို စွဲလမ်းမယူမူ၍ မိမိသန္တာန်၌ ရာဂစသည်ကို ငြိမ်းအေးစေနိုင်ပါသနည်း--ဟု နိမ္မိတရုပ်ပွား ဘုရားက မေးတော်မူ၏။

http://www.dhammadownload.com

ပုစ္ဆာမိ တံ့ အာဒိစ္စဗန္ဓု-စသော ဤဂါထာမှာ နိမိတရုပ်ပွားဘုရားက ပကတိဘုရားရှင်ကို မေးမြန်းသော ပုစ္ဆာဂါထာ ဖြစ်၏၊ ဤပုစ္ဆာဂါထာဖြင့် ကာယဝိဝေကစသော ဆိတ်ငြိမ်တရား(၃)ပါးကိုဂုဏ်းအငြိမ်းဓာတ်နိဗ္ဗာန်နှင့် နိဗ္ဗာန်ရောက်ကြောင်း သတိပဋ္ဌာန်စသောငြိမ်ကြောင်းတရားကိုဂုဏ်း ဘယ်လို သိမြင်ပြီး ဘယ်လိုကျင့်၍ အပူကိလေသာတွေ ငြိမ်းစေပါသလဲ-ဟု မေးမြန်းခြင်းဖြစ်သည်။

ပုစ္ဆာမိ-ပါဠိနှင့် အမေးပုစ္ဆာ အမျိုးမျိုး

ပုစ္ဆာမိ-ပါဠိ၌ အမေးပုစ္ဆာအမျိုးမျိုးတို့ကို မဟာနိဒ္ဒေသပါဠိတော်တွင် ဖော်ပြထား၏၊ အကျဉ်းချုပ် အားဖြင့် (၃)ပါးရှိ၏၊ (၃)ပါးတို့ကား-

၁။ လူသားတို့က မေးသော-မနုဿပုစ္ဆာ

၂။ နတ် နဂါး ဂဠုန် အသူရာ ငြဟ္မာတို့က မေးသော-အမနုဿပုစ္ဆာ

၃။ နိမိတရုပ်ပွားဘုရားက မေးသော-နိမိတပုစ္ဆာတို့ဖြစ်ကြ၏၊ ဤ(၃)ပါးတွင် ပုစ္ဆာမိ တံ့-စသည်ဖြင့် မေးသော ပုစ္ဆာမှာ နိမိတရုပ်ပွားဘုရားက မေးခြင်းဖြစ်၍ နိမိတပုစ္ဆာဖြစ်သည်။

(မဟာနိဒ္ဒေသ ၂၆၄)

ဘုရားရှင်ကို အာဒိစ္စဗန္ဓု-နေမင်း၏ ဆွေမျိုးဟု ခေါ်ရပုံကား

၁။ နေနတ်သားလည်း ဂေါတမအနွယ်, မြတ်စွာဘုရားလည်း ဂေါတမအနွယ်ဖြစ်၍ နွယ်တော်ဝံသ တူညီမှု၍ အာဒိစ္စ မည်လျှင်း နေနတ်မင်း၏ ဆွေရင်းမျိုးချာ ဖြစ်သောကြောင့်ဂုဏ်း။

၂။ မဟာသမယသုတ္တန် ထုတ်ပြန်ဟောဆိုသည့်နေ့၌ သောတာပန်အဖြစ်သို့ ဆိုက်ရောက်ခဲ့သဖြင့် သားတော်နေနတ်သား၏ ဖဖွားနတ်ကျော် လောကုတ္တရာခမည်းတော် ဖြစ်သောကြောင့်ဂုဏ်း မြတ်စွာဘုရားကို နေမင်း၏ ဆွေမျိုးဟု ခေါ်ရသည်။ (မဟာနိဒ္ဒေသ ၂၆၄)

http://www.dhammadownload.com

ဝိဝေက်-ပုဒ်၌ ဆိတ်ငြိမ်ခြင်း ကင်းဆိတ်ခြင်းတရား ဝိဝေက (၃)ပါးဟူသော်ကား

၁။ ကာယဝိဝေက-ပုဂ္ဂိုလ်အဖော်မမှီး တယောက်တည်း တပါးတည်းနေခြင်း၊

၂။ စိတ္တဝိဝေက-လောဘ ဒေါသ ဒိဋ္ဌိ မာနစသော ကိလေသာ အဖော်နှင့် မရောယှက်ပဲ ကိလေသာအညစ် ကြေးကင်းသော ဝိပဿနာစိတ် စျာန်စိတ် မဂ်စိတ် ဖိုလ်စိတ်ဟု ဆိုအပ်သည့် စင်ကြယ်သောစိတ်။

၃။ ဥပဓိဝိဝေက-ကိလေသာ, ခန္ဓာ, အဘိသင်္ခါရတို့ ကင်း ဆိတ်သော နိဗ္ဗာန်ဖြစ်သည်။ *(မဟာနိဒ္ဒေသ ၂၆၄)*

သန္တိပဒဥ-ပုဒ်၌ မှတ်ဖွယ်

သန္တိပဒဥ-ပုဒ်၌ သန္တိဟူသည် အငြိမ်းဓာတ် နိဗ္ဗာန်ဖြစ်သည်၊ သန္တိပဒ-ဟူသည်မှာလည်း အရိယမဂ်ဉာဏ်ဖြင့် ရောက်အပ် မျက်မှောက်ပြုအပ်သောကြောင့် အငြိမ်းဓာတ်နိဗ္ဗာန်ပင်ဖြစ်သည်။

တနည်းအားဖြင့် သန္တိပဒ-ဟူသည် အငြိမ်းဓာတ်နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော သတိပဋ္ဌာန်(၄)ပါး,သမ္မပ္ပ ဓာန်(၄)ပါး, ဣဒ္ဓိပါဒ်(၄)ပါး, ဣန္ဒြေ(၅)ပါး, ဗိုလ်(၅)ပါး, ဗောဇ္ဈင်(၇)ပါး, မဂ္ဂင်(၈)ပါး အားဖြင့် ဗောဓိပက္ခိယ(၃၇)ပါး ကျင့်စဉ်တရားတို့ဖြစ်ကြ၏။

နိဗ္ဗာတိ ဘိက္ခု-ပါဋ္ဌ၌ ဘိက္ခုဟူသည် ကလျာဏပုထုဇဉ် ရဟန်းမှ ကျင့်ဆဲသေက္ခရဟန်းတို့ကို ယူရ၏၊ ရဟန္တာ ရဟန်းကို မယူရပေ။

အနုပါဒိယာနော လောကသို့ ကိဋ္ဌိ-ပါဋ္ဌ၌ မှတ်ဖွယ်

နိဗ္ဗာတိပါဋ္ဌ၌ ရာဂစသော ကိလေသာအပူတို့ ငြိမ်းရာ ငြိမ်းစေရာတွင် ခေတ္တခဏ ဝေးကွာရုံမျှ မဟုတ်၊အမြစ်ပြတ် အပြီးတိုင်

http://www.dhammadownload.com

ငြိမ်းသည်ကို သိစေလိုသောကြောင့် အနုပါဒိယာနော လောကသို့ ကိဉ္စိ-ဟု မိန့်ဆိုသည်။

ယင်းပါဠိတွင် လောကသို့ပါဠိ၌ လောကဟူသည် ပညတ်အား ဖြင့် တိရစ္ဆာန် ပြိတ္တာစသော အပါယ်လောက, လူလောက နတ်လောက ဗြဟ္မာလောကဖြစ်သည်၊ ပရမတ္ထအားဖြင့်ကား ခန္ဓာ အာယတန ဓာတ် ရုပ်နာမ်သဘောတရားတို့ ဖြစ်သည်၊ မိမိသန္တာန်ကဖြစ်စေ သူတပါး သန္တာန်ကဖြစ်စေ ဆိုခဲ့ပြီး ရုပ်နာမ်တရားတွေထဲမှ တစုံတခုသော ရုပ်နာမ်ကိုမျှ ငါကောင် သတ္တဝါကောင်အနေ ငါ ငါ့ဥစ္စာအနေဖြင့် မစွဲလမ်းဘဲ ရာဂစသော ကိလေသာတို့ ငြိမ်း စေပါသလဲ-ဟု မေးခြင်း ဖြစ်သည်။

-ထက်-

ဆိတ်ငြိမ်တခို၊ ငြိမ်းရာကို၊ ဘယ်ကိုမြင်၍ ငြိမ်းသနည်း။
ဆိတ်ငြိမ်တခို၊ ငြိမ်းကြောင်းကို၊ ဘယ်လိုမြင်၍ ငြိမ်းသနည်း။

၂။ မူလံ ပပဥ္စသခ်ါယ–ဂါထာ
(ပကတိဘူရားရှင်၏ အမြေဂါထာ)

(၂) မူလံ ပပဥ္စသခ်ါယ၊ (ဣတိ ဘဂဝါ၊)
မန္တာ အသို့တိ သဗ္ဗမုပရုန္ဓေ။
ယာ ကာစိ တဏ္ဍာ အဇ္ဈတ္တံ၊
တာသံ ဝိနယာ သဒါ သတော သိက္ခေ။

(၂) (ပကတိမြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏) - (ရဟန်းသည်) သံသရာကို ချဲ့ထွင်တတ်သော တဏ္ဍာဒိဋ္ဌိ ဟူသော ပပဥ္စတရား၏ အရင်းမူလ 'အဝိဇ္ဇာ' စသည့် ကိလေသာကို လည်းကောင်း (ရုပ်စသော ခန္ဓာငါးပါး၌) ငါဟူတကား ထောင်လွှားမှု

http://www.dhammadownload.com

'အသို့မဟုန' ကိုလည်းကောင်း ဤအကုသိုလ်အလုံးစုံကို ဝိပဿနာပညာ, မဂ်ပညာဖြင့်သိမြင်၍ ဖြစ်ခွင့်ပယ်ရှားလျက် အကြွင်းမဲ့ချုပ်ငြိမ်းစေရာ၏၊ အဗျွတ္တအတွင်းသန္တာန်၌ဖြစ်သော တဏှာအားလုံးတို့ကို ပယ်ဖျောက်ခြင်းငှာ နေ့ရောညပါ အခါခပ်သိမ်း အမှတ်ရလျက် သတိနှင့် ပြည့်စုံသည်ဖြစ်၍ ကျင့်သုံးနေရာ၏။

အကြင်ရူပမ္မတ်သော အခြင်းအရာအားဖြင့် မြင်သည်ရှိသော် ကိလေသာတို့ကို ချုပ်ငြိမ်းစေနိုင်၏၊ ကိလေသာ တို့ကို ချုပ်ငြိမ်းစေနိုင်သော ထိုရူပမ္မတ်မှုအမြင်ဖြင့်လျှင် ကိလေသာအပူတို့ ငြိမ်းအေးရ၏၊ ထို့ကြောင့် ဤသဘော တရားကို ထင်စွာပြလိုသော ဘုရားရှင်သည် သဒ္ဓါစရိုက်အားကောင်းသော နတ်ပြဟ္မာပရိသတ်ကို ကိလေသာ အပူပယ်ရှားပယ်သတ်ခြင်း၌ အထူးထူးသော အခြင်းအရာအားဖြင့် တိုက်တွန်းတော်မူလိုရကား မူလံ ပပဉ္စသဒ်ိယ စသော (၅)ဂါထာတို့ကို မိန့်ကြားတော်မူလေသည်။ (သုတ္တနိပါတဋ္ဌကထာ၊ ၂၊ ၂၇၇)

မူလံ ပပဉ္စသဒ်ိယ-စသော ဤဂါထာမှာ ပကတိဘုရားရှင်က ဖြေကြားသောဂါထာဖြစ်၏၊ နိမိတရုပ်ပွားဘုရား ရှင်က "ဆိတ်ငြိမ်မှု ဝိဝေကသုံးပါးနှင့် နိဗ္ဗာန်၊ နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်တရားကို ဘယ်လိုသိမြင်ပြီး ကိလေသာ ငြိမ်းစေပါသလဲ"ဟု မေးမြန်းခဲ့ရာ ပကတိဘုရားရှင်က မူလံ ပပဉ္စသဒ်ိယ-စသော ဂါထာဖြင့် ဖြေကြားလေသည်။

သွယ်ဝိုက်ပြီး ဖြေကြားပြသော နေယျတ္ထဂါထာ

အဖြေသည် ၁။ တိုက်ရိုက် နီတတ္ထအဖြေ ၂။ သွယ်ဝိုက် နေယျတ္ထအဖြေဟု (၂)မျိုးရှိရာ ဤဂါထာသည် သွယ်ဝိုက်သော နေယျတ္ထအဖြေဖြစ်သည်၊ အကယ်၍ တိုက်ရိုက် နီတတ္ထအနေဖြင့် ဖြေလျှင် ယောဂီပုဂ္ဂိုလ်သည် ရှေးဦးစွာ သစ်တပင်ရင်း ဝါးတပင် အောက် ဆိတ်ငြိမ်ရာအရပ် ကျောင်း၌ အဖော်မမှီး တကိုယ်တည်း

http://www.dhammadownload.com

ကာယ ဝိဝေကဖြစ်အောင် နေရမည်၊ ထို့နောင် စိတ္တဝိဝေကဖြစ်အောင် အခြေခံ သမာဓိနှင့် ဝိပဿနာစိတ် ဈာန်စိတ် မဂ်စိတ် ဖြစ်စေရန် ကြိုးစားရမည်။ ထို့နောင် ဥပဓိဝိဝေကဖြစ်အောင် မဂ်ဉာဏ်ဖြင့် ရအပ်ရောက်အပ်သောနိဗ္ဗာန် ရရှိရေး ကြိုးစားရမည်၊ သို့မဟုတ် နိဗ္ဗာန်ရောက်ကြောင်း သတိပဋ္ဌာန်စသော ဗောဓိပက္ခိယတရားတို့ကို အားထုတ်ရမည်၊ ဤသို့ အဆင့်ဆင့် အားထုတ်လျှင် ဝိဝေက(၃)ပါးကို သိမြင်၍ နိဗ္ဗာန်နှင့် နိဗ္ဗာန်ရောက်ကြောင်း ဗောဓိ ပက္ခိယတရားကို သိရှိသဖြင့် ကိလေသာအပူတို့မှ ငြိမ်းရာ၏-ဟု နီတတ္ထတိုက်ရိုက်ဖြေဆိုရာ၏။

ယခုတော့ နီတတ္ထ တိုက်ရိုက်အားဖြင့် မဖြေဆိုပဲ နေယျတ္ထ သွယ်ဝိုက်သောအားဖြင့် ဖြေလိုရကား မူလံပပဥ္စ သခီါယ၊ မန္တာ အသို့တိ သဗ္ဗမုပရုန္ဓေ-စသော (၅)ဂါထာတို့ကို မိန့်ဆိုခြင်းဖြစ်သည်၊ သွယ်ဝိုက်သော နေယျတ္ထ နည်းဖြင့် ဖြေဆိုပုံမှာ ဤသို့ပါတည်း။

ဂါထာတွင် မန္တာ-(ပညာဖြင့် သိမြင်၍)ဟူသော ပုဒ်ဖြင့် ဝိပဿနာပညာ မဂ်ပညာဖြင့် သိမြင်ပြီး၍ ငြိမ်းစေ ရမည်ဟူသော အဓိပ္ပါယ်ကို သိစေသည်၊ ထိုမန္တာပုဒ် အဖြေဖြင့်ပင် အခြေခံ သမာဓိစိတ်နှင့် ဝိပဿနာစိတ် ဈာန်စိတ် မဂ်စိတ်ဟူသော စိတ္တဝိဝေကကိုလည်း ပြည့်စုံစေခဲ့ရမည်ဟူသော အဓိပ္ပါယ်ကိုဎင်း၊ သမာဓိဝိပဿနာတို့ အခြေခံဖြစ်သော ကာယဝိဝေကကိုလည်း ပြည့်စုံစေရမည်ဟူသော အဓိပ္ပါယ်ကိုဎင်း သိစေသည်၊ ထို့အပြင် မန္တာပုဒ်အရ အရိယမဂ်ပညာဖြင့် နိဗ္ဗာန်ဟူသော ဥပဓိဝိဝေကကို မျက်မှောက်ပြု သိမြင်ပြီး ကိလေသာတို့ကို ငြိမ်းစေရမည်ဟူသော အဓိပ္ပါယ်ကိုဎင်း သိစေသည်။ ဤဂါထာထဲမှ ဥပရုန္ဓေ(တားမြစ်ချုပ်ငြိမ်းစေရာ၏) ဟူသော ပုဒ်ဖြင့်ဎင်း အမှတ်(၅)ဂါထာထဲမှ အလ္ဍတ္တမေဝုပသမေ

http://www.dhammadownload.com

(ကိုယ်တွင်း၌သာ ငြိမ်းစေရမည်)ဟူသော ပါဒစကားရပ် ဖြင့်၎င်း ဥပဓိဝိဝေကခေါ် သန္တိ အငြိမ်းဓာတ် ဖြစ်သော နိဗ္ဗာန်ကို သိစေသည်။ ဤဂါထာထဲမှပင် သတော သိက္ခေ (အမှတ်ရလျှက် ကျင့်ရမည်) ဟူသော စတုတ္ထပါဒ စကားရပ်ဖြင့် သန္တိပဒ-ငြိမ်းကြောင်းဖြစ်သော သတိပဋ္ဌာန်စသော ဗောဓိပက္ခိယတရားကို ကျင့်ခြင်းကြောင့် ကိုယ်တွေ့ သိမြင်ပုံ အဓိပ္ပါယ်ကို သိစေသည်။ ဤကား သွယ်ဝိုက်ပြီး ဖြေသော နေယျတ္ထအဖြေဖြစ်သည်။

ဘုရားရှင်သည် နီတတ္ထနည်းဖြင့် တိုက်ရိုက်မဖြေဘဲ နေယျတ္ထနည်းဖြင့် သွယ်ဝိုက်ပြီး ဖြေတော်မူခြင်းမှာ ထိုစဉ်က ကျွတ်တန်း ဝင်ကြမည့် နတ်ပြဟ္မာတို့၏ အလိုဆန္ဒ အဇ္ဈာသယနှင့် ကိုက်ညီအောင် ဖြေတော်မူခြင်းဖြစ် သည်၊ အလွန်နက်နဲလှပါသည်။

မူလံ ပပဉ္စသခီါယ-ပါဌ်၌ မှတ်ဖွယ်

ဘဝသံသရာကို ချဲ့ထွင်တတ်သော ပပဉ္စ-တရားသည် ၁။ တဏှာ ၂။မာန ၃။ဒိဋ္ဌိအားဖြင့် (၃)ပါးရှိသော်လည်း "မန္တာ အသွီတိ"ဟူသော ဒုတိယပါဒဖြင့် မာနပပဉ္စကို သီးခြားမိန့်ဆိုလတ္တံ့ ဖြစ်သောကြောင့် ပပဉ္စသခီါယပါဌ်၌ ပပဉ္စအရ တဏှာပပဉ္စ ဒိဋ္ဌိပပဉ္စတို့ ကိုသာ ယူရသည်၊ ထို တဏှာ+ဒိဋ္ဌိဟူသော ပပဉ္စတရားတို့၏ မူလ အရင်းအဖြစ် အကုသိုလ်တရားတို့ကား (၆)ပါးရှိ၏၊ (၆)ပါးဟူ သော်ကား ၁။ အဝိဇ္ဇာ ၂။ အယောနိသောမနသိကာရ ၃။ အသွီမာန ၄။ အဟိရိက ၅။ အနောတ္တပ္ပ ၆။ ဥဒ္ဓစ္စ အကုသိုလ်တရားတို့ဖြစ်ကြ၏။

(မဟာနိဒ္ဒေသ-၂၆၇)

အသွီတိ သဗ္ဗမုပရုန္ဓေပါဌ်၌ အသွီမာနဟူသည်

ငါသိ ငါတတ် ငါမြတ် အနေဖြင့် ငါသိတယ် ငါတတ်တယ် ငါမြတ်တယ် ငါလိမ္မာတယ် ငါဘုန်းကြီးတယ် ငါချမ်းသာကြွယ်ဝတယ်-

http://www.dhammadownload.com

စသည်ဖြင့် ဂုဏ်ယူပြီး ထောင်လွှားမောက်မာသော မာနကို အသိမာန-ဟုခေါ်သည်၊ ထိုအသိမာနကို ဝိပဿနာပညာ မဂ်ပညာဖြင့် သိမြင်ပြီး ပိတ်ဆို့ ချုပ်ငြိမ်းစေရမည်။

သဗ္ဗမုပရုန္ဓေ-ပါဠိဖြင့် တဏှာ ဒိဋ္ဌိ ပပဉ္စတရား၏ အမြစ်အရင်း ဖြစ်သော အဝိဇ္ဇာစသော (၆)ပါးနှင့် အသိမာနတို့ကို အားလုံး ချုပ်ငြိမ်း စေရမည်၊ ယင်းအကုသိုလ်တရားများ ချုပ်ငြိမ်းသွားလျှင် တဏှာဒိဋ္ဌိ ပပဉ္စတရားနှင့်အခြား ကိလေသာတွေပါ အကုန်လုံး ချုပ်ငြိမ်းသွား ကြသည်ကို ပြသည်။ ထိုအကုသိုလ်ကိလေသာတို့တွင် ဘဝသစ်ရုပ် နာမ်ဆင်းရဲတို့၏ အကြောင်းဖြစ်သော တဏှာသမုဒယသစ္စာကို ငြိမ်းစေဖို့မှာ အလွန်အရေးကြီး၏၊ ထို့ကြောင့် ယင်းတဏှာငြိမ်းအောင် ကျင့်ပုံကို ပြလိုသောကြောင့် "ယာ ကာစိ တဏှာ အဇ္ဈတ္တံ၊ တာသံ ဝိနယာ သဒါ သတော သိက္ခေ"ဟု ထပ်ပြီး ဟောကြားတော်မူ လေသည်။

-ထက်ံ-

အကျယ်ချဲ့.လစ် သူ့.အမြစ်နှင့် ငါဖြစ်သည့်သွင်၊
စိတ်ကြီးဝင်၊ သိမြင်လျက် ငြိမ်းစေသည်။
ကိုယ်တွင်းတဏှာ၊ ပယ်ဘို့ရာ၊ မှတ်ကာ အမြဲကျင့်ရမည်။

http://www.dhammadownload.com

၃။ ယံ ကိဉ္စိ ဓမ္မ-ဂါထာ

(၃) ယံ ကိဉ္စိ ဓမ္မမဘိဇညာ၊
အဗ္ဗတ္တံ် အထ ဝါပိ ဗဟိဒ္ဓါ။
န တေန ထာမံ ကုဗ္ဗေထ၊
န ဟိ သာ နိဗ္ဗုတိ သတံ် ဝုတ္တာ။

(၃) အကြင်ပုဂ္ဂိုလ်သည် မိမိကို စွဲ၍ဖြစ်သော အဗ္ဗတ္တဂုဏ်အား‌လုံး‌ကိုလည်းကောင်း ထိုမှတစ်ပါး‌ပြင်ပဖြစ်သော ဆရာဥပဇ္ဈာယ်တို့ကို စွဲ၍ဖြစ်သော ဗဟိဒ္ဓဂုဏ်အား‌လုံး‌တို့ကိုလည်းကောင်း သိရှိနေရာ၏၊ ထိုပုဂ္ဂိုလ်သည် ယင်းသို့ တွေ့.ထိ သိရှိနေသော်လည်း ထိုသိသမျှသော မိမိဂုဏ် ဆရာသမား‌ဂုဏ်ဖြင့် မောက်မာ ခက်ထန်မှု မာန်ထောင်ခြင်း မာန် 'မာန'အား‌စွမ်း‌ကို မပြုရာ မဖြစ်စေရာ၊ ထိုသို့မာန်တက်သော ခက်ထန်မှု 'မာန'ကို ကိလေသာအပူမှ ငြိမ်း‌အေး‌ကြောင်း တရား‌ဟူ၍ ဘုရား‌အစရှိသော သူတော်ကောင်း‌တို့ မဆိုကြကုန်။

ဤသို့လျှင် ဘုရား‌ရှင်သည် ရှေး‌ဦး‌စွာ မူလံ ပပဉ္စသဒ္ဒါယ-စသော ပထမအဖြေဂါထာဖြင့် သိက္ခာသုံး‌ပါး ကျင့်ခြင်း‌နှင့် စပ်သော ဒေသနာကို အရဟတ္တဖိုလ် အထွဋ်တပ်လျက် ဟော‌ပြပြီး‌၍ ယခုအခါ၌ တဖန် မာန်မာန‌ကို ပယ်ခြင်း‌၏ အစွမ်း‌ဖြင့် ဟော‌ကြား‌ဖြေဆိုခြင်း‌ငှါ ယံ ကိဉ္စိ ဓမ္မ-စသော‌ဂါထာ မိန့်တော်မူပါသည်။

ပုန မာနပ္ပဟာနဝသေန ဒေသေတုံ ယံ ကိဉ္စိတိ ဂါထမာဟ

(သုတ္တနိပါတဋ္ဌကထာ-၂၊ ၂၇၈)

ယံ ကိဉ္စိ ဓမ္မ-စသော ဤဂါထာဖြင့် မိမိကိုယ်ပိုင်ဂုဏ်, ဆရာ့ဂုဏ်တို့ဖြင့် မာန်မာန မတက်ရ၊ မောက်မာထောင်လွှား‌မှု မာန်မာန မပြုရ မဖြစ်စေရ၊ မာန်မာန‌ကို ပယ်ရမည်ဟု ဖြေဆိုလိုရင်း‌ဖြစ်သည်။

http://www.dhammadownload.com

အလျောက္ကံ-ပါဠိ၌ မိမိကိုယ်ဝိုင်ဂုဏ်ဟူသည်

ဆွေကြီးမျိုးကြီးမှ ရဟန်းဖြစ်လာခြင်း စာတတ်ခြင်း အဟောအပြောကောင်းခြင်း အနေအထိုင် ပီရိသေသပ်ခြင်း စာမေးပွဲအောင်ခြင်း ဘွဲ့ထူးဂုဏ်ထူးရရှိခြင်း ပစ္စည်းလေးပါး ပေါများပြီး ဘုန်းကြီးခြင်း ထင်ရှားကျော်ကြားခြင်း အခြံအရံ တပည့်ပရိသတ်ပေါများခြင်း စွာန်အဘိညာဉ်ရခြင်း ဝိပဿနာဉာဏ်ရခြင်းစသော ထူးခြားသော ဂုဏ်တို့ဖြစ်သည်။

အထဝါပိ ဗဟိဒ္ဓါ-ပါဠိ၌ ပြင်ပဂုဏ်ဟူသည် မိမိ၏ဆရာသမား ဥပဇ္ဈာယ်တို့၏ ဆိုခဲ့ပြီးသော ဂုဏ်တို့ပင်ဖြစ်ကြ၏၊ ယင်းဂုဏ်များ မိမိမှာဖြစ်စေ မိမိ၏ဆရာ ဥပဇ္ဈာယ်မှာဖြစ်စေရှိလျှင် ဂုဏ်ယူတတ်ကြ၏၊ ဆောင့်ကြွားကြွားထောင်လွှား တတ်ကြ၏၊ ထိုမိမိကိုယ်ပိုင်ဂုဏ်, ဆရာသမားဂုဏ်တို့ဖြင့် ဆောင့်ကြွားကြွားထောင်လွှားခြင်း မာန်မာနကို မပြုရဟု ဆိုလိုသည်၊ ဤကား သာသနာလောကအတွက်ဖြစ်သည်။

လူလောကဘက်မှာလည်း ရုပ်ချောခြင်း ပစ္စည်းပေါ ချမ်းသာကြွယ်ဝခြင်း ခေတ်ပညာတတ်ခြင်း ဘီအေ အမ်အေ၊ ဒေါက်တာဘွဲ့ရခြင်း ရာထူးကြီးခြင်း တိုက်တာခြံဝင်းနှင့်နေနိုင်ခြင်း မော်ဒယ်မြင့်ကား၊ အကောင်းစား စီးနိုင်ခြင်းစသည်တို့မှာ မာန်မာနတက်စရာဂုဏ်တို့ပင်ဖြစ်ကြ၏၊ ထိုဂုဏ်တို့ကိုအကြောင်းပြု၍ မောက်မာထောင်လွှား တတ်၏။ ထိုဂုဏ်တို့ကိုမှီပြီး မာန်မာနထောင်လွှားခြင်း၊ မိမိကိုယ်ကို အထင်ကြီးခြင်း၊ သူတပါးကို အထင်သေးခြင်းမျှားကို မပြုသင့်ချေ၊ ဆိုခဲ့ပြီးသော မာန်မာနတွေ မဖြစ်အောင် ဆင်ခြင်သော ပဋိသင်္ခါဉာဏ်ဖြင့်ဖြစ်စေ၊ ဝိပဿနာဉာဏ်ဖြင့်ဖြစ်စေ ရှုမှတ်ပြီး ပယ်ရှားကြရမည်-ဟုဆိုလိုသည်။

http://www.dhammadownload.com

(လက်ာ) ကိုယ်တွင်းကိုယ်ပ ဂုဏ်အရ မာနမကြီးရာ။
သူတော်ကောင်းမှန် ထိုသည့်မာန် နိဗ္ဗာန်အငြိမ်းမဆိုပါ။

၄။ သေယျော နဲ့ တေန-ဂါထာ

(၄) သေယျော နဲ့ တေန မညေယျ၊
နီစေယျော အထ ဝါပိ သရိက္ခော။
ဖုဋ္ဌော အနေကရူပေဟိ၊
နာတုမာနံ ဝိကပ္ပယဲ တိဋ္ဌေ။

(၄) ထိုမိမိဂုဏ် ဆရာ့ဂုဏ် မာန်မာနဖြင့် ငါသည် သူတပါးထက် မြင့်မြတ်သူဟူ၍လည်းကောင်း၊ ငါကသူများအောက် ယုတ်နိမ့် သူဟူ၍ လည်းကောင်း၊ ထို့ပြင် ငါနှင့်တန်းတူ တူညီသူဟူ၍လည်းကောင်း မအောက်မေ့ မမှတ်ထင်ရာ၊ မြင်ဆရာ ကြားဆရာစသော များစွာသော အာရုံအခြင်းအရာတို့ဖြင့် တွေ့ကြုံလတ်သော် မိမိကိုယ်ကို ငါမြင်သည် ငါကြားသည် စသည်ဖြင့် အတ္တကောင် ငါကောင်ဟု အထူးကြံဆစွဲလမ်းလျက် မတည်ရာ။

ယခုအခါ၌ ထိုမိမိဂုဏ် ဆရာ့ဂုဏ်ဖြင့် မာန်ထောင်မှုပြု သူအား မာန်မာနမပြုရုံ အစီအရင်ကျင့်စဉ်ကို ပြတော်မူခြင်းငှါ သေယျော နဲ့ တေန-စသော အဖြေဂါထာကို မိန့်တော်မူလေသည်။

ဣဒါနိဿ အကရဏဝိဓိ ဒဿနတ္ထော သေယျော နဲ့ တေနာတိ ဂါထမာဟ(သုတ္တနိပါတဋ္ဌကထာ-၂၊ ၂၇၈)

မာန်မာန (၃)ပါး

သေယျော နဲ့ တေန-စသော ဤအဖြေဂါထာဖြင့် မပြုရဘဲ ပယ်ရှားရမည့် မာန်မာနအမျိုးအစား(၃)ပါးနှင့် ယင်းမာန်မာန(၃)ပါး

http://www.dhammadownload.com

လုံးကို ပယ်ရှားဘို့ရာ ကျင့်စဉ်ကိုပြသည်၊ မာန်မာန(၃)ပါးကား-
၁။ အမျိုးဇာတ်အနွယ် အဆင်းဥစ္စာ ပညာစသည်တို့ကို စွဲ၍ ငါက သူ့ထက်တတ် သူ့ထက်မြတ်သည်ဟူ၍ ထောင်လွှား သော အတိမာန် (သေယျမာန်)၊
၂။ ငါက သူ့လောက်ပညာမတတ် ပစ္စည်းမချမ်းသာတော့ကော ဘာဖြစ်လဲဟူ၍ ထောင်လွှားသော အဝမာန်(နီစမာန်)၊
၃။ သူနဲ့ငါ ဘာထူးလို့လဲ တန်းတူပဲဟူ၍ ထောင်လွှားသော သဒိသ မာန်တို့ဖြစ်သည်၊ ထိုမာန်(၃)မျိုးကို ပဋိသခ်ါဉာဏ်ဖြင့် ဆင်ခြင်၍ ဖြစ်စေ၊ ဝိပဿနာဉာဏ်ဖြင့်ရှုမှတ်၍ဖြစ်စေ၊ ပယ်ရှားရမည်။

တနည်း မာန်မာန(၂)မျိုး

၁။ ကိုယ်ကပညာတတ်လို့ တတ်တယ်၊ ချမ်းသာလို့ ချမ်းသာ တယ်၊ ရာထူးအဆင့်မြင့်လို့ မြင့်တယ်ဟု အထင်ကြီး ထောင်လွှား ခြင်းသည် ဟုတ်မှန်သည့်အားလျော်စွာဖြစ်သော-ယာထာဝမာန်၊ ထို့အပြင် သူ့နဲ့ကိုယ်နဲ့ အဆင့်တန်းခြင်း တန်းတူမို့ တန်းတူ-ဟု တက်ကြွထောင်လွှားခြင်းသည်လည်း ယာထာဝမာန်ပင်ဖြစ်သည်။
၂။ သူ့များထက် ကိုယ်ကမသာပဲ မမြတ်ပဲနဲ့ သာတယ်မြတ်တယ် တန်းတူမဟုတ်ပဲနဲ့ တန်းတူရည်တူဟု ထောင်လွှား ခြင်းသည် အယာ ထာဝမာန်ဖြစ်သည်၊ ဤမာန်(၂)မျိုးကိုလည်း ပယ်ရှားရမည်။

ဖုတ္ဌော အနေကရူပေဟိ၊ နာတုမာနံ ဝိကပွယံ တိဋ္ဌေ-၌ မှတ်ဖွယ်

အဆိုပါမာန်မာနတို့သည် ငါကောင် အတ္တကောင်ဟု စွဲလမ်း သော အတ္တဒိဋ္ဌိမှ ဆင်းသက်ပေါက်ဖွားလာကြ၏၊ အာရုံ ခြောက်ပါးတွင် မြင်စရာ ကြားစရာစသော အမျိုးမျိုးသော အာရုံသဘောတို့နှင့်

http://www.dhammadownload.com

တွေ့ရ၍ မြင်ကြားတွေ့သိလတ်သော် ငါမြင်သည် ငါကြားသည် စသည်ဖြင့် ငါကောင် အတ္တကောင်အနေဖြင့် ကြံဆစွဲလန်းသော အတ္တဒိဋ္ဌိဖြစ်ပေါ်လာ၏၊ ထို့အခါ ငါသိတယ် ငါတတ်တယ် ငါမြတ်တယ် ငါကသာတယ် သူနဲ့ငါ အတူတူပဲ သူ့လိုပညာ မတတ်လည်း ဘာဖြစ်လဲ စသော မာန်မာနတို့ဖြစ်ပေါ်လာကြ၏၊ ယင်းသို့အမျိုးမျိုးသော အာရုံသဘောတို့နှင့် တွေ့လတ်သော်၄င်း၊ အမျိုးမြတ်ခြင်းမာန်, ရုပ်လှခြင်းမာန်,ပညာတတ်ခြင်းမာန်စသော အမျိုးမျိုးသော မာန်မာနတို့ဖြင့် တွေ့ကြုံခဲ့သော်၄င်း၊ မိမိကိုယ်ကို ငါမြတ်ငါတတ်သည်၊ ငါမြင်သည် ငါကြားသည်စသည်ဖြင့် အတ္တကောင် ငါကောင်ဟု ဒိဋ္ဌိဖြင့် အထူးကြံဆစွဲလန်းလျက် မဖြစ်စေရန် မာန်မာန၏ အခြေခံအုတ်မြစ်ဖြစ်သော အတ္တဒိဋ္ဌိကို မိမိသန္တာန်၌ မဖြစ်စေရန်ရည်ရွယ်၍ "ဖုဋ္ဌော အနေကရူပေဟိ၊ နာတုမာနံ ဝိကပ္ပ ယံ တိဋ္ဌေ" ဟု ဟောတော်မူခြင်းဖြစ်သည်။

-ထက်ဝ-

မြတ်၊ ယုတ်၊ တန်းတူ ဖြစ်သည်ဟူ မာန်မူမပြုကင်းစေရာ။
ကောင်းဆိုးများစွာ တွေ့ကြုံကာ ငါငါဟူ၍ မစွဲရာ။



၅။ အမ္ပတ္တာ မေ ဝုပသမေ–ဂါထာ

(၅) အမ္ပတ္တာမေဝု'ပသမေ၊
နံ အညတော ဘိက္ခု သန္တိမေသေယျ။
အမ္ပတ္တံ ဥပသန္တသ၊
နတ္ထိ အတ္တာ ကုတော နိရတ္တာ ဝါ။

(၅) ရဟန်းသည် မိမိကိုယ်တွင်းသန္တာန်၌ဖြစ်သော (ရာဂစသော)

http://www.dhammadownload.com

ကိလေသာ ကိုသာလျှင် ငြိမ်းစေရာ၏၊ (သတိပဋ္ဌာန် စသည်တို့မှ) တပါးသောနည်း မိစ္ဆာအကျင့်ဖြင့် ကိလေသာငြိမ်းအေးမှုကို မရှာမှီးရာ၊ မိမိကိုယ်တွင်းသန္တာန်၌ဖြစ်သော (ရာဂစသော) ကိလေသာကို ငြိမ်းစေပြီးသူ ရဟန္တာအား မိမိကိုယ် ငါကောင် အတ္တကောင်ဟု ထင်မှတ်စွဲလမ်းတတ်သော (အတ္တဒိဋ္ဌိ)အယူသည်မရှိတော့ပြီ၊ သေပြီးလျှင် ငါကောင် အတ္တကောင် သတ္တဝါဟူသော အကောင်မရှိတော့ပြီမှ ထင်မှတ်စွဲလမ်းသော (ဥစ္ဆေဒဒိဋ္ဌိ) အယူသည်ကား အဘယ်မှာရှိတော့အံ့နည်း။

ဤသို့လျှင် သေယျော နှ တေန မညေယျ-စသောဂါထာဖြင့် မာန်မာနပယ်ရှားခြင်း၏အစွမ်းဖြင့် ဟောကြားပြီး၍ ယခုအခါ၌ အလုံးစုံကိလေသာတို့မှ ငြိမ်းအေးခြင်း၏အစွမ်းဖြင့်လည်း ဟောကြားခြင်းငှါ ဘုရားရှင်သည် 'အတ္ထတ္တ မေ ဝုပသမေ"ဟူသော ဂါထာကို မိန့်တော်မူသည်။

ဣဒါနိ သဗ္ဗကိလေသူပသမဝသေနပိ ဒေသေတုံ အတ္ထတ္တ မေဝါတိဂါထမာဟ(သုတ္တနိပါတဋ္ဌကထာ-၂၊ ၂၇၈)

မူလံ ပပဉ္စ သခ်ီယ-စသော ရှေ့(၃)ဂါထာတို့ဖြင့် တဏှာဒိဋ္ဌိပပဉ္စတရား(၂)ပါးနှင့် ၄င်းတို့၏အရင်းအမြစ်ဖြစ်သော အဝိဇ္ဇာစသောတရား(၆)ပါး မာနအကုသိုလ်တရားတို့ကို ပယ်ရှားရန် ဟောပြလာခဲ့၏၊ ဤအတ္ထတ္တမေဝုပသမေ-ဟူသော ဂါထာ၌ကား ယင်းဆိုခဲ့ပြီးသော အကုသိုလ်ကိလေသာ တစိတ်တဒေသမျှမဟုတ်၊ ရာဂ-ဒေါသ-မောဟ-ကောဓ-ဥပနာဟ-မက္ခ-ပဠာသ-ဣဿာ-မစ္ဆရိယ-မာယာ-သာဌေယျ-ထမ္ဘ-သာရမ္ဘ-မာန-အတိမာန-မဒ-ပမာဒ-ကိလေသာအားလုံး ဒုစရိုက်အားလုံး အကုသိုလ်အဘိသင်္ခါရ အားလုံးတို့မှ ငြိမ်းအေးစေရမည်-ဟု ဟောတော်မူခြင်းဖြစ်သည်။

http://www.dhammadownload.com

နှ အညတော ဘိက္ခု သန္တီ မေသေယျ-ပါဠိ၌ မှတ်ဖွယ်

မိမိကိုယ်တွင်း အဇ္ဈတ္တသန္တာန်၌ရှိသော ရာဂ-စသော ကိလေသာအားလုံးတို့ကို ငြိမ်းစေရာ-ငြိမ်းသတ်ရာ၌-မိမိသန္တာန်၌ပင် သတိပဋ္ဌာန်စသော ဗောဓိပက္ခိယတရားတို့ကို ဖြစ်ပွားစေ၍ သတိပဋ္ဌာန်စသော အကျင့်ဖြင့် ကိလေသာတို့ကို ငြိမ်းစေရမည်၊ သတိပဋ္ဌာန်စသော ကျင့်စဉ်ဖြင့် ငြိမ်းအေးမှုကို ရှာရမည်၊ သတိပဋ္ဌာန်စသော ကျင့်စဉ်မှ တပါးသော အတ္တကိလမထာနုယောဂ-စသော မိစ္ဆာအကျင့်ဖြင့်၎င်း အပြင်ပမှ ထာဝရဘုရား ကယ်တင်ရှင်ကို မျှော်လင့်ခြင်း စသော နည်းလမ်းဖြင့်၎င်း၊ ငြိမ်းအေးမှုကို မရှာရဟု ဆိုလိုသည်။

အဇ္ဈတ္တံ ဥပသန္တဿ၊
နတ္ထိ အတ္တာ ကုတော နိရတ္တာဝါ-ပါဠိ၌ မှတ်ဖွယ်

နတ္ထိ အတ္တာ-ပါဠိ၌ အတ္တာ-ပုဒ်အရ အတ္တဒိဋ္ဌိကို ယူရသည်၊ နိရတ္တာဝါ-ပုဒ်အရ ဥစ္ဆေဒဒိဋ္ဌိကိုယူရ၏၊ သို့ဖြစ်၍ သတိပဋ္ဌာန်စသော ဗောဓိပက္ခိယတရားကို ဖြစ်ပွားစေသဖြင့် ကိုယ်တွင်းသန္တာန်မှာ ကိလေသာအားလုံး ငြိမ်းသွား သော ရဟန္တာအား ငါကောင် အတ္တကောင်ဟု ထင်မှတ်စွဲလမ်းသော အတ္တဒိဋ္ဌိ မရှိတော့ချေ၊ ထို့အပြင် သေပြီးလျှင် ငါကောင် အတ္တကောင် မရှိတော့ပြီဟု ထင်မှတ်စွဲလမ်းသော ဥစ္ဆေဒဒိဋ္ဌိလည်း မရှိတော့ဟုဆိုလိုသည်။

-ထက်ာ-

ကိုယ်တွင်း၌သာ ငြိမ်းစေရာ ပြင်မှာမရှာသင့်သည်သာ။
ကိုယ်ထဲငြိမ်းက မြဲအတ္တ ကင်းပ ပြတ်အတ္တာ။

http://www.dhammadownload.com

၆။ မဇ္ဇေ ယထာ ဂါထာ(ပကတိ ဘုရားရှင်၏ အပြေဂါထာ)

(၆) မဇ္ဇေ ယထာ သမုဒ္ဒဿ၊
ဦမိ နော ဇာယတီ ဌိတော ဟောတိ။
ဧဝံ ဌိတော အနေဇဿ၊
ဥဿဒံ ဘိက္ခု နကရေယျ ကုဟိဉ္စိ။

(၆) ပင်လယ်မဟာသမုဒ္ဒရာ၏ (အောက်အထက်တို့) အလယ်၌ လှိုင်းတံပိုးတို့ မဖြစ်မှု၍ ပင်လယ်မဟာသမုဒ္ဒရာ ရေသည် (မတုန်မလှုပ်) တည်တံ့ငြိမ်သက်သကဲ့သို့ ဤအတူ လှုပ်ရှားတတ်သော တဏှာကင်းသူ ရဟန္တာ အရှင်မြတ်သည် (လောကဓံတရားရှစ်ပါး ကြောင့် မတုန်မလှုပ်) တည်ငြိမ်၍နေ၏၊ ရဟန်းသည် တစ်စုံတစ်ခုသော အာရုံကြောင့် (ရာဂစသည်) ထူပြောများပြားခြင်း(၈)မျိုးကို ကိုယ်တွင်း ကိုယ်ပမည်သည့်နေရာ၌မျှ မပြုရာ-ဟု ပကတိဘုရားရှင်က ဖြေတော်မူ၏။

ယခုအခါ၌ ကိုယ်တွင်းသန္တာန်၌ကိလေသာ အပူအားလုံးတို့မှ ငြိမ်းအေးပြီးသော ရဟန္တာပုဂ္ဂိုလ်၏ လောကဓံတို့ကြောင့် တုန်လှုပ်မှု မရှိသော တာဒိဂုဏ်ကိုပြလိုသောဘုရားရှင်သည် မဇ္ဇေယထာ ဟူသောဂါထာကို မိန့်တော်မူပါသည်။

ဣဒါနိ အဇ္ဇတ္တံ ဥပသန္တဿ ခီဏာသဝဿ တာဒိဘာဝံ ဒဿေန္တော-'မဇ္ဇေ ယထာ'တိဂါထမာဟ။

(သုတ္တနိပါတဋ္ဌကထာ ၂-၂၇၈)

မဇ္ဇေ ယထာ သမုဒ္ဒဿ-ပါဌ်၌ ထိုင်းတံပိုးမရှိပဲ ငြိမ်သက်သော ပင်လယ်ရေ(၂)မျိုး

ပင်လယ်မဟာ သမုဒ္ဒရာကြီးသည် အစောက်အနက်အားဖြင့် ယူဇနာပေါင်း ရှစ်သောင်းလေးထောင် ရေထု ပမာဏရှိ၏၊ ထိုရှစ်

http://www.dhammadownload.com

သောင်းလေးထောင်တွင် အောက်ပိုင်း ယူဇနာ လေးသောင်း ပမာဏ ရှိသော ရေထုသည် ငါးလိပ်စသော ရေနေသတ္တဝါတို့ကြောင့် လှုပ်ရှား နေရ၏၊ အထက်ပိုင်း ယူဇနာလေးသောင်းပမာဏရှိသော ရေထုသည် လည်း လေတိုက် ခတ်မှုကြောင့် လှိုင်းတံပိုးတို့ဖြင့် လှုပ်ရှားနေရ၏၊ အလယ်ပိုင်းယူဇနာလေးထောင်မျှရေထုသည်ကား တစုံတခုသော အကြောင်းကြောင့် လှုပ်ရှားမရှိပဲ ငြိမ်သက်စွာ အမြဲတည်နေ၏၊ လှိုင်းတံပိုးလည်း မရှိချေ။

(တနည်း) မြင့်မိုရ်တောင်ကြီးကို ဝန်းရံရစ်ပတ်လျက် တည်သော ယုဂန္ဓိုရ်စသော တောင်စဉ်(၇)ထပ်ရှိ၏၊ ထိုတောင်စဉ် (၇)ထပ်တို့၏ အကြားအကြား၌ သီဒါသမုဒ္ဒရာ (၇)တန်ရှိ၏၊ ထိုသီဒါသမုဒ္ဒရာတို့၌ရှိသော ရေတို့သည်လည်း မတုန်မလှုပ် ငြိမ်သက် စွာတည်နေကြ၏။

ဝံ ငှိတော အနေဇဿ-၌ မှတ်ဖွယ်

အနေဇဿ-ပါဠ်၌ ဧဇာ-ဟူသည် တဏှာကိုခေါ်၏၊ ရဟန္တာ ပုဂ္ဂိုလ်သည် ထိုလှုပ်ရှားတတ်သော တဏှာကို မဂ်ဉာဏ်ဖြင့် ပယ်သတ် ပြီးဖြစ်၏၊ ယင်းသို့ တဏှာမရှိသော ရဟန္တာပုဂ္ဂိုလ်သည် လာဘ်ရခြင်း စသော ဣဋ္ဌလောကဓံကြောင့် မြူးတူးတက်ကြွလျက် တုန်လှုပ်ခြင်း မရှိပေ၊ လာဘ်မရခြင်းစသော အနိဋ္ဌဣဋ္ဌလောကဓံကြောင့်လည်း စိတ်ပျက်လျက် တုန်လှုပ်ခြင်းမရှိပေ၊ အလယ်ပိုင်း ပင်လယ်သမုဒ္ဒရာ ရေထုသည် လှိုင်းတံပိုးမရှိသဖြင့် တည်ငြိမ်နေသလို ရဟန္တာ ပုဂ္ဂိုလ် သည်လည်း လောကဓံ(၈)ပါး မုန်းတိုင်းများကြောင့် တုန်လှုပ်ခြင်းမရှိပဲ တည်ငြိမ်စွာနေနိုင်သည်ဟုဆိုလိုသည်၊ ဤကား မဟာနိဒ္ဒေသ ပါဠိတော်နှင့် အဋ္ဌကထာလာသည့်အတိုင်း ရဟန္တာပုဂ္ဂိုလ်၏ တာဒိဂုဏ် ဖြစ်ပုံတည်း။

http://www.dhammadownload.com

အကယ်၍ ယောဂီပုဂ္ဂိုလ်တို့အတွက် ကျင့်ဖွယ်ကျင့်စဉ် အနေအထား-

၁။ လျှပ်ရှားတုန်ခါတတ်သော တဏှာကင်းအောင် အမှတ်စဉ်(၂) ဂါထာလာ "တာသံ ဝိနယာ သဒါ သတော သိက္ခေ" ဟူသည်နှင့်အညီ ဒွါရခြောက်ပေါက်၌ပေါ်လာသည့်အာရုံတို့ကို ပေါ်ခိုက်ပေါ်ခိုက်မှာပင် မလွတ်တမ်းအမှတ်ရ ရှုမှတ်လျက် ကျင့်သုံးနေထိုင်ရမည်၊ ယင်းသို့ အမြဲမပြတ် ရှုမှတ်လျက် ကျင့်သုံးနေလျှင် လျှပ်ရှားတုန်ခါတတ်သော တဏှာ ကင်းသွားမည်။

၂။ ပင်လယ်သမုဒ္ဒရာ အလယ်ပိုင်းရေသည် လှိုင်းတံဘိုးမထတော့ပဲ ငြိမ်သက်နေသလို လာဘ်ရခြင်း အခြံအရံများခြင်း ချီးမွမ်းခံရခြင်း ချမ်းသာခြင်းဟူသော အကောင်းအာရုံ ဣဋ္ဌလောကဓံကြောင့် မြူတူးတက်ကြွခြင်း မရှိပဲ တည်ငြိမ်အောင် နေရမည်၊ လာဘ်မရခြင်း အခြံအရံမဲ့ခြင်း ကဲ့ရဲ့ခံရခြင်း ဆင်းရဲခြင်းဟူသော အဆိုးအာရုံ အနိဋ္ဌလောကဓံကြောင့်လည်း စိတ်ပျက်ခြင်း စိတ်မာတ်ကျခြင်းမရှိစေပဲ တည်ငြိမ်စွာနေနိုင်အောင် လုပ်ရမည် ကျင့်ရမည်။

၃။ ပင်လယ်သမုဒ္ဒရာအလယ်မှာ လှိုင်းမရှိဘဲ ရေပြင်တည်ငြိမ်နေသလို လျှပ်ရှားတတ်သည့် တဏှာကင်းအောင်ကျင့်ပြီး အာရုံအကောင်း အဆိုးများကြောင့် မလျှပ်မရှား တည်ငြိမ်စွာနေနိုင်သော ရဟန္တာ အဖြစ်သို့ ရောက်စေရမည်၊ ထိုကဲ့သို့သော ရဟန္တာအဖြစ်သို့ ရောက်အောင် တစုံတခုသောအာရုံကြောင့်မှ စည်ပင်ပွားတတ်သည့် ရာဂ-ဒေါသ-မောဟ-မာန-ဒိဋ္ဌ-ကိလေသာ ကဲဟူသော အကုသိုလ် ဥဿဒတရား(၇)ပါးကို မည်သည့်နေရာ၌မှ မဖြစ်စေရန် ပယ်ရှားရမည်၊ ပယ်နိုင်အောင် ကျင့်ရမည် ဆိုလိုပါသည်။

http://www.dhammadownload.com

-ထက်ံ-

သမုဒ်လယ်တွင် လှိုင်းကင်းစင် ရေပြင်တည်သည့်ပုံပမာ။
တကျာကင်းစင် တည်သည့်ပြင် စည်ပင်ပွားများကင်းစေရာ။

❀ ❀ ❀ ❀ ❀

၇။ အကိတ္တယိ-ဂါထာ
(နိမ္မိတရုပ်ပွားဘုရား၏ အမေးဂါထာ)

(၇) အကိတ္တယိ ဝိဝဋစက္ခု။
သက္ခိဓမ္မံ ပရိသယဝိနယံ။
ပဋိပဒံ ဝဒေဟိ ဘဒ္ဒန္တေ၊
ပါတိမောက္ခံ အထ ဝါပိ သမာဓိံ။

(၇) [အမေး] အပိတ်အပင်မရှိ ပွင့်ပွင့်လင်းလင်း မြင်စွမ်းနိုင်သော မြတ်စွာဘုရား (မြတ်စွာဘုရားသည် ထင်ရှား မထင်ရှားသော) ဘေးရန်ကို ဖျက်ဆီးတတ်သော ကိုယ်တိုင် မျက်မျောက်ပြု၍ သိပြီးသော မဂ် ဖိုလ် နိဗ္ဗာန်တရားကို ဟောကြားခဲ့ပါပြီ၊ အသျှင်ဘုရား မဂ်ဖိုလ် နိဗ္ဗာန်နှင့်လျော်သော ကျင့်စဉ်ကိုလည်းကောင်း ပါတိမောက္ခသံဝရ သီလကို လည်းကောင်း တည်ကြည်မှု 'သမာဓိ'ကိုလည်းကောင်း ဟောကြားတော်မူပါလော့--ဟု နိမ္မိတရုပ်ပွားဘုရားက မေးတော်မူ၏။

ယခုအခါ၌ အရဟတ္တဖိုလ် အထွဋ်တပ်သဖြင့် ဟောကြားအပ်သော ထိုတရားဒေသနာကို ကောင်းချီးနှုမော် ချီးကျူးလျက် ထိုအရဟတ္တဖိုလ်၏ အရင်းမူလ လက်ဦးကျင့်စဉ် ပဋိပဒါကို မေးမြန်းလိုသော နိမ္မိတရုပ်ပွားဘုရားသည် "အကိတ္တယိ ဝိဝဋစက္ခု" စသော အမေးပုစ္ဆာဂါထာကို တဖန် ဆိုတော်မူလေသည်။

နိမ္မိတရုပ်ပွားဘုရားသည် အကိတ္တယိ ဝိဝဋစက္ခု-စသော ရှေ့(၂)ပါဒတို့ဖြင့် ပကတိဘုရားရှင် ဟောကြားသော မဂ်ဖိုလ်နိဗ္ဗာန်

http://www.dhammadownload.com

တရားကို ဘေးရန်ဟူသမျှကို ပယ်ရှားဖျက်ဆီးတတ်သော တရား၊ မျက်မြင် ကိုယ်တွေ့.ဉာဏ်တွေ့.တရားဟူ၍ ချိုးကျူးတော်မူသည်။ ပဋိပဒံ ဝဒေဟိ ဘဒ္ဒန္တေ-စသော နောက်(၂)ပါဒ တို့ဖြင့် မျက်မြင် ကိုယ်တွေ့.ဉာဏ်တွေ့.တရားဖြစ်သည့် အရဟတ္တဖိုလ် နိဗ္ဗာန်၏ အခြေခံကျင့်စဉ်ဖြစ်သော ပါတိမောက္ခသံဝရသီလကျင့်စဉ်နှင့် စိတ်ကို မပျံ့.လွင့်အောင် ကောင်းစွာထားတတ်သော သမာဓိကျင့်စဉ်ကို ဟောကြားပေးပါရန် တောင်းပန်လျှောက်ထားမေးမြန်းသည်။

ဝိဝဋ္ဋစက္ခုပါဠိမှ ဘုရားရှင်၌ရှိသော ပွင့်ထင်းသော မျက်စိ(၅)ထုံးတို့ကား

၁။ မံသစက္ခု - ခန္ဓာကိုယ်တွင် တည်ရှိသော ပကတိမျက်စိတော်။

၂။ ဒိဗ္ဗစက္ခု - နတ်မျက်စိနှင့်တူသော အဘိညာဉ် ဉာဏ်မျက်စိ။

၃။ ပညာစက္ခု- ပကတိစူးစမ်းဆင်ခြင်ဉာဏ်။ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်ဟူသော ဉာဏ်မျက်စိ။

၄။ ဗုဒ္ဓစက္ခု -ဣန္ဒြိယပရောပရိယတ္တဉာဏ်နှင့် အာသယာနုသယဉာဏ်မျက်စိ။

၅။ သမန္တစက္ခု- အလုံးစုံကို အကုန်သိမြင်နိုင်သော သဗ္ဗညုတဉာဏ်မျက်စိ တို့ဖြစ်ကြ၏။

စက္ခုငါးပါး ဘုရားရှိခိုးကဏ္ဍ

မံသစက္ခု ဒိဗ္ဗစက္ခု၊ ပညာစက္ခု အနုတ္တရံ။
ဗုဒ္ဓစက္ခု သမန္တာတိ၊ စက္ခုမန္တံ နမာမဟံ။
ဝိဝဋ္ဋစက္ခုတိ ဘဂဝါ ပဋွဟိ စက္ခုဟိ ဝိဝဋ္ဋစက္ခု။

(မဟာနိဒ္ဒေသ-၂၇၅)

ဗုဒ္ဓဝံသ အဋ္ဌကထာ (၄၉) သံယုတ်အဋ္ဌကထာ(၂/၁)တို့၌မူ မံသစက္ခုကိုချန်၍ ဓမ္မစက္ခုကို ထည့်သွင်းပြီး ဉာဏစက္ခု (၅)ပါးဟု လာသည်။

http://www.dhammadownload.com

ဉာဏဆက္ခု(၅)ပါး ဘုရားရှိခိုးကိစ္စ

ဗုဒ္ဓစက္ခု သမန္တာစ၊ ပညာ ယံ ဒိဗ္ဗစက္ခုစ။
ဓမ္မောတိ ပဥ္စစက္ခူဟိ၊ ဒဿာဝီ မာရဇိ နမေ။

ပရိဿယဝိနယံပါဠိနှင့် ပရိဿယ-ဘေးရန်(၂)မျိုး

၁။ ပါကဋပရိဿယ - (ထင်ရှားသောဘေးရန်) ခြင်္သေ့၊ ကျား၊ မြွေ၊ ကင်း အစရှိသော တိရစ္ဆာန်ဘေးရန် များ၊ သူခိုး၊ ဓားပြစသော လူသားဘေးရန်များ၊ ခန္ဓာကိုယ်တွင်းမှ ဖြစ်ပေါ်လာကြသော မျက်စိရောဂါ၊ နားရောဂါစသော (၉၆)ပါးသော ရောဂါဘေးရန်တို့သည် ထင်ရှားသော ဘေးရန်များဖြစ်ကြ၏။

၂။ ပဋိစ္ဆန္နပရိဿယ (မထင်ရှားသောဘေးရန်) ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်ဟူသော ဒုစရိုက်သုံးပါး၊ ကာမဆန္ဒစသော နီဝရဏာငါးပါး၊ ရာဂ၊ ဒေါသ၊ မောဟ၊ ကောဓ၊ ရန်ငြိုးဖွဲ့ခြင်း ဥပနာဟ၊ သူ့ကျေးဇူးကို ခြေဖျက်ခြင်း၊ ကျေးဇူးကန်းခြင်း မက္ခ၊ ဂုဏ်မြင့်သူနှင့် တန်းတူပြု၍ ဖက်ပြိုင်ခြင်း ပဠာသ၊ မနာလိုခြင်း ဣဿာ၊ ဝန်တိုခြင်း မစ္ဆရိယ၊ မိမိအပြစ်ကိုဖုံးကွယ်လှည့်စားခြင်း မာယာ၊ မရှိတဲ့ဂုဏ်ဖြင့် ဟန်ဆောင်ခြင်း သာဌေယျ၊ မရိုမသေ မကိုင်းညွှတ်နိုင်ခြင်း ထမ္ဘ၊ သူထက်သာအောင်ပြုလုပ်၍ ချုပ်ချယ် ခြင်း သာရမ္ဘ၊ မာန်မူခြင်း မာန၊ အလွန်မာန်မူခြင်း ဘဝင်မြင့်ခြင်း အတိမာန၊ မာန်ယစ်ခြင်း မဒ၊ မေ့လျော့ခြင်း ပမာဒ-စသော အကုသိုလ်ကိလေသာများ၊ ဒုစရိုက်များ၊ အကုသိုလ်ကံများသည် မထင်ရှားသော ဘေးရန်တို့ဖြစ်ကြ၏။

ဘုရားရှင်သည် ဆိုခဲ့ပြီးသည့် ထင်ရှား၊ မထင်ရှားသော ထိုဘေးရန်ဟူသမျှကို ပယ်ရှား ဖျက်ဆီးတတ်သော မျက်မြင်ကိုယ်တွေ့၊ ဉာဏ်တွေ့၊ ဖြစ်သည့် မဂ်ဖိုလ်နိဗ္ဗာန်တရားကို ဟောကြားတော်မူခဲ့ပါပြီဟု ဆိုလိုသည်။

http://www.dhammadownload.com

ပဋိပဒံ ဝဒေဟိ-၌ နိဗ္ဗာန်ရောက်ကြောင်း ကောင်းသောကျင့်စဉ် ပဋိပဒါတရားတို့ကား

၁။ သီလတို့၌ ကောင်းစွာ ဖြည့်ကျင့်ရခြင်း၊ ၂။ မျက်စိစသော ဣန္ဒေခြောက်ပါးတို့၌ လုံခြုံစွာ စောင့်ရှောက် ရခြင်း၊ ၃။ အစားအစာ ဘောဇဉ်၌ အတိုင်းအတာပမာဏကို သိရခြင်း၊ ၄။ နိုးကြားတက်ကြွစွာ တရားအား ထုတ်ရခြင်း၊ ၅။ သတိသမ္ပဇဉ်ဉာဏ်ဖြင့် ဆင်ခြင်ပြောဆို ပြုလုပ်ရခြင်း ဟူသောတရား(၅)ပါး။

သတိပဋ္ဌာန်(၄)ပါး၊ သမ္မပ္ပဓာန်(၄)ပါး၊ ဣဒ္ဓိပါဒ်(၄)ပါး၊ ဣန္ဒေ(၅)ပါး၊ ဗိုလ်(၅)ပါး၊ ဗောဇ္ဈင်(၇)ပါး၊ မဂ္ဂင်(၈)ပါး ဟုဆိုအပ်သော ဗောဓိပက္ခိယတရားများ၊ နိဗ္ဗာန်နှင့် နိဗ္ဗာန်ရောက်ကြောင်း တရားများ ဖြစ်ကြ၏။ (မဟာနိဒ္ဒေသ - ၂၈၄)

-ထက်-

မျက်မှောက်တရား ဘေးပယ်ရှား ဟောကြားခဲ့ပေပြီ။
ပါတိမောက်နှင့် စိတ်တည်လင့် အကျင့်ဟောစေချင်ပါသည်။

၈။ စက္ခူဟိ–ဂါထာ (ပကတိဘူရားရှင်၏ အဖြေဂါထာ)

(၈) စက္ခူဟိ နေဝ လောလ'ဿ၊
ဂါမကထာယ အာဝရယေ သောတံ။
ရသေ စ နာနုဂိဇ္ဈေယျ၊
နစ မမာယေထ ကိဉ္စိ လောကသ္မိံ။

(၈) [အဖြေ]မျက်စိတို့ဖြင့် လျှပ်ပေါ်လော်လည်သည် မဖြစ်ရာ၊ တိရစ္ဆာနကထာဟူသော ရွာသူတို့၏ စကားမှ နားကို ပိတ်ပင် တားဆီးရာ၏၊ အစာအာဟာရ ရသာရုံ၌လည်း မမက်မောရာ၊ လောက၌ တစ်စုံတစ်ခုကိုမျှလည်း (တဏှာဒိဋ္ဌိတို့ဖြင့်) မမြတ်နိုးရာ။

http://www.dhammadownload.com

မျက်စိစသော ဣန္ဒြေကို စောင့်စည်းမှုသည် သီလအားလုံးကို စောင့်ထိန်းရာရောက်သောကြောင့်လည်းကောင်း၊ ဣန္ဒြေကို စောင့်ထိန်းမှု ဣန္ဒြိယသံဝရသီလအကျင့်ကို အစဦးစွာထား၍ ဟောကြားလျှင် သဒ္ဓါစရိုက်အားကြီးသော နတ်ပြဟ္မာတို့အား သင့်လျော်လျောက်ပတ်ခြင်းကြောင့်လည်းကောင်း၊ ဘုရားရှင်သည် ဣန္ဒြိယသံဝရသီလမှ အစပြု၍ နိဗ္ဗာန်ရောက်ကြောင်းကျင့်စဉ်ကို ပြခြင်းငှာ စက္ခူဟိ စသော ဂါထာကို ဟောကြားတော်မူသည်။

ဣန္ဒြိယသံဝရတော ပဘုတိ ပဋိပဒံ ဒသေန္တော စက္ခူတိအာဒိ မာရဒ္ဓေါ။

(သုတ္တနိပါတဋ္ဌကထာ ၂-၂၇၉)

စက္ခူဟိ စသောဤဂါထာမှ အဘိဘူဟိ စသော နိဂုံးဂါထာတိုင်အောင် (၁၃)ဂါထာတို့ဖြင့် ပကတိဘုရားရှင်က နိမ္မိတရုပ်ပွားဘုရားမေးသော နိဗ္ဗာန်ရောက်ကြောင်းကျင့်စဉ်တို့ကို ဖြေကြားဟောပြတော်မူသည်။

ဂါမကထာယပါဠိ၌မက်ဖိုလ်နှင့်ဖီထာဖြစ်သော ရပ်ရွာစကား(၃၂)မျိုး

မက်ဖိုလ်နှင့် ဖီလာကန့်လန့်ဖြစ်သော ရပ်ရွာစကား(၃၂)မျိုး တိရစ္ဆာနကထာကို ဤ၌ ဂါမကထာဟု ဆိုရသည်။ တိရစ္ဆာနကထာ (၃၂)မျိုးဟူသည် -

၁-မင်းအစိုးရအကြောင်းစကား၊ ၂-ခိုးသူ၊ ဓားပြ၊ သူပုန်အကြောင်းစကား၊ ၃-အမတ်ကြီးဝန်ကြီးအရာရှိကြီးများ အကြောင်းစကား၊ ၄-စစ်တပ်အကြောင်းစကား၊ ၅-ဘေးရန်အကြောင်းစကား၊ ၆-စစ်တိုက်ခြင်း စစ်ပွဲအကြောင်းစကား၊ ၇-ထမင်း၊ အဖျော်၊ အဝတ်အထည်၊ ယာဉ်ရထားကား၊ အိပ်ရာနေရာနှင့်စပ်သော စကားများ၊ ၁၂-ပန်း၊ နံ့သာ၊ ဆွေမျိုး၊ ရွာ၊ နိဂုမ်း၊ မြို့၊ ဇနပုဒ်နှင့်စပ်သော စကားများ၊

http://www.dhammadownload.com

၁၉-မိန်းမ၊ ယောကျာ်းနှင့်စပ်သော စကားများ၊ ၂၁-ရဲရင့်သူ လူစွမ်းကောင်း၊ သူရဲကောင်းနှင့်စပ်သော စကား၊ ၂၂-လမ်းအကြောင်းစကား၊ ၂၃-ရေဆိပ် ကားဆိပ်စသောအကြောင်း စကား၊ ၂၄-သေလွန်သူနှင့်စပ်သော စကား၊ ၂၅-အထူးထူးအပြားပြားစကား၊ ၂၆-သံသရာကိုရှည်စေတတ်သော လောက အကြောင်းစကား၊ ၂၇-ပင်လယ်သမုဒ္ဒရာစကား၊ ၂၈+၃၂-သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိအယူနှင့်စပ်သော စကားတို့ဖြစ်ကြ၏။ *(မဟာနိဒ္ဒေသ-၂၈၆)*

နစမမာယေထ ကိဉ္စိ လောကသ္မိံ ပါဋ္ဌ်မှတ်ဖွယ်

စက္ခူဟိ နေဝလောလဿ စသော ရှေ့ (၃)ပါဒစကား ရပ်တို့ဖြင့် မျက်စိ(စက္ခုနြေ့)၊ နား(သောတိ နြေ့)၊ လျှာ (ဇိဝှိနြေ့)တို့နှင့်စပ်၍ စောင့်စည်းထိန်းသိမ်းရန် ဟောကြားပြီး၍ ယခုအခါ၌ ကြွင်းကျန်နေသော နှာခေါင်း (ဃာနိနြေ့)၊ ကိုယ် (ကာယိနြေ့)၊ စိတ် (မနိနြေ့)တို့ကို စောင့်စည်းထိန်းသိမ်းရန် "နစ-မမာယေထ ကိဉ္စိ လောကသ္မိံ" ဟု ဟောတော်မူသည်။ သို့ဖြစ်၍ ဤစက္ခူဟိ စသော ဂါထာဖြင့် မျက်စိ-နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော ဣနြေ့(၆)ပါးကို လုံခြုံအောင် စောင့်စည်းထိန်းသိမ်းခြင်း ဣန္ဒြိယသံဝရ သီလကို ပြသည်။

နစမမာယေထ ပါဋ္ဌ် မြတ်နိုးမှု မမတ္တ (၂)ပါးဟူသည်

၁။ တဏှာ မမတ္တ - တဏှာဖြင့် မြတ်နိုးမှု ၂။ ဒိဋ္ဌိမမတ္တ - ဒိဋ္ဌိဖြင့် မြတ်နိုးမှုတို့ဖြစ်သည်၊ ကိဉ္စိ လောကသ္မိံ ပါဋ္ဌအရ လောကတွင် ရှိသမျှ မျက်စိ၊ နားစသော အတွင်းရုပ်နာမ်တရား၊ အဆင်းအသံစသော အပြင်ရုပ်နာမ်တရား၊ ဒကာ၊ ဒကာမ၊ ဂိုဏ်း၊ ကျောင်းကန်၊ အာရာမ်၊ သင်္ကန်းစသော လာဘ်လာဘ၊ ကာမဘုံ၊ ရူပဘုံစသော (၃၁)ဘုံ၊ မြင်ကြားတွေ့သိဟူသမျှ တို့တွင် တပ်မက်စရာဟူသမျှ ဘာကိုမျှ

http://www.dhammadownload.com

မြတ်နိုးသမှု မပြုရဟု ဆိုလိုသည်။ ဒိဋ္ဌ သုတ မုတဝိညာ တဗွေ ဓမ္မေ နမမာယေထ (မဟာနိဒ္ဒေသ-၂၈၈)

စက္ခူဟိ စသော ဤဂါထာဖြင့် ယောဂီပုဂ္ဂိုလ်သည်

၁။ စိတ္တဂုတ္တမထေရ်ကြီးကဲ့သို့ မျက်စိဖြင့် လျှပ်ပေါ်လျော်လည်လျက် မကြည့်ရှုရခြင်း

၂။ ရပ်ရွာစကား မဂ်ဖိုလ်နှင့်ဖီလာကန့်လန့်စကားတို့ကို နားမထောင်ရခြင်း။

၃။ အရသာကို မမက်မောရခြင်း။

၄။ စွဲလမ်းတပ်မက်စရာတို့တွင် ဘာကိုမျှ မမြတ်နိုးရခြင်း ဟူသော ဣန္ဒြိယသံဝရသီလကိုပြသည်။

-ထက်-

မျက်စိကစား ရွာစကား ရှောင်ရှားကျင့်ရမည်။
ရသာမမက် လောကဘက် နှစ်သက်မြတ်နိုးပယ်ရမည်။

၉။ ဖဿေန-ဂါထာ

(၉) ဖဿေန ယဒါ ဖုဋ္ဌဿ၊
ပရိဒေဝံ ဘိက္ခု နကရေယျ ကုဟိဉ္စိ။
ဘဝဉ္စ နာဘိဇပ္ပေယျ၊
ဘေရဝေသု စ နသမ္ပဝေဓေယျ။

(၉) ရဟန်းသည် အနာရောဂါဟူသော အတွေ့ဆိုးဖြင့် တွေ့ကြုံသောအခါ တစ်စုံတစ်ခုသော အကြောင်းကြောင့် ငိုကြွေးခြင်း ညီးညူခြင်းကို မပြုရာ၊ (ကာမစသော) ဘုံဘဝကိုလည်း မတောင့် တရာ၊ ကြောက်မက်ဖွယ်ဘေးရန် တို့ကြောင့်လည်း မတုန်လှုပ် မချောက်ခြားရာ။

http://www.dhammadownload.com

ဖဿေန ယဒါ ဖုဋ္ဌဿပါဋ္ဌ၌ ဖဿ-အတွေ့အထိဟူသည် - မျက်စိရောဂါ၊ နားရောဂါ၊ နှာခေါင်းရောဂါစသော (၉၆)ပါး အနာရောဂါတည်းဟူသော မကောင်းသော အတွေ့ ဆိုးဝါးသောအတွေ့ကို ဆိုသည်၊ ယောဂီပုဂ္ဂိုလ်သည်- အနာရောဂါ အတွေ့ဆိုးဖြင့် နှိပ်စက်ခံရသော အခါ တစ်စုံတစ်ခုသော အကြောင်းကြောင့်မျှ ငိုကြွေးမည်တမ်းခြင်း၊ ညည်းညူခြင်းကိုမပြုရ၊ "သည်းခံလျှင် နိဗ္ဗာန်ရောက်" ဟူသော စကားအတိုင်း ရောဂါဝေဒနာတို့ကို သည်းခံ၍ တရားရှုမှတ် အားထုတ်ရမည်ဟု ဆိုလိုသည်။

ဘေရဝေသုစ-ပါဋ္ဌ၌ ဘေး(၂)မျိုးကား

၁။ ခြသေ့်၊ ကျား၊ ကျားသစ်၊ မြွေ၊ ကင်းစသော သားရဲတိရစ္ဆာန်ဘေး၊ လူဆိုး၊ သူခိုး၊ ဓားပြစသော ကြောက်မက်ဖွယ်၊ ကြောက်စရာအာရုံဘေး ၂။ ဇာတိ ဇရာ ဗျာဓိ မရဏဘေး၊ မင်းဆိုးဘေး၊ သူခိုးဘေး၊ မီးဘေး၊ ရေဘေး၊ အတ္တာနုဝါဒဘေး၊ ပရာနုဝါဒ ဘေး-စသော(၂၅)ပါး ဘေးတို့သည် ကြောက်ခြင်းဘေးတို့ဖြစ်သည်။ နသမ္ပဝေဓေယျပါဋ္ဌအရ ယောဂီပုဂ္ဂိုလ်သည် ခြသေ့်၊ ကျား၊ ကျားသစ်စသော ကြောက်မက်ဖွယ် အာရုံဘေးတို့ကို မြင်၍ဖြစ်စေ၊ ကြား၍ဖြစ်စေ၊ တိဿမထေရ်ကဲ့သို့ မတုန်လှုပ် မချောက်ခြားပဲ ဆက်လက်ပြီး တရားရှုမှတ် အားထုတ်ရမည်ဟု ဆိုလိုသည်။

ဖဿေန ယဒါ ဖုဋ္ဌဿ-စသော ဤဂါထာဖြင့် ယောဂီပုဂ္ဂိုလ်သည်

၁။ အနာရောဂါအတွေ့ဆိုး၊ ဘေးဒုက္ခနဲ့တွေ့ကြုံလျှင် ငိုကြွေးမြည်တမ်း ညည်းညူမှုကို မပြုရခြင်း။

၂။ ရောဂါအတွေ့ဆိုးနဲ့ တွေ့ကြုံရသောအခါ ကာမဘဝ၊ ရူပဘဝ စသော ဘဝကောင်းကို မတောင့်တရခြင်း။

http://www.dhammadownload.com

၃။ ကြောက်မက်ဖွယ်ကြောက်စရာ အာရုံဘေးရန်တို့ကြောင့်လည်း မတုန်လှုပ် မချောက်ခြားရခြင်းဟူသော အချက်တို့ကို ဟောပြသည်။

(လင်္ကာ)အတွေ့ဆိုးများ နှိပ်စက်ငြားညည်းတွားမြည်တန်းမပြုရာ။
သုံးပါးဘဝ၊ မတောင့်တ၊ ဘယကြောင့်လည်း မလှုပ်ရာ။



၁၀။ အန္နာနမထော–ဂါထာ

(၁၀) အန္နာနမထော ပါနာနံ၊
ခါဒနီယာနံ အထောပိ ဝတ္ထာနံ။
လဒ္ဓါ နသန္နိမိံ ကယိရာ၊
နစပရိတ္တသေ တာနိ အလဘမာနော။

(၁၀) ထမင်း (မုံ့ငါးစသည်) တို့ကိုလည်းကောင်း (ရှစ်ပါးသော) အဖျော်တို့ကိုလည်းကောင်း (မုံ့သစ်သီးစသော) ခဲဖွယ်တို့ကိုလည်းကောင်း အဝတ်အထည် သင်္ကန်းတို့ကိုလည်းကောင်း ရသည်ရှိသော် သိုမှီး သိမ်းဆည်းမှုကို မပြုရာ၊ ထိုထမင်း စသည်တို့ကို မရသော်လည်း မပူပန် မစိုးရိမ် မကြောင့်ကြရာ။

အန္နနာမထော-သောဂါထာထာ

အန္န-ဆွမ်းဘောဇဉ်(၅)မျိုးဟူသည်

၁။ ဩဒန - ထမင်း ၂။ ကုမ္ပာသ - မုန့် ၃။ သတ္ထု - ဆန်လှော်မှုန့်၊ ဂျုံမှုန့် စသည် ၄။ မစ္ဆ - ငါး ၅။ မံသ - ကြက်ဝက်ဆိတ်-အမဲ စသော အသားတို့ဖြစ်ကြ၏။

(လင်္ကာ) ထမင်း၊ သား၊ ငါး၊ မုန့်နှစ်ပါး၊ မှတ်သား ဘောဇဉ်ငါး။

http://www.dhammadownload.com

ပါနာနံ-ပါဌ်၌ ပါန-ဖျော်ရည်(၈)မျိုးဟူသည်

၁။ သရက်သီးဖျော်ရည် ၂။ သပြေသီးဖျော်ရည် ၃။ တောငှက်ပျောသီးဖျော်ရည် ၄။ အိမ်ငှက်ပျောသီး ဖျော်ရည် ၅။ သစ်မည်စည် (နွယ်ချို) ဖျော်ရည် ၆။ မုဒရက် (သဖျက်သီး)ဖျော်ရည် ၇။ ကြာစွယ် ဖျော်ရည် ၈။ ဖက်သက် (မြရာ)ဖျော်ရည်တို့ဖြစ်ကြ၏။

-ထက်ာ-

သပြေ - သရက်၊ မုဒရက်၊ ဖက်သက် - သစ်မည်စည်။
တော - အိမ်ငှက်ပျော၊ ကြာစွယ်နှော၊ မှတ်လော ရှစ်ဖျော်ရည်။

ခါဒနီယာနံ-ပါဌ်၌ ခဲဖွယ်(၇)မျိုးဟူသည်

၁- မုန့်ညက်ခဲဖွယ်၊ ၂-မုန့်ခဲဖွယ်၊ ၃-အမြစ်ခဲဖွယ်၊ ၄-အခေါက်ခဲဖွယ်၊ ၅-အရွက်ခဲဖွယ်၊ ၆-အပွင့်ခဲဖွယ်၊ ၇-အသီး ခဲဖွယ်တို့ဖြစ်ကြ၏။

-ထက်ာ-

မုန့်ညက်ခဲဖွယ်၊ မုန့်ခဲဖွယ်၊ ပွင့်ရယ် မြစ် - ရွက် - သီး။
အခေါက်ခဲဖွယ်၊ နောက်တမယ်၊ ထည့်ကွယ် ခဲဖွယ်တည်း။

ဝတ္ထာနံ-ပါဌ်၌ အဝတ်သက်နး(၆)မျိုး ဟူသည်

၁။ ခေါမသက်နး - ခုံချည် သက်နး
၂။ ကပ္ပါသိကသက်နး - ဝါချည် သက်နး
၃။ ကောသေယျသက်နး - ပိုးချည် သက်နး
၄။ ကမ္ဗလာသက်နး - သားမွေးသကလပ် သက်နး
၅။ သာဏသက်နး - ပိုက်ဆံကျော်ချည် သက်နး
၆။ ဘင်သက်နး -ဝါချည်စသော ရှေ့ချည် ငါး မျိုးဖြင့်ရောရှ်ရက်လုပ်အပ်သောသက်နး ဖြစ်သည်။

http://www.dhammadownload.com

နစ ပရိတ္တသေ တာနိ အထဘ မာနော-ပါဠ်၌ မှတ်ဖွယ်

ထိုစားဖွယ်သောက်ဖွယ် ခဲဖွယ်နှင့် အဝတ်အထည်သင်္ကန်းတို့ကို အကြောင်းမညီညွတ်လို့ မရလျှင် ပူပန်စရာ စိတ်ဆင်းရဲစရာ မလိုချေ၊ ပဋိသခ်ါနဉာဏ်ဖြင့် ဆင်ခြင်၍ဖြစ်စေ ဝိပဿနာဉာဏ်ဖြင့် ရှုမှတ်၍ဖြစ်စေ သည်းခံပြီးနေရမည်ဟု ဆိုလိုသည်။ အနှာနမထော စသော ဤဂါထာဖြင့် ပစ္စယသန္နိဿိတသီလကို ပြတော် မူသည်။

အနှာနမထော စသော ဤဂါထာဖြင့် ယောဂီပုဂ္ဂိုလ်သည်

၁။ စားသောက်ဖွယ် ခဲဖွယ်နှင့် အဝတ်အထည်သင်္ကန်းတို့ကို တရားသဖြင့် ရထားခဲ့သော်မှ အပိုအဖြစ် သိမ်းဆည်းထားမှု မပြုရခြင်း (ပေးကမ်းစွန့်ကြရခြင်း)

၂။ ထိုစားသောက်ဖွယ်စသည်တို့ကို မရခဲ့လျှင်လည်း မပူပန် မကြောင့်ကြရခြင်း-ဟူသော လိုက်နာပြုကျင့်ဖွယ် အချက်တို့ကိုပြသည်။

(လင်္ကာ) စားသောက်ဖွယ်များ ဝတ်အစား၊ သိမ်းထားမပြုရာ။
ယင်းတို့ကိုပဲ၊ မရလဲ၊ စိတ်ထဲမပူ၊ မကြောက်ရာ။



၁၁။ စျာယီ နပါဒလောလဿ-ဂါထာ

(၁၁) စျာယီ နပါဒလောလ'ဿ၊
ဝိရမေ ကုက္ကုစ္စာ နပ္ပမဇ္ဇေယျ။
အထာသနေသု သယနေသု၊
အပ္ပသဒ္ဒေသု ဘိက္ခု ဝိဟရေယျ။

(၁၁) စျာန်၌မွေ့လျော်သောရဟန်းသည် လှည့်လည်သွားလာခြင်းဖြင့် ခြေလျှပ်ပေါ်လော်လည်သူ မဖြစ်ရာ၊ (လက်ခြေ ဆော့ခြင်းစသော လှုပ်ရှားမှု) ကုက္ကုစ္စမှ ရှောင်ကြဉ်ရာ၏၊ (ကုသိုလ်တရား

http://www.dhammadownload.com

တို့၌)မမေ့မလျော့ရာ၊ အသံ တိတ်ဆိတ် ကုန်သော နေရာ အိပ်ရာတို့၌ နေရာ၏။

ဗျာယီ နပါဒလောလဿ စသော နောက်ပိုင်းလာဂါထာတို့ဖြင့် အခြေခံအထောက်အပံ့များနှင့်တကွ စိတ်တည်ငြိမ်မှု သမာဓိဖြစ်ကြောင်း သမာဓိကျင့်စဉ်တို့ကို ဟောပြတော်မူသည်။ နံပါတ် (၇) ဂါထာ "ပါတိမောက္ခံ အထဝါပိ သမာဓိ" ဟူသော စတုတ္ထပါဒ စကားရပ်မှ သမာဓိ-ဟူသော ပုစ္ဆာစကားရပ်အတွက် သမာဓိကျင့်စဉ်တို့ကို ဖြေဆိုပြခြင်းဖြစ်သည်။

ဗျာယီ-ပုဒ်၌ ရှုမှတ်ပွားများမှ ဗျာန်(၂)မျိုး

စိုက်စိုက်စူးစူး ကပ်၍ ရှုမှတ်ခြင်းကို ဈာန်ဟုခေါ်၏၊ ထိုဈာန်သည် (၂) မျိုးရှိ၏။ ဈာန် (၂) မျိုး ဟူသည်ကား

၁။ အာရမ္မဏူပနိဇ္ဈာန် - မြေစသော ကသိုဏ်းနိမိတ်အာရုံ၊ ဥဒ္ဓုမာတက အလောင်းကောင် စသော အသုဘ နိမိတ်အာရုံ၊ အရုဟ်စသော ဘုရားဂုဏ်စသည်နှင့် ဝင်လေထွက်လေ အာနပါနနိမိတ်၊ အာရုံ၊ ဆံပင်မွေးညှင်း စသော ကောဋ္ဌာသနိမိတ်အာရုံ - ဤသမထအာရုံနိမိတ်တို့ကို စိုက်စိုက်စူးစူးကပ်၍ ရှုမှတ်ခြင်း- သမထဈာန်။

၂။ လက္ခဏူပနိဇ္ဈာန်- ပထဝီစသော ရုပ်တရား, စိတ် ဖသစသော နာမ်တရားတို့၏ သာမညသဘာဝလက္ခဏာ ဝိသေသလက္ခဏာ, အနိစ္စ,ဒုက္ခ,အနတ္တလက္ခဏာ-တို့ကို စိုက်စိုက်စူးစူး ကပ်၍ ရှုမှတ်ခြင်း အာရုံနှင့် အာရမ္မဏိက ဝိပဿနာစိတ်တို့ မကင်းမကွာရအောင် အမြဲကပ်ထားကာ ရှုမှတ်ခြင်း - ဝိပဿနာဈာန်တို့ဖြစ်သည်။ ယောဝိပုဂ္ဂိုလ်သည် ဈာယီပုဒ်အရ-ယင်းသမထဈာန် ဝိပဿနာဈာန်တို့ဖြင့် ရှုမှတ်ရမည်ဟုဆိုလိုသည်။

(မဟာနိဒ္ဒေသ၌ကား ပထမဈာန်စသော လောကီဈာန် ၄-ပါးဖြင့် ရှုမှတ်ရမည်စသည်ဖြင့် ကျယ်စွာ ပြဆိုထားလေသည်)

http://www.dhammadownload.com

နပါဒလောလဿပါဠ်ဖြင့် သတိသမ္ဗဇ္ဈင် ဆင်ခြင်ဉာဏ် ကင်းမဲ့စွာဖြင့် လှည့်လည်သွားလာခြင်းသည် ခြေဖြင့် လျှပ်ပေါ်လော်လီခြင်းဖြစ်သည်။ ရှုမှတ်ပွားများသူ ဈာယီ ယောဂီပုဂ္ဂိုလ်ဖြစ်စေရန် ခြေကိုအလွဲသုံးစား မပြုဘဲ ဟိုဟိုဒီဒီ လော်လီသောအားဖြင့် လှည့်လည် မသွားလာဘဲ တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရ နေရမည်ဟု ဆိုလိုသည်။

ဝိရမေ ကုက္ကုစ္စာ-ပါဠိနှင့် ကုက္ကုစ္စ(၃)မျိုး

ကုက္ကုစ္စဟူသည် (၃)မျိုးရှိ၏၊ (၃)မျိုးတို့ကား-

၁။ အသံယတကုက္ကုစ္စ-လက်ခြေစသည်မစောင့်စည်းမှု၊

၂။ ဝိနယကုက္ကုစ္စ-ဝိနည်းနှင့်စပ်၍ အပ်မအပ်သံသယဖြစ်မှု၊

၃။ ဝိပဋိသာရကုက္ကုစ္စ-စိုးရိမ်ပူပန်နောင်တရခြင်း-ကုက္ကုစ္စ စေတသိက်တို့ဖြစ်ကြ၏။

ယောဂီပုဂ္ဂိုလ်သည် သမာဓိကောင်းရန်အတွက် ယင်းကုက္ကုစ္စ (၃)မျိုးတို့ကို မပြုဘဲရှောင်ကြဉ်ရမည်။

နပမဒ္ဒေယျ-ပါဠိနှင့် မမေ့မထွေခြင်း အပွမာဒ-ဟူသည်

သီလ သမာဓိ ပညာတည်းဟူသော သိက္ခာ (၃)ပါးနှင့်ပြည့်စုံအောင် ကုသိုလ်တရားတို့၌ မမေ့ရခြင်း အပွမာဒ ဟူသည် သီလ သမာဓိ ပညာဟူသော အကျင့်ကို

၁။ သက္ကစ္စကာရီ - ရိုသေစွာပြုကျင့်ရမည်

၂။ သာတစ္စကာရီ - အမြဲမပြတ်ပြုကျင့်ရမည်

၃။ အဋ္ဌိတကာရီ - ရပ်နားမနေရပေ။

၄။ အနောလိနဝုတ္တိကော-နောက်မဆုတ်တမ်း အားထုတ်ရမည်။

၅။ အနိက္ခိတ္တစ္ဆန္ဒော - အားထုတ်ချင်သည့်ဆန္ဒကို မစွန့်ချရ။

၆။ အနိက္ခိတ္တဓုရော - တရားအားထုတ်မှုလုပ်ငန်းတာဝန်ကို မပစ်ချရ၊ ဘေးချိတ်မထားရ၊ ချောင်ထိုးမထားရ။

http://www.dhammadownload.com

၇။ အပွမာဒေါကုသလေသု ဓမ္မေသု- ကုသိုလ်ရေးတရားတို့၌ ပွားများစေရန် မမေ့ရချေ၊ မပြည့်စုံသေးသည့် သီလ သမာဓိ ပညာ အကျင့်ကို အားထုတ်ရန် မမေ့ရပေ။

နပမဇ္ဇောယျာတိ သက္ကစ္စကာရီ အဿ သာတစ္စကာရီ (ပ) ကုသလေသု-ဓမ္မေသု (မဟာနိဒ္ဒေသ-၂၉၃)

စျာယီ နပါဒထောလဿ-စသော ဤဂါထာဖြင့် ယောဂီပုဂ္ဂိုလ်သည်

၁။ သမထစျာန် ဝိပဿနာစျာန်တို့ဖြင့် အမြဲမပြတ် ရှုမှတ် နေရမည်။

၂။ ယင်းသို့နေနိုင်ရန် သမာဓိရှိရန်အတွက် ခြေဖြင့် ဟိုဟိုဒီဒီ လှည့်ပတ်သွားခြင်း၊ ခြေဖြင့်လျှပ်ပေါ်လော်လီသူ မဖြစ်ရ။

၃။ စက်ဆုပ်စရာ လက်လှုပ် ခြေလှုပ်စသော ကုက္ကုစ္စ (၃)မျိုးမှ ရှောင်ကြဉ်ရမည်။

၄။ သိက္ခာ (၃)ပါး ပြည့်စုံအောင်ကျင့်ရန် မမေ့လျော့ရခြင်း။

၅။ အသံဗလံ တိတ်ဆိတ်သော အစွန်အဖျားကျသည့် ကျောင်း, အိပ်ရာနေရာ (တောရကျောင်း)တို့၌ နေရခြင်းဟူသော အချက်တို့ကို ပြသည်။

(လက််) စျာန်ကိုဝင်စား လမ်းမများ လှုပ်ရှားကုက္ကုစ်ကင်းရမည်။

မမေ့ပဲသာ၊ ဆိတ်ငြိမ်ရာ၊ ကျောင်းမှာနေရမည်။

http://www.dhammadownload.com

(၁၂) နိဒ္ဒံ နဗဟုလိကရေယျ-ဂါထာ

(၁၂) နိဒ္ဒံ နဗဟုလိကရေယျ၊
လာဂရိယံ ဘရေယျ အာတာပီ။
တန္ဒီ မာယံ ဟသံ ခိဍ္ဍံ၊
မေထုနံ ဝိပ္ပလပေ သဝိဘူသံ။

(၁၂) (ကိလေသာကို) ပူပန်စေတတ်သော လုံ့လရှိသူသည် အိပ်ခြင်းကို များစွာမပြုရာ၊ နှိုးကြားမှု 'ဝိရိယ' ကို မှီဝဲရာ၏၊ ပျင်းရိမှုကိုလည်းကောင်း လှည့်ပတ်မှု 'မာယာ'ကိုလည်းကောင်း ရယ်ရွှင်မှုကိုလည်းကောင်း မြူးထူးပျော်ပါး ကစားမှုကိုလည်း ကောင်း မေထုန်အကျင့်ကိုလည်းကောင်း အသုံးအဆောင်နှင့်တကွ ခန္ဓာကိုယ်ကို တန်ဆာဆင်မှုကိုလည်းကောင်း ပယ်စွန့်ရာ၏။

မုချကိန်းသေ ရဟန္တာဖြစ်စေသော အပဏ္ဏက ကျင့်စဉ် (၃)ပါး

အဂုံတို့ရှိပါဦးတော် တိကနိပါတ် အပဏ္ဏကသုတ် (အံ၊ ၁၊ ၁၁၁) ၌ မြတ်စွာဘုရားရှင်သည် မုချကိန်းသေ ရဟန္တာဖြစ်စေနိုင်သော အပဏ္ဏကပဋိပဒါ ကျင့်စဉ် (၃)ပါးတို့ကို ဟောပြထား၏။ ယင်း(၃)ပါးတို့ကား

၁။ ဣဿရိယသံဝရသီလ - ဣန္ဒြေခြောက်ပါးတို့ကို စောင့်စည်းထိန်းသိမ်းခြင်း

၂။ ဘောဇနေမတ္တညုတာ - အစာအာဟာရ၌ အတိုင်းအတာပမာဏကိုသိ၍ စားခြင်း

၃။ ဇာဂရိယာနုယောဂ - အအိပ်အနေနည်းပြီး နှိုးကြားမှုများလျက် ကြိုးစားအားထုတ်ခြင်းတို့ဖြစ်ကြ၏။

ဤအပဏ္ဏကကျင့်စဉ် (၃)ပါးကို တုဝဋ္ဌကသုတ်၌လည်း ဘုရားရှင်သည် ဂါထာဒေသနာအားဖြင့် ဟောပြ ထားလေသည်၊ ဟောပြထားပုံမှာ ဤသို့ဖြစ်ပါ၏။

http://www.dhammadownload.com

၁။ "စက္ခုဟိ နေဝလောလသ"စသော ဒေသနာဖြင့် ဣန္ဒြိယ သံဝရသီလကို ဟောတော်မူ၏။

၂။ "ရသေစ နာနုဂိဇ္ဈေယျ"ပါဠ်ဖြင့် ဘောဇနေမတ္တညုတာကို ဟောတော်မူသည်။

၃။ "နိဒ္ဒံ နဗဟုလီ ကရေယျ၊ ဇာဂရိယံ ဘဇေယျ အာတာပီ"ဟူ သော ရှေ့နှစ်ပါဒတို့ဖြင့် ဇာဂရိယာနုယောဂကို ပြတော်မူ၏။ ဤသို့အားဖြင့် တုဝဋကသုတ်သည် ရဟန္တာအမြန်ဖြစ်ရန် ကျင့်စဉ်တို့ကို ပြသောသုတ်ဟု သိရခြင်း ဖြစ်သည်။

ဣမ ဘိက္ခဝေ ဘိက္ခု ဣန္ဒြိယေသု ဂုတ္တဒွါရော ဟောတိ၊ ဘောဇနေ မတ္တညူ ဟောတိ ဇာဂရိယံ အနုယုတ္တော ဟောတိ။

(အံ၊ ၁၊ ၁၁၁)

နိဒ္ဒံ နဗဟုလီကရေယျ-ပါဠ်၌ မှတ်ဖွယ်

အအိပ်အနေနည်းပါး၍ နိုးကြားကြိုးစားချိန် များရမည်ဟူရာ၌ တစ်ရက်လျှင် နေ့ပိုင်း၌ နံနက်ပိုင်း၊ နေ့လည်ပိုင်း၊ ညနေချမ်းပိုင်း ဟူ၍ နေ့ (၃)ပိုင်း ညပိုင်း၌ ပဌမယာမ်ပိုင်း မဇ္ဈိမယာမ်ပိုင်း ပစ္ဆိမယာမ် ပိုင်းဟူ၍ ည (၃) ပုံအားဖြင့် (၆) ပုံရှိသည့်အနက် တပုံဖြစ်သော ညဉ့်လယ် မဇ္ဈိမယာမ် ခေါ် (ည - ၁၀ နာရီမှ နံနက် - ၂ နာရီထိ) (၄) နာရီအချိန်ကိုသာ အိပ်ရမည်၊ ကျန် (၅) ပုံအချိန် (နာရီ-၂၀) တို့၌ နိုးနိုးကြားကြား ကြိုးစားပြီး တရားအားထုတ်နေရမည်။ (တပိုင်းလျှင် ၄ နာရီနှုန်းဖြင့် ၆-ပိုင်း ၂၄-နာရီဖြစ်သည်)

သို့ဖြစ်၍ နေ့ပိုင်းတွင် (၃) ပုံစလုံး စင်္ကြန်သွားရင်းဖြစ်စေ ထိုင်လျက်ဖြစ်စေ တရားရှုမှတ်ရမည်၊ ညပိုင်း တွင် ပထမပိုင်းဖြစ်သော ည (၁၁)နာရီထိ ပဌမယာမ်၌ ရှုမှတ်ခြင်းဖြင့် ထိုင်နေသည်ဖြစ်စေ စင်္ကြန်သွားနေသည် ဖြစ်စေ စိတ်ကို နီဝရဏတရားတို့မှ စင်ကြယ်စေရမည်၊ ဒုတိယပိုင်းဖြစ်သော ည (၁၀-နာရီမှ နံနက်

http://www.dhammadownload.com

၂-နာရီ)အထိ မဇ္ဈိမယာမ်၌ အိပ်ရမည်၊ တတိယပိုင်းဖြစ်သော (နံနက် ၂ နာရီမှ နံနက် ၆ နာရီ)ထိ ပစ္ဆိမယာမ်၌ကား ထိုင်နေနေ စင်္ကြန်သွားနေနေ ရှုမှတ်၍ စိတ်ကို နီဝရဏတို့မှ စင်ကြယ်စေရမည်၊ သို့မှသာ ဇာဂရိယာနုယောဂ - နိုးကြားကြိုးစားသူ ဖြစ်သည်။

တန္ဒီ-ပါဌ်၌ ပျင်းရိခြင်းကို ပယ်ဖျောက်နည်း(၁၁)ပါး

နိုးကြားစွာ တရားကို ကြိုးစားအားထုတ်နေစဉ် ပျင်းရိခြင်း တန္ဒီဖြစ်ပေါ်လာလျှင် အပျင်းရောဂါကို ပယ်ဖျောက်ရန် ဝီရိယ သမ္ဗောဇ္ဈင်ဖြစ်ကြောင်း (၁၁)ပါးကို ဆင်ခြင်၍ ပယ်ဖျောက်ပစ်ရမည်၊ ၎င်း (၁၁)ပါးတို့ကား-

၁။ အပါယ်ဆင်းရဲဘေးကြီးကို ဆင်ခြင်ခြင်း၊

၂။ ဝီရိယအားထုတ်ခြင်း၏အကျိုးများကို ဆင်ခြင်ခြင်း၊

၃။ ဘုရားရှင်စသော သူတော်ကောင်းတို့သွားရာ လမ်းစဉ်သို့ လိုက်ပါသင့်၏ဟု ဆင်ခြင်ခြင်း၊

၄။ တရားအားထုတ်ခြင်းဖြင့် ဆွမ်းကို လေးစားပူဇော်ခြင်း၊

၅။ သူတော်ကောင်းဥစ္စာ အမွေခံမြတ်သည်ကို ဆင်ခြင်ခြင်း၊

၆။ ဘုရားရှင်၏မြင့်မြတ်သည်၏အဖြစ်ကို ဆင်ခြင်ခြင်း၊

၇။ ဘုရားသားတော်တည်းဟူသော အမျိုးမြတ်သည်ကို ဆင်ခြင်ခြင်း၊

၈။ သီတင်းသုံးဖော် အပေါင်းအသင်းမြတ်သည်ကို ဆင်ခြင်ခြင်း၊

၉။ ပျင်းရိသူ (လူပျင်း၊ ရဟန်းပျင်း၊ ယောဂီပျင်း)ကို ရှောင်ကြဉ်ခြင်း၊

၁၀။ ဝီရိယရှိသူကို ပေါင်းသင်းဆက်ဆံခြင်း၊

၁၁။ ရပ်ခြင်းစသော(၇)ဌာနတို့၌ ဝီရိယဖြစ်စေခြင်းငှါ ညွှတ်ကိုင်း ရှိုင်းခြင်းတို့ဖြစ်ကြ၏။ *(သုတ်မဟာဝါအဌကထာ-၃၈၇)*

http://www.dhammadownload.com

-ထက်-

ပါယ်ဘေး ဆင်ခြင်၊ မြင်သည်အကျိုး၊ လမ်းရိုးလိုက်ရာ၊
ပိဏ္ဍာပစာယ၊ ဒါယဇ္ဇဟု၊ သတ္ထုမြတ်ဘိ၊ ဇာတိမဟတ္တ၊
သဗြဟ္မစာရီ၊ မမှီလူပျင်း၊ မှီတင်း - အာရဒ္ဓ၊ ဓိမုတ္တ ဟု၊
လုံ့လပွားကြောင်း ဆယ့်တစ်တည်း။

(ဆရာတော် ဦးဗုဓ်)

ဟသံ-ပုဒ်၌ ရယ်မောခြင်း(၆)မျိုးကား

၁။ သိတ - မျက်လုံးဖွင့်ရုံမျှ ပြုံးရယ်ခြင်း၊

၂။ ဟသိတ - သွားအဖျားပေါ်ရုံမျှ ပြုံးရယ်ခြင်း၊

(ဤ ၂-မျိုးမှာ ပညာရှိတို့ရယ်ခြင်းဖြစ်၏၊ ဤ ၂-မျိုး ထိရယ်ခြင်းကို ခွင့်ပြုထား၏)

၃။ ဝိဟသိတ- အသံထွက်လျက် အဟိ အဟိ ရယ်မောခြင်း၊

၄။ ဥပဟသိတ- ပခုံးနှင့်ဦးခေါင်း လှုပ်ရှားအောင် ရယ်မောခြင်း၊

(ဤ ၂-မျိုးမှာ အလယ်တန်းစား ပုဂ္ဂိုလ်တွေ၏ ရယ်မောခြင်းဖြစ်သည်)

၅။ အပဟသိတ- မျက်ရည်ကျအောင် ရယ်မောခြင်း၊

၆။ အတိဟသိတ- တစ်ကိုယ်လုံး ယိ[illegible].ထိုး ပက်လက်လန်အောင် အူတက်အောင် ဟက်ဟက် ပက်ပက် ရယ်မောခြင်း၊

(ဤ ၂-မျိုးမှာ အောက်တန်းစားပုဂ္ဂိုလ်တို့၏ ရယ်မောခြင်းဖြစ်၏)

နိဒ္ဒံ - နဗဟုလီကရေယျ စသော ဤဂါထာဖြင့် ယောဂီပုဂ္ဂိုလ်သည်

၁။ အအိပ်အနေ နည်းပါးရမည်။

၂။ လုလ္လဝီရိယဖြင့် အမြဲနိုးကြား ကြိုးစားရမည်။

၃။ ပျင်းရိခြင်းကိုလည်း ပယ်ရမည်။

http://www.dhammadownload.com

၄။ လှည့်စားမှု မာယာလည်း ကင်းစေရမည်။
၅။ ရယ်မောခြင်းကိုလည်း ကင်းရမည်။
၆။ ကစားမြူးထူး ပျော်ပါးခြင်းလည်း ကင်းရမည်။
၇။ အလှပြင်ဆင်ခြင်းနှင့် မေထုန်မှုလည်း ကင်းရမည် - ဟူသော အချက်တို့ကိုပြသည်။

-လက်-

အိပ်မှုနည်းပါး နိုးမှုများ ကြိုးစားထက်သန်စေရမည်။
ပျင်းရိလှည့်စား၊ ရယ်ပျော်ပါး၊ ကစားမေထုန်ကင်းရမည်။



၁၃။ အာထဗ္ဗာ-ဂါထာ

(၁၃) အာထဗ္ဗာ သုပိနံ လက္ခဏံ၊
နော ဝိဒဟေ အထောပိ နက္ခတ္တံ။
ဝိရုတဉ္စ ဂဗ္ဘကရဏံ၊
တိကိစ္ဆံ မာမကော နော သေဝေယျ။

(၁၃) (ရတနာသုံးပါးကို)မြတ်နိုးသူသည် သူတစ်ပါးကို နှိပ်စက်ကြောင်း (အာထဗ္ဗဏ)အတတ်ကိုလည်းကောင်း အိပ်မက်ကျမ်းကိုလည်းကောင်း လက္ခဏာကျမ်းကိုလည်းကောင်း ထို့ပြင် နက္ခတ်ကျမ်းလာ စန်းနှင့် နက္ခတ်အယှဉ်၏ အကျိုး အပြစ် ဓာတ်ရိုက် ဓာတ်ဆင် ဗေဒင်ဟောခြင်း ယတြာချေခြင်းကိုလည်းကောင်း သားငှက်စသည်တို့၏ မြည်သံ တွန်သံကို သိသော အတတ်ကိုလည်းကောင်း ကိုယ်ဝန်တည်ရေး ဆေးပေးခြင်းကို လည်းကောင်း မစီရင်ရာ၊ ဆေးကုခြင်းကို လည်းကောင်း မမှီဝဲ မလိုက်စားမပြုလုပ်ရာ။

အာထဗ္ဗဏံ စသော အမှတ်(၁၃)ဂါထာမှ သုတ္တာ ရုသီတော စသော အမှတ်(၁၈)ဂါထာထိ (၆)ဂါထာ တို့ဖြင့် ရဟန်းတော်များ

http://www.dhammadownload.com

မပြုလုပ်သင့်သော အကရဏီယ အကျင့်တို့ကို ဟောပြတော်မူသည်။

အာထဗ္ဗထံ စသော ဤဂါထာဖြင့် ရဟန်းပုဂ္ဂိုလ်သည်

၁။ သူတပါးကို နှိပ်စက်ကြောင်း အာထဗ္ဗဏမန္တန်ကို မစီရင် မပြုလုပ်ရ၊

၂။ အိပ်မက်၏အကျိုးအပြစ် ဟောခြင်းကို မပြုလုပ်ရ၊

၃။ လက္ခဏာ ဖတ်ခြင်း ဟောခြင်းကို မပြုလုပ်ရ၊

၄။ နက္ခတ်ကျမ်းလာ စန်းနှင့်နက္ခတ် အယှဉ်၏ အကျိုးအပြစ်, ဓာတ်ရိုက်ဓာတ်ဆင် ဗေဒင်ဟောခြင်း ယတြာချေပေးခြင်းတို့ကို မပြုလုပ်ရ။

၅။ သားငှက် တွန်သံ မြည်သံ၏ အကျိုးအပြစ်ကို မဟောကြားရ။

၆။ ကိုယ်ဝန်တည်အောင် ဆေးပေးခြင်း မပြုရ။

၇။ ဆေးကုပေးခြင်း မပြုရ - ဟူသော အချက်တို့ကိုပြသည်။

တိကိစ္ဆံ-ပါဠိနှိုး ဆေးကုနည်း (၅)မျိုးကား

၁။ သာလာကိယ - မျက်စိနာ တိမ်သလာကို ဆေးကုခြင်း၊

၂။ သလ္လကတ္တိယ - စူးဝင်သောငြောင့်ကို ထွက်အောင် ဆေးကုခြင်း၊

၃။ ကာယတိကိစ္ဆာ - အရင်းခံဖြစ်သော မူလအနာ၊ နောက်ဆက်ဖြစ်သော အနုဗန္ဓအနာတို့တွင် ကိုယ်နှင့်တူသော မူလအနာကို ဆေးကုခြင်း၊

၄။ ဘူတိယ - ဖုတ်ထုတ်ခြင်း ဖုတ်သွင်းခြင်းစသော စုန်းပယောဂကို ကုစားခြင်း၊

၅။ ကောမာရဘစ္စ- သူငယ်ကြီးပွားအောင် မွေးမြူမှုကို ပြီးစေတတ်သော ဆေးကုခြင်း တို့ဖြစ်ကြ၏။

(မဟာနိဒ္ဒေသ - ၂၉၈)

http://www.dhammadownload.com

ဆေးကုသခွင့်ပြုထားသော ပုဂ္ဂိုလ် (၅)ဦးကား

ဝိနည်းဋ္ဌကား-၁-သီတင်းသုံးဘော်ရဟန်း၊ ၂-သာမဏေ၊ ၃-ရဟန်း၏ မယ်တော်၊ ၄-ခမည်းတော်၊ ၅-မိမိနှင့် မိဘနှစ်ပါး၏ ဝေယျာဝစ္စကို ဆောင်ရွက်နေသော ရှင်လောင်းအားဖြင့် ဤပုဂ္ဂိုလ် (၅)ယောက်တို့ကိုမူ ခြွင်းချက်အနေဖြင့် ဆေးကုပေးခွင့်ရှိကြောင်း ခွင့်ပြုထားသည်။

တိကိစ္ဆံ မာမကော-ပါဠိဋ္ဌံ မြတ်နိုးသူ မာမကပုဂ္ဂိုလ်(၃)ဦး

ဘုရား တရား သံဃာ ဟူသော ရတနာ ၃-ပါး၏ ဂုဏ်ကို သဒ္ဓါစစ် သဒ္ဓါမှန်ဖြင့် ယုံကြည်၍ -

၁။ ဘုရားကို မြတ်နိုးယုံကြည် ရိုသေသူသည် - ဗုဒ္ဓမာမက ပုဂ္ဂိုလ်မည်၏။

၂။ တရားကို မြတ်နိုးယုံကြည် ရိုသေသူသည် - ဓမ္မ မာမက ပုဂ္ဂိုလ်မည်၏။

၃။ သံဃာကို မြတ်နိုးယုံကြည် ရိုသေသူသည် - သံဃ မာမက ပုဂ္ဂိုလ်မည်၏။

-လင်္ကာ-

အာထဗ္ဗဏာ အိပ်မက်တာ၊ လက္ခဏာဟော ကင်းရမည်။
နက္ခတ်ယှဉ်ဟန် သားငှက်သံ၊ ကြံဖန်ဟောပြော ကင်းရမည်။
ကိုယ်ဝန်တည်မှု ဆေးဝါးကု၊ မပြုကင်းရှင်းစေရမည်။



၁၄။ နိန္နာယ - ဂါထာ

(၁၄) နိန္နာယ နပွဝေဓေယျ၊
န ဥဏ္ဏာမေယျ ပသံသိတော ဘိက္ခု။
လောဘံ သဟ မစ္ဆရိယေန၊
ကောဓံ ပေသုဏိယဉ္စ ပနုဒေယျ။

http://www.dhammadownload.com

(၁၄) ရဟန်းသည် ကဲ့ရဲ့ခြင်းကြောင့် မတုန်လှုပ်ရာ၊ အခြီးမွမ်း ခံရသော်လည်း မတက်ကြွရာ၊ နှမြောဝန်တိုခြင်းနှင့်တကွ လိုချင်မှု 'လောဘ' ကိုလည်းကောင်း အမျက်ထွက်မှု 'ကောဓ'ကိုလည်းကောင်း ချောပစ် ဂုံးတိုက်မှုကို လည်းကောင်း ပယ်ဖျောက်ရာ၏။

ပါတိမောက္ခံ အထဝါပိ သမာဓိ ပါဠ်အရ စိတ်တည်ငြိမ်မှု သမာဓိနှင့် ပြည့်စုံစေရန် ပယ်ရှားရမည့် အကုသိုလ် တရားများကို ပြခြင်းငှါ နိန္ဒာယ နပွဝေဓေယျ စသော ဂါထာကို မိန့်တော်မူလေသည်။

နိန္ဒာယ နပွဝေဓေယျစသော ဤဂါထာဖြင့် ယောဂီ ပုဂ္ဂိုလ်သည်

၁။ သူတစ်ပါးတို့က ကဲ့ရဲ့ရှုတ်ချခြင်းကြောင့် စိတ်ဓာတ်ကျကာ မတုန်လှုပ်ရခြင်း

၂။ ချီးမွမ်းမြောက်ပင့် ခံရခြင်းကြောင့်လည်း ဘဝင်မြင့်ကာ မာန်မာန မတက်ကြွရခြင်း

၃။ တုန်လှုပ်ခြင်း တက်ကြွခြင်း မတည်ငြိမ်ခြင်း၏ အကြောင်းဖြစ်သော လိုချင်တောင့်တခြင်း လောဘကို လည်းကောင်း၊ နှမြောဝန်တိုခြင်း မစ္ဆရိယကိုလည်းကောင်း၊ စိတ်ဆိုးအမျက်ထွက်မှု ကောဓကိုလည်းကောင်း တစ်ဦးနှင့်တစ်ဦး အထင်လွဲအောင် တို့မိုးရှိမိုး ပြောခြင်း ခြေထိုးကုန်းတိုက်ခြင်း ကုန်းချောခြင်း ပိသုဏဝါစာကို လည်းကောင်း ပယ်ဖျောက်ရခြင်း ဟူသောအချက်တို့ကိုပြသည်။

သဟ မစ္ဆရိယေနပါဠ်၌ ဝန်တိုခြင်း မစ္ဆရိယ (၅)မျိုး

မိမိနှင့်သက်ဆိုင်သော သက်ရှိသက်မဲ့ အရာဝတ္ထုပစ္စည်း ပုဂ္ဂိုလ်တို့ကို သူတစ်ပါးနှင့် မနီးစပ်စေချင်သောသဘော နှမြောကပ်စေးနဲခြင်း ဝန်တိုခြင်းကို - မစ္ဆရိယ ဟုခေါ်သည်။ ထိုမစ္ဆရိယသည် (၅)မျိုးရှိ၏။ (၅)မျိုးဟူသော်ကား-

http://www.dhammadownload.com

၁။ ကျောင်းကန် နေရာထိုင်ခင်းနှင့်စပ်၍ ဝန်တိုခြင်း - အာဝါသမစ္ဆရိယ၊

၂။ ရင်းနှီးခင်မင်သည့် ဒကာ ဒကာမပုဂ္ဂိုလ်တို့နှင့် စပ်၍ ဝန်တို ခြင်း - ကုလမစ္ဆရိယ၊

၃။ ပစ္စည်းဥစ္စာ လာဘ်လာဘနှင့်စပ်၍ ဝန်တိုခြင်း- လာဘမစ္ဆရိယ၊

၄။ သိစရာ အတတ်ပညာ စာပေကျမ်းစာနှင့်စပ်၍ ဝန်တိုခြင်း - ဓမ္မမစ္ဆရိယ၊

၅။ ဂုဏ်သိက္ခာ ထင်ရှားကျော်ကြားမှုနှင့်စပ်၍ ဝန်တိုခြင်း - ဝဏ္ဏမစ္ဆရိယအားဖြင့် (၅)မျိုးတို့ဖြစ်ကြ၏။

-လက်-

ကဲ့ရဲ့သော်လည်း မလှုပ်ဘဲ၊ မြောက်လည်းမမြောက် တည်ငြိမ်ရာ။
လောဘ ကောဓ မစ္ဆေရ၊ ဘေဒ-ကုန်းချော ကင်းစေရာ။

၁၅။ ကယဝိက္ကယေ ဂါထာ

(၁၅) ကယဝိက္ကယေ နံ တိဋ္ဌေယျ၊
ဥပဝါဒံ ဘိက္ခု နံ ကရေယျ ကုဟိဉ္စိ။
ဂါမေ စ နာဘိသဇ္ဇေယျ၊
လာဘကမ္မာ ဇနံ နံ လပယေယျ။

(၁၅) ရဟန်းသည် ဝယ်ခြင်း ရောင်းခြင်း၌ မတည်ရာ၊ တစုံတခုသော အကြောင်းကြောင့်မျှ စွပ်စွဲကြောင်း ကိုလေသာကို မဖြစ်စေရာ၊ ရွာ၌လည်း (လူတို့နှင့်) မရောယှက် မကပ်ငြိရာ၊ လာဘ်လာဘ ပစ္စည်းဥစ္စာကို လိုချင်မှုဟူသော အကြောင်းကြောင့်

http://www.dhammadownload.com

လူအပေါင်းကို ချို့ချို့သာယာ မြောက်ပင့်နှိမ့်ချ၍ မပြောဆိုရာ။ ပါတိမောက္ခံ အထဝါပိ သမာဓိ ပါဠိ၌ ပါတိမောက္ခံ ပုဒ်အရ ကိုယ်ကျင့်သီလနှင့် သက်ဆိုင်သော ပယ်ရှားရမည့် ကျင့်ဝတ်တို့ကို ပြခြင်းငှါ မြတ်စွာဘုရားရှင်သည် - ကယဝိက္ကယေ စသော ဂါထာတို့ကို မိန့်ဆိုတော်မူသည်။

ကယဝိက္ကယေ နှင့် တိဋ္ဌေယျုပါဠိ၌ မှတ်ဖွယ်

ဝိနည်းဒွေမာတိကာ၌ ကယဝိက္ကယသိက္ခာပုဒ်ဖြင့် ရဟန်းတို့အား စေးဝယ်ခြင်း၊ စေးရောင်းခြင်း အမှုကို တားမြစ်ပြီးဖြစ်သောကြောင့် ရောင်းဝယ်မှုကို ဤတုဝဋ္ဌကသုတ်၌ ဟောတော်မူလိုရင်း မဟုတ်ပေ။ စင်စစ်သော် ကား ရဟန်းသာမဏေစသည့် သီတင်းသုံးဖော်ငါးဦးတို့အချင်းချင်း သပိတ်သင်္ကန်းနှင့် အခြားပရိက္ခရာတို့ကို လှည့်ပတ် ဖြားယောင်း၍ဖြစ်စေ အမြတ်ရလို၍ဖြစ်စေ ပစ္စည်းလဲလှယ်ခြင်း မပြုရဟု တားမြစ်လိုရင်းဖြစ်သည်။

ဥပဝါဒ် ဘိက္ခု နကရေယျ ကုဟိဒ္ဓိ-ပါဒ်၌ ကိထေသာ(၃)မျိုး

ရဟန်းသည် သူတစ်ပါးတို့က ကဲ့ရဲ့ဖွယ်အမှု အလုပ်ကို (၀၂) ကဲ့ရဲ့ဖွယ်စွပ်စွဲကြောင်း အကုသိုလ်ကိလေသာကို တစုံတရာ၌မျှ ဘာအလုပ်မျှ မပြုလုပ်ရ ဟူရာ၌ ကဲ့ရဲ့ဖွယ်အမှု စွပ်စွဲကြောင်း ကိလေသာသည် (၃)မျိုးရှိ၏။ (၃) မျိုးတို့ကား-

၁။ သြဠာရိက (အကြမ်းစား) ကိလေသာ - ရုန့်ရင်းကြမ်းတမ်းသော သတ်ခြင်းစသော ကာယဒုစရိုက်-သုံးပါး၊ လိမ်ညာခြင်းစသော ဝစီဒုစရိုက်လေးပါး၊ သူတစ်ပါးဥစ္စာပစ္စည်းကို ရယူလိုမှု၊ ကြံစည်ခြင်းစသော မနောဒုစရိုက် သုံးပါးအားဖြင့် ဒုစရိုက်(၁၀)ပါးတို့ဖြစ်ကြ၏။

၂။ မဇ္ဈိမ (အလတ်စား) ကိလေသာ - ကာမဂုဏ်အာရုံကိုကြံစည်ခြင်း ကာမဝိတက်၊ သူတစ်ပါးကို သေကျေစေရန်ကြံစည်ခြင်း ဗျာပါဒဝိတက်၊ သူတစ်ပါးကို ညှင်းဆဲရန်ကြံစည်ခြင်း

http://www.dhammadownload.com

ဝိဟိသာဝိတက်အားဖြင့် အကုသိုလ်ဝိတက် (၃)ပါးတို့ဖြစ်ကြ၏။

၃။ သုခုမ (အနုစား) ကိလေသာ - ဆွေမျိုးသားချင်းတို့နှင့်စပ်၍ ကြံစည်ခြင်း ဉာတိဝိတက်၊ ဇာတိရပ်ရွာ နယ်ပယ်နှင့် စပ်၍ ကြံစည်ခြင်း ဇနပဒဝိတက်၊ မသေရေး အသက်ရှည်ရေးနှင့်စပ်၍ ကြံစည်ခြင်း အမရဝိတက်၊ သူတစ်ပါးကို သနား၍ကယ်တင်နိုင်ရန် ကူညီရန် ကြံစည်ခြင်း ပရာနုဒ္ဒယတာ ပဋိသံယုတ္တဝိတက်၊ ပစ္စည်းဥစ္စာ လာဘ် လာဘ ရလိုမှု၊ ထင်ရှားကျော်ကြားလိုမှုနှင့်စပ်၍ ကြံစည်ခြင်း လာဘ သက္ကာရသိလောက ပဋိသံယုတ္တ ဝိတက်၊ မိမိအား သူတစ်ပါးတို့က အထင်မသေးစေရန်၊ အထင်ကြီးစေရန် ကြံစည်ခြင်း အနဝညတ္တိ ပဋိသံယုတ္တဝိတက်အားဖြင့် ဤကြံစည်စိတ်ကူးမှု အကုသိုလ်ဝိတက် (၆)မျိုးတို့ဖြစ်ကြ၏။

ထင်းအကြမ်းစား အလတ်စား အနုစား အကုသိုလ် ကိလေသာတို့သည် သူတစ်ပါးတို့၏ကဲ့ရဲ့စွပ်စွဲကြောင်းများ ဖြစ်ကြ၏။ ယင်း အကြမ်း၊ အလတ်၊ အနုစား ကိလေသာများကို သူတစ်ပါးတို့၏ မျက်မှောက်မှာဖြစ်စေ မျက်ကွယ်မှာဖြစ်စေ ကိုယ့်အရေးနှင့် စပ်၍ ဖြစ်စေ သူတစ်ပါးအရေးနှင့်စပ်၍ဖြစ်စေ မပြုလုပ်ရချေ၊ မကြံစည်ရပေ။

မိမိသန္တာန်၌ဖြစ်နေသော ယင်းအလတ်စား၊ အနုစား ကိလေသာကြံစည်မှုတို့ကို သူတစ်ပါးတို့ မမြင်ဘူး မသိဘူးထင်ပြီး ကြံစည်စိတ်ကူးနေလျှင်သော်မှ သူတစ်ပါး၏ စိတ်အကြံအစည်ကို သိသော နတ်တွေ၊ အဘိညာဏ်ရ တန်ခိုးရှင်ပုဂ္ဂိုလ်တွေက သိနိုင်မြင်နိုင်လေသည်။ ထို့ကြောင့် ရှောင်ကြဉ်ရ ပယ်ရှားရမည်။ ထို့အပြင် မိမိ၏အသက်-ဂုဏ်သိက္ခာကို ငဲ့ပြီးတော့လည်း ပယ်ရှားရမည်။ ၎င်း အပြင် ယင်းကိလေသာတို့သည် မကောင်းကျိုး ဆိုးကျိုးပေးတတ်သည့် အကုသိုလ်ဖြစ်ခြင်း၊ တခြား အကုသိုလ်ကံတို့၏အကြောင်း အထောက်

http://www.dhammadownload.com

အပုံဖြစ်ခြင်းတို့ကြောင့်လည်း စိတ္တာနုပဿနာ နည်းဖြင့် ချက်ချင်းသိပြီး ပယ်ရှားရမည်။

ဂါမေဓ နာဘိသင်္ခေယျ-ပါဠိနှင့် မှတ်ဖွယ်

မြို့ရွာ၌ မကပ်ငြိ မတွယ်တာရာ-ဟူသည် မြို့ထဲရပ်ထဲရွာထဲမှ မိမိအား လှူဒါန်းထောက်ပံ့နေသော ဆွမ်းဒကာ၊ ဆွမ်းအစ်မ၊ ကျောင်းဒကာ၊ ကျောင်းအစ်မ၊ ရဟန်းဒကာ၊ ရဟန်းဒါယိကာမများနှင့်စပ်ပြီး ငါ့ဒကာ ငါ့ဒကာမဟူ သံယောဇဉ်ငြိတွယ်တတ်သော ဂေဟသိတပေမခေါ် ခင်မင်ခြင်း တွယ်တာခြင်းမျိုးဖြင့် အတူတကွ ဝမ်းနည်းမှု၊ ဝမ်းသာမှုဖြစ်လျက် ခင်မင်တွယ်တာမနေရဟု ဆိုလိုသည်။ ဝိသုဒ္ဓိမဂ်လာ ကောရက္ခာကကျောင်းနေ မထေရ်ကြီး၏ တူဖြစ်သူ ရဟန်းကဲ့သို့ ကျင့်ကြံနေထိုင်ရမည်ဟု ဆိုလိုသည်။

(ဝတ္ထုအကျယ်ကို ဝိသုဒ္ဓိမဂ်+၁၊ ၈၈-၌ ရှုပါ)

ထာဘာကမျာ ဇနံ နထပယေယျ-ပါဠိနှင့် မှတ်ဖွယ်

လာဘ်လာဘကို မျှော်ကိုးရလိုသဖြင့် ဒကာ ဒကာမကို မြှောက်ပင့်ကာ နှိမ့်ချကာ မပြောဆိုရာ ဟူသည်၌ ပြောဆိုနည်း (၂)မျိုးကား-

၁။ သင်တို့ဟာ ငါ့အဖို့ ကျေးဇူးသိပ်များတယ်၊ သင်တို့ကြောင့် ပစ္စည်းလေးပါး ဘာမှမပူရဘူး၊ အားလုံးပြည့် စုံတယ်၊ သင်တို့မျက်နှာနဲ့ တချို့ကလည်း ငါ့ကိုလှူကြတယ်-ဟု မိမိကိုယ်ကို နှိမ့်ချပြီး ဒကာ ဒကာမတွေကို မြှောက်ပင့်ပြောဆိုခြင်း

၂။ ငါဟာ သင်တို့အတွက် ကျေးဇူးများပါတယ်၊ ငါ့အကြောင်း ပြုပြီး သင်တို့ ရတနာသုံးပါး ဆည်းကပ်ကြတဲ့ သရဏဂုံတည်သူ ငါးပါး သီလ လုံခြုံသူတွေဖြစ်ကြတယ်၊ ငါသင်ပေးလို့ သင်တို့ ဘုရားရှိခိုး တတ်ကြတယ်၊ တရားအားထုတ်ရမှန်း သိကြတယ် - စသဖြင့် မိမိကိုယ်ကို မြှင့်တင်ပြီး ဒကာ ဒကာမတို့ကို နှိမ့်ချပြောဆိုခြင်း၊ လာဘ်

http://www.dhammadownload.com

လာဘကို မျှော်ကိုးပြီး ဟန်ပန်ဆောင်၍ လာဘ်ရအောင် ယင်းသို့သော ပြောဆိုခြင်း၊ ဟောပြောခြင်း (၂)မျိုးတို့ကို မပြောဆိုထိုက်ပေ။

(မဟာနိဒ္ဒေသ - ၃၀၃)

ရိုးရိုးသားသား မဟုတ်ဘဲ ပြောဆိုတာကို ဆိုလိုသည်။ ရိုးသားစွာ သဒ္ဓါမေတ္တာ ကရုဏာဖြင့် သဒ္ဓါတရား ပွားစေရန် ကုသိုလ် ပွားစေရန် ကျင့်သင့်တဲ့တရားကို ကျင့်စေရန်အတွက်မူ ခြိုးမွမ်းပြီးဖြစ်စေ နှိမ့်ချပြီးဖြစ်စေ ပြောဆိုခြင်းမှာမူ အပြစ်မရှိပေ။ ပြောသင့်သော စကားဖြစ်သည်။

(မဟာစည်ဆရာတော်)

ကယဝိက္ကယေ စသော ဤကါထာဖြင့် ရဟန်းသည်

၁။ ရောင်းမှုဝယ်မှုကို မပြုရခြင်း။

၂။ သူတစ်ပါးတို့ ကဲ့ရဲ့စွပ်စွဲဖွယ် အကုသိုလ်ကံလေသာတို့ကို တစုံတခုသော အကြောင်းကြောင့်မျှ မပြုလုပ်ရ- မပြောဆိုရ မကြံစည်ရခြင်း။

၃။ မြို့ရွာဒကာ ဒကာမတို့အပေါ်၌ ကပ်ငြိတွယ်တာမှု မပြုရခြင်း။

၄။ လာဘ်လာဘကို မျှော်ကိုးပြီး လာဘ်ရအောင် ဒကာ ဒကာမကို မြှောက်ပင့်နှိမ့်ချလျှက် သွေးဆောင် မပြောရ ဟူသော အချက်တို့ကို ပြသည်။

-လက်-

အရောင်းအဝယ် စွပ်စွဲဖွယ်၊ ငြိတွယ်ရွှာ၌ မပြုရာ။
လာဘ်ရစေရန် စိတ်ရည်သန်၊ ဟန်ပန်ဆောင်၍မပြောရာ။

http://www.dhammadownload.com

၁၆။ နဒီကတ္ထိတာ-ဂါထာ

(၁၆) နဒီ ကတ္ထိတာ သိယာ ဘိက္ခု။
နဒီ ဝါစံ ပယုတ္တံ ဘာသေယျ။
ပါဂင်္ဂိယံ နု သိက္ခေယျ၊
ကထံ ဝိဂ္ဂါဟိကံ နု ကထယေယျ။

(၁၆) ရဟန်းသည် ဝါကြွားတတ်သူ မဖြစ်ရာ၊ (သက်နှံးစသော ပစ္စည်းရရေးနှင့်)စပ်သော စကားကို မပြောဆိုရာ၊ (ကိုယ်နှုတ်စိတ်) ကြမ်းတမ်းရိုင်းစိုင်းမှုကို မပြုကျင့်ရာ၊ ငြင်းခုံသော စကားကို မပြောဆိုရာ။

နဒီ ဝါစံ ပယုတ္တံ ဘာသေယျဉ္စ ပစ္စည်းထေးပါး ရရေးနှင့်စပ်သော ပယုတ္တဝါစာ (၃)မျိုး

၁။ ယခုနေအခါမှာ သက်နှံးကရွားတယ်၊ စျေးကြီးတယ်၊ ဒီကျောင်းက ရဟန်းများမှာ သက်နှံးမပြည့်စုံဘူး၊ ဆွမ်းခံ အဝေးကြီးသွားရတယ်၊ ရပြန်တော့လည်း အည့်စား ထမင်းဟင်းပဲ စသည်ဖြင့် သက်နှံး၊ ဆွမ်း၊ ကျောင်း၊ ဆေး အားဖြင့် ပစ္စည်းလေးပါးရရေးနှင့်စပ်၍ ပယုတ္တဝါစာ စကားကို မပြောကြားရပေ။

၂။ ပစ္စည်းလေးပါးရအောင် အမှုန်ပြောခြင်း၊ ကြံဖန်ပြီး လိမ်ညာပြောခြင်း၊ ကုန်းချောခြင်း၊ ဆဲဆိုကြိမ်းမောင်း ခြင်း၊ ဒက္ခာရိပုံပြင် ဝတ္ထုတို့ကို ပြောဆိုရေးသားခြင်းဟူသော ပယုတ္တဝါစာစကားကိုလည်း မပြောဆိုရပေ။

၃။ တရားကို ကြည်လင်သောစိတ်ဖြင့် ရိုးရိုးဟာလျှင်သော်မှ ငါဟောသည့်တရားကို နာယူကြပြီး ဓမ္မပူဇာ အနေဖြင့် ငါအား လှူဒါန်းကြလျှင် ကောင်းလေစွဉ့်ဟု မိမိအား လှူဒါန်းကြအောင် ရည်ရွယ်ချက်ဖြင့် ဟောပြောပို့ချသော ပယုတ္တဝါစာ တရားစကားကိုလည်း မဟောပြောရပေ။ (မဟာနိဒ္ဒေသ-၃၀၅)

http://www.dhammadownload.com

ပါဂရိယံ နာသီကေသု ပါဠိဒ္ဓံ ကြမ်းကြုတ်ခြင်း။ ပါဂရိယ(၃)မျိုး

အမူအယာ အသွင်အပြင် အနေအထိုင် အပြောအဆို ကြံစည်မှုအားဖြင့် ကြမ်းတမ်းခြင်း၊ ကြမ်းကြုတ်ခက်မာခြင်း၊ ရိုင်းစိုင်းခြင်းကို ပါဂဇ္ဈိယ ဟု ခေါ်သည်။ ပါဂဇ္ဈိယသည် (၃)မျိုးရှိရာ (၃)မျိုးတို့ကား-

၁။ ကာယိက ပါဂဇ္ဈိယ- ကိုယ်အမူအရာအားဖြင့် ကြမ်းတမ်းရိုင်းစိုင်းခြင်း။

၂။ ဝါစသိက ပါဂဇ္ဈိယ-နှုတ်စကားပြောဆိုမှုဖြင့် ကြမ်းတမ်းရိုင်းစိုင်းခြင်း

၃။ စေတသိက ပါဂဇ္ဈိယ- စိတ်ကြံစည်မှုအားဖြင့် ကြမ်းတမ်း ရိုင်းစိုင်းခြင်းတို့ဖြစ်သည်။

ယင်းကိုယ်ကြမ်း၊ နှုတ်ကြမ်း၊ စိတ်ကြမ်း တို့ကို မပြုလုပ်ရ၊ မပြောဆိုရ၊ မကြံစည်ရပေ။

ကထံဝိဂ္ဂါဟိကံ နကထယေယျဒ္ဓံ ငြင်းခုံစကား မပြောကြားရခြင်း အကြောင်းမှာ -

ငြင်းခုံစကားကို ပြောဆိုလျှင် စကားများစွာကို ပြောဆိုရတော့၏။ စကားများစွာ ပြောဆိုရလျှင် စိတ်ပျံ့လွင့်ခြင်း ဥဒ္ဓစ္စဖြစ်၏။ စိတ်ပျံ့လွင့်သူအား ကိုယ်နုတ်စိတ်တို့ကို စောင့်စည်းမှု သံဝရမှ ကင်းလွတ် သွားတော့၏။ ကိုယ်နုတ်စိတ်တို့ကို မစောင့်စည်းသူ၏ စိတ်သည် တည်ငြိမ်မှု သမာဓိမှ ဝေးကွာသွားသောကြောင့်ဖြစ်သည်။

(မဟာနိဒ္ဒေသ-၃၀၈)

နစကတ္ထိတာ စသော ဤဂါထာဖြင့် ရဟန်းသည်

၁။ မိမိကိုယ်ကို မိမိချီးကျူးခြင်း၊ ဂုဏ်ဖော်ခြင်း၊ ပိုပိုသာသာ ကြွားဝါပြောဆိုမှု မပြုရခြင်း၊

၂။ ပစ္စည်လေးပါးရရှိရေးနှင့်စပ်သော ပယုတ္တဝါစာစကားကို မပြောဆိုရခြင်း၊

http://www.dhammadownload.com

၃။ ကိုယ်ကြမ်း၊ နှုတ်ကြမ်း၊ စိတ်ကြမ်းဖြင့် မဆိုးသွမ်းရခြင်း၊
၄။ ဆန့်ကျင်ဘက်ငြင်းခုံစကား မပြောကြားရခြင်းဟူသော အချက်တို့ကို ပြသည်။
(ထက်ဘ) ဝါကြွား ကိုယ်ကြမ်း နှုတ်စိတ်ရမ်း၊ ဆိုးသွမ်းငြင်းခုံမပြုရာ။



(၁၇) မောသဝဒေ္ဓ-ဂါထာ

(၁၇) မောသဝဒ္ဓေ နု နိယေထ၊
သမ္မဇ္ဈာနော သဗ္ဗာနိ နု ကယိရာ။
အထ ဇိဝိတေန ပညာယ၊
သီလဗ္ဗတေန နာညမတိမညေ။

(၁၇) ဆင်ခြင်ဉာဏ် သမ္မဇ္ဈိရှိသူသည် မုသားစကားကို မပြော ဆိုရာ၊ စဉ်းလဲခြင်းတို့ကိုလည်း မပြုရာ၊ ခေါင်းပါးသော အသက်မွေးခြင်းဖြင့်လည်းကောင်း ပညာဖြင့်လည်းကောင်း စောင့်ထိန်းမှု 'သီလ' ဓုတင်ဆောက်တည်မှု 'ဝတ'ဖြင့် လည်းကောင်း အခြားသူတို့ကို မထေမဲ့မြင် မပြုရာ။

သမ္မဇ္ဈာနော သဗ္ဗာနိ နုကယိရာ-၌ မှတ်ဖွယ်

မိမိမှာ မရှိသည့်ဂုဏ်ကို ရှိသယောင်ဟန်ဆောင်၍ ကောက်ကျစ်စဉ်းလဲသော ပြောဆိုမှုကို သာဒ္ဓေယျ- ဟုခေါ်သည်၊ မိမိမှာရှိသည့် စာမတတ်ခြင်း အနေအထိုင်ညံ့ခြင်း တည်ကြည်မှု သမာဓိ မရှိခြင်းစသောအပြစ်တို့ကို ဖုံးဖိ ထားခြင်းသည်ကား မာယာမည်၏၊ မာယာ သာဒ္ဓေယျဟုတွဲပြီး ခေါ်ဝေါ်ပြောဆိုရာ၌ မာယာကို ပယ်ရှားရန် အမှတ်(၁၂) ဂါထာတွင် "တန္ဒီ မာယံ ဟသံ ခိဍ္ဍံ"ဟုဟောခဲ့ပြီးဖြစ်သည်၊ ထို့ကြောင့် ဤဌာနတွင်မဟောတော့ပဲ သာဒ္ဓေယျကို ပယ်ရှားရန်ကိုသာ ဟောခြင်းဖြစ်သည်။

http://www.dhammadownload.com

မောသဝဒွေ-စသော ဤကိစ္စတြင့် ရဟန်းသည်-

၁။ မဟုတ်မမှန် လိမ်ညာစကား မုသာဝါဒကို မပြောဆို၍၊
၂။ မိမိမှာမရှိမှန်းသိပါလျက် ရှိလေယောင်ဟန်ဆောင်၍ ကောက်ကျစ် စဉ်းလဲသော ပြောဆိုမှုကို မပြု၍၊
၃။ ခေါင်းပါးခြိုးခြံစွာ အသက်မွေးမှုဖြင့် မွန်မြတ်သော အသက်မွေးမှုရှိသူကို မထီမဲ့မြင် မပြောဆို၍၊ မွန်မြတ်သော အသက်မွေးမှုဖြင့် ခြိုးခြံဆင်းရဲစွာ အသက်မွေးသူကိုလည်း ရွဲးဘုန်းရွဲးကံမပါ၍ ဆင်းရဲစွာ အသက်မွေးနေရ၏ဟု မထီမဲ့မြင် မပြောဆို၍၊
၄။ မိမိက ပညာဂုဏ်ရှိသူဖြစ်လျှင် ပညာမဲ့သူကို မကဲ့ရဲ့ရ။
၅။ မိမိက သီလရှိသူဖြစ်လျှင် ဒုဿီလပုဂ္ဂိုလ်ကို မကဲ့ရဲ့ရ၊
၆။ မိမိက ဓုတင်ကျင့်သူဖြစ်လျှင် ဓုတင်မကျင့်သူကို မကဲ့ရဲ့ရ မထီမဲ့မြင် မပြုရ-ဟူသောအချက်တို့ကိုပြသည်။

(ထက်ဘ) ကောက်ကျစ် ကင်းပ မလိမ်ရ၊ နှိမ်ချ အထင်မသေးရာ။

(၁၈) သုတ္တာ ရှုသိတော-ဂါထာ

(၁၈) သုတ္တာ ရှုသိတော ဗဟုံ ဝါစံ၊
သမဏာနံ ဝါ ပုထုဇနာနံ။
ဖရုသေန နေ နံ ပဋိဝဒ္ဓေ၊
နံ ဟိ သန္တော ပဋိသေနိ'ကရောန္တိ။

(၁၈) ပရိဋိဒ္ဓ ရဟန်းတို့၏လည်းကောင်း မျှားစွာသော သူတို့၏ လည်းကောင်း မျှားစွာသော ကဲ့ရဲ့စွပ်စွဲစကားကို ကြားရသည်ရှိသော် သူတပါးတို့ စွပ်စွဲကဲ့ရဲ့ခံရသောရဟန်းသည် ထိုသူတို့ကို ကြမ်းကြုတ်သော စကားဖြင့် တုံ့ပြန်မပြောဆိုရာ၊ မှန်၏-သူတော်ကောင်းတို့သည် ရန်တုံ့မှုခြင်းကို မပြုကြကုန်။

http://www.dhammadownload.com

သမဏဆာနံဝါ ပုထုဇနာနံ-ဦး မှတ်ဖွယ်

ဤဂါထာတွင် သမဏာနံဟုရှိသော်လည်း ဗုဒ္ဓသာသနာဝင် ရဟန်းများကို ဆိုလိုသည်မဟုတ်၊ ဗုဒ္ဓသာသနာ အပြင်ပက ရသေ့ ပရိဗိုဇ် ရဟန်းများကို ရည်ရွယ်၍ သမဏာနံ-ဟု ဟောတော်မူခြင်း ဖြစ်သည်။

ရဟန်းဟူသည် တရဲတခါ၌ သူတပါးတို့၏ ကဲ့ရဲ့စွပ်စွဲဆဲရေးခြင်းကို ခံရတတ်၏၊ ထိုအခါဆဲရေးသူကို တုံ့ပြန်၍ မဆဲရေးရ၊ စွပ်စွဲကဲ့ရဲ့သူကို အတုံ့ပြန်၍ မစွပ်စွဲမကဲ့ရဲရ၊ ချုပ်ချယ်သူကို အတုံ့ပြန်၍ မချုပ်ချယ်ရ၊ ငြင်းခုံစကားပြောကြားသူကို အတုံ့ပြန်. မငြင်းခုံရ၊ ရုန့်ရင်းကြမ်းတမ်းသောစကားဖြင့် မချေပပဲ သိမ်မွေ့နူးညံ့သောစကားဖြင့် ချေပသင့်သောအရာ၌ ပြောဆိုချေပရမည်။

နဟိ သန္တော ပဋိသေနိ ကရောန္တိ-ပါဠိဖြင့် တုံ့ပြန်၍ ပြောဆိုချေပမှု မပြုရခြင်း၏ အကြောင်းကို ပြသည်၊ ကိလေသာငြိမ်းပြီးသား သူတော်စင်ပုဂ္ဂိုလ်များသည် တုံ့ပြန်တိုက်ခိုက်ခြင်း ချေပခြင်း ထုံးစံ မရှိသောကြောင့်တည်းဟု ဆိုလိုသည်၊ ဤဂါထာဖြင့် သူတပါး တို့၏ ကဲ့ရဲ့စွပ်စွဲဆဲရေးမှုကို ခံရသော်လည်း အကြမ်းပတမ်း မချေပသင့်ကြောင်းကို ပြသည်။

(ထက်ံ) စွပ်စွဲခံရ ကြားလတ်က၊ ချေပ ကြမ်းကြုတ် မပြုရာ။
ကိလေငြိမ်းလျှင် တုံ့ပြန်ချင်၊ စိတ်ပင်မဖြစ် ငြိမ်းသည်သာ။

http://www.dhammadownload.com

၁၉။ ဇတ္ဌ ဓမ္မမညာယ-ဂါထာ

(၁၉) ဇတ္ဌ ဓမ္မမညာယ၊
ဝိစိန် ဘိက္ခု သဒါ သတော သိက္ခေ။
သန္တိတိ နိဗ္ဗုတိ ဥတ္တာ၊
သာသနေ ဂေါတမဿ နု ပမဇ္ဇေယျ။

(၁၉) ထိုဟောပြခဲ့ပြီးသော သီလ သမာဓိ ပညာကျင့်စဉ်တရားကို နားလည်သဘောပေါက်၍ ရဟန်းသည် သဒ္ဓါရတရား တို့ကို အနိစ္စ ဒုက္ခ အနတ္တ အသုဘဟူ၍ စူးစမ်းဆင်ခြင်ရှုမှတ်လျက် အခါခပ်သိမ်း ဖြစ်တိုင်းသောရုပ်နာမ်ကို အမှတ်ရမူ သတိနှင့် ပြည့်စုံသည်ဖြစ်လျက် ကျင့်ရာ၏။ (ရာဂစသည်တို့)ငြိမ်းအေးရာ သဘော တရားကို 'သန္တိသုခ နိဗ္ဗာန' ဓာတ်ဟု သိ၍ ဂေါတမန္ဒယ်ဖွား မြတ်စွာဘုရား၏ သာသနာတော်၌ မမေ့လျော့ရာ။

ဇတ္ဌ ဓမ္မမညာယ-ဟူသော၌ဂါထာဖြင့် ဟောကြား ဖော်ပြခဲ့ပြီးသော ကျင့်စဉ်အတိုင်း သိက္ခာသုံးပါး အကျင့်တရားကို ကျင့်သုံးအားထုတ်နည်း အကျဉ်းချုပ်နှင့် ကျင့်သုံးအားထုတ်သွားရန် ညွှန်ကြားတိုက်တွန်းပုံကိုပြသည်။

ဂါထာတွင် ဇတ္ဌ ဓမ္မမညာယ-စသော ရှေးနှစ်ပါဒဖြင့် ကျင့်သုံးအားထုတ်နည်း အကျဉ်းချုပ်ကိုပြသည်၊ သန္တိတိ နိဗ္ဗုတိ ဥတ္တာ-စသော နောက်နှစ်ပါဒဖြင့်ကား တရားကျင့်သုံးအားထုတ်ရန် ညွှန်ကြားတိုက်တွန်းပုံကိုပြသည်။

ကျင့်သုံးအားထုတ်နည်း အကျဉ်းချုပ်ကား

၁။ ဇတ္ဌ ဓမ္မမညာယ-ပါဠိအရ ရှေ့၌ဟောကြားဖော်ပြခဲ့ပြီးသော ရှောင်ရှားပယ်ရှားရမည့် အကုသိုလ်တရား၊ ဆောင်ထား ပြုကျင့်ရမည့် ကုသိုလ်တရာတို့ကို သိနားလည်ထားပြီး ဖြစ်ရမည်၊ ထို့အပြင်

http://www.dhammadownload.com

၁။ သီလတို့၌ ကောင်းစွာ ဖြည့်ကျင့်ရခြင်း၊ ၂။ မျက်စိစသော ဣန္ဒေခြောက်ပါးတို့၌ လုံခြုံစွာ စောင့်ရှောက် ရခြင်း၊ ၃။ အစား အစာဘောဇဉ်၌ အတိုင်းအတာပမာဏကို သိရခြင်း၊ ၄။ နိုးကြား တက်ကြွစွာ တရားအား ထုတ်ရခြင်း၊ ၅။ သတိသမ္ပဇဉ်ဉာဏ်ဖြင့် ဆင်ခြင်ပြောဆိုပြုလုပ်ရခြင်း ဟူသောတရား(၅)ပါး

သတိပဋ္ဌာန်(၄)ပါး၊ သမ္မပ္ပဓာန်(၄)ပါး၊ ဣဒ္ဓိပါဒ်(၄)ပါး၊ ဣန္ဒေ(၅)ပါး၊ ဗိုလ်(၅)ပါး၊ ဗောဇ္ဈင်(၇)ပါး၊ မဂ္ဂင်(၈)ပါး ဟုဆိုအပ်သော ဗောဓိပက္ခိယတရားများ၊ နိဗ္ဗာန်နှင့် နိဗ္ဗာန် ရောက်ကြောင်းကျင့်စဉ် တရားတို့ကို သိနားလည်ထားပြီးသားဖြစ်ရမည်၊

၂။ ဝိစိနံ ဘိက္ခု-ပါဌ်အရ ဝိဿနာဉာဏ်ဖြင့် တေဘူမက ရုပ်,နာမ်, ဓမ္မ သင်္ခါရတရားတို့ကို အနိစ္စလက္ခဏ ,ဒုက္ခလက္ခဏာ, အနတ္တ လက္ခဏာသို့ တင်၍ အနိစ္စ,ဒုက္ခ,အနတ္တ,အသုဘ-ဟု စူးစမ်းဆင်ခြင် ရှုမှတ်ရမည်၊

၃။ သဒါ သတော သိက္ခေ-ပါဌ်အရ နေရောညပါ အခါခပ်သိမ်း ဖြစ်တိုင်း ပေါ်တိုင်းသော ရုပ်နာမ်ကို အမှတ်ရ ရှုမှတ်လျက် သတိစွဲစွဲ မြဲမြဲဖြင့် ကျင့်ရမည်။

သာသနေ ဂေါတမဿ နပမဇ္ဇေယျ-၌ မှတ်ဖွယ်

အရိယမဂ်ဖြင့် ရာဂ,ဒေါသစသော ကိလေသာအပူများ အပြီးသတ် လုံးဝငြိမ်းခြင်းသည် ဂေါတမဘုရားရှင်၏ သာသနာ တော်၌သာရှိ၏ အခြားမည်သည့် ဘာသာဝါဒတို့၌မရှိချေ၊ ထို့ကြောင့် သာသနေ ဂေါတမဿ ဂေါတမဘုရားရှင်၏ အဆုံးအမသာသနာ၌ နပမဇ္ဇေယျ-မမေ့မလျော့ ကြိုးစားအားထုတ်ရမည်-ဟုညွှန်ကြားတော် မူခြင်းဖြစ်သည်။

http://www.dhammadownload.com

(ထက်ဝ) ဤတရားသိလျှင် ရှုဆင်ခြင်၊
အစဉ်မှတ်လျက် ကျင့်ရာသည်။
ကိလေသာငြိမ်းတာ သန္တိပါ၊
သိကာမမေ့ရှိရာသည်။

၂၀။ အဘိဘူ ဟိ သော-ဂါထာ
(ပကတိဘုရားရှင်၏ နိဂုံးချုပ်ဂါထာ)

(၂၀) အဘိဘူ ဟိ သော အနဘိဘူတော၊
သက္ခိဓမ္မ'မနိတိဟ 'မဒဿီ။
တဿာ ဟိ တဿ ဘဂဝတော သာသနေ၊
အပ္ပမတ္တော သဒါ နမဿ'မနုသိက္ခေတိ။

(၂၀) ထိုဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရားသည် ရူပသဒ္ဒ စသည်ဖုံဖုံ ထိုထိုအာရုံ ကာမဂုဏ်ကို လွှမ်းမိုးတော် မူနိုင်ပါပေ၏ ရူပသဒ္ဒ စသည်ဖုံဖုံ ထိုထိုအာရုံ ကာမဂုဏ်တို့၏ လွှမ်းမိုးမှုကို မခံရပါပေ၊ လောဘစသား အကုသိုလ် ကိလေသာများ၏ လွှမ်းမိုးမှုများကိုလည်း မခံရပါပေ၊ ဤသို့ဖြစ်သတတ် ဒီလိုဖြစ်သတဲ့ဟု တဆင့်စကား ကြားသိရုံမျှဖြင့် ကိစ္စမပြီးသော ကိုယ်တိုင်တွေ့ မြင်အပ်သော မဂ်ဖိုလ်နိဗ္ဗာန်တရားကိုလည်း မြင်တော်မူခဲ့ပါပြီ၊ မြင်တော်မူပြီး၍ မဂ်ဖိုလ်နိဗ္ဗာန်ရောက် ကြောင်း ကျင့်စဉ်ကောင်း ဖြစ်သော သီလသု ပရိပူရကာရိတာ၊ ဣန္ဒြေယသု ဂုတ္တဒ္ဝါရတာ၊ ဘောဇန မတ္တညုတာ၊ ဇဂရိယာနုယောဂ၊ သတိသမ္ပဇဉ်၊ သတိပဋ္ဌာန် လေးပါး၊ သမ္မပ္ပဓာန်လေးပါး ၊ ဣဒ္ဓိပါဒ်လေးပါး ဣန္ဒြေငါးပါး ဗိုလ်ငါးပါး ဗောဇ္ဈင်ခုနှစ်ပါး၊ မဂ္ဂင်ရှစ်ပါး သမထဝိပဿနာတရားကိုလည်း ဟောကြား ညွှန်ပြတော် မူပါပေ၏။

http://www.dhammadownload.com

ယင်းသို့ အာရုံဟူသမျှနှင့် ကိလေသာဟူသမျှကို အနိုင်ရ၍ မရှုံးသည့်ပြင် ကိုယ်တိုင်မျက်မှောက် တွေ့မြင် အပ်သောတရားကို အပြည့်အစုံ သိမြင်ပြီးမှ ဟောကြားသွန်ပြတော်မူသောကြောင့်ပင်လျှင် ထိုဂေါတမနွယ်ဖွား ရှင်တော်ဘုရား၏ အဆုံးအမသြဝါဒသာသနာ၌ မမေ့မလျော့ မပေါ့မဆဘဲ နေ့ရောညပါ အခါခပ်သိမ်း သမ္မာပဋိပတ် အကျင့်မြတ်ကို ကျင့်သည်၏အဖြစ်ဖြင့် ရှိခိုးကော်ရော် ပူဇော်လျက် သီလ သမာ ဓိပညာ-ဟူသော သိက္ခာသုံးဖြာကို ရိုသေစွာဖြင့် အစဉ် မပျက် ဆက်ကာဆက်ကာ လိုက်နာကျင့်သုံးရာသတည်း-ဟု ပကတိ ဘုရားရှင်က ဖြေကြားတော်မူ၏။

အာဘိဘူ ဟိ သော -စသောဂါထာဖြင့်

အမှတ်စဉ် (၁၉) ဂါထာမှ "သာသနေ ဂေါတမဿ နပမဒ္ဒယျ-ဂေါတမဘုရားရှင်၏ သာသနာ၌ မမေ့မလျော့ တရားကျင့်သုံး အားထုတ်ရမယ်"ဟူသောစကားအရ မမေ့မလျော့တရားကျင့်သုံးအားထုတ်ရခြင်း၏ အကြောင်းကိုပြသည်။

အာဘိဘူ ဟိ သော အနာဘိဘူတော-၌ မှတ်ဖွယ်

ဂေါတမနွယ်ဖွား ရှင်တော်ဘုရားသည် အဆင်းရှုပါရုံ, အသံ သဒ္ဒါရုံ, အနံ့ဂန္ဓာရုံ, အရသာရသာရုံ, အထိအတွေ့ ဖောဋ္ဌဗ္ဗာရုံ, ကြုံတွေ့မှု ဓမ္မာရုံဟူသောအာရုံခြောက်ပါး ထိုထိုကာမဂုဏ်တို့ကို လွှမ်းမိုးတော်မူနိုင်သောကြောင့်၎င်း၊ လောဘစသား အကုသိုလ် ကိလေသာတရားတို့ကို ပယ်ရှားလွှမ်းမိုးတော် မူသောကြောင့်၎င်း "အာဘိဘူ"မည်တော်မူပါပေ၏။ ရှုပသဒ္ဒ စသည်ဖုံဖုံ ထိုထိုအာရုံကာမဂုဏ်တို့၏ လွှမ်းမိုးမှုကို မခံရသောကြောင့်၎င်း, လောဘစသား အကုသိုလ် ကိလေသာများ၏ လွှမ်းမိုးမှုကိုလည်း မခံရသောကြောင့်၎င်း "အနာဘိဘူတ"မည်တော်မူပါပေ၏။

http://www.dhammadownload.com

အပွမတ္တော သဒါ နမဿ မနုသိကွေ-ပါဠိ၌ မှတ်ဖွယ်

ရူပါရုံစသော အာရုံ (၆)ပါးကို မိမိက အနိုင်ရ၍ အာရုံ (၆) ပါးက မိမိကို အရှုံးပေးရသောပုဂ္ဂိုလ်သည် ဘုရားရဟန္တာသာဖြစ်သည် ထိုတွင် ရဟန္တာပုဂ္ဂိုလ်အား မမေ့မလျော့ ကျင့်ရေးအတွက် ညွှန်ကြားတိုက်တွန်းရန် မလိုပေ၊ ထိုကြောင့် ပုထုဇဉ်ပုဂ္ဂိုလ်နှင့် သေက္ခ ပုဂ္ဂိုလ်တို့သာ မမေ့မလျော့ အမြဲတန်း သမ္မာပဋိပတ်ကို ကျင့်သည်၏ အဖြစ်ဖြင့် ရှိခိုးပူဇော်လျက် ကျင့်သုံးရန် ညွှန်ကြားတိုက်တွန်းခြင်း ဖြစ်သည်။

တုဝဋ္ဌကတစ်သုတ်ထုံးကို ခြုံငုံသုံးသပ်ချက်

ဤတုဝဋ္ဌကသုတ်ကား အရဟတ္တဖိုလ် နိဗ္ဗာန်သို့ အလျှင် အမြန်ရောက်နိုင်ကြောင်းဖြစ်သော သီလ သမာဓိ ပညာ ကျင့်စဉ် တရားတို့ကို စုံလင်စွာဟောပြထားသော ကျင့်စဉ်ပြ ဒေသနာတော် ဖြစ်သည်။ သီလ သမာဓိ ပညာကျင့်စဉ်တို့ကို ပြပုံကား ဤသို့ပါတည်း။

အမှတ် (၈) ဂါထာမှ "စက္ခူဟိ နေဝ လောလဿ" စသော ပါဋိရပ်တို့ဖြင့် မျက်စိ စက္ခုနြေ စသောဣန္ဒြေတို့ကို စောင့်စည်းရသည့် ဣန္ဒြိယသံဝရသီလကိုပြသည်။ အမှတ် (၁၀) ဂါထာမှ "အန္နာနမထော ပါနာနံ-ဆွမ်းစသည်တို့ကို သိမ်းဆည်းမထားရ"စသော စကားရပ် တို့ဖြင့် ပစ္စည်းလေးပါးကိုသုံးဆောင်မှုနဲ့စပ်သော ပစ္စယသန္နိဿိတ သီလကို ပြသည်။ အမှတ် (၁၂) ဂါထာမှ "မေထုနံ ဝိပ္ပဇဟေ သဝိဘူသံ-မေထုန်မှီဝဲမှုကို ပယ်ရမည်"ဟူသောစကားရပ်၊ အမှတ် (၁၄) ဂါထာမှ "ကောဓံ ပေသုဏိယဥ္စ ပနုဒေယျ-ကုန်းချောစကားကို ပယ်ရမည်" ဟူသောစကားရပ်၊ အမှတ် (၁၇) ဂါထာမှ "မောသဝဇ္ဇေ နနီယေထ-မုသာဝါဒစကားကို ရှောင်ကြဉ်ရမည်"ဟူသောစကားရပ်

http://www.dhammadownload.com

တို့ဖြင့်ကား ပါတိမောက္ခသံဝရသီလကို ပြသည်။ အမှတ် (၁၅) ဂါထာမှ "ဥပဝါဒံ ဘိက္ခု နကရေယျ ကုဟိဉ္စိ-ကဲ့ရဲ့စွပ်စွဲကြောင်း အကုသိုလ်ကံလေသာကို မပြုရ"ဟူသောစကားရပ်ဖြင့်မူ တိုက်ရိုက်ဖော်ပြ မထားသော ပါတိမောက္ခသံဝရသီလများကို ပြသည်။

အမှတ် (၁၇) ဂါထာမှ "အာထဗ္ဗကံ သုပိနံ လက္ခဏံ-အာဃာထဗ္ဗကာမန္တနံ ပညာစသည်တို့ကို ပယ်ရမည်" ဟူသော စကားရပ်တို့ဖြင့် အသက်မွေးဝမ်းကြောင်းစင်ကြယ်မှုနဲ့ စပ်သော အာဇီဝပါရိသုဒ္ဓိသီလကို ပြသည်၊ အမှတ် (၁၇) ဂါထာမှ "ဈာယီ အာသု-သမထဈာန် ဝိပဿနာဈာန်တို့ကို ရှုရမည်"ဟူသောစကား ရပ်ဖြင့် သမာဓိသီက္ခာကိုပြသည်။ အမှတ် (၁၉) ဂါထာမှ "ဝိစိနံ ဘိက္ခု-ရူပ်နာမ်တရားတို့ကို ဝိပဿနာဉာဏ်ဖြင့် စူးစမ်းဆင်ခြင်ရမည်"ဟူသောစကားရပ်ဖြင့် ပညာသိက္ခာကိုပြသည်။ "သာသတော သိက္ခေ-ပါဠ်ဖြင့်ကား တဖန်အကျဉ်းအားဖြင့် သိက္ခာ(၃)ပါးလုံးကို ပြသည်၊ အမှတ် (၁၁၊၁၂)ဂါထာတို့မှ "အထာသနေသု သယနေသု၊ အပ္ပသဒ္ဒေသု ဘိက္ခု ဝိဟရေယျ-အသံတိတ်ဆိတ်သည့် ကျောင်းအိပ်ရာ နေရာ၌ နေရမည်"ဟူသောစကားရပ်၊ နိဒ္ဒံ နဗဟုလိကရေယျ-အအိပ်အနေ နည်းပါးရမည်" ဟူသောစကားရပ်တို့ဖြင့်မူ သီလ သမာဓိ ပညာတို့နှင့်စပ်၍ ကျေးဇူးပြုတတ်သော အထောက်အပံ့အကူ အညီတရားများကို မှီဝဲရန်၊ အကျိုးမဲ့ ဖြစ်စေတတ်သည့်တရားများကို ပယ်ရှားရန်ကို ပြသည်။

တုဝဋ္ဋကသုတ်ကို နားကြားရပြီး ကျွတ်တန်းဝင်သော ပရိသတ်ပမာဏ

ယင်းသို့စုံလင်စွာ ပြထားသည်အတွက် နိမ္မိတရုပ်ပွားဘုရားက မေးထားသော သီလ သမာဓိကျင့်စဉ်များကို အပြည့်အစုံဟောပြခြင်း

http://www.dhammadownload.com

ပြည့်စုံသွားလေသည်၊ ဘုရားရှင်သည် ကျင့်စဉ်အပြည့်အစုံကို ဟောပြီး ဖြစ်၍ အရဟတ္တဖိုလ် အထွဋ်တပ်သဖြင့် ဤတုဝဋ္ဋကသုတ်ဒေသနာကို ပြီးဆုံးစေပါသည်၊ ဤတုဝဋ္ဋကသုတ်ကို နာကြားရပြီးသော အခါတရားနာ ပရိသတ်ထဲမှ ကုဋေတစ်သိန်းသော နတ်ပြဟ္မာတို့ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြလျက် ရဟန္တာဖြစ်သွားကြ၏။ သောတာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်သွားကြသော အရိယာနတ်ပြဟ္မာတို့ကား ဤရွေ့ ဤမျှပင်ဟူ၍ မရေတွက်နိုင်အောင် များပြောင်လှကုန်၏။ ဤအရိယာ နတ်ပြဟ္မာတို့ကား သဒ္ဓါစရိုက်အားကြီးသူ ဘုန်းကံကုသိုလ် ပါရမီထူး ရှိသူများဖြစ်ကြ၍ မဂ်ဖိုလ်နိဗ္ဗာန်တရားထူး တရားမြတ်ကို ရရှိသွားကြခြင်း ဖြစ်ပေသည်။

(ထက်ံ) နိုင်သာ နိုင်ပေ မရှုံးချေ၊
မြင်လေမျက်မှောက် တရားတော်။
ထို့ကြောင့်အမြဲ မမေ့ဘဲ၊
ရှိလည်းခိုးလျက် ကျင့်ရာသော်။
တုဝဋ္ဋကသုတ် ပါဠိတော် မှတ်ဖွယ် ပြီး၏။

http://www.dhammadownload.com

(၈)မဟာသမယအခါတော်နေ့နှင့် အသံမစဲရွတ်ဖတ်ပွဲ

၁။ နှယုန်ထပြည့် မဟာသမယအခါတော်နေ့ အစီအစဉ်များ

၁။ "နမော တဿ" သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားစတင်ရန်။

၂။ ဆရာတော်( )ထံမှ ကိုးပါးသီလ ခံယူ ဆောက်တည်ရန်။

၃။ မဟာသမယရှိခိုးဂါထာကို သင်တန်းသူ/သားတစ်ဦးက ရွတ်ဖတ် ပူဇော်ရန်။

၄။ မဟာသမယ ဆုတောင်းဂါထာကို သင်တန်းသူ/သားတစ်ဦးက ရွတ်ဖတ်ပူဇော်ရန်။

၅။ သင်တန်းသူ/သား တစ်ဦးက မဟာသမယ အခါတော်နေ့ ကျင်းပရခြင်းအကြောင်းကို လျှောက်ထားရန်။

၆။ သင်တန်းသူ/သားတစ်ဦးက မဟာသမယသမိုင်းကို လျှောက်ထား ရန်။

၇။ မဟာသမယ ဧကပိုဒ်ရတု အမွှန်းကဗျာကို (သင်တန်းသူ/သား) တစ်ဦးက ရွတ်ဖတ်ပူဇော်ရန်။

http://www.dhammadownload.com

၈။ ပရိသတ်အားလုံးတို့က မဟာသမယသုတ် ရွတ်ဖတ်ပူဇော်ကြရန်။

၉။ ပရိသတ်အားလုံးက မဟာသမယဆိုင်ရာ ရှစ်လုံးဖွဲ့ကဗျာများကို ရွတ်ဖတ်ပူဇော်ကြရန်။

၁၀။ ( )ဆရာတော်က မဟာသမယသုတ် ရွတ်ဖတ်ပူဇော် ရကျိုးတို့ကို ဟောကြားရန်။

၁၁။ ပရိသတ်အားလုံးတို့က မေတ္တာသုတ်လာ လက်ဝဖြာဖြင့် မေတ္တာပို့ရန်။

၁၂။ အမျှဝေရန်။

၁၃။ "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်၍ အခမ်း အနားပြီးဆုံးရန်။

(၂) မဟာသမယသုတ် ဘုရားရှိခိုး ဂါထာ နှင့် နိဿယ

သမယံ ယော သမယတိ၊
မဟိတော မဟာသမယော။
သမယေ ဒေဝဒေဝါနံ၊
သန္တသေ တသေ မေ နမော။

မဟိတော-သုံးတိုက်ဘုံသူ နတ်နှင့်လူတို့ ကြည်ဖြူ ဦးခိုက် ပူဇော်ထိုက်သော။ မဟာသမယော - မွန်မြတ်သောအယူ, မွန်မြတ်သောအကျင့်, အခွင့်ကောင်း, အခါကောင်း, မွန်မြတ်သော ပဋိဝေဓဉာဏ်, မွန်မြတ်သော ပါရမီစာဂ စရိယအပေါင်း အကြောင်းထူးရှိတော်မူသော။ ယော နာထော-ရှိသေလေးမြတ် ကိုးစားအပ်သည့် အကြင်နတ်မင်းသည်။ ဒေဝဒေဝါနံ-ကျွတ်ထိုက်သော နတ်ဗြဟ္မာ, မကျွတ်ထိုက်သော နတ်ဗြဟ္မာတို့၏။ သမယေ - အစည်းအဝေး၌။ သမယံ -

http://www.dhammadownload.com

သစ္စာလေးချက် လေးဉာဏ်မဂ်နှင့် ပေါင်းဖက်ယှဉ်တွဲ ကျွတ်ပွဲဝင်ရခြင်းကို။ သမယတိ - ဗုဒ္ဓဉာဏ်တော်ဖြင့် ထွင်းဖောက်၍ သိမြင်တော်မူပါပေ၏။ သန္တသ - ပူပန်မလိမ်း ငြိမ်းအေးသောစိတ် ရှိတော်မူသော။ တသ နာထသ - ရှိသေလေးမြတ်ကိုးစားအပ်သည့် ထို ဝိသုဒ္ဓိ နတ်မင်းကြီးအား။ မေ အမှာကံ - အခါတော်ပွဲ ဆင်နွှဲပြုလုပ် အကျွန်ုပ်တို့၏။ နမော - ရှိခိုးခြင်းသည်။ အတ္ထု - စင်စစ်မသွေ ဖြစ်ပါစေသတည်း။

(ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်၊ ဘဒ္ဒန္တ နန္ဒိယ မဟာထေရ်၏ မဟာသမယသုတ်များ အဖွင့်ကျမ်းမှ)

(၃) မဟာသမယသုတ် ဆုတောင်း

မဟာသမယ သမ္မန္နော၊
မဟာသမယ ဒေသကော။
မဟာသမယံ ဒေတု သော၊
မဟာသမယ အတ္ထိနော။

မဟာသမယ သမ္မန္နော-ကောင်းမွန်မြင့်မြတ် ညီညွတ်စည်းလုံးသော တပည့်သာဝကတို့နှင့် ပြည့်စုံတော်မူသော။ မဟာသမယ ဒေသကော- ကောင်းမွန်မြင့်မြတ် ညီညွတ်စည်းလုံးခြင်းငှါ အခါခပ်သိမ်း တရားဓမ္မကို ဟောပြဆုံးမတော်မူတတ်သော။ သော ဗုဒ္ဓါ-မဟာသမယ ဒေသကမည်တွင် ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ မဟာသမယ အတ္ထိနော-ကောင်းမွန်မြင့်မြတ် ညီညွတ်စည်းလုံးခြင်းကို အလိုရှိသော အကျွန်ုပ်အား (အကျွန်ုပ်တို့အား)။ မဟာသမယံ- ကောင်းမွန်မြင့်မြတ် ညီညွတ်စည်းလုံးကြောင်းနည်းလမ်းကောင်းကို။ ဒေတု- ကရုဏာထား မေတ္တာပွား၍ ပေးသနားတော်မူပါ အရှင်မြတ်ကြီး ဘုရား။ ။

http://www.dhammadownload.com

(၄)မဟာသမယအခါတော်နေ့ ကျင်းပရခြင်းအကြောင်း

နယုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အဖို့ ငြိမ်းချမ်းရေးမှတ်တိုင်ကို စိုက်ထူနိုင်သော သမိုင်းဝင် နေ့ထူးနေ့မြတ်ကြီးဖြစ်ပါသည်။ မြတ်စွာဘုရားသည် ထိုနယုန်လပြည့်နေ့၌ ကပိလဝတ်ပြည် မဟာဝုန်တောကြီးအတွင်း မဟာသမယသုတ် ဟောကြားတော်မူသည်ကို အကြောင်းပြု၍ နယုန်လပြည့်နေ့၌ မဟာသမယအခါတော်ပွဲကျင်းပရခြင်းဖြစ်ပါသည်။

နယုန်လပြည့်နေ့၏ ထူးခြားချက်များမှာ-

၁။ ရေလုပွဲကြီး ဆင်နွှဲကြသော တောင်သူလယ်သမားတို့ ငြင်းခုံခိုက်ရန် ဘေးမှ ကင်းဝေး၍ ထူးခြားခြင်း။

၂။ ကပိလဝတ်နိုင်ငံနှင့် ကောလိယနိုင်ငံအားဖြင့် နှစ်ပြည်ထောင် စစ်ခင်းတော့မည့်ဘေးအန္တရာယ်မှ ကင်းဝေးပြီး ငြိမ်းချမ်းရေးရသော နေ့ဖြစ်၍ ထူးခြားခြင်း။

၃။ နတ်ပြဟ္မာ အသုရာနှင့် ဂဠုန်၊ နဂါးများ၊ ဘုရားရှင် လက်ထက်တွင် ဤတစ်ကြိမ်သာ အများဆုံးစုရုံးမိသော နေ့ဖြစ်၍ ထူးခြားခြင်း။

၄။ ရဟန်းတော်ငါးရာလုံး ရဟန္တာချည်းဖြစ်သော နေ့ဖြစ်၍ ထူးခြားခြင်း။

၅။ နိမိတရုပ်ပွား ဘုရားကမေး၍ ပကတိဘုရားရှင်က ဖြေဆိုသည်ကို နာရသောကြောင့် ထူးခြားခြင်း။

၆။ မဟာသမယသုတ်ကို အကြောင်းပြု၍ ဂဠုန်နှင့် နဂါးတို့ ခိုက်ရန်မဖက် မေတ္တာသက်ဝင်သော နေ့ဖြစ်၍ ထူးခြားခြင်း။

၇။ သိကြားနတ်မင်းနှင့် အသူရာနတ်မင်းတို့ ခိုက်ရန်မဖက် မေတ္တာသက်ဝင်သော နေ့ဖြစ်၍ ထူခြားခြင်း။

၈။ မဟာသမယဆိုင်ရာ သုတ္တန် (၇) မျိုးကို ဟောကြားသော နေ့ဖြစ်၍ ထူးခြားခြင်း။

http://www.dhammadownload.com

၉။ နတ်ပြဟ္မာများ ကုဋေ (၇)သိန်း ရဟန္တာဖြစ်ကြပြီး မရေမတွက်နိုင်အောင် သောတာပန်, သကဒါဂါမ်, အနာဂါမ်, အရိယာများဖြစ်၍ ထူးခြားခြင်း။

ဤထူးခြားမှုများကို အာရုံပြု၍ ဗုဒ္ဓဘာသာဝင်တို့က နယုန်လပြည့်နေ့ကို မဟာသမယ အခါတော်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်ပါသည်။

❀ ❀ ❀ ❀ ❀

(၅) မဟာသမယသုတ် သမိုင်း

ရှေးအခါက အိန္ဒိနိုင်ငံတွင် ကပိလဝတ်ပြည်မှ လယ်သမားများနှင့် ကောလိယပြည်မှ လယ်သမားတို့ ရောဟိနီမြစ်မှရေကို အကြောင်းပြု၍ ရေလုပွဲကြီးဆင်နွဲခဲ့ကြဖူး၏။ လယ်သမားများကို အကြောင်းပြု၍ နှစ်ဖက်နိုင်ငံမှ မူးမတ်ဝန်ကြီးများ,မင်းညီမင်းသားများနှင့် စစ်သည်တော်များသည်လည်း ရောဟိနီမြစ်ရှိရာသို့ ရောက်ရှိလာကြ၏။ နှစ်ဖက်နိုင်ငံမှ လူအများတို့သည် တုတ်၊ မား လက်နက်ကိုင်ဆောင်၍ ထိုးခုတ်တိုက်ခိုက်တော့မည့် စစ်ပွဲ အခြေအနေသို့ ရောက်ရှိနေကြ၏။

ပဋိပက္ခဖြစ်သည့်နေရာသို့ မြတ်စွာဘုရား ရောက်ရှိလာပြီး ငြိမ်းချမ်းရေးကို ရှုးရှု၍ အောက်ပါဇာတ်တော်များကို သာဓကထုတ်၍ ငြိမ်းချမ်းရေးတရားကို ဟောကြားတော်မူလေသည်။

၁။ ဝက်ဝံနှင့် ရဂ္ဂစိုးနတ်တို့ ရန်ငြိုးဖွဲ့မှား၍ နှစ်ဦးစလုံး ပျက်စီးကြပုံကို ဖော်ပြသည့် "ဖန္ဒနဇာတ်"

၂။ မြေပြိုပါပြီဟု ထင်ကြေးဖြင့် ဟစ်အော်ထွက်ပြေးသော ယုန်တစ်ကောင်၏ ကောလဟလ စကားကို ယုံမှား၍ တိရစ္ဆာန်များ အပြေးမှားပြီး ဆင်းရဲဒုက္ခ ရောက်ကြရပုံကို ဖော်ပြသည့် "ဒုဒ္ဒုဘဇာတ် ၊ (ပထဝီဥန္ဒြိယဇာတ်)"၊

http://www.dhammadownload.com

၃။ အားသေးသော နံစုတ်ဌက်မက အားကြီးသော ဆင်ပြောင်ကြီးကို အနိုင်ယူဖူး၍ ရန်သူကို အထင်မသေး သင့်ပုံကို ဖေါ်ပြသည့် "လဋ္ဌကိကဇာတ်"၊

၄။ ညီညွတ်စဉ်ခါက ရန်သူ၏လက်မှလွတ်မြောက်သော်လည်း စိတ်ဝမ်းကွဲ၍ အချင်းချင်း မညီမညွတ်ဖြစ်လာသောအခါ ငုံးငှက်များ မုဆိုး၏ ပိုက်ကွန်၌ အမိခံရပုံကို ဖေါ်ပြသည့် "သမ္မောဒမာနဇာတ်"၊

၅။ သက်မဲ့ဖြစ်သော သစ်ပင်များပင် တစ်စုတစ်ဝေးတည်း တည်နေ၍ လေဘေး အန္တရာယ်မှ ကင်းဝေးနိုင်ပုံကို ဖေါ်ပြသည့် " ရုက္ခဓမ္မဇာတ်"၊

၆။ မိမိကိုယ်ကို ထိန်းသိမ်းဆုံးမရန် " အတ္တဒဏ္ဍ" သုတ်ကို ထုတ်ဆောင်ဟောပြ ဆုံးမတော် မူပါသည်။

အထက်ပါ သာဓက (၆) မျိုးကို နာကြားရသောအခါ နှစ်ဖက် တိုင်းပြည်မှ လယ်သမားများနှင့် မူးမတ်ဝန်ကြီးများ, မင်းညီမင်းသား စစ်သည်တော် များသည် ဒေါသမီးငြိမ်းစဲကာ လက်နက်များကို စွန့်ပယ်၍ မေတ္တာဓာတ်များ သက်ဝင်လာကြကုန်၏။ တစ်ဖက်လျှင် (၂၅၀) စီ နှစ်ပြည်ထောင် မှ မင်းသားငါးရာတို့ သာသနာ့ဘောင်သို့ ဝင်၍ ရဟန်းပြုကြကုန်၏။

ထိုရဟန်းတော်များသည် ဇနီးမယားကို အောက်မေ့တမ်းတ သတိရပြီး သာသနာ့ဘောင်၌ မပျော်မွေ့နိုင်ဘဲ ရှိကြရာ မြတ်စွာဘုရားက ဟိမဝန္တာတောအတွင်း ကုဏ္ဍာလရေအိုင် သို့ တန်ခိုးတော် ဖြင့် ခေါ်ဆောင်၍ ကုဏ္ဍာလ ငှက်မင်း၏ ဇာတ်ကြောင်း,ဇာတ်တော်ကို ဟောပြောတော်မူပါသည်။ တရားတော်အဆုံး၌ ရဟန်းငါးရာလုံး သောတာပန်ဖြစ်တော်မူကြပါသည်။

http://www.dhammadownload.com

မြတ်စွာဘုရားသည် ကုဏ္ဍာလရေအိုင်မှ ကပိလဝတ်ပြည် အနီး မဟာဝုန်တောကြီးသို့ ပြန်လည်ကြွတော်မူရာ အပြန်ခရီးတွင် သောတာပန်ရဟန်း ငါးရာလုံး မိမိတို့၏ တန်ခိုးတော်ဖြင့် လိုက်ပါလာကြကုန်၏။ ထိုမဟာဝုန်တောကြီး၌ တရားတော်ကို ဆက်လက်အား ထုတ်ရာ ရဟန်း တော်အားလုံး ရဟန္တာချည်းဖြစ်တော်မူကြပါသည်။

ရဟန္တာ ရဟန်းငါးရာတို့သည် မိမိတို့ရရှိပြီးသော တရားထူးကို လျှောက်ထားရန် မြတ်စွာဘုရားကို ဖူးမြော်ရန် နယုန်လပြည့်နေ့ ညချမ်းအချိန်တွင် မြတ်စွာဘုရားအထံသို့ စုရုံးရောက်ရှိလာကြ ကုန်၏။ ဤကဲ့သို့ ထူးခြားသော သံဃာ့အစည်းအဝေးကြီးကို တွေ့မြင် ကြည်ညိုလိုကြကုန်သော နတ်ပြဟ္မာ အသုရာနှင့် ဂဠုန်၊ နဂါးတို့သည် မဟာဝုန်တောကြီးသို့ မျိုးနွယ်အုပ်စုလိုက် စုရုံးရောက်ရှိ ကြကုန်၏။

ဘုရားရှင်လက်ထက်တော်အခါက နယုန်လပြည့်နေ့တွင် ဤကဲ့သို့ နတ်ပြဟ္မာများ စုရုံးစည်းဝေးမိသောအချိန်ကို မဟာသမယ ဟုခေါ်ဆိုပါသည်။ ထိုနတ်သဘင်အစည်းအဝေးကြီး၌ အမည်နာမ အမျိုးမျိုးကို ထုတ်ဖော်မြွတ်ကြွားနှုတ်ခွန်းဆက်သောအားဖြင့် မိန့် ကြားသောစကားတော်များကို မဟာသမယသုတ်ဟု ခေါ်ဆိုရပါသည်။

မဟာသမယသုတ်တော်ကြီးကို ဟောကြားပြီးနောက် စရိုက် (၆)ပါးအား လျှော်စွာ အောက်ပါ သုတ်တော်များကို ဆက်လက် ဟောကြားတော်မူပါသည်။

၁။ ရာဂစရိုက် အားကြီးသူတို့အတွက် သမ္မာပရိဇ္ဇာဇနီယသုတ်၊
၂။ ပညာစရိုက် အားကြီးသူတို့အတွက် ပုရာဘေဒသုတ်၊
၃။ ဒေါသစရိုက် အားကြီးသူတို့အတွက် ကလဟဝိဝါဒသုတ်၊
၄။ ဝိတက်စရိုက် အားကြီးသူတို့အတွက် စူဠဗျူဟသုတ်၊
၅။ မောဟစရိုက် အားကြီးသူတို့အတွက် မဟာဗျူဟသုတ်၊

http://www.dhammadownload.com

၆။ သဒ္ဓါစရိုက် အားကြီးသူတို့အတွက် တုဝဋ္ဌကသုတ် တို့ကို ဟောကြားတော်မူရာ နတ်ပြဟ္မာပေါင်း ကုဋေတစ်သိန်းစီ ကျွတ်တမ်းဝင်ကြလေသည်။

ဤမဟာသမယသုတ်ကို အစဉ်အမြဲ ရွတ်ဖတ်နေပါက နတ်များ၏ ချစ်ခင်မှုကို ခံရကြောင်း၊ အိမ်သစ်၊ တိုက်သစ်၊ နေရာသစ်တို့၌ မင်္ဂလာယူလိုသော ပုဂ္ဂိုလ်တို့သည် ဤမဟာသမယသုတ်ကို ရွတ်ဆို ဖတ်ကြားသင့်ကြောင်း အဋ္ဌကထာဆရာက ပြဆိုထားပါသည်။ ဤကား မဟာသမယသုတ် သမိုင်းအကျဉ်းချုပ်ဖြစ်ပါသည်။

(၆) မဟာသမယသုတ် အမွှန်း ကေပိဒ်ရတု

လျှောက်ထားပါမည်၊ ရွှေနားကြည်လေ့၊ နေပြည်ဌာန၊ ကပိလဟု၊ သာစွရဂုံ၊ မဟာဝုန်၌၊ များတုံငါးရာ၊ ရဟန္တာတို့၊ ညီညာဆင်နွဲ၊ ကျွတ်ဆုပွဲတွင်၊ အားခဲရောက်လာ၊ နတ်ပြဟ္မာနှင့်၊ အသုရာစုံ၊ ဂဠုန်နဂါး၊ မေတ္တာပွား၍၊ အမှားမပြု၊ တရားရှုသော်၊ သုံးလူထွတ်ထား၊ မြတ်ဘုရားက၊ သိကြားပြဟ္မာ၊ ဒေဝါသုရ၊ ဂရုဠနှင့်၊ နာဂအစုံ၊ အကုန်မကြွင်း၊ အမည်ရင်းကို၊ ရှင်းလင်း ပြတ်သား၊ ထုတ်ဖော်ကြားသော်၊ အများသူငါ၊ နတ်ဒေဝါတို့၊ ဝမ်းသာရွှင်ပြုံး၊ ပီတိဖုံး၏၊ စုရုံးလာကြ၊ သမယ၌၊ ဓမ္မအမွေ၊ ကုဋေတစ်သိန်း၊ ကျွတ်ဆုငြိမ်း၏၊ ခပ်သိမ်းသတ္တဝါ၊ ရောဂါလည်းပျောက်၊ ချမ်းသာရောက်လျက်၊ ထွန်းတောက် စည်းစိမ်၊ နေအိမ်ကျက်သရေ၊ တက်နေအလား၊ လွန်တိုးပွား၏၊ ဉာဏ်အား ထက်မြက်၊ အသက်ရှည်ရေး၊ နတ်ချစ်ဆေးဟု၊ မည်ပေးခေါ်ကြ၊ သမယဟု၊ ဗုဒ္ဓမန္တန်၊ ဤသုတ္တန်ကို၊ ထုတ်ပြန်ခုခါ၊ ရွှတ်ချိန်သာပြီ၊ သေချာမယ်တို့၊ ရွှတ်ပါစို့။ (သေချာမောင်တို့ ရွှတ်ပါစို့)။

http://www.dhammadownload.com

(၇) မဟာသမယသုတ်ပါဠိတော်
ဆရာတော် ဦးဝုဓ၏ အမှုန်းဂါထာများ နိဿယ

၁။ ဟိမဝန္တ စရာ ဂန္ဒာ၊ ကပိလမ္ပိ ဝနေ ဝသံ။
သုသုနာဂ ပူရက္ခာရော၊ မုဂ္ဂတေ ဇေဋ္ဌ ပုဏ္ဏမေ။

ဟိမဝန္တ စရာ၊ ဆီးရှိဆောင်းခါ နွေမှာချိုးအံ့ ဟိမဝန္တ ဒေသစာရီ ကြွချိတော်မူရာမှ၊ အာဂန္ဓာ - ဘိညာဉ် စွမ်းခွင် ဝေဟင်လမ်းမှ ပျံသန်းကြွချိတော် မူခဲ့၍။ ကပိလမ္ပိဝနေ-ကပိလဝတ်တုလွတ်ပွါးစည် မင်းနေပြည်၏အနီး မဟာဝုန် တောကြီးအတွင်း၌၊ သုသုနာဂ ပုရက္ခာရော-သာကီဝင်နွယ်, နုနယ်ပျိုမြစ်, အသစ် ၅၀၀, ရဟန္တာတို့၊ တာရာယုက်စုံ ဆန်းလပုံသို့ ဝင်းချုပတ်ခြံရံ အပ်သည် ဖြစ်၍၊ ဝသံ ဝသန္တော-တရားရွှေစည်, ဆော်ရွန်းမည်ဟု နွှင်ကြည် နှလုံး သိတင်းသုံး ထိုင်နေတော်မူသော မြတ်စွာဘုရားသည်။ ဇေဋ္ဌပုဏ္ဏမေ-ဇေဋ္ဌနက္ခတ် စန်းမြတ် ကြိုက်ကြုံ နယုန်လပြည့်နေ့၌၊ မုဂ္ဂတေ-အရှေ့လောကဓာတ် ဥဒိအချက်မှ လဝန်းတက်လတ်သည် ရှိသော်၊

၂။ စက္ကဝါဠ ပရိစ္ဆေဒံ၊ ဘူမျာ ပဌမ စျာနိကံ။
ဒသ သဋ္ဌိပိ ဝါဠဂ္ဂေ၊ နိဃိန္နေ နိမိ့တေ ဌိတေ။

စက္ကဝါဠ ပရိစ္ဆေဒံ - စကြာဝဠာတိုက် အနားရေးကို အပိုင်းအခြားပြု၍၊ ဘူမျာပဌမစျာနိကံ-မြေအပြင်မှ ဝေဟင်မိုးယံ ပဌမစျာန်ဘုံသို့တိုင်ရောက်အောင်၊ ဝါဠဂ္ဂေ-သားမြီးဖြား တစ်ထောက် ဖြင့် ထိုးဆွလောက်ရုံသောအရပ်၌။

ဒသ သဋ္ဌိပိ-ဣဒ္ဓိပါဒ်စိတ် တန်ခိုးဟိတ်ဖြင့် တကျိပ်ကစ ၂-ကျိပ်၊ ၃-ကျိပ်၊ ၄-ကျိပ်၊ ၅-ကျိပ်၊ ၆-ကျိပ် အစုတို့ကျအောင်။ နိသိန္နေ-ဂဠုန်နဂါး, နတ်များပြဟ္မာ အသုရာတို့ ညီညာတပြေး စည်းဝေးလတ်သည်ရှိသော်၊ နိမိ့တေ ဌဒ္ဓေ-နိမိ့တရုပ်ပွား ဘုရား ကိုယ်တော်မြတ်

http://www.dhammadownload.com

သည်။ ဌိတေ-သတ္တဝါတို့ နတ်ပြဟ္မာ တို့ စရိုက်နှင့် အလိုက်ပင် လျော်စွာ ပြဿနာနက်လေး မေးခြင်တည်လတ်စဉ်။

၃။ ရာဂိနာသံ ပရိဗ္ဗာဇံ၊ ဒေါသိနဉ္စ ဝိဝါဒကံ။
မဟာဗျူဟန္တု မုဉ္စာနံ၊ ဝိတက္ကာနဉ္စ စုဉ္စကံ။
၄။ တုဝဋ္ဋကန္တု သဒ္ဓါနံ၊ ပုရာဘေဒဉ္စ ဗုဒ္ဓိနံ။
ဝတ္တုံ၊ ဘိက္ခူန မာစိက္ခိ၊ သမယံ နာမဒဿနာ။

အာသံ-စည်းဝေးရောက်လာ ထိုနတ်ပြဟ္မာ အပေါင်းတို့ တွင်၊ ရာဂိနံ-ရာဂစရိုက်ပြောပွား နတ်ပြဟ္မာများတို့အား၊ ပရိဗ္ဗာဇံ-ရာဂ ကင်းပြတ် ရဟန်းမြတ် ဖြစ်ကြောင်း အကျင့်ကောင်းကို စုပေါင်း ဖော်ပြရာ သမ္မာပရိဗ္ဗာဇနိယသုတ်ကို၊ ဒေါသိနဉ္စ-ဒေါသ စရိုက် ပြောများ နတ်ပြဟ္မာများတို့အားကား၊ ဝိဝါဒကံ၊ ကလဟ-ဝိဝါဒ (၈)ပါးစသည် ထိုတရားတို့ ထင်ရှားဖြစ်ခြင်း အကြောင်းရင်းကို လင်းလင်း ဖော်ပြသည့် ကလဟဝိဝါဒသုတ္တန်ကို။ မုဉ္စာနံ-မောဟ စရိုက်ပြောပွား နတ်ပြဟ္မာ အများတို့အားကား၊ မဟာဗျူဟံ-မိစ္ဆာယူဟ စွဲညိသူတို့ ဝိညူပုဂ္ဂလ-သူထံမှလျှင် ရှုတ်ချ ခိုးမွမ်းရပုံလမ်းကို ခွဲခြမ်းစိတ်ဖြာ ဖော်ပြရာဖြစ်သည့် မဟာဗျူဟသုတ်ကို၊ ဝိတက္ကာနံ-ထိုဝိတက်စရိုက်ပြောများ နတ်အများနှင့် ပထမစျာန်နတ်ဘုံသား ပြဟ္မာများတို့အားကား၊ စုဉ္စကံ-ဒိဋ္ဌိကြီးထူ ထိုနှစ်သူတို့၊ အယူတစ်ခု အစွဲပြု၍ သူအယူဟုတ် ငါ့အယူဟုတ်ဟု ပုတ်ခတ်ငြင်းခုံ စွဲလန်းပုံကို လုံးစုံကျန ညွှန်းဖော် ပြသည့် စူဠဗျူဟသုတ္တန်ကို၊ သဒ္ဓါနဉ္စ-သဒ္ဓါစရိုက်ပြောပွား နတ်ပြဟ္မာများတို့ အားကား၊ တုဝဋ္ဋကံ-အရဟတ္တဖိုလ်ဆိုက်ကပ် ပဋိပတ်ကို ဆက်စပ်ဖော်ပြသည့် တုဝဋ္ဋက အမည်ရသောသုတ္တန်ကို၊ ဗုဒ္ဓိနဉ္စ-ပညာစရိုက်ပြောပွား နတ်ပြဟ္မာများတို့အားကား၊ ပုရာဘေဒံ-ခန္ဓာသွေ့တည် မသေမှီက သုံးလီ သိကွာပြည့်စုံရာဟု ကောင်းစွာဖော်ပြသည့် ပုရာဘေဒ အမည် ရသည့်

http://www.dhammadownload.com

သုတ္တန်ကို၊ ဝတ္တုံ-စရိုက်ခြောက်ပါး အလိုက်သင့်အားဖြင့် ဟောကြား တော်မူအံ့သောငှါ၊ ဘိက္ခုန်- ထိုမျှမျှားစွာ စည်းဝေး လာသည့် ငြဟ္မာနှင့် နတ်ပရိသတ်ကို တပ်အပ်ထင်ထင် မသိမြင် ကြဲယေးသော ရဟန်းတော်တို့အား၊ သမယံ-ဂဠုန်နဂါး, နတ်များငြဟ္မာ, အသူရာ အပေါင်းကို၊ တေသံ-ထိုစည်းဝေး ရောက်လာ နတ်ငြဟ္မာတို့၏၊ စိတ္တကလ္လတာ ဇနနတ္ထံ-ဘုရားမြတ်စွာ တို့သူငှါလျက် သညာထွေပြား ကြားပေစွဟု အားရရွှင်လန်း ခန့်ကျမ်း သောစိတ် ဖြစ်ရှိကြခြင်း အကျိုးငှါ၊ နေသံ-ထိုစည်းဝေး ရောက်လာ နတ်ငြဟ္မာတို့၏၊ နာမဒဿနာ-အမည်နာမ ညွှန်းဖော် ပြခြင်းဖြင့်၊ သမယံ-ဂဠုန်နဂါး နတ်များငြဟ္မာ အသူရာအပေါင်းကို၊ အက္ခာသိ-ဤသူ ဤမည် လာရောက်သည်ဟု မိန့်ရည်စကား ကြားတော်မူခဲ့လေပြီ။

၅။ နာမက္ခာနေန ယဇေဝံ၊ ဓမ္မာဘိ သမယော ကထံ။
ကလ္လာဒီ သစ္စ ဒီပေန၊ နေသံ ပိတာဒိတော ပိဝါ။

ယဇေဝံ-ယဒိဧဝံ၊ အကယ်၍တည့် ယင်းသို့ဖြစ်သည် ရှိသော်၊ နာမက္ခာနေန၊ ဤသူဤမည် လာရောက်သည်ဟု မိန့်ရည်စကား ကြားကာမျှဖြင့်၊ ဓမ္မဘိသမယော-သစ္စာ ၄-ပါး တရားသိမြင် ကျွတ်တန်းဝင်ခြင်းသည်။ ကထံဟောဏ်-ဘယ်သို့ ဘယ်ပုံ ဖြစ်နိုင်တုံလိမ့်နည်း။ နေသံ-စည်းဝေးရောက်လာ ထိုနတ် ငြဟ္မာတို့၏၊ ကလ္လာဒီ-မျိုးမည်ထွေပြား ဟောဖော်ကြားသဖြင့် အားရရွှင်လန်း ကျန်းခန့်သောစိတ် နူးညံ့သောစိတ် နိဝရဏာ ကင်းသောစိတ် တက်ကြွ သောစိတ် ကြည်လင်သောစိတ် ဖြစ်ရှိကြ သည်ကို။ ဥတ္တာ-အာသယာနုသယ, အာသာ ဓာရဏာ ဉာဏ်အမြင် ဖြင့် အကုန်အစင် သိမြင်တော်မူပြီး၍။ သစ္စဒီပေန-သစ္စာလေးချက် ၁၆-နက်ကို ပြတ်ပြတ် ထင်ရှား ဟောဖော်ကြားခြင်းဖြင့်ငင်း။ (ဝါ-တနည်းကား) နေသံ-ထိုစည်းဝေးရောက်လာ နတ်ငြဟ္မာတို့၏။ ပိတာဒိ တောပိ-ပိတိတရား

http://www.dhammadownload.com

ပဿဒ္ဓိတရား သုခတရား သမာဓိ တရား ယထာဘူတဉာဏ် အမြင် ဝိရာဂဉာဏ်အမြင် ဝိမုစ္စန ဉာဏ်အမြင် ဝိမုတ္တာခေါ်တဲ့ ဖိုလ်ဉာဏ်မြင် ဝိမုတ္တိဉာဏဒဿန ခေါ်တဲ့ ပစ္စဝေက္ခဏ ဉာဏ်အမြင်တိုင်အောင် ဤအစဉ်သော ဗောဓိပက္ခိယတရားတို့ ထင်ရှားဖြစ်ခြင်းဖြင့်။ ဓမ္မာဘိသမယော-သစ္စာ ၄-ပါး တရားသိမြင် ကျွတ်တန်းဝင်နိုင်ခြင်းသည်။ ဟောတိ-ဤသို့ ဤပုံဖြစ်နိုင် တုံ၏။

၆။ တသ္မာ ဘိနဝဌာနေသု၊ မင်္ဂလံ ဝဒတာ ဣဒံ။
ဝတ္တဗ္ဗံ ဝိစက္ခဏေသာတုံ၊ ဒေဝါ တံတံ ဘဏာမ ဘော။

တသ္မာ-ထိုသို့ မဟာသမယသုတ်တော်ကို ကော်ရော် ကြည်ဖြူ။ နာယူကျက်မှတ် ဖြဟ္မာနတ်တို့ မပြတ်နှစ်သက် ဝမ်းမြောက်ခြင်းဟူသော အကြောင်းကြောင့်၊ အဘိနဝဌာနေသု-ဂေဟ ပဝေသန စသည်စုစု အသစ်မှုကို ပြုလုပ်ရာရာ အရာဌာနတိုင်းတို့၌။ မင်္ဂလံ-မကောင်းပယ်ရှား စီးပွားဖြစ်ကြောင်း ကောင်းမှုမင်္ဂလာကို။ ဝဒတာ-ဝဒန္တေန-ပီပြင်တွတ်တွတ် ရွတ်ဆိုတဲ့ပုဂ္ဂိုလ်သည်။ ဣဒံ သုတ္တံ-နတ်ဖြဟ္မာတို့ ချစ်နှစ်သက်အပ်သည့် မဟာသမယ သုတ်တော်မြတ်ကို။ ဝတ္တဗ္ဗံ-ပီပြင်တွတ်တွတ် ရွတ်ဆိုသင့်ပေ၏။ ဣဒံသုတ္တံ-ဖြဟ္မာနတ်တို့ လေးမြတ်ကော်ရော် ဤမဟာသမယ သုတ်တော်ကို။ သောတုံ-သဒ္ဓါကြည်ဖြူ နာယူခြင်းငှါ။ ဒေဝါ-အထက်ရပ်ရွာ နတ်ဖြဟ္မာတို့သည်။ တံတံဌာနံ-ထိုထိုဒိသာ ရှစ်မျက်နှာအရပ်သို့။ ဝိစက္ခဏေသာတုံ-ကျင်လည်လှည့်ပတ် မပြတ်သွားလာလျက် ရှိကြကုန်၍။ ဘော-သီတင်းသုံးဖော် သံဃာတော် အပေါင်း အိုအရှင်ကောင်းတို့။ တံ-တသ္မာ-ထို့ကြောင့်။ တံတာ ဒိသံ- ထိုသို့ရှုအပ် မြတ်သောကျေးဇူးဂုဏ်အထူးနှင့် ချီးကျူး လောက်လုံ ပြည့်စုံပေထသော။ တံ မဟာသမယသုတ္တံ- ထိုမဟာ သမယ နာမတွင်ခေါ် နတ်တို့ ချစ်နှစ်သက်သည့် သုတ်တော်ကို။ ဘဏာမ-ပီပြင်ပြတ်သား ရွတ်ဖွားသရဇ္ဈာယ်ကြပါကုန်စို့။

http://www.dhammadownload.com

(၈) မဟာသမယအမ္ဘန်း

ရှစ်လုံးဖွဲ့ကဗျာများ

၁။ နတ်လူညွှတ်ဦး၊ ထွတ်ဖူးစိန္တေ၊
ဘေးမှဝေးကြ၊ အေးမြပါစေ။
အခါကောင်းလို့၊ နတ်ပေါင်းထွေထွေ၊
အမည်ထူး၊ ချီးကျူးခါတဲ့လေ။

၂။ မဟာသမယ၊ သာစွခါကြုံ၊
မဟာဝုန်တော၊ သာမောရဂုံ။
ဗြဟ္မာဂိုဏ်းနှင့်၊ နတ်တိုင်းရွှေဘုံ၊
နတ်ပွဲကြီး၊ ဝဲ့ချီး တင့်မျိုးစုံ။

၃။ သက္ကရွှေတိုင်း၊ ဝေမှိုင်းရီမှုံ၊
ကပ္ပိလနန်း၊ တင့်ဆန်းရဂုံ။
ဟေဝန်မြိုင်တန်း၊ ခိုင်ပန်းပွင့်ကြုံ၊
သဘင်ပွဲ၊ ဆင်နွဲနတ်မျိုးစုံ။

၄။ မဖြစ်ဖူးမြဲ၊ ထူးကဲခါကြုံ၊
တောပန်းတောင်ပန်း၊ ရောင်လျှမ်းအစုံ။
လေပြည်သွေးတော့၊ မွှေးရနံ့ထုံ၊
ဘေးမသန်း၊ အေးချမ်းမဟာဝုန်။

၅။ မဟာဝန၊ ဌာနရိပ်မြုံ၊
သာမှုယာမှု၊ စာပြုမကုန်။
မြတ်ဘုရားနှင့်၊ ချစ်သားတွေစုံ၊
နတ်အပေါင်း၊ ခညောင်းရောက်လာပုံ။

၆။ ဗြဟ္မာနတ်ပေါင်း၊ တပ်ပေါင်းစုံညီ၊
ရောင်ဝါကဲမိုး၊ တန်ခိုးဂုဏ်ရည်။

http://www.dhammadownload.com

စွမ်းဟုန်တိုးလို့၊ တင့်ဖြိုးကြွယ်သည်၊
ပြောမဆုံး၊ တောလုံး နတ်စုံညီ။
၇။ စက်ဝဠာပေါင်း၊ တစ်သောင်းဆူဝေ၊
ဖြဟ္မာသိကြား၊ နတ်များထွေထွေ။
ညီညာဖျဖျ၊ ကြွရောက်ကြပေ၊
စက်တန်ခိုး၊ တက်ဖြိုးခါတဲ့လေ။
၈။ သုဒ္ဓါဝါသ၊ ဘုံမှစျာန်ပျံ၊
ဖြဟ္မာလေးယောက်၊ ဝမ်းမြောက်ကြည်လျှံ။
ဘုရားထံမှောက်၊ ရောက်ကြအမြန်၊
ဂါထာကျူး၊ ညွှတ်နူး ရှိုခိုးပန်။
၉။ ကောင်းကင်မိုးရပ်၊ စိုးကြပ်ပိုင်စံ၊
မြေရော, ရေရော၊ လေသော မကျန်။
အမြဲစောင့်ရှောက်၊ ကြွရောက်ဝေဖန်၊
ရှင်နတ်များ၊ တရား ညီလာခံ။
၁၀။ မဟာသမယ၊ ကာလကြိုက်ကြို၊
အမြဲရန်ပွား၊ နဂါး ဂဠုန်။
ဘေးရန်ကင်းလို့ ၊ ချစ်ခြင်းပြည့်စုံ၊
အတူတွဲ၊ နတ်ပွဲပျော်ကြကုန်။
၁၁။ ကြောက်ဖွယ်ရဲမက်၊ ခိုတက်ရင်ဆိုင်၊
မာရ်မင်းထန်ပြင်း၊ ရန်ခင်းသူပြိုင်။
မနိုင်ဘဲမို့၊ ယိုင်လဲမှိုင်တိုင်၊
အမြန်ဆုတ်၊ မလုပ် မကြံနိုင်။
၁၂။ ခေါင်းဆောင်ဒေဝ၊ များလှကြည်ယုံ၊
အနတ်နတ်တို့၊ ဆည်းကပ်ခိုလှုံ။

http://www.dhammadownload.com

မည်နာမနှင့်၊ တေဇနွယ်ဂုဏ်၊
မဟာသုတ်၊ ရွှေနှုတ်မိန့်တော်ကုန်။
၁၃။ မဟာသမယ၊ ကြီးလှဂုဏ်ထွေ၊
ကုဋေတစ်သိန်း၊ တွက်ကိန်းဝေနေ။
ဒေဝါနတ်များ၊ သကြားပြဟ္မာ၊
နိဗ္ဗာန်နန်း၊ စံမြန်းကြသလေ။
၁၄။ နယုန်လမြတ်၊ ပြည့်လတ်ချိန်ပေ၊
ဂဠုန် နဂါး၊ သိကြားပြဟ္မာ။
ဘ ဘုရားက၊ ဟောကြားဓမ္မာ၊
သမယ၊ ရွှတ်ကြ များဝေနေ။
၁၅။ ကမ္ဘာသူ ကမ္ဘာသား၊ အများဝေနေ၊
ဘေးရန်ခပ်သိမ်း၊ ကင်းငြိမ်းပါစေ။
ရွှတ်ဖတ်သူက၊ သွန်းချညောင်ရေ၊
အမြေပ၊ နိစ္စ ဆုပန်ဝေ။
၁၆။ အောင်စည်ဟိန်းလို့၊ အောင်ကိန်းကြွေပြီ၊
အောင်စည်အမြဲ၊ အောင်ပွဲလီလီ။
တစ်ဖုံနွဲ့လို့၊ စိတ်ထဲရွှင်ကြည်၊
ဇေယျတု၊ အောင်ဆု သံပြိုင်ညီ။
၁၇။ ဗုဒ္ဓဝါဒ၊ ကျင့်ကြမြိုင်မြိုင်၊
သာယာငြိမ်းအေး၊ ရန်ဘေးမဆိုင်။
ချမ်းသာဂုဏ်တို့၊ တန်ခိုးလှိုင်လှိုင်၊
ထိပ်ဆုံးတန်း၊ ဘုံနန်းရောက်စေနိုင်။

http://www.dhammadownload.com

၁၈။ ကုသိုလ်ပေါင်းစု၊ ကောင်းမှုတို့ကို၊
ရွတ်ဖတ်သူက၊ အမျှဝေဆို။
ထက်အောက်မကြွင်း၊ ခပင်းထိုထို၊
ရစေရေး၊ မျှပေး မေတ္တာပို။
(၁၀၊ ၈၊ ၅၇) နေ့ထုတ် သာသနာ့ရောင်ခြည် စာစောင်



(ဖွင့်ပွဲ)

စင်ကာပူနိုင်ငံ၊ မြန်မာသံရုံးမိသားစုများနှင့် စင်ကာပူရောက်
မြန်မာမိသားစုများ၏
ပထမအကြိမ် နတ်ချစ်ဆေးသုတ္တန်များဖြစ်ကြသော
မဟာသမယသုတ်ပါဋ္ဌိတော် (၇)သုတ် အသံမစဲ ရွတ်ဖတ်ပူဇော်ပွဲ

မင်္ဂလာအခမ်းအနားနှင့် အစီအစဉ်

သာသနာတော်နှစ် - ၂၅၅၆ ခုနှစ်
မြန်မာသက္ကရာဇ် - ၁၃၇၄-ခုနှစ်၊
ပြာသိုလဆန်း (၆)ရက်နေ့မှ (၈)ရက်နေ့အထိ
ခရစ်နှစ် - ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၁၇)ရက် ကြာသပတေးနေ့မှ (၁၉)ရက်နေ့ စနေနေ့အထိ (၃)ရက်တိုင်တိုင် အသံမစဲ မဟာသမယ သုတ် ပါဋ္ဌိတော်(၇)သုတ်ရွတ်ဖတ် ပူဇော်ပွဲကျင်းပပါမည် ဘုရား။

၁။ နမောတဿ (၃)ကြိမ်ရွတ်ဆို၍ မဟာသမယသုတ် ပါဋ္ဌိတော် (၇)သုတ် အသံမစဲရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို ဖွင့်လှစ်ရန်၊

၂။ မဟာသမယသုတ် ဆုတောင်းဂါထာဖြင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးအား ဆရာတော် ဘဒ္ဒန္တ ဥဇ္ဇောတက ပင့်ဖိတ် ပေးရန်၊

http://www.dhammadownload.com

၃။ မြန်မာနိုင်ငံ လှုရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသထံမှ သံအမတ်ကြီး အမှုးပြုသော အထူးဧည့်သည် ပရိသတ်များက (၅)ပါးသီလခံယူဆောက်တည်ကြရန်၊

၄။ ရှေးဆရာတော်တို့ ရေးသားဖွဲ့ဆိုသော မဟာသမယသုတ် အမွှန်း ဧကပိုဒ်ရတုဖြင့် မဟာသမယသုတ် ပါဠိတော်တို့ကို ဆရာတော် ဘဒ္ဒန္တနေမိန္ဒက ဂါရဝပူဇော မင်္ဂလာအမှုပြုရန်၊

၅။ မဟာသမယသုတ်တရားနာကြားရန် နတ်ပြဟ္မာတို့ကို ပန်းတနော်ဆရာတော် ဘဒ္ဒန္တဝရသေနာပတိ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)က ဖိတ်ကြားပေးရန်၊

၆။ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် နာယက လှုရတနာဆရာတော် ဘဒ္ဒန္တ နာရဒါဘိဝံသ (ပထမကျော်၊ အဂ္ဂမဟာအက္ကော်၊ သ-စ-အ ဓမ္မာစရိယ ဝဠုံသကာ ဝိနယ ပါဠိပါရဂူ) က မဟာသမယသုတ် ပါဠိတော်အကြောင်း သိကောင်းစရာများကို မြွက်ကြားရန်၊

၇။ (၃)ရက်တိုင်တိုင် အသံမစဲ မဟာသမယသုတ် ပါဠိတော် (၇)သုတ် ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပရခြင်း ဆိုင်ရာ ဝမ်းမြောက်ကြောင်း သဝဏ်လွှာကို စင်္ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဦးလွင်က လျှောက်ထားပါရန်၊

၈။ မဟာသမယသုတ် ဒေသနာ ရွတ်ဖတ်ရန် တိုက်တွန်းနှိုးဆော်လွှာ (ဆရာတော် ဦးဗုဒ္ဓ၏ အမွှန်းဂါထာ နိဿယ)ကို ဆရာတော် ဘဒ္ဒန္တဓမ္မိဿရက ပူဇော်ပေးရန်၊

၉။ လှုရတနာဆရာတော် အမှုးပြုသော သံဃာတော် အရှင်မြတ်များနှင့် ပရိသတ်များက မဟာသမယ သုတ်ပါဠိတော်များကို (ဒေဝတာ သန္နိပါတ အထိ) ရှေးဆရာတို့၏ အမွှန်းဂါထာနိဿယမှစ၍ သံပြိုင်ညီညာ စွာ ရွတ်ဖတ်ပူဇော်ကြပါရန်၊

မှတ်ချက်။ အလှည့်ကျ မဟာသမယဘာဏကက ဆရာတော်ဘုရားများက ရွတ်ဖတ်ပူဇော်ပေးကြပါရန် ဖြစ်ပါသည်ဘုရား။

http://www.dhammadownload.com

(ဖွင့်ပွဲ)

ဘုရားအနေကဇာတင်နှင့် မဟာသမယသုတ် ရွတ်ဖတ်ပူဇော်ပွဲကြီး

(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၁၇)ရက်နေ့မှ (၁၉)ရက်နေ့အထိ)

မြန်မာသံရုံး၊ စင်ကာပူမြို့.

<u>စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး</u>

<u>ဦးတင်ဦးလွင်၏ လျှောက်ထားလွှာ</u>

ရုံသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် ဆရာတော်သံဃာတော်အရှင်သူမြတ်တို့ဘုရား။

ဤနေ့ ဤရက် ဤအချိန် ဤအခါ၌ လှရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသနှင့် မြန်မာကျောင်းမှ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးတိလောကအား အမှူးထား၍ စင်ကာပူ၊ မြန်မာကျောင်းမှ ဦးစီးတော်မူကာ စင်ကာပူနိုင်ငံရှိ ဘုန်းတော်ကြီးကျောင်းအားလုံးမှ သံဃာတော်များဖြင့် စင်ကာပူမြို့၊ မြန်မာသံရုံး၌ ပြုလုပ် ကျင်းပအပ်သော ဘုရားအနေကဇာတင်နှင့် မဟာသမယသုတ် ရွတ်ဖတ်ပူဇော်ပွဲကြီးကို အောင်မြင်စွာ ဆင်နွှဲနိုင်သည့်အတွက် နှစ်ထောင်းအားရ ဂုဏ်ယူမဆုံးရှိလှပါသည်ဘုရား။

တပည့်တော်အနေဖြင့် စကံဝပူမြို့. မြန်မာသံရုံးအတွက် မှတ်ကျောက်တင် ချီးမွမ်းဂုဏ်ယူဖွယ် အခမ်းအနားတစ်ရပ်အဖြစ် (၂၀၁၁)ခုနှစ်၊ အောက်တိုဘာလတွင် (ပထမအကြိမ်) (၂၀၁၂)ခုနှစ်၊ နိုဝင်ဘာလတွင် (ဒုတိယအကြိမ်) အသံမစဲ အဘိဓမ္မာ(၇)ကျမ်း ရွတ်ဖတ်ပူဇော်ပွဲကြီးကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းအတွက်လည်း ဝမ်းသာ ကြည်နူးမဆုံးနိုင် ဖြစ်ခဲ့ရပါသည်ဘုရား။

ယနေ့ မဟာသမယသုတ်ရွတ်ဖတ်ပူဇော်ပွဲကြီး (၃)ရက် တိုင်တိုင် ကျင်းပနိုင်ခြင်းအတွက်လည်းမျှားစွာ နှစ်ထောင်းအားရ ဂုဏ်ယူကြည်နူးမဆုံးရှိလှပါသည်ဘုရား။

http://www.dhammadownload.com

အထူးသဖြင့် ဤမဟာသမယသုတ်ရွတ်ဖတ်ပူဇော်ပွဲကြီး ဖြစ်မြောက်စေရန်အတွက် -

၁။ နည်းပေးလမ်းပြ ညွှန်ကြားပေးတော်မူကြသော နာယကဆရာတော်ကြီးများ၊ ဥက္ကဋ္ဌဆရာတော် ကြီးများနှင့် အကျိုးဆောင်ဆရာတော်များ၊

၂။ မဟာသမယသုတ် ပူဇော်ပွဲကြီးသို့ အပင်ပန်းခံ ကြွရောက်တော်မူလာကြသော သက်တော်ကြီး ဝါတော်ကြီး ဆရာတော်ကြီးများ။

၃။ (၃)ရက်တိုင်တိုင် ရွတ်ဖတ်သရဇ္ဈာယ်ကြသည့် မဟာသမယဘာဏက သံယာတော်များ။

၄။ စေတနာ့ဝန်ထမ်းဆောင်ရွက်ကူညီကြသော ပုဂ္ဂိုလ်များ။

၅။ လှူဖွယ်ပစ္စည်း လှူဒါန်းကြသော ကုသိုလ်ရှင်များ။

၆။ ငွေအား လူအား ပစ္စည်းအား အကြံအား ဉာဏ်အားပေး ကြသူများမှအစ အသေးအဖွဲမကျန် ပုဂ္ဂိုလ် အားလုံးတို့ကို ကျေးဇူးတင်ကြောင်း မဟာသမယသုတ် ပူဇော်ပွဲကြီး ဖြစ်မြောက်ရေးအဖွဲ့မှ မှတ်တမ်းတင် ဂုဏ်ယူကြောင်း ပြန်ကြားအပ်ပါသည်ဘုရား။

ဤအသံမစဲ မဟာသမယသုတ်ရွတ်ဖတ်ပူဇော်ပွဲကြီး ဖြစ်မြောက်သည်အထိ ဆောင်ရွက်ကြရာ၌ တပည့်တော်များအဖို့ -

၁။ မဟာသမယသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ကြမည့် ဆရာတော်သံယာတော်များကို တစ်စုတစ်ပေါင်း တည်း ကြည်ညိုဖူးမြော်ရခြင်းတည်းဟူသော "သမဏာနဉ္စ ဒဿန မင်္ဂလာ"

၂။ ဆရာတော် သံယာတော်များအား နည်းများမဟူ ပေးလှူရခြင်းတည်းဟူသော "ဒါန မင်္ဂလာ"

၃။ ဆရာတော် သံယာတော်များ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို အာရုံပြု၍ ပူဇော်ခွင့် ရခြင်းဟူသော "ပူဇာစ ပူဇနေယျ မင်္ဂလာ"

http://www.dhammadownload.com

၄။ မဟာသမယသုတ်ဆိုင်ရာ ဩဝါဒကိုခံယူခြင်း၊ ဘာဏကဆရာတော်များး ရွတ်ဖတ်သရဇ္ဈာယ်သော မဟာသမယ ဒေသနာတော်ကို ကြားနာရခြင်းတည်းဟူသော "ကာလေနဓမ္မသာဝနမင်္ဂလာ"

ဤမင်္ဂလာလေးပါးကို တစ်ပြိုင်တည်း ရရှိခြင်းကြောင့် နှစ်ထောင်းအားရမဆုံး ရှိလှပါသည်ဘုရား။

လူ့ဘဝကို ရရန်မှာ ခဲယင်းလှကြောင်း တပည့်တော်တို့ကောင်းစွာ မှတ်သားဖူးပါသည်ဘုရား၊ ယင်းသို့ရခဲလှသည့် လူဘဝတွင် သာသနာရောင်ဝါ ထွန်းပြောင်ချိန်တွင် လူဖြစ်လာရခြင်းမှာ ဘုရားတပည့်တော်တို့ ကံထူး၍သာ ဖြစ်ပါသည်ဘုရား။

သို့သော်လည်း ဘုရားတပည့်တော်တို့အနေဖြင့် သာသနာထွန်းပြောင်းချိန်ဖြစ်သော်လည်း တရားဓမ္မကို လေ့လာရန် အားနည်းလွန်းလှပါသည်ဘုရား၊ သို့ဖြစ်ပါ၍ တပည့်တော်တို့ အားနည်းချက်ကို သာနားသဖြင့် ဖြည့်ဆည်းပေးပါရန် မေတ္တာရပ်ခံ လျှောက်ထားအပ်ပါသည်ဘုရား၊ သံဃာဂုဏ်တော်သည် ကောင်းမှုကုသိုလ်များကို စိုက်ပျိုးရန် လယ်ယာမြေကောင်းသဖွယ် ဖြစ်သည်-ဟု တပည့်တော်တို့ လေးလေးနက်နက် ယုံကြည်မိပါ၍ သံဃာဂုဏ်ရည်ကို သဒ္ဓါမြတ်နိုးရှိခိုးဦးတင်မိပါသည်ဘုရား။

လူသားတို့၏ စိတ်ခံစားချက် မှန်ကန်ပြည့်စုံပြီး သက်သာရာရစေရေးသည် လူသားတို့၏ ကိုယ်ပိုင်မှန်ကန်ပြည့်စုံ၍ နားလည်းမှုရှိပြီး မိမိကိုယ်ကို ထိမ်းချုပ်သန့်စင်နိုင်ခြင်းတွင် တည်မှီသည်-ဟု ဂေါတမမြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်ဘုရား။

ဆက်လက်၍လျှောက်ထားလိုသည်မှာ တပည့်တော်များ၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် ဗုဒ္ဓဘာသာကို အများဆုံး သက်ဝင်ယုံကြည် ကိုးကွယ်သူတို့ နေထိုင်ကြသော

http://www.dhammadownload.com

နိဂုံးတစ်ခုဖြစ်၍-

(က) ဗုဒ္ဓသာသနာတော်ကြီး မပျက်စီးစေရန်။

(ခ) ဗုဒ္ဓသာသနာတော်ကြီး အရှည်တည်တံ့စေရန်။

(ဂ) အထူးသဖြင့် မဟာသမယသုတ်ကို အစွန့်ရှည်စွာ ပြန့်ပွားတည်တံ့စေရန်-ဟူသော အရေးကိစ္စများမှာ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအားလုံး၏ တာဝန်ဖြစ်ကြောင်းကို ဘာသာဝင်တိုင်း သဘောပေါက် နားလည်ထားကြပါသည်ဘုရား။

ဆရာတော် သံဃာတော်များဘက်မှ မေတ္တာရှေ့ထား၍ မြန်မာသံရုံး (စင်ကာပူ)မှ မိသားစုများ၊ စင်ကာပူရောက် စေတနာရှင် မြန်မာမိသားစုများအား စောင့်ရှောက်ပေးတော်မူကြပါရန် ရိုသေစွာ လျှောက်ထား တောင်းပန်အပ်ပါသည်ဘုရား။

သာသနာ့ဥယျာဉ်တော်ကြီး စည်ပင်ပြန့်ပွားထွန်းကားစေရန် တပည့်တော်တို့ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသ၍ ထောက်ပံ့ခြင်းတာဝန်ကို တပည့်တော်များ၏ ဒါယကာ+ဒါယိကာမများဘက်မှ ကျိုးစားသွားမည် ဖြစ်ကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

ရှေးခေတ်အဆက်ဆက် ဘီစီ (၅၆၃)မှစ၍ ဆရာဒါယကာ လက်တွဲ၍ ယူဆောင်လာကြသော သာသနာတော်ကြီးသည် ယခုခေတ်အခါ၌ အရှင်ဘုရားများနှင့် တပည့်တော်တို့၏ တာဝန် ထမ်းဆောင်ဆဲကာလ၌ ရောက်ရှိလာနေပြီ ဖြစ်ပါသည်ဘုရား။

ဆရာတော်ကြီးများ၏ စောင့်ရှောက်မှုဖြင့် တပည့်တော်တို့ ဒါယကာအပေါင်းသည် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ ကြိုးစားသွားမည် ဖြစ်ပါကြောင်း ဝမ်းမြောက်စကား လျှောက်ထားအပ်ပါသည်ဘုရား။

http://www.dhammadownload.com

(အောင်ပွဲ)
